www.burmeseclassic.com



www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ – ဒေါ်နိုင်ယုလင်း (၀၁၆၆၀)
ရွှေငွေလှိုင်စာပေ၊ အမှတ်(၃၉)၊ ၄၄–လမ်း
မိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (၀၀၇၁၁)

အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၆၆)၊ ပြည်တော်အေးလမ်း၊
လေးထောင့်ကန်ရပ်ကွက်၊ သဃ်္ဃန်းကျွန်း
ရန်ကုန်မြို့။

အကြိမ် – ပထမအကြိမ်
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/-

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

သျှင်မ ၈၉၅.၈၃
ခင်ဖိုင့်ဖိုင့် အရုပ်လေး/ သျှင်မ၊
ရန်ကုန်။ ရွှေငွေလှိုင်စာပေ၊ ၂၀၁၆။
၄၀၀ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ခင်ဖိုင့်ဖိုင့် အရုပ်လေး



## အခန်း (၁)

"မေမေ .."

"ဟင် .. သမီး ဘာဖြစ်လို့လဲ၊ ကျောင်းကိုမရောက်သေးဘူးလား"

"ရောက်ပြီ မေမေ .. သမယ် ကိုလည်းမတွေ့ဘူး .."

"ဟုတ်လား .. လေးလေးနဲ့ မေမေ သူ့ကိုသေချာမှာလိုက်တာပါ၊ သမီးက ခုမှကားပေါ်ကဆင်းတာလား .. ရှာကြည့်ဦးလေ .."

ဖုန်းကိုင်ရင်း လှမ်းမြင်နေရသည့် လမ်းတစ်လျှောက်ကိုမျှော်ကြည့်မိသည်။ ကျောင်းသားတွေ အုပ်စုလိုက်နေရာတိုင်းမှာရှိနေကြ၏။

သစ်ပင်တွေအောက်မှာ ဒီတိုင်း ထိုင်ထမိုးတိုးမတ်တတ်တွေနှင့် သွားလာနေကြတာ ဘယ်မှာမှ သမယ ကိုမတွေ့ ..။

"သမီး .."

"ဘယ်မှာမှ မတွေ့ပါဘူး .."

"ဩော် .. ဒုက္ခပါပဲ၊ သေချာမှာလိုက်တာတောင် ဒီကောင်လေး ဘာလည်း .. ဒါဆို သမီး ဒရိုင်ဘာကို .."

"နေဦးလေ မေမေ .. မို့ ဘာသာပဲ စုံစမ်းတော့မယ်၊ ဒီကောင် ဆို အဲဒီသတ္တဝါဘာလုပ်နေတယ် မှီ သိပြီ .."

ဖုန်းချလိုက်ပေမယ့် ဒီကိုင်းကိုင်ထားလျက်နှင့် ကော်နက်ဒါကိုလှမ်း

www.burmeseclassic.com



ခြင်နေရတဲ့နေရာထိ ရောက်လာခဲ့သည်။ သူမက မိုးကောင်းဇာတိပေမယ့် မိုးကုတ်မှာနေသည်။ မန္တလေးမှာ ကျောင်းတက်နေခဲ့ပြီး နှစ်ဝက်ကျော်နေမှ ရန်ကုန်ကိုပြန်ပြောင်းလာခဲ့ရ၏။

ကျောင်းဖွင့်စမဟုတ်ရင်တောင် နည်းနည်းနောက်ကျဟာဆို တော်သေးသည်။ ခုတော့ စာသင်နှစ်တွေ တစ်ဝက်ကျိုးနေကာမှ သူများတွေ ကိုယ့်သူငယ်ချင်းနဲ့ကိုယ် အသားကျနိုင်မှာနေကြတဲ့ထဲမှာ ..၊

"ဟလို .. ဟလို .."

ကျွတ် ...၊

ခွေးစုတ် သမယ ..၊

ဖုန်းကိုဖြတ်ချပစ်လိုက်တာ ..။

မရဘူး .. နင်ကြိုက်သလောက်ဖြတ် ..၊

ဖုန်းပိတ်ရဲတဲ့အထိတော့ သတ္တိမကောင်းဘူးဆိုတာသိနေသဖြင့် မရမက ခေါ်ဖို့ဆုံးဖြတ်လိုက်သည်။ ကိုယ့်သူငယ်ချင်းချင်း အားကိုးရမလားလို့ သေချာပြောဆိုချိန်းထားတာတောင် ..၊

"ဟိတ်ကောင် ဖယ်စမ်းပါကွာ .. ငါ့အစွမ်းအစနဲ့ ငါရတာ မင်းကိုကျွေးမွေးပြုစုရမလား .."

"မရဘူး မင်းရဲ .. ငါတို့ပါလို့ ပိုအဆင်ပြေတာ မင်း .."

"ဟုတ်တယ် .. ဆွဲထား .. အဲဒီကောင်ကို .."

"ဖယ်စမ်းပါ .. ငါ့အိတ် ငါ့အိတ်နော် .. ပြလို့ကတော့ .."

"အ ..."

"ဟား ..."

ဖုန်းခေါ်နေရင်း လျှောက်လာသည့် မို့ မျက်လုံးထဲမှာ မည်းခနဲအရာ တစ်ခု တိုင်ကွယ်ကနေ လွင့်ပျံ့လာသလိုဖြစ်သွားခဲ့ပြီး ..၊

"အား ..."

"ဟာ .. သွားပြီ .."

"ခွပ် .."



"ဘုန်း ..."

ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်လိုက်တာသိလိုက်ပြီးသည့်နောက်မှာ ခေါင်းရဲ့ မျက်လုံးပြူးသွား၏။ သူ့ကိုယ်ကြီးတစ်ခုလုံးနဲ့ ပစ်တိုက်ခံလိုက်ရသည့် တစ်ယောက်ဟာ မိန်းကလေးမှန်းသိလိုက်လျှင် ..၊

"သွားပြီကွာ .. မင်းတို့ .. တောက် .."

သူမပေါ် ထပ်လျက်မလဲအောင် ဖရိုဖရဲထိန်းနေရကာ ကို့ယို့ကားယားတွေဖြစ်ကုန်သည့် လွယ်အိတ်နဲ့ စာအုပ်တစ်ချို့က ဟိုရောက်ဒီရောက် လွှဲယမ်းကုန်ပြီး ..၊

"ဆောရီးပါ ညီမရယ် .. ဆောရီးနော် .. ဒီကောင်တွေ ဝိုင်းဆွဲနေတာ ရှန်းနေရင်းနဲ့လေ .."

"အား .. ရ .. ရပါတယ် .."

ပုံ့ပုံ့လေးလဲနေသည့် ကောင်မလေးက ညိုစိမ့်စိမ့် ပါးဖောင်းဖောင်းလေးတွေနှင့် မျက်ဝန်းလေးတွေက ညိုလဲ့တောက်ပနေ၏။

နှုတ်ခမ်းလုံးလုံးလေးကလည်း ကလေးဆန်သော ဖြူစင်ခြင်းကို ပြနေ၏။ ထိုပြင် ပို၍ချစ်ဖို့ကောင်းတာက ရုတ်တရက်မထနိုင်ရှာသည့် သူမရဲ့ ခပ်ဖိုင့်ဖိုင့်ကိုယ်လုံးလေးပဲဖြစ်ကာ ..၊

"ကိုယ် ထူပေးမယ်နော် .."

"အင်း .. အဲ .. ရ .."

"လာပါ .. ဘယ်နားနာသွားသေးလဲလို့ .."

မို့ သူ့မျက်နှာကိုမြင်တည်းက နာတာကျင်တာတွေရော ရှက်တာတွေပါ ပျောက်ဆုံးကုန်၏။ အသားလတ်လတ်နှာတံပေါ်ပေါ်နှင့် မျက်ခုံးထူထူတို့က နက်မှောင်နေသည်။ နှာတံက ပေါ်လွင်တာထက် ပိုထင်းနေ၏။

မို့ လက်မောင်းနဲ့ လက်ခုံနုနုကို ဆုပ်ကိုင်လိုက်သည့်အချိန်မှာ တစ်ကိုယ်လုံး နွေးထွေးရှိန်းဖိန်းသွားခဲ့လျက် ..၊

"ရတယ် .. ရပါတယ် .. ဘာမှမဖြစ်ဘူး .."

www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ နိုင်ရဲ့လား .. ဟိတ်ကောင် .."

"အဟီး .. ကိုယ်လုံးက သေးသေးကွေးကွေးလေးမို့ပါ .."

ကောင်မလေးကို အားနာသည့်စိတ်နှင့် ဟိုကောင်တွေပြောနေတာတွေ သူမ မကြားရကာ အားလုံကိုကျော့ပေးထားပြီး သူမလေးကိုပဲ သွားအငြိးသားနှင့် တတွတ်တွတ်တောင်းပန်နေမိကာ ..၊

"ညီမက ဘယ်မေဂျာကလဲဟင် .. နာမည်ဘယ်လိုခေါ်လဲ .."

ဘာတွေမေးနေမိမှန်းလည်းမသိ၊ ခေါင်းကုတ်မလို လက်မြှောက်မိလိုက်၊ လည်ပင်းပွတ်မိလိုက်ပြီးမှ သူမ လွတ်ကျသွားသည့် စာအုပ်တွေကို လိုက်ကောက်ပေးရင်း ..၊

"ဟာ .. ဖုန်းစခရင်နဲ့ အက်သွားပြီ .."

"ရပါတယ် .."

မီ မျက်ဝန်းတွေက မင်းရဲ ဆိုသည့် မျက်နှာပေါ်မှာပဲတဝဲဝဲဖြစ်နေခဲ့လျက် ဘာတွေပျက်ပျက် ဘာတွေကုန်ကုန် ဘာမှမသိ ..။

ပစ္စည်းတွေ ကောက်ထပ်ပေးပြီး ဖုန်းကိုတော့ ဒီတိုင်းပြန်ပေးရမှာ အားနာနေသည့်မျက်နှာနှင့် မင်းရဲ ရဲ့ လက်က ဖုန်းကိုင်၍ ရှေ့တိုးလိုက် ပြန်တွန့်သွားလိုက်နှင့် ..၊

"ဒီဖုန်းကိုတော့ ယူထားလိုက်မယ်နော် .."

"ရပါတယ် .."

ပြောပြီး မီ က ဒီတိုင်းပြန်ယူဖို့လက်လှမ်း၏။ ဖုန်းကိုနှစ်ယောက်စလုံးကိုင်မိပြီးမှ မင်းရဲ က ဆွဲယူလိုက်ကာ ..၊

"ကွဲသွားပြီဆိုတော့ ကိုယ်ပြန်ပြင်ပြီးမှပေးမယ်လေ .."

"ဟင့်အင်း .. ရတယ် .."

"ဒီတိုင်းကြီးတော့ မယူပါနဲ့ကွာ .. ပြင်လို့တောင်မရတော့ရင် အစားဝယ်ပေးပါ့မယ် .."

"ရပါတယ်ဆိုမှ .."

"ရပါတယ်ပြောနေမှပဲ မင်းရဲ ရာ .."



"အေးလေ .. တစ်ခုခုထပ်ပြောကြည့်လိုက် .. ရလောက်တယ်"

"ဟား .. ဟား .. ဟား .. ရပါတယ်ဆိုမှ .."

ဝိုင်းကြည့်ပြီး စနောက်နေကြသည့် ကျောင်းသားတွေ ဘယ်လို အဓိပ္ပာယ်တွေနဲ့ စနေကြသလဲ ..။

အဲဒါလည်း စိတ်ထဲမှာမရှိဘဲ ဖုန်းကိုယူလိုက်ပြီး လှည့်ထွက်လာခဲ့မိသည်။ ဒါပေမယ့် မီ နှုတ်ခမ်းလေးပြုံးနေခဲ့၏။

စီးပွားရေးတက္ကသိုလ်ဝင်းကြီးထဲမှာ ကိုယ့်အတန်းဘယ်နေရာ ဘယ်အဆောင်မှာမှန်း မသိသေးခင် ကိုယ့်နှလုံးသားရဲ့ လိုအပ်ချက်ကိုတော့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးတွေ့ခဲ့ပါပြီ။

ပဥ္စလက်ဆန်တယ်ပြောရမလား ရုပ်ရှင်ဆန်တာမျိုးလား ..၊

မီ ခုထိ ရှိန်းဖိန်းနွေးဖြာနေတုန်းပင် ..။

စာအုပ်တွေကို ရင်ခွင်ထဲမှာပိုက်ထားရင်း စာအုပ်တွေပေါ်မှာပဲ နှုတ်ခမ်းလေးကပ်ကွယ်၍ ရယ်မိသည်။

ဘာပြောချင်သေးလဲ သမယ ..၊

"အစားပုတ်မ .. ဒီလိုစား ဒီလိုကိုယ်ခန္ဓာနဲ့ သွားပြီ .. ဒီတစ်သက်နင် ယောကျ်ားရဖို့မရှိတော့ဘူး .." တဲ့ ..။

ယောကျ်ားရရေး မရရေးများ ဘယ်သူက စိတ်ဝင်စားနေလို့လဲ ..။

မီ လိုချင်တာက မီ ကို တုန်နေအောင်ချစ်ပြီး နေရာတကာစိတ်ပူကြည်ဖြူလိုက်လျှော့ပြီး မြတ်နိုးယုယချစ်မယ့် ချစ်သူ ..။

"ဒေါက် .."

"အယ် .."

စာအုပ်တွေနဲ့ ရောပိုက်ထားမိသဖြင့် ဖုန်းက ရင်ခွင်ထဲကနေ လျှောကျသွားပြီး ကိုယ့်ခြေထောက်နဲ့ ပြန်တိုက်မိကာ ရှေ့ကိုလျှောထွက်သွား၏။ ထိုစဉ် ...

"ဟ .. ဟ .."

"ချွပ် .."

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



"သွားပြီ .. ကြေသွားပြီ .."

ယောကျ်ားလေးသုံးယောက် အတွဲလိုက်မှာ အလယ်လူ၏ ညာဘက်ခြေထောက်အောက်တွင် ..၊

"မင်းတော့ အကြီးကြီးလျှော်ရတော့မယ် ချစ်တိုင်း .."

"ချစ်တိုင်း .. မင်း ဒီနေ့ပြဿနာပေါ်ပါလား .."

ချစ်တိုင်း ရဲ့ အကြည့်တွေ မယ့်ဖိုင့်ဖိုင့်ရဲ့ မျက်နှာဆီရောက်လာ၏။ ဆံဝင်ခပ်တွန့်တွန့်ခါးလောက်ဖားလျားလေးနှင့် လူကိုပြုံးတုံ့ပြုံတဲ့ကြည့်နေလိုက်တာ ကော်ပတ်ရုပ်မျက်နှာလေးအတိုင်း ..။

"မင်းကို ငါထိတောင် မထိရသေးဘူးနော် .."

"ဟုတ်ပါတယ် .."

"မင်း ငါ့ဆီ တမင်ပစ်ထည့်လိုက်တာလား .."

"ဟင့်အင်း .."

ခေါင်းညိတ်ပြပြီးမှ ချက်ချင်းခေါင်းခါပြ၏။ ချစ်တိုင်း ကျေနပ်သွား၏။

"ပြီးတာပဲ .. ငါနဲ့မဆိုင်တော့ဘူး .."

"ဟာ .. ချစ်တိုင်း .. မင်း ဒါတော့ မတရားဘူး .."

"အေးလေ .."

တစ်ယောက်က ဖုန်းကိုသေချာကောက်ယူပြီး အားလုံးမြင်အောင် ပြကာ ..၊

"ဒီမှာ ၊ ဖုန်း ဆယ်သိန်း ဆယ့်ငါးသိန်းနော် .."

"ဟိတ်ကောင် .. တော်တော့ .."

ချစ်တိုင်း က မျက်စိမျက်နှာပျက်လျက် တားဆီးကာ ..၊

"သူပြောနေတာမကြားဘူးလား .. ဖုန်းက သူ့ဟာသူ .."

"မင်းဆီ ဆင်းပြေးလာတာ .."

"ဟုတ်တယ် .. 'ဖေကြီးရေ' လို့တောင် ဝမ်းသာအားရအော်လိုက်သေးတယ် .."



"ဟား .. ဟား .. ဟား .."

"ရပါတယ် .. မပြင်ပေးပါနဲ့ မီ ကို ပြန်ပေးပါ .."

မီ က ချစ်တိုင်း မျက်နှာဖြူရော်သွားတာကိုကြည့်၍ သနားစိတ်တို့ ယိုဖိတ်မိလျက် ..၊

"ဒီဖုန်းကလေ .. ခုန .."

"ပေးလိုက်လေကွာ .."

ချစ်တိုင်း က သန်းထွန်း လက်ထဲကယူ၍ မီ လက်ထဲကို အရောက်ပို့ရင်းပြုံးပြကာ ..

"ဆောရီးနော် .. ရုတ်တရက်ကြီး ခြေထောက်ရှေ့ရောက်လာတော့ ဘာမှန်းမသိလိုက်ခင် ခြေထောက်က သူ့အလုပ်သူလုပ်သွားတာ .."

"သူ့အလုပ်သူလုပ်သွားတာတဲ့ .."

"ခွီး .. ခွီး .."

မီ ကတော့ ဖုန်းအလျှော်ပေးရမှာစိုးလို့ ပွင့်လင်းရိုးသားစွာဟန်ဆောင်ပြုံးပြနေသည့် မျက်နှာချောချောကိုပဲ သဘောကျစွာကြည့်နေမိခဲ့၏။

ဖုန်းကွဲရတာ သူ့ကြောင့်မဟုတ်ဘူးလို့လည်း မပြောဖြစ်တော့ဘဲ အားလုံးကိုကြည့်၍ ရယ်ပြရင်းထွက်လာခဲ့မိသည်။

သူက ချစ်တိုင်း တဲ့ ..။

အရုပ်မြင့်မြင့် ဖြူဖြူသွယ်သွယ်ပေမယ့် မျက်ခုံးခပ်ထေးထေးက ထင်းနေကာ မျက်တောင်ခပ်ကျဲကျဲက ကော့နေတာသိသာပြီး မဟာဆန်ဆန် ချောသည့်မျက်နှာမျိုး ..။

ရန်ကုန်တက္ကသိုလ်မြေကို ခြေချခဲ့သည့်နေ့မှာပဲ မီ နဲ့ တိုက်ဆိုင်စွာဆုံဆည်းခဲ့ရတာ ယောကျ်ားလေးနှစ်ယောက် ..။ နှစ်ယောက်စလုံးက ချောသည်။ ဝတ်စားထားကြပုံအရ နွမ်းပါးသည့်အဆင့်အတန်းမျိုးတော့လည်း မဖြစ်နိုင် ..။

တစ်ရက်တည်း တစ်နေရာတည်းမှာ မထင်မှတ်သည့်ဆုံဆည်းမှုက ခဏတစ်ဖြုတ်မြင်ဖူးကြရုံအတွက်တော့ မဖြစ်နိုင်ပါ ..။

www.burmeseclassic.com

www.burmeseclassic.com



မီး နှုတ်ခမ်းလေးတွေပြူးနေလျက်က နေသားတကျပြန်မဖြစ်တော့ဘာ ကျောင်းသန်းတစ်ခုလုံးကိုတောင် တစ်ပတ်ပတ်ပြီးနေပြီလားမသိ…။

"မို …"

နောက်တနေ ခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ သမယ …။

လက်ထဲမှာ စာအုပ်နှစ်အုပ်ကိုင်ထားလျက် လက်တစ်ဖက်က ဘောင်းဘီအိတ်တစ်ဖက်ထဲ ထည့်ထားသည်။ သူ့ဆံပင်က နဂိုကောက်ဖြစ်သည့်ပြင် နည်းနည်းလည်းပွသည်။

နဖူးပြေပြေမှာ ကကြီးပုံပေါ်နေတာကလည်း တမင်ဖော်စရာမလိုဘဲ ခပ်ညွှယ်ညွှယ်မျက်နှာနှင့် လိုက်ဖက်၏။ မျက်ခုံးတန်းတွေက ထူနက်နေတာ နှုတ်ခမ်းသားတို့က ပန်းရောင်သမ်းနေတတ်၏။

ပြောရခက်နေတာ ဒေါသဖြစ်နေတာကိုထိန်းလိုက်ရတာမျိုးတွေ ရှိလာလျှင် ဒီနှုတ်ခမ်းတွေကိုပဲ ဖိပိတ်ပစ်တတ်ခြင်းကြောင့် ရဲတွတ်နေတတ်တာတွေလည်းရှိလေသည်။

မို့ ရှေ့ကိုရောက်လာတာလည်း ဒေါသတွေဖြစ်လာပုံရှိကာ နှုတ်ခမ်းသားတွေက နီမြန်းနေလျက် …၊

"နင်တော်တော် ကွိုင်ရှာတာပဲ …"

ခပ်လှမ်းလှမ်းရောက်လာတာနှင့် အပြစ်တင်သည်။ မို့ မျက်နှာပေါ်က အပြုံးတွေလည်း ပျောက်ကုန်ကာ …

"နင်က ငါ့ကို …"

"ဟုတ်တယ် ကျောင်းကိုလာမှာပဲ ရောက်ရင်တွေ့မှာပေါ့ …"

"အခု မတွေ့လို့လေ … ငါမှာတစ်ယောက်တည်း တက္ကသိုလ်တစ်ခွင်ပြုံပြုံစင်နေပြီ …"

"ပြုံပြုံမစင်ချင်လည်းရတယ်၊ ကိုယ့်ဘာသာ ပြုံပြုံစင်ချင်လို့စင်တာ ငါက ကန်တော့ပွဲ အုန်းပွဲနဲ့ တောင်းပန်ရဦးမှာလား …"

"ငါ့ကို တောင်းပန်ဖို့မလိုပါဘူး၊ အိမ်ရောက်ရင်သာ အန်တီလေးကို တောင်းပန်ဖို့ပြင်ထား …"



"ဘာ …"

"ငါ့ကိုမစောင့်ဘဲ ထွက်သွားဖို့အကြောင်းတွေ နင်ပြတယ် …"

"ငါ့မှာ တကယ်အရေးတကြီးချိန်းထားတာရှိလို့လေ …"

"မသိဘူးလေ … ဒါပေမယ့် ငါ့ကို ကျောင်းဂိတ်ခါးကနေ ထွက်စောင့်နေပါ့မယ်လို့ပြောပြီး …"

"ဂိတ်ခါးဝမှာ ငါ့ကိုမတွေ့ရင် နင်က တစ်လက်မမှ ရှေ့ဆက်မတိုးရဲတော့ဘူးလား …"

"ဟဲ့ … နင်အဲ့ဒီလို စိတ်ကူးရှိရင်လည်း အဲ့မေးခွန်းအစကမေးပါလား …"

"နင်ဟာလေ …"

"ဟုတ်တယ် ငါပဲ … အခု ငါ့အဆောင်လိုက်ပြ …"

သမယ မျက်နှာက ဂျစ်ကန်ကန်သုန်မှုန်နေသည်။

"ကိုယ့်ဘာသာ မန္တလေးမှာ မနေဘူး၊ ဖက်တီးမတွေအတွက် အားတက်ဖွယ်တွေ အင်တာနက်ကရှာဖွေဖတ်ပြီး မန္တလေးမှာ မစွံတာနဲ့ ရန်ကုန်ကို ခြေဆန့်ချင်တာ …"

"ဟုတ်တော့ ဘာဖြစ်လဲ … ဖက်တီးမတွေ အားတက်ဖွယ်ဖြစ်ဖြစ် မဖြစ်ဖြစ် ငါက စိတ်ခေတ်ကျပါတယ်လို့များ နင့်ကို ပြောဖူးလို့လား …"

"သိတယ် … ဒါမျိုးဆို အလဲမလှဲပဲ …"

"သိရင်ပြီးတာပဲ …"

"သွားမယ် …"

"ရှေ့ကသွား …"

"ဘာ …"

သမယ က တစ်ခုခုဆို သူ့ကိုရှေ့ကသွားခိုင်းတာ အသေမှန်သည်။ ငယ်ငယ်တုန်းက 'လမ်းမသိ ခွေးနောက်လိုက်' ဆိုသည့်စကားနှင့် မို့ သူ့ကို ခဏခဏအနိုင်ကျင့်ဗိုလ်ကျပြီး လှောင်ရယ်ခဲ့ဖူး၏။

ထို့ကြောင့် ဒီစကားကို မို့ က ပြောလျှင် ပိုမှန်းလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း .. ဆင်ခ ခြင်ခြင်ပြော .."

မီ ကလည်း ခပ်တည်တည် ...။

"အခု နင်ပြမှ ငါသိရမှာလေ .."

"ဘာ ...."

"လမ်းကိုပြောတာ .."

"မို .."

"ဘာလဲ .."

"နောက်ကနေ မြက်စားလိုက်မနေနဲ့ .. ရှေ့တိုးအတူတူလာလျှောက်"

တမင်ခြေစုံရပ်ပြီး စောင့်သည်။ မီ ကလည်း တစ်လှမ်းမှ မတိုးဘဲ ရပ်နေလျက် ...၊

"နင့်ရည်းစားတွေ အထင်လွဲကုန်မှာစိုးလို့ စေတနာနဲ့နော် .."

"ဟား .. ဟား .. ဟား .."

မရယ်ချင်ဘဲ တမင်တကာကြီး ရယ်ချလိုက်ကာ ကိုင်ထားသည့် စာအုပ်နဲ့ မီ့ ခေါင်းကို လှမ်းရိုက်လိုက်ပြီး ...၊

"ငါ့ရည်းစားလို့အထင်လွဲရအောင် ကိုယ့်ပုံကိုလည်း ပြန်ကြည့်ပါဦး မီရယ် .. ဟား .. ဟား .. ဟား .."

"ဘာဟားဟားလဲ .. ငါကဝလို့ ထားစမ်းပါ၊ နင်ကရော ဘယ်လောက်ချောနေလို့လဲ .."

"အမြင်ပဲလေ .."

"ဟွန်း .. ရည်းစားထားလိုက်တိုင်း တစ်ယောက်မှမမြဲလို့ ရည်းစားမရှိရင်မနေနိုင်တဲ့ရောဂါနဲ့ အမြဲတမ်းပြေးလွှားအမော့ဆို့နေတဲ့ရုပ်ကြီး.."

"ဟား .. ဟား .. ဟား .. ပြောပါ၊ ကမ္ဘာကြီး ငြိမ်းချမ်းတာပေါ့"

"ရယ်မနေနဲ့ သံပြုကြီးနဲ့ .."

စကားတွေ ဘယ်လောက်အနိုင်လုပြောနေနေ မီ့ ကို နိုင်ချင်ရင် အဲဒီကိုယ်လုံးတုတ်တုတ်လေးကို တစ်ချက်လောက် မျက်စပစ်ပေးလိုက်...

မီ့ မျက်နှာလေးပျက်သွားမည်။ ပြီးတော့ မေးဖျားလေးပင့်လိုက်ပြီး



ရန်တွေ့မည်။ ဒါပေမဲ့ သူမ မျက်ဝန်းလေးတွေ ... ၁ ကြေကွဲရိပ်လေးတွေနဲ့ ...။

"သေနာ ငါ့ကို ဒါနဲ့ပဲအနိုင်ယူတယ်၊ ကြည့်နေ ချောမော့လှမော့ဆိုတဲ့ ကောင်နဲ့ ငါကြိုက်ပြမယ် .."

ပွစိပွစိရေရွတ်ပြီး ဘောက်ဆတ်ဆတ်သွားနေ၏။ သားက သမယ ရယ်နေရင်း ...၊

"အေးပါ .. ငါသိပါတယ်၊ ချောမော့လှမော့ဆိုတဲ့ကောင်တွေကို နင်ကြိုက်မှန်း ..."

မီ့ ခြေလှမ်းတုံ့ခနဲရပ်သွားသည်။ သမယ က ရယ်ချင်ပက်ကျိ မျက်နှာကို စာအုပ်နဲ့ကာပြီးဖြစ်နေကာ ...၊

"ဘယ်သူမဆို ချောတာလှတာဆိုကြိုက်တာပဲလေ .. အဲဒါပြောတာ .."

"သမယ နင့်ကို ငါကျောင်းဝင်းထဲမှာမို့နော် .."

"အဲဒါလည်းသိတယ် .."

"နင့် .."

"ဟာ .. ကျောင်းဝင်းထဲမှာလေ .. မီ့ .."

မီ တကယ်လိုက်ထုတော့ သမယ နောက်ဆုတ်ရှောင်ရင်း စာအုပ်နဲ့ ကာရင်းနှင့် ...၊

"လက်ျာ .. ဟိုမှာကြည့်စမ်း .."

"ဘာလဲ .."

"နင့်ရဲ့ သမယ လေ .."

လင်းလက်ျာ ရဲ့ အကြည့်တွေက ပြုံးရယ်ပြေးရှောင်နေသည့် သမယ ပေါ် စူးစိုက်ကျရောက်သွားပြီးမှ နောက်ထပ်နေရာရွှေ့သည်။

"အဲ့ဒီတစ်ယောက်ကို နင်သိလား .."

မွှေစင် က ထပ်မေးတော့ လက်ျာ ခေါင်းခါလိုက်ကာ ...၊

"မသိပါဘူး .. မဖြစ်နိုင်ပါဘူး .."

www.burmeseclassic.com

www.burmeseclassic.com



"ဟင် .. ဘာလဲ .. မသိတာက ဘာလဲ .. မဖြစ်နိုင်တာက ဘာလဲ.."

"ဝတုတ်တုတ် ပုတိုတိုလေး .."

ရွှေစင် က လက်ျာ ပြောနေတာကို နားထောင်၍ သမယ တို့ ထွက်သွားရာကို တစအဆုံးလိုက်ကြည့်ရင်း ..၊

"ဝတုတ်တုတ်ပုတိုတိုလို့ပြောနိုင်ပေမယ့် မဝလွန်း မပုလွန်းတဲ့ပုံမျိုးပေါ့၊ မျက်နှာလေးကလည်း ချစ်စရာလေး၊ သမယ ကိုဆို နှင်းအမြဲတစ်ကွက်ချန်တွေးတာပဲ လက်ျာ၊ ဒီကောင် ရည်းစားများတယ်လို့ သတင်းကြီးနေတာ အကြောက်အလန့်မရှိဘူး .."

"ဘာကိုကြောက်ရမှာလဲ၊ ငါလည်း ချစ်သူတွေရှိခဲ့ဖူးတာပဲ၊ တက္ကသိုလ်မှာ ရည်းစားထားကြတာဆန်းတာမှတ်လို့ .."

"ဪ .. ဪ .."

"ဟုတ်တယ်လေ .. ဆန်းတယ်ဆိုရင်လည်း သူများထက်ပိုချောတဲ့လူတွေအားလုံးထက် ပေါ်လွင်တော့ ဘာလေးဖြစ်ဖြစ် သူသိတာပေါ့၊ သမယ က မေဂျာကင်းတွေထက်ပိုချောတယ်၊ သူတို့တွေထက် ပိုချောတယ်၊ သူတို့တွေထက်လည်း မာနကင်းတယ် .."

"မာနကင်းတာလို့ ငါတော့မထင်ပါဘူး .."

ရွှေစင် ဘာပြောချင်လဲဆိုတာ လက်ျာ သိသည်။ သမယ ကိုကလည်း ရည်းစားများတာ သတင်းကြီးတဲ့သူပါ။ ဒါပေမယ့် တစ်ယောက်နဲ့တစ်ယောက် တွေ့ဆုံရင်းနှီးပြီးချစ်သူတွေဖြစ်သွားကြတာမှာ သေတပန်သက်တဆုံးလက်တွဲမယ်၊ လက်ထပ်မယ်ဆိုတာတွေပါကြလို့လား ..။

ချစ်ကြသည်။ အပြစ်ရှိလျှင် ပြဿနာတက်ကြသည်။ ကွဲကွာသွားကြတာတွေမှအများကြီး ..။ ဒီလိုမှမဟုတ်ရင်လည်း ကျောင်းမပြီးခင်နီးပြေကြ၊ မိဘချင်းအဆင်မပြေဖြစ်ကြတာတွေ ..။ ပိုဆိုးတာက မပြည့်စုံတဲ့ဘဝကို ထူထောင်မိကြပြီး စလယ်ဝင်ဖင်မမြဲခင်ကွဲကြပါပြီ။

"သူ့အကျင့်ဘယ်လိုနေနေ သဘောမကျရင် ဖြတ်လိုက်ရုံပေါ့၊ ငါ အဲဒါတွေသိပ်မတွေးဘူး .."



"မတွေးဘူးဆိုတာထက် မကောင်းတဲ့အချက်အလက် ဘာခဆို မတွေးချင်ဘူးလို့ပဲ ပြောစမ်းပါ၊ ရည်းစားများတာ အပြစ်မဟုတ်သေးဘူးဆိုရင်တောင် တစ်ယောက်နဲ့မပြတ်ဘဲ နောက်တစ်ယောက်နဲ့တွဲတာတော့ .."

"တွဲသွားတွဲလာဖြစ်နေရုံနဲ့ ချစ်သူတွေဖြစ်ကြတာမဟုတ်ပါဘူး ရွှေစင် ရယ်၊ နှင်းကလည်း ဒီဝတုတ်မကို မြင်လိုက်တာနဲ့ ပွားလိုက်တာနားငြီးလာပြီ .."

"ပွားနေတာမဟုတ်ဘူး .. နှင်းက မဖြစ်နိုင်ဘူးချည်းပဲပြောနေလို့.."

သမယ ကတော့ သူတို့နောက်ကနေ ချစ်သူအသစ်စက်စက်လေးနဲ့ သူမရဲ့သူငယ်ချင်းတို့ သူ့အကြောင်းဘာတွေချီးမွမ်းခန်းဖွင့်နေကြသလဲဆိုတာမသိ ..။

သူ့ဘက်ကတော့ အရာရာဟာ အရင်ကအတိုင်း ..၊

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂)

"နင်နဲ့ ငါ ခွဲခဲ့ကြတာ သုံးနှစ်ကျော်ရှိနေပြီ၊ ဒါပေမယ့် နင်အရင်အ
အတိုင်းပဲ .."

"အံမယ် .."

"မအံမယ်နဲ့ .. ရော့ .."

အအေးဘူးချပေးပုံက ဒေါက်ခနဲအသံမြည်၏။ ပြီးတော့ ပြောသေးသည်။

"မေမေ ထွက်လာရင် အတိုင်းအတောမထူဖို့ ဖားထားတာ -"

"နည်းသေးတယ် .."

"ဒါပဲရှိတယ် .."

"ဟော .. သမီးရောက်နေတာလား .."

ဒေါ်ဇလေးလေးနွယ် က အပြင်ထွက်တော့ညည်ပုံနှင့် လက်ကိုင်အိတ်
ကြီးကို လက်မှာချိတ်လိုက်ပြီး ဆိုဖာမှာဝင်ထိုင်လိုက်၏။

"အန့်တီလေးနဲ့ သမီးမေမေ ဆရာတော်ကြီးကိုသွားဖူးကြမ
ဒါနဲ့ သမီးတို့ .."

ပြောနေရင်း တစ်စုံတစ်ခုကိုသတိရသွားသလို မျက်မှောင်ကျု
သွားပြီး ...၊

"ကျောင်းမှာ သားက သမီ ကို စောင့်မနေဘူးဆို .."

"အဲဒါ .. ကျွန်တော် .."

"စောင့်မနေတဲ့အပြင် ဖုန်းခါတာတောင် လုံးဝမကိုင်ဘဲနဲ့ရော



အန့်တီလေးရယ် .."

"ဟုတ်လား .. သား .."

"ကျွန်တော်က .."

"မီ တစ်ကျောင်းလုံးပတ်ရှာနေတာလေ၊ တွေ့တာတောင် သူတို့
ကျိုင်ရှုပါတယ်ဆိုပြီး လူတွေကြားထဲမှာ ဖက်တီးမ ဝတုတ်မ ချီးထုပ်နဲ့
စုံနေတာပဲ မီ့ ကိုပြောတာ .."

"မှီ .."

"မင်း .. အဲ့လောက်တောင် တာဝန်မဲ့ရလား သား .."

"မေမေ့ အဲဒါ .."

"ဘာဖြစ်ဖြစ် ကိုယ်မလိုတိုင်း သူများအားနည်းချက်ကို ထောက်ပြီး
အနိုင်ယူတာလည်း ယောကျ်ားကောင်းတစ်ယောက်အလုပ်မဟုတ်ဘူး .."

"မဟုတ်ပါဘူး မေမေရာ .."

"ဘာကိုမဟုတ်တာလဲ .. မေမေ့ရှေ့မှာလည်း မီ့ ကို ဒါတွေ သား
ပြောနေကျ .. မေမေသိတယ် .."

"မေမေ့ရှေ့မှာပြောပေမယ့် .."

"ပြောနေကျစကားဆိုတာ လူလယ်ခေါင်ကျမှ မပြောမိအောင်နေ
လို့မရဘူး၊ ပြောကျင့်ဆိုကျင့်ရှိနေရင် ဒီလိုပဲ ပြောထွက်တတ်တာ .."

သွားပြီ ...၊

မီ တစ်ခုခု ချွန်လိုက်တိုင်း မေမေ့ဒေါသက သူ့ဆီမှာ တင်းပြည့်
ကျပ်ပြည့် ...၊

နင် လုပ်ထား ...။

မှီ ကို လှမ်းကြည့်တော့ မီးသိမ်ပိုးမလိမ္မာရုပ်လေးနဲ့ မျက်တောင်
လေးပုတ်ခတ်ပုတ်ခတ် ...။

"ပြီးတော့ ကျောင်းရှေ့ကနေထွက်စောင့်နေမှာပါလို့ မေမေ့ရှေ့
မှာပဲ သားပြောသွားတာ၊ ကိုယ်ပြောတဲ့စကားကို တာဝန်ယူပေါ့ ..

"မေမေရာ .."

www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ .. တော်ပြီ .. သားပြောတာကို မေမေနားထောင်ပြီး စဉ်းစားခွဲခြားကြည့်နေဖို့လည်း အချိန်မရှိတော့ဘူး .."

ပြောပြီး လက်ကိုင်အိတ်ကိုပြန်ဆွဲချိတ်၍ ထဖို့ပြင်သည်။ မြင်နေရင်းနဲ့ပဲ မထဖြစ်သေးဘဲရှိကာ ..။

"သားလေးတစ်ယောက်ပဲ မွေးထားပါတယ် မလိမ္မာတာလည်း မဟုတ်၊ ပြောလို့ဆိုလို့လည်း မကောင်း၊ လူမိုက်လေးမို့ နားရွက်ဆွဲပြီး ခေါင်းနာနာခေါက်ပစ်ရရင်လည်း ဟုတ်သေးတယ်၊ ဟိုမရောက်ဒီမရောက် နေနေတာ ဘယ်လိုဆုံးမရမှန်းကို မသိတော့ဘူး .."

မေမေ ပွစိရေရွတ်ရင်း ထထွက်သွားတော့ သမယ မျက်နှာပုပ်သိုးကျန်ရစ်၏။ မီ က တံတွေးလေးကြိတ်မျို၍ အအေးဘူးကို လှမ်းကိုင်လျှင် ..

"မသောက်နဲ့တော့ .. မရဘူး .."

"အယ် .. ကြည့်စမ်း .."

"မေမေ့ကို မတိုင်စေချင်လို့ လောကွတ်ချော်ထားတာ၊ ဒီမှာ နားတွေတောင် မီးခိုးထွက်ကုန်ပြီ .."

"မထွက်ဘဲနဲ့ .."

"ဘာ ..."

"ပေးပါ .. ဒီမှာ အာခေါင်ခြောက်နေလို့ .."

လက်လှမ်းထားတာကို အားမနာဘဲ သမယ က အအေးဘူးကို စားပွဲရဲ့ တစ်ဖက်စွန်းမှာ ထပ်ရွှေ့ချလိုက်ကာ ..။

"ငါ့လက်နဲ့ ယူပေးရတဲ့အဆင့်ထိ အခန့်သားသောက်ဖို့ စိတ်ကူးနဲ့ ရေခဲသေတ္တာထဲသွားယူ၊ နင့်ကိုဖို့သတ်လို့ရတယ် .."

"မယူဘူး .."

"မယူနဲ့ပေါ့ .."

မီ ဒီတိုင်းပြောပြီး အပြင်းအထန်စဉ်းစားသည်။ သမယ ကို ဘယ်လို နှိပ်ကွပ်ရင်ကောင်းမလဲ ..။

"ရတယ် .. နင့်ဆီက ဆားဗစ်အတွက် ဒီလောက်တန်ဖိုးကြီးနေရင်



မသောက်တော့ဘူး၊ နောက်နေ့တွေဆို ဒီ့ထက်အသွားကျပ် အစားကျပ် အောင် ငါရစ်ပေးလို့ရတာပဲ .. အေးဆေးပါ .."

"ဘာပြောတယ် .."

"နောက်ဆို နေ့တိုင်း ထွက်စောင့်နေဖို့ပြောမယ် .."

"နင်က မူကြိုကလေးမို့လို့လား .."

"ပြန်ရင်လည်း အတန်းပေါက်ဝက လာစောင့်ကြိုဖို့ပြောထားမယ်"

"အံမာ .."

"ငါ ဘာပြောပြောဖြစ်တယ်ဆိုတာ နင်သိပါတယ် .."

"မီ့ နင်မညစ်ပတ်နဲ့နော် .."

"ဘာမှညစ်ပတ်စရာမလိုဘူး၊ ကျောင်းမှာ သူငယ်ချင်းမရှိသေးပါဘူး၊ ဘယ်မှမသွားမလာရဲပါဘူး၊ ဘာဘူး .. ညာဘူးနဲ့ ပြောလိုက်ရုံပဲ .."

"မဟုတ်က ဟုတ်ကတွေ .."

"ဟုတ်တာတွေပြောရတာ ဖျင်းဖို့ကောင်းတယ် .."

"ရော့ .. သောက် .."

အအေးဘူး မျက်နှာရှေ့ပြန်ရောက်လာတော့ မီ က မျက်တောင်များလေးတွေစင်းကြည့်ပြီး ပြုံးလိုက်ကာ ..။

"တကယ်တော့ ငါက အအေးသောက်ချင်တာမဟုတ်ဘူး .."

စသာပြီ မယ်မင်းကြီးမ ..။

မီ့ ကို သမယ နည်းနည်းတော့လန့်သည်။ သူမကိုဆို အိမ်က မိဘတွေ ဆွေတော်မျိုးတော်တွေက ချစ်မှချစ် ..။ တစ်ခါတလေ မိဘတွေ သားလေးချင်းများလဲမွေးထားကြသလား ထင်ရလောက်အောင် အန့်တီခင် က သူ့ဘက်က ဖြစ်နေတတ်ပြီး မေမေကတော့ မီ မှ မီ ..။

ထိုပြင် ငါ့သားလေးက လိမ္မာပါတယ်လို့ အန့်တီခင် က ပြောတတ်သလို မေမေကတော့ 'ငါ့သမီးလေးက အရမ်းစိတ်ထားကောင်းတာလို့ ပြောတတ်တာမျိုး ..။

မီ ဘာပြောပြော မဖြစ်နိုင်ဘူးလို့ မေမေ ဘယ်တော့မှ ထည့်သွင်း

www.burmeseclassic.com



ခင်းစားတာမရှိထားခဲ့သည့်အဖြစ်ကြောင့် မို စကားကို သူ့အနေနဲ့ အလေးမထားလို့မဖြစ် ...။

"သမယ .."

"ပြော .."

"ဟိုလေ .. အဲ့တစ်ယောက် ဘယ်ရွာနကလဲတော့မသိဘူး .."

"ဘယ်တစ်ယောက်လဲ .."

"ဟိုလိုမျိုးဟာ .."

မိ က သူမတွေ့ဆုံခဲ့ရသည့်အဖြစ်ကို အားတက်သရောပြောပြလိုက်ပြီး ...၊

"ပုံစံက အရမ်းမိုက်တယ် .."

"အဲ့ဒီတော့ ငါက စာလိုက်ပေးပေးရမှာလား .."

"ဟာ .. နင်ကလည်း ငါက နင်တို့ယောက်ျားလေးချင်းသိနေကြမယ်ထင်လို့ မေးကြည့်တာပါ .."

"မသိဘူး .."

"နင်တို့က တစ်ကျောင်းတည်း နှစ်နှစ်သုံးနှစ်ယောက် တတ်လာကြတာဆိုတော့ .."

"တစ်ကျောင်းတည်းရှိနေကြတာနဲ့ပဲ သိစရာလားဟ .. နင်က .."

"အေးပါ .. ဟုတ်ပါပြီ၊ ပြီးတော့ ဟိုတစ်ယောက်ကိုလည်း ငါ နင့်ကိုပြချင်တာ .."

"ဘာ ..."

"နောက်ထပ်တစ်ယောက်ရှိသေးတယ် .."

ကြည့်စမ်း .. မိ ...၊

ကျောင်းကိုတစ်ရက်ပဲ ရောက်လာသေးတယ် ...။

"သူ့နာမည်က ချစ်တိုင်း တဲ့ သိလား၊ သူ့ကျတော့လည်း ဖြူဖြူနုနု သွယ်သွယ်လေးနဲ့ မဟာဆန်တယ် .."

တစ်လက်စတည်း ဆက်တိုက်ဖြစ်ပျက်ခဲ့တာတွေကို မိ ပြောပြ



တော့ သမယ ကိုယ်တိုင် အံ့ဩနေမိ၏။ မိ ဒီလောက် သွားမစေ့နိုင်အောင် ကြည်နူးပီတိတွေဖြစ်လာပုံထောက်လျှင် ဒီပုဂ္ဂိုလ်လေးတွေ တကယ်ပဲ ချောမောနေကြတာဖြစ်နိုင်၏။

ဒီလို ယောကျ်ားလေးတွေနဲ့ တိုက်ဆိုင်စွာ ပတ်သက်လာခဲ့တာ ထူးဆန်းနေတာတော့ အမှန်ပင် ...။

"အဲ့တစ်ယောက် ငါ့ဖုန်းကို သူ့တက်နင်းမိပြီထင်ပြီး ဖျားသွားတဲ့ ချက်နှာကို နင့်ကိုပြချင်တယ် သိလား .."

မိ က တော်တော်ချစ်စနိုးဖြစ်လာသည့်မျက်ဝန်းလေးတွေနှင့် တခိခိ ရယ်နေ၏။

"ထူးဆန်းတယ်ဆိုတာ နင် ဝန်ခံစမ်းပါ၊ ငါ အဲဒီနှစ်ယောက်နဲ့ ငါ ဆက်တိုက်ကြီး ရင်းနှီးပတ်သတ်ခဲ့တဲ့ပုံမျိုး .."

"နေပါဦး .. ပတ်သက်မိတိုင်း ရင်းနှီးသွားပြီလို့ ပြောလိုရသလား"

"ဘာလို့မရရမှာလဲ .. မင်းရဲ ဆိုရင် ငါ့ကို စကားတွေလာပြောပြီး.."

"ဟွန်း ..."

အားပါးတရ ပြောနေတုန်း သမယ က ပခုံးတွန့်မဲ့လိုက်သဖြင့် မိ က ကြည့်၍ ...၊

"ဘာဖြစ်တာလဲ အဲ့ဒါ .."

"ဆယ့်ငါးသိန်းလောက်တန်တဲ့ ဖုန်းကို အလျော်မပေးရဘူးဆိုမှတော့ .. ဟွန်း .."

"အဲဒါနဲ့ မဆိုင်ဝါဘူး နင်ကလည်း .."

"ဘာနဲ့ဆိုင်တာလဲ ပြောကြည့်ပါဦး .."

"ဒါကတော့ .."

"အင်း ဖြစ်နိုင်တယ်၊ မြင်မြင်ချင် မူးမိုက်စွဲလမ်းသွားလောက်အောင် ဆိုတ်မိတဲ့ကောင်မလေးက လှတော့ .."

"အံမာ .. ငါ အဲလောက် ရုပ်မဆိုးပါဘူး .."

"ဘယ်သူပြောတာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"သမယ နော် .."

သမယ ရဲ့ မျက်လုံးတွေ ဒုဋ္ဌမကိုယ်ပေါ်ကို ဝေ့သွားလျှင် မီ မျက်နှာလေး ပျက်လျက် ...၊

"တစ်ဆိတ်ရှိ .. ငါ ဝတာကိုပဲ ခလုတ်တိုက်နေတာ .."

"ခလုတ်မတိုက်စေချင်ရင် ပိန်အောင်လုပ်ပေါ့ .."

"မလုပ်နိုင်ပါဘူး .. ဒီပုံစံ ဒီကိုယ်လုံးကိုပဲ ရှူးလောက်အောင်ချစ်မယ့်သူ ငါရမှာ .."

"နောက်ဘဝ .."

"သမယ .."

"ဘာတုံး .."

"နင် သူများကိုဆို ပြောလိုက်ရင် တဆုံးပဲ .."

"နင်က အရင်တဆုံးပြောတာလေ၊ ဝလို့ သူများကဲ့ရယ်တာလည်း မကြိုက်ဘူး ပိန်အောင်လည်း မကြိုးစားဘူးဆိုတော့ ဆက်ရန်ရှိသေးလို့လား .."

"ဘာလို့မရှိရမှာလဲ .. ဒီတစ်ခါပြန်ဆုံဖြစ်ကြရင် ငါတို့က ရင်းနှီးပြီးသားတွေ .."

"ဒါပေါ့ .. ဆယ့်ငါးသိန်းဖိုးတောင် ရင်းနှီးထားတာကို .."

"နင်နော် .. အကျည်းတန်အောင်မပြောနဲ့ .."

"မီ ရာ .. ကိုယ့်လိုင်းနဲ့ကိုယ် အေးဆေးနေစမ်းပါ၊ နင့်ကို ချစ်စရာကောင်းလို့စနေကြတာ၊ အထင်သေးလို့မဟုတ်ဘူး၊ ရည်းစားမရှိတော့ ဘာဖြစ်သွားနိုင်လို့လဲ .."

"ဟော့အေး .. ငါ မျက်နှာငယ်ရတာပဲသိတယ် .."

"အဲဒါကိုက လိုရာဆွဲတွေးနေတာ .."

"ဟုတ်တယ် .. ငါ ရည်းစားထားဖို့က လိုကိုလိုနေတာ .."

"ဒါဆိုလည်း ဖေ့စဘွတ်(ခ်)ပေါ် တင်လိုက်ပါလား .."

"မမြင်မစမ်းတွေဟာ .."

"ပုံတွေတင်ထားကြတာပဲ .."



"သက်ရှိတွေမှာ ကျောသားရင်သားရှိသလိုပဲဟာ .. သက်မဲ့ဝတ္ထုတွေမှာလည်း မျက်နှာစာနှစ်ဖက်ရှိကြတာပဲ မြင်အောင်ပြထားတဲ့ မျက်နှာစာလေးက လှနေပေမယ့် ကျောဘက်မှာ ဖျက်ရာပြင်ရာတွေနဲ့ ဘယ်လောက်ရုတ်ပြတ်ပေပွနေသလဲ ဘယ်သူသိနိုင်မှာလဲ၊ မျက်နှာစာတစ်ခုလုံးကို ကြက်ခြေခတ်ထားတာတောင်ပါနိုင်သေးတယ် .."

"အဲဒါပဲ မရှိတာထက် မသိတာခက်တယ်ဆိုတာ .."

"ဘာ ..."

"ဟုတ်တယ် .. ဘာဖြစ်ဖြစ်သိနေလိုက်တာ နင်ပဲ ဆရာမကြီး၊ ဒါပေမယ့် .. အင်း .."

ဒီတစ်ခါ ပခုံးတွန့်လိုက်တော့ မီ က ထိုပခုံးကို ဖျန်းခနဲရိုက်ပစ်လိုက်၏။ မချိုမချဉ်မျက်နှာက ရှုံ့မဲ့သွားကာ ...၊

"အပြောမခံချင်ရင် တွေ့ဖြေရရနေပါလား .."

"ငါ့ကို ဆရာမလုပ်ပါနဲ့ .."

"မလုပ်စေချင်ရင် ငါ့ကို ဘာမှလာမပြောနဲ့လေ၊ ယောကျ်ားလေးတွေအကြောင်း မိန်းကလေးက လိုက်စုံစမ်းနေတာ ကောင်းသလား .."

"ငါက တစ်အိမ်တက်ဆင်းလိုက်မေးနေတာမို့လို့လား .."

"အခု သွားမေးလိုက်တော့ .. ငါသိတာ ဘာမှမရှိဘူး .."

"အခု သိဖို့မလိုဘူးလေ၊ နောက်နေ့ကျောင်းမှာ သူတို့ကို မြင်လိုက်ရင်တော့ နင်သိမှာပါ .. ဟွန်း .."

သေလိုက်တော့ ဝက်ပုတ်မ ...၊

စပ်ဖြဲဖြဲမျက်နှာလေးကို မေတ္တာဗလပွနှင့် ကြည့်မိရင်း စိတ်ထဲမှာ ကြင်နာမိုးတွေရွာလျက် ...။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃)

"သူမရှိဘူး .."

"မရှိရင် ပြီးတာပဲ .. ငါသွားမယ် .."

"ဟာ .. နေပါဦး .."

ရှေ့ကိုလှမ်းပေးနေရင်း သမယ က သွားမယ်ဆိုတာနှင့် ကမန်းကတန်း လှမ်းဆွဲလိုက်မိ၏။ သို့သော် သူမ ဆွဲလိုက်မိတာ သမယ ရဲ့ လက်မဟုတ်ပေ ...။

ဒါပေမယ့် မီ က လှည့်မကြည့်တော့ မသိပေ ...။

"နင်ကလည်း ခဏတော့စောင့်ပေးပါဦး .."

လို့ လှည့်မကြည့်ဘဲ ပြောနေဆဲ ...။

ထိုအဖြစ်ကို သမယ မြင်ကာ ကမန်းကတန်းပြန်လှည့်ပြီး ဆွဲထားသည့် မီ့ လက်ကို ဖြုတ်ချပစ်လိုက်၏။

"မီ့ ..."

ဟင် ...၊

ဒေါသနှင့် စပ်ကြိတ်ကြိတ်ခေါ်သံမျိုးမို့ မီ ဖျတ်ခနဲ လှည့်ကြည့်လျှင် မျက်လုံးလေးဝိုင်းသွား၏။

သူ ...၊



မင်းရဲ ကို မြင်လိုက်သဖြင့် သူမ လူမှားပြီးဆွဲလိုက်မိမှန်းသည့် သိကာ ...၊

"ဆော .. ဆောရီးနော် .."

"ရပါတယ်ကွာ .. မလိုပါဘူး .."

မင်းရဲ က ဟိုနေ့ကတွေ့တုန်းကအတိုင်း နူးညံ့ချိုသာသည့် အပြုံးမျက်နှာနှင့် ရှိလျက် သမယ ကို လည်း လှည့်ကြည့်ကာ ...၊

"ဘယ်သူ့ကို စောင့်နေတာလဲ မသိဘူး .."

"သူ .. အဲ .. ဟို .."

လက်ညှိုးလေးထိုးမိမလို ဖြစ်သွားပြီးမှ အပေါ်ထောင်သွားလိုက် နောက်ရောက်သွားလိုက်ဖြစ်နေကာ ...၊

"သူ .. သူ့ကောင်မလေးကိုလေ .."

"ဩော် ..."

မင်းရဲ က ပြုံးချိုသည့်မျက်နှာနှင့် ခေါင်းညိတ်လိုက်ရင်း ...၊

"သူငယ်ချင်းတွေထင်တယ် .."

"ဟုတ်တယ် .. သူက မီ့ သူငယ်ချင်းပါ၊ မင်းရဲ က ဒီနားကို ဘယ်လို .."

"မင်း ကိုယ့်နာမည်သိတယ်ပေါ့ .."

"အင်း .. ဟိုနေ့က သူငယ်ချင်းတွေခေါ်တာ ကြားလိုက်လို့ .."

မီ့ ပုံစံကိုကြည့်ရင်း သူမပြောတဲ့ပုဂ္ဂိုလ်ပဲဆိုတာ သိလိုက်သည်။ နောက်တစ်ခု ထပ်သိတာက မင်းရဲ ဆိုတဲ့ နာမည်ကို မသိသော်လည်း ထိုသူဟာ လင်းလက်ကြာ ရဲ့ ကာစင် ...၊

ဒါပေမယ့် မင်းရဲ ကတော့ သူ့ကိုသိသည့်ပုံလည်းမပြ၊ မသိသယောင် လည်းမနေဘဲ မီ နဲ့ စကားပြောရင်း သူ့ကိုပါ လှည့်ပြောတာ နည်းတာ တွေရှိ၏။

ပြီးတော့ သူငယ်ချင်းတွေ ရောက်လာကြသဖြင့် မင်းရဲ တို့ ထွက်သွားကြလျှင် ...၊

www.burmeseclassic.com



"ဒါပဲမို့လား .."

"ဘာ .. အဲဒါပဲလဲ၊ နင့်ကြောင့် ငါ သူ့လက်ကိုဆွဲလိုက်မိတာ .."

"ကျေးဇူးတင်လိုက်လေ၊ ကန်တော့ပွဲသုံးပွဲလောက်နဲ့ ထိုင်ရှိခိုးသင့်တာ .."

"အဟွန်း ..."

တွေ့လား .. အိမ်မှာကျတော့ သူငယ်ချင်းချင်းမို့ ရင်ဖွင့်တာတဲ့..။ ကျောင်းမှာရော ရှောင်လို့လား ...၊

ခုပဲ ယောကျ်ားလေးတွေ ထွက်သွားကြတာကို မိန်းကလေးလုပ်တဲ့ သူ့မျက်နှာက နှလုံးဝီတီ ငွမ်းဆီထိနေတဲ့ရုပ်ကြီးနဲ့ ...။

"သမယ နင် သူ့ကို သိတယ်မို့လားဟင် .."

"သိတယ် .. ပိုသိနေတာကိုပြောရရင် နင် ငိုပေမယ့် အလကား .."

"ဘာ ..."

သမယ က စာအုပ်တစ်ဖက်ကကိုင်ထားရင်း ခါးတစ်ဖက်ထောက်တာ ...၊

"အဲ့ဒီတစ်ယောက်က ရုပ်ချောသဘောကောင်း၊ ပညာတတ်လူကုံထံ ဝဲ .. ဒါပေမယ့် ရည်းစားများတဲ့နေရာမှာတော့ .."

"ဒီလောက်ချောနေမှတော့ ရည်းစားများမှာပေါ့ .."

"ဘာ ..."

"ငါကတော့ .."

"မို့ .. နင့်ကိုငါ အထင်သေးတာ မဟုတ်ဘူးနော်၊ ဒါပေမယ့် ဒီတောင့်ကို နင်စိတ်ကူးယဉ်နေရင်တော့ မျက်လုံးဖွင့်ပြီး အိပ်နေရလိမ့်မယ် .."

"နင်ကလည်းဟာ .."

"အေး .. မပြောမရှိနဲ့၊ သူ့ဘေးမှာ ဝိုင်းနေတာတွေရော၊ သူ တွဲခဲ့တွဲဆဲ မိန်းကလေးတွေရော အားလုံး ဆက်(ဂ်)ဆီတွေချည်းပဲ .."

သတင်းပေးသွားလိုက်တာ ငြိမ်းချမ်းဖွယ်တွေချည်းပါလား ...။



မီ ကတော့ ကိုယ့်ကံကြမ္မ ၁ကို ယုံကြည်နေပြုဖြစ်သည်။ စာတ်လမ်းတွေထဲမှာတောင် အကြင်နာတွေ ကရုဏာတွေယိုဖိတ်ပြီး ဒီလိုမျိုးနီးစပ်သွားကြသေးတာ ကိုယ်က ဝ,နေတာနဲ့ပဲ မျှော်လင့်ချက်မရှိတော့ဘူးတဲ့လား ...။

သူ့လက်ကို ပိုင်နိုင်စွာဆွဲလိုက်မိသည့်အဖြစ်ကလဲ သူနဲ့သူမ အကြောင်းပါနေတာကို သက်သေပြနေပြီဖြစ်သည်။

သက်ဆိုင်ဖို့မရှိဘဲ ဒီလိုခဏခဏ တိုက်ဆိုင်စွာ ဆုံဆည်းနေမိတာတွေ ဖြစ်လာပါ့မလား ...။

ကျောင်းတက်ပြီး တော်တော်ကြာတဲ့အထိ ချစ်တိုင်း ဆိုသူကိုတော့ မမြင်ခဲ့ပေ။ မင်းရဲ ရဲ့ နောက်ထပ်တိုက်ဆိုင်မှုတွေရှိလာဦးမလား မျှော်လင့်မိပေမယ့် သူ့ကို ခပ်လှမ်းလှမ်းကနေသာ မကြာခဏမြင်နေခဲ့ရကာ သူက ကိုယ့်ကိုမတွေ့ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"မင်းရဲ့ ဟိုကောင်မလေးက မင်းကိုကြည့်နေတယ် .."

ကျောဘက်ကို မျက်စပစ်ပြနေတာမို့ မင်းရဲ လှည့်ကြည့်ချင်သော်လည်း ရုတ်တရက် လှည့်ရခက်နေ၏။

"ဘာလဲ .. ဘယ်သူလဲ .."

"မင်းကို မကြာမကြာလာချောင်းကြည့်နေတဲ့ ပေါင်နှစ်ရာချစ်သူလေး .."

"သြော် .."

မင်းရဲ သိလိုက်သဖြင့် မျက်နှာမှာ အပြုံးတွေဖြစ်ထွန်းသွားသည်။ ပြီးတော့ ...၊

"မင်းတို့ကလည်း ပေါင်နှစ်ရာကြီးတော့ မလုပ်ပါနဲ့ကွာ ...၊ မသာကာရှိလှရင် တစ်ရာ့နှစ်ဆယ်သုံးဆယ်လောက်ပေါ့ .."

"အံမာ .. ဒီကောင်ကြည့် .."

"မင်းရဲ နော် .. ပိန်တာလည်း ချန်မထားဘူး၊ ဝတာလည်း အလွတ်မပေးချင်ဘူး .."

သူငယ်ချင်းတွေ စကားကြောင့် သွားတွေပေါ်အောင်ရယ်မိကာ...၊

"ဘာဖြစ်လို့လဲ .. အချစ်ဆိုတာ အသက်ရှည်ဆေးပဲကွ .."

"ဟုတ်မယ်ကွ .. ဒါကြောင့် ဒီကောင်အသက်ရှည်ဆေးတွေ မပြက်



မှိဲ့နေတာ .."

"မဟုတ်ဘူး အဆက်မပြတ်မျိုချနေတာ .."

"ဟား .. ဟား .. ဟား .."

ယောကျ်ားလေးတွေရယ်သံ ဆေါခနဲထွက်လာသည်။ အကြည့်တွေလည် ဒီဘက်ရောက်လာကြ၏။ သူ့နောက်ကျောကပဲမို့ မကြာမကြာလှမ်းငေးနေမိသည့် မို့ မျက်နှာလေး ဆတ်ခနဲလွှဲသွား၏။

ဒါကို မိုးတိမ် က လှမ်းကြည့်ပြီး ရယ်ရှိန်သတ်ဖို့ကြိုးစားကာ ...၊

"ကောင်မလေး ရှက်သွားပြီ .. သတိ .. သတိ .."

"မင်းပဲ ထိုင်ကြည့်နေ .."

ဝါဆို က ဘေးတစောင်းအနေအထားပေမယ့် သူပဲ မကြည့်သလိုလိုနှင့် ...၊

"ဒီကောင်မလေး .. စု တို့ အုပ်စုနဲ့ရောမိသွားတာ ... ရာပဲကွ.."

"မကြည့်ဘဲနဲ့မြင်နေတာနော် .. အံ့သြစရာပဲ .."

မိုး က ရှုံ့မဲ့ကဲ့ရယ်၏။ ဝါဆို့ မျက်နှာ စပ်ဖြဲဖြဲနှင့် ...၊

"ငါက မင်းတို့လို ပြောဖို့ဆိုဖို့ကြည့်တာမဟုတ်ဘူး .."

"ပြောပါဦး .. ဘာကိုကြည့်တာလဲ .."

"ဖြစ်ပျက်ရှုနေတာ .."

"ထွက်လေ ဝင်လေလေးပါ မြင်အောင်ကြည့်ပါလား .. သူ့ကျန်းမာရေးပါသိရတာပေါ့ .."

"ဟိ .. ဟိ .. ဟိ .."

ဝါဆို က ရယ်လျှင် မိန်းကလေးတွေလို ထိန်းချုပ်လွန်းသဖြင့် ဘယ် လိုအသံထွက်ထွက်လာမှန်းမသိ ...။ မင်းရဲ ကတော့ ရယ်သံတွေကို ကျော်လွန်ပြီး ...၊

"ဟုတ်တယ် .. ဝါဆို ပြောတာမှန်တယ်ကွ၊ ဒီလောက်ချွန်တွန်းတဲ့ အဖွဲ့ကို ဘယ်လိုရှာဖွေတွေ့ရှိသွားသလဲမသိဘူး .."

မီ-ကတော့ သူမ ပေါင်းသင်းမိတဲ့သူငယ်ချင်းတွေ ဘယ်လိုမိန်း

www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေလဲဆိုတာ မသိပေ ..။ လောလောဆယ် သူမ ကြည့်နေမိတာကို လူမိသွားသဖြင့် နောက်ထပ် ထိုဆီကို မကြည့်မိအောင် ကြိုးစားနေရသည်။ မြင်လိုက်တိုင်း ဖြတ်သွားဖြတ်လာပဲ ဖြစ်ခဲ့ရတာမို့ ဒီနေ့ကျမှ သူ ထိုင်တတ်သည့်ဆိုင်မှာ လာစောင့်ဖို့စိတ်ကူးမိခဲ့သည်။

ထို့ကြောင့် အသစ်စက်စက်သူငယ်ချင်းတွေကို သူမကပဲ ဒကာခံ ကျွေးမွေးဖို့ တာဝန်ယူပြီး အကြောင်းပြချက်ကောင်းနှင့် ထွက်လာခဲ့တာ ဖြစ်သည်။

"မီ ..."

"ဟင် .."

"အောင်မလေး ငိုင်လိုက်တာဟယ် .. ကျွေးမွေးဒါနပြုတဲ့မျက်နှာက ငူငူငိုင်ငိုင်နဲ့ဆိုတော့ .."

"ဟုတ်ပ .. စားရတာ လျှောခနဲ လျှောခနဲပဲ .."

"စားပါ .. ကြိုက်တာမှာပြီး အဝသာစား .."

စုက အစားကိုပလုတ်ပလောင်းသွပ်သွင်းနေပေမယ့် မျက်လုံးက လျင်သည်။ မီ ဘယ်ကိုကြည့်နေတာမှန်း ရိပ်မိလိုက်သည်နှင့် ထက်ကို မျက်စပစ်၍ ..၊

"တစ်ခုခုခံစားပြီး လည်ပင်းနင်နေတာဆိုရင်လည်း တိုင်ပင်လို့ရတယ်နော်၊ စားသောက်နေတုန်းလေးတော့ ရွှင်ရွှင်ပျပျနေစမ်းပါ .."

"အေးလေဟာ .. ငါတို့ကလည်း ကျွေးမွေးထားတဲ့သူအတွက် ပြန်ကူညီဖို့ သိတတ်ပါတယ် .."

"ဘာလဲ .. ဘာလဲ .. မီက ဘယ်လိုဗီလင်တွေနဲ့ နင့်နေလို့လဲ .."

သူတို့ တစ်ယောက်တစ်ခွန်းမေးလာကြတော့ မီ အံ့ဩသည့်မျက်နှာလေးနှင့် တစ်ယောက်စီကိုကြည့်မိ၏။ သူမ ဘယ်လိုနေမိလို့ သူတို့ ဘာကိုရည်ရွယ်ပြီးပြောနေကြတာလဲ ..။

နောက်ထပ် မင်းရဲတို့ စားပွဲကို လှမ်းကြည့်လိုက်မိ၏။ မင်းရဲ ကို သူမ ကြည့်နေတာမှန်းသိသွားကြတာလား ..။



စု ရယ် .. ထက် ရယ် .. မြတ် ရယ် ..၊

ဒီသုံးယောက်ကို တော်လှသည်လို့တွေးမိတဲ့ ကိုယ်အနေအထိုင် မတတ်ခဲ့ခြင်းလို့သာ သတ်မှတ်၍ ..၊

"မဟုတ်ပါဘူး စုရယ် .. မီ က .."

"မဟုတ်ဘူးဆိုတာဘာလဲ .."

"မဟုတ်ဘူးဆိုတာ .."

ဖုံးဖိဖို့ကြိုးစားရင်း မျက်လုံးက ထိုစားပွဲဆီရောက်သွားပြန်သည်။ စု က တစ်ရှူးတစ်ရွက်လှမ်းဆွဲ၍ ပါးစပ်သုတ်လိုက်ရင်း ရယ်ကာ ..၊

"ပြော .. ပြော .. အဲ့ဒီစားပွဲက ဘယ်သူ့ကိုလဲ .."

"သြော် .. စုရယ် တစ်ယောက် ဂျပိန်၊ တစ်ယောက်က လောရှည်၊ မပိန်မရှည် မနိမ့်မမြင့် ဖြူဖြူဝင်းဝင်းနဲ့က တစ်ယောက်ပဲရှိတာ .."

မြတ် က ကြားဖြတ်ထောက်ပြသည်။ ပြီးတော့ မီ ကို မေးဆတ်၍ ..၊

"ဟုတ်တယ်မို့လား .. ရှပ်အင်္ကျီကြည်ပြာရောင်နဲ့ ကျောခိုင်းနေတဲ့ တစ်ယောက် .."

"အဲ့ .. ဟို .."

"ဟုတ်လား .. မဟုတ်လားပဲပြော .."

"ဟိုလေ .. ဘာမှမဟုတ်သေးပါဘူး၊ မီ ကျောင်းစတက်တဲ့နေ့ကမှ သိကြတာ .."

"ဘယ်လို .."

"မင်းရဲ နဲ့ သိတယ်ဟုတ်လား .."

"အခြေအနေက မဆိုးဘူးပဲ .."

အားတက်သရော ပြောလိုက်ပေမယ့် မီ့ မျက်နှာလေး ရှက်ကိုးရှက်ကန်းငုံ့သွားတော့ စု မျက်နှာရှုံ့မဲ့သွား၏။ မီ ပြန်မော့လာတော့ ရှာရှာသလဲ ပြုံးရယ်သွားလျက် ..၊

"ဘယ်လိုသိတာလဲ .. သိပုံလေးပြောပြလိုက် .."

"ငါတို့လည်း သိချင်လာပြီ၊ မင်းရဲ က မျက်နှာချိုတယ်၊ ဒါကြောင့်

www.burmeseclassic.com



သိပ်မဟုတ်ပါဘူးထင်ရပေမယ့် သူက အချောဆုံးလိုဖြစ်နေတာပေါ့၊ ကြိုက်ကြတဲ့ ကျောင်းသူတွေကလည်း များမှများပဲ …"

"ဒါပေမယ့် မို့ လို ဝတုတ်တုတ်လေးတော့ မပါဘူးပေါ့နော် …"

"မြတ်ရယ် … မီ က ဝတာမဟုတ်ပါဘူး၊ ဖိုင့်တဲ့ပုံလောက်ပဲရှိတာပါ …"

အပြောချိုချိုနဲ့ ပြောနေကြပေမယ့် မမြင်ကွယ်ရာကနေလက်တွေ့ ခါ နှာခေါင်းရှုံ့တဲ့သူက ရှုံ့နှင့် …။

"သူ့မျက်နှာလေးကိုကြည့်ပါလား … မျက်လုံးဝိုင်းဝိုင်း နှာတံပေါ်လေးနဲ့ နှုတ်ခမ်းလေးကလည်း ထူထူပြည့်ပြည့်စုစုထွေးထွေးလေးရယ်"

"အညွန့်ကောင်းလိုက်တာဟယ် … ငါတောင်ကြိုက်ချင်လာပြီ…"

"ငါတကယ်ပြောနေတာ၊ မီ က မျက်နှာလေးက အရမ်းချစ်ဖို့ကောင်းတာ၊ ကိုယ်လုံးကလည်း ပုံမှန်အောင်ဝတာမှမဟုတ်တာ …"

ပြောနေတာကို နားထောင်ရင်း မီ နည်းနည်းတော့ အားတက်သွားမိသည်။ အစတည်းက ကိုယ့်ကိုယ်ကိုယ် 'ငါကလှပြီးသား' လို့ အားတင်းရပ်တည်နေခဲ့ရတာဖြစ်သည်။

မိန်းကလေးချင်းကတောင် ဒီလိုပြောကယ်ဆိုတော့ သူမရဲ့ အနာဂတ်က သိပ်မဆိုးနိုင် …။

"မင်းရဲ့ ထက်ချောတဲ့ကောင်တွေကလည်း ကြိုက်နိုင်တာပဲ …"

မု ရဲ့ စကားကြောင့် ချမ်းတိုင်း ကို တွေးလိုက်မိ၏။ ဒါတွေလည်း ပြောပြဖို့ဆုံးဖြတ်မိကာ …၊

"သူက ရည်းစားများတယ်ဆို …"

မရဲတရဲမေးလိုက်မိ၏။ သူတို့မျက်လုံးချင်းဆုံသွားကြသည်။ ပြီးမှ စားနေဆဲလူက စားစရာကို လက်စသတ်၍ စားပြီးသည့်လူက ပြောဖို့ အသင့်ပြင်၍ …

"ဒီလောက်ချောနေမှတော့ ရည်းစားရှိမှာပေါ့ မီရယ်၊ များတာမများတာကလည်း တကယ်ချစ်နေကြတာလား ဒီလိုပဲ တွဲသွားတွဲလာ



တွေလား ဘယ်သူမှ သေချာမသိကြပါဘူး …"

ပြောပြရင်း မီ ကို တစ်ချက်အကဲခတ်ကာ …၊

"ရည်းစားများလည်း တက္ကသိုလ်မှာ ပုံရိပ်ထင်ရှားပေါ့ဟာ … ချစ်သူရှိတာ အိမ်ထောင်ရှိတာမှမဟုတ်တာ၊ တစ်ယောက်နဲ့တွဲနေတုန်း နောက်တစ်ယောက်ကိုလှမ်းချစ်သွားကာတွေမှ အများကြီး၊ ပြောပြစမ်းပါ ဘယ်လိုသိသွားကြတာလဲ …"

"သူနဲ့ ဝင်တိုက်မိတာ …"

"ဩော် … ဩော် … ဇာတ်လမ်းလေးပါလား …"

"ဟဲ့ … နင် တမင်တကာဝင်တိုက်ပစ်လိုက်တာတော့ မဟုတ်ဘူးမို့လား …"

"ဟင့်အင်း …"

"စုရယ် … နင်ပဲပြော နင်ပဲမေးခွန်းပြန်ထုတ်နဲ့ …"

"မဟုတ်ပါဘူး … သေချာသိရအောင်မေးတာပါ …"

စု က ပြောရင်း ပေါင်ကိုလိမ်ဆွဲပစ်လိုက်သဖြင့် ထက် မျက်နှာလေးမဲ့သွားကာ 'အ' ခနဲ အသံထွက်သွား၏။ မီ က လှမ်းကြည့်လိုက်မှ ပြုံးပြတော့ အီတီတီ …။

"ပြောလေ … ဆက်ပြော … ဟီး …"

မင်းရဲ နဲ့ တွေ့ဆုံခဲ့ပုံကိုပြောပြနေသော မီ မျက်နှာလေးဝင်းဝင်းပပရှိနေပေမယ့် မီ သောမှာရှိနေသော မြတ် ကတော့ လက်ကိုနောက်ပို့၍ မဲ့တာရော လက်ခါတာရောစုံနေလျက် …၊

"ရှူးပဲ …"

"ဟင်၊…"

မီ က လှည့်ကြည့်တော့မှ …၊

"အဲ … ဟိုမှာ ကြော်ငြာဘုတ်ကိုကြည့်နေတာ၊ လွှမ်းပိုင်ဆံပင်တွေ ဆောင်နေတာလေ … ဖလန်း … ဖလန်းပဲဆိုပြီး … တကယ် အရှုံးပဲ …"

စု တို့ကလည်း ရယ်ချင်ပက်ကျိမျက်နှာတွေနှင့် မြေကုန်လျက်…၊

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါဟယ် .. ဒီမှာ စကားပြောလို့ကောင်းနေတုန်း .."

"ဟုတ်ပါ့ .. သူ့မှာ လွှမ်းပိုင် ကိုကဲ့ရယ်နိုင်သေးတယ် .."

"မနေနိုင်တော့လို့ပါဟယ် .. မတော်မတရား .."

ဘယ်သူတွေ ဘယ်လိုအမိပ္ပာယ်တွေနဲ့ ပြောနေကြသည်မသိ။ မိ သူတို့လောက် လူရည်မလည်ပေ၊ ကဲန်တင်းကနေ ထွက်လာခဲ့ကြပြီး ကိုယ့်အတန်းကိုယ်ဝင်ကြမှ ..၊

"အဲဒီတစ်ယောက် ရူးသွားနိုင်တယ် .."

"ဟုတ်တယ်ဟ .. မင်းရဲ့ ကို နောက်ကျောကနေငေးတဲ့အားက တော်ရုံဗို့အားမဟုတ်ဘူးနော် .."

"သူတို့တွေ့တာလေးကလည်း သိပ်တော့မဆိုးဘူးကိုး .."

"ထက် ရယ် .. ဝင်တိုက်မိတိုင်းသာစိတ်ကူးယဉ်နေရင် ဒီတက္ကသိုလ်ဝင်းထဲမှာ စင်ဂယ်လ်ဆိုတာရှိမှာတောင်မဟုတ်တော့ဘူး၊ ဒီအဆင်နဲ့ ဒီအဆင်ဖြစ်နိုင်စရာလား စဉ်းစားကြည့်ပါဦး၊ သူ့ဟာသူ တစ်ဖက်သတ်ဖြစ်နေတာ .."

"ဟုတ်ပ .. တော်တော်ရည်းစားထားချင်နေတာ သိလား .."

ခေါင်းချင်းဆိုင်၍ ဟားတိုက်ရယ်မိကြသည်။

"အဲ့ဒီတစ်ယောက် ငါတို့နဲ့ လာဆုံဆည်းတာ ကံဆိုးတာပဲ .."

"ကံကောင်းတာပါဟာ .. ငါတို့က သူ့ကို စိုင်မကော်ဘဲ မြှေပစ်ကင်ပေးမယ့်လူတွေပါ .."

"ဘာမြှုလဲ .."

"ကင်ပွန်းခါးဆူးမြှ .."

"ဟား .. ဟား .. ဟား .."

"ခစ် .. ခစ် .. ခစ် .."

"အဲ့တစ်ယောက်တော့ သေပြီ .."

"အသေမလုပ်ပါဘူး မျော့မျော့တော့ကျန်မှာပါ .."

"ဟား .. ဟား .. ဟား .."



အတွေးနှင့်ပဲ ကျေနပ်အားရနေကြ၏။ မီ ဆိုတဲ့ ဖက်တီးမလေးကို သူမတို့ကပဲ သွားနှုတ်ဆက်ခဲ့ကြသည်။ သူတို့ကစပြီး ကိုယ့်နာမည်တွေပြောပြ၍ မိတ်ဆက်ခဲ့။

စာသင်နှစ်တွေ တစ်ဝက်ကျိုးမှ ပြောင်းလာတဲ့ နယ်ကကျောင်းသူလေး ..။

ပြောရမယ်ဆိုရင်တော့ တောသူဗွေးလောက်အဆင့်မျိုးထင်သည်။ လောလောဆယ်မြင်နေရတာက ကျောင်းဝင်းထဲကို လွယ်အိတ်လေး တစ်ဖက် လက်နဲ့ဖိဆုပ်၍ ခေါင်းလေးငုံ့ပြီး ခပ်သုတ်သုတ်လျှောက်ဝင်လာတတ်တာပင် ..။

ပြီးတော့ သူမကိုယ်မှာ ရွှေဆွဲကြိုးတွေ လက်ကောက်တွေထူခဲနေတာ ခြေကျင်းဝတ်မှာ ဖု(တ်)ချိန်းကြီးဝတ်ထားလိုက်သေးသည်း နည်းနည်းနောနော မဟုတ် ..။

ပါးကွက်ပိုင်းနှစ်ဖက်ကွက်ပြီး ဆံပင်နှစ်ဖက်သာ ခွဲချည်လိုက်လျှင် နားပန်းဆံကလို့ရနေပြီဖြစ်၏။ ဝတ်စားထားတော့ အင်္ကျီပွပွမှာ အပေါ်ထပ်ဖားဖားနှင့် ..။

အရပ်က သိပ်မထွက်ရတဲ့အထဲ ဆံပင်က အမြီတမ်းဖြန့်လျှက်သား..။

ဒီပုံစံမျိုးနဲ့ သူမက တက္ကသိုလ်က ကင်းဆိုတဲ့ယောကျ်ားလေးကို စိတ်ကူးယဉ်နေတော့ ရယ်စရာ ..။

"ဟော .. ဟော .. ဟိုမှာ စွဲ .."

"အေးဟ .. ငါတို့ဆီကိုလာနေတာထင်တယ် .. အတော်ပဲ .."

ရာသီဥတုကိုယ့်ဘက်ပါနေပါလားလို့ တွေးလိုက်ကြရင်း သုံးယောက်သား ပြုံးလိုက်မိကြ၏။

"စုထက်မြတ် တို့ ဒါ ဘယ်ကိုလဲ .."

"တစ်လုံးစီ ခေါ်စမ်းပါ စွဲ ရယ် .. စုထက်မြတ် က တစ်ယောက်စီပါ .."

"ဘာဖြစ်လဲ .. တစ်ခါတည်းသုံးယောက်စလုံးကိုခေါ်ပြီးသားဖြစ်တော့ မကောင်းဘူးလား .."

www.burmeseclassic.com

www.burmeseclassic.com



စွဲ က ပန်းရင့်ရောင်ခါးရှည်လက်ရှည်နှင့် စကတ်ရှည်လေးဝတ်ထားကာ နားရွက်အုပ်ဆံပင်လေးအုပ်အုပ်နှင့် ဖြစ်သည်။ စွဲ ဆိုတဲ့အမည်အတိုင်း မြင်လိုက်တာနှင့် စွဲလမ်းငေးငိုင်ကျန်ရစ်အောင်လှ၏။

သူမရဲ့ ထူးခြားချက်က စိုအိပြောင်လွှဲနေသော နှုတ်ခမ်းနီကို အမြဲဆိုးထားတတ်ခြင်းပင် ..။ ထို့ကြောင့် သူမရဲ့ အပြုံးအရယ်အတိုင်းကအသက်ဝင်နေကာ မာယာဆင်တတ်သည့်နှုတ်ခမ်းမျိုးဆိုရင်လည်း မမှား ..။

"နင်ကတော့ ကြည့်လိုက်ရင် အမြဲလှနေတာပဲနော် .."

"အင်း .. တစ်ခါတလေမှာ အလှအပနဲ့ မသက်ဆိုင်သော အချစ်တွေဖြစ်လာတတ်၏ .. တဲ့ .."

စွဲ က ပခုံးလေးတွန့်ရယ်ကာ ..၊

"ဘယ်သူပြောတာလဲ .."

"ငါ .."

"ငါ .."

စု နဲ့ ထက် က ပြိုင်တူပြောကာ ပြီးတော့ ပြိုင်တူရယ်ကြ၏။ ပြီးတော့မှ အားလုံးပူးပေါင်းလျှောက်လာကြရင်း မို့ အကြောင်းကိုပြောဖြစ်ကြ၏။

"အောင်မလေး ရင်တုန်စရာကိစ္စကြီးပေါ့နော် .. ဟွန်း .."

"အဲ့ဒါ .. အဲ့ဒါ .. ရန်သူကိုအထင်သေးနေတာ ဒီမိန်းမ .. ယောကျ်ားလေးတွေ မိန်းကလေးတွေအပေါ် စွဲလမ်းရခြင်းအကြောင်းတွေ ဘယ်လောက်များသလဲ ဘာတွေလဲဆိုတာသာသိရင် ဒီလိုရယ်နိုင်မှာမဟုတ်ဘူး .."

ထက် ရဲ့ စကားကြောင့် အားလုံးရဲ့အကြည့်တွေ သူမဆီ ရောက်လာကြသည်။

"နင်ကတော့ သိတယ်ပေါ့ .."

"ဒီလိုပညာတွေပြည့်ဝနေတာ လေးစားစရာပဲ .."

"ဟဲ .. ဟဲ .."



ထက် က ဝိုင်းရွဲ့နေကြ ဟာကို တမင်ရွဲ့ပြီး ဂုဏ်ယူပြနေလျက် ..၊

"ရှာကြံလေ့လာထားတာတော့ မဟုတ်ပါဘူး၊ ငါ့မှာ အစ်မတွေနှစ်ယောက်တောင်ရှိတော့လေ .. အဲဒီ အစ်မတွေကလည်း အိမ်ထောင်သည်တွေဆိုတော့ .. အဟမ်း .."

"ဒါဆိုလည်း ပြောစမ်းပါ .. မိန်းကလေးတွေကို စွဲလမ်းစေတဲ့အကြောင်းတွေက ဘာတွေလဲ .."

"အများကြီးပါဆိုမှ နှင်တို့ကလည်း အဓိကသိထားသင့်တာကချောတာလှတာတစ်ခုတည်းနဲ့တော့ ကိုယ့်ချစ်သူကို ချုပ်ကိုင်လွှမ်းမိုးထားနိုင်ဖို့မလွယ်ဘူးဆိုတာပဲ .."

"ဒါက အိမ်ထောင်သည်တွေအပိုင်းပါ ထက် ရယ်၊ ရည်းစားထားတာကြတယ်ဆိုတာ အပေါ်ယံအလှအပမှာဖြစ်တဲ့ သာယာမှုတွေပါ .."

"အေးပါ .. ဘာပဲဖြစ်လာလာ ပေါ့ပေါ့ပါးပါးထားနိုင်ရင်ကောင်းပါတယ်၊ ဒီနေ့ ငါတို့သေချာတွေ့လိုက်တာကတော့ မီ က ငေးတယ်၊ မင်းရဲ ကလည်း လှည့်ကြည့်တယ်၊ ဆက်ရှိမယ့်အခြေအနေကတော့ .."

"ကဲ .. တော်ပါတော့ဟာ စွဲ ကိုလည်းကြည့်ဦး၊ မို့ လို ပေါင်နှစ်ရာကို ခေါင်းထဲထည့်နေစရာလား .."

"အဲဒါ နည်းနည်းတော့ လွန်သွားပြီ၊ မီ က ပေါင်နှစ်ဖြစ်ဖို့တော့ မနီးသေးပါဘူး .."

"နေပါဦး .. နင်က မို့ ဘက်ကလား .. ငါတို့ဘက်ကလား .."

"မှန်တဲ့ဘက်က .."

"အံမယ် .."

"အဟီး .. လူရှိန်အောင်ပြောကြည့်တာ .."

ထက် က စပ်ဖြဲဖြဲလေးဖြစ်သွားပြီး ကော်လံမရှိဘဲ "သ" ပြနေ၏။ မြတ် က ရယ်နေရင်းခေါင်းညိတ်၍ ...

"အင်း . ဟုတ်တော့ ဟုတ်တယ်၊ အဲ့တစ်ယောက်က ချစ်ဖို့ကောင်းတယ်ဟ .."

www.burmeseclassic.com

www.burmeseclassic.com



စွဲ က မြတ် ရဲ့ ပခုံးကိုစာအုပ်နဲ့ရိုက်ပစ်လိုက်ကာ …၊

"တော်ပါပြီ … နင်တို့ဟာက မုန့်လုံးစက္ကူကပ်ဖြစ်နေပြီ …"

"ဟုတ်ပြီ စက္ကူမကပ်တော့ဘူး … တခြားဟာပြောမယ် … နင်အခု ဘယ်ကိုလဲ …"

"ကိုရဲ နဲ့ သွားတွေ့မလို့ …"

"ဟွန်း … ငါတို့က အဲဒီကိုဦးတည်ချီတက်နေတာပါ စွဲ ရယ်၊ နင့်ကို မင်းရဲ နဲ့တွေ့ရင် အဲ့တစ်ယောက်အကြောင်း …"

"လုံးဝမမေးဘူး …"

"ဟင် …"

ရ ဘာမှမပြောရသေးဘဲ ဟင်ခနဲဖြစ်သွား၏။ စွဲ က ရယ်နေကာ နားဆွဲလေး လွှဲရမ်းသွားအောင်ခေါင်းမော့ခါပစ်လိုက်၏။ ပြီးတော့မှ…

"ငါ့အတွက် အရေးမပါတာတွေ … ဘာလုပ်ဖို့လဲ …"

သူတို့ကလည်း အရေးပါလို့ပြောနေကြတာမဟုတ်ပါ။ စွဲ နဲ့ ပူးပေါင်းပြီး မို့ ကို နေရာမှန်သိသွားအောင် အရောက်ပို့ပေးလိုက်ချင်တာဖြစ်သည်။

စွဲ နဲ့ သူမတို့ တွဲဖူးခဲ့သည့် သူငယ်ချင်းဟောင်းတွေဆိုတာ မို မသိခဲ့သည့်အတွက် ကောင်းကောင်းနှိပ်စက်ကြဖို့ တာစူနေခဲ့ကြသည်။

စွဲ နဲ့ တွေ့မှပဲ သူတို့ကပြန်ပြီး တောင်းပန်ရတော့မည့်အဖြစ်မျိုးနှင့် …။

ဒီပွဲမှာ ကြောက်ရလန့်ရမှန်းမသိသည့်လူနှင့် ဘာကိုမှ ဂရုမစိုက်သည့်လူ …။

သူမတို့သုံးယောက်ကတော့ ဘာတွေပါလိမ့် …၊



အခန်း (၅)

"သမီး ဘာတွေလုပ်နေမှန်းကို မေမေ မသိတော့ဘူး … တကယ်"

"ဘာတွေလုပ်လို့လဲ မေမေရယ် … မို့ ဘာသာလမ်းလျှောက်သွားချင်လို့ပါဆိုတာ …"

"ဘာတွေလုပ်လို့လဲ မေမေရယ် … မို့ ဘာသာ လမ်းလျှောက်သွားချင်လို့ပါဆိုတာ …"

"လမ်းလျှောက်ချင်နေတဲ့အကြောင်းကိုပဲ နားမလည်နိုင်တာပေါ့၊ အိမ်ကနေ ကျောင်းထိ …"

"သိပ်မှမဝေးတာ …"

"လာပြန်ပြီ … မဝေးတဲ့အကြောင်း …"

"မေမေကလည်း ဒါပဲထပ်ပြောတာကိုး …"

မို က ခေါင်းလည်းကုတ်သည်။ နှုတ်ခမ်းလေးကိုလည်း ထော်လန်နေအောင်စူထားကာ ဟမ်ဘာဂါထည့်လာသည့် ပန်းကန်လေးကို ရင်ခွင်ထဲမှာထည့်ထားပြီးထိုင်၏။

"မိဘက စကားပြောနေရင် မုန့်စားနေတာ တစ်ခုခုလုပ်ပြီးတခြားအာရုံစိုက်နေတာတွေမလုပ်ရဘူး" ဆိုတဲ့ ဆုံးမစကားကိုတော့ နားခံရှုမ်းသိကာ နှုတ်ခမ်းစူမထားရဆိုတာကိုတော့ သတိမှုမဲ့ပေါ့ …။

www.burmeseclassic.com



"သမီးနော် .. ဒီကိစ္စ ညည်းအဖေနဲ့ အဘိုးသိသွားရင် ညည်းမလွယ်ဘူးသိလား .."

"ဘာမှမဟုတ်တာလေးကို မေမေက အကြီးကြီးဆွဲနေတာ .."

"အဲ့ဒါထက်ကြီးတာတောင် အဲ့လောက်မကြောက်နိုင်ဘူး သမီး၊ ရန်ကုန်မြို့ကြီးကို သမီး ရင်းနှီးခဲ့တာမဟုတ်ဘူး၊ ကားမောင်းသင်မပေးဘူးဆိုတာလည်း ကိုယ်မသိတဲ့မြို့မှာ ကားကိုမကျွမ်းမကျင်နဲ့မောင်းဖို့ ဘယ်လိုမှ စိတ်မချနိုင်လို့ .."

"ရန်ကုန်နဲ့ မန္တလေးက ဘာမှမကွာပါဘူး မေမေရယ်၊ ရန်ကုန်မှာ ကားတွေများသလောက် မန္တလေးမှာလည်း ကားတွေဆိုင်ကယ်လ်တွေ ကျပ်နေတာပဲ၊ မီ ဖြင့် ဘာမှကိုကွာခြားတယ်မထင်ဘူး ."

"ဟုတ်တယ် မြို့ကြီးပြပြီးဆိုတာ ဒါတွေပဲ မကွာခြားဘူး၊ ဒါပေမယ့် သမီး ရန်ကုန်ရောက်လာမှ ကားမောင်းသင်နေတာတော့ မန္တလေးက မီ နဲ့ လုံးဝကွာခြားနေပြီ .. အဲ့ဒါ ဝန်ခံသလား .."

ဒေါ်ခင်မီကို က မီ့ ရှေ့က ဆိုဖာမှာဝင်ထိုင်လိုက်ပြီး အပိုင်မေး၏။ မီ က ကြည့်နေပြီး ခေါင်းခါပြကာ ..၊

"မကွာခြားပါဘူး မေမေကလည်း၊ မန္တလေးမှာ ဆိုင်ကယ်လ်စီးတတ်ရင် ပြီးတယ်၊ ရန်ကုန်မှာ ဆိုင်ကယ်လ်စီးလို့မရဘူး၊ မီ ကိုယ့်ကားကို မောင်းချင်တာ အပြစ်ရှိလို့လား .."

"သမီးရယ် .."

ဒေါ်ခင်မီကို ခေါင်းခါလိုက်မိကာ ..၊

"သမီးအတွက် ထားပေးထားတာ ကားတစ်စီးနှစ်စီးတည်း မဟုတ်ပါဘူး၊ ဘယ်အချိန်ဖြစ်ဖြစ် ဘယ်ကားနဲ့သွားချင်ချင် ဒရိုင်ဘာလည်း အဆင်သင့်ပဲ .."

"မေမေကလည်း မီ ကိုယ်တိုင် မောင်းချင်လို့သင်ချင်တာပါဆိုမှ.."

"အေး .. မေမေ အခုပြောနေရတဲ့ လိုရင်းက အဲဒါပဲ၊ ကားမောင်းမသင်ပေးဘူးဆိုပြီး သမီးက ခြေကျင်ကျောင်းတက်တဲ့နည်းနဲ့ မေမေ



တို့ကို ရွဲ့နေတာ .."

"ဟာ .. မဟုတ်ဘူး မေမေ .. မီ အဲလိုရွဲ့တတ်တဲ့အကျင့်မရှိဘူးနော်၊ မီ့ ကို ငရဲကြီးအောင်မပြောနဲ့ .."

ဒေါ်ခင်မီကို မီ့ စိတ်ကိုသိပြီးသားပါ။ ဒါပေမယ့် ဒီလိုလုပ်တာ ဒီပုံစံပေါက်သွားတယ်ဆိုတာလောက် သိမှဖြစ်မှာမို့ ..။

"မသိဘူး မေမေကတော့ သမီးအဖေကို ဒီတိုင်းပြောလိုက်တော့မယ်လို့ ဆုံးဖြတ်ထားတာ .."

"ဖေကြီး စိတ်ညစ်သွားမှာပေါ့ မေမေနော် .. မီ နဲ့ ဖေကြီးကြားမှာ အမုန်းချောင်းနဲ့ စည်းခြားမယ့်စကားတွေမပြောနဲ့ .."

မအေကို သတိပေးနေပုံက ကလေးပေါက်စလေးလို ကောက်ချိုတ်ချိုတ်နှင့် ..၊

"မတိုင်စေချင်ရင် သမီး ဒီနေ့ကစပြီး အိမ်ကကားနဲ့ ကျောင်းတက်ရမယ် .."

မီ့ မျက်နှာလေးမဲ့သွားကာ ရင်ခွင်ထဲထည့်ကိုင်ထားသည့် ဟမ်ဘာဂါ ပန်းကန်ကိုပါ စားပွဲပေါ်လှမ်းတင်လိုက်ရင်း ..၊

"မေမေ့ကို မီ ပြောပြမယ် .."

"ခြေလျင်ကျောင်းတက်မယ့်ကိစ္စ မပြောနဲ့ .."

"အဲဒါ မျက်စိအမြင် နားအမြင် ကျယ်ပြန့်တယ်၊ ကျန်းမာရေးအတွက် ကောင်းတယ်၊ ပြီးတော့ .. အင်း .."

"ဆက်ပြောစမ်းပါဦး .. ဘာတွေရှိသေးသလဲ .."

"မီ ချမ်းသာတာကို မက်မောပြီး ခင်ချင်တဲ့ သူငယ်ချင်းတွေ မီ မလိုချင်ပါဘူး .."

"ဒါ မဟုတ်သေးဘူး သမီး၊ လူလူချင်း အဆင့်အတန်းကွဲကွာခြားသွားတာ ဒါတွေကြောင့်ပဲ၊ သမီး ဒီလိုသွားလာနေရင် ဒီလိုနေရတဲ့ အဆင့်အတန်းပတ်ဝန်းကျင်ပဲ ထိတွေ့ရမှာပေါ့ .."

"ဒါကတော့ မေမေရယ် .. သူတို့တွေလည်း .."

www.burmeseclassic.com

www.burmeseclassic.com



"တွေဘူး သမီး … ပတ်ဝန်းကျင်ဆိုတာ လေထုပဲ၊ ရေကိုဆန်ပြီး ရှုတ်တိုက်မယ့်လှေရှိပေမယ့် ဘယ်အမှိုက်သရိုက်မှ လေကိုဆန်ပြီး မလွင့်ဘူး။ ပတ်ဝန်းကျင်တစ်ခုမှာ ဖြစ်တည်နေတဲ့ အဆင့်အတန်းတစ်မျိုးဟာ ခဲ့ထွက်ပေါက်ရောက်သွားတာရှိကောင်းရှိလိမ့်မယ်၊ ဒါပေမယ့် ရှိလာလော မေမေ စိတ်မဝင်စားဘူး …"

ဒေါ်ခင်မီကို က ထိုင်ရာကနေ ခပ်ဖြည်းဖြည်းထရပ်လိုက်ပြီး ခြေလှမ်းမှန်မှန်လျှောက်ထွက်သွားကာ …၊

"မေမေ သမီးကိုလည်း အမှိုက်တစ်စလိုလွင့်ပြီး အဲ့ဒီပတ်ဝန်းကျင်ထဲကျရောက်သွားမှာမျိုး အဖြစ်မခံနိုင်ဘူး၊ ဒါကြောင့် သမီး ကိုယ့်အဆင့်အတန်းနဲ့ကိုယ်နေရမယ်၊ မေမေ ရန်ကုန်ကို အားချင်းရောက်လာခဲ့တာ သမီး ကားမစီးဘဲ ကျောင်းသွားနေတဲ့ကိစ္စကြောင့်ပဲ …"

"ဖေကြီးပါ သိသွားတာလား မေမေ …"

"မသိဘူးလေ … မေမေက မန္တလေးကိုမှ ပြန်မရောက်သေးဘဲ၊ ဒါပေမယ့် ခုပြန်ရင်တော့ …"

"မီ ကားနဲ့သွားပါ့မယ်၊ ဖေကြီးကို မတိုင်ပါနဲ့ …"

ဒေါ်ခင်မီကို ကျေနပ်သွားသည်။ သူမလေး ကျောင်းစတက်သည့်နေ့မှာပဲ သူမလည်းမန္တလေးကိုပြန်ခဲ့တာဖြစ်သည်။ ဒါပေမယ့် အလုပ်ကိစ္စပေါ်လာတာကြောင့် ပြည်ကိုဝင်လိုက်ရသဖြင့် ဒေါ်လေးလေးနှယ်စုန်းဆက်တော့ ချက်ချင်း ပြန်လှည့်လာခဲ့တာဖြစ်၏။

တမင်တကာ ကျောင်းနားနီးနီးမှာ နေစေခဲ့တာ ခြေလျင်သွားစေချင်လို့မဟုတ်မှမဟုတ်ဘဲ …။

"မေမေကလည်း မီ က ကိုယ့်ဘာသာ လမ်းလျှောက်သွားရတာကိုကြိုက်လို့ဥစ္စာ …"

လိမ္မာတော့မလို့နှင့် မီ က စကားအထွန့်လေးတက်လိုက်သေးသည်။

"ဘယ်သွားသွား ကားကြီးနဲ့ စိတ်ပျက်စရာကြီး …"

"ဩော် … ဩော် …"



"လမ်းသွားရင်းနဲ့ ကိုယ်စားချင်တာတွေ့ရ… ဝယ်စားလို့ရတယ် ပိုက်ဆံတောင်းနေကြတာတွေ့ရင်လည်း လှူသွားလို့ရတယ်၊ ပြင်ပဗဟုသုတတွေလည်း အများကြီးရတယ် …"

"ဟုတ်ကဲ့ပါဆိုပြီး အခု ဘာဖြစ်ချင်ရပြန်ပြီလဲ … သမီး …"

"ပြောပြတာပါ … မီ ရွဲ့ခဲ့တာမဟုတ်ဘူးဆိုတာ မေမေသိအောင် …"

"သိပြီ … အဲဒါမပြောနဲ့တော့ …"

"ဟုတ် …"

ဟုတ်ဆိုပြီး နှုတ်ခမ်းက စူလျက်သားနှင့် …၊

"အခု မီ မုန့်စားလို့ရပြီလား …"

"နေဦး …"

လက်လေးထွက်လာပြီးမှ ပြန်သိမ်းလိုက်တာကို ဒေါ်ခင်မီကို

နေ၏။ ပြီးမှ …၊

"သမီးကို သမယ နဲ့ ကျောင်းအတူသွားလို့ရအောင် မေမေ မိဘတွေက ဒီမြို့ထိနေရေးထိုင်ရေးတွေကို ဂရုစိုက်စီစဉ်ပေးခဲ့ကြ အခု တစ်ယောက်တခြားစီသွားနေကြတာက သမီး ခြေလျင်သွား ကိစ္စကြောင့် ဟုတ်သလား …"

မဟုတ်ဘူးလို့ဖြေလိုက်လျှင် သမယ ဆူခံထိတော့မှာကို မီ သည်။ ကျောင်းကို အချိန်မရွေး ထပြေးရဖို့ရှိနေသော သမယ အနေက ကိုယ့်ကိုလာစောင့်ပြီး အချိန်မှန်အတူသွားလာဖို့ ဘယ်လို မဖြစ်နိုင်ပေ …။

ဒါကို မီ ရန်ကုန်ပြောင်းလာခဲ့သည့်နေ့မှာပဲ သမယ ရဲ့ ညည်း သံကြောင့်သိခဲ့ရတာဖြစ်၏။ သူမကိုယ်တိုင်လည်း သမယ ကို မပေးချင်သည်မို့ …၊

"ပြောလေ သမီး …"

"အဲ့လိုကြီးတော့ မဟုတ်ပါဘူး … ဒါပေမယ့် မီ ကလည်း …"

"မေမေသိပြီ … အစတည်းက သားက သမီးကိုအမြဲတမ်းအလျှော

www.burmeseclassic.com



ပေးလာခဲ့တာ ဆန်းတော့မဆန်းပါဘူး၊ ဒါပေမယ့် အခု သမီးတို့က မှုလတန်းကျောင်းသူကျောင်းသားတွေမဟုတ်တော့ဘူးနော်၊ သမယ ကို ညည်း ထိန်းနိုင်လိုထင်သလိုပြော ထင်သလိုဆိုတာတွေမလုပ်ရဘူး ..."

"မလုပ်ပါဘူး .."

"မလုပ်ဘူးလို့ ကတိပေးထားရင် ကိုယ်ပြောတဲ့စကားကို တာဝန်ယူနိုင်ရမယ်၊ သားဆီက တိုင်သံကြားရရင်တော့ မေမေ ခွင့်မလွှတ်ဘူး.."

"ဟာ .. ဒါတော့ မေမေ နည်းနည်းလွန်ပြီ .."

"ဘာ ..."

"တစ်ခါတလေ .. သမယ က ချွန်တွန်းတာတွေရှိတတ်တာ သူ တမင်ချွန်လိုက်ရင် မီ ခေါင်းကြိမ်းမှာပေါ့ .."

"သမီးကတော့ တစ်ခါတလေမှ မချွန်တွန်းခဲ့ဘူးလား .."

"မချွန်ပါဘူး .. သမယ ကိုသာ တိုင်ပြောကြေးဆိုရင် သူ့အရှုပ်တွေကို ချွန်တွန်းစရာတောင်မလိုဘူး၊ ကာလစ်တစ်ချက်ထောက်လိုက်တာနဲ့ အော်တိုထွက်လာမှာ .."

"ဘယ်လို ..."

စိတ်တိုလာလို့ လွှတ်ခနဲပြောချလိုက်တာ ဒေါ်ခင်မီကို မျက်နှာပျက်သွား၏။ မီ လည်း စကားကုန်ပြောလိုက်ပြီးမှ သတိရသွားသည်။ သို့သော် ..၊

"သားက ဘာတွေလုပ်နေလို့လဲ .."

"ဟင် ..."

"ရည်းစားတွေထားနေတာလား .. ဟုတ်လား .."

"မဟုတ်ဘူးလေ .. ယောကျ်ားလေးတွေဆိုတာ စမိလိုက်ရင် ဟို.. ဘယ်လိုပြောရမလဲ .. အဲ .."

"သမီး .."

"ရှင် .."

"သမီးရဲ့ အန်တီလေးကလည်း သမယ ကို စောင့်ကြည့်ဖို့ သမီးကို



ယုံကြည်စိတ်ချစွာ အပ်ထားတာနော် .."

"မေ့မေရယ် .. သမယ က လွယ်အိတ်ထဲကောက်ထည့်ထားလို့ရတဲ့ ဖားတစ်ကောင်မှ မဟုတ်တာ၊ ပြီးတော့ ဒါ သူ့မြို့ သူ့ကျောင်း မီ က ခုမှ .."

"ခုမှ ရောက်ရောက် .. ဘယ်တုန်းကတည်းက ရောက်ရောက် လူကြီးတွေပြောတာကို ဂရုစိုက်နားထောင်မှပေါ့၊ ဟိုတုန်းက ဘယ်လိုနေနေ ဟိုတုန်းက ကလေးအရွယ်၊ အခု ကလေးလိုနေလို့မရတော့ဘူး၊ သူနေတာထိုင်တာ တည်ငြိမ်မှုမရှိဘူးဆိုရင် အန်တီလေးကို သမီး ပြောပြရမှာ"

"မေမေကလည်း အဲဒါကျတော့ သူငယ်ချင်းချင်း သစ္စာမဲ့ရာကျ.."

"ဘာ ..."

"မဟုတ်ဘူးလေ .. မီ ပြောတာက .. ဟို .. ဟုတ်တယ်လေ မေမေရဲ့၊ မီ တောင်မှ လွတ်လပ်မှုကိုကြိုက်တာ .. သမယ လည်း .."

"သမယ က ကြိုက်လို့မရဘူး၊ ယောကျ်ားလေးတွေ ခြေလှမ်းပျက်လာရင် ငါယောကျ်ားပဲဆိုတဲ့ မာနနဲ့ နောက်ပြန်ဆုတ်ချင်ကြတာ မဟုတ်ဘူး၊ ဒါကြောင့် လေး က စိတ်ပူနေတာ၊ ပြီးတော့ သားလေးတာ မင်းသားလေးလိုပဲ .. ဒီလို ရုပ်ရည်အရပ်အမောင်းမျိုးကို .. အို .. မဖြစ်သေးပါဘူး .."

"ဟင် .. ဘာမဖြစ်တာလဲဟင် မေမေ .."

ဒေါ်ခင်မီကို စိတ်မရှည်သည့်မျက်နှာနှင့် လှည့်ကြည့်လာ၏။

"ဘာဖြစ်ရမလဲ .. သမီးနဲ့သား မောင်နှမစိတ်ဓာတ်မရှိဘဲ တစ်ယောက်နဲ့တစ်ယောက် နေသာသလိုနေနေကြတာ .."

"မောင်နှမအရင်းတွေဆိုရင်တောင် ယောကျ်ားလေးနဲ့ မိန်းကလေးပဲ မေမေရယ်၊ ကိုယ့်သူငယ်ချင်းနဲ့ကိုယ် နေကြမှာပဲပေါ့ .."

"မဟုတ်သေးပါဘူး .. မေမေပြောတာက .."

ဒေါ်ခင်မီကို ဘာတွေစိတ်ပူသွားမိမှန်းမသိဘဲ တယ်လီဖုန်းဆီ တန်းရောက်သွား၏။ မီ နှုတ်ခမ်းလေးတွန့်သွားအောင်မှ ကာ စားပွဲမျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ဖြင်ထက်က မှန်ချပ်မှာ ကိုယ့်မျက်နှာကို ပြူးပြဲငုံ့ကြည့်လေသည်။

နဂိုကောက်ကြစ်သည့် ဆံပင်ရှည်တွေက ဘယ်လိုကိုရိယာနဲ့မှ ဆွဲဖြောင့်လို့မရခဲ့သဖြင့် ခါးထိရှည်နေတာတောင် ခပ်တွန့်တွန့်လှိုင်းတွေ ရှိနေခဲ့၏။

မျက်နှာကိုအလှချစ်ခြင်းရအောင် ထပ်ငုံ့ကြည့်လေ ဆံပင်ရှည်နှစ်ဖက်နဲ့ မျက်နှာက အိမ်ခေါင်ကနေ ဖောက်ထိုးဆင်းလာသည့် သရဲမနဲ့တူနေလေ ..။

"ဟီး .."

သွားဖြီးပြလိုက်တော့ မှန်ထဲကလည်း သွားဖြီးပြ၏။

"ဝူး .. ငိုး .."

ကိုယ့်မျက်နှာကို အမျိုးမျိုးပြူးပြဲလုပ်ကြည့်ပြီး ဒေါသကိုမွှေးမြူနေစဉ် ..၊

"ဒါက ဘယ်လိုဖြစ်နေတာလဲ .. စားပွဲပေါ်လက်နှစ်ဖက်ထောက်ပြီးတော့ .."

"အဟွန်း .."

ဘေးမှာ မေမေက လာရပ်မှ ကိုယ်ကိုပြန်မတ်၍ ဆိုဖာမှာနေရာတကျထိုင်လိုက်ရင်း ..၊

"မေမေတို့က သမယ ကိုပဲ ရည်းစားထားမှာစိုး၊ သမယ ကိုပဲ မီ က ပြန်စောင့်ကြည့်ရမယ်ဆိုတော့ ပြောင်းပြန်ကြီးဖြစ်နေလို့လေ .."

မီ ပြောနေပုံက ဝမ်းနည်းပက်လက်ပါလား ..၊

ဒေါ်ခင်မီကိုက တအံ့တသြကြည့်နေသည်။

"ပြီးတော့ သဂယ မင်းသားလေးလိုပဲတဲ့၊ မီ ဆိုရင် ဘယ်အခန်းကဏ္ဍကမှမပါဘူး .."

"အဲဒါ သမီးကို မေမေတို့က ယုံကြည်လို့လေ၊ သမီးက မိန်းကလေး ပီပီသသနေတတ်လို့ပေါ့ .."

"မီ တော့ .. အဲ့လိုမထင်ပါဘူး .."



ခေါင်းလေးဆတ်ခနဲခါ၍ ဘေးကရှို့ကေ့စ်မှာပေါ်သည့် ပုံရိပ်ကို လှမ်းကြည့်ပြန်၏။ ပြီးမှ ..၊

"ဖက်တီးဖြစ်ဖြစ် မီးယပ်ပိန်မီးယပ်ခြောက်လေးဖြစ်ဖြစ် မိန်းကလေးက မိန်းကလေးပဲ၊ စိတ်ပူစရာမလိုဘူးဆိုတာ မဟုတ်ဘူး၊ သမီးက ပုံဆိုးပန်းဆိုးဖြစ်နေတာလည်း မဟုတ်ဘူး၊ သွားလာနေထိုင်တာ ဂရုစိုက်ရမှာပဲ၊ အဓိကက လုံးဝရည်းစားမထားရဘူး .."

ကိုယ့်အလှည့်က ခုမှ ..၊

ပြောရမယ်ဆို ရည်းစားမထားဖို့ သတိပေးခံရတာတောင် ဝုဏ်ယူရဦးမည့်အဖြစ်ပါလား ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"ကဲပါ .. ဟိုမှာပဲထိုင်ရအောင်ပါ မီ ရယ်၊ နင် ဒီဆိုင်မှာထိုင်ပြီး ဘယ်သူ့ကိုလာလာကြည့်နေတယ်ဆိုတာ ငါတို့သိနေကာမှ .."

"အဲ့လိုကြီးတော့ မဟုတ်ပါဘူး မြတ် ရယ်၊ မီ ကျောင်းရောက်ကာစမှာ ပထမဆုံးခင်ခဲ့တဲ့ လူမို့လို့ .."

"သူက ခင်တယ်တဲ့လား .."

မင်းရဲ တို့ ထိုင်နေတဲ့ဝိုင်းကို လှမ်းကြည့်ပြီး မီ မျက်နှာလေးငယ်သွားသည်။ လှောင်ရိပ်သမ်းနေသည့် မြတ်ရဲ့ မျက်ဝန်းတွေကို သတိမထားမိဘဲ ခေါင်းခါပြကာ ..၊

"မဟုတ်ပါဘူး .. မီ က ခင်သွားတာပါ၊ သူ့ကို မီ ကပဲ ထပ်တွေ့နေပြီး သူက မမြင်ဘူးလေ၊ အဲဒါ မီ့ ကို မြင်ရင် သူခေါ်မှာလားလို့ သိချင်လို့ .."

"မီ ရယ် .. မခေါ်တော့လည်း ကိုယ်ခေါ်ချင်ခေါ်လိုက်ပေါ့၊ သူ့လို လူကိုစပြီး မိတ်ဆက်လို့ မီ သိက္ခာမကျပါဘူး၊ မင်းရဲ က တစ်ကျောင်းလုံးမှာ နံပါတ်နှစ် ဟော့(တ်)အဖြစ်ဆုံး .."

ဒါဆို နံပါတ်တစ် .. နံပါတ်သုံးတွေရှိနေသေးတာလား ..၊

ဖျတ်ခနဲ တွေးမိပေမယ့် စကားထဲလည်း ထည့်မပြောဖြစ်ပါ။ ကန်



တင်းက သူတို့ထိုင်နေကျဆိုင်ကို မကူးတော့ဘဲ မင်းရဲ တို့ရှိတဲ့ဆိုင်ထဲကိုပဲ ဝင်ခဲ့ကြသည်။

ပြီးတော့ သူတို့အုပ်စုရှိနေသည့် စားပွဲကိုပဲ တန်းတန်းမတ်မတ် လျှောက်သွားခဲ့ပြီး ..၊

"ဒီမှာ နှစ်ဝိုင်းဆက်ပြီး ထိုင်လို့ရမလား မသိဘူး .."

"စု တို့ပါလား .."

ယောကျ်ားလေးတွေက မော့ကြည့်ပြီး စု တို့ကို ဖော်ရွေစွာရယ်ပြကြသည်။ မီ့ ကိုတော့ တစ်မျိုးဖြစ်သောမျက်လုံးတွေနဲ့ နောက်တစ်ဆင့်စေ့ကြည့်လာပြီးမှ ..၊

"အာ .. သူ့ကိုသိတယ် .."

"ဟုတ်တယ် .. ဒီကောင်နဲ့ အရင်ပတ်က တိုက်မိကြတာ .."

"တိုက်မိဖူးတယ်ဆိုသိပါပြီ .. ဘယ်အပတ်ဖြစ်ဖြစ် .."

မိုးတိမ် နဲ့ ဝါဆို တို့လားဆိတ်လားတွေဖြစ်သွားကြပြီး ..၊

"ရတယ် .. ရတယ် ရိုပြည်သွားတာပေါ့ .."

"ရှူး .."

ဝိတ်တာချာတိတ်လေးကို လှမ်းခေါ်ကာ စားပွဲနှစ်လုံးဆက်၍ ထိုင်ခုံတွေနေရာချစေလိုက်သည်။ ပြီးမှ ..၊

"အိုခေ ထိုင်လို့ရပြီ .."

အားလုံးထဲမှာ မင်းရဲ က နှုတ်ဆိတ်နေ၏။ သို့သော် စု တို့ ရောက်လာပြီဆိုတည်းက သူက မီ့ ကို ပြုံးပြနေခဲ့လျက် မီ ကလည်း ဝမ်းသာအားရဖြစ်နေသည့်မျက်နှာလေးနဲ့ နှစ်ယောက်တစ်ကမ္ဘာတည်းနေကြ၏။

"အဟမ်း .."

စု က ချောင်းဟန့်သံအကျယ်ကြီးလုပ်ပြီးမှ မင်းရဲ နဲ့ မျက်နှာချင်းဆိုင်မှာ မီ့ ကို နေရာပေးကာ ..၊

"ဒီမှာထိုင်ပါဦး .. ထိုင်ပြီးမှ ကြည့်လို့ရတယ် .."

"ဟင် .. ဘယ်လို .."

www.burmeseclassic.com

"ဪ .. စားချင်တာ မီနူး ကြည့်လို့ရတယ်လို့ပြောတာ .."

"ရှင်းရှင်းပြောနော် မိစု .. ဒီမှာ ကိုယ့်အုပ်စုချည်းပဲမဟုတ်တော့ဘူး .."

ထက် က နောက်ထပ်ဖို့ပေးပြီးမှ ရယ်၍ ..၊

"ဒီနေ့ တို့က .. မရင်းနှီးသေးတဲ့ ဖရန့်(ဒ်)နှစ်ယောက်ကို တွေ့ဆုံ မိတ်ဆက်ပေးတာဆိုတော့၊ ဘယ်သူ့ဘက်ကများ ဒုက္ခပေါ်မလဲမသိပါဘူး .."

ထက် ရဲ့ စကားကြောင့် အားလုံးရဲ့အကြည့်တွေ မို့ ဆီ ရောက်သွားကြ၏။ ပြီးတော့ ..၊

"ဟင် .. ငါနဲ့ မိတ်ဆက်ပေးမှာလား .."

"ငါနဲ့လား .."

"ငါနဲ့ထင်တယ် .. သူ့ကိုမရင်းနှီးသေးဘူး .."

"ဆုတောင်းလေ .."

မိုးတိမ် တို့ သုံးယောက်ကို စု က နှုတ်ခမ်းလေးမဲ့၏။ သူတို့တွေနဲ့ စု တို့ သုံးယောက် ဒီလောက်ရင်းနှီးနေကြမှန်း မသိခဲ့သဖြင့် မီ အံ့သြနေမိသည်။

ထို့ပြင် ဒီကျောင်းကို စရောက်တဲ့နေ့က မင်းရဲ နဲ့ ပထမဆုံးသိခဲ့ရပြီး မင်းရဲ နဲ့ ပတ်သက်သည့်အုပ်စုနဲ့ပဲ သူမ သူငယ်ချင်းဖြစ်လာခဲ့ပုံကို ကြံဖန်ကျေနပ်မိသည်။

"ကဲ .. မင်းရဲ နဲ့ မီ က သိကြပြီးသားဆိုတော့ သူငယ်ချင်းဖြစ်ဖို့ပဲ လိုတာနော်၊ ဘယ်လိုလဲ အိမ်ရှင်ဖြစ်တဲ့ မင်းရဲ က စပြီး မိတ်ဆက်ပေးမလား .. မီ က မိတ်ဆက်ရမှာလား .."

စု ကပဲ နှစ်ယောက်ကို ရင်းနှီးဖို့ကြိုးစားပေးသူဖြစ်ရကာ မီ နဲ့ မင်းရဲ ခဏအတွင်းမှာပဲ ခင်မင်ရင်းနှီးသွားခဲ့ကြ၏။

"မီ က နာမည်လေးနဲ့ လိုက်တယ် .."

"ဘာလဲ မင်းရဲ .. လှရင်လှတယ်ပြောလိုက်လေ .."



"ဟုတ်ပါတယ် .. လှတာထက် ချစ်ဖို့ကောင်းတယ်လို့ပြောရ ကောင်းမလားလို့ .."

"အား .. ဟား .. ဒါတော့ လွန်သွားပြီ .."

အားလုံးရယ်ရယ်မောမောဖြစ်နေကြကာ ရင်းနှီးမှုတွေက ဟိုတုန်းတည်းကရှိခဲ့ကြတဲ့အတိုင်း ..၊

"ဘာတဲ့လဲ .. ဘာတဲ့လဲ .. နာမည်ပြန်ပြောစမ်းပါ၊ မင်းရဲ တစ်ယောက်တည်းပဲကြားစေချင်တာဆိုရင်တော့ ဒါလုံးဝတစ်ဖက်သတ်ကြီးနော် .."

စွမ်းအင် က တကယ်မကြားလိုက်တဲ့သူဖြစ်သည်။ ဒါပေမယ့် ထက် က မျက်စောင်းထိုးလိုက်ပြီး ..၊

"အားလုံးကြားပြီး ကိုယ့်ဟာကိုယ်မကြားတာတော့ ကံစီမံရာပဲ.."

"မို့ နာမည်အပြည့်အစုံက ဆောင်းလခါမီ ပါ .."

"ဆောင်းလခါမီ .. အင်း .. မဆိုးပါဘူး .."

"လှတယ်လုပ်လိုက်တော့ .."

"လှတယ်မပြောနိုင်ပါဘူး၊ သူက ငါ့ကိုမိတ်ဆက်တာမှမဟုတ်တာ .. မေးမှ ပြောတာကို .."

စွမ်းအင် က ကလေးဆိုးကြီးပုံစံလုပ်နေသဖြင့် မဲ့ရွဲ့ထားသည့်မျက်နှာကြီးက ရယ်စရာကောင်းနေ၏။ သူတို့တွေနဲ့ မီ ရင်းနှီးခွင့်ရသွားသဖြင့် ကမ္ဘာပေါ်မှာ ကိုယ့်လောက်ပျော်နေတဲ့သူရှိပါ့မလားတောင် ထင်မိတဲ့အထိ မို့ စိတ်တွေ လွင့်မျောနေခဲ့သည်။

သို့သော် ..၊

"ဘယ်လောက်တောင်လဲ .."

"အားလုံးပေါင်း နှစ်သောင်းသုံးထောင် .."

"အများကြီးပါလား .."

"ဟုတ်ပါရဲ့ .. ပါရဲ့လား မီ ရယ်၊ ငါက စတာပါ၊ ဒီလိုလုပ်လေ.. ငါတို့လည်း .."

www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. ရပါတယ်၊ မီ ဒကာခံမယ်လို့ပြောထားတာပဲဟာ၊ ကိုစွမ်းတို့ ဗိုက်မဝသေးရင် ဆပ်မှာကြလေ .."

"အဟီး ..."

"မှာချင်သေမယ့် .. ဗိုက် .. ဗိုက်ကလည်း မဆံ့တော့ဘူး .. ဟွန်း.. ဟွန်း .."

မိုးတိမ် က ဗိုက်ကိုပွတ်ပြီး မထချင်သေးပုံရှိကာ ..၊

"မင်းကလည်း မြီးရှည်နှစ်ပွဲနဲ့ ကုတ်ဒ်နှစ်ဘူးတောင် မဝသေးဘူးဆိုတော့ .."

"အခု ဝပါပြီ .. ဒါပေမယ့် ဒီလိုသဒ္ဒါစိတ်လေးပေါက်နေတုန်းပဲ စားရတာ တွေးမိတော့ .."

"သဒ္ဒါစိတ်က ဒီနေ့မှ ပေါက်တာမဟုတ်ပါဘူး ကိုမိုး ရဲ့၊ နောက်လည်း မီ နဲ့ ကြုံတိုင်း ဒီလိုပဲကျွေးမှာပါ .."

"ဟေ ..."

"အဟွန်း .. အားနာစရာ .."

မင်းရဲ က မိုးတိမ် နဲ့ စွမ်းအင် တို့ မျက်နှာကြီးတွေကို အသည်းယားကာ စာအုပ်နဲ့ လှမ်းရိုက်လိုက်ပြီး ..၊

"ဒါ .. အားနာတဲ့ ရုပ်ကြီးတွေလား .."

"အားနာရင် ရှိုင်းရာကျတယ်တဲ့ မင်းမသိဘူးလား .."

အားလုံးက ရယ်မောကြည်နူးလို့ကောင်းနေကြတုန်း ..၊

"ကိုရဲ .."

အနီရောင်ရဲရဲနှင့် ကိုယ်ခန္ဓာအလှကိုပေါ်လွင်စေသော ဝတ်စုံအပြင် မျက်နှာလေးသည်လည်း ရှုမငြီးအောင်လှနေသော သူမက ..၊

"စွဲ .."

မင်းရဲ က နာမည်ခေါ်လိုက်ရင် သူမကိုနေရာပေးဖို့အတွက် မျက်လုံးကစားသည်။ စု တို့ သုံးယောက်ကတော့ မျက်နှာတွေပျက်သွားကြကာ ..၊



"ကဲ .. ကဲ .. သူတို့တွေအကြောင်းစကားပြောကြတော့မှာ၊ ငါတို့တာဝန်ကျေပြီနော် .. ဗိုက်ဆံလည်းရှင်းခဲ့ပြီးပြီ .."

"တာ .. နေပါဦး .. ခုမှ .."

"မနေချင်ပါဘူး .. ငါတို့က စည်းနဲ့ကမ်းနဲ့ နေတတ်ပါတယ်.."

စု က မှီ့ လက်ကိုဆွဲပြီး တစ်ခါတည်းထထွက်သည်။ မိုးတိမ် တို့လည်း အံ့သြကျန်ခဲ့ကာ မင်းရဲ ကတော့ စွဲ ကို မျက်နှာမူလိုက်ကတည်းက အားလုံးကို အမှတ်တမဲ့ ..။

"ထိုင်လေ .. စွဲ .."

"မထိုင်ချင်ပါဘူး .. သူများစားသောက်ပြီးခဲ့တဲ့ ဝိုင်းအဟောင်းကြီးမှာ .."

"အိုခေ .."

မင်းရဲ က အိတ်ကိုကောက်ယူလိုက်ပြီး နေရာမှထရပ်၏။

"ဒါဆို တစ်နေရာရာသွားကြမယ်လေ .."

"ကိုရဲ က ဗိုက်ဆံ့သေးလို့လား .."

"ဗိုက်ဆံ့ဆံ့မဆံ့ဆံ့ စွဲ နဲ့ အတူရှိနေဖို့က စားသောက်ဖို့အကြောင်းရှိမှဖြစ်မှာလား .."

"ဟွန်း .."

စွဲ က မျက်စောင်းလေးရွယ်ပြီး စားပွဲပေါ်က စားပွဲသောက်ပွဲလက်စတွေကို စိတ်ပျက်သလိုငေ့ကြည့်သည်။

"မိုးတိမ် .."

"ဟင် ..."

"နင်ကို့လည်း မျောက်ပြဆန်တောင်းနေတာတွေရပ်ဖို့သင့်နေပြီသိလား .."

"ဟာ .. မဟုတ်တာ .."

"ငါတို့မှာ ဘယ်မှာမျောက်ရှိလို့လဲ .."

"အပိုတွေပြောမနေပါနဲ့ .."

www.burmeseclassic.com

www.burmeseclassic.com



သူမ သေချာမြင်လိုက်သည်။ စု တို့ အုပ်စုထဲက ဝတုတ်တုတ် ဆံပင်ရှည်လေးနဲ့ 'မီ' ဆိုတာ ...၊

ဂရုစိုက်စရာပုံစံလည်းမဟုတ်ပါ။ စု တို့ သုံးယောက်က သူမလေး တို့ ဘယ်လိုဒါရိုက်ရှင်နဲ့ ဆက်ဆံပေါင်းသင်းနေကြတယ်ဆိုတာကို လည်း သိသည်။

ဒါပေမယ့် အားလုံးထဲမှာ ကိုယ့်ချစ်သူက ဘာလဲ ...၊

"ကိုရဲ ကလည်း သိပ်ကိုမျက်နှာချိုတာပဲနော် .."

"ဟောဗျာ .. တို့ပါပါလာပြီလား .."

"ပါရမှာပေါ့ .. ယောကျ်ားလေးက သဘောကောင်းမျက်နှာချိုလေး ဆိုတော့ ဘယ်သူလာလာ ဝလ်ကမ်း ဆီးယူနဲ့လေ .."

"မင်းရဲ အဲဒါ ခံစရာမဟုတ်ဘူးနော် .."

မိုးတိမ် က ပေါ်တင်ထောင်ပေး၏။ မင်းရဲ က ပြုံးနေကာ ...၊

"စွဲ .. အဲ့ဒီကောင်မလေးက .."

"ဒီပုံစံကို စွဲ က စကားထဲထည့်ပြောမနေဘူး ကိုရဲ၊ ဒါပေမယ့် ကြာရင်တော့ စိုးရိမ်ဖွယ်ရှိနေပြီလေ .."

"သေချာပြီ ခုနပြောတဲ့မျောက်က မင်းရဲ ပဲ .."

စွမ်းအင် က သတိတရထပ်ပို့သည်။ ပြီးတော့ စားပွဲပေါ်က ပန်းကန် တွေကိုကြည့်ကာ ...၊

"မျောက်ပြဆန်တောင်းတာလည်း သူ့အလုပ်သူလုပ်တာပဲ .. မင်းရဲ ကလည်း .."

"သူ့အလုပ်သူ လုပ်တာပဲလား .."

"ကဲ .. တော်ပါတော့ စွဲ ရာ .. ကိုယ့်ကိုခင်မင်လို့လာပြီး .."

"ဒါတွေ ကျွေးမွေးဒကာခံသွားတယ်မို့လား .."

"ဘာဖြစ်တုံးဟာ .. နင့်ရဲ့ မင်းရဲ ကို ဟိုက တစ်ဖွဲ့လောက်မြည်း သွားတာလည်းမဟုတ်ဘဲနဲ့ .."

"ပိုးကြေးပန်းကြေးကျွေးမွေးတာကို စားရတာလောက် လျှော့လျှော



ရှူရှူဝင်တာမရှိဘူး .."

"ဟုတ်တယ် စွဲ ရ .. ဒီအဆင်နဲ့ ဒီအဆင်များ စိတ်ပူနေစရာမလိုနဲ့ ဟာ .. နင့် မင်းရဲ ဘာမှဖြစ်ဖို့မရှိပါဘူး၊ ငါတို့က မျောက်ပြဆန်တောင်း တာမဟုတ်ဘူးနော်၊ ဟိုက တမင်ဆန်ပေးဆီပေးပြီး လာကြည့်လို့ သနား သဖြင့် ပေးကြည့်လိုက်တာ .. ဟဲ .. ဟဲ .."

စွဲ က အားလုံးကို မျက်စောင်းပစ်ထိုးသည်။ ပြီးတော့ မင်းရဲ လက်ကိုဆွဲ၍ ...၊

"သွားမယ် .."

"အစတည်းက အေးဆေးခေါ်ထွက်သွားလိုက်ရင် ပြီးတာပဲဟာ.."

"ဘာ ..."

မိုးတိမ် က မကြားတကြား ပြောပေမယ့် စွဲ က သေချာကြားသွား ကာ ...၊

"မိုးတိမ် နော် .. နင်က ခေါင်းဆောင်ပဲ .."

"ကဲ .. ကဲ .. တော်ပါပြီ၊ တို့ကောင်မလေး စိတ်တိုနေရတာနဲ့ အလှပျက်တော့မယ်၊ လာသွားစို့ .."

မင်းရဲ နဲ့ စွဲ တို့ ထွက်သွားကြတော့ မိုးတိမ် က နှုတ်ခမ်းကို ထော်လန်နေအောင် မဲ့ရွဲ့လျက် ...၊

"အလကား တိုစရာမဟုတ်တာ တိုနေတယ် .."

"မိန်းကလေးတွေက အဲ့ဒီအတိုင်းပဲ .. တိုစရာမရှိပေမယ့် တိုဖို့ဆို သူတို့ချည်းပဲ .."

"မင်းကျမှပဲ .."

"ဘာလဲ .."

"တိုစရာရှိမှ တိုရမှာလား .."

"အေးလေ .. ငါပြောတာက .."

စွမ်းအင် က စကားကိုရှေ့မဆက်တော့ဘဲ တို့လိုက်ဟန်းသန်းနှင့်...

"မင်းက ဘာပြောတာလဲ .. ငါက သဝန်တိုတတ်တာကိုပြော

www.burmeseclassic.com

www.burmeseclassic.com



တာ ..."

"ငါလည်း အဲ့ဒါပဲ ..."

ဝါဆို က ရှေ့ကိုတည့်တည့်လှည့်ထိုင်လိုက်ကာ ...၊

"ငါကတော့ ဘယ်သူတိုတာရှည်တာမှ စိတ်မဝင်စားဘူး၊ အားလုံးကို လက်စဖြတ်မယ် ..."

"ငါလည်း ဖြတ်ပေးလို့ရတယ် ..."

"အိမ်း .. ဝတုတ်မ .. အရုပ်မလေး အသက်ရာကျော်ရှည်ပါစေဗျာ.. အမြဲတမ်း ခုလိုမျိုး ခဏာခဏာ မကြာမကြာ မငြီးမငွေ့ရွာ ကျွေးမွေးနိုင်ပါစေ ..."

သုံးယောက်သား စားသောက်လက်စတွေနဲ့ လိုသလိုတောင်းဆုတွေ ပေးနေချိန်မှာ မီ ကတော့ ရု တို့ရဲ့ အားပေးအားမြှောက်စကားလုံးတွေနဲ့ ခလုတ်တိုက် လဲပြိုလျက် ...၊



အခန်း (၇)

"အဲ့ဒါ .. ဇွဲ တဲ့ .. ဟုတ်တယ် .. မင်းရဲ ရဲ့ အစ်မဝမ်းကွဲ .."

"ဟုတ်လား .."

"သိပ်ဟုတ်တာပေါ့ .. နေရာတကာ ဝင်ဝင်ပါလွန်းလို့ သူတို့ကို စုံတွဲလို့တောင် ထင်နေကြတာ .."

ရု က အချက်ကျကျပြောပြီး မုသာဝါဒတွေနဲ့ ကာကွယ်နေ၏။ ဇွဲ ရဲ့ အလှအပတွေကို မြင်ပြီး ငေးငေးငိုင်ငိုင်လေး ဖြစ်နေသည့် မီ မျက်နှာလေး ချက်ချင်းဝင်းပလာသည်။

မြတ်နဲ့ ထက်က ရုကို မဟုတ်တာတွေမပြောဖို့ ဧ။က်ရိပ်ပြ ခေါင်းခါပြကြပေမယ့် ...၊

"သူကလည်း သူပဲ မီ ရယ် .. ကိုယ့်မောင်ကို ဘယ်မိန်းကလေးနဲ့မှ ရင်းနှီးတာမကြိုက်တော့ သားလူတွေက ပြောပြီပေါ့၊ ခုနဲ ရောက်လာတဲ့ပုံကိုကြည့်ပါလား .."

မီ က နားထောင်နေ၏။ ထက်နဲ့ မြတ်တို့ သက်ပြင်းချရင်း ခေါင်းခါကြလေသည်။

"မင်းရဲ က တို့ကျောင်းက ကင်းထက်ပိုယော့(တ်)တယ်ဟ၊ သူ့နံပါတ်တစ်မဟုတ်ပေမယ့် အရမ်းပေါ်လွင်တာ၊ ဒါကြောင့် ဇွဲက သူ့မောင်

www.burmeseclassic.com



ကို နေရတာကာ လိုက်ချုပ်ချယ်နေတာပေါ့၊ အလကားပါ .. ယောက်ျားလေး ဆိုတာ သူတို့ချစ်တဲ့သူကို မတွေ့ခင်သာ မိဘမွေးချင်းအလိုကျ လိမ္မာ သလိုလိုနေကြတာ၊ အကြိုက်တွေ့လာရင် မရပါဘူး .."

"ဘာမရတာလဲဟင် .."

"ဩော် .. သူချစ်ရမယ့်သူရှိလာရင် ဗွဲ ခုလို နေရတာကာ လိုက်ရွက် ဇတ်နေလည်း မင်းရဲ က ခံတော့မှာမဟုတ်ဘူးလေ .. အဲ့ဒါ .."

"အင်းနော် .. ပြီးတော့ ဗွဲ ကလည်း တော်တော်လှတာပဲ .."

မီ ကိုယ့်အတွေးထဲကအတိုင်း ပြောနေစဉ် စု တို့သုံးယောက်စလုံး ပခုံးတွေမသိမသာတွန့်ကာ ပြုံးချင်နေသော နှုတ်ခမ်းတွေကို အတင်းဖိ ပိတ်ထားရ၏။

အချောဆုံးအလှဆုံးချင်း ချစ်ရည်မျှနေကြတာကိုတောင် နည်းနည်း လေးမှ အကဲမခတ်တတ်ဘဲ ဆင်ခြင်ဉာဏ်မဲ့စွာ စိတ်ကူးယဉ်နေသည့် ဆောင်းလခါမီလေး ..။

"မီ က သနားဖို့တော့ ကောင်းသားနော် .."

"ဟဲ့ .. တော်ကြာ ပြန်လှည့်လာဦးမယ်၊ နေ့ပြောနောက်ကြည့်တဲ့.."

"ပြန်ပါပြီဟာ .."

ပြန်ပါပြီလို့ပြောပေမယ့် မလုံမလဲ လှည့်ကြည့်တော့ ကြည့်မိသေး သည်။ ထိုအခါ မီ က ပြန်လှည့်မလာပေမယ့် အတန်းထဲမှာ မီ နဲ့ အနီး ဆုံးထိုင်နေသည့် ခေမာဝတီ က သူမတို့နောက်မှာ ..၊

"မိဖုရားကြီးပါလား .."

ခေမာဝတီ ကလည်း နယ်ကပဲဖြစ်ကာ သူမနာမည်ကြောင့် သူငယ် ချင်းတွေက မိဖုရားခေါင်ကြီးလို့ နောက်ပြောင်ခေါ်နေကြတာဖြစ်၏။

သူမပုံစံကလည်း အသားညိုညို၊ နဖူးကျယ်ကျယ်ကို သိမ်းလှန် ထားတတ်ကာ ဆံပင်ရှည်ကြီးကို ကျောထက်မှာ ကျစ်ဆံမြီးတစ်ချောင်း တည်းကျစ်ချထားတတ်သူ ..။

နောက်လှည့်ကြည့်လိုက်တာနှင့် သူမ မျက်နှာတည့်တည့်ကြီးနှင့်



ပက်ပင်းတိုးမိသွားလျှင် ထက် က မိဖုရားခေါင်ကြီးလို့ ပျော်စေဂျက်စေ သဘောနဲ့ နှုတ်ဆက်၍ ..၊

"အတန်းချိန်မို့လား .. ဘယ်ကိုလဲ .."

"နင်တို့ကရော .."

"ငါတို့က ဒီနေ့လစ်မလို့ .."

ခေမာ က သူမတို့အားလုံးကို အေးစက်စက်လေးစိုက်ကြည့်ကာ..၊

"မီ နဲ့ နင်တို့သွားအတူလာအတူတွေဖြစ်နေကြတယ်မှတ်တာ သူ့တစ်ယောက်တည်း အတန်းပြန်ဝင်သွားပါလား .."

"ဩော် .. သူက အတန်းတက်မယ်၊ တို့ကလစ်မယ် .. ဒါပဲလေ ဘာဆန်းလို့လဲ .."

စု က ဝင်ဖြေလိုက်ပြီး မျက်နှာလေးကိုလည်း တည်ပစ်ကာ ..၊

"မိဖုရားခေါင်ကြီးရဲ့ နင့်ပုံစံကြည့်ရတာ ဆေးထိုးခံထားရတာ လား၊ ငါတို့ကိုဆေးထိုးချင်နေတာလား .."

"ဆေးထိုးမဟုတ်ဘူး စု .. ငါ အဲ့လိုဟိုဘက်တစ်မျိုး ဒီဘက်တစ်မျိုး စုံစမ်းလှေ့လာတာတွေ ဆေးထိုးတာတွေဝါသနာလည်းမပါဘူး .. တစ်ခု ပဲပြောချင်တာ .."

"မီ နဲ့ ပတ်သက်ပြီးတော့လား .."

"ဟုတ်တယ် .."

ခေမာ က မျက်နှာလေးတည်နေကာ စု တို့ သုံးယောက်စလုံးကို စိတ်ပျက်သလိုလေးကြည့်သည်။ တက္ကသိုလ်စတက်တည်းက အတန်းတူ ဖြစ်သွားလိုက်၊ ကွဲသွားလိုက် ..။

ဘယ်လိုပဲဖြစ်စေ စုထက်မြတ် ဆိုသည့် သုံးယောက်ကို ဒီကျောင်း ဝင်းထဲမှာ သူမ ရင်းနှီးခဲ့ရတာ တစ်နှစ်နှစ်နှစ်လည်းမဟုတ်တော့ပေ ..။

သုံးယောက်က တစ်ယောက်တစ်မျိုးပုံဆိုးကြကာ ကိုယ့်လိုပုံဆိုး သည့် မိန်းကလေးတွေ့ရင်လည်း စာနာရမှန်းမသိ ..။ ကိုယ့်ထက် ချောလှ နေရင်လည်း ကဲ့ရယ်တာမလွှတ်ပေ ..။

www.burmeseclassic.com

www.burmeseclassic.com



ရိုးသား အေးချမ်းတတ်သည့်လူဆိုရင်တော့ စု ထက် မြတ် သုံးယောက် လက်ထဲမှာ သံသရာလွတ်လမ်းမရှိတာထက် အဆများစွာဆိုးမည်ဘာ။

"ဘာလဲ မိဖုရားခေါင်ကြီး၊ ငါတို့သုံးယောက်ကိုကြည့်ပြီး မောင်းတင်လာတဲ့စကားတွေ ပျောက်ကုန်တာလား .."

"မပျောက်ပါဘူး .. ငါ စဉ်းစားကြည့်တာ နင်တို့နဲ့ မီ ဘယ်သူ ဝိုတော်သလဲလို့ .."

"ဘာ ..."

"ဘာပြောလိုက်တယ် .."

"တစ်လတောင်မပြည့်သေးဘဲနဲ့ အရမ်းရင်းနှီးသွားကြတာလေ၊ အခုလည်း ကဲန်တင်းသွားကြတယ်၊ မီ့ ကို အတန်းထဲအရောက် ပြန်ပို့ကြတယ် .. ပြီးမှ .."

"ပြန်ပို့တာမဟုတ်ပါဘူး .. သူနဲ့ ငါတို့ ရည်ရွယ်ချက်ချင်းမတူဘူးဖြစ်ဖြစ်နေလို့ လမ်းခွဲသွားကြရုံပဲ .. အဲဒါဘာဖြစ်လို့လဲ .."

"နင်တို့ မီ့ ကိုကျမှ တကယ်ရိုးသားစွာ ချစ်ခင်နေပုံပေါက်နေတော့ မီ ကပဲ စည်းရုံးရေးကောင်းတာလား .. ဘာလား ခုနလိုတွေးမိတာပေါ့ .."

"ဟွန်း .. မလည်ရင်လည်း လှည့်ပတ်ခွေမနေစမ်းပါနဲ့ မိဖုရားခေါင်ရယ်၊ ဘာလဲ .. မီ နဲ့ ငါတို့ ရင်းနှီးနေကြတာကို မလိုတိုရှည်ဖြစ်နေတာလား .."

"မဖြစ်ပါဘူး .. ငါ စိတ်မကောင်းလို့ပါ၊ မီ နဲ့ ရင်းနှီးသွားတဲ့အတွက် ဒီနှစ်အတွက် နင်တို့အပျင်းပြေပြီပေါ့ .."

"ဒါပေါ့ .."

"အဲ့လိုမလုပ်ပါနဲ့ စု ရယ်၊ မီ က သူ့ကိုယ်သူ ဝတယ်ဆိုပြီးသိမ်ငယ်စိတ်ဝင်နေရှာတာပါ .."

"ဘာ .. သိမ်ငယ်စိတ်ဝင်နေတာ ဟုတ်လား .."

"ဟား .. ဟား .. ဟား .."



"ရယ်လိုက်တာ ဘာ့ မြတ်ရေ .. ကမ္ဘာကြီးပဲ ကျက်ခြိမ်းကွဲသွားသွားစီးပွားရေးတက္ကသိုလ်ကြီးပဲပြိုကျကျ .. ဟား .. ဟား .."

သုံးယောက်စလုံး တကယ်ရယ်ချလိုက်တာ သေးကဖြတ်သွားသည့်ကျောင်းသားတွပါ လှည့်ကြည့်ကုန်၏။

"ဖြစ်ရလေ ခေမာဝတီ မိဖုရားခေါင်ကြီးရယ်၊ 'တောသားရဲတော့ဆွဲထုတ်' ဆိုတာ မှန်လိုက်တာနော် .."

"ဟုတ်ပဟယ် .. နာမည်တွေပျံ့ပျံ့လန်လန်တွေနဲ့ ဟိုတစ်ယောက်ကလည်း ရန်ကုန်ရွှေမြို့တော်က မင်းသားကိုမှ တက်မှန်းတယ် မတန်မရာ .."

စု က အနည်းငယ်နှုတ်ကြမ်းသလို မပြောရဲမလုပ်ရဲတာလည်း မရှိသလောက်မို့ ..။

"ငါတို့ရှေ့ရောက်နေတဲ့ မိဖုရားခေါင်ကြီးကိုလည်း ကြည့်ကြဝါဦး၊ လူက တိုက်ဂေါ်ပုံနဲ့ ငါတို့ကို ဆရာကြီး လာလုပ်နေပါလား .."

"နင်တို့စကားကို တိုးတိုးပြောစမ်းပါ၊ ငါ့သာငါ တောဂိုက်ဖြစ်ဖြစ် ဘာပုံဖြစ်ဖြစ် နင်တို့လို အာကြမ်းလျှာကြမ်းတွေတော့ ပြောလို့မထွက်သေးပါဘူး၊ ငါပြောချင်တာက သူများအားနည်းချက်ကို ဖိနှိပ်နိုင်စားပြီး ကွယ်ရာမှာ ပြက်ကျနေအောင် ကဲ့ရယ်နေတာတွေ .."

"ကွယ်ရာမှာပြောတော့ ဘာဖြစ်လဲ .. သူများစကားကို ခိုးနားထောင်နေတဲ့ ကိုယ့်ကိုယ်ကိုယ် အရင်ဆုံးမဦး .."

"ခိုးနားထောင်ရအောင် .. နင်တို့လည်းလမ်းပေါ်မှာ ငါလည်းလမ်းပေါ်မှာပဲလေ .. ကိုယ့်ကိုယ်ကိုယ် အပြောအဆိုဆင်ခြင်သင့်တာကိုတော့ ထည့်မပြောဘူး .."

"မဆင်ခြင်နိုင်ဘူး .. စုတို့က တစ်စုံတစ်ယောက်ကိုကြောက်ပြီး တိတ်တိတ်ကြိတ်ပြောရလောက်အောင် မဟုတ်တာလုပ်နေတာလည်း ဘာမှမရှိပါဘူး .."

"ကိုယ့်ကိုယ်ကိုယ်တော့ မှန်တယ်ထင်ကြတာပဲ .."

www.burmeseclassic.com

www.burmeseclassic.com



"နှင့်ရဲ့ ဖက်တီးမကို အရင်သွားမေးလိုက်လေ ဒေါ်ခေမာဝတီရဲ့၊ ၅ တို့ကို အားမကိုးရင်ဖြစ်ရဲ့လား၊ ၅ တို့က လူကောင်းသူကောင်းတွေ မဟုတ်ပါဘူးဆိုရင် မပတ်သက် မဆက်ဆံဘဲနေလို့ရရဲ့လားလို့ ၅ သွား မေးလိုက်သွား .."

"တောကြို့အုံကြားက ကျီးကန်းချင်းနှာကျင်မှုတွေ လာပြမနေပါနဲ့ .. နင်တို့နှစ်ယောက်နဲ့ ပြောဆိုဖြေရှင်းနေဖို့ ငါတို့မှာ အချိန်မရှိဘူး.."

ပြောပြီး လှည့်ထွက်သွားကြသည်။ သုံးယောက်စလုံးရဲ့ လွယ်အိတ်လေးတွေက အရောင်တူ၊ ခြေလှမ်းတွေလည်းတူသည်။ ထို့ပြင် စိတ်တူသဘောတူ ဘက်ညီလွန်းတဲ့ သူမတို့သုံးယောက် ..။

မီ ဘယ်လိုစိတ်ကူးတွေနဲ့များ သူမတို့နဲ့ တရင်းတနှီးဖြစ်သွားရတာလဲ ..။

ကိုယ့်မှာတော့ ဘယ်သူကဘယ်လို စိတ်ခေတ်ရှိပါတယ်ဆိုတာတွေ ပြောပြထားချင်လို့ အချိန်အခါကောင်းကို စောင့်နေခဲ့မိ၏။

ကိုယ်နဲ့ မရင်းနှီးလိုက်ရဘဲ စုထက်မြတ် နဲ့မှ ..၊



## အခန်း (၈)

"ကိုယ်တကယ်ပြောတာ လက်ျာ .. ရှင်မင်း က ကိုယ်နဲ့ဘာမှ မဟုတ်ဘူး .."

"ကို ဒါပဲပြောနေတာပဲ .. ဒီထက်ခိုင်လုံအောင် တစ်ခုခုထပ်ရှင်းပြဖို့ မရှိတော့ဘူးလား .."

"ရှင်းပြနေတာ မင်းမှ လက်မခံဘဲ .."

သမယ ရှင်းပြနေရင်း ခြေကုန်လက်ပမ်းကျသလို ဟူးခနဲ ပင့်သက်ရှိုက်လုတ်၏။ လင်းလက်ျာ ကလည်း သူ့မျက်နှာကိုပဲ စိုက်ကြည့်နေကာ...

"ရှင်မင်း က ကို့ ရည်းစားဟောင်းဆိုတာ လက်ျာ ကလွဲရင် အားလုံးသိတယ် .."

"ရည်းစားဟောင်းဖြစ်တာနဲ့ပဲ မျက်နှာချင်းဆိုင်စကားမပြောရတော့ဘူးလား .."

"ဩော် .."

"ကိုယ်မင်းကိုစောင့်နေတယ် .. မင်းရောက်မလာခင် သူနဲ့တွေ့လို့ စကားပြောတယ်၊ မင်းနဲ့ အိုအေစစ်မှာ ချိန်းထားလို့ ကိုယ်အိုအေစစ်မှာ ရှိနေတာ ဘာတွေထူးဆန်းနေလို့လဲ .."

"ထူးဆန်းနေတာက သူတစ်ယောက်တည်းရောက်လာပြီး လက်ျာ ထိုင်မယ့်နေရာမှာထိုင်တယ်၊ လက်ျာ တို့ ချိန်းထားတဲ့အချိန်မှာမှ ကွက်တိ

www.burmeseclassic.com



ရောက်လာတယ်၊ သူက ကို အကြာကြီးတွဲခဲ့တဲ့ချစ်သူဖြစ်နေတယ်၊ နောက်ထပ် တိုက်ဆိုင်နိုင်တာတွေ ဘာတွေရှိသေးလို့လဲ ပြောပါဦး..”

“မပြောတော့ဘူးကွာ ..”

“ဘာပြောတယ် ..”

“ကျွတ် ..”

“ကို့ ..”

သမယ မျက်နှာတစ်ခုလုံးပန်းနုရောင်ရင့်တက်လာကာ ဘယ်လောက်ဖိချချ ကပ်ကျမသွားတတ်သော ဆံပင်တွေကိုပဲ ထပ်ခါထပ်ခါ ဖိသပ်နေခဲ့၏။

“ကို .. အဲ့လိုမရွဲ့နဲ့နော် .. လက်ျာ ကို့ကို ချစ်လို့အရမ်းခံစားနေရတာ ..”

“အဲ့ဒါကို ဝမ်းသာအားရလက်ဆွဲနှုတ်ဆက်ဖို့တော့ မတောင်းဆိုနဲ့ လက်ျာ မင်းရစ်နေတာ ကိုယ်လည်းညစ်တာပဲ ..”

“ဒါဆိုလည်းပြီးတာပဲ .. လက်ျာ စိတ်ဆိုးနေသရွေ့တော့ ကို ဖုန်းလည်းမဆက်နဲ့၊ ခြံရှေ့ကိုလည်းမလာပါနဲ့ .. ဒါပဲ ..”

လက်ျာ ထထွက်လာခဲ့သည်။ သမယ က နည်းနည်းလေးမှ ငဲ့မကြည့်၊ တားလည်းမတားပေ ..။

ဟာကယ်က သူမကိုလှည့်ကြည့်ချိန်မရလိုက်ခင် မေမေ့ဆီက ဖုန်းဝင်လာတာဖြစ်၏။

“ဟလို .. မေမေ ..”

“သား မနက်က မို့ ကို ဝင်ခေါ်သွားရဲ့လား ..”

“ခေါ်တာပဲ ..”

ဒါပေမယ့် သူမ က ထွက်သွားနှင့်ပြီဆိုတာတော့ မပြောပြဘဲနေလိုက်၏။ မိ တစ်ယောက် ဘယ်လိုလမ်းစတွေရပြီး ကျောင်းမှာပျော်ဝင်သွားသည်မသိပေ ..။

သူ့ကိုလည်းမစောင့်၊ အိမ်ကားလည်းမစီးဘဲ ကျောင်းစတက်တည်းက ဒီနေ့ထိ အကြောင်းပြချက်အမျိုးမျိုးနဲ့ ခြေလျင်တစ်မျိုး၊ ကုန်းကြောင်း



တစ်သွယ်နဲ့ လိမ့်နေတာကြာပြီ ..။

“သား .. သားပြောတာဘာလဲ၊ ခေါ်တာပဲဆိုတော့ ..”

“ဝင်ခေါ်သွားတာပဲလေ .. မေမေက ဘာဖြစ်လို့ ဒါပဲ နေ့တိုင်းမေးနေတာလဲ ..”

သူ ဖုန်းပြောနေတုန်း မှာထားသည့် စားစရာတွေရောက်လာသည်။ နှစ်ယောက်စာမှာထားတာမို့ လက်ျာ အတွက် ချထားခဲ့သည့် စတော်တယ်ရီဖန်ခွက်လေးကို ငုံကြည့်မိသည်။

ဒီတိုင်း မျက်လုံးမလွှဲမိဘဲ မေမေ မေးသမျှကို ဟိုရောင်ဒီရောင်ဖြေရင်း ..၊

“ဟုတ်ကဲ့ပါ.. မေမေကလည်း သူလည်း ကလေးမှမဟုတ်တာ မေမေရာ ..”

“ကလေးမဟုတ်လို့ စိတ်ပူတာပေါ့ ..”

“စိတ်ပူရင် ကားမောင်းသင်ထားလိုက်ပါလို့ အန်တီဆင့် ကို မေမေအကြံပေးလိုက်ပါလား ..”

“အဲ့ဒါကိုလည်း ခင် က စိတ်ပူနေတာလေ၊ မေမေ့စကားကို နားထောင်ပြီး မို့ ကို သေချာစောင့်ရှောက်ပါ သားရယ်၊ ကျောင်းသွားကျောင်းပြန် အတူပါအောင်ခေါ်၊ ကျောင်းမှာလည်း ဂရုစိုက် ..”

သမယ ခေါင်းမညိတ်ချင်အောင်ဖြစ်သွားခဲ့၏။ ဒီနေ့ကျမှ သူချည်းပဲ ဘာဖြစ်လို့ ပြစ်တင်ကြိမ်းမောင်းခံနေရတာလဲ ..။

ထိုစဉ် သူ့မြင်ကွင်းထဲကို ဝင်လာတာက မိ နဲ့ မိန်းကလေးသုံးယောက်..။

ဖုန်းပြောခြင်းကို လက်စသတ်ကာ စိတ်ဝင်တစားကြည့်နေလိုက်မိသည်။ မိ က အနက်ပေါ်မှာ အဖြူရောင်ကြယ်ပွင့်လေးတွေပါသည့် ဘာဝေယံရှပ်ပုံစံအကျီပွပွလေးနဲ့ ဖြစ်ကာ နဂိုက ဆံပင်ကောက်ပါသည်ဆိုမှ နားသယ်စပ်နဲ့ ထိပ်ဆံပင်တွေကို ကျစ်ဆံမြီးပိစိနောက်ကောက်တွေကျစ်ချထားသေးသည်။

သူမ ခုတစ်လော ရှင်ရှင်ပျပျရှိနေတာတွေ ထူးခြားသည်။ သူ

www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်လုပ် ဘာပြောပြော စိတ်ရှည်သည်းခံနေတာလည်း ထူးဆန်းနေ၏။

အခု သူ့ရှေ့ရောက်လာသည့် အပြုံးတွေကိုလည်း နားမလည်နိုင်…၊

စကားတွေပြောလာကြရင်း ဆိုင်ထဲဝင်လာကြသည်။ သူက ထောင့်စားပွဲမို့ မမြင်တာလားလို့တွေးမိလိုက်ပေမယ့် မဟုတ်မှန်း ခဏအတွင်းမှာ နားလည်သွားခဲ့၏။

သူမတို့က စားပွဲတစ်ဝိုင်းဆီကို တစိုက်မတ်မတ်ဦးတည်နေကြကာ ထိုစားပွဲမှာ မင်းရဲ နဲ့ သူငယ်ချင်းတွေ …၊

"သမယ …"

ဟင် …၊

သူ့ဘေးမှာ ဝင်ထိုင်လိုက်တာ သံတွဲနဲ့ မြန်အောင် …။

သူတို့သုံးယောက်ထဲမှာ နှစ်ယောက်က ရန်ကုန်ကမဟုတ်သဖြင့် သူတို့ရဲ့ဇာတိမြို့တွေကိုပဲခေါ်ခဲ့ရင်း ဒီတိုင်းပဲ နာမည်တွင်ခဲ့ကြ၏။ သမယ သူတို့ကိုလည်း လှည့်မကြည့်ပေ …၊

"မင်း ဘယ်လိုဖြစ်တာလဲ …"

"ဘယ်လိုမှမဖြစ်ဘူး …"

လှည့်မကြည့်ဘဲ ဖြေတော့ သံတွဲက စားသူမဲ့ အအေးဖန်ခွက်ကို ကြည့်၍ …

"မင်းနဲ့ လက်ျာ ဘာဖြစ်ကြတာလဲ"

"သိရဲ့သားနဲ့ လာမေးမနေနဲ့ကွာ … အာရုံနှောက်လို့ …"

မချေမငံဖြေပုံနှင့် တစ်နေရာကိုပဲ သမယ စိုက်ကြည့်နေသဖြင့် သံတွဲ တို့ကလည်း လှည့်ကြည့်ကြ၏။ ထိုအခါကျမှ မင်းရဲ တို့နဲ့ မီ တို့ အဖွဲ့ ထိုင်နေကြတာကို သူတို့မြင်သွားကြ၏။

ဦ ကတော့ မင်းရဲ နဲ့ အရောက်ပို့နေသည့် စု တို့ရဲ့ လေလုံးများကြားမှာ ဘာမှသတိမထားမိခဲ့ …။

"လောင်းမယ်လေ … ငါတို့လိုက်ပြမယ်၊ မှန်တယ်ဆိုရင် ဘယ်လောက်ကြေးလဲ …"



"မနက်ဖြန် နင်တို့ကို ရုပ်ရှင်ပြမယ် …"

"ဘယ်မှာလဲ …"

"ရွေအက်(စ်)မှာ …"

"မရဘူး …"

"စီးကရက်ဂါးဒင်း(န်)မှာ ဝမ်းတောဘယ်လ် …"

"အိုခေ …"

သဘောတူလိုက်ကြပြီး လက်ဝါးချင်းရိုက်၍ ထရပ်လိုက်ကြသည်။

"နင်တို့ ဘယ်သွားကြမလို့လဲ …"

"ကန်ပေါင်ကို ခဏပဲ …"

"ငါရော …"

"နေခဲ့လေ … ငါတို့ကြာရင်စောင့်မနေနဲ့ ပြန်နှင့်တော့ …"

"စုရယ် … ခုပဲရောက်တာကို …"

မိုးတိမ် နဲ့ စု တို့ အတိုင်အဖောက်ညီညီနှင့် ဆိုင်ထဲက ထွက်သွားကြ၏။ မင်းရဲ ကလည်း မိုးတိမ် တို့ ဘာလုပ်သွားကြမှန်းသိလိုက်ပေမယ့် ဘာကြောင့် လုပ်သွားတယ်ဆိုတာ စဉ်းစားမရပေ။

မီ ကတော့ ရှက်ကိုးရှက်ကန်းလေးပြုံးနေကာ …၊

"ကိုရဲ တစ်ခုခု ထပ်မှာပါလားဟင် …"

"ဟင် … အာ … မမှာတော့ဘူးလေ၊ တို့ ခုမှစားတာပါ … မီ ဘာစားမလဲ မှာလေ …"

"ကိုရဲ က ပြီးသွားရင် မီ တစ်ယောက်တည်း …"

"မီ့ ကို စောင့်ရင်းစားမှာပေါ့ … ဘာစားမှာလဲပြော …"

"အင်း … ဒါဆို မုန့်တီသုပ်မှာပေး …"

"မုန့်တီသုပ်လား … ဒါဆို မြန်မာသုပ်ပဲ စားနော် …"

"ဘာဖြစ်လို့လဲ …"

"ရခိုင်သုပ်က ဒီဆိုင်က အရမ်းစပ်တာ၊ စပ်မှကောင်းပေမယ့် ရောဂါဖြစ်တာပေါ့ …"

www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ က ချစ်သူကိုပြောမနိုင်ခဲ့သည့်အဖြစ်ကိုတွေးမိပြီး သေချာပြောပြနေသည်။ မီ ကတော့ သူမအတွက် စိုးရိမ်ပေးနေသည်ထင်ကာ မျက်ဝန်းလေးတွေမှာ ပြုံးကြည်နေ၏။

ပြီးတော့ ရည်းစားထားကြခြင်းနှင့်ပတ်သက်၍ မိန်းကလေးတွေ ဘာကြောင့် အားပါးတရပြန်ပြောပြီး ဂုဏ်ယူနေကြသလဲဆိုတာကိုပါ တွေးမိလေသည်။

တခြားသူတွေ ဘာကြောင့် ဂုဏ်ယူနေကြတာဖြစ်ဖြစ် သူမအတွက်ကတော့ သူများတွေကြွားလုံးထုတ်တဲ့အခါ ကိုယ်က ဖက်တီးပုပ်မို့ မပြောနိုင်မဆိုနိုင်ကျန်ခဲ့ရသည့်အဖြစ်ကနေ လွတ်မြောက်ဖို့သာ ..။

ထို့ပြင် ကိုယ်နဲ့ တွဲသည့်ယောကျာ်းလေးကိုကြည့်ပြီး သူ့ပုံစံနဲ့ ဒါပဲရမှာပေါ့လို့ နောက်ဆက်တွဲပါလာမည့် ကဲ့ရဲ့သံကိုလည်း မလိုချင်ပေ။

ခုတော့ သူမစိတ်ကူးအိပ်မက်လေးတွေ အကောင်အထည်ပေါ်တော့မည်ထင်သည်။ မင်းရဲ က ပျို့တိုင်းကြိုက်တဲ့နှင်းဆီခိုင် ..။

"မီ .."

"ဟင် .. ပြော် .."

ငေးနေမိသဖြင့် မီ လန့်ဖျန့်သွားသည်။ မင်းရဲ က သူမ လန့်သွားတာမြင်မှ အားနာသလိုရယ်လိုက်ရင်း ..၊

"ဆောရီး .. ဆောရီး .. မီ က တို့ကိုငေး .. အဲ .. တို့ကိုကြည့်ပြီး တစ်ခုခုအတွေးလွန်နေတာထင်တယ် .."

"ဟုတ် .. အဲ .. ဟုတ်တယ် .. မီ က .."

"ဒီလိုပါပဲ .. ဖြစ်တတ်တယ်၊ ဟွန်း .. ကိုယ်မှာလိုက်ပြီနော် .. မုန့်တီမြန်မာသုပ်လေးပဲ .."

"ဟုတ်ကဲ့ .. ကောင်းပါတယ် .."

"တော်တော်ကောင်းနေကြတာတော့ သေချာပါတယ် .."

ဟင် ...၊

အသံရှင်သည် အလယ်လမ်းကလေးအတိုင်း လျှောက်လာတာဖြစ်



ကာ မျက်နှာချင်းဆိုင်ထိုင်နေကြသည့် မီ နဲ့ မင်းရဲ အလယ်ကျကျ ဘေးမှာ ခြေစုံရပ်၏။

"စွဲ ..."

"ဟုတ်ပါတယ် .. စွဲပါ .."

သူမက နက်ပြာရောင်အဖြူရိုပ်တွေပါသည့် ဝတ်စုံနှင့် လက်ကောက်တွေ နားဆွဲတွေကအစ လည်ကပ်ကြိုးထိဝတ်စုံနှင့် ဒီဇိုင်းတူဖြစ်အောင် ဆင်ထားသည်။

ဝင်းစက်ဖြူနေသော အလှတရားတို့သည် ဝတ်စုံနှင့် ပြင်ဆင်မှုပေါ်မှာ ထင်းလင်းတောက်ပနေခဲ့လျက် ..၊

"ကိုရဲ လည်း စွဲ ကို မြင်လိုက်တိုင်း အံ့ဩသွားတာ လန့်ဖျန့်သွားတာတွေ တော်တော်ဖြစ်ရတယ်နော် .."

ပြောပြီး လက်လေးပိုက်၏။ သူမရဲ့ဘေးမှာလည်း ကျောင်းသူတစ်ယောက်ရပ်နေကာ .. မီ ကို ကြည့်ပုံက အထင်မြင်သေးစိတ်ပျက်ဟန်တွေအပြည့်အဝဖော်ကျူးထား၏။

"ပြောစရာရှိတာ ပြောလေ စွဲ ရယ်၊ ဘာလုပ်ဖို့လဲ ဒီလိုနေရာမှာ"

စွဲ ကို ပခုံးချင်းတိုက်သတိပေး၍ တင်းနေသည့်မျက်နှာကို ပိုမော့ထားသေးသည်။ မင်းရဲ က သူမကိုပါ လှမ်းကြည့်ပြီး ပြုံးပြကာ ...

"စွဲ တို့ တစ်ခုခုအကြောင်းရှိလို့လား .."

"ပြောတတ်ပါ့ ကိုရဲ ရယ် စွဲက အကြောင်းရှိမှ ရှင့်ဆီလာခွင့်ရှိတာလား .."

"မဟုတ်ဘူးလေ .. အခု .."

"ကိုရဲ ကို သတိပေးချင်တာရှိတယ် .."

"တို့ကို .."

သူ့ကိုယ်သူ လက်ညှိုးပြန်ထိုးပြီး မင်းရဲ က သွားတွေပေါ်အောင်ရယ်၏။ စွဲ ဆိုတဲ့ကောင်မလေးအကြောင်း သူသိသည်။ မာနကြီးသလောက် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုလွန်ကဲ၏။

www.burmeseclassic.com



သူမနဲ့ ခင်မင်ရင်းနှီးမှုမရှိတဲ့သူဆိုရင်တော့ ဘယ်အရာဘယ်သူ့ကိုမှ ဂရုမစိုက်၊ စိတ်လည်းမဝင်စားတတ်သေ ...။ ခု ရောက်လာပုံထူးသည့်မျက်နှာပေါ်က မကျေနပ်ချက်များအရဆိုလျှင် ...၊

“ဒါဆို ခဏလောက်ထိုင်ပါလား စွဲ ... တို့ကို ဒီမှာပဲသတိပေးထားလို့ရပါတယ် ...”

“ဘာ ...”

“မဟုတ်ဘူး စွဲ ရဲ့၊ မိုးတိမ် တို့နဲ့ ပြန်တွေ့ဖို့ကိစ္စတစ်ခုရှိသေးလို့ ပြောတာ၊ သူတို့ဘာသာ ငြင်းခုံပြီး ထထွက်သွားကြတာကွာ၊ ဆွဲချိန်ကို မရလိုက်ဘူး၊ ခဏလေးစောင့်ပေးနော် ...”

“ဟင့်အင်း မစောင့်နိုင်ဘူး ... ပြောချင်တာလည်း ကိုရဲ ရဲ့အပေါင်းအသင်းတွေကိစ္စပါတယ် ...”

“ဟင် ...”

မင်းရဲ မျက်နှာပျက်သွားသည်။ သူတို့ကို ငုတ်တုတ်လေးထိုင်ကြည့်နေသော မီ ကို အားနာသွားမိလျက် ...၊

“စွဲ ...”

“ကဲ ... ထပါဆိုကွာ ... သွားမယ် ...”

စွဲ က မင်းရဲ ကို ဘာမှအပြောမခံတော့ဘဲ ဆွတ်ခေါ်နေ၏။

“စွဲ နေဦးကွ ...”

တားနေပေမယ့် စွဲ က လက်မောင်းကိုအတင်းဆွဲထူပြီး ခေါ်နေသဖြင့် လူကထရပ်လိုက်ပြီးဖြစ်ကာ ...၊

“မီ ... စုတို့ကို ဒီကပဲစောင့်မလား ... တို့က ...”

“သူ့ကို ကိုရဲ ပူမနေစမ်းပါနဲ့ ... တစ်ယောက်တည်းမနေချင်ရင် တခြားစားပွဲမှာ ပြောင်းထိုင်လို့ရတာပဲ ...”

စွဲ ရဲ့ အကြည့်တွေ မီ မျက်နှာလေးဆီ ရောက်သွားကာ ...၊

“သူ့အတွက် မခက်ခဲလောက်ပါဘူး၊ လူမှန်နေရာမှန်ဆိုတာကို တစ်ချို့က သဘောမပေါက်ဘူး ...”



မီ မျက်နှာလေးတော့အိုသွားသည်။ ဒါပေမယ့် စွဲ က မင်းရဲ ရဲ့ အစ်မ မို့ သူမရဲ့ နားမလည်ခြင်းတွေက အလိုအလျောက်ညှို့သက်ခြင်းသို့ ရောက်ခဲ့၏။

မင်းရဲ ဘယ်လိုမှ ရှင်းပြလို့မရဘဲ တစ်ဖက်သက်ခေါ်သထွက်နေသူက စွဲ ပဲဖြစ်ကာ ...၊

“ကိုရဲ နောက်ကို ကန်တင်းမထိုင်ရဘူး ...”

“ကျောင်းသားပဲကွာ ... ဒါတော့ စွဲ က ...”

“စွဲ ဘယ်တုန်းက ထိုင်ခဲ့ဖူးလို့လဲ ...”

“စွဲ က ကိုယ့်အတ္တနဲ့ ကိုယ်လေ ...”

“ဘယ်လို ... စွဲ က အတ္တကြီးတယ် ... ဟုတ်လား ...”

မင်းရဲ စွဲ နဲ့အတူ လျှောက်လာရင်း ခေါင်းတစ်ချက်ကုတ်မိ၏။ စွဲ က စွဲဆိုတဲ့အတိုင်း မာနနဲ့ ပတ်သက်လာလျှင် အစွန်းရောက်အတ္တတွေနှင့် အစွဲအလမ်းကြီးတဲ့သူဖြစ်သည်။

သူမရဲ့ ဖခင်က မြန်မာပြည်မှာရော နိုင်ငံခြားဖက်စပ်ကုမ္ပဏီလုပ်ငန်းစုကြီးမှာပါ အကြီးအကဲတစ်ယောက်ဖြစ်သည့်အတိုင်း မိခင်ကလည်း နာမည်ကြီး စိန်ကုန်သည်ဖြစ်၏။

တစ်ဦးတည်းသောသမီး ဖြစ်သည့် သူမအတွက် သုံးဖြုန်းမကုန်နိုင်အောင် မိဘနှစ်ပါး၏ ထောက်ပံ့မှုအရှိန်အဝါက ကြီးမားသည်။

ထို့ကြောင့် သူမ၏ မာန်မာနတွေက လေမှာဝဲနေသလားထင်ရလောက်အောင် အားလုံး၏အထက်မှာ အမြဲတမ်းရှိနေခဲ့၏။

ကျောင်းမှာဆို ကန်တင်းကို ဘယ်တော့မှ ခေါ်လို့မရ ...။

“ယင်တွေခြင်တွေနဲ့ ဘယ်မှာမှ မလွတ်ဘူး၊ ရှေ့ကတစ်သောက်ထသွားပြီး ဖြစ်ချင်တိုင်းဖြစ်ကျန်ခဲ့တဲ့စားပွဲမှာ နောက်တစ်ယောက်က ဝင်ထိုင်၊ လာရှင်းပေးပါဆိုမှ ရှင်းတယ်၊ တစ်ချို့ စားပွဲထိုးတွေဆို ဖျာဖျာသလဲမရှိတဲ့အပြင် ထောင့်မကျိုးတဲ့မျက်နှာနဲ့ ရောက်လာတာက ရှိသေး ...”

သူမ ဤကဲ့သို့ ရွံ့မဲ့ကဲ့ရယ်ခဲ့၏။ သူများတွေက ဝိတ်တာလို့ခေါ်

www.burmeseclassic.com



## အခန်း (၉)

"သားရေ .. ဖုန်းမြည်နေတာကြာပြီ .. ဘာလို့မကိုင်တာလဲ .."

"ကိုင်လိုက်ပြီ .."

သမယ အသံမကြားဘဲ မီ အသံလေးရှုးခနဲထွက်လာသဖြင့် ဒေါ်လေးလေးနွယ် ပြုံးလိုက်မိသည်။ ရေချိုးခန်းထဲက ထွက်လာသည့် သမယ ကတော့ ခြေလှမ်းတွေပို့မြန်သွားကာ ...၊

"လုပ်တော့မယ် .. မီ ကတော့ .."

စိတ်ပူပန်စွာ သွားမိပေမယ့် မီ က ဖုန်းဖြေနေပြီဖြစ်လျက် ...၊

"ဟလို .. အမိန့်ရှိပါရှင် .."

"ခုပြောနေတာ ဘယ်သူလဲ .."

"မီ က .. အဲ .."

အမှတ်တမဲ့တွေ အများကြီး ပြောထွက်ခဲ့ပြီးမှ မီ စကားလေးတွေ ရပ်သွားသည်။ ဒါ သမယ ဖုန်းပဲ ...၊

သမယ က ဆတ်ခနဲဆွဲယူလိုက်သဖြင့် မီ ဖုန်းပြောနေသည့်ပုံစံလေး အတိုင်း ကျန်ရစ်၏။ သမယ က တဘက်နဲ့ လည်ပင်းနဲ့ ပခုံးတွေကို ပွတ်နေရင်း ...၊

"လကျာ .. ပြောလေ .."

"ကို ဘယ်မှာလဲ .. ခုနပြောတာ ဘယ်သူလဲ .."



"ကိုယ်က အိမ်မှာ .. ခုနပြောတာ .. မီ လေ .."

"ကြားလိုက်တယ် ကို .. မီ ဆိုတာ ကိုနဲ့ ဘယ်လိုပတ်သက်နေတာလဲ .. လကျာ ဆီကို လုံးဝရောက်မလာဘဲ ကို နေနိုင်နေတာ ဒါကြောင့်လား .."

"ဟား .. မင်း ဘယ်လိုပြောလိုက်တာလဲ လကျာ .."

"သိပြီ .. ဒါပဲ .."

ဖုန်းချသွားသည့်အသံက နားထဲကို ကျက်သရေမဲ့စွာဝင်၏။ စိတ်ပျက်လက်ပျက်နှင့် ဖုန်းကို အိပ်ရာပေါ်ပစ်တင်လိုက်မိသည်။ ပြီးတော့...

"နင်က ဘာလာလုပ်တာလဲ .."

"အံမာ .."

စာကြည့်စားပွဲမှာထိုင်နေရင်းကနေ မီ ဆတ်ခနဲထရပ်လိုက်သည်။ သမယ က တဘက်ကိုတန်းပေါ်လွှားထားလိုက်ပြီးမှ အဝတ်ဗီရိုကို သွားဖွင့်ကာ ...၊

"အပြင်ထွက် ငါ အကျီဝတ်မလို့ .."

"ဝတ်ပေါ့ .. နင့်ကို မကြည့်ရင်ပြီးတာပဲ .."

သူတို့နှစ်ယောက် အတူရှိနေတိုင်း ဒီလိုပဲနေနေကျမို့ မီ က ကျောခိုင်းရပ်လိုက်သည်။ လူက ကျောခိုင်းထားပေမယ့် ပါးစပ်က ပိတ်မနေနိုင်ရာ ...၊

"သမယ ငါ နင့်ကားနဲ့ လိုက်တဲ့ကိစ္စ အန်တီ့ကို သွားမပြောခဲ့နော် .."

"စိတ်မဝင်စားဘူး .."

"နင် မဝင်စားမှန်း ငါသိပါတယ် .."

စိတ်လိုက်မာန်ပါ ဖျတ်ခနဲလှည့်ပြောလိုက်ပြီးမှ ...၊

"အယ် .."

"ဟာ ..."

မီ ချက်ချင်းကျောခိုင်းပစ်လိုက်၍ ...

"ယောင်သွားလို့ .."

www.burmeseclassic.com

www.burmeseclassic.com



"မှီ နော် .. ငါ အလိုလိုကာမှ တင်းနေတာ နားရင်းပြေးအုပ်မိရင် သေဦးမယ် .."

"အင်း .. အင်း .. ကြောက်စရာကြီးကို၊ မြန်မြန်ဝတ်စမ်းပါဟာ.. ငါပြောစရာရှိလို့ .."

"မဝတ်နိုင်ဘူး .. ဒီတစ်ခါ ထပ်လှည့်လာရင်တော့ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံ .."

ပါးစပ်က ကြိမ်းမောင်းနေပေမယ့် သမယ ကမန်းကတန်းလှုပ်ရှားနေမိကာ ပြီးပြီဆိုမှ ခါးမှာပတ်သည့်တဘက်ကို လုံးထွေး၍ မှီ ကို ပစ်ပေါက်လိုက်သည်။

"ပြီးပြီလား .."

မှီ က တဘက်ကို လက်နောက်ပြန်ပေးဖမ်းကာ သူ့ဘက်လှည့်လာ၏။ သမယ က ခေါင်းကရေတွေကို လက်နဲ့ သပ်ခါနေရင်း စားပွဲစွန်းမှာ တင်ပါးကပ်မှီ၍ ..၊

"နင်က ဘာကိစ္စ ခြေလျင်ကုန်းကြောင်းခရီးတွေနဲ့ ထွင်နေတာလဲ .."

"ဘယ်က ထွင်ရမှာလဲ .. လမ်းလျှောက်သွားရတာကိုပဲ ကြိုက်နေတာ .."

စားပွဲရှေ့မှာ ခုံဆွဲထိုင်ပြီးမှ သမယ ခါထုတ်လိုက်သည့်ဆံပင်က ရေပေါက်တွေ မျက်နှာကို လာစင်တာနှင့်တိုးကာ ..၊

"ဆံပင်တွေက ရေသုတ်လေ .."

"ကဲ .. ပြောပါ .. ဘာကိစ္စလဲ၊ ဘယ်သတ္တဝါနဲ့ တိုက်မိလာသလဲ.."

"ဟွန်း .. တိုက်မိတဲ့ကိစ္စတွေက လွန်မြောက်ခဲ့ပါပြီဟာ .."

မှီ က ပြုံးစိစိမျက်နှာလေးနှင့် ထသွားသည်။ ပြီးတော့ သူတင်ထားသည့်တဘက်ကိုယူပြီး ပြန်လှည့်လာ၍ ..၊

"လာ .. ဒီမှာထိုင် .. ငါ ဆံပင်ခြောက်အောင်သုတ်ပေးမယ် .."

သမယ က ခေါင်းကို ဒရိုင်ယာမှုတ်တာ မကြိုက် ..။ အပူထိတာကိုရော အသံကိုပါ မခံနိုင်သဖြင့် ဆံပင်ဆိုင်အဖော်ခေါ်ရင်လည်း ဘယ်



တော့မှ မလိုက်ဘေ ..။

မှီ က ထိုင်ခုံ်မှ ကုလားထိုင်မှာ ဆင်းထိုင်လိုက်တာ ..။

"လုပ်ပေးတ ာက နည်းနည်း ငါ့နားမီးခိုးထွက်အောင် ဆေါက်ဆေါက် ဖောက်လို့ကတော့ .."

"အမလေး .. လူကိုကြိမ်းလိုက်မောင်းလိုက်တာ သမယ ရယ်၊ ရုပ်ကြီးကလည်း မြင်လိုက်ရတည်းက မီးလောင်ပြင်ကြီးလိုဖြစ်နေတာ များ မီးခိုးထွက်မှာကြောက်နေသေးတယ်၊ ဘာဖြစ်နေတာလဲ .. နင့်ရည်းစား က ဖုန်းထဲက ဘာတွေကောသွားလို့လဲ .."

"ကိုယ့်အကြောင်းကိုယ်ပြော .."

"ငါ့အကြောင်းက ဘာမှမရှိပါဘူး .. အဟွန်း .."

မှီ က သမယ ဆံပင်တွေကို တယုတယဆွဲဖွပွတ်သုတ်ပေးနေရင်း စိတ်ကူးတွေထဲမှာ နစ်နေသည့်ရယ်သံလေးနှင့် ..၊

"ငါ ဒီကိုပြောင်းပြီး ကျောင်းတက်ရတာ ပျော်တယ်သိလား၊ ဒီရောက်မှပဲ ယောကျ်ားလေးသူငယ်ချင်းတွေလည်း ရတယ် .."

"တော်တော် ဘဝင်ခွေ့နေတဲ့ပုံပဲ .. ယောကျ်ားလေးသူငယ်ချင်း ရဖို့အတွက် ကားမစီးတာလား .."

"ဖြစ်စရာလားဟဲ့ .. ကားမစီးတာက ငါ အခုလို လွတ်လွတ်လပ်လပ် လမ်းအကြာကြီး တစ်ခါမှမလျှောက်ခဲ့ရဘူးလေ၊ မန္တလေးမှာ သူများတွေ ဆိုင်ကယ်စီးနေကြပေမယ့် ငါ မစီးရဘူး၊ ကားကြီးနဲ့ သွားနေရတာ တောင် အားနစ်ဖက်မှာ ချို့သဲ တို့ တက်ပုမ တို့ မပါဘူးဆိုတာမရှိဘူး.."

"ဟုတ်တယ် .. အခု ရန်ကုန်မှာ ဒေါ်ဒေါ်ဥ နဲ့ နှစ်ယောက်တည်း ထားပြီး လွတ်လွတ်လပ်လပ်နေခိုင်းခဲ့တာ နည်းတယ်ထင်သေးတာလား.."

"အံမယ် မေးပုံက .."

တဘက်နဲ့ ခေါင်းကို ပွတ်သုတ်ပေးနေတာရပ်သွားပြီး မှီ က သမယ မျက်နှာကို ငုံ့ကြည့်သည်။

"လေသံက ဖေကြီးနဲ့တောင် တူနေသလိုပဲ .. ဟိုတုန်းကတော့

www.burmeseclassic.com

www.burmeseclassic.com



'တုတ်ဝ .. အန်ကယ်လ်ကလည်း' ဘာညာနဲ့ ..."

"ဟိုတုန်းက ဟုတ်တယ်လေ .. နင်က သနားစရာလေးဖြစ်နေတာကိုး .."

"ခု .. သနားဖို့မကောင်းတော့ဘူးပေါ့ .."

"ဟုတ်တယ် .. နင် ဘယ်သွားနေတာ ဘာလုပ်နေတာတွေ ငါ မမြင်ဘူးမှတ်လို့လား .."ဗျ

"ဟင် .. တကယ် .."

အထိတ်တလန့်ဖြစ်သွားတာမဟုတ်ဘဲ မီ သူ့မျက်နှာရှေ့ ချက်ချင်းရောက်လာတာ ဝမ်းသာအားရလေး ...။

"ငါ .. ငါနဲ့ မင်းရဲ ကိုလားဟင် .."

သမယ မျက်နှာမှာ ရှုံ့တူးတူးပုံစံတွေဖြစ်သွား၏။ ပြီးတော့ မီကို တွန်းဖယ်ပြီး နေရာမှ ထရပ်လိုက်ကာ ...၊

"ဗိုက်ထိုးပစ်ဖို့ကောင်းတယ် .. ရုပ်ကြီးက .."

"သမယ နေဦး .."

"ဘာလဲ .. ဘာလုပ်မလို့လဲ .."

မီ က မှန်တင်ခုံလေးပေါ်က စနိုးတာဝါလှမ်းယူရင်း သမယ လက်ကိုလည်း တစ်ဖက်ကဆွဲထားကာ ...၊

"နင့် နားပေါက်ထဲမှာ ဆပ်ပြာအစအနတွေတွေ့လို့ .. နေဦး .. တော်ကြာ နားကိုက်လိမ့်မယ် .."

"နေပေ့စေ .."

ပြောပြီး သမယ က မီ့ လက်ထဲက စနိုးတာဝါကို ဆွဲယူလိုက်သည်။ မီ က ဖျတ်ခနဲပြန်လု၍ ...၊

"ကိုယ့်ဘာသာ ဘယ်လိုလုပ်သေချာသုတ်မှာလဲ .. ပေးစမ်းပါ .. ငါ လုပ်ပေးပါ့မယ် .."

ပြန်လုယူပြီး လက်ကိုလည်း မလွှတ်တမ်းဆွဲထား၏။ ပြီးတော့ ခြေဖျားလေးထောက်၍ နားထဲကို သေချာကြည့်ပြီး ဂရုတစိုက်လုပ်ပေးသည်။



သို့သော် .. မမှီတမှီဖြစ်နေသည့်ပြင် ဂရုစိုက်ရလွန်းသဖြင့် ဒယိမ်းဒယိုင်နဲ့တဲ့တဲ့ဖြစ်နေလျှင် ...၊

"အ ..."

"မှီ .. ကျွတ် .."

လဲကျမလိုဖြစ်နေသဖြင့် သမယ က သူ့မခါးကိုဖက်ထားရတာ...

"မလုပ်ပါနဲ့ဆိုတာ မရဘူး၊ လဲကျသွားရင် တောင်ပေါ်က ဇွဲသေကောင်ပြုတ်ကျတာထက်ဆိုးဦးမယ် .."

"ပြောရက်လိုက်တာကြည့်စမ်း .. ဒီမှာ ခြေဖျားထောက်နေရတာရော ဘယ်လောက်နာလဲသိလား၊ ဆောင်းလခါမီ က ပင်ပန်းမခံနိုင်လို့ လေ့ကျင့်ခန်းတောင်မလုပ်ဘဲ အလှအပတွေစွန့်လွှတ်ထားခဲ့တာ .."

ပြောပြီး ထောက်ကြွထားသည့် ခြေဖျားလေးကို ဆောင့်ခနဲပြန်ချသည်။ ဖက်ထားသည့် သမယ လက်ကိုပုတ်ထုတ်ခါချပစ်ကာ တာဝါစကို ပုံးထဲထိုးသေချာသွားပစ်၏။ ပြီးမှ ဆံပင်တွေခါသွားအောင် ပြန်လှည့်ကြည့်၍ ...

"နင် အထင်သေးနေတဲ့ .. ဝတ်ပုတ်မ ကို သေချာကြည့်ထား –"

"မြင်ပါတယ် .. အရင်ကထက် နှစ်ဆလောက်ဝိတ်တက်လာတာ..."

"သုံးဆ လေးဆပဲတက်တယ်၊ ငါပြောချင်တာက တတ္တသိုလ်ကကင်းဆိုတဲ့ တစ်ယောက်လေ၊ နင်နဲ့ မိတ်ဆက်ပေးခဲ့တဲ့ မင်းရဲ့ –"

"ဘာဖြစ်လဲ .."

"ငါနဲ့ လုံးဝ အဆင်ပြေနေတာ .."

"ဟွန်း .."

သမယ က မဲ့လိုက်ပြီး မှန်ရှေ့လှည့်ရပ်လိုက်သည်။ ပြီးတော့ ခေါင်းဖြီးနေရင်း ...၊

"မြောက်ပေးတိုင်းကွေးအောင်ကမနေနဲ့၊ သူများသမီးရည်းစားကြား ကန့်လန့်ကန့်လန့်နဲ့ .."

"ဘာ .. နင်ပြောတာ .. ဘာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကောင်အကြောင်း နင်ဘာသိလို့မီးမြှင့်နေတာပဲ .."

"မင်းရဲ ကိုဆို ပွေတယ်ရှုပ်တယ်ပြောနေကြတာပဲလေ .. သူက ခင်တတ်တာပါ၊ ယောကျ်ားပီသတဲ့စိတ်ရှိတော့ မိန်းကလေးတွေအပေါ်မှာ ငဲ့ညှာတတ်တယ်၊ မလိုသူတွေ မကောင်းပြောတာ နင်က လိုက်ထောက်ခံမနေစမ်းပါနဲ့ .."

"ဘာဟ .."

သမယ ဘီးကိုင်ရင်းလှည့်ကြည့်သည်။ မီက လက်ခလေးပိုက်ထားလျက် ..။

"ဟုတ်တယ်လေ .. မင်းရဲ က .."

"မင်းရဲ ကို ဖြစ်ဖြစ် .. သူငယ်ချင်းထားတာဖြစ်ဖြစ် ဘယ်သူဘယ်လိုဆိုတာ အကဲခတ်ရခက်တယ်၊ ပြီးတော့ နင်က နင့်အိမ်ဂ၊ အိမ်အကူတွေအပြင် တခြားလူတွေနဲ့ ဘယ်လောက်များ ဆက်ဆံဖူးလို့လဲ၊ ကိုယ့်ကိုယ်ကိုယ် လူတတ်ကြီးလုပ်နေတယ် .."

"လူတတ်ကြီးမလုပ်ပါဘူး၊ ဒါပေမယ့် ငါနဲ့ခင်တဲ့သူတွေက ငါ့အပေါ်ကောင်းကြပါတယ်၊ မင်းရဲ အစ်မဆိုတဲ့ တစ်ယောက်ကတော့.."

"တွေ့သားပဲ သူကတော့ သူ့မောင်ကို ဘယ်သူနဲ့မှတွဲတာမကြိုက်ဘူးလို့ပြောကြတာပဲ၊ ငါ့လို ဝတုတ်တုတ်ပုံဆိုးဆိုးနဲ့ဆို ပိုဆိုးတာပေါ့.."

"သိရင်လည်း ကိုယ့်အန္တရာယ်ကိုကြည့်ရှောင် .."

"သမယ .."

"ဘာလဲ .."

"နင်က အန်တီလေးနဲ့ ပူးပေါင်းသွားတာလား .."

လက်မောင်းကိုဆွဲထားပြီးမေးတော့ သူမဘက်ကို ပြန်လှည့်လိုက်ရက၊ နှုတ်ခမ်းနီရဲရဲ အိုင်းလိုင်းနှာတွေပါ ဆွဲတတ်နေသော မျက်နှာလေးကို သေချာကြည့်မိ၏။

ပြီးတော့ စိတ်ပျက်ခြင်းနှင့် စိတ်မကောင်းခြင်းက ဒွန်တွဲဖြစ်ပေါ်လာကာ ..၊



"နင် တော်တော်လှချင်နေပြီ .."

"ဟုတ်တော့ ဘာဖြစ်လဲ .. မေးတာဖြေစမ်းပါ၊ နင်က အန်တီလေးနဲ့ ပူးပေါင်းသွားတာလား၊ ငါ့ကိုဘယ်လိုနေပါ ဘယ်လိုထိုင်ပါ တစ်ခါမှ မပြောဘူးဘဲနဲ့ .."

"ခုလည်း ဘယ်လိုနေပါ ဘယ်လိုထိုင်ပါတွေပြောနေတာမဟုတ်ဘူး၊ နင့်ကို မြင်ရတာ ဘယ်နေရာမှာမှ အမြင်မတော်လို့ .."

"ဘယ်နေရာမှဆိုတာက ဘာလဲ .. ငါဖြင့်နင့်ကိုမတွေ့ပါဘူး .."

"ဘယ်တွေ့မလဲ နင်ကတစ်မျက်နှာပဲ မြင်နေတာကိုး .."

သမယ စကားကြောင့် သူမနဲ့ မင်းရဲ တွဲနေတာကိုမြင်သွားတာပဲလို့ သိလိုက်ကာ မီ မျက်နှာလေးပြုံးသွားသည်။ ထိုအခါ မန္တလေးတုန်းက သူငယ်ချင်းတွေကိုပါ သတိရမိလေသည်။ သူငယ်ချင်းဆိုတာထက် ပတ်ဝန်းကျင်ဆိုရင် ပိုမှန်မည်ထင်၏။

မီ က သူတို့ထဲမှာ စနောက်ဖွယ်ဖက်တီးမတစ်ယောက်အဖြစ်ထက်မပို ..။ သူတို့ချင်း ချစ်ရေးချစ်ရာ ရင်ဖွင့်နေကြရင်တောင် မီ ဘာဝင်ပြောပြော ရယ်စရာ ..။

"နင်က ပြောအားရှိမှာပေါ့ .. ရည်းစားမှမရှိတာ .."

"သူလား .. ဘယ်တော့မှလည်း ရှိလာမှာမဟုတ်ဘူး ဒီပုံစံနဲ့ .."

"နင့်လို ဖက်တီးမဆိုရင်တော့ ထားခဲ့ခံရတာဖြေလို့ရမှာပေါ့၊ မ်လွှင် က အချောအလှမော်ဒယ်လ်လေ .. ဟိုက စဖြတ်တာခံရခက်မှာပေါ့ဟ .."

စသဖြင့်သော နာကျင်ခဲ့ရသည့်အဖြစ်တွေကို စီကာပတ်ကုံးတွေးမိလာ၏။ သူတို့ချင်း အသည်းကွဲရှင်းတမ်းတွေဖွင့်ပြီး မျက်ရည်ပေါက်ပေါက်ကျနေကြပါစေ မီ ကတော့ ဝင်ရောက်နှစ်သိမ့်ပေးခွင့်တောင်မရှိခဲ့တဲ့သူ ..။

ခုတော့ မီ ကို စိတ်ဝင်စားအလေးထားမယ့်သူရှိနေခဲ့ပြီ .. ဘယ့်နယ်လဲ ..။

www.burmeseclassic.com

www.burmeseclassic.com



အနားမှာသူတို့ရှိနေကြရင်တော့ မီ ပြန်မေးခွင့်ရတော့မှာပါ။

မေးနိုင်အောင်လည်း သူမ ဒီတိုင်းဆက်သွားမည်။ မင်းရဲ နဲ့ ချစ်သူသာ ဖြစ်ခဲ့မည်ဆိုလျှင် ...၊

"ဘာလဲ .. စိတ်ကူးတွေယဉ်နေတာလား .."

မီ ငေးနေတာကို သမယ က မျက်နှာနားကပ်မေးပြီး အပြင်ထွက်သွား၏။ မီ က ရယ်ကာ သူ့နောက်ကပြေးလိုက်ရင်း ...၊

"သမယ .. နှင့်ကို အဲ့ဒါမေးချင်လို့ .."

"မမေးနဲ့ .."

"နေပါဦးဆို နင်ကလည်း .."

"မှ် .."

"မဟုတ်ပါဘူး .. ဟိုလေ မင်းရဲ အစ်မကို နင်သိလားလို့ .."

"နင်လည်းသိတာပဲ .. ဘာလုပ်မလို့လဲ .."

"သူ့အစ်မက တော်တော်လှတယ်နော် .."

"လှလို့ ငါ့ရည်းစားဖြစ်နေတာပေါ့ .."

"ဟင် .. တကယ် .."

"ဖယ်စမ်းပါ .. ပြူးတူးပြဲတဲနဲ့ .."

မီ က ဆွဲထားလိုက်၊ ဖယ်ချပစ်ပြီးဆက်သွားလိုက်နှင့် သမယ မျက်နှာချင်းဆိုင်ပြန်ရပ်လိုက်ရကာ ...။

"ကဲ .. ပြော .. နှင့်ကြောင့် သူနဲ့ ငါ ကျိုင်တက်သွားတာနော်.."

"ဟင် .. အဲ့ဒါ .. အဲ့ဒါ .. မင်းရဲ ရဲ့ အစ်မလား .. ခုန ဖုန်းခေါ်တာလေ .."

"ဟော .. သားတို့ရောက်လာတာ အတော်ပဲ .. လာကြ .. လာကြ"

ပြောဖို့ အသေအချာမျက်နှာချင်းဆိုင်မိပြီးမှ ဒေါ်လေးလေးနွယ် လိုက်လာတာနှင့် တိုးကာ ဘာမှဆက်မပြောဖြစ်လိုက်ဘဲ ...၊

"လာမယ့် ဖရိုက်ဒေးမှာ မေမေက ဘန်ကောက်ကိုသွားမှာ .."

"ကျွန်တော်သိပါတယ် .."



"အေး .. မင်း အဖေကတော့ ဆန်းဒေးမှာ ပြန်ရောက်မယ်၊ မန်းဒေးမှာ သမီးမေမေနဲ့ ဖေဖေ ဒီကိုလာကြမှာလေ .."

"ဖေကြီးလာမယ် !...."

မီ မျက်လုံးလေးဝိုင်းသွားတော့ ဒေါ်လေးလေးနွယ် က ပြုံး၍ ခေါင်းညိတ်၏။

"ပြီးရင် မြဝတီကို ဆက်ဆင်းမှာလို့ပြောတယ်၊ အလုပ်ကိစ္စတွေ အရေးကြီးနေလို့တဲ့ .."

သုံးယောက်စလုံးအပေါ်ထပ် ဧည့်ခန်းမှာပဲ ထိုင်လိုက်ကြကာ ...

"မေမေပြောချင်တာက အိမ်မှာလူကြီးတွေ ခရီးသွားအလုပ်ရှုပ်နေကြတုန်း သားနဲ့ သမီးတို့က နောက်ထပ်အလုပ်ပိုရှုပ်အောင်မလုပ်ကြဖို့ပဲ .."

ပြောနေရင်း မီ ကိုကြည့်၍ ...

"ပြောရရင် သမီးကို အန်တီလေး စိတ်မချဘူး .."

"ဟင် ..."

"ဒီမှာနေတာလည်းမဟုတ်တော့ အန်တီလေးအနီးကပ်ရှိနေတာတောင် သမီးကိုပဲ စိတ်ပူနေရတာ၊ အခု ဒီတာဝန် သားကိုပေးရတော့မှာ .."

"အန်တီလေးကလည်း မီ က ဘယ်လိုနေနေလို့လဲ .."

"ဘယ်လိုနေနေမှန်း အမြဲကြည့်နေချင်တာလေ၊ သမီးကို ခင်တို့ ဘယ်လောက်စိတ်မချဖြစ်နေသလဲ သမီးအသိပဲ၊ ပြီးတော့ သမီးက ဒေါ်ဥ ကိုလည်း ကြောက်တာမဟုတ်ဘူး၊ ဒေါ်ဥ ကလည်း သမီး ခေါင်းတစ်ချက်ခွေ့လိုက်ရင်ပြီးသွားတဲ့လူ .."

ကားနဲ့ မသွားလာသည့်ကိစ္စတွေ အန်တီလေး သိနေတာလား ...။

သိနေရင်တော့ ဒီလိုသွယ်ဝိုက်ပြောနေမှာမဟုတ်ပေ။ တွေးမိရင်း သမယ ကို လှမ်းကြည့်မိ၏။

"အန်တီလေး ထင်တာတော့ ခင်တို့ ဒီကိုလာမှာ၊ နေရေးထိုင်ရေးကိစ္စပါ ပါမယ်ထင်တယ် .."

သွားပြီ ...၊

www.burmeseclassic.com

www.burmeseclassic.com



မီ စိတ်ညစ်သွားလေသည်။ မေမေနဲ့ ဖေကြီးတို့ ဒီမှာ မီ နဲ့အတူ ရှိနေကြမယ်ဆိုရင်တော့ မန္တလေးမှာနေခဲ့ရတဲ့ စတိုင်လ်တစ်မျိုးနဲ့ပဲ သူမ စခန်းသွားရတော့မှာပါ။

လွတ်လွတ်လပ်လပ်နေပါစေဆိုပြီး မွေးနေ့မှာ ဒါတစ်ခုပဲတောင်းဆိုခဲ့တာ ရက်ပိုင်းလပိုင်းလောက်ပဲ နေခွင့်ရဖို့မဟုတ် ...။

"သမီး ..."

"ရှင် ..."

ဒေါ်လေးလေးနွယ် က မီ့ ကို ကြည့်၍ သက်ပြင်းချလိုက်ကာ...

"သမီးကို မိဘတိုးဘွားတွေက ဘယ်လောက်ချစ်ကြသလဲ သမီးနားလည်မှာပါ ..."

"မီ သိပါတယ်၊ ဒါပေမယ့် အခု မီ ဒီရောက်တာဖြင့် ဘာမှမကြာသေးဘူး ..."

"သမီးက အန်တီလေးတို့နဲ့လာနေတာလည်း မဟုတ်ဘူးလေ.."

"တစ်လမ်းတည်းမှာပဲဟာ .."

"နီးနီးလေးကို အတူမနေချင်တာက သမီးရဲ့ စိတ်ကိုမှန်းရခက်သွားတာပေါ့၊ လွတ်လပ်မှုက ကောင်းပါတယ်၊ ဒါပေမယ့် အရာရာဟာ သူ့နေရာနဲ့ သူ့အတိုင်းအတာနဲ့ရှိတယ်၊ သမီး မိသားစုနဲ့ သမီးအတွက် ဆိုရင် သမီး လွတ်လပ်ချင်တာက အန္တရာယ်ပဲလေ .."

"မီ ငယ်ငယ်တည်းက အစောင့်အရှောက်တွေနဲ့ အတိုင်းအတာတွေနဲ့ နေထိုင်စားသောက်ခဲ့ရတာ .."

"ဟုတ်တယ် .. သမီးက အဲ့ဒီလိုကြီးပြင်းလာရတဲ့ မိန်းကလေးပဲ၊ ဒါကြောင့် လွတ်လပ်နေတဲ့ အရာရာတိုင်းဟာ သမီးအတွက် မက်စရာတွေချည်းပဲလေ၊ လူကြီးတွေ စိတ်မချဖြစ်နေတာ အဲဒါ .."

"အန်တီလေး ..."

"ဟင် ..."

မီ က နှုတ်ခမ်းလေးစူနေကာ ဆံပင်တွေကို ဘယ်ပြန်ညာပြန်သပ်



နေသေးသည်။ ပြီးမှ ..၊

"မီ က ဒီလိုပုံစံ ဝဝတုတ်တုတ်နဲ့ကို မေမေတို့က ဘာတွေစိတ်ချဖြစ်နေတာလဲ .."

"သမီးရယ် .. လူငယ်တွေအတွက် ရည်းစားထားမှာ အိမ်ထောင်ကျမှာတွေပဲ အရေးကြီးတာမှမဟုတ်တာ၊ တခြားမှားယွင်းသွားနိုင်တာတွေ အများကြီးရှိသေးတယ်လေ .."

"ဒါဆို .. မီ ဒီမှာလာနေမယ်လေ .."

ဒေါ်လေးလေးနွယ် ခေါင်းခါနေရင်းပြုံးပြ၏။

"အဲ့ဒါ ထူးမှာမဟုတ်တော့ဘူးထင်တယ်၊ ခင်တို့က ဒီမှာပြောင်းနေကြဖို့စီစဉ်ပြီးကြပြီ၊ ကုမ္ပဏီလုပ်ငန်းအတွက် ပိုပြီးစိတ်ချဖို့လည်းပါတယ်၊ သမီး ဘိုးဘိုးပဲ စီစဉ်ပေးနေတာ သမီးရဲ့ .."

မီ အရုပ်ကြိုးပြတ်လေးဖြစ်သွားပုံကိုကြည့်ကာ သမယ က တိတ်ဆိတ်စွာမှဲ၏။ စိတ်ထဲကတော့ ကောင်းလိုက်လေခြင်းလို့ပြောမိလေသည်။

သူမ သွားလာလှုပ်ရှားနေတာမြင်လိုက်ရတိုင်း ပတ်ဝန်းကျင်တစ်ခုလုံးက ဝိုင်းဝန်းလှောင်ရယ်နေကြသလို ခံစားမိနေသဖြင့် ဒီတိုင်းနေနေတာကို သူလည်းမကြိုက်ပေ ...။

အထူးသဖြင့် သူများတကာလို ချစ်သူတစ်ယောက်ရရှိရေးအတွက် သူမ လုံးပမ်းကြိုးစားနေတာ က သူများတကာမျက်စိနောက်ဖွယ်ဖြစ်နေခြင်းသာ ...။

ဝလို့ ကြိုက်မယ့် သူမရှိဘူးဆိုသည့်အဖြစ်ကို သူမ လက်မခံနိုင် ...။

သူများတွေ ချစ်သူနဲ့တွဲသွားကြည်နူးနေကြတိုင်း ချစ်သူမရှိသည့် သူမအတွက် မျက်နှာငယ်သည်လို့ထင်နေ၏။

တော်တော်ခက်တဲ့ မီ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"ဟိတ်ကောင် နေဦး .."

"နေရအောင် ငါနဲ့ ဘာဆိုင်လို့လဲ .."

"ဆိုင်တယ် .. အဲ့ဒီကောင်က မင်းတို့အဖွဲ့ပဲ၊ မင်းတို့ချင်း အကြံတူညာဏ်တူတွေ .."

စကားသံတွေကြောင့် လမ်းလျှောက်သွားနေရင်း လှမ်းကြည့်လိုက်မိသည်။ ကားမှတ်တိုင်အမိုးရိပ်ရဲ့နောက်က ရေမြောင်းနှုတ်ခမ်းပေါ်မှာ ယောကျ်ားလေးလေးယောက် ဝိုင်းပတ်ရပ်နေကြသည်။

အလယ်မှာ ရပ်နေသည့်လူကိုမြင်လိုက်တော့ မီ အံ့သြသွား၏။

ချစ်တိုင်း ..၊

အခြေအနေကိုမြင်လိုက်တာနှင့် ဒါ ရန်ပွဲပဲဆိုတာသိလိုက်သည်။ ထို့ကြောင့် မရည်ရွယ်ပေမယ့် ခြေလှမ်းတွေက ထိုဆီဦးတည်ပြီးသားဖြစ်နေခဲ့လျက် ..၊

"ချစ်တိုင်း .."

ယောကျ်ားလေးအုပ်စုပေမယ့် မီ မကြောက်ပေ ..။ ဒီလိုနေရာမှာ ဘယ်ယောကျ်ားလေးမှ မိန်းကလေးတစ်ယောက်ကို ဆီးကြိုတိုက်ခိုက်ပြီး အနိုင်ယူမှာ မဟုတ်မှန်းယုံကြည်စွာဖြင့် ..၊



"ခုထိ ဒီမှာပဲရှိသေးတာလား .. အတော်ပဲ .."

သိသိ မသိသိ တရင်းတနှီးဝင်ခေါ်ပစ်လိုက်ကာ ဘေးမှာရှိနေသူတွေကိုပါ ပြုံးပြလိုက်ပြီး ..၊

"ဘယ်သွားမလို့ တိုင်ပင်နေကြတာလဲ .. ဒီနေ့တော့ ငါနဲ့လိုက်ခဲ့ပေးစမ်းပါ၊ ရဲစခန်းဆိုတော့ ငါတစ်ယောက်တည်းမသွားရဲလို့ပါ .."

ချစ်တိုင်း က ဘာမှမပြောဘဲ မေးလည်းမမေး ..။

မီ ကိုတော့ မှတ်မိနေသည့်မျက်ဝန်းတို့နှင့် ကြည့်၏။ မီ တသူ့လွယ်အိတ်ကိုဆွဲကိုင်လိုက်ကာ ..၊

"လာပါ .. ဖေကြီးနဲ့ ခဏဝင်တွေ့ရုံပဲ .."

ပြောပြီး တခြားကျောင်းသားတွေလည်း ခွင့်တောင်းသလိုပြုံးပြလိုက်သည်။ ပြီးတော့ ဘာမှထပ်မပြောတော့ဘဲ ဆွဲခေါ်လာခဲ့၏။

ကျန်ခဲ့သည့် ကျောင်းသားတွေ နှုတ်ဆိတ်စွာရပ်ကြည့်ရင်း ကျန်ခဲ့ကြ၏။ ကွယ်ရာကို ရောက်လာကာမှ ချစ်တိုင်းက ..၊

"ကျေးဇူးပဲ .."

"ရပါတယ် .. တစ်ခုခုပြဿနာတက်နေတာလားလို့ ဝင်လာလိုက်တာ၊ ချစ်တိုင်း က မမှတ်မိရင် ရှက်စရာကြီးဖြစ်ဦးမှာ .."

"မှတ်မိပါတယ် .. မင်းပုံစံက မှတ်မိလွယ်တဲ့ပုံမျိုးပဲဟာ .."

မီ မျက်နှာလေးပျက်သွားသည်။ ပြီးမှ ပြုံးပြလိုက်ရ၏။

"ဟုတ်တယ် .. ပစ်မလွဲကိုယ်ခန္ဓာလေ .."

"မဟုတ်ပါဘူး .."

နှစ်ယောက်သားရယ်မောကြရင်း ခဏအတွင်းမှာ တရင်းတနှီးဖြစ်သွားကြ၏။

"တို့က အဲဒီလိုပြောချင်တာမဟုတ်ပါဘူး၊ မင်းက တို့နာမည်ကိုသိနေသလို တို့ကလည်း မင်းနဲ့တွေ့တုန်းက .."

"ရပါတယ် .. ဘယ်လိုဖြစ်ဖြစ် မီ စိတ်မဆိုးပါဘူး .."

"စိတ်ဆိုးမှာစိုးလို့ တမင်ညာတာလည်းမဟုတ်ပါဘူး၊ တို့ပြောတာ

www.burmeseclassic.com

www.burmeseclassic.com



ဘာ မင်းကို စတွေ့ခဲ့တာ ပြဿနာတစ်ခုနဲ့လေ ..၊ အဲ့ဒီတုန်းက ဖုန်းကွဲသွားတာတောင် မင်း ဒီတိုင်းလှည့်ပြန်သွားတယ်မို့လား .. ဒါကြောင့် မှတ်မိနေတာကိုပြောတာ .."

"ဟုတ်လား ..."

ရယ်ရင်း မော့ကြည့်ရင်းနှင့် ခေါင်းညိတ်ပြတော့ ချစ်တိုင်း က မီ့ မျက်နှာလေးကိုငုံ့ကြည့်သည်။ ပြီးတော့ ..၊

"မင်းက ခင်ဖို့ကောင်းပါတယ်၊ ချစ်စဖွယ်မျက်နှာလေးလည်းရှိတယ် .."

"တကယ်လား .. ချစ်တိုင်း ကို မုန့်တွေအများကြီးဝယ်ကျွေးသင့်နေပြီ .."

"မကျွေးရပါဘူးကွာ .. ဒါနဲ့ နေ့တိုင်းတစ်ယောက်တည်းလမ်းလျှောက်လာတာလား .."

"ဟင် ..."

မီ က ခေါင်းညိတ်လိုက်ပြီးမှ ဖျတ်ခနဲပြန်မော့ကြည့်ကာ ..၊

"မီ့ ကို တွေ့နေတာလား .."

"အင်း ..."

"ချစ်တိုင်း ကိုတော့ မတွေ့ပါလား .. တွေ့ရင်ခေါ်တာမဟုတ်ဘူး၊ မီ က ရှာကြည့်မိသေးတာမတွေ့လို့ .."

ဒီတိုင်းပဲ စိတ်ထဲရှိသလို ပြောလိုက်မိ၏။ ပြီးမှ သတိရသွားမိပြီး..၊

"အင်းနော် .. တွေ့တိုင်းလည်း နှုတ်ဆက်ဖြစ်ချင်မှဖြစ်မှာပေါ့၊ မီ တို့က ခင်မှမခင်တာ .."

"အဲ့လိုတော့ မဟုတ်ပါဘူး .. မင်းက သူငယ်ချင်းတွေနဲ့ အလုပ်ရှုပ်နေတာမို့လို့ .. ပြီးတော့ သုံးခါလားပဲမြင်မိတာ .."

ဒါဆို မင်းရဲ နဲ့ တွဲနေတာကို သူတွေ့သွားတာလား ..၊

သူမနဲ့ မင်းရဲ ကို လူသိများနေတဲ့ သဘောလား ..၊

ဘာလေးပဲ ကြားလိုက်ကြားလိုက် ဒီအတွေးကိုပဲ ရောက်သွားတတ်





ကာ သူမအတွက်တော့ ကျေနပ်စရာသတင်းပဲဖြစ်နေခဲ့၏။

"မီ က ဘယ်ရီးယားလဲ .."

"တတိယနှစ် .. ချစ်တိုင်း ရော .."

"ဖိုင်နယ်လ်ပဲ .."

"ဟုတ်လား .. နောက်ဆို သွားလာရင်းတွေ့ရင် ခေါ်ရမယ်နော်.."

"ခေါ်မှာပေါ့ .."

မီ နဲ့ ချစ်တိုင်း အတူတွဲလျှောက်လာကြတာကို စု တို့ လှမ်းမြင်လိုက်ကာ ကွယ်ရာကနေ မျက်လုံးမျက်ဆံပြူးတွေဖြစ်ကုန်ကြ၏။

"ကြည့်စမ်းဟယ် .. ဖက်တီးမ မထင်ရဘူးကြည့်စမ်း ..".

"ဟုတ်ပတော့ .. အဲဒါ ဖက်ရက်ရှာကွင်းနဲ့ ငြိနေတဲ့တစ်ယောက်မို့လား .."

"ငြိနေတယ်မပြောပါနဲ့ မြတ် ရယ်၊ မိုမို့ က တစ်ဖက်သတ်ချစ်နေရှာတာပါ၊ အဲ့တစ်ယောက် လုံးဝဂရုမစိုက်ဘူး .."

"ဒါတော့ တော်တော်လွန်နေပြီ ဒီမိန်းမ .."

"နင်က လက်ဆောင်နဲ့ပေးမယ်ဆိုပြီး ဗာရာဏသီရဲ့နေတာကိုး၊ အရေးထဲမှာ စွဲ ဆိုတဲ့မိန်းမက နားမလည်ပါးမလည်နဲ့ လူတွေကိုအထင်လွဲနေသေးတယ် .."

"အေးနော် .. ပြောတုန်းကတော့ ဒီပုံစံမျိုးကို အူတိုစရာလား ကို ပြီးတော့ .."

"ငါပြောသားပဲ .. မီ က ချစ်စရာလေးပါဆိုတာ လက်မှမခံတာ၊ သိပ်ပြီးဝတုတ်နေတာလည်းမဟုတ်ဘူး၊ ချစ်တဲ့ မျက်လုံးနဲ့ကြည့်ကြည့်လိုက် .. အရမ်း .."

"တော်စမ်းပါ .. ချစ်တဲ့ မျက်လုံးနဲ့ကြည့်စရာလား၊ ကိုယ်နဲ့မဆိုက်မဖက် ခေါင်ကိုမှ တက်မှန်းတဲ့မိန်းမ အရှက်မရှိကပ်တွယ်နေတာကြည့်လို့ကိုမရဘူး .. တွေ့မယ်ငါနဲ့ .."

တစ်ယောက်တစ်ခွန်း ကဲ့ရဲ့မဆုံးဖြစ်နေကြခိုင်း စု က မီ တို့နဲ့

www.burmeseclassic.com



ဆုံအောင် သစ်ပင်ရိပ်မှာ ကပ်ရပ်နေလိုက်၏။ ထက် က ချစ်တိုင်း နဲ့ မို ကို လှမ်းကြည့်ကာ ...၊

"နင်က မင်းရဲ ကိုပဲ 'ခေါင်' လို့မှတ်နေတာလား၊ ချစ်တိုင်း က လည်း အားလုံးသတ်မှတ်ချက်နဲ့ နံပါတ်စဉ်သုံးရထားတာနော် .. ဒါတောင် နံပါတ်တစ် ကင်းနဲ့ ဒီမိန်းမ မဆုံသေးလို့ဖြစ်မယ် .."

"အောင်မလေး မိထက် ရယ် .. နင်ကလည်း အထင်ကြီးနေလိုက်တာ၊ အခု ဘယ်မှာတယ်လိုတွေပြီး တွဲလျှောက်ခွင့်လေးရရုံ ဘယ်လောက်ကြိုးစားနေရသလဲ နင်သိလို့လား .."

"မှသိဘူးလေ .."

"မသိရင်မပြောနဲ့ .. နောက်မှရောက်လာပြီးတော့ လူက လေးလုံးခြောက်ဖက်ကြီးနဲ့ တက္ကသိုလ်မှာ ဓိုလ်စွဲချင်သေးတယ်၊ ဘာပြောပြောနောတဲ့ ပြုံးဖြဲဖြဲရုပ်ကို နည်းနည်းမှကိုကြည့်လို့မရဘူး .."

"အေး .. အခု ဒီမိန်းမ တာ့ဂတ်ပြောင်းမသွားခင် ငါတို့လုပ်ငန်းစမှဖြစ်မှာနော် .."

သူမကိုကြည့်ပြီး ဘယ်လိုတွေမေတ္တာထားနေကြသလဲ မိ က ဘာမှမသိပေ။ မျက်နှာချင်းဆိုင် လျှောက်လာကြသည့် ကျောင်းသူနှစ်ယောက်၏ အကြည့်ကြောင့် သူမ ခြေလှမ်းတွေလည်း တုံ့နေးသွားလေသည်။

"လက်ျာ .. ဟို ဝတုတ်မကိုကြည့်စမ်း၊ သမယ နဲ့ တစ်ခါတွေ့လိုက်သေးတာ သူမို့လား .."

"ဟုတ်တယ် .."

လက်ျာ မျက်နှာသွေးစုတ်မရလောက်အောင် ဖြူဆုတ်သွား၏။ ချစ်တိုင်း ကို သူမနဲ့ လက်ထပ်ပေးဖို့လူကြီးချင်း စီစဉ်ခဲ့ဖူးသည်။

ဒါပေမယ့် ...၊

"တောက် ..."

"အေး .. နင် ဒေါသထွက်လောက်တယ်၊ ချစ်တိုင်း ရဲ့ အပြုံးတွေ ရေရေလည်လည်ထန်းနေတာသိလား .. ဝတုတ်မကို ငုံကြည့်နေတဲ့ပုံက.."



"အလကားပါ .."

လက်ျာ က ဝိတ်အော်၏။

"တွဲလျှောက်လာတိုင်း ဘာညာထင်မနေစမ်းပါနဲ့၊ ထင်စရာဖြစ်နေလည်း အထင်ကြီးစရာမရှိဘူး၊ ယောကျာ်းဖြစ်ပြီး ဒီလောက်ဓိဓာကြောင်တာ ဒီပုံစံမျိုးနဲ့တွေ့မှကောင်းတယ် .."

"ဝတုတ်တုတ်လေးပေမယ့် ချစ်စရာလေးဟ .. ပြီးတော့ ရယ်နေတာ သွားစွယ်လေးတွေတောင်ပေါ်လို့ သဘောကောင်းမယ့်ပုံလေး.."

"ဂျူလိုင် .."

"ဟင် ..."

"အဲ့လောက်ထိ စိတ်ချမ်းသာစရာတွေပြောပေးမနေနဲ့ .. ကျေးဇူးတင်တယ် .."

ဂျူလိုင် က ရယ်လိုက်ပြီး ကျောင်းဆောင်ကြီးဆီသွားနေသည့် ချစ်တိုင်း တို့ကို လှမ်းကြည့်ကာ ...၊

"ငါက အဲ့ဒါကို နှိုးမွှမ်းချင်လို့မဟုတ်ပါဘူး၊ နင့်ရဲ့ ရွေးချယ်မှုတွေ အစွန်းရောက်နေတာကို ပြင်ဆင်ဖို့ပြောချင်တာ .."

"ဘာကို အစွန်းရောက်ရမှာလဲ .. မိန်းမသားဘဝမှာ အိမ်ထောင်မကျမချင်း အတော်ဆုံးအကောင်းဆုံးယောကျာ်းကို ရွေးချယ်ခွင့်ရှိတယ်.."

"ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်လို့ပြောမလို့လား၊ အဲ့ဒီဆိုရိုးစကားက တစ်ရုံတစ်ရာသော အခြေအနေထိ ဆိုးရွားနေတဲ့ မိန်းမမျိုးကိုဆိုလိုတာဖြစ်လိမ့်မယ် လက်ျာ .. တကယ်က ဘယ်လိုမှ ကြားလို့မကောင်းတဲ့ကိစ္စကြီးပါ .."

"ကြားမကောင်းဖို့မရှိပါဘူး .. စည်းနဲ့ကမ်းနဲ့ နေတတ်တဲ့မိန်းမမျိုးကိုတော့ .."

"မိန်းမက မိန်းမပါပဲ .. ငါကတော့ နင်ရည်းစားထားတာကို မတားချင်ပေမယ့် ရည်းစားများလာတာ မကောင်းဘူးလို့မြင်တယ်၊ ချစ်တိုင်း တို့ မိသားစုက ပညာတတ်တွေပေမယ့် စီးပွားရေးချင်းယှဉ်ရင် နင်တို့နဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘာမှမဆိုင်ပါဘူး ..”

“အဲ့ဒီတော့ ဘာဖြစ်လဲ ..”

“ချစ်တိုင်း ဆိုရင်တောင် သူ့အစ်ကိုအစ်မတွေက ဆရာဝန်တွေချည်း ဝဲ၊ သူ့ကျမှ စီးပွားရေးတက္ကသိုလ်ရောက်လာတာလေ၊ ဒါပေမယ့် မိဘ ကလည်း ပညာတတ်ပီပီ သားဖြစ်တဲ့သူကို ဖိအားမပေးဘူး၊ သားက လည်း ချောချောလှလှမြင်တိုင်း အရူးအမူးဖြစ်မသွားဘူး ..”

“ဒါကြောင့် ငါနဲ့ လက်ထပ်ဖို့ကို ငြင်းခဲ့တာလို့ပြောမလို့လား ဂျူလိုင် .. နင်က ပြောလို့ထွက်ပေမယ့် ဒီစကားတွေ ပြောထွက်နေတာ နင်ဖြစ်နေတဲ့အတွက် ငါ တကယ်အံ့သြတယ် ..”

“ငါက နင့်အကြိုက်လိုက်ပြောပြီး ညာတာပါတေးနဲ့ပေါင်းမယ့် သူတော့ မဟုတ်ဘူး လကျ်ာ .. အဲ့ဒါအမှန်ပဲ၊ မိတ်ဆွေကောင်းဆိုတာ မတော်တာတွေ့ရင် အမုန်းခံပြီး တားဆီးရမယ့်ဝတ္တရားရှိတယ်၊ နင် ရည်းစားတွေ ခေါင်းခေါက်ရွေးချယ်နေတာ မိန်းကလေးတစ်ယောက် အနေနဲ့ မှားတယ် ..”

“ငါမှားတာ မှန်တာ နင်ပြောဖို့မလိုပါဘူး၊ နင်နဲ့ ငါနဲ့ သူငယ်ချင်း သက်တမ်းကလည်း ဒီနေ့ ဒီနေရာမှာ ကုန်သွားပြီ .. ဗွတ်ဒ်ဘိုင် ..”

လကျ်ာ က တစ်ခါတည်းနှုတ်ဆက်ပြီး ချာခနဲလှည့်ထွက်သွား သည်။ ဂျူလိုင် က မချိပြုံးလေးနှင့် ကျန်ရစ်၏။ အလှတရားဆိုတာ နေရာတိုင်းတော့ တန်ဖိုးကြီးမနေတတ်ပါဘူး။

စိတ်ထဲကနေပြောရင်း နေရာမှစတင်ရွေ့လျားသည်။ လကျ်ာ သည် တက္ကသိုလ်မှာ အလှဆုံးကျောင်းသူဖြစ်သည့်အလျောက် ဖရက်ရှာကွင်း တွေ ဘယ်လောက်ရှိသာလာ နှစ်စဉ် သူမရဲ့ ဝုဏ်သတင်းက မွှေးနေဆဲ သာ ..။

ထို့ကြောင့် မာနကြီးသည်။ ယောကျ်ားလေးတစ်ယောက်က သူ့ကို သဘောကျနေသည်ဆိုရင်တောင် ထိုယောကျ်ားရဲ့ အဆင့်အတန်း ရုပ် ရည်ရူပကာကို ချိန်ခွင်ထဲထည့်ကြည့်တဲ့သူဖြစ်၏။



ခပ်နုပ်နုပ်အ. ဆင့်အတန်းလောက်နဲ့ သူမ ^ ဗိုးဝန်းသည်ဆိုလျှင် တော့ ..၊

“လှပါးဝလို့ အဆင့်မရှိတဲ့ကောင်က ..”

“ကိုယ့်ရုပ်ကိုမှ အားမနာ ..”

စသဖြင့်သော မောက်မာခြင်းများနှင့် ဆတ်ဆတ်ခါဖြစ်တတ်လေ သည်။ ဒီနေ့ မြင်ကွင်းကြောင့် သူမကို တရားကျသွားစေချင်သော်လည်း သူမကတော့ ဒေါသမာန်ဟုန်ပွားလျက် ..၊

“ဒီမှာ .. ဒီမှာ အစ်မ ..”

ခြေလှမ်းတွေ နှေးကွေးစွာ နှင်နေမိတုန်း နောက်က ခေါ်သံကြောင့် လှည့်ကြည့်လိုက်မိ၏။

ဟင်!....၊

ဆံပင်ရှည်တွန့်တွန့်ခါခါလေးတွေနှင့် ဝင်းညက်ညက်မျက်နှာ ဝိုင့်ဝိုင့် လေး ..။

ခုလေးတင်ပဲ သူမကြောင့် သူငယ်ချင်းနှစ်ယောက် လမ်းကွဲခဲ့ရ သည့်အဖြစ်ကို သူမ သိနိုင်မည်မထင် ..။

“ဒီမှာ .. အစ်မ စာအုပ်ထဲက ထွက်ကျသွားတာ ..”

သွက်သွက်လေး လျှောက်လာကာ မြက်ခင်းပြင်ပေါ်မှာကျနေ သည့် ပိတောက်ပန်းခြောက်လေးကို တယုတယကောက်လိုက်၏။

“ပန်းခြောက်လေး ဒီမှာ .. အရမ်းလှတာပဲ ..”

ပိတောက်ပန်းခြောက်ကို နှစ်ချက်လောက်လှည့်ပတ်ကြည့်ပြီး တကယ်သဘောကျနေသည့်မျက်နှာလေးနှင့် ပြုံးချိုနေကာ ..၊

“အင့် ..”

“ကျေးဇူးပဲနော် ..”

ဂျူလိုင် က စာအုပ်ကိုဖွင့်ပြီး ဖြန့်ထားပေးလိုက်တော့ သူမလေး က ပန်းခြောက်လေးကို သေချာပြန်ညှပ်ပေးကာ ..၊

“အစ်မက ပန်းလေးတွေစာအုပ်ကြားထဲမှာ ညှပ်ရတာဝါသနာ

www.burmeseclassic.com

www.burmeseclassic.com



ဝါတာလားဟင် ..”

“အင်း .. ဟုတ်တယ် ..”

“မီ လည်း အတူတူပဲ .. ပန်းလေးတွေခြောက်ပြီး အရိပ်လေးလို ဖြစ်သွားတာ တအားလှတာပဲနော် ..”

“ဟုတ်တယ် .. ဒါနဲ့ နာမည်က မီ တဲ့လား ..”

“ဆောင်းလခါမီ တဲ့ .. အဟွန်း ရှည်တယ်နော် ..”

“အရမ်းလှပါတယ် ..”

မီ့ မျက်နှာလေးကိုကြည့်၍ သားဘီကို အကဲခတ်ကာ ...၊

“တစ်ယောက်တည်းလား ..”

“အင်း .. အစ်မကရော ..”

“တို့က ဂျူလိုင်နွေး .. နင်နဲ့ သိပ်ကွာမှာမဟုတ်ပါဘူး၊ ရင်းရင်းနှီးနှီး ဂျူလိုင် လို့ပဲခေါ်ပေါ့ ..”

“အင်း ...”

မထင်မှတ်ဘဲ သံယောဇဉ်တစ်မျှင်ပြတ်တောက်ခဲ့ရပြီး တစ်ပင် ပြန်တင်းဖို့ ဖြစ်လာခဲ့သည်။ တင်းလွန်းရင် ပြတ်တတ်ပေမယ့် သံယောဇဉ် ကြိုးကတော့ ပြတ်တောက်သင့်သည့်ကြိုးမဟုတ်ပါ။

ဝင်းမှုန်နေသည့် မီ့ မျက်နှာလေးပေါ်မှာ မျက်လုံးဝိုင်းဝိုင်းလေးတွေ က ဖြူစင်နေသည်။ မျက်တောင်ကော့ကော့လေးတွေပေါ်အောင် ရယ် တတ်ခြင်းက ကလေးဆန်၏။

ထို့ပြင် နှုတ်ခမ်းလွှာလေးတွေက ဖော်ရွေခြင်းကြောင့် ချစ်စဖွယ် လေးဖြစ်နေခဲ့၏။

အားလုံးဟာ သူ့အကျိုးပေးတရားနဲ့သူ မဟုတ်ဘူးလား ...။



အခန်း (၁၁)

ဆိုင်မထိုင်ကြတော့ဘူးဆိုတော့ မင်းရဲ ကို သူငယ်ချင်းတွေက လက်ဖျားခါ၏။

“ဒီလောက်ထိကွာ .. မင်းဟာ မဟုတ်သေးပါဘူး ..”

“အေးလေကွာ .. ငါတို့က လမ်းဘေးလက်ဖက်ရည်ဆိုင်ထိုင်ကြ တာလည်းမဟုတ်ပါဘူး၊ ကျောင်းသားတွေ ကျောင်းက ကန်တင်းမှာ ထိုင်တာ ဘာအရေးအခင်းတွေဖြစ်သွားနိုင်လို့လဲ ..”

သဘာဝ မကျဘူးပြောနေကြပေမယ့် ဘယ်သူမှလည်း ကန်တင်း မသွားဖြစ်တော့ဘဲ မင်းရဲ နဲ့အတူ ပါလာခဲ့ကြလျက် ...၊

“မင်းရဲ .. ခွဲ ကို မင်းဒီလောက်ထိ အလိုလိုက်တာမကောင်းဘူး နော် .. ဒါတောင် ရည်းစားဘဝပဲရှိသေးတာ ..”

“ဟုတ်တယ် .. ငါလည်းပြောချင်နေတာကြာပြီ၊ ကိုယ်ပိုင်ကျောင်း ကြီးမှာ တက်ရတဲ့ သူဌေးသမီးတောင် သူ့လောက်မာနကြီးမှာမဟုတ်ဘူး၊ ဘယ့်နှယ် ကန်တင်းမှာထိုင်ရမှာတောင် သူ့ကိုယ်သူ တူတယ်တန်တယ်သိ မထင်ကာ .. သူကဘာလဲ နေ့စဉ်ရွှေမှုန်တွေစားပြီး ရွှေအီးတွေပါနေလို့ လား ..”

“ဟော့ကောင် .. ဟော့ကောင် .. ဒီမှာ ဗိုက်ထဲမှာအစာမရှိလို့ ဖျိုး

www.burmeseclassic.com



ချင်အန်ချင်ဖြစ်နေရတဲ့အထဲ .."

"တကယ်ပဲ .. မပြောလိုက်ချင်ဘူး .."

"ပြောပြီးနေပြီ .."

မင်းရဲ က မိုးတိမ် ကို တွန်းပစ်လိုက်ပြီး ရယ်ကာ ..၊

"မင်းတို့ကို ငါနဲ့လိုက်ခဲ့ပါပြောနေလို့လား .. ကိုယ့်ဘာသာမသွားကြဘဲနဲ့ .."

"မင်းရဲ နော် .. မင်း .. 'မ' ဘက်လိုက်ပြီး မိုက်ဘက်မပါနဲ့ .."

"ဟား .. ဟား .. ဟား .."

"ရယ်နေသေးတယ် .. ဘာဖြစ်ဖြစ် စု သဘော .. စု အကြိုက် .."

"မိုးတိမ် .."

"ငါတို့ ဘုရင်တစ်ပါးကို သတိရလို့ .."

"အဲ့ဒါကို သတိမရနဲ့ .. ရှော့ခ်ရှိတယ် .."

"ဟုတ်တယ် သိတယ် .. မင်းရဲ တောင် စွဲ ကြောင့် ရှော့ခ်အကြီးကြီးထိပြီး မီးပါထလောင်တော့မှာ .."

"မင်းတို့ကလည်းကွာ .. မိန်းကလေးတွေက ဘာရယ်မဟုတ်ပါဘူး၊ သူတို့ချစ်သူက သူတို့ရဲ့စကားကို နားထောင်တယ်ဆိုတာလေးပဲလိုချင်တာပါ .. စွဲ က ဒီလောက်မဆိုးပါဘူး .."

"အေးပါ .. မဆိုးဘူးဆိုရင်လည်း ကဲန်တင်းမထိုင်ရအမိန့်ကို ဘာကြောင့်ထုတ်တာလဲ .. အဲ့ဒီအကြောင်းကတော့ ခိုင်မာဖို့လိုတာပေါ့.."

ဘယ်လိုပြောရမလဲ ..၊

မင်းရဲ ခေါင်းကုတ်မိလေသည်။ ဘာမှရေရေရာရာမဟုတ်တဲ့ ကိုယ့်ဆီရောက်ချလာပြီး ခေါက်နသွားတာ သူကိုယ်တိုင်လည်း ဘာကြောင့်ဆိုတာ သေချာမသိ ..။

"ငါထင်ပါတယ် .. မင်းကို စုတို့အုပ်စုနဲ့ ရောနေတာကိုမကြိုက်တာ .."

"အဲဒါက . အင်း .. ဘယ်လိုပြောရမလဲဆိုတော့ .."





"မီ တောင် ပါချင်ပါဦးမှာ၊ မီ က ဝပေမယ့် သူ့မျက်နှာထက်အများကြီးအေးချမ်းတယ်လေ .."

"စွမ်းအင် .."

"ဘာလဲ .."

မင်းရဲ က စွမ်းအင် မျက်နှာကိုတမင်တကာ ငုံ့ကြည့်၍ ..၊

"ဝတုတ်မဆိုပြီး ကွယ်ရာရောက်တိုင်း မင်းပဲ ရယ်တာနော် .."

"ရယ်တော့ ဘာဖြစ်လဲ .."

"သူကျွေးတာတွေစားရဖန်များလာလို့ သူ့ဘက်ရောက်သွားတာလား .."

"အဲမာ .. ငါဘယ်တုန်းက စွဲ ဘက်က ပြောဖူးလို့လဲ .."

"ပြောလိုက် စွမ်းအင် .. သူ့ရဲ့ ဘာမှစွဲစရာမရှိတဲ့ စွဲ ကိုများ .."

သူငယ်ချင်းတွေ ဝိုင်းကဲ့ရယ်နေတော့ မင်းရဲ မျက်နှာ ရယ်နေပေမယ့် အီတီတီကြီးဖြစ်လာခဲ့၏။

စွဲ ကလည်း စွဲ ပါပဲ ..၊

တစ်ချို့ မိန်းကလေးတွေက ချစ်သူကို ချစ်လွန်းလို့ စိတ်ချချင်လို့ အကြောင်းအမျိုးမျိုးနဲ့ ကိုယ့်ချစ်သူရဲ့ သူငယ်ချင်းတွေနဲ့ သင့်မြတ်အောင်ပေါင်းသည်။ ရင်းနှီးမှုယူကြ၏။

စွဲ ကတော့ မိုးတိမ် တို့က စကားဝင်ပြောရင်တောင် ပြန်ပြောချင်မှ ပြောသည်။ ပြောတိုင်းလည်း စကားကောင်းဖြစ်ချင်မှဖြစ်၏။

ထို့ကြောင့် ဒီသူငယ်ချင်းတွေနဲ့ စွဲ က သည်းခံနားလည်ပေးနိုင်သည့် သံယောဇဉ်ဆိုတာ အစတည်းက ကင်းခဲ့ကြတာဖြစ်သည်။

"စိတ်မကောင်းတော့ ဖြစ်မသွားနဲ့ မင်းရဲ၊ မင်းရဲ့ စွဲကို ရင်နဲ့ပေါင်းနိုင်မယ့် သူငယ်ချင်းဘယ်နှစ်ယောက်လောက်ရှိနိုင်မယ်ထင်လို့လဲ၊ အခြွေအရံတွေဝိုင်းဝိုင်းလည်နေတိုင်း စေတနာအစစ်အမှန်တွေရတာမဟုတ်ဘူး .."

"ဟုတ်တယ် .. စွဲ က တကယ်ရင့်တာ .."

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ .. စိတ်မကောင်းလှည်းမဖြစ်ပါဘူး၊ မင်းတို့ပြောတာလည်းမှန်ပါတယ်၊ ငါလည်း ကဲန်တင်းပြန်ထိုင်မှာပါ၊ ဒါပေမယ့် သူ့ကားကိုနားထောင်တယ်ဆိုတာလေးတော့ ခဏဖြစ်ဖြစ် လုပ်ပါရစေ.. ဒိုခေ .."

"မအိုခေဘူး .."

"ငါလည်း မခေဘူး .."

"ရှဲကို မကျေနပ်ဘူး .."

"ဟုတ်တယ် .. ငါတို့ရဲ့ ငြိမ်းချမ်းရေးကိုဖျက်ဆီးတာ .."

မင်းရဲ ဘယ်လိုရှင်းရမှန်းမသိဘဲဖြစ်နေစဉ် မီ နဲ့ စုတို့ကိုတွေ့လိုက်ရ၏။

"ဟော .. ဟိုမှာ .."

"စု .."

"မီ .."

"မီ .. လာပြီ .."

စု ကို တမ်းတတာတစ်ယောက်၊ မီ ကိုတွေ့လိုက်သဖြင့် နှစ်ယောက်က ထခုန်မတတ် ..။

"ကိုရဲ တို့ ကဲန်တင်းက ပြန်လာကြတာလား .."

"ဟင့်အင်း ..."

"နိုး ..."

မင်းရဲ က ပြုံးနေပေမယ့် ပြောရခက်သည့်မျက်နှာက ..၊

မိုးတိမ် တို့က ရှုံ့မဲ့မဲ့ခေါင်းခါလျှင် မီ က နားမလည်သလိုကြည့်နေပေမယ့် စု တို့က သိကြ၏။ အဘယ့်ကြောင့်ဆိုလျှင် စွဲ နဲ့ မင်းရဲတို့ ကဲန်တင်းထိုင်မှုကြောင့် ပြဿနာတက်ကြတာကို သိထားသောကြောင့် ..။

"မထိုင်ကြတော့ဘူးလား .. သွားမယ်လေ .."

မသိသလိုလုပ်၍ စု က ထပ်ခေါ်လိုက်၏။



မင်းရဲ က ခေါင်းခါ၍ ..၊

"စွဲ နဲ့ ချိန်းထားတာရှိလို့ စု .. မလိုက်တော့ဘူး .. နောက်မှပဲ.."

မင်းရဲ မထိုင်တော့မှန်းသိလျှင် မီ မျက်နှာလေးပျက်သွား၏။ သို့သော် ခဏပဲဖြစ်ကာ ..၊

"ဒီမှာပဲ မီ လက်ဆောင်ယူလာခဲ့တာ အတော်ပဲ ဖြစ်သွားတာပေါ့နော် .."

"ဟင် .. ဘာလဲ .."

"စားစရာလား .."

မီ မြှောက်ပြသည့် ကျွတ်ကျွတ်အိတ်ထုပ်ကို မြင်လိုက်လျှင် မိုးတိမ်တို့ မျက်လုံးတွေ ပြိုးပြက်လက်သွားကြ၏။

မီ က ရယ်ကာ ..၊

"ဟုတ်တယ် စားစရာတွေ ကိုမိုး .. ဒီမှာအားလုံးစားလို့ရတယ် အများကြီးပဲ .."

"ဟေ .. ပွတာပဲ .. ဘာတွေလဲ .."

မေးခွန်းက အဖြေမလာသေးဘဲ လက်က အထုပ်တွေကိုလက်ခံယူပြီး ဖြစ်နေလျက် ..၊

"မန္တလေးထိုးမုန့်တွေလား .."

"ဟုတ်တယ် .. မုန်လာဥနီနဲ့လုပ်တဲ့ ခါကြက်ဥဆိုတာပါတယ်၊ အရမ်းစားကောင်းတာ၊ အဆင်သင့်စားလို့ရတဲ့ လက်ဖက်ဘူးတွေလည်းပါတယ်၊ ဖွင့်ကြည့်လေ မုန့်တွေခုနစ်မျိုးလောက်ပါတယ် .."

အိတ်တွေက သုံးလေးအိတ်ပူးထားတာဖြစ်ကာ အိတ်တစ်လုံးထဲမှာ ဘူးတွေအထုပ်တွေမနည်း ..။

"ကျေးဇူးပဲဟာ .. ဒါတွေ နင်လက်ဆောင်ရတာလား .."

"အင်း .. မန္တလေးကလာတဲ့ ဧည့်သည်တွေပေးကြတာ၊ အိမ်မှာလည်း အများကြီးရှိသေးတယ် .."

"တော်ပါပြီဟာ .. ဒါတွေချည်းပဲ မနည်းဘူး .."

www.burmeseclassic.com

www.burmeseclassic.com



"မီ တို့က ကဲန်တင်းသွားကြမလို့လား .."

မင်းရဲ က စကားဖြတ်ဖို့ကြိုးစားသည်။ ဘာမှန်းတော့မသိပေမယ့် မိန်းကလေးတွေနဲ့ ရီမောစကားပြောတာလည်း စွဲ က မကြိုက်လျှင်...၊

ပြဿနာရှာနေတုန်းမှာတော့ ဒါကြောင့် ပြဿနာမဖြစ်ရအောင် ရှောင်ရမည်သာ ..။

"မီ တို့က .."

"ဟုတ်တယ်လေ .. အစကသွားမလို့ပဲ .. ခုတော့ ငါတို့ချည်းပဲ မသွားချင်တော့ပါဘူး .."

စု က ဝင်ဖြေလိုက်သဖြင့် မင်းရဲ ပင့်သက်ရှိုက်မိ၏။

ဒီနေ့ ပြဿဒါး များလား ...၊

တွေးလိုက်မိရင်း ပတ်ဝန်းကျင်ကို မျက်လုံးဝေ့မိစဉ် သူတို့ဆီကို တည့်တည့်ဦးတည်လာနေသော ချစ်တိုင်း နဲ့ အဖော်တစ်ယောက်ကို မြင်လိုက်၏။

ချစ်တိုင်း နဲ့ သူ ဘာပြဿနာမှမရှိပါ။ ထို့ပြင် ကိုယ့်ကိုလာနှုတ်ဆက်ရလောက်အောင်လည်း ပြေပြေလည်လည်မရှိကြတာ အမှန် ..။

သူတွေးနေတုန်း ချစ်တိုင်း က တစ်စုံတစ်ယောက်ကို နှုတ်ဆက်လိုက်တော့ အဖြေပေါ်သွား၏။

"မွှေ ..."

မီ က ခေါ်သံကြောင့် လှည့်ကြည့်လိုက်ကာ ...၊

"ချစ်တိုင်း ..."

အံ့သြသလိုလေးဖြစ်သွားပြီးမှ လှိုက်လှဲဖော်ရွေစွာပြုံး၍ ..၊

"ဘယ်သွားကြမလို့လဲဟင် .."

"မင်းကိုမြင်လို့ လာနှုတ်ဆက်တာ၊ အတန်းထဲမဝင်သေးဘူးမို့လား .. ကဲန်တင်းမှာတစ်ခုခုလိုက်စားပါလား .."

ပြောပြီးမှ စု တို့ကိုပါကြည့်၍ ပြုံးပြကာ ..၊

"အားလုံးကိုခေါ်တာပါ .."



မကျေနပ်ရိပ်တို့နှင့် စူတင်းနေသည့် စုတို့ သုံးယောက် ရုတ်တရက် ဟန်ဆောင်ပြုံးဖို့အတွက် ပြင်ဆင်ချိန်မရလိုက်ဘဲ ..၊

"အင်း .. အဲ .."

"ဟို .."

"မလိုက်တော့ဘူး .. ချစ်တိုင်း၊ ဟိုလေ .. သူငယ်ချင်းတွေကို လက်ဆောင်လာပေးတာ၊ ချစ်တိုင်း နဲ့ ဒီမှာတွေ့မယ်မထင်လို့ ယူမလာခဲ့မိဘူး .. အားနာလိုက်တာ .."

ချစ်တိုင်း က မင်းရဲ တို့ မျက်နှာတွေကိုမကြည့်ဘဲ ကိုင်ထားသည့် အိတ်တွေကို မျက်လုံးဝေ့၍ ..၊

"ရပါတယ် .. ဒီနေ့မရတော့လည်း နောက်နေ့ပေါ့ .. ရှိသေးတယ်မို့လား .."

"ဟင် .. အင်း .. ရှိတယ် .. ရှိသေးတယ်၊ မီ တကယ်ယူလာခဲ့မယ်နော် .."

မင်းရဲ မျက်နှာမှာ နူးညံ့သည့်အပြုံးတွေမရှိတော့ပေ ..။ အကြည့်တွေက ချစ်တိုင်း မျက်နှာထက်မှာ စူးရဲစွာကျရောက်လျှင် ဘာမှလည်း ဝင်မပြောဘဲ တိတ်ဆိတ်နေ၏။

မိုးတိမ် တို့ရဲ့ သွက်လက်သောစကားသံတွေလည်း လုံးဝတိတ်ကျနေခဲ့လျက် .. ဘာကိုမှ သတိမထားမိတာ မီ ပဲဖြစ်၏။

ထိုမြင်ကွင်းကို ကဲန်တင်းက ထလာကြသော လက်ျာ တို့ဂျာလည်း မြင်သွားခဲ့၏။

"လက်ျာ .."

"ငါ မြင်တယ် .. ဒီဝတုတ်မ .. ငါ့မောင်နဲ့ ချစ်တိုင်း ကြားမှာ .."

ဆက်မပြောဖြစ်ဘဲ အံကြိတ်၍။ ဘယ်လိုမှ ယုံနိုင်ဖွယ်မရှိသော မြင်ကွင်းပါလား ..။

သူမဘေးမှာရှိနေသည့် အေမီ ကလည်း အားလုံးကိုသိထားသူဖြစ်တာ ..၊

www.burmeseclassic.com

www.burmeseclassic.com



“ဒါတော့ တိုက်ဆိုင်တာမဖြစ်နိုင်တော့ဘူး လက်ျာ .. ပြီးတော့ ဒီဖက်တီးမက လိုက်ကြိုးစားနေတာလည်း မဖြစ်နိုင်ဘူး၊ ငါ့အထင် ပြောရရင် ချစ်တိုင်း က ဒီကိုတမင်လာတာ ..”

“ငါ့အထင်ပြောရရင်လည်း ဒီသတ္တဝါ ငါ့ကိုရွဲ့နေတာပဲ ..”

အေမီ က သူမကိုလှည့်ကြည့်သည်။ ပြီးတော့ မီ တို့ဆီပြန်ကြည့်၍ ...၊

“ဟုတ်ပုံမလား .. နင်တို့က ပြီးသွားတာကြာပြီဥစ္စာ ချစ်တိုင်း က ရည်းစားမထားတာ နာမည်ကြီးနော် ..”

“အဲ့ဒီလိုလူက ဒီလိုပြတ္တာကိုယ်နဲ့ လက်မလောက်ပုံကို လိုက်နေစရာလား ..”

‘ဒါကတော့ သူကြိုက်နေရင် သူ့မျက်စိထဲမှာ လှချင်လှနေမှာ’ လို့ တွေးလိုက်မိ၏။ ဒါပေမယ့် အေမီ ဘာမှမပြောဘဲနေလိုက်သည်။

လက်ျာ ရဲ့ ဒေါသတွေက ချစ်သူဆီက ချော့မော့တောင်းပန်လာခြင်းကို မျှော်နေပေမယ့် မလာခဲ့၊ ကိုယ့်ကို ငြင်းခဲ့သူက နောက်တစ်ယောက်ကို ကြံရွယ်နေတာမြင်နေရသည့်အဖြစ်ကိုလည်း ခံရခက်နေကာ...၊

“တောက် .. ယောကျ်ားတွေ တော်တော်ကောက်ကျစ်ကြတယ်၊ ရွံဖို့ကောင်းလိုက်တာ ..”

ပြောပြီး နေရာမှ ချာခနဲလှည့်ထွက်သွားလေသည်။ အေမီ က မီ အောင်လိုက်နေရရင်း ...၊

“နေပါဦး .. နင့်မောင်ကရော ဘာလဲ ..”

“မသိဘူး .. အဲ့ဒီသတ္တဝါလေးကိုလည်း ကောင်းကောင်းပညာပေးဦးမှာ ..”

“အဲ့ဩပါရဲ့နော် .. ငါတို့တစ်ကျောင်းလုံးမှာ ဒီလောက်အချောအလှတွေပေါတာကို ကင်းနှစ်ကင်းက ဝတုတ်ဖက်တီးမလေးကို ဝိုင်းလုနေရတယ်လို့ ..”

“တော်စမ်းပါဟာ .. ရိုးရိုးခင်နေကြတာဖြစ်မှာပါ ..”



“ခင်နေကြတယ်ဆိုရင်တောင် ကင်းနှစ်ကင်းနဲ့ ဒီလောက်ရင်းနှီးသွားတယ်ဆိုတာ နည်းတဲ့အရည်အချင်းမဟုတ်ဘူးနော် .. ငါတို့ အဲ့တစ်ယောက်ကို သတိထားသင့်နေပြီ ..”

လက်ျာ ခေါင်းထဲကိုလည်း တော်တော်အလုပ်ရှုပ်စေခဲ့ပြီဖြစ်သည်။ သူမကို သမယ နဲ့ တရင်းတနှီးပုတ်ခတ်နေတာမြင်ခဲ့ရသည်။ ပြီးတော့ ချစ်တိုင်း နဲ့ ...၊

ခုကျတော့ ကိုယ့်မောင်နဲ့ ချစ်တိုင်း နဲ့ သူမနဲ့ ...၊

တွေးနေရင်း ဒါကိုပဲ သိချင်လာကာ လှမ်းလက်စခြေလှမ်းတွေ ရပ်တန့်သွားခဲ့သည်။

သူတို့လူစုတွေ တစ်နေရာစီဖြစ်သွားတဲ့အထိ မနည်းမျိုသိပ်စောင့်ဆိုင်းနေလိုက်ကာ ...၊

“ပြောစမ်းပါ မင်းရဲ ရဲ့ .. နင်နဲ့ အဲ့ဒီဖက်တီးမက ဘာလဲ ..”

“လာပြန်ပြီကွာ .. မီ နဲ့ ချည်းပဲထင်နေကြတာ တော်တော်ကိုများလာပါလား ..”

“အေး .. အဲ့ဒါကို နင်သဘောပေါက်လေ၊ အထင်ခံရတာချင်းတူရင် ချောချောလှလှ နုနုရွရွလေးနဲ့ဆို ဟုတ်သေးတယ် ..”

“ငါလည်း အထင်ခံရအောင်နေတာမဟုတ်ဘူး .. သူလည်း –”

“သူက အဲ့ဒီလိုလုပ်နေတာဆိုရင်ရော ..”

“မဖြစ်နိုင်ဘူး ..”

“ဘာ ....”

မင်းရဲ က ခေါင်းခါလိုက်သေးသည်။ ပြီးတော့ ခုံတန်းလေးပေါ်မှာ ထိုင်လိုက်ပြီး ...၊

“နင် အဲ့ဒါပြောဖို့ ငါ့ဆီလာတာလား ..”

“ဟုတ်တယ် .. အမြင်မတော်တာတွေတွေ့နေရလို့လေ နင့်ကိုဆုံးမဖို့ ငါ့မှာတာဝန်ရှိတယ် ..”

“ဟား .. ဟား .. ဟား ..”

www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်တာလဲ .."

"လက်ျာ ရယ် .. မသိတာကျနေတာပဲ .."

မင်းရဲ ကို တစ်ယောက်တည်းခေါ်ထုတ်လာတာပေမယ့် မိုးတိမ်တို့က မလှမ်းမကမ်းမှာပဲရှိနေကြဖြစ်သည်။ ဒီက ရယ်ချလိုက်တော့ အားလုံးလှည့်ကြည့်ကြ၏။

လက်ျာ ကလည်း သူတို့ဆီကို မျက်လုံးဝေ့ပြီးမှ ပြန်လှည့်၍ ..၊

"ဘာလဲ .. ငါ့ကို ချစ်တိုင်း ကြောင့် ရောက်လာတယ်ထင်နေလို့လား .."

"မဟုတ်ဘူးလား .."

"သူ့ကြောင့်မဟုတ်ဘူး မင်းရဲ .. သူနဲ့ ပတ်သက်နေတဲ့ မိန်းမကို နင်လိုက်ပြီး ပတ်သက်နေတာကို မေးချင်တာ .."

"သူနဲ့ ဘယ်လိုပတ်သက်မှန်း ငါမသိဘူးလေ၊ ငါနဲ့လည်း ဘာမှမဟုတ်တာ၊ ငါချစ်နေတာ ဇွဲ ပဲ .. အဲဒါ နင်မသိတာလို့လား .."

"မသိဘူးလေ .. နင့်ရဲ့ မြောက်များစွာသော ချစ်သူခင်သူတွေကို ငုတ်တုတ်ထိုင်စစ်တမ်းကောက်နေတာမှမဟုတ်တာ .."

"အေး .. အဲဒါဆိုပြီးတာပဲ .. ငါ့ဆီ နင်ရောက်ရောက်လာပြီး ဝါရီတွေများများနေတာလည်း လူပြောများနေပြီ .. ကြည့်လုပ်ဦး .."

"ဘာကြည့်လုပ်ရမှာလဲ .."

"ငါက တုတ်တစ်ချောင်းနဲ့ တကောက်ကောက်လိုက်ကျောင်းနေရတဲ့ သတ္တဝါတစ်ကောင်ဖြစ်နေပြီ၊ တစ်ချို့က မောင်နှမ တစ်ချို့က ဘာလိုလို .."

"အံမာ .."

"နင် ငါ့နားရောက်ရောက်လာတာ ငါလာဘ်ဝိတ်တယ် .."

"သေလိုက်ပေါ့ .."

"မသေနိုင်ပါဘူး .. နင့်ကိုပဲ တီလေးနဲ့ ပြန်တိုင်ပြောမှာ .."

မင်းရဲ က အပြောင်အပျက်ပြောနေရင်းနဲ့ တကယ်လိုလိုမဲ့မဲ့ရွဲ့ရွဲ့



ဖြစ်လာလျက် ..၊

"သူများကိုဆုံးမနေရသလိုလို ဆရာမကြီးအထာနဲ့ – ဟွန်း – ငါ့မှာလည်း နင့်ကိုပြန်တိုင်စရာတွေရှိတာပဲ .."

"ငါက နင့်ကို ဆုံးမစကားပြောနေလို့လား .. ဘယ်နှစ်ခါရောအတိုင်အတောထူခဲ့လို့လဲ .."

ပြန်တိုင်မယ်ဆိုတော့ လက်ျာ လေသံပြောင်းသွားသည်။ မင်းရဲ က ပြုံးလိုက်ပြီး ..၊

"ဒါဆိုလည်း အေးဆေးပြန်တော့၊ နင့်ရဲ့ ချစ်တိုင်း နဲ့လည်း မီနဲ့ ဟိုလိုဒီလိုမဟုတ်သေးဘူး၊ အဲဒါ ငါသိတယ် .."

"နင့်ရဲ့ ချစ်တိုင်း လို့ မပြောနဲ့၊ ငါ့မှာ ရည်းစားရှိတယ် .. သူနဲ့လည်း ဘာမှငြိခဲ့တာမဟုတ်ဘူး .."

လူကြီးချင်းဈေးစပ်ကြသည်။ ပြေလည်သွားသလိုလိုရှိခဲ့ပြီး လူငယ်ချင်း တွေ့ဆုံပေးကြ၏။ နောက်နေ့မှာပဲ ချစ်တိုင်း က ငြင်းခဲ့လေသည်။

"ကျွန်တော်က ရည်းစားဦးဖြစ်ရပြီး ကျွန်တော့်ကို ရည်းစားဦးမဟုတ်တဲ့မိန်းမ မလိုချင်ဘူး .." တဲ့ ..။

သူ့စကားကြောင့် လက်ျာ ဂုဏ်သိက္ခာကိုထိခိုက်ခဲ့သည်။ အိမ်ကမိသားစုတွေနဲ့ ပြဿနာတွေတက်ခဲ့သည်။

ချစ်တိုင်း ဆိုသည့် ယောကျ်ားဟာ လူပုံစံက ပိုးဟပ်ဖြူလို ရျော့ရွဲ့ရွဲ့ပေမယ့် စကားလုံးတိုင်းက လေပေါ်မှာဝဲနေ၏။

ဈေးစပ်ဖို့ စီစဉ်ခဲ့တုန်းက လက်ျာ ဘက်ကသာ ငြင်းဖို့အကြောင်းရှိလိမ့်မည်ဟုထင်ခဲ့သည်။ ငြင်းမယ်ဆိုရင်တောင် လောလောဆယ်မလိုအပ်သေးပါဘူးလို့တွေး၍ သူမဘက်က လူကြီးတွေဆန္ဒအတိုင်း အလိုက်အထိုက်နေခဲ့၏။

ဒါပေမယ့် သူ့ဘက်က မထင်မှတ်ဘဲ အလဲထိုးသွားခဲ့လေသည်။

ဒီကိစ္စကို တတ်နိုင်သမျှ လူမသိအောင်ဖုံးဖိခဲ့ပေမယ့် ဘူးတစ်ရာသာ စိတ်လို့ရချင်ရမည် ပါးစပ်တစ်ပေါက်ကို ပိတ်နိုင်ဖို့မလွယ်ပေ ..။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မုန်းနေတာမဟုတ်သေမယ့် မြင်လိုက်ရင်တော့ မုန်းမိတာအမှန်ပင် ..။

မီ ဆိုသည့် ဝတုတ်တုတ်ပုံဆိုးပန်းဆိုးနဲ့ တွဲပြလိုက်တော့ မုန်းတာအပြင် ခံပြင်းစိတ်က အပိုဆောင်းသည်။

"လက်ျာ .."

သူမ အကြေးတွေကို မင်းရဲ ရဲ့ ခေါင်းက ထိုးဖောက်၍ ..၊

"ဘယ်လိုဖြစ်သွားတာလဲ .. ငါနဲ့မဟုတ်ဘူးဆိုတာသိလိုက်လို့ ရင်ထဲမှာ မီးတောက်သွားပြီလား .."

"လျှောက်ပြောမနေနဲ့ .."

"ငါသိတာပေါ့ လက်ျာ ရယ် .. နင်ရောက်လာတာ မီ နဲ့ ချစ်တိုင်း ဘယ်လိုပတ်သက်သလဲဆိုတာ သိချင်လို့ပဲ .."

"ဟုတ်တယ် .. အဲဒါလည်းပါတယ်၊ ဒီကောင် ငါ ရည်းစားများတာကို တမင်ခေါက်ဖြုတ်ချင်လို့ ပြိတ္တာပုံနဲ့ တွဲပြတာ .."

"ပြိတ္တာပုံပေါက်လောက်အောင် မီ က မဝပါဘူး .."

မင်းရဲ တမင်ပြောနေတာလား .. မြင်တဲ့အတိုင်းပြောတာလားတော့ မသိ၊ ထိုစကားကြောင့် လက်ျာ မျက်နှာမည်းခနဲ ဖြစ်သွားခဲ့၏။

"ပြီးတော့ .. ချစ်တိုင်း ပုံစံကလည်း ငါ အကဲခတ်မိသလောက်တော့ နင်နဲ့မသက်ဆိုင်ဘူးထင်တယ်၊ သူ မီ့ ကို .."

"ထင်တာတွေ လျှောက်ပြောမနေစမ်းပါနဲ့ .. သူ့လို ပိုးဟပ်ဖြူက လင်းလက်ျာ ဆိုတဲ့ မိန်းမကို တခြားကြောင့် ငြင်းစရာတာမှမရှိဘူး.."

"နင်က အငြင်းခံရတာကို ဖောင်းနေတာလား .. သဝန်တိုနေတာလား .."

"တော်တော့ မင်းရဲ .. ဒီလိုကောင်ကိုများ .. တောက် .."

လက်ျာ ဘယ်လိုမှ ဟန်ဆောင်နိုင်ပေ ..။ တက်ခေါက်ပြီး ထိုနေရာမှ လှည့်ထွက်လာခဲ့၏။ သူမ သွားလေရာလိုက်နေတတ်သည့် အေမီကလည်း အလိုက်မသိသောစကားတွေကိုဆိုဖို့ သစ္စာဆိုထားသလား





မသိ ..။

"ငါ အဲ့တစ်ယောက်နာမည်မေးခဲ့တယ် လက်ျာ .. နာမည်က ဆောင်းလခါမီ တဲ့ .. လန်းတယ်နော် .. နယ်ကနေပြောင်းလာတာကြာသေးဘူးတဲ့၊ ငါတို့တွေ့တာ သူရောက်ကာစကထင်တယ်၊ သမယ နဲ့လည်း ဘယ်လိုပတ်သက်နေတာလည်း မသိဘူးနော် .. အင်း .."

သက်ပြင်းချသံကြီးရဲ့နောက်က တစ်ခုခုထပ်ပြောမှာကိုသိကာ လက်ျာ နားစွင့်နေခဲ့၏။ ပြောလာတော့လည်း တကယ့်ရိုက်ပေါက် ..။

"သမယ နဲ့ပါဆိုရင်တော့ တတ္တသိုလ်က ကင်းတွေကုန်ပြီ .." တဲ့ ..။

www.burmeseclassic.com



အခန်း (၁၂)

"သမယ မင်းက ဘာဖြစ်နေတာလဲ .."

"ဘာမှမဖြစ်ဘူး .."

"မဖြစ်ရင် .. လက်ျာ က ချိန်းတာကို ဘာလို့မသွားတာလဲ .."

သမယ က ပီကောဝါးနေရင်း ကားပေါ်ကမဆင်းဘဲ တံခါးဖွင့်ထားပြီးနောက် ပြန်ထိုင်နေ၏။

"သံတွဲ ရာ .. သွားဖို့မပြောနဲ့ မသွားချင်လို့တောင် ကားပေါ်က မဆင်းတဲ့ဟာ .. မျက်နှာကိုလည်းကြည့်ဦး .."

"သိတယ်လေ .. အဲ့လောက်တောင် ဘာတွေဖြစ်ထားကြတာလဲလို့ .."

သမယ က သံတွဲကိုမျက်လုံးလှန်ကြည့်သည်။ ပြီးတော့ ..၊

"ဘာဖြစ်ဖြစ် မင်းတို့ပြောတော့ ဘာထူးမှာလဲ .."

"ထူးတာမထူးတာက မင်း ငါ့ကို ဘယ်လောက်အားကိုးသလဲဆိုတာပေါ်မှာ မူတည်တယ် .."

"လုံးဝ အားမကိုးဘူး .."

သမယ အဖြေကြောင့် သံတွဲ မျက်နှာစပ်ဖြဲဖြဲဖြစ်သွားသည်။ မြန်အောင် က ရယ်၏။ ထိုစဉ် သူတို့ဆီကို လျှောက်လာသည့် ရှင်မင်း



ကို မြင်လိုက်လျှင် မြန်အောင် တို့ မျက်နှာတွေတ ဘည်တဲ့တဲ့တွေဖြစ်ကုန်လျက် ..၊

"အေးပေါ့ .. အားကိုးစရာမလိုအောင် မင်းသားက ဘုန်းကြီးနေတာကိုးကွ .."

နှုတ်ခမ်းလှုပ်ရုံပြောပြီး မချိမရဲအံကြိတ်သည်။ ရှင်မင်း က စတော်အရည်အနီရဲအကျပ်လေးနှင့် အဝါနုရောင်အနီရစ်ထားသော တီရှပ်လက်ရှည်လေးဝတ်ထားသည်။

ကျောလယ်လောက် ဆံနွယ်ပျော့ပျော့လေးတွေကို ဒီတိုင်းဖြန့်ချထားလျက် သူမလည်း လက်ျာ ထက် မညံ့သောအလှပဂေးပဲဖြစ်သည်။

"သမယ ကားဘာဖြစ်လို့လဲဟင် .."

"ဘာမှမဖြစ်ပါဘူး .."

"ဩော် .. ပြန်တာလည်းမဟုတ်ဘူး၊ ကားနားကလည်း မခွာတော့ ဘာများဖြစ်လို့လဲလို့ ရှင်မင်း က လှမ်းကြည့်နေတာ .."

"အဟွန်း .. ဒီကောင်ညစ်နေတာ .."

သမယ က ဘာမှမပြောရသေးခင် သံတွဲက ဝင်ဖြေလိုက်ပြီး ..၊

"လက်ျာ က သူ့ကို ကွိုင်ရှာလို့ .."

"ဟိုတစ်ပတ်တည်းကမို့လား .. သမယ နဲ့ ရှင်မင်း အတူတူရှိနေတာမြင်သွားလို့လေ .."

"မဟုတ်ပါဘူး .."

"ဟုတ်တယ် .. အဲဒါကြောင့်ပဲ .."

သမယ က ခေါင်းခါမယ့် မြန်အောင် တို့က ခေါင်းညိတ်ကြပြီးဖြစ်ကာ ..၊

"လက်ျာ က စိတ်ကောက်သွားတာလေ .. အဲ့ဒါ .."

"မြန်အောင် .."

"ဟာ် .."

"မင်းကို ဘယ်သူမေးနေလို့လဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ရှင်မင်း .."

သမယ ဒေါသထွက်နေမှန်းသိသော့ကြောင့် ရှင်မင်း က ပြုံးလိုက်ပြီး သမယ ဘေးမှာ ဝို၍နီးအောင်ထပ်ငေ ိုက်ပြီး ..၊

"ရှင်မင်း လည်း သိပြီးသားပါ သမယရယ်၊ အဲဒါကြောင့် ယူ့အချစ်ကို ရှင်မင်း ကိုယ်တိုင် လိုက်ရှင်းပြပေးဖို့ စိတ်ကူးနဲ့ .."

"မလုပ်ပါနဲ့ .. ဒါ ပြဿနာကြီးတစ်ခုလည်းမဟုတ်ပါဘူး .."

မိန်းမတစ်ယောက်ကြောင့် ဒီလောက်စိတ်ညစ်လာရတာကို လက်မခံနိုင် ..။ အပျော်တမ်းရည်းစားထားကြတယ်ဆိုတာ ကြားလို့တော့ မတော်ပေမယ့် မိန်းကလေးနဲ့ ယောကျ်ားလေးတို့ တစ်ယောက်နဲ့တစ်ယောက် ဆက်ယုက်ပတ်သက်ခြင်းမပြုကြဘဲ သူငယ်ချင်းတွေနဲ့ ကဲန်တင်းထိုင် တစ်ခါတစ်လေနှစ်ယောက်တည်း အတူထိုင်ပြီး စကားပြော ..။

ထို့ထက်မပို ဘာနဲ့မှလည်း မကျူးလွန်ကြသော သူငယ်ချင်းသာသာ ရည်းစားဆိုတဲ့ သဘောမှာ ဘယ်လိုတာဝန်ဝတ္တရားတွေထမ်းပိုးနေရဦးမှာလဲ ..။

သာသာယာယာ ကြင်နာတဲ့စကားတွေပြောနေရမည့်အစား ဘယ်မိန်းကလေးမှ မကြည့်ပါ၊ မထိပါဆိုတာတွေပဲ အကြိမ်ကြိမ်ရှုတ်ပြနေရသည်။

ဘုရားရှေ့မှာ သစ္စာဆိုပြရမည်ဆိုတာတွေလည်းရှိသေး၏။ တစ်ခါတစ်ခါကျတော့ 'ငါယောကျ်ားပဲ' ဆိုတဲ့မာနနဲ့ ခပ်တင်းတင်းနေချင်မိသည်။

ထို့ကြောင့် ဒီတစ်ခါ နေဖြစ်အောင်နေလိုက်ဖို့ဆုံးဖြတ်ခဲ့၏။

"ဘာဖြစ်လို့လဲ သမယ .. ခုပဲ သမယ ကျောင်းတက်ဖို့ အိမ်ပြန်ဖို့ ဘာမှစိတ်မပါဘဲ ကားထဲမှာပဲ ထိုင်ရမလို ထရမလိုဖြစ်နေပြီမို့လား .."

"စိတ်ချမ်းသာသလိုနေတာပါ .. အဲ့ဒါကြောင့်မဟုတ်ပါဘူး .."

"ဒါပေမယ့် ရှင်မင်း ကြောင့်ဆိုတာ .."

"ဘယ်သူပြောတာလဲ .."



"ဒီလိုပဲပေါ့ .."

"မယုံပါနဲ့ .. ကိုယ်က ကာယကံရှင် .."

သမယ က တစ်ခွန်းမေးမှ တစ်ခွန်းပြောသည်။ ရှင်မင်း ကလည်း သူ့မစကားလိုရင်းရောက်သွားပြီပေမယ့် ပြန်ထွက်မသွားခဲ့ပေ ..။ ထို့ပြင် နောက်ထပ်မေးခွန်းတစ်ခုက မဆီမဆိုင် ..။

"မနေ့တုန်းက အရောင်းအဝယ်ကိစ္စတစ်ခုနဲ့ ရှင်မင်း ရောက်လာသေးတယ် .."

"ဘယ်ကိုလဲ .."

"သမယ တို့ လမ်းထဲ .."

သမယ ခေါင်းညိတ်လိုက်သည်။ ရှင်မင်း ရဲ့ စကားက ဒီမှာတင်မပြီး ..။

"သမယ တို့ အိမ်ရှေ့ရောက်တော့ .. သမယ နဲ့ ခပ်ဝဝတစ်ယောက် ကြက်တောင်ရိုက်နေကြတာတောင်မြင်ခဲ့သေးတယ် .."

သမယ မျက်ခုံးတန်းတို့ တွန့်ခနဲတစ်ချက်ဖြစ်သွားသည်။

"အဟွန်း .. အဲ့တစ်ယောက်ကို ကျောင်းမှာတွေ့လိုက်လို့ .."

"အဲ့ဒါ လာမေးတာလား .."

"ဟင့်အင်း .. မဟုတ်ပါဘူး၊ ရှင်မင်း လာတာက လက်ျာ နဲ့ မပြေလည်တဲ့ကိစ္စကြားလို့ ကူညီချင်တဲ့စိတ်နဲ့ပါ .."

သမယ ရဲ့ မကျေလည်မှုတွေက အဖိုင်အခဲအဖြစ် တင်းမာစပြုလာ၏။ ရှင်မင်း သာ ရှေ့ဆက်မေးမြန်းစပ်စုလာဦးမည်ဆိုလျှင် သူ ဘာတွေပြောလိုက်မိမည်မသိ ..။

ဒါပေမယ့် သူမက ဒီမှာတင် ရပ်သိမ်းနှုတ်ဆက်သွားခဲ့၏။ သံတွဲက သက်ပြင်းချပြန်သည်။ မြန်အောင် က ခေါင်းကုတ်၍ ဘွန်းနက်ပေါ်က လျှော့ဆင်းလာကာ ..၊

"မလွယ်ဘူး .."

"ဘာတွေမှန်းမသိဘူး .. သွားမယ် .."

www.burmeseclassic.com

www.burmeseclassic.com



သမယ ပီကေဝါးနေရင်း အံကြိတ်လိုက်သေးသည်။ ပြီးတော့ နေရာမှထရပ်၏။

"မိန်းကလေးတွေလည်း ဒါမျိုးဆို အနံ့ခံကောင်းတယ်နော် .."

"အေးနော် .. ငါလည်း အံ့သြတယ်၊ မီ ရောက်လာတာ မကြာသေးဘူး ဘာဖြစ်လို့ ဒီလောက်လူသိများသွားရတာလဲ .."

"အနေအထိုင်မှမတတ်တာ .."

သမယ အသံက မကျေနပ်ခြင်းများစွာဖြင့်

"မင်းကလည်းကွာ .. မီ က မျက်နှာချိုတာပါ၊ ပြီးတော့ ခင်တတ်တာ သူ့မျက်နှာလေးက သိသာတယ်၊ အဲဒါ မင်းကြောင့် .."

မြန်အောင် တိုက်ရိုက်စွပ်စွဲသည်။

"ဘာလဲ .. မင်းကြောင့် .."

"ဟုတ်တယ်လေ .. မင်းက အားကစားမှာရော အနုပညာမှာရော ဘယ်မှာဖြစ်ဖြစ်ကင်း .."

"နံပါတ်တစ်ဆိုတဲ့ ကင်းရဲ့ဘေးမှာရှိနေတဲ့အတွက် မီ့ ခမျာ .."

"ဘယ်သူက ငါ့ဘေးမှာလဲ .. အဲ့ဒီ ခါတော်မီမ ငါ့နားမှာမနေလွန်းလို့ တစ်နေ့တစ်နေ့ မေမေ ဆက်တဲ့ဖုန်းတွေနဲ့ သူ့ကိုလိုက်ကြည့်ရတာနဲ့ ရည်းစားနဲ့ ကြည်နူးချိန်တောင်မရှိဘူး .."

"ဒါလည်း ဟုတ်တုတ်တုတ် .."

မြန်အောင် တရားကျသွားပုံပေါ်၏။ သံတွဲက စဉ်းစားရင်း လမ်းလျှောက်နေကာ လက်ဖျစ်တစ်ချက်တီး၍ ...

"တစ်ခုဖြစ်နိုင်တယ် .."

"နှစ်ခုလုပ်ပါ .."

"ဟေ့ကောင် .. ဆေးရိုးသည်မလုပ်နဲ့ .."

"လုပ်စရာလားကွ .. ကွမ်းယာစားတာတွေ တားဆီးနေပြီဆိုတော့ ဆေးရိုးသည်လုပ်ရင် ရှေ့လျှောက်အခြေအနေကောင်းဖို့မရှိတဲ့ဟာကို.."

ပြောဖြစ်ပြီဆို စကားနိုင်လုရင်း ဟိုရောက်ဒီရောက်နှင့် လိုရင်းကို



တော်တော်နဲ့ မရောက်နိုင်တော့ ..။

"ပြော .. ပြော .. ဘာလဲ .. ဘာဖြစ်နိုင်တာလဲ .."

မြန်အောင် က တာဝန်ရှိတဲ့အတိုင်း သူ့ကြောင့်ပြတ်တောက်သွားသည့်စကားစကို ပြန်ဆက်မေး၏။

"ငါစဉ်းစားမိတာပါ .. အန်တီက မီ့ ကို ဒီလောက်ချစ်တာ သမယနဲ့များ .."

"ဟိတ်ကောင် .."

မြန်အောင် က သံတွဲ ပခုံးကို ခပ်ဖွဖွထိုးလိုက်ပြီး သမယ မျက်နှာကို မေးဆတ်ပြကာ ..။

"ပြောချင်ရင် မျက်နှာကို အကဲခတ်ဦး၊ မုန်တိုင်းက ဘယ်ကိုဗဟိုပြုမလဲ မသိဘူး .."

"အဟမ်း .."

သံတွဲ ခေါင်းညိတ်ပြီး တံတွေးမျိုချ၏။ ထိုစဉ် သမယ ဆီက ဖုန်းမြည်လာသဖြင့် သံတွဲ မျက်နှာပြုံးသွားကာ ..။

"အဲဒါ မုန်တိုင်း ဗဟိုပြုမယ့်အရုပ်မျက်နှာပဲ .."

သူပြောလို့မှ မဆုံးသေး ..။

"မေမေရာ .. သူမပါလို့မရဘူးလား .."

"..... ..... ....."

"မဟုတ်ဘူး .. သူ့တစ်ယောက်တည်းကို တစ်ကျောင်းလုံးပတ်ရှာရမှာ မေမေ စဉ်းစားကြည့်ပါဦး .."

ဖုန်းပြောပြီးသည့် သမယ မျက်နှာက ကန္တာရခရီးရှည်ကြီးကို မျှော်ကြည့်ပြီး စိတ်ပင်ပန်းနေသကဲ့သို့ရှိကာ ..။

"ကျွတ် ..."

"ဘာဖြစ်တာလဲ .. မီ့ ကို ရှာဖို့လား .."

"ဟုတ်တယ် .."

"ဒါဆို ခေါ်ပြီးပြန်ရမှာလား .."

www.burmeseclassic.com

www.burmeseclassic.com



"မေးလိုက်တာကွာ .. ရှာတွေ့ဖို့ကိုပဲ မနည်းကြိုးစားရမှာ၊ ဒီကောင်မလေးနဲ့တော့ ကွိုင်ပဲ .."

"မင်းကလည်း ဒီလောက်ခက်ပါဘူး သမယ ရာ၊ သူ့အတန်းထဲမှာမရှိရင် ကဲန်တင်းမှာရှိမှာပေါ့ .. မီ က အတန်းတွေဘာတွေလစ်မယ့် မိန်းကလေးမှ မဟုတ်တာ .."

"ငါသိပြီ .. သံတွဲ၊ ဒီကောင် လက်ျာ မြင်သွားမှာလန့်နေတာ .."

"ငါက ဘာလို့လန့်ရမှာလဲ .."

"မသိဘူးလေ .. လက်ျာ က မင်းကို မီ့ အကြောင်းတွေမေးနေတာဆိုတော့ ထပ်မြင်သွားရင် ရှုပ်ကုန်မှာတော့ သေချာတယ်လို့လား .."

ကွက်တိဟောကိန်းထုတ်လိုက်တော့ သမယ မျက်နှာတည်တည်ကြီးနဲ့ ငြိမ်ကျသွားသည်။ ပြီးတော့ မနက်က ဖုန်းဆက်ခဲ့တာကိုလည်း သတိရသွားမိသည်။

"ကို့ဆီက ရှင်းပြတောင်းပန်တာတွေ ရောက်လာဖို့ ထိုင်စောင့်နေရတာ စိတ်မရှည်တော့ဘူး ကို၊ လက်ျာ တို့ တွဲခဲ့ကြတာလည်း ချစ်ကြည့်ကြဖို့စမ်းသပ်ခဲ့တာမှမဟုတ်တာ၊ ဖြစ်ခဲ့တဲ့ကိစ္စကို ဆားဖယ်ထားပြီး ကိုနဲ့ အခု တွေ့ဖို့လိုတဲ့အကြောင်းကိုပဲပြောတော့မယ် .."

"အဲ့ဒါ ကို လာခဲ့လေ .. မေးခွန်းလေးနည်းနည်းပါးပါးမေးကြည့်ချင်လို့ပါ၊ ကို သိပါတယ် .. ပတ်ဝန်းကျင်က နားစွန်နားဖျားလေသံနဲ့ လက်ျာ မတုန်လှုပ်တတ်ဘူး .." တဲ့ ..။

သူမကတော့ တွေ့ချင်လို့ ချိန်းတာပဲဖြစ်သည်။ ဒါပေမယ့် လာခဲ့ဦး ခေါ်တိုင်းသွားရမယ့်အဖြစ်အတွက် ယောကျ်ားမာနက ခံနေသည်။

"ဒါကတော့ မင်းက ရှင်းပြသင့်တာကိုတောင် မရှင်းဘဲထိုင်နေခဲ့တာကွာ .. သူ့ဘာသာကျေအေးပြီး ခေါ်နေတာကိုတော့ သွားသင့်ပါတယ် .." လို့ သံတွဲ တို့က အကြံပေးကြသေးသည်။

သို့သော် ..၊

နေရာတကာ ပြဿနာရှာတက်လွန်းသည့် သူမရဲ့ မေးမြန်းစစ်ဆေး



မှုတွေကို သူ့ဘက်က သည်းမခံနိုင်မှုကလည်း ဒီမှာပဲကုန်ခဲ့ပြီမို့ —

"မရှုပ်ဘဲနဲ့ ရှင်းရတာတွေကို စိတ်ကုန်နေပြီ .."

ကိုယ့်အတွေးတွေနဲ့ပဲ ဆုံးဖြတ်ချက်ကို ဖွင့်ဟပြောလိုက်မိလျက် အံ့ဩသွားသည့် သံတွဲ မျက်နှာကိုလှည့်ကြည့်လိုက်ရင်း ..၊

"အဲ့ဒါကြောင့် ဘာကိုဂရုစိုက်ရမှာလဲ၊ သူ ဖုန်းဆက်တာ ငါမသွားဘဲ နေလိုက်တည်းက အားလုံးပြီးပြီ၊ ဘာမှမရှိတော့ဘူး .."

"သမယ မင်း တကယ်လား .."

"ရှင်မင်း ကို ပြန်ဆက်ချင်တာတော့ မဟုတ်ပါဘူးနော် .."

သမယ က ပတ်ဝန်းကျင်ကို မျက်လုံးကစားရင်း သက်ပြင်းချသလိုလို မဲ့လိုက်သလို နှုတ်ခမ်းတွေ ခပ်လွန့်လွန့်နှင့် ...၊

"တစ်ခါတလေကျတော့ ယောကျ်ားပီသရတာမကောင်းဘူးကွ.."

"ဘယ်လို .."

"ကိုယ့်ချစ်သူဟုတ်ဟုတ် မဟုတ်ဟုတ် မိန်းကလေးမို့ အခွင့်အရေးပေးမိရင် အဲဒီကောင် လာကြောင်နေပြီပဲထင်တာ .."

"ဟုတ်တယ် .."

"ကိုယ်ချစ်တဲ့ သူအတွက်ဆိုရင်တော့ အဲ့ဒီလိုယောကျ်ားပီသတဲ့ သတ္တဝါဘယ်လိုနေမလဲ .."

"ကိုယ်ကချည်းပဲ လျှော့ပေးနေမှာပဲ .. ကိုယ့်ချစ်သူကို ဘယ်အနိုင်ယူရက်မှာလဲ .."

သမယ မေးတိုင်း သံတွဲ က သွက်လက်ပြည့်စုံစွာဖြေနေ၏။ သမယ က သွားတွေပေါ်အောင်ရယ်လိုက်ပြီး သံတွဲ ပခုံးကိုဖက်၍ ..၊

"ငါလည်းမောနေပြီ .. အဲဒါကြောင့် မိန်းကလေးတွေနဲ့ ခပ်ကင်းကင်းနေကြည့်ဖို့ဆုံးဖြတ်ထားတယ် .."

"ကောင်းတယ် .. မင်းက ကောင်မလေးတွေနဲ့ ကင်းကင်းရှင်းရှင်း ဖြစ်နေရင် ငါတို့သိက္ခာတက်တာပေါ့ .."

"ဘာဆိုင်လို့လဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ခများ အတွဲမရှိသူလေးတွေလေ၊ မင်းက အသည်းပဒေသာ ပင်ကြီးနဲ့ဆိုတော့ ငါတို့မျက်နှာမျက်နှာငယ်တာပေါ့ကွ .. ခုမှ ဘက်ညီ သွားတာ .."

"ဟား .. ဟား .. ဟား .."

"အေးပါ .. ရယ်ပါ၊ ခုနကလို အီးမှန်တဲ့မျက်နှာကြီးနဲ့တော့ မနေ ပါနဲ့ .."

"မနေတော့ဘူး .. ဒါပေမယ့် ငါ့ကို ဝိုင်းကူရှာပေးရမယ် .."

"မှို ကိုလား .."

"အင်း .."

"ရှာပြီးသားပဲ .."

တကယ်ပဲ သမယ မျက်နှာမှာအပြုံးတွေ ဖြစ်လာမှ သူတို့လည်း ပြုံးနိုင်ရယ်နိုင်ဖြစ်ခဲ့ကြသည်။

အိမ်ရှေ့မှ အိမ့်နောက်မချမ်းသာ ..၊



အခန်း (၁၃)

"ဟာ .. ဘာလဲ .. ဘာလဲ .."

"ဘုန်း .. ဘုန်း .. ဘုန်း .."

"ဟား .. ဟား .. ဟား .."

ချစ်တိုင်း ထိုင်ရာကနေကမန်းကတန်းထကာ ဖရိုဖရဲဖြစ်ကုန် သည့်ကြားက ခြေထောက်ကို ဆက်တိုက်ခါချသည်။ ဖနောင့်ပေါက် ခြင်းဖြင့် ခါထုတ်၏။

တစ်ဆိုင်လုံးက ရှိသမျှလူတွေ သူတို့ဝိုင်းကိုလှမ်းကြည့်ကြလေသည်။

"ဟယ် .. ဖားပေါက်စလေးပါ၊ နေပါဦး ချစ်တိုင်း ရယ် .. နင်းမိ တော့မှာပဲ .."

မှို က ချစ်တိုင်း ရဲ့ ခြေထောက်တွေကြားထဲမှာ လေးဘက်တွား မတက်ရှိကာ ဖားကိုလိုက်ကောက်၏။

"မှို ဘာလုပ်တာလဲ .. ရွံစရာကြီးကွာ .."

"မကောင်းပါဘူး ချစ်တိုင်း ကလည်း၊ ကြည့်ပါဦး သူ့ခများ ချစ်တိုင်း ခြေထောက်ကိုရှောင်ရတာနဲ့ မောနေရှာတာ .."

လက်ချပ်နှစ်ဖက်အုပ်ထားသည့်ထဲကို ရှုံ့မဲ့မဲ့ကြည့်၍ ချစ်တိုင်း က နောက်ဆုတ်၏။ မှို က ပြန်ထိုင်ကာ လက်ချပ်နှစ်ဖက်ကို စားပွဲပေါ်

www.burmeseclassic.com

www.burmeseclassic.com



တင်ထား၍ ...

"ကြောက်လို့တွေ့လား .. လက်ခုပ်ထဲမှာ ငြိမ်ကပ်နေဘာပဲ .."

"ဟား ..."

"အဟုတ်ပြောတာ ချစ်တိုင်း ရဲ့၊ မဟုတ်ရင် အဲဒီဖားလေးတွေက တစ်ချက်မှအငြိမ်နေတာမဟုတ်ဘူး .."

"ဟာ .. ဟော့ .. မီ နော် .."

"မီ မလုပ်နဲ့လေ .."

"မလုပ်ပါဘူး .. ချစ်တိုင်း ကို ခဏလေးပြမလို့ .."

"မလုပ်နဲ့ .. မလုပ်နဲ့ .. ခုန်ထွက်လာလိမ့်မယ် .."

"ဟား .. ဟား .. ဟား .."

ချစ်တိုင်း နဲ့ သူငယ်ချင်းနှစ်ယောက်ကရယ်နေကာ ချစ်တိုင်း က မီ့ လက်ခုပ်လေးနှစ်ဖက်ကို သူ့လက်နှစ်ဖက်နဲ့ ထပ်အုပ်ကိုင်ထား၏။

ရယ်နေသည့် မီ့ နှုတ်ခမ်းလေးတွေကို ခပ်လှမ်းလှမ်းကနေကြည့်ကာ လကျ်ာ ဒေါသတွေထွက်နေ၏။ ဘာဖြစ်လို့ ဒီနေ့ကျမှ ချစ်တိုင်း တို့အုပ်စုနဲ့ ဒီဝတုတ်မက တစ်ယောက်တည်းဖြစ်နေရတာလဲ ...၊

မြင်နေကျ ဟိုသုံးယောက်က ဘာလို့မပါတာလဲ ...၊

"ကြည့်ရတာ ချစ်တိုင်း နဲ့ ကြိုက်နေကြတာတော့မဟုတ်လောက်ပါဘူးနော် .."

လကျ်ာ က မဖြေ ...၊

"ဒါပေမယ့် မီ တစ်ယောက်တည်းပါလာတာက ဘယ်လိုသဘောလဲ .."

လကျ်ာ က တိတ်နေဆဲရှိသည်မို့ ...၊

"ဒါပေမယ့် နင်ပြောသလိုလည်းဖြစ်နိုင်ပါတယ် လကျ်ာ ရဲ့၊ ငါတို့ရှိတဲ့နေရာတွေမှာပဲ သူတို့ကိုတွေ့နေရတာဆိုတော့ ဒီကောင် နင်ရည်းစားများတာကို ဖွဲ့ချင်လို့ ဒီဝတုတ်မနဲ့ တမင်တွဲပြနေတာဖြစ်မှာပါ .."

သူငယ်ချင်းဖြစ်သူကို ဖြေသိမ့်ပေးလိုက်ရပေမယ့် ချစ်တိုင်း ပုံစံက



ပတ်ဝန်းကျင်ကိုရှိသည်တောင်မထင်တာ အသိသာကြီးပါ။

ဒီနေရာ မလှမ်းမကမ်းမှာ သူမတို့ရှိနေတာသိတောင်သိရဲ့လား...၊

"တောက် .."

ခပ်ကြိတ်ကြိတ်တက်ခေါက်ပြီး နာရီကြည့်လိုက်တော့ အေမီ က လိုက်ငုံ့ကြည့်ကာ ...၊

"သူလာမယ်လို့ နင့်ကို ပြောထားလို့လား .."

လကျ်ာ မျက်နှာကွက်ခနဲပျက်သွား၏။ အေမီ ပျာပျာသလဲဖြစ်သွားကာ ...၊

"မဟုတ်ပါဘူး .. အချိန်အတိအကျချိန်းထားတာလားလို့ မေးတာပါ၊ ငါ့ရှေ့မှာ နင် ဖုန်းပြောနေတော့ တွေ့ချင်တယ်လို့ပဲပြောတာကြားလို့ .."

အချိန်အတိအကျမချိန်းဘဲ စိမ်းလန်းစိုပြည်လိုနေရာမှာ အချိန်ပေးပြီး လာထိုင်နေပါ့မလား ...၊

"ငါတစ်ခု သတိရတယ်သိလား လကျ်ာ .. အဲ့ဒီတစ်ယောက် မင်းရဲ ကို အသေကြိုက်နေတာတဲ့၊ ဟိုသုံးယောက်ဆီကနေ ငါသေချာကြားခဲ့တာ၊ ဝတုတ်မကိုက နုံတာပါဟာ .. အဲ့ဒီသုံးယောက်ကလည်း ခင်လို့ပေါင်းနေတာမှမဟုတ်တာ .."

"ဘာလဲ ညာစားနေတာလား .. သူက ဘယ်လောက်ချမ်းသာ နို့လဲ .."

"လကျ်ာ ရယ် .. ချမ်းသာသာ မသာသာ ဘော်ဒါကဏ္ဍမှာပဲ နေရာတကာ အိတ်စိုက်လုပ်ပေးနေမှတော့ ဒါမျိုးကို လက်သပ်မွေးကြမှာပေါ့၊ သူကချည်းပဲ ချခင်းကျွေးမွေးပြီး မင်းရဲ ကို နောက်ပိုးလုပ်နေတာပါဆို .."

ခုမှ သတင်းအတိအကျ ထွက်လာတာပါလား ...၊

ဒါပေမယ့် မင်းရဲ လိုလူကို ပိုးပမ်းရတာထက် ချစ်တိုင်း ကတော့ ပိုပြီး မျှော်လင့်ချက်ရှိသည်ထင်မှာပေါ့။

www.burmeseclassic.com



တစ်မျိုးစီ ချောကြသည်။ မင်းရဲ က ဆိုင်သူရှိထားပြီး ချစ်တိုင်း ကတော့ ရည်းစားဦးနေရာအတွက် စိတ်တိုင်းမကျသမျှ ရွေးချယ်နေဦး မှာဖြစ်သည့် ဂဏှီဂရောင်မင်းသား ..။

ဒီဝတုတ်မ စိတ်ကူးကတော့ တကယ့်ရွှေအိမ်မက်ပါပဲ ..။

"သိလား လက်ျာ .. ငါပြောချင်တာက မင်းရဲ ကို နင်မြှောက်ပေး လိုက်လား .."

"ဘာလုပ်ဖို့လဲ .."

"ချစ်တိုင်း နဲ့ ဒီလိုကြီး နီးစပ်ပတ်သက်နေတာ အမြတ်ကတ်လွန်း လို့ .."

"ဘာလို့ကပ်နေတာလဲ .. မကက်နဲ့၊ ကိုယ်နဲ့ ဘာမှမဆိုင်ဘူး .."

"မဆိုင်ဘူးဆိုပြီး ကိုယ့်မျက်နှာကိုလည်း ပြန်ကြည့်ပါဦး .."

"ဒါကတော့ သူ့ကြောင့် ငါ့ဘက်မှာ ထိခိုက်ခဲ့ရတာရှိတာကိုး၊ သူ့လိုကောင်မျိုး ဒါမျိုးနဲ့တွေ့မှာပဲ .."

သူများကို ဒေါသထွက်နေရင်း နာရီထပ်ကြည့်မိပြန်သည်။ အကျိုး အကြောင်းဘာမှလည်း အကြောင်းမပြန်၊ ခုထိလည်း ရောက်မလာသေး တာ ဘယ်လိုသဘောလဲ ..၊

သမယ ပုံစံကို မျက်လုံးထဲမှာမြင်ယောင်လာကာ ပူလောင်လာ သည့်ရင်ထဲမှာ ခံရခက်ခြင်းကသိသာလာ၏။ ရှင်မင်း နဲ့ အတူတွေ့လို့ မေးလိုက်မိတာ ဘယ်လောက်အပြစ်ကြီးသွားလို့လဲ ..၊

"လက်ျာ ရယ် .. သူ့အဆက်ဟောင်းဆိုပေမယ့် သူတကယ်ပြန် ဆက်ချင်ရင်တောင် နင်နဲ့ချိန်းထားတဲ့နေရာမှာတော့ ခေါ်မတွေ့လောက် ပါဘူး၊ ပြီးတော့ ရှင်မင်း က ခုထိ သမယ ကို ပြတ်တာမဟုတ်ဘူး၊ သူဆက်ချင်ရင် လွယ်လွယ်လေးပါဟယ် .." တဲ့ ..။

ဂျူလိုင် ကလည်း ပြောပြလို့ သူမဘက်ကစပြီး ကျေအေးပေးခဲ့ သည်။ ဖုန်းဆက်တာ ဘယ်နှစ်ခါတောင်ရှိနေပြီလဲ၊ သူ့ဘက်က ဘယ် လောက်ထိတင်းသွားသလဲဆိုတာသိရလို့ ကိုယ်ကပဲ စပြီးချိန်းခဲ့တာ



မကျေနပ်နိုင်သေးဘူးလား ..။

သူ တကယ်ပဲ ဒီစာတ်လမ်း ဒီမှာပဲဆုံးပြီလို့ သတ်မှတ်လိုက်ပြီ လား ..။

တဖြည်းဖြည်းမီးမြင့်လာတော့ ရင်ဘတ်တစ်ခြမ်းမှာ လောင်မြိုက် လာ၏။ ဘေးမှာရှိနေသည့် အေမီ ကိုတောင် ရှက်မိပါ၏။

ဂျူလိုင် တုန်းကလည်း တောက်လျှောက်တွဲလာပြီးမှ ချစ်တိုင်း နဲ့ ပတ်သက်ပြီး ကိုယ့်ကိုဝေဖန်သွားလိုက်တာ ထင်တောင်မထင်ခဲ့ဘူး။

အေမီ ကရော ..၊

သူမအေပါးမှာ ဘာဖြစ်လို့ သူငယ်ချင်းကောင်းမရှိရတာလဲ၊ ဒီလို အချိန်မှာ ရင်ထဲကပူလောင်မှုတွေကို အိတ်သွန်ဖာမှောက်ဖွင့်ချပြောပြီး 'ငါဘာလုပ်ရမလဲ' လို့ ယုံကြည်အားကိုးစွာတိုင်ပင်ရမည့်သူငယ်ချင်း မျိုးကို တမ်းတမိ၏။

မကြည့်ချင်မြင်လျက်သားဆိုသလို ကိုယ့်သောကနဲ့ သဝန်တိုမှုတွေ ကို ရစ်ပတ်လုံးထွေးနေရင်း မျက်လုံးတွေက ချစ်တိုင်းတို့စားပွဲဆီရောက် သွားခဲ့ပြန်သည်။

ချစ်တိုင်း က မျက်နှာမော့ရယ်နေကာ သူငယ်ချင်းတစ်ယောက် က မီ လက်ခုပ်ထဲက ဖားကို ဖုန်းနဲ့ဓာတ်ပုံရိုက်နေ၏။ ပြီးတော့ မီ ထထွက်သွားကာ ရေစပ်နားထိသွားနေလျှင် ချစ်တိုင်း က လိုက်သွား၏။

"မီ လွှတ်လိုက်တော့လေ .."

"လွှတ်မှာပေါ့ .. သစ်ပင်ရိပ်လေးအောက်မှာ ချပေးချင်လို့ .."

"ရေထဲ လွှတ်မှာမဟုတ်ဘူးလား .."

"ဘယ်ကလာ ချစ်တိုင်း ကလည်း .."

မီ က ငုတ်တုတ်လေးထိုင်လိုက်ပြီးမှ လှည့်ရယ်သည်။ ပြီးတော့ ကန်စပ်ဘက်ကို ပြန်လှည့်လျှင် ဆံနွယ်ရှည်တွေ တွဲလွဲခိုကြနေသဖြင့် လက်မောင်းနဲ့ ပင့်တိုက်လိုက်၊ လက်ခုံလေးနဲ့ မလွှတ်မလပ် ကပ်တွန်း လိုက်နှင့် ..၊

www.burmeseclassic.com

www.burmeseclassic.com



ဖားကို လက်နှစ်ဖက်နဲ့ အုပ်ကိုင်ထားရခြင်းကြောင့် ဆံပင်နဲ့ မျက်နှာကြားမှာ ဖရိုဖရဲအလုပ်ရှုပ်နေ၏။ ချစ်တိုင်း က မီ့ ဘေးမှာ ပုးကပ်ထိုင်ချလိုက်ကာ ဆံပင်တွေကို လက်တစ်ဖက်နဲ့ အသာလေးပင့်သိမ်းပေးထားလိုက်ပြီး ...၊

"ရပြီလား .."

"ဟင် .. အဲ .."

မီ့ မျက်နှာလေးမှာ ပါးပြင်လေးတွေရဲတွတ်သွား၏။ လူချင်းနီးကပ်စွာရှိနေကာ မထင်မှတ်သည့်အဖြစ်ကြောင့် ကြောင်တက်တက်လေး ပြန်ရယ်ပြရင်း ...၊

"ရပါတယ် .. ရတယ် .."

"မရပါဘူး မီ ရာ .. မင်း မနိုင်မနင်းဖြစ်နေတာကြည့်လို့မှမကောင်းတာ၊ လျှောက်တွေးမနေပါနဲ့ အဲ့ဒါကိုဆက်လုပ်ပါ .."

မီ ခေါင်းညိတ်ပြီး ရှေ့ထပ်တိုးလိုက်လျှင် ...၊

"နေဦး .. ဒီနားမှာလွှတ်လိုက်ရင် ထိုင်ခုံတွေနဲ့ မနီးဘူးလား .."

"မနီးပါဘူး .."

"ပြီးရော .. ကိုယ့်ခြေထောက်ပေါ်ထပ်ပြီး ခုန်တက်လာလို့ကတော့ ဒီတစ်ခါ တကယ်ဖနောင့်နဲ့တက်ကြိတ်ပစ်မှာ .."

"ချစ်တိုင်း ရယ် .. 'နှုတ်ကြောင့်ကြေ လက်ကြောင့်သေ' တဲ့၊ ကိုယ် တကယ်သတ်ချင်တာလည်း မဟုတ်ဘဲနဲ့ ပြောတာနဲ့ပဲ ငရဲကြီးဦးမယ် .."

"မတတ်နိုင်ဘူး၊ အဲ့ဒီ ပုပုရွရွအကောင်ပလောင်တွေဆို အရမ်းအသည်းယားတာ .."

ဖားလေးကို မြက်ဖုတ်ပင်လေးတွေထူသည့်အစပ်မှာ လွှတ်ပေးလိုက်ပြီး တရွေ့ရွေ့ခုန်ထွက်သွားတာကို လိုက်ကြည့်နေသေးသည်။

ပြီးမှ ထိုင်နေရာကနေ အတူပြန်လျှောက်လာကြရင်း ...၊

"မီ ..."



"ဟင် .."

ခေါ်ပြီး ရှေ့ပေက်မသွားဘဲ ရပ်နေတော့ မီ လည်း သူနဲ့မျက်နှာချင်းဆိုင်မှာ ရပ်နေမိကာ ...၊

"ဘာလဲဟင် .."

"ကိုယ် မင်းနဲ့ သူငယ်ချင်းဖြစ်ရတာ ပျော်နေသလိုပဲ .."

"ဟုတ်လား .. မီ ကတော့ ဒီနေ့ ချစ်တိုင်း ရဲ့ မွေးနေ့ဆိုပြီး ဘာလက်ဆောင်မှမပေးရဘဲနဲ့ စားသောက်နေရတာ ဘယ်လိုကြီးမှန်းမသိဘူး .."

"မွေးနေ့မှာ ကျွေးမွေးတာ လက်ဆောင်လိုချင်လို့မှမဟုတ်ဘဲ၊ ပြီးတော့ ကိုယ့်မှာ မိန်းကလေးသူငယ်ချင်းတစ်ခါမှ မရှိခဲ့ဖူးဘူး .."

"ဟင် .. တကယ်လား .."

"ဟုတ်တယ် .."

ချစ်တိုင်း က ရယ်လိုက်ပြီး အပြစ်မကင်းသည့်မျက်နှာမျိုးဖြစ်သွားကာ ...၊

"ဘာဖြစ်လို့လဲမသိဘူး .. မိန်းကလေးတွေကို ကိုယ်မကြိုက်ဘူး.."

"ဘယ်လို ...."

မီ့ မျက်ခုံးလေးတွေ ဆတ်ခနဲပင့်တက်သွားတော့ ချစ်တိုင်း က ရယ်သည်။

"ကိုယ့်ကို ဂေးလို့ထင်သွားပြီလား .."

"မထင်ပါဘူး .. အံ့ဩသွားတာ .."

"ဟွန်း .. ဘာဖြစ်လို့လဲမသိဘူးလို့ ကိုယ်ပြောခဲ့တာပဲ၊ အဲ့ဒါ တကယ်မသိတာ၊ ကိုယ့်ကိုယ်ကိုယ် နားမလည်တာမျိုးပေါ့၊ ယောကျ်ားလေးတွေအပေါ်မှာ မိန်းကလေးတွေရယူချင်တာတွေ အရမ်းများတယ်မထင်ဘူးလား .."

"ဟင် ..."

ဘယ်လိုမေးခွန်းကြီးလဲ ...၊

www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေး ဘက်ကမကြည့်ဘဲ ကိုယ့်ကို မင်းရဲ့ အစ်ကိုတစ်ယောက်လိုမြင်ပြီး ဖြေကြည့်စမ်းပါ .."

မီ မျက်နှာ ရယ်ကျဲကျဲလေးဖြစ်သွားသည်။

သူမက တစ်ဦးတည်းသော သမီး ..၊

ဒီနေ့ထိလိုချင်တာ မရလို့ မျက်ရည်ကျခဲ့ရတယ်ဆိုတာလည်း မရှိခဲ့ဘူးပါ။ မွေးချင်းမောင်နှမကမရှိသည့်အပြင် သူငယ်ချင်းအပေါင်းအသင်းဆိုလို့ သမယ ကလွဲပြီး ဘယ်မှာရှိလို့လဲ ..။

"ဒီလိုကွာ .. ကောင်လေးတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက် ချစ်ကြိုက်သွားပြီဆိုရင် အဲဒီကောင်မလေးက ဘာတွေပြောလာတတ်သလဲ၊ ဥပမာ တခြားမိန်းကလေးကို စကားမပြောရဘူး၊ ဆေးလိပ်မသောက်ရဘူး၊ အရက်မသောက်ရဘူး၊ ရှော့ပင်းထွက်ရင် လိုက်ပေးရမယ်၊ ချိန်းတဲ့နေရာကို စောပြီးရောက်နေရမယ် .. ပြီးတော့ .."

"အဟွန်း .. ဟွန်း .."

"ဘာရယ်တာလဲ .."

မေးလိုက်ပြီးမှ မီ က ပခုံးလေးတွေ လှုပ်အောင်ရယ်ကာ ..၊

"မိန်းကလေးတွေကိုမကြိုက်ဘူးဆိုပြီး မိန်းကလေးတွေအကြောင်း ချစ်တိုင်း အများကြီးသိနေလို့လေ .."

"ဘာလဲ .. ကိုယ်ညာနေတယ်ထင်လို့လား .."

"ဘာလို့ထင်ရမှာလဲ .. မီ အဲ့လိုသူများစကားကို သံသယတွေနဲ့ နားမထောင်တတ်ဘူး၊ ဒါကြောင့် နင်အညာခံရမှာပဲ သူများကပြောဖူးပေမယ့် ကိုယ့်အကျင့်ကိုပြုပြင်လို့မှမရတာ .."

မီ က ရှပ်အင်္ကျီအနီရဲရဲ အကွက်ကျဲလေးနှင့် သရီးကွာတားဘောင်းဘီ အနက်လေးကိုဝတ်ထား၏။ အထက်အောက်ပွပွကြီးတွေ ဝတ်မထားဘဲ ခုလိုမျိုးလေးဆိုလျှင် မီ ပုံစံလေးက တခြားမိန်းကလေးတွေလိုပဲ သိပ်မကွာလှပါ။

ပြီးတော့ ထူးခြားသည့် ခပ်တွန့်တွန့်ဆံပင်တွေကြောင့် သူမက



ချစ်ဖို့ကောင်းနေသေးသည်။

ချစ်တိုင်း က မီ့ ပုံစံလေးကို စူးစိုက်ကြည့်၍ ..၊

"ဒါဆိုဆက်ပြောရမလား .."

"အင်း .. ပြော .."

"ခုနပြောခဲ့သလိုကွာ .. မိန်းကလေးဘက်က အဲ့ဒီလိုချုပ်ကိုင်ချင်တာတွေလေ၊ အဲဒါမျိုးတွေတော့ ကြားဖူးတယ်မို့လား .."

"ကြားဖူးတာပေါ့ ချစ်သူတွေဖြစ်သွားကြရင် အဲ့လိုပဲတဲ့ .."

"ဘယ်သူပြောတာလဲ .."

"မီ့ သူငယ်ချင်း .."

"ယောကျ်ားလေးလား .. မိန်းကလေးလား .."

"ယောကျ်ားလေး .."

ဖြေလိုက်ပြီးမှ သတိရသွားကာ ..၊

"ဘာဖြစ်လို့မေးတာလဲဟင် .."

"မေးချင်လာလို့ပေါ့၊ မင်းနဲ့ တွဲနေတဲ့သုံးယောက်က .. ဟွန်း –"

စု ထက် မြတ် တို့ဆိုတာ ပိန်ညှက်ညှက်ပုတိုက်တိုက်လေးတွေဖြစ်ကာ အသားရည်အားဖြင့်လည်း ခပ်ညိုညိုမွဲခြောက်ခြောက်နှင့် ထက်ကဆို မျက်လုံးတစ်ဖက်က မသိမသာမှေးနေသေးသည်။

ယောကျ်ားလေးမို့ ကဲ့ရဲ့သလိုပြောရမှာမျိုးကို မပြောချင်သေး၍ ထို့ကြောင့် ချစ်တိုင်း က ရယ်လိုက်ပြီး ဆံပင်တစ်ချက်သပ်၍ ..၊

"သူတို့ကပြောတဲ့စကား မဖြစ်နိုင်ဘူးဆိုတာ သိလို့လေ၊ ဒါနဲ့ မီ က ယောကျ်ားလေးသူငယ်ချင်းရှိတယ်ဆိုတော့ .."

"ဟော့ .. ဟိုနှစ်ယောက် .. ဒီမှာပြန်ထိုင်ပြီးပြောလို့လည်းရတယ်လေ၊ ဘာလဲ .. ငါတို့မသိစေချင်တဲ့စကားတွေလား .."

ထိုင်နေကြသည့် သူငယ်ချင်းတွေက လှမ်းခေါ်နေသဖြင့် မီ က ကြည့်ကာ ..၊

"ခေါ်နေပြီ .."

www.burmeseclassic.com

www.burmeseclassic.com



"ခေါ်မေ့စေကွာ .. ကိုယ်မေးတာဖြေဦး .."

"ဘာလဲဟင် .. ယောကျ်ားလေးသူငယ်ချင်းဆိုတာလား၊ သူက [illegible]ယ်တည်းက မောင်နှမလိုနေလာခဲ့တဲ့ သူငယ်ချင်းလေ မိဘချင်းလည်း ဆွေမျိုးတွေလိုပဲ .."

"ဩော် .."

"သွားရအောင်နော် .. မီ လည်း ပြန်တော့မယ်၊ ဒီနေ့ ပထမဆုံး အတန်းလစ်ဖူးတာပဲ၊ ပြန်ရမှာတောင် ကြောက်နေတယ် .."

ညတည်းက စု တို့က ဖုန်းဆက်သည်။ ဒီနေ့ အတန်းလစ်ပြီး ရုပ်ရှင်သွားကြည့်ကြဖို့ ...၊

ရန်ကုန်ရောက်လာကာမှ မလုပ်ဘူးတာတွေလုပ်ကြည့်ချင်နေသည်။ ဒါမျိုးလုပ်ဖို့အတွက် သတ္တိတွေလည်းရှိနေ၏။

ထို့ပြင် မေမေတို့ ရောက်နေပြီမို့ ကုမ္ပဏီကိစ္စတွေပြီးသွားတာနှင့် သူမရဲ့ လွတ်လပ်ရေးအပိုင်းတွေကို ဒီတိုင်းကြည့်နေတော့မှာမဟုတ်..။

ဒီနေ့ အပြင်လျှောက်လည်ဖို့ အရဲစွန့်ထွက်လာပြီးမှ ချစ်တိုင်း တို့နဲ့ တွေ့သောကြောင့် ...၊

"နေဦးလေ .. ခုန ကိုယ်ပြောခဲ့တဲ့စကားဆုံးမှ မဆုံးသေးတာ .."

"အင်းလေ .. ဟိုမှာပဲ ဆက်ပြောရအောင် .."

နှစ်ယောက်အတူတူစားပွဲမှာ ပြန်ထိုင်ကြရင်း ...၊

"ပြောလေ .. ရပြီ .."

မီ က ပြန်စမေးလျှင် ...၊

"မပြောကြနဲ့ဦး မီ့ အိတ်ထဲက ဖုန်းမြည်သံကြားလိုက်တယ်၊ မက်ဆေ့ချ်လား ဖုန်းလာတာလား ဖွင့်ကြည့်လိုက်ဦး .."

တစ်ယောက်က မီ့ လွယ်အိတ်လေးကိုမေးဆတ်ပြ၍ သတိပေး၏။ မီ ကပျာကယာထုတ်ကြည့်တော့ သမယ ဆီကဖုန်း ...၊

ခေါ်ထားသည့်အကြိမ်ရေက သုံးခါတောင် ...။

သူမ ဘာဖြစ်လို့မကြားခဲ့တာလဲ ...၊



ကြားခဲ့ရင်ရော ဘာလုပ်ရမလဲ ...၊

မီ ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

"ဘယ်သူ့ဖုန်းလဲ မီ .."

"သမယ ဆီက .. မီ့ သူငယ်ချင်းလေ .."

"ဘာ!..."

"သမယ .. ဟုတ်လား .."

"ဟုတ်တယ် .. ချစ်တိုင်း တို့ သိလို့လားဟင် .."

ချစ်တိုင်း နဲ့ ထွန်းမင်းလတ် တို့နှစ်ယောက် မျက်လုံးချင်းဆုံသွားကြသည်။ 'သမယ ကို သိလို့လား' လို့ မေးနေသည့် မီ့ ကိုလည်း ပြန်ကြည့်မိကြ၏။

ထိုစဉ် ဖုန်းကမြည်လာပြန်၏။ မီ ငုံ့ကြည့်သလို ချစ်တိုင်း ကလည်း တမင်လိုက်ငုံ့ကြည့်၏။

"သူငယ်ချင်း ဟုတ်လား .."

"အင်းလေ .."

မီ ရိုးသားစွာဖြေပြီးမှ ချစ်တိုင်း မေးပုံက 'သူငယ်ချင်းဆိုတာဟုတ်ရဲ့လား' လို့ သံသယနဲ့ မေးသလိုကြီးဖြစ်နေမှန်း ခံစားလိုက်မိ၏။

တစ်ခုခု ပြန်မေးမလို့ ပါးစပ်ပြင်လိုက်ပြီးမှ ဖုန်းက ကျသွားသဖြင့် ပြန်ငုံ့ကြည့်မိပြန်သည်။ ပြီးတော့ ချက်ချင်း ပြန်မြည်လာ၏။

"ကိုင်လိုက်လေ .. သူငယ်ချင်းဆိုပြီးတော့ ကြောက်လို့လား .."

"ဟင့်အင်း .. ကြောက်လို့မဟုတ်ပါဘူး၊ သူ မေမေ့ကိုပြန်တိုင်မှာစိုးလို့ .."

ဖုန်းသံကမြည်နေဆဲမှာ ရုတ်တရက် မီ့ ဘေးမှာ အရိပ်တွေကျရောက်လာကာ ...၊

"ချိတုံချတုံဖြစ်မနေနဲ့ .. ဖုန်းကိုင်ဖို့မလိုတော့ဘူး .."

"ဟင်!..."

မီ အလန့်တကြားဖြစ်သွားပြီး မော့ကြည့်၏။ သမယ [illegible] မီ့ လက်ထဲ

www.burmeseclassic.com



ထ ဖုန်းကို ဆွဲယူလိုက်ပြီး ထိုလက်ကိုပဲ ဆုပ်ကိုင်ထားလိုက်ကာ ...၊

"ထ .. သွားမယ် .."

မီ မရှုန်းဘဲ ကမန်းကတန်းထရပ်ရင်း ...၊

"သမယ ငါ အတန်းလစ်တာ မေမေသိသွားပြီလားဟင် .."

သမယ ရဲ့လက်ကို ပြန်၍ဆုပ်ကိုင်ရင်း အမောတကောမေးမိသည်။

"ခုတော့ ကြောက်တယ် ဟုတ်လား .."

"မကြောက်ဘဲနေမလားဟဲ့ .. ပြောစမ်းပါ .. နင် .."

"မပြောနိုင်ဘူး .."

မီ့ ကို လက်ဟစ်ဖက်ဆွဲ၍ သမယ က တောက်လျှောက်ပြန်ထွက်သွား၏။ ထိုအဖြစ်ကြောင့် ချစ်တိုင်းတို့ တိတ်ဆိတ်စွာကျန်ခဲ့ကြ၏။

ထို့ပြင် သုံးယောက်စလုံး၏ မျက်နှာမှာ အပြုံးအရယ်တွေဆိတ်သုန်းသွားခဲ့ကြကာ ...၊

"သူတို့က ဒီလောက်တောင် ရင်းနှီးကြတာလား .."

ချစ်တိုင်း နှုတ်မှ တီးတိုးရေရွတ်သံထွက်ပေါ်လာသည်။ လှမ်းမြင်နေခဲ့သည့် လက်ျာ ရင်ထဲမှာတော့ မထင်မှတ်ခြင်း၊ သဝန်တိုခြင်းနှင့် ဒေါသမီးတို့က တမဟုတ်ချင်းထဖြစ်ကာ တောမီးထက်ပြင်းလေသည်။

ဆောင်းလခါမီ ...၊

ကြောင်သူတော်ယောင်ဆောင်တဲ့ မိန်းမ ...၊

စိတ်ထဲမှ ရင့်သီးစွာဆဲဆိုကျိန်ဆဲ၍ နှုတ်ခမ်းကိုက်ထားမိသည်။ နည်းနည်းလေးမှ အသံမထွက်မိအောင် ထိန်းချုပ်ထားသဖြင့် မျက်ရည်စက်တို့ တပေါက်ပေါက်ကြွေလျက် ဆုပ်ထားသည့် လက်သီးဆုပ်က ဆတ်ဆတ်တုန်၏။

သဝန်တိုခဲ့တာက ရှင်မင်း ဆိုသည့် အလှပဂေးနဲ့ ...၊

တကာယ်တမ်း ဟင်ခနဲဟာခနဲ ဖြစ်အောင် လုပ်ချသွားတော့ ဘယ်လိုမှ ယုံနိုင်စရာမရှိသည့် ဒီမိန်းမနဲ့မှ ...၊

"လက်ျာ ရယ် .. ငယ်သူငယ်ချင်းတွေလားမှမသိတာ နင်ကလည်း"



"ငယ်သူငယ်ချင်းတွေဆိုလည်း သူ ငါ့ချိန်းတာကိုမလာဘဲ ဒီမိန်းမကို လာခေါ်ထုတ်သွားတာ ငါ့ကိုစိန်ခေါ်တာ .."

"ဟင် ..."

အေမီ က သက်ပြင်းချနေ၏။

"ငါ ခုနတည်းက မစောင့်ဘဲထပြန်သွားရမှာ၊ ယောက်ျားဖြစ်ပြီး ဒီလောက်မာနကြီးမယ် စိတ်ခကာက်တတ်မယ်လို့ နည်းနည်းလေးမှ မတွေးမိခဲ့တာ ငါ့အမှား .."

အမြဲတမ်း လိုတာရနေခဲ့သည့် လူတစ်ယောက်ဟာ လိုချင်ဆုံးအရာကိုမှ ဆုံးရှုံးရသည့်အခါ ...၊

နင် ငိုပေမယ့် အလကား ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"ငိုမနေနဲ့ .. လူကြီးတွေ ဘာမှမသိဘူး .."

ဟင် ...၊

မျက်ရည်ငုံ့သုတ်နေသည့် လက်လေး မျက်နှာကနေ ဆတ်ခနဲ ကွာသွားသည်။ ပြီးတော့ ကားမောင်းနေသည့် သူ့ကို လှည့်ကြည့်၍..၊

"တကယ်လားဟင် ..."

မီ့ မျက်နှာမှာကြည်လင်လန်းဆန်းမှုတွေ ချက်ချင်းဖြစ်လာခဲ့လျက်..၊

"ဒါလေးတောင် အစက မပြောဘဲနဲ့ ငါငိုနေတာကို တစ်လမ်းလုံးကြည့်လာတယ် .."

"ဟုတ်ကဲ့ .. အရသာရှိလွန်းလို့ .."

ဘယ်လိုပြောပြော မီ ကလည်း စိတ်မဆိုးဘဲ ပြုံးပြုံးရယ်ရယ်တွေ ဖြစ်လာကာ ..၊

"ငါ နင့်ကိုအရမ်းကျေးဇူးတင်တာပဲသိလား .."

"ဘာက ဘယ်လိုတွေလမ်းကြောင်းသင့်ပြီး တာ့ဂတ်ပြောင်းသွားတာလဲ .."

"သူက ချစ်တိုင်း လေ .. ငါ ကျောင်းတက်တဲ့နေ့တည်းက .."

"သိတယ် .."



"သိတယ်လား .."

ချစ်တိုင်း ကို သိနေတာကလဲ သူမအတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်တစ်ခုဖြစ်သွားသလားမသိ ..။

"ဒီနေ့ သူ့မွေးနေ့လေ .. ငါက .."

"ဘယ်သူ့မွေးနေ့ပဲသွားသွား နင် ဘာလုပ်လုပ် ငါ့ကိုပြောလို့မရဘူးလား .."

"နင်ကလည်း .."

"ဘာ နင်ကလည်းလဲ .. ဖုန်းဆက်တော့လည်းမကိုင်ဘူး .."

"အဲ့ဒါ .."

"အကြောင်းမပြနဲ့ .. ငါသိရင် လိုက်ခေါ်မှာစိုးလို့မဟုတ်ဘူးလား.."

"မဟုတ်ပါဘူး .. ဒါပေမယ့် ငါအတန်းမလစ်ဘူးတော့ နင်သိရင်လည်း ဆူမှာပဲဆိုပြီးတော့ ကျောင်းပြန်ရောက်မှ ပြောပြမယ်ဆိုပြီး ငါကလည်း အစက ရုပ်ရှင်သွားကြည့်မလို့ဆိုတော့ .."

"ဘာ .. ဘာပြောတယ် .."

'ဆိုပြီးတော့ ..'တွေ ရှုပ်အောင်ပြောနေသဖြင့် နားလည်အောင် အာရုံစိုက်နေရရင်း ရုပ်ရှင်ကြည့်မလို့ဆိုတာကျမှ နားထဲမှာ ဗုံးကွဲ၏။

"နင်က ရုပ်ရှင်ကြည့်မလို့ဟုတ်လား .. ချစ်တိုင်း နဲ့ .."

"ဟာ .. မဟုတ်ပါဘူး၊ စု တို့နဲ့ပါ .."

"အဲ့ဒါတွေက ဘယ်ရောက်ကုန်လို့ ချစ်တိုင်း နဲ့ စိမ်းလန်းစိုပြည် ရောက်လာခဲ့တာလဲ .."

"သူတို့က ငါ့ကိုချိန်းပြီးမှ မသွားတော့ဘူးလို့ ဖုန်းဆက်တာ၊ ငါလည်း ဒီလိုကြီးဝတ်လာခဲ့ပြီးမှ ဘာလုပ်ရမှန်းမသိဖြစ်နေတုန်း .."

"အဲ့ဒါ တမင်တွန်းချတာ .."

"မဟုတ်ပါဘူး .. စု ရဲ့ အစ်မက .."

"တော်တော့ .."

"သမယ ရယ် .. နင် ငါပြောတာဖြင့် ဆုံးအောင်နားမထောင်ဘူး.."

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဝင်စားစရာမှမရှိတာ .."

"ငါလုပ်ခဲ့တာ အမှန်အတိုင်းပြောပြတာလေ၊ အဲ့ဒါ နင့်ကိုကြောက်လို့မဟုတ်ဘူးနော် .. ကျေးဇူးတင်ထားလို့ .."

"လာသေးတယ် .."

"အခု ဘယ်ကိုသွားနေတာလဲ .."

"ငါ့ကို ပြန်မမေးနဲ့ .. နောက်ဆိုရင် ဘာလုပ်လုပ် ငါ့ကိုအသိပေး၊ အိမ်ကိုတော်လှန်ပုန်ကန်ပြီး ရုပ်ရှင်ကြည့်ဖို့တော့သတ္တိရှိတယ်၊ ဖြစ်လာတော့ ငိုဖို့ပဲ .."

"ဟုတ်တယ် .. ငါ ဒီမှာလွတ်လွတ်လပ်လပ်သွားလာနေရလို့ အရမ်းပျော်နေတာ၊ ဖေဖေနဲ့ မေမေ ရောက်လာကြတော့ နောက်ဆို ထွက်ရမှာမဟုတ်တော့ဘူးဆိုပြီး .."

"ဒုန်း ..."

"အမေ့ရေ ...."

ကားက ဆောင့်ခုန်သွားသဖြင့် မီ ကိုယ်လေးတုန်ခါသွား၏။

"သေပါပြီ .. သမယ ရယ် .."

"လူကြီးမသိအောင်လုပ်လို့ ငရဲကြီးတယ်လို့မှတ်လိုက် .."

"အခု ဘယ်ကိုသွားနေတာလဲလို့ .."

"အန်တီခင် နိုင်းတာ မေမေလည်း အလုပ်မအားလို့ .."

"အဲ့ဒါ ငါရောပါမှဖြစ်မှာလား .."

သမယ ရဲ့ ဒေါသမကင်းသည့်မျက်နှာ ဆတ်ခနဲလှည့်လာသည်။

"ဖြစ်ရဲ့သားနဲ့ တစ်မနက်လုံး ဖက်ဖက်မောအောင်လိုက်ရှာနေပြီး ဘာလဲ .. နင့်မျက်နှာလေးကြည့်ချင်လွန်းလို့လား .."

"မကြည့်ချင်မှန်းသိတယ် .. ပြောပြမနေနဲ့ .."

မီ က မျက်စောင်းထိုးပြီး မဲ့ရွဲ့ပြော၏။ ပြီးတော့ မျက်နှာက ချက်ချင်း ပြေပြေပြစ်ပြစ်ဖြစ်သွားလျက် ..၊

"နင် အခုတစ်လော မှုန်ကုတ်ပုပ်ပွနေတာပဲ .."



"ဘာ ..."

"မျက်နှာကိုပြောတာဝါ .. အဟွန်း .. ဟိုလေ နင့်ရည်းစားနဲ့ အဆင်မပြေဖြစ်လို့လားဟင် .."

"ဟုတ်တယ် .."

"ဟုတ်တယ် .."

ဟုတ်တယ်ဆိုတော့လည်း နားမလည်နိုင်စွာ ဖြစ်သွားသည့်မျက်နှာနှင့် ..၊

"နင်ပဲ ရည်းစားနှစ်ယောက်ပြိုင်ထားမှာဆို၊ တစ်ယောက်နဲ့ ဖြတ်ရင် တစ်ယောက်နဲ့တွဲ .."

"အဲဒါက ပြောသလောက် မလွယ်ဘူး .."

"မလွယ်ဘူးလား .. အေးလေ .. မိန်းကလေးတွေ ဒီလောက်တော့ မပေါပါဘူး၊ နင့်ကိုငါပြောသားပဲ .."

"ဟုတ်တယ် .. နင်ကလွဲရင် .."

"ဘာ .."

ဒါကျတော့ မီ ဆတ်ဆတ်ခါထဖြစ်သွားသည်။

"နင် ငါ့ကို ဘာပြောလိုက်တယ် သမယ .."

"နင် အဲ့လိုပုံလုပ်နေတာပြောတာလေ .. နာသွားလား .."

"နာလားလို့ နင်မေးတယ်ပေါ့၊ ငါ နင့်ကို ကုတ်ဖွဲ့ပစ်ချင်တာသိလား .."

"မှန်တာပြောရင် လူတွေကဒီလိုပဲ .."

"မဟုတ်တာ ပြောရရင်လည်း ဘယ်သူမှမခံနိုင်ဘူး သမယ ရဲ့၊ နင်နော် .. နင် ငါ့ကို ပြောရက်တယ်သိလား .."

မီ ငိုမဲ့မဲ့ဖြစ်လာတော့ သမယ က လှည့်ကြည့်သည်။ ပြီးတော့ ရှေ့ပြန်လှည့်လိုက်ရင်း ..၊

"နေတာထိုင်တာ ဆင်ခြင်၊ ကိုယ့်ကိုလူတွေဘယ်လိုမြင်သွားမလဲ ဘယ်လိုသဘောနဲ့ ဆက်ဆံနေသလဲဆိုတာ နည်းနည်းသတိထား၊ စိတ်

www.burmeseclassic.com

www.burmeseclassic.com



ကူးနဲ့ လက်တွေ့ ထပ်တူကျတယ်ဆိုတာမရှိဘူး ..”

“ငါ ဘယ်လိုဖြစ်နေလို့လဲဟင် ..”

သမယ ကို စကားနိုင်လုပြောတတ်တာရှိပေမယ့် မီ ကြာကြာ စိတ်ဆိုးလို့မရပေ ..။ ငယ်ငယ်တုန်းကလည်း စကားများကြ၊ ရန်ဖြစ်ကြနှင့် တစ်ခါတလေ ကုတ်ဖဲ့သတ်ပုတ်နေကြတာတွေလည်း ဖြစ်ကြ၏။

ဒါပေမယ့် သမယ က စိတ်ဆိုးသွားပြီဆို ဘယ်တော့မှ ပြန်စချော့ခဲ့တာမရှိဘဲ မီ ကသာ စပြောစခေါ်နှင့် အောက်ကျို့ခယခဲ့ရတာဖြစ်သည်။

အဘယ့်ကြောင့်ဆိုလျှင် မီ မှာ သမယ တစ်ယောက်သာ ကစားဖော်ရှိကာ သမယ က သူငယ်ချင်း၊ သမယ ကိုပဲ အစ်ကိုလိုမောင်လို ချစ်ခင်တွယ်တာခဲ့ရ၍ ..၊

“ပြောလေ သမယ ငါက မင်းရဲ ကိုပဲ စိတ်ကူးတာပါ၊ ချစ်တိုင်းကတော့ သူကစပြီးငါ့ကိုခင်တာ၊ ငါကလည်း ရိုးရိုးသားသားခင်တာပါ”

“ငါပြောချင်တာ အဲဒါတွေ မဟုတ်ဘူး၊ မင်းရဲ က ရည်းစားများတယ်၊ ခုလည်း သူ့မှာရှိမှာပဲ၊ မင်းရဲ လိုလူက နင့်ကိုကျော်ပြီး စိတ်ကူးဖို့ဆိုတာ ..”

“ဟုတ်ပါတယ် .. ငါက ဝတော့ ..”

“နင် ကိုယ့်ဘာသာမနေတတ်ဘူးလား မီ ..”

“နင်ကလည်း ..”

“ဘာ နင်ကလည်းလဲ၊ ရည်းစားမရှိဘူးပြောခံရတာ ဘာဖြစ်သွားနိုင်လို့လဲ ..”

“ဒါပေမယ့် ဝလို့ကြိုက်မယ့်လူမရှိဘူးဆိုတာကျတော့ နည်းနည်းတော့ မခံချင်ဖြစ်တာပေါ့ ..”

“မခံချင်ရင် ကိုယ့်ကိုယ်ကိုယ် အရင်ပိန်အောင်ကြိုးစားရမှာမဟုတ်ဘူးလား ..”

“နင်ကလည်း ..”

“လာပြန်ပြီ ..”



မီ့ ဆံပင်တွေက ပါးရိုးလေးနှစ်ဖက်မှာ တွဲရရွဲဝဲကျနေကာ သူ့ကို မျက်လွှာပင့်ကြည့်ပြီး နှုတ်ခမ်းလေးစူပွပွလုပ်နေပုံက ကလေးဆိုးလေးနှင့်တူ၏။

တကယ်လည်း သိပ်တော့ မထူးပါ။

သူမ စိတ်ကူးသမျှ လိုတိုင်းရနေခဲ့ခြင်းနှင့် ပတ်သက်၍ ဒီနေ့ထိ ဘာကိုမှခက်ခဲမည်မထင်ဟာ ကလေးဆန်နေခြင်းသာဖြစ်လေသည်။

“ငါသေချာကြားခဲ့တယ်ကွ .. စု ထက် မြတ် ဆိုတဲ့သုံးယောက်က မီ့ ကို လှော်နေကြတာတဲ့၊ မင်းရဲ ကို မီ သဘောကျနေတာသိလို့ ကစားစရာလုပ်နေတာဖြစ်မယ် ..” တဲ့ ..။

ပြောပြန်ရင်လည်း မကောင်း ..၊

မိန်းကလေးဖြစ်ပြီး ‘ငါရည်းစားထားချင်လို့ပါ’ လို့ ပေါ်တင်ဖွင့်ပြောထားသည့် သူငယ်ချင်းကို အားလည်းမပေးနိုင်၊ ကဲ့ရဲ့ဖို့လည်း ခက်နေသည်။

“ဟ ...”

“ကျွိ ...”

ကားက သိမ့်ခနဲခုန်သွားအောင် ထိုးရပ်သွားသဖြင့် မီ နောက်တစ်ခါ ရှေ့တိုးနောက်ငင်ဖြစ်ရပြန်ကာ ..၊

“သမယ ...”

“ဆောရီး .. ငါ အိမ်ကျော်သွားလို့ ..”

အတွေးလွန်ပြီး ခြံတွေကျော်သွားတာကို သတိရကာ လမ်းကျဉ်းကျဉ်းလေးမှာ ခက်ခဲစွာလွန်းထိုးပြီးနောက် ပြန်လှည့်ရသည်။

ကားရပ်လိုက်တော့ သံတံခါးအပေါင်းကြီး ကာထားသည့် ခြံကြီးကို မီ က ကြည့်ကာ ..၊

“ဒီခြံ သေချာလား ..”

“သေချာတယ် ..”

“တိုက်ပျက်ကြီးမဟုတ်ဘူးလား .. ဖေကြီးတို့ ဘာနိုင်းလိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



လဲ ..."

သူတို့ ခြံတံခါးရှေ့မှာ ကားထိုးထားပြီး ဆင်းလိုက်လျှင် ခြံစောင့်က တံခါးလာဖွင့်၏။ ခြံဝင်းကြီးက ကျယ်လွန်းကာ အထဲမှာ နှစ်ရှည်ပင်ကြီးတွေနှင့် မလိုအပ်သော အလေ့ကျပင်တစ်ချို့ရှိနေသဖြင့် တိုက်ကြီးကို သေချာမမြင်ရပေ။

ဒါပေမယ့် မြင်ရသည့် အစိတ်အပိုင်းတွေကပဲ ရေညှိရေမှော်တို့နှင့် ဟောင်းနွမ်းစုတ်ပြတ်ကာ တိုက်မည်းကြီးဖြစ်နေလေသည်။ သူတို့ကား ဝင်လာတာနှင့် တိုက်ကြီးရဲ့ ပေါ်တီကိုအောက်မှာ ဒေါ်ခင်မီကိုတို့ကားနှင့် မာစီးဒီးကားအနီရောင်လေးနှစ်စီးကို တွေ့လိုက်ရကာ ...၊

"ဟော .. ရောက်လာကြပြီ .."

မီ နဲ့ သမယ ကားပေါ်ကဆင်းလျှင် လူကြီးတွေတိုက်ကြီးထဲက ထွက်လာတာနှင့်ဆုံမိ၍ ...၊

"ငါ့သားနဲ့ သမီး တော်တော်ဝီရိယကောင်းတာပဲနော် .."

"ကျွန်တော့်ကို ခေါ်ရင် တန်းလာလို့ရပါတယ်၊ မီ ကို ရှာနေရလို့ .."

"မဟုတ်ဘူး မေမေ .. မီ က .."

"တော်ပါပြီကွယ် .. အဆောက်အဦးကိစ္စလည်းပြီးသွားပါပြီ .."

ဒေါ်ခင်မီကို က သမယ ကို ပြုံးပြ၍ မီ ကို လက်တစ်ဖက်ဆွဲ၍...

"သားနဲ့ သမီးကို မေမေတို့ ရန်ကုန်မှာ ပြန်စမယ့်လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ပရော့ဂျက်အားလုံးကို အစအဆုံးတွေ့မြင်ရင်းနှီးအောင်လို့လေ .."

မီ မျက်နှာလေးက ပြုံးနေပေမယ့် ဟိုမရောက်ဒီမရောက် မပီပြင်...။

"သူတို့က မမခင် တို့ရဲ့ သားသမီးတွေလား .."

"ဆိုပါတော့ .."

ဦးမိုးအောင် က ကြားဝင်ဖြေလိုက်ကာ ...၊

"လေးလေးနွယ် ရဲ့သားဆိုပေမယ့် သူ့သားကိုယ့်သမီးမခွဲခြားဘဲ



မွေးလာကြတာလေ .."

"ဩော် .. ဆောင်းအဝင် ဆောင်းအထွက်မှာ မွေးကြတဲ့ နှစ်ယောက်ဆိုတာလား .."

"ဟုတ်ပ .."

အသက်ငါးဆယ်ဝန်းကျင်အရွယ် ဇနီးမောင်နှံနှစ်ယောက်ကို မီ တို့ကတော့ မသိပါ။ သူတို့က မီ တို့ကို နာမည်တွေကြားဖူးတာပုံရှိလျက် ...၊

"သိပြီ .. ဆံပင်ကောက်တာချင်းလည်းတူ၊ နာမည်တွေလည်း ဆင်ဆင်လေးတွေကူလို့ စင်ကာပူရုံးမှာတည်းက ဒေါ်မာလာတင် တို့ ပြောနေကြတာကြားဖူးတယ် .."

"ဟုတ်တယ် .."

ဦးမိုးဆောင်း ဂါလည်း လက်နှစ်ဖက်နောက်ပစ်ဆုပ်ထားရင်း ခေါင်းတညိတ်ညိတ်နဲ့ပြုံးနေ၏။

"သမီးတို့ မှတ်ထားနော် .. သူတို့က စင်ကာပူကုမ္ပဏီမှာ ထိုင်ကြတာလေ၊ သမီး ဖေကြီးရဲ့သစ္စာရှိလူယုံဆိုပါတော့၊ အားလုံးစိတ်ချရတယ်၊ အခု ရန်ကုန်မှာ ဖက်စပ်ပြန်ထောင်ဖို့အတွက် ဇနီးမောင်နှံကို တစ်ပြင်စီခွဲထားရတော့မှာ .."

"အားတော့နာတယ်ဗျာ .."

ဦးမိုးဆောင်း နဲ့ ဒေါ်ခင်မီကို တို့က ရှင်းပြရင်းတောင်းပန်သလိုလှည့်ပြောသဖြင့် သူတို့ကလည်း လက်ကာရယ်မောနေကြကာ ...

"မလုပ်ပါနဲ့ ကိုမိုးဆောင်း ရာ .. ကျွန်တော်တို့ကသာ ကျေးဇူးတင်ရမှာပါ၊ ကိုမိုးဆောင်း တို့ရဲ့ယုံကြည်မှုတွေနဲ့ ပံ့ပိုးကူညီလို့ ကျွန်တော်တို့ဘဝတွေ တိုးတက်ပြောင်းလဲလာတာပါ .."

လူကြီးတွေ ပြောဆိုနေတာကို မီ နဲ့ သမယ တို့ ဝင်စားဖို့ကြိုးစားရင်း ဘယ်လိုမှ ကြိုးစားလို့မရဘဲဖြစ်နေခဲ့၏။ ပြီးတော့ ကုမ္ပဏီကိစ္စနဲ့ ဒီတိုက်ကြီးက ဘယ်လိုပတ်သက်လို့လဲ ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီအဆောက်အဦးကိုဖြိုချပြီး တစ်ခြမ်းမှာ ကုန်ကြမ်းအတွက် သိုလှောင်ရုံဖြစ်ဖြစ်၊ တစ်ခြမ်းက နိုင်ငံခြားဧည့်သည်တွေအတွက် လုပ်ငန်းကိစ္စတိုင်ပင်ဖို့ နားနေဖို့ ဘန်ဂလိုပုံစံလုပ်မှာလေ .."

သူတို့တွေးနေတာကို ဦးမိုးဆောင်း က ရှင်းပြလိုက်ရင်း ခြံကြီးကို လှည့်ပတ်ကြည့်၍ ..၊

"ဘယ်လိုလဲ ကိုးသက်လွင် နေရာရော အကျယ်အဝန်းရော အဆင်ပြေရဲ့လား .."

"ပြေပြီလားဗျာ .. ဒီခြံကြီးကိုရလိုက်တဲ့ ဈေးလည်းသင့်တယ်၊ အချိန်အခါလည်းကောင်းတယ်၊ ကိုမိုးဆောင်း ဘာပဲလုပ်လုပ် ထောင့်စေ့သလို တွက်ကိန်းလွဲခဲ့တယ်ဆိုတာလည်း မရှိသလောက်ပါပဲ လေးစားပါတယ်ဗျာ .."

"ကျွန်မတို့ လင်မယား မမခင် တို့ လက်အောက်မှာ အလုပ်လုပ်ရတာ စိတ်ချမ်းသာပါတယ်၊ ပြီးတော့ ဂုဏ်လည်းယူတယ် .."

"ကျေးဇူးပါပဲဗျာ .. တစ်ခုတော့ မေတ္တာရပ်ချင်သေးတယ်၊ ကျုပ်သားနဲ့ သမီးကိုတော့ လူငယ်တွေသဘာဝ သူတို့စိတ်ဝင်စားသည်ဖြစ်စေ မဝင်စားသည်ဖြစ်စေ လက်တွဲခေါ်ပေးပါ၊ လုပ်ငန်းရဲ့ သဘောအထာတွေ နားရည်ဝနေအောင် ပြောပြသင်ကြားပေးပါ၊ ကျုပ်က မိုးကုတ်က ကျောက်တွင်းကိစ္စတွေကို လက်မလွှတ်နိုင်သရွေ့ ကုမ္ပဏီကိစ္စတွေကို ခင်ဗျားတို့လောက် အနီးကပ်မကိုင်တွယ်နိုင်သေးဘူးလေ .."

"လိုမှမလိုတာ ကိုမိုးဆောင်း ရယ်၊ ဉာဏ်ပညာကြီးမားသူက ညွှန်ကြားတဲ့အလုပ်ပဲဂရုပ်ရမှာလေ၊ ကိုမိုးဆောင်း လို ခေါင်းဆောင်ကောင်းရှိနေသရွေ့ ကျွန်တော်တို့ကြိုးစားရကျိုးနပ်မှာပါ .."

လူကြီးချင်းတော့ ပန်တင်လို့ပါလား ..။

သမယ က မျက်မှောင်ကုတ်နေ၏။ ဒီနေ့ ကျောင်းချိန်ဖျက်ပြီး မီ နဲ့ အတူ လိုက်လာခဲ့ဆိုတာ လုပ်ငန်းကိစ္စတွေထဲ ဆွဲသွင်းမိတ်ဆက်ပေးဖို့လား ..။



မေမေကလည်း ဘာမှမပြောထားခဲ့ပေ။ ပြီးတော့ ကျောင်းပြီးကြသေးတာလည်းမဟုတ် ..။

"သမယ .."

"ဟင် ..."

"မေမေတို့က ဘာလုပ်တာလဲ .."

"ငါလည်း ဘယ်လိုလုပ်သိမှာလဲ .."

သမယ က ခေါင်းကုတ်ပြီး ညည်းသည်။ ဦးမိုးဆောင်း က ဦးသက်လွင်တို့ ဇနီးမောင်နှံနာမည်တွေကို ပြောပြကာ သမယ နဲ့ မီ ကို မိတ်ဆက်ပေး၏။

ပြီးတော့ ခြံကိုရှင်းလင်းဖို့ဖြိုချဖို့ ပါမစ်ထွက်လာမည့်အချိန်နဲ့ ဆောက်လုပ်ရေးကိစ္စတွေပြောကြရင်း ခြံကိုလှည့်ပတ်သွားလာနေကြသည်။

ထို့နောက်မှာ မီ နဲ့ သမယ ..၊

"အန်တီလေး နင့်ကို ဘာပြောလိုက်လဲ .."

"မပြောဘူး .. အန်တီခင် တို့က နိုင်ငံခြားရှိလို့ခေါ်တယ်တဲ့၊ နင့်ကိုပါခေါ်သွားဖို့ ဖုန်းဆက်တာ .."

"မဟုတ်ဘူးလေ .. အရင်နေ့တွေက .."

"သြော် .. မပြောပါဘူးဆိုနေမှ .."

"သား ..."

ဟင် ...၊

သူတို့အားကို ဒေါ်ခင်မီကို ရောက်နေတာ မသိလိုက်သဖြင့် သူခိုးလူမိသလိုဖြစ်သွား၏။

ဒါပေမယ့် ဒေါ်ခင်မီကို က ပြုံးနေလျက် ..၊

"သားကို သားမေမေက အလုပ်လုပ်စေချင်တာလေ၊ ကျောင်းမပြီးသေးပေမယ့် ကျောင်းပြီးတဲ့အခါ ကျွမ်းကျင်ပြီးသားဖြစ်နေအောင်လို့တဲ့၊ ပြီးတော့ သားကလည်း အလုပ်အသံကြားတာနဲ့ ရှုပ်မဲ့ညည်းမယ့်

www.burmeseclassic.com

www.burmeseclassic.com



ထလေးချိုးမဟုတ်ဘူးဆိုတာ သားမေမေက ယုံကြည်နေတာ ..."

လုပ်ချလိုက်ပြန်ပြီ မေမေ ...။

မေမေနဲ့ အန်တီခင် တို့ ဘယ်သူ့က ဘယ်သူ့ရဲ့ ဆရာမကြီးလဲ တော့မသိ ...၊

လိုချင်တာတစ်ခုခုကိုရဖို့ စည်းရုံးပြီဆို အဖွင့်နဲ့အပိတ်နဲ့ ငြင်းပယ် စရာထွက်ပေါက်မချန်တတ်ပေ ...။

"ဒါကို ဖိအားပေးနေတယ်လို့မထင်နဲ့နော် ... အန်တီခင် တို့က လည်း လုပ်ငန်းတွေတိုးချဲ့ချင်ပေမယ့် သွေးရင်းသားရင်းအင်အားမရှိ ဘူးဖြစ်နေတော့ အံကိုက်ဖြစ်သွားတာပေါ့၊ သမီးထက် သားကို ပိုပြီး အားကိုးတယ်လေ ..."

"ဒါဆို မီ ပါစရာမလိုဘူးပေါ့နော် ..."

မီ က သွက်သွက်လက်လက် ...၊

"သမီးကို သိစေချင်တတ်စေချင်တာလေ ..."

သေပြီ ...၊

မီ့ မျက်နှာ မေမေ့ရှေ့မှာပဲ မမဲ့ရဲပေမယ့် မဲ့တော့မလိုဖြစ်သွားတာ သိသိသာသာကြီး ...၊

ကောင်းတယ် ...၊

သမယ က မျက်ဆောင်းမထိုးတတ်ပေမယ့် ခပ်စွေစွေကြည့်ပြီး ကြိမ်းဝါးသည်။

"သမီးကိုချည်းပဲပြောရင် အဆင်ပြေမှာမဟုတ်လို့ သားကို ဆွဲထည့် ရတာ၊ လေး ကလည်း သားကို ကျေကျေနပ်နပ်နပ်ပေးနေတော့ သားနဲ့ သမီးနှစ်ယောက်ရသွားတာပေါ့၊ ဒါပေမယ့် သားပါတာပဲဆိုပြီး သမီးက အနိုင်ယူခိုကပ်နေလို့မရဘူး ..."

ဒေါ်ခင်မီကို က ကိုယ့်သမီးမျက်နှာကိုကြည့်လိုက်တာနှင့် ရင်ထဲ ကို ထွင်းဖောက်မြင်နေသကဲ့သို့ရှိကာ ...၊

"သားကချည်းပဲ ကျွမ်းကျင်နေပြီး သမီး ဘာမှမသိနားမလည်ရင်



တစ်နေ့ သားက အိမ်ထောင်ပြုမှာ၊ သူ့စိမ်းဖက်လာတဲ့အချိန်မှာ သမီးရဲ့ မကျွမ်းကျင်မှုတွေကြောင့် ဘယ်သူမျက်နှာငယ်ရမလဲ စဉ်းစားကြည့်..."

မီ မျက်တောင်လေးတဖျတ်ဖျတ်ခတ်ရင်း မော့ကြည့်တော့ သမယ ထ ဆရာကြီးအထာနှင့် မေးဖျားတောင်ပင့်ထားလိုက်သေးသည်။

သေလိုက် ...၊

"ခုတော့ သူငယ်ချင်းချင်းမို့ သာတယ် နာတယ်မရှိဘူးပေါ့၊ အိမ် ထောင်ကျသွားကြပြီဆိုရင် အကျိုးစီးပွားတွေပါလာပြီလေ၊ အဲဒီအခါ သမီးကြောင့် မေမေတို့ပါ မျက်နှာငယ်အောက်ကျို့ရတာတွေဖြစ်လာ တော့မှာ ..."

ဘာလို့ဖြစ်ရမှာလဲ ... သူက ဘာမို့လို့ မီ ထက် ပိုတော်ရမှာလဲ ...။

ဒေါ်ခင်မီကို ရဲ့ လှုံ့ဆော်ချက်က အောင်မြင်သွားခဲ့သည်။ မီ က ကျေကျေနပ်နပ်ခေါင်းညိတ်၍ ...၊

"မီ လေ့လာမှာပါ ..."

လို့ ကတိပြုလေသည်။ အပြန်ကျတော့ ကိုယ့်ကားပေါ်ကိုယ်တက် ကြရင်း ...၊

"သမီးတို့ အိမ်ကိုပဲ ပြန်ကြတော့ ..."

လူကြီးတွေက အလုပ်ကိစ္စနှင့် ခွဲထွက်သွားကြ၏။ မီ နဲ့ သမယ ကားပေါ်မှာ စကားလုံးချင်းစစ်ခင်းလျက် ...၊

"နင် မိန်းမယူဖို့ မစဉ်းစားနဲ့တော့ ..."

"ဆုတောင်းလေ ..."

"အေးပါ ... ယူပါ ... ဒါပေမယ့် နင့်လိုပဲ ငါ့ကိုညာတာနားလည် မယ့်မိန်းမတွေ့မှယူပါ၊ ငါ အဲ့ဒါပြောတာ ..."

"ဘယ်သူက ဘယ်သူ့ကိုညာတာနေလို့လဲ၊ လူကြီးတွေကြောက်လို့ ရှိုသိပ်သည်းခံနေရတာ ..."

"ဘာဖြစ်ဖြစ် ..."

"ဘာဖြစ်ဖြစ်မရဘူး၊ အလုပ်ကို ကိုယ်ဖိရင်ဖိသပေါ့၊ ဒီလုပ်ငန်းတွေ

www.burmeseclassic.com

www.burmeseclassic.com



တိုနိုင်ဝဲ ကျွမ်းကျင်ဖို့လိုတာ၊ ဘာဖြစ်လို့လဲဆိုတော့ နင်က တစ်သက်လုံး အပျိုကြီးဖြစ်မယ့်သူ ..."

"အံမယ် .."

"ဟား .. ဟား .. ဟား .. ရယ်လို့ကောင်းလိုက်တာ၊ ဘာဖြစ်လဲဟာ.. မိဘကို မသေမချင်းတစ်ဝကြီးလုပ်ကျွေးလို့ရတာပေါ့ .."

"မိဘလုပ်ကျွေးတာအပျိုကြီးမဟုတ်လည်း လုပ်ကျွေးလို့ရတယ်၊ နင်တို့ယောကျ်ားလေးတွေလို မိန်းမရတာနဲ့ မိသားစုကို မေ့သွားတတ်တဲ့ အမျိုးမဟုတ်ဘူး .."

"ခက်ပါလား .. ငါပြောချင်တာ အဲ့ဒါမှမဟုတ်တာ၊ နင့်ကိုအပျိုကြီးလုပ်ခိုင်းနေတာမဟုတ်ဘူး ဆောင်းလခါမီ .. အပျိုကြီးဖြစ်မှာပဲလို့ ပြောနေတာ .. ယူမယ့်သူမရှိလို့ .."

"ဟား .. နင်ကြည့်နေလေ .."

"ကြည့်စနေရာမလိုဘူး၊ ခု ပြောလို့ရတယ် .. ဝါတွေသာ တစ်ဝါပြီးတစ်ဝါကျွတ်သွားမယ် နင်ကတော့ ကျွတ်မှာမဟုတ်ဘူး .."

"ဘာ ...."

"အပျိုကြီးဘာဝ .."

သမယ ပါးစပ်ကြီးဖြဲရယ်နေတာ စိတ်တိုမိသော်လည်း ..၊

မိ နှုတ်ခမ်းလေးရှုထော်နေကာ ကုရှင်ကို ပက်ခနဲမှိုပစ်၍ ..၊

'ငါကလည်း ငါပဲ ..' ဟု ပွစိရေရွတ်လေသည်။





## အခန်း (၁၅)

"ဟင် .. အတန်းလစ်မယ် .."

"မလစ်ပါဘူး .. နောက်ဆုံးချိန်လေ၊ ဒီနေ့ တီချယ် မလာဘူးတဲ့ ငါတို့က သတင်းရပြီသား၊ အဲဒါကြောင့် မှာကတ်လည်းနီးတော့ ငါတို့က .."

"ထက် ရယ် .. ရှည်လိုက်တာဟာ .."

စု က သိပ်စိတ်မရှည်၊ အိတ်ကို ပခုံးမှာလွယ်ထားလျက်နှင့် ရှေ့ဆွဲယူလိုက်ကာ လက်ပိုက်၍ ..၊

"ကဲ .. ဒီမှာ ဆောင်းလခါမီ .. ငါတို့ မင်းရဲ မွေးနေ့အတွက် လက်ဆောင်ပစ္စည်းတွေဝယ်မလို့ လိုက်ချင်လား .. မလိုက်ချင်ဘူးလား.."

"မွေးနေ့ .. မင်းရဲ မွေးနေ့ .."

မို မျက်ဝန်းလေးတွေ ဝိုင်းဝိုင်းလည်မတတ်ဖြစ်သွားကာ စိတ်လှုပ်ရှားသွားတာလည်းသိသာ၏။

"ငါလည်း ဝယ်ရမှာပေါ့၊ ဒါပေမယ့် ငါ ဒီနေ့ အပြင်ထွက်လို့ရမှာမဟုတ်ဘူး၊ အပြန် ဖေကြီး ဝင်ခေါ်မှာ .."

စု နဲ့ ထက် တို့ မျက်လုံးချင်းဆုံသွားကြသည်။ ပြီးမှ မို ကို ပြန်ကြည့်၍ ..၊

"ကိုယ့်ဘာသာခြေလျင်သွားလာနေတာပဲကို ကြိုတဲ့လူက ဘာလုပ်ဖို့လဲ .. အိမ်လည်းနီးတယ်ဆို .."

www.burmeseclassic.com

www.burmeseclassic.com



"အင်း .. အဲ .. ဟုတ်တော့ဟုတ်တယ်၊ ဒါပေမယ့် .."

"ကဲပါ .. ငါတို့ဘာသာပဲသွားကြအောင် .."

"နေပါဦး စု ရယ် .."

မီ က စု လက်လေးကိုဆွဲထားလိုက်ရင်း ..၊

"မနက်ဖြန့်မနက်ပိုင်း ငါ စောစောလာပြီး .."

"ဟာ .. အရမ်းအလုပ်ရှုပ်သွားမှာပေါ့၊ ဝယ်တာခြမ်းတာလည်း ချဉ်ပေါင်ရွက်လေး နှစ်စီးလောက်ပြေးဝယ်ဦးမှဆိုပြီး ပိုက်ဆံနှစ်ရာလောက်ကိုင် ပြေးတာမျိုးမဟုတ်ဘူးလေ၊ မွေးနေ့လက်ဆောင်ဝယ်ရတာ တွေးရတယ် .. ရွေးရတယ် .."

စု က ထက် နဲ့ မြတ် ကို မျက်ရိပ်ပြပြီး လက်ဆွဲထွက်သွားခဲ့၏။ မီ မျက်နှာလေးပျက်လျက်ကျန်ခဲ့လေသည်။

"စု ..."

"ဘာလဲ .. နင် မေးမှာ ငါသိတယ် .."

"အေးလေ .. နင် ဘာလို့ သူ့ကိုထားခဲ့တာလဲ၊ သူ့ကိုလုပ်စေချင်တာ ဆိုပြီးတော့ .."

"လုပ်မှာပေါ့ .. နင်စောင့်ကြည့်နေ .."

စု က အပိုင်ပြောပြီး ကွယ်ရာရောက်မှ ခြေလှမ်းရပ်လိုက်ကာ..၊

"နင်တို့ကြည့်နေ .. မင်းရဲ မွေးနေ့ကို သိလိုက်တာနဲ့ သူ့ရင်ထဲမှာ ပူစပ်ပူလောင်ဖြစ်သွားပြီ၊ မနက်ဖြန် သူတစ်ခုခုလုပ်လာမှာ .."

"ဟုတ်ပါ့မလား .."

"နင်တို့ကလည်း ညံ့ပါ့ဟာ .. မင်းရဲ ကို ဒီလောက်တစ်ပိုင်းသေ ဆောင်ကြိုက်နေတဲ့လူက မင်းရဲ ရဲ့ မွေးနေ့ကို မေ့နိုင်ပါ့မလား .."

"အင်း .. ဟုတ်လောက်တယ် .."

ထက် နဲ့ မြတ် တို့ ပြုံးနိုင်ရယ်နိုင်ဖြစ်သွားကြသည်။ ပြီးတော့ ထက် က စဉ်းစားကာ ...

"ငါတို့လုပ်တာတွေ ထိရောက်မှုရှိမှဖြစ်မယ် စု .. ဒီမိန်းမ ရင်ထဲ



မှာ ချစ်တိုင်း ရှိနေသလား .. မင်းရဲ လားဆိုတာ မသေချာတော့ .."

"အေး .. မသိရင်မှတ်ထား .. ဘယ်သူမဆို လုစားရတဲ့စုန့်ပိုချို တယ်ကွဲ .."

"ဘယ်လို ..."

"အခု သူ့ကို ချစ်တိုင်း က အဖက်လုပ်ဆက်ဆံတယ်လေ၊ ပြီးတော့ ချစ်တိုင်း ရည်းစား မထားပေ ဘ်တာ လူတိုင်းသိတယ် .."

"အင်း .."

"မင်းရဲ က ချစ်သူပိုင်းဗိုင်းလည် .."

"အေးနော် .. ငါ သူ့ကို အဲဒါတွေအမြင်ကတ်တာပဲ၊ မင်းရဲ လိုလူ က သူ့လို ညေ်ပိုင်းပုံနဲ့ ပွဲလယ်မတင့်တဲ့ရုပ်ကို ရွေးပါ့မလား နည်းနည်း ပါးပါး ဦးနှောက်လေးဘာလေးမသုံးဘူး .."

"ဟုတ်တယ် .. ငါလည်း သူ့ကို မြင်မြင်ချင်းတည်းက ကြည့်မရ ဖြစ်သွားတာ အဲဒါကြောင့်ပဲ၊ မှန်းလိုက်တာ မတန်မရာ .."

တစ်ယောက်တစ်မျိုး ကဲ့ရယ်နေကြရင်း မျက်နှာတွေကလည်း ရှုညီရှာ ရှုံ့မဲ့နေလျက် ..၊

"ရယ်တော့ ရယ်ရတယ်၊ ရွှဲ တစ်ယောက်တည်း မင်းရဲ နဲ့ကျမှ တောက်လေးနဲ့ ပြိုင်ဆိုင်တိုးနေရတဲ့အဖြစ် .."

"ဟဲ့ .. ရွှဲ က ဂရုစိုက်ရမှာမဟုတ်ဘူး၊ အခြေအနေမလှဖြစ်နေတာ က လင်းလက်ချို ဆိုတဲ့ တစ်ယောက်ရယ် .."

အားလုံးထက် နှံ့စပ်သိမြင်တတ်သော စု က သတင်းထောက်နှင့် ဆရာ လုပ်၍ ....

"လင်းလက်ချို ကို ချစ်တိုင်း က ငြင်းခဲ့ဖူးတယ်လေ .."

"အဲဒါက လူပြောသူပြောပါဟာ .. လင်းလက်ချိုလောက် လှတဲ့ မိန်းမကို ငြင်းတယ်ဆိုတာ .."

"လှပေမယ့် ရည်းစားများလို့နေမှာပေါ့ .. ယောကျ်ားလေးတွေက သူတို့ကသာ ကြည်လဲတွဲချင်တာ၊ မိန်းကလေးတစ်ယောက် ရည်းစား

www.burmeseclassic.com



ရှားလာရင်မကြိုက်ဘူး ..”

“ဒါတော့ ယောကျ်ားတိုင်းမဟုတ်ပါဘူးဟာ .. ရပ်ကွက်ထဲက အိမ်ထောင်သည်မိန်းမတစ်ချို့ပြောသံကြားဖူးပါတယ် ..”

မြတ် က သူတို့ထဲမှာ စီးပွားရေးအနိမ့်ဆုံးအဆင့်အတန်းထဲက ဖြစ်ကာ သူမပတ်ဝန်းကျင်ထဲက ထွက်လာတတ်သော တစ်ချို့သော သတင်းစကားတွေက အထူးအဆန်းဖြစ်နေတတ်၏။

“ဘာလဲ .. ပြောလေ ..”

“ယောကျ်ားတွေက ရည်းစားများတဲ့မိန်းမဆို ပြိုင်ဆိုင်လုချင်တယ်တဲ့၊ လင်ငယ်နေတဲ့ မိန်းမဆိုရင်လည်း အဲ့ဒီမိန်းမမျိုးကိုမှ အသေမက်တာတဲ့၊ လင်ငယ်တဲ့ တစ်ခါ ထွက်ပြေးလည်း လိုက်ခေါ်ပြီးပြန်ပေါင်း၊ နှစ်ခါသုံးခါပြေးလည်း လိုက်ခေါ်ပြီး ပြန်ပေါင်း .. အဟီး ..”

ပြောနေရင်း ပါးစပ်ပိတ်ပြီး တခိခိရယ်၏။ ထက် နဲ့ စု တို့က လည်း ရယ်ကာ ..၊

“ဟုတ်လို့လားဟင် .. လင်ငယ်နဲ့ မိလို့ လင်ကြီးက အသေထုထောင်း ရိုက်ပုတ်တာတွေပဲ ကြားဖူးပါတယ် ..”

“အေးလေ .. အသေရိုက်တာပဲဟာ .. ကွဲတာမှမဟုတ်တာ .. ခိ.. ခိ ..”

ရှန့်ရင်းကြမ်းတမ်းသော စကားတွေပြောရင်း ခေါင်းချင်းဆိုင်၍ ရယ်နေကြလျက် အနားကဖြတ်သွားကြသည့် ကျောင်းသားတွေက လှည့်ကြည့်ပြီး စနောက်သွားကြ၏။

အတန်းထဲမှာဖြစ်ဖြစ် ကျောင်းထဲမှာဖြစ်ဖြစ် စုထက်မြတ် သုံးယောက်ကိုမသိတဲ့လူ သိပ်မရှိပေ ..။ သူမတို့သုံးယောက်က ရုပ်ချောတာလည်းမဟုတ်၊ ယောကျ်ားလေးတွေ ချောတာလှတာကိုလည်း စိတ်မဝင်စားကြပေ ..။

ဒါပေမယ့် ဘယ်မိန်းကလေးကဘယ်လို၊ ဘယ်သူနဲ့ ဘယ်သူက ဘာညာ စသဖြင့် အတင်းအဖျင်းပြောရဖို့အတွက်ဆို အချိန်ကုန်အလုပ်ရှုပ်ခံနိုင်လွန်းသည့် မိန်းကလေးတွေဖြစ်သည်။

သူများကို ချောက်တွန်းဖို့အတွက် အလုပ်ရှုပ်ခံကြိုးပမ်းတတ်သည်။



သူများအကြောင်း ပြောစရာရမည်ဆိုလျှင် တကူးတက ကြိုးပမ်းရှာဖွေကြ၏။

ဆောင်းလမါမီ ဟာ သူမတို့အတွက် အလွန်မြင်ပြင်းကတ်စွယ် မိန်းကလေးတစ်ယောက်ဖြစ်လာခဲ့သည့်နောက် ..၊

“ဟဲ့ .. ခုနက လင်းလကျ်ာ ကိစ္စ ပြောစမ်းပါဦး၊ ချစ်တိုင်း နဲ့ လင်လကျ်ာ အခု ဘာတွေဖြစ်နေလို့လဲ ..”

“ဘာဖြစ်စရာရှိလို့လဲ မြတ် ရယ် .. ချစ်တိုင်း က လင်းလကျ်ာ ကို တကယ်ငြင်းလိုက်တာပါဆို ..”

“အေးပါ .. အဲဒါ အတည်ပဲထားပါတော့၊ အခု ချစ်တိုင်း နဲ့ မို ကို အဲ့တစ်ယောက်က အူတိုနေတာလား ..”

“မတိုဘဲနေမလား .. သဝန်တိုတာထက် ရှက်တာက ပိုမှာပေါ့၊ နင်တို့စဉ်းစားကြည့်ပါလား ..”

“ငါကြားဖူးတာ လင်းလကျ်ာ က ..”

ထက်က တွေးတွေးဆဆလုပ်နေရင်း ခပ်လှုပ်လှုပ်လမ်းလျှောက်လျက် ..၊

“လင်းလကျ်ာ က နံပါတ်တစ်ကင်းနဲ့ တွဲနေတာ ..”

“သမယ ..”

“ဟုတ်ပ ...”

“အံမယ် .. ဘာလိုလိုနဲ့ ငါတို့စုံစမ်းစစ်ဆေးချက်တွေ ပတ်လည်ရိုက်နေသလိုဖြစ်နေပြီနော် ..”

“ဟုတ်တယ် .. ရေသံသရာလည်သလိုပဲ၊ ဒါက ဝတ္တုစ်ခ သံသရာ”

“ဟား .. ဟား .. ဟား ..”

“ခိ .. ခိ .. ခိ ..”

“ဒီမိန်းမ ဝသာဝတာ သိပ်မခေဘူးဟ .. ဂုတ်ကိုမမှန်းဘူး ခေါင်းတိုမှမှန်းတာ ..”

“အဲဒါကြောင့် ချေးကျကျသွားအောင် ပညာပေးဖို့ကြိုးစားနေရတာပေါ့ ..”

“ဟုတ်တော့ဟုတ်တယ် .. ဒါပေမယ့် ငါတို့လုပ်မှာက လူမှန်းခံ

www.burmeseclassic.com

www.burmeseclassic.com



ရှမှာတော့ သေချာတယ်နော် .. ခုတောင် နွဲ့ က ..”

“စွဲ ဖြစ်ဖြစ် လွဲ ဖြစ်ဖြစ် ဂရုမစိုက်ပါဘူး၊ လင်းလက်ဖြာ ကိုတောင် သွားပေါင်းသင့်ရင် ပေါင်းရဦးမှာ၊ ဒီမိန်းမ မင်းရဲ နဲ့ လွဲတာနဲ့ ချစ်တိုင်းဘက် လှည့်ဦးမှာ၊ ငါသေချာသိတယ် ..”

သုံးယောက်သား သဘောတွေကျပြီး ရယ်နေကြစဉ် ..၊

“အဲဒါလေ .. သုံးယောက်ပေါင်း ဟောင်းအကျော် ..”

“မှတ်မိလွယ်စေတဲ့ ချက်နာမျိုးတွေပါ .. မမေ့ပါဘူး ..”

“ဟုတ်တယ် .. မယ်ကုဝဏ် သုံးဖော်လို့ မှတ်ထားရင် ရပြီ ..”

ယောကျ်ားလေးသုံးယောက်က စု တို့ကို လှည့်ကြည့်ပြီး တည့်တည့်ကြီးပြောသွားကြ၏။

“ကြည့်စမ်း .. ငါတို့ကိုပြောသွားတာ ..”

နု မျက်လုံးပြူးခန့် ရှေ့ထွက်လာသည်။ ပုလွန်းသေးလွန်းသည့် မြတ် က ထိုသုံးယောက်ဆီ လှည့်ကြည့်ကာ ..၊

“ယောကျ်ားလေးတွေက သူတို့ကို ဂရုမစိုက်ရင် ဒီတိုင်းပဲ ..”

“ခိ .. ခိ ..”

ထက် ရဲ့ စကားအဆုံးမှာ တိုးကြိတ်ကြိတ်ရယ်သံလေးတွေထွက်လာသည်။ သူတို့ကြည့်လိုက်တော့ မိန်းကလေးတစ်စုက သူတို့ကို ကြည့်မနေဘဲ ရယ်သွားကြတာဖြစ်ကာ ဘာစကားမှလည်း ပြောတာမဟုတ် ..။

“မိစု တွေ့လား .. အဲဒါ ငါပြောတာကိုရယ်တာ ..”

“သူတို့ဘာသာပြောရင်း ရယ်တာဖြစ်မှာပါ ..”

အချင်းချင်း သိက္ခာလေးပြန်ဆွဲတင်ရင်း ဖြေစကားပြောလိုက်ပေမယ့် အချင်းချင်းမို့ သိနေကြသည်။

“တောက် .. လူတွေကိုက မပြောလိုက်ချင်ဘူး ..”

“အဲဒီကောင်မကို မှတ်ထား .. သင်းက အုပ်စုတောင့်တယ်ဆိုပြီး ငါတို့ကိုဖွဲ့သွားတာ၊ ငါ့အလှည့်ကျမှ ထိုင်ငိုရအောင် မဲ့ရွဲ့ပြောပြမယ် ပွန်း .. ပြိုင်ပြောလို့ကတော့ ငါ့ပါးစပ်ကိုနိုင်ရင် ရွှေချပေးလိုက်ဦးမယ်”



“ဟိုတစ်အုပ်ကလည်း ငါတို့ကို မယ်ကုဝဏ် သုံးဖော်တဲ့၊ မယ်ကုဝဏ် ဆိုတာဘာလဲ ..”

“အောင်မလေး နင်ကတစ်မျိုး၊ မယ်ကုဝဏ် ဆိုတာ ဘီလူးမတို့ ပြောပဲ ..”

“အံမာ ..”

ဒေါသထွက်လွန်းသဖြင့် ထက် ရဲ့ အသံက ရှည်ကြာစွာဖြစ်တည်နေမှုလျက် ..၊

“လူပါးဝလို့ ငါတို့ကိုများ ဘီလူးသုံးကောင်လို့ပြောတယ်ဟုတ်လား၊ မင်းရဲ တို့အုပ်စုကလည်း ဖက်စ်ရီးယားတုန်းက ငါတို့ကို ‘s’ သုံးလုံးလို့ခေါ်သေးတယ်၊ ပြီးတော့ ညဏ်ကျယ်ချွန်တွန်းတွေလို့ ခေါ်လို့ခေါ်၊ ဘီးသုံးဘီးလို့ ခေါ်လိုခေါ် ..”

“ဟော့တော် .. မိထက် ပါးစပ်ကိုပိတ်ကြပါဦးဟဲ့ .. သူပြောမှပဲ ငါတို့ကို ဘာသတ္တဝါတွေလဲဆိုပြီး ပြူးပြဲဝိုင်းကြည့်ကုန်ကြပြီ ..”

“ဟုတ်တယ်မလေ .. နင်တို့တောင် အဲဒီတုန်းက ချိန်းပွဲတွေဘာတွေလုပ်ပြီး ချဲလန့်ခေါ်ဖို့ ..”

“မိထက် ..”

“ပွန်း .. ငါတို့နဲ့ တစ်ယောက်ယောက်ခင်ပြီဆို ‘ကြောင်ဖုန်းအကျွတ်ကျွတ်ဝါးသုံး’ ဆိုပြီး ထောင်ပေးကြတာ ..”

“ကဲ .. တော်ပါပြီ ..”

ကိုယ့်ဂုဏ်တွေပြန်ဖော်နေတော့ စုတို့ ထက် ကိုပဲ တိုးတိုးကြိတ်ကြိတ် ထိုးဆိတ်လိမ်ဆွဲရင်း ခေါ်သွားခဲ့ကြ၏။

သိပ်မကြာခင် ‘မယ်ကုဝဏ်’ ဆိုတဲ့ ဘွဲ့တစ်ခု ထပ်တိုးတာကို ကြုံသာဖို့ မြင်နေသည်မို့ ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

"ဟင် .. မလာကြတော့ဘူးလား .."

"လာတော့လာမှာ .. ဒါပေမယ့် နောက်ဆုံးချိန်ကျမှပဲ ဝင်တက်ဖြစ်တော့မှာပဲ .."

"ဒါဆို .. မင်းရဲ့ မွေးနေ့အတွက် လက်ဆောင်ကရော .."

"ဟာ .. ဒါက အေးဆေးပါ .."

သူတို့က အေးဆေးဆိုတာ ဘာလဲ ..၊

ကိုယ်ကတော့ သေချာကိုဝယ်လာခဲ့တာပါ၊ ဒီဘူးထဲမှာ မင်းရဲ့အတွက် ဟန်းဆက်တစ်ခုရှိသည်။ သူနဲ့ မီ နဲ့ တွေ့စတုန်းက ဖုန်းကြောင့် ပြဿနာလေးရှိခဲ့ဖူးတဲ့ အမှတ်တရပါ။

မွေးနေ့လက်ဆောင်အဖြစ် ပါကင်လှလှလေးနဲ့ သေချာထုပ်ထားပေမယ့် ဘူးပုံလေးလည်းမပျက်တာကြောင့် အလွယ်တကူဖွင့်ကြည့်ရုံပင် ..။

စုထက်မြတ် တို့ မလာကြဘူးဆိုတော့ သူမ ဒါကို ဘယ်လိုလုပ်ရမလဲ ..၊

"နောက်ဆုံးချိန်တောင် အချိန်မီရောက်ပါ့မလားမသိပါဘူး၊ ရုံတို့အိမ်မှာ ကွိုင်အကြီးကြီးတက်နေလို့" တဲ့ ..။

ထက် က စကားပြောချိန်တောင်မရှိသည့်ပုံနှင့် ဖုန်းချသွားခဲ့၏။ သူမတို့သုံးယောက်က တစ်ယောက်ယောက် မညီညွတ်လျှင် ကျန်တဲ့နှစ်ယောက်ကလည်း လုမ်းပြီးသားခြေလှမ်းကို ပြန်ရုတ်တတ်ကြတာဖြစ်သည်။



သူမတို့ ဒီလိုပြောခဲ့ဖူးသည့်စကားအရ ဒီနေ့ကျောင်းလာတက်ဖို့က မသေချာတော့ပေ ..။

နာရီလေးငုံ့ကြည့်ရင်း စိတ်ဒုံးဒုံးချ၍ ဆုံးဖြတ်လိုက်သည်။ သူမတစ်ယောက်တည်းပဲ မင်းရဲ တို့ ဘယ်မှာရှိသလဲဆိုတာလိုက်ရှာတော့မည်။

"သူ့အစ်မက မကြိုက်လို့ ကဲန်တင်းမထိုင်တော့ဘူး" ဆိုသည့်စကားကြားပြီးတည်းက မင်းရဲ ကို ကဲန်တင်းသွားတိုင်း မတွေ့ရတော့ပေ ..။

သို့သော် ဒီနေ့ကျမှ မင်းရဲ တို့ လူစု ကဲန်ဝင်းက ဆိုင်တစ်ဆိုင်ထဲဝင်သွားကြတာ လှမ်းမြင်လိုက်ရကာ ..၊

"အတော်ပဲ .. ငါတစ်ယောက်တည်း တလည်လည်ရှာနေစရာမလိုတော့ဘူး .."

"မှီ .."

ခေါ်သံကြားလိုက်သဖြင့် မီ ခြေလှမ်းတုံ့သွားသည်။ နောက်ထပ် နာမည်ပေမယ့် ဘာသံမှမကြားရတော့ပေ ..။ မီ ဒီတိုင်းဆက်လျှောက်လာခဲ့လျှင် ..၊

"ဟား ..."

သမယ ရုက်လည်းရှက် စိတ်လည်းတိုသွားမိသည်။ ကိုယ်ကလှမ်းခေါ်ရုံပြီး တစ်ဖက်က မသိတာလောက် ကြောင်တောင်တောင်နိုင်တာမရှိ ..။

"မင်းက ဘာလုပ်မလို့လဲ .."

"ငါက ညနေပိုင်းမတက်ဘူးကွ .. အန်ကယ်မိုး က အလုပ်ကိစ္စရှိလို့ မီ နဲ့အတူ အပြန်ဝင်လာခဲ့ဖို့ မှာလိုက်တာ .. ကျွတ် .."

သမယ စိတ်ပျက်နေတာကိုကြည့်ကာ သံတွဲ တို့လည်း ဦးနောက်ခြောက်သွားကြသည်။

မီ ဆိုတဲ့ မိန်းကလေး ရန်ကုန်ကိုပြောင်းလာတည်းက သမယရဲ့ အမေကစပြီး မီ ကို သည်းသည်းလှုပ်နေခဲ့တာ သမယ ကိုယ်တိုင်လွတ်လွတ်ခါခါနေလို့မရတော့တဲ့အထိ ..။

အခု မီ ရဲ့ မိဘတွေရောက်လာပြီမို့ သူ့သမီးကို သူတို့တာဝန်ဖြစ်သွားပြီလို့ထင်ခဲ့တာတွေလည်း မှားခဲ့လေသည်။

"ကဲပါကွာ .. ငါတို့သွားစရာရှိတဲ့ကိစ္စ ဒီနေ့မသွားဘဲနေလိုက်ရုံ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ ဟိုမှာ မင်းရဲ့ မီ က သူ့ဖောနဲ့သူ .."

ဖြူသနွာမလေး ...၊

မီ ဘယ်ကို ဦးတိုက်လျှောက်သွမ်းနေသလဲဆိုတာ လှမ်းမြင်နေရ တော့ စိတ်က ပိုတိုသွားသည်။ မင်းရဲ့ ကို မြင်ပြီး ဒီကခေါ်တာကိုတောင် မကြားနိုင်ရတဲ့အဖြစ် ...၊

"တွေ့မယ် .. ဒီတစ်ခါ လုံးဝသည်းမခံဘူး .. အိမ်ကိုပြန်တိုင်ရ မလား၊ ငါဖုန်းဆက်ရင် ကိုင်မလား တစ်ခုခုရွေးပေတော့ပဲ .."

သမယ ကြိမ်းဝါးပြီး ကဲန်တင်းဘက်ကို ခြေဦးလှည့်၏။ ထိုအခါ မြန်အောင် ရယ်ကျဲကျဲနှင့် ...၊

"ဒီကောင် ဝင်ရှုလိုက်တာကွ သံတွဲ .."

"ဟုတ်တယ် .. ငါ ခုပဲပြောမလို့ .. ဒါပေမယ့် ရာသီဥတုသိပ် မကောင်းသေးတာနဲ့ .."

"ကောင်းကောင်း မကောင်းကောင်း မြင်တာကိုမြင်တဲ့အတိုင်းပဲ"

သံတွဲ နဲ့ မြန်အောင် က သမယ ကို သွေးတိုးစမ်းလိုက်ပြီး ...၊

"လက်စ ကလည်း ဖုန်းတွေတဂွမ်ဂွမ်ဆက်နေတုန်း၊ ပြီးတော့ ရှင်မင်း က ပတ်ချောင်းနေတယ်၊ အဆိုတော်ပေါက်စမလေးက ကြိုက် ကြိုက် မကြိုက်ကြိုက် ပို့လိုက်တဲ့ မက်ဆေ့ချ်တွေ .."

"ဟုတ်တယ် .. သူများဖုန်းဆက်ရင် ဘယ်တော့မှ မကိုင်ဘဲမနေ နဲ့၊ သမယ လို ဝင်ရှုလိုက်လိမ့်မယ် .."

"ဟေ့ကောင်တွေ တော်တော့ .."

"ဘာလို့တော်ရမှာလဲ .. ဟုတ်တာပြောတာ .."

"မီ့ ဆီ ဖုန်းဆက်တိုင်း ဟိုက ကိုင်လို့လား .."

"တော်တော့ဆို .."

"သမယ .."

ဟင် ...၊

ရှေ့မှာ ဘွားခနဲပေါ်လာတာမဟုတ်ပေမယ့် ကိုယ့်စကားကြောထဲ မှာပဲ နစ်နေကြသဖြင့် ရုတ်တရက် ရှင်မင်း ကို မြင်လိုက်ကာ သုံးယောက်



စလုံး အံ့သြသွားကြသည်။

"ရှင်မင်း .."

သံတွဲ က အားနာသည့်အပြုံးနှင့် စာတင်နှုတ်ဆက်၏။ တစ်ယောက် တည်းလားလို့ စကားစရှာပေးရအောင်လည်း သူမမှာ အဖော်တစ်ယောက် ပါနေသည်။

"သမယ တို့ နေ့လယ်ပိုင်း ပဲခူးသွားကြမယ် ကြားလို့ .."

သမယ က ခေါင်းညိတ်ကာ ...၊

"အစက ဟုတ်တယ် .."

"ခုမဟုတ်တော့ဘူးလား .."

နှုတ်ခမ်းတစ်ချက်ပွတ်ရင်း သမယ အကြည့်တွေက မီ့ ဆီ ရောသွား သည်။ ပြီးမှ ...

"မသေချာတော့ဘူးထင်တယ်၊ မသွားဖြစ်ဖို့ဝဲများတယ်၊ ဘာဖြစ် လို့လဲ .."

"ကျောင်းသားတွေအများကြီးပဲဆိုလို့ မေးကြည့်တာပါ၊ သမယ ကရော ဘာဖြစ်လို့လဲ .. ရှင်မင်း တို့ လိုက်လာမှာစိုးလို့လားဟင် .."

"မဟုတ်ပါဘူး .. အများကြီးလည်းမဟုတ်ဘူး၊ ကိုယ်တို့သုံးယောက် တည်းပဲ .."

"ကြည့်ရတာ ပရဟိတသွားမယ့်အဖွဲ့တွေနဲ့ များတာထင်တယ်၊ သူတို့က တီချယ်မာလာ တို့နဲ့ပါ၊ ငါတို့နဲ့ တခြားစီ .."

မြန်အောင် က ဝင်ဖြေလိုက်မှ ရှင်မင်း ဘဝင်ကျသွားသည့် မျက်နှာ လေးနှင့် ပြုံးနိုင်ရှာသည်။ ထိုစဉ် တစ်နေရာတည်းမှာပဲ နောက်ထပ် ညှို့သည်တစ်ဦးက မဖိတ်ခေါ်ဘဲ ရောက်ရှိလာခဲ့ရာ ...၊

"တို့ရောက်လာတာ အနှောင့်အယှက်များဖြစ်သွားသလား .."

"လက်စ ..."

သူမကိုမြင်လိုက်တာနှင့် သံတွဲတို့ ကိုယ်ခန္ဓာတွေ သည်အနေ အထားဖြစ်ကုန်ကာ .. ဒီနေရာနှင့်မသက်ဆိုင်သည့် ရုပ်ရည်ပုံမျိုးတွေ ပြောင်းလဲသွားကြ၏။

www.burmeseclassic.com



ရှင်မင်း နဲ့ လကျ်ာ ကတော့ လကျ်ာ သမယရဲ့ဘေးမှာ ခြေစုံမရပ်ရသေးခင်တည်းက မျက်လုံးချင်းဆုံနေခဲ့လျက် ...၊

"တီချယ် မာလာ က အလှူငွေကိစ္စအတွက် တိုင်ပင်မလို့ ကိုကိုရှာနေတယ် .."

ဒီမိန်းကလေးနှစ်ယောက် တစ်နေရာတည်းမှာ သူနဲ့ သုံးပွင့်ဆိုင်လာဆုံစေခဲ့ခြင်းဟာ သူ ဖုန်းမကိုင်ခဲ့သည့်အပြစ်ကြောင့်မှန်း ကိုယ့်အပြစ်ကိုသိလိုက်၏။

စိတ်ညစ်မခံနိုင်တော့သည့်အခြေအနေတွေ ဖြစ်လာခဲ့တာလည်း မိန်းကလေးတွေရဲ့ အမြဲတမ်းပြည့်ဝနိုင်သော ရလိုမှုများကြောင့်ပဲဖြစ်ကာ ...၊

"မင်းက တွေ့ချင်တာမဟုတ်ဘူးဆိုရင် တီချယ်နဲ့ ကိုယ် အလှူကိစ္စတိုင်ပင်စရာဘာမှမရှိဘူး လကျ်ာ .. ကိုယ်ပါဝင်ရမယ့်အပိုင်းအတွက် အားလုံးလုပ်ပေးပြီးပြီ .."

"လကျ်ာ က တွေ့ချင်တာဆိုရင် ကိုက အခုလိုက်ခဲ့မလား .."

"အခုဆိုရင်တော့ မလိုက်နိုင်ဘူး .."

သမယ မျက်လုံးတွေက မီ တို့ စားပွဲဆီရောက်သွားကာ စွဲ နဲ့ မိန်းကလေးနှစ်ယောက် ထပ်ရောက်သွားခြင်းနှင့်ပတ်သက်၍ သူ့ရဲ့ စိတ်ဝင်စားခြင်းက ထိုဆီမှာပဲ စူးစိုက်နစ်မျောသွားခဲ့၏။

သူ့ကိုအလယ်မှာထားကာ ရှင်မင်း နဲ့ လကျ်ာ ဘယ်လိုမကျေလည်မှုတွေနဲ့ ထိုးနှက်ပစ်ခွင်းနေကြသလဲဆိုတာ သူ မသိတော့သလို သိဖို့မလို၍ ဥပေက္ခာထားလိုက်တာလည်း ဖြစ်နိုင်၏။

ဒါပေမယ့် သံတွဲ တို့ မြန်အောင် တို့ကတော့ မနေနိုင်ကြသည့်ဖြစ်ရာ အဆင်ပြေရာ အဆင်ပြေကြောင်းရှာကြ၍ ...၊



## အခန်း (၁၇)

"ဟင် .. မင်းရဲ့ ဘာပြောလိုက်တာလဲ .."

သူမ နားကြားမှားသွားတာလား ...၊

မီ မျက်နှာလေးပျက်သွားကာ ဖော်ရွေဖြူစင်သည့်အပြုံးလေးတွေလည်း တစစပျက်ယွင်းလေသည်။

သူမရဲ့ရှေ့မှာ မွေးနေ့လက်ဆောင်ဘူးလေးရှိနေသည်။ လက်ဆောင်ဘူးရဲ့တစ်ဖက်မှာတော့ မင်းရဲ့ ရဲ့ သူငယ်ချင်းတွေရှိနေကြလျက် သူမရဲ့ဘေးမကျတကျမှာ စွဲ နဲ့ သူမရဲ့ သူငယ်ချင်းနှစ်ယောက် ...။

"တို့ တကယ်ပြောတာပါ .. မွေးနေ့က တစ်လလောက်လိုသေးတယ် .."

ရှက်သည့်စိတ်က ရေနွေးပူတွေလား၊ ဒါမှမဟုတ် ပတ်ဝန်းကျင်တစ်ခုလုံးက ချက်ချင်းပဲ ပေါင်းအိုးကြီးတစ်အိုးဖြစ်သွားတာလား ...။

အတွင်းကမှန်း အပြင်ကမှန်းမသိမသိဘဲ တစ်ကိုယ်လုံးတရှိန်းရှိန်းကြွလာသည့် အပူငွေ့တွေက ပတ်ဝန်းကျင်ကိုတောင် မမြင်တော့သလိုဝင် ...။

သူမ ရှက်သွားပြီမှန်း သိလိုက်သဖြင့် မင်းရဲ ကလည်း ဇွတ်တိုင်းမှန်ရာဖြေလိုက်ပြီးမှ စိတ်မကောင်းဖြစ်သွားလျက် ...၊

www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း … မို့ ကို တစ်ယောက်ယောက်နောက်လိုက်ပြီထင်တယ် …"

"နောက်တဲ့လူက နောက်ပါစေဦး … အခွင့်အရေးကို လက်လွှတ်မခံဘဲ အသုံးချတတ်တာတော့ လက်ဖျားခါတယ် …"

စွဲ တို့က မို့ နောက်မှ ရောက်လာတာမို့ မို့ လိုပဲမထိုင်ကြရသေး…။

သူမက မညှာမတာပြောလိုက်ပြီးမှ လက်ဆောင်ကိုကြည့်ကာ…

"လက်ဆောက်ပါလာရင်တော့ မွေးနေ့ရှင်က ကျွေးမွေးရမှာပဲလေ၊ ဒါပေမယ့် စိတ်မကောင်းစရာကောင်းတာက …"

"မို စားချင်လို့မဟုတ်ပါဘူး …"

"သိတယ်လေ … နင် ဘာကြောင့် ဒီအကွက်ရွှေ့လာတာ ဒီမှာရှိတဲ့ အားလုံးသိတယ် …"

"မဟုတ်ဘူး …"

မို ခေါင်းလေးခါလိုက်စဉ် မျက်ဝန်းထောင့်လေးတွေ နှာသီးဖျားလေးတွေနီရဲနေပြီဖြစ်၏။ မိုးတိမ် တို့လည်း စိတ်မကောင်းဖြစ်ကုန်ကြလျက် …၊

"ကဲပါဟာ … မွေးနေ့မရောက်သေးလည်း ဘာဖြစ်လဲ၊ လက်ဆောင်ကြိုပေးထားတာ ဘုရားစူးမိုးကြိုးပစ်မသွားပါဘူး …"

မိုးတိမ် က ပြောလိုက်ပြီး လက်ဆောင်ဘူးလေးကို လှမ်းယူလိုက်၏။ စွဲ က သူ့ထက်ပိုမြန်ကာ ဘူးကိုကောက်ပြီး မို့ ရှေ့ ဒေါက်ခနဲချပေး၍ …၊

"ဘုရားစူးမိုးကြိုးပစ်မှာထက်ဆိုးနေလို့ မင်းရဲ လက်ခံဖို့ခွင့်မပြုဘူး၊ ပြန်ယူသွား …"

"ဟာ … စွဲ …"

မင်းရဲ လှုပ်လှုပ်ရှားရှားဖြစ်သွားကာ ဟားဆီးဖို့ လေသံထွက်လာပေမယ့် စွဲ ရဲ့ မျက်တောင်းတစ်ချက်မှာ နောက်ထပ်စကားသံဆက်ပါမလာတော့ပေ …။

မို ရှက်လွန်းသဖြင့် နောက်ပြန်ခြေနှစ်လှမ်းလောက် ဆုတ်လိုက်ပြီး



ဖျတ်ခနဲ လှည့်ပြေးခဲ့လေသည်။ မျက်လုံးထဲမှာ ဘာမှမမြင်၊ နားထဲမှာ ဘာမှမကြား …၊

ပက်စက်ရင့်သီးစွာပြော၍ ချပေးခဲ့သော လက်ဆောင်ဘူးကိုလည်း ယူမလာခဲ့မိဘဲ ဒီတိုင်း စွတ်ရွတ်ပြေးခဲ့မိ၏။ သို့သော် …၊

တစ်နေရာအရောက်မှာ တစ်စုံတစ်ယောက်နဲ့ ပစ်စလက်ခတ်တိုက်မိလိုက်ပြီး …၊

"အ …"

တိုက်မိသည့်အရှိန်ကြောင့် မို မိုက်ခနဲဖြစ်သွား၏။ ကိုယ့်ကြောင့် နောက်ဆုတ်ယိမ်းယိုင်သွားသည့်လူကို သတိထားလိုက်မိလျှင် …၊

"သမယ …"

"ဒါက ဘယ်လိုဖြစ်လာတာလဲ …"

မို နောက်ထပ်ဆုတ်ရင်း သမယ ရဲ့ ဘေးဘီကိုကြည့်လိုက်မိ၏။ တကယ့်အချောအလှမိန်းကလေးတွေနှင့် သမယ ရဲ့ သူငယ်ချင်းတွေ…။

သူမ ဒီနေရာ ဒီပတ်ဝန်းကျင်မှာပဲ အခိုးအငွေ့အဖြစ်လွင့်ပျံပျောက်ကွယ်သွားချင်ပါ၏။

"မို့ …"

မို နောက်ထပ်ဆုတ်ရင်း ဖျတ်ခနဲရှောင်ပြေးသည်နှင့် သမယ က လက်ကောက်ဝတ်လေးကိုဖမ်းဆွဲထားလိုက်ပြီး …။

"ဘယ်ကိုလဲဆို …"

"ဟင့်အင်း … ဖယ်ပေး …"

"တောက် …"

သူ မို့ လက်ကို အတင်းအကျပ်ဖိဆုပ်ထားလိုက်ပြီး နေရာမှခြေလှမ်းကျဲများနှင့် ထွက်ခွာသွားခဲ့၏။ ပတ်ဝန်းကျင်တစ်ခုလုံး၏ လူအများရဲ့ မျက်လုံးတွေက သမယ နဲ့ မို နောက်သို့ စူးစိုက်ကပ်တွယ်ပါသွားကြလျက် …၊

"ဘာလဲဟ … ဝတ္ထုလေးတွေ တစ်ခေတ်ဆန်းလာတာလား …"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှာပေါ့ .. ကျန်ခဲ့တာလေးတွေကိုကြည့်လိုက် .."

စကားသံတွေ ခပ်တိုးတိုးထွက်ပေါ်လာကြသည်။ မြင်သာထင်ရာ အကွာအဝေးတွေမို့ မင်းရဲ တို့ စားပွဲကို လကျ်ာ က လှမ်းကြည့်လျက် မင်းရဲ တို့ကလည်း သူမတို့ကို လှမ်းမြင်နေကြ၏။

ရှင်မင်း နှုတ်ခမ်းလေးတွေ မသိမသာပြုံးယောင်သမ်းကာ နေရာမှ တိတ်ဆိတ်စွာထွက်ခွာသွားခဲ့၏။ သံတွဲ တို့ကတော့ ထွက်ခွာခွင့်မရကြဘဲ ..၊

"အဲဒီ ဝတုတ်မက ကိုနဲ့ ဘာလဲ .."

မေးပုံက တရားခံစစ်သလိုကြီးမို့ သံတွဲ မျက်နှာ ကွက်ခနဲပျက်သွားသည်။ ပြီးတော့မှ ခပ်ချဉ်ချဉ်အကြည့်နှင့် ..၊

"သူငယ်ချင်းထင်တာပဲ .."

"အဓိပ္ပာယ်မရှိတာ .."

မြန်အောင် ကလည်း မျက်နှာတင်းနေကာ ..၊

"အဓိပ္ပာယ်ရှိတာသိချင်ရင်လည်း သမယ ကို ကိုယ်တိုင်မေးကြည့်လေ၊ နင်မြင်တဲ့အတိုင်းပဲ .. သူငယ်ချင်းထက်တောင် ပိုချင်ပိုဦးမှာ .."

"ဒါ ငါ့ကို သက်သက်ဖြုတ်တာ .."

လကျ်ာ ၏ အကျင့်ဆိုးတစ်ခုဟာ နေရာမရွေးတက်ခေါက်တတ်ခြင်းပင် ..။

ထိုပြင် သမယ ကို အထင်လွဲနေသည့် ဒေါသအရှိန်က သူမရဲ့စိတ်ကို ဘယ်လိုအကျိုးပေးသက်ရောက်ခဲ့သည်မသိ ..။

"တောက် ..."

မင်းရဲ တို့ရှိရာ လှမ်းကြည့်၍ တက်ခေါက်လိုက်ကာ ..၊

"ယောကျ်ားတွေရှိတဲ့ နေရာမှာ သူအမြဲရှိနေတတ်တာ ဘာလဲ.. ဘယ်လိုမိန်းမမျိုးလဲ .."

ဘယ်သူကြားကြား ဒီတိုင်းပြောပစ်ခဲ့ပြီး လှည့်ထွက်လာခဲ့သည်။ သူမနောက်ကနေ သူငယ်ချင်းက ကပ်ပါလာခဲ့ရင်း ..၊



"တကယ်ပဲပဲနော် .. တမ္ဘာကြီးလုံးရာကပြားသွားပြီလား ထင်ရတယ်၊ 'ဝတာလေးလည်း ချစ်တာပဲ' ဆိုတဲ့ အပြောင်အပျက်စကားတွေကို သမယ ရှပ်လုံးဖော်ပြီး တမင်ထွင်နေတာပဲဖြစ်မယ် .."

"ဘာအတွက်ပဲဖြစ်ဖြစ် ငါ လုံးဝမကျေနပ်ဘူး .."

"မကျေနပ်လည်း ကိုယ်ကမိန်းကလေး ဘာတတ်နိုင်မှာလဲ၊ ပြီးတော့ ရှင်မင်းကလည်း သူ့ကို ပြန်မျှော်လင့်နေတာ မတွေ့ဘူးလား၊ သမယ ကိုက ဖက်တီးကိုပဲ .."

"မပြောနဲ့တော့ .."

လကျ်ာ ဒေါသထွက်လွန်းသဖြင့် အသံတွေပါတုန်ချင်နေသည်။ ချစ်တိုင်း ရှိတဲ့နေရာမှာလည်း သူမကိုမြင်ရသည်။ မင်းရဲ နဲ့လည်း မလွတ်၊ သမယ နဲ့ပါ ထဲထဲဝင်ဝင်ပတ်သက်လာတာကိုတော့ လက်မခံနိုင် ..။

ရည်းစားနဲ့ပြတ်တာက မဆန်းပေမယ့် ဒီလိုမိန်းမမျိုးကြောင့် ပြတ်ရတာမျိုးဆို ရာဇဝင်ရိုင်းတော့မည် ..။

'သမယ .. ရှင်နဲ့ ကျွန်မ တွေ့မယ်' ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"ဟင့်အင်း .."

"ဘာ ဟင့်အင်းလဲ .. နင် ရည်းစားထားချင်တာ ငိုနေလည်း အလကားပဲ .."

"သမယ နော် .."

"ငါ့ကို ပြန်ချစ်ပါလို့ မျက်ရည်ခံထိုးတိုင်း ဘယ်ကောင်မှ အားနာပါးနာ ပြန်ချစ်မှာမဟုတ်ဘူး .."

"သမယ ငါ အဲ့လိုဖြစ်ချင်နေတာမဟုတ်ဘူး .."

"ဘယ်လိုဖြစ်ချင်တာလဲပြော .."

ကားက လမ်းဆောမှာ ထိုးရပ်သွားသည်။ ဒါပေမယ့် မုန့်ဆိုင်တစ်ဆိုင်ဘေးမှာမို့ လူတော့မရှင်းပေ ..။

"ပြောလေ .. မင်းရဲ ဆိုတဲ့ကောင်က ငါ့ရည်းစားလို့ ကြွားရရုံပဲ ဒါလား .."

"ဟုတ်တယ် .. သူများတွေ လှလို့ ချစ်သူရှိသလို ငါလည်း .."

"ဒီပုံစံ ဒီခန္ဓာကိုယ်နဲ့ ဘယ်ကောင်က ကြိုက်မှာလဲ .."

ဒီစကားကိုပြန်ရောက်လာတော့ မီ မျက်ရည်တွေ ပြန်ဝိုင်းလာသည်။ ဒါပေမယ့် မငိုမိခင် လက်ခုံနဲ့ ပွတ်သုတ်ပစ်လိုက်ကာ ..၊



"ဒါပေမယ့် ငါနဲ့ .."

"အပိုတွေမပြောနဲ့ .. မင်းရဲ ဖြစ်ဖြစ် ဘယ်ယောက်ျားဖြစ်ဖြစ် ဗိုလ်ကျကာပိုချောတာတွေနောက်လိုက်မှာပဲ၊ နင်တောင် မင်းရဲ ကို သဘောကျနေရင် မင်းရဲ ကရော နင့်ထက်လှတာကို မမှန်းဘဲနေမလား၊ ဒီမှာ အဲဒီကောင် ဘာလဲဆိုတာ နင်သိလား .."

"ကင်း ..."

"အေး .. ပိုဆိုးတာက သူ့မှာ နင့်ထက်အများကြီးလှတဲ့ချစ်သူရှိတယ် .."

"နင်ပဲပြောတာလေ၊ ရည်းစားထားကြတာပဲ တစ်ယောက်နဲ့ပြတ်ရင် နောက်တစ်ယောက် အေးဆေးဆို .."

"ဟား .."

"ငါကလည်း လုယူချင်တာမျိုးမဟုတ်ပါဘူး၊ ငါ့ပုံစံနဲ့ လုယူလို့ မရမှန်းလည်း သိတယ်၊ ဒါပေမယ့် အခု သူ့မှာ ချစ်သူမရှိသေးတဲ့အချိန်"

"ဘယ်သူပြောတာလဲ .."

"အားလုံးပြောကြတာ .."

"အဲဒီလူတွေအားလုံး နင့်ကို ထမနဲ့ထိုးနေကြတာရော မဖြစ်နိုင်ဘူးလား .."

မီ က မျက်ရည်စိုနေဆဲ မျက်တောင်ဖျားလေးတွေကို ဖိခတ်ပစ်ရှင်း သူ့ကိုကြည့်သည်။

"ဘာဖြစ်ဖြစ် .. မင်းရဲ နဲ့ ငါနဲ့က ငါ ဒီကျောင်းဝင်းထဲကို ဝင်လာတည်းက တွေ့ခဲ့ကြတာ၊ ငါတို့ကခုံဖို့ရေစက်ရှိနေကြတာ ငါယုံတယ်.."

"သွားပြီ ..."

"ငါ အရူးထနေတာမဟုတ်ဘူး .."

"ကိုယ့်ကိုယ်လည်း သိသားပဲ .."

"သမယ ရယ် .. ခုဖြစ်ရတာက ငါ သူ့အစ်မနဲ့ .."

"သူ့အစ်မကိုပဲ ဘာလို့ထည့်ပြောနေတာလဲ၊ ဘယ်အစ်မမျိုးက

www.burmeseclassic.com

www.burmeseclassic.com



ရည်းစားထားနေတဲ့မောင်ကို သိုးကျောင်းသလိုလိုက်ပြီး ထိန်းကျောင်းနေလို့လဲ .. မီ နင်တော်တော်အစွန်းရောက်နေပြီ .."

"မရောက်ပါဘူး .."

"ဘာ ..."

"ငါတို့ချင်းလည်း ရင်းနှီးနေကြပြီ .. ခုဖြစ်ရတာကလည်း .."

"ပြီးရော ခင်ဗျား ကျေနပ်ဖို့ပဲလိုတာ .."

စွဲ အကြောင်းပြောပြဖို့ဖြစ်လာလျှင် သမယ ရဲ့ ဒေါသက ပိတ်အော်ပစ်ဖို့ချည်းဖြစ်နေတတ်ကာ သူ့အစ်မ ဘယ်သူဆိုတာ ပြောဖို့ကလည်း..၊

"တကယ်မတွေ့ဖူးဘူး၊ ရည်းစားထားချင်တာနဲ့ ကျောင်းကို ခြေထောက်နဲ့သွားတယ် .."

"အဲ့ဒါလည်း မဟုတ်ဘူး .."

"ဘာလို့မဟုတ်ရမှာလဲ .. နင် အဲလိုသွားခြင်းအားဖြင့် ချစ်တိုင်းနဲ့ ရင်းနှီးသွားတာ .."

ဒီအကြောင်း မီ ပြောပြထားတာဖြစ်သည်။ သမယ က နှုတ်ခမ်းချင်းဖိစေ့လိုက်ပြီးမှ ဒေါသနှင့် ကျွတ်ခနဲဖြစ်ကာ ...၊

"ဒီနေ့ နင်ဘာတွေဖြစ်လာခဲ့သလဲ .. အဲဒါတွေဖြစ်တာလည်း ကိုယ့်ကိုယ်ကိုယ် ဘာတွေဖြစ်နေမှန်းမသိသေးဘူးလား .. ငါ နင့်ကိုပြောနေတာ အဆင့်မကျော်ဖို့ပဲ၊ ကျန်တာဘာမှမပါဘူး၊ နင့်ကိုယ်နင် လှတပတဖြစ်ဖို့ အရင်ကြိုးစား၊ မဟုတ်ရင် ငါက သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးဖြစ်နေတဲ့အတွက် အမြင်မတော်တာတွေဖြစ်လာမယ် .."

"သမယ ..."

သူ စတီယာရင်ပေါ် လက်တင်လိုက်တာနှင့် မီ က ထိုလက်ကိုဆွဲထားလိုက်ကာ ...၊

"ငါ ဂျင်(မ်)မကစားဘူး ..'

"ကစားရမယ် .."

"ငါ ကစားဖူးတယ် .. အရမ်းချွေးထွက်ပြီး ပင်ပန်းလွန်းလို့ .."



"ချွေးထွက်များမှ သွေးထွက်နည်းတာ၊ နင် အပင်ပန်းမခံခဲ့တဲ့အတွက် အခု ငိုရပြီ နားမလည်ဘူးလား .."

မီ့ မျက်နှာလေး ရှုံ့တွတွဖြစ်နေကာ ...၊

"ဘာဆိုင်လို့လဲ .."

"ဘာလို့မဆိုင်ရမှာလဲ .. နင် မိန်းကလေးဖြစ်ပြီး အန်တီခင် က ပြောမပြဖူးဘူးလား .. မိန်းမတစ်ယောက်ရဲ့ ဥစ္စာခနဆိုတာ အလှအပပဲ၊ မိန်းကလေးဖြစ်ပြီး မလှပရင် ဥစ္စာဆင်းရဲတာနဲ့တူတယ်တဲ့ .."

"အန်တီလေး က နင့်ကိုပြောပြထားတာလား .."

"ဟုတ်တယ် .."

ဆတ်ခနဲခေါင်းညိတ်ပြီးမှ သမယ မျက်နှာကြီး ဖျန်းခနဲနီသွား၏။ သူ လှည့်ကြည့်လိုက်တာနှင့် မီ က မျက်နှာလွှဲပစ်ကာ ...၊

"အန်တီလေးက အစတည်းက စကားပြောကောင်းတာကို ငါသိပါတယ် .."

"ဆောင်းလခါမီ .."

"ဟင် ..."

"လူကိုအရျှင်မှတ်နေတယ် ဟုတ်လား .."

"မမှတ်ပါဘူး .. ဘာကိုလဲ .."

"ဒီမှာတွေ့လား .."

လက်သီးဆုပ်ကြီးလုံးကျစ်ထွက်လာကာ မီ့ ပါးလေးမှာ ဖိကပ်၍—

"ဒါစာမိသွားမယ် .."

မီ က သူ့လက်ကို ခပ်ဆတ်ဆတ်ပုတ်ချပစ်လိုက်ပြီး ...၊

"ဘာလဲ ငါက စိတ်ရင်းနဲ့ပြောတာ၊ မေမေက မိန်းကလေးရှင်ဖြစ်ပေမယ့် ပြောမပြခဲ့တော့ အန်တီက ပြောပြတယ်ဆိုတာကို .."

"ဒုန်း ..."

"အမေ့ရေ .."

ကားကို ချက်ချင်းဂီယာချိန်းပြီး မောင်းထွက်လိုက်သဖြင့် ဒုန်းခနဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီးမှ လမ်းပေါ်ပြန်ရောက်၏။ မီ ကတော့ သမယ ဒေါသထွက်နေတာကိုသိကာ နှုတ်ခမ်းလေးမဲ့၍ ..၊

"ဒီလိုပဲ .. ကိုယ့်စိတ်နဲ့ နှိုင်းရင် ရိုင်းတယ် .."

"ဘာ ..."

"ဟိုကားမှာကြော်ငြာကပ်ထားတာ မတွေ့ဘူးလား .. ရိုင်းလို့ .."

ပြောပြီး မျက်စောင်းထိုးသည်။ မျက်ရည်မရှိတော့ဘဲ မျက်ရည်သုတ်၍ ..၊

"တစ်ခါလာလည်း ဝတ်အကြောင်းပဲ၊ ဘာလုပ်လုပ်မဖြစ်မြောက်တော့ဘူးဆိုရင် ဆောင်းလခါမီ ဝလို့ .."

"မဟုတ်လို့လား .."

"ဒီနေ့ ဖြစ်တာကတော့ မဆိုင်ပါဘူး .."

"ပြောသေးတယ် .."

"ငါ့ကို စု တို့က သတင်းမှားပေးတယ်ဆိုရင်လည်း မင်းရဲ နဲ့ ဘာဆိုင်လို့လဲ .. သူ့မွေးနေ့ မဟုတ်ဘဲ ယူထားလိုက်ရင် သူပဲ .."

"မိန်းကလေးတစ်ယောက်ကို အားနာငဲ့ညှာတဲ့စိတ်ရှိရင် ဒီလိုလုပ်မလား .."

မီ မျက်လုံးဝိုင်းလေးနဲ့ ငဲ့ကြည့်၏။ သမယ မျက်နှာပြန်တင်းနေတာကြောင့် သူမကို ထရိန်နာဆီမဖြစ်မနေပို့ဖို့ အတည်ဖြစ်သွားလောက်ပြီမှန်း တွက်မိကာ ..၊

"ဘာဖြစ်ဖြစ် လက်ဆောင်ကိုယူထားလိုက်ရင် ညာရာရောက်မှာပေါ့၊ ပြီးတော့ သူ့အစ်မ .."

"သူ့အစ်မက မယူရဘူးပြောပြီး ဓားနဲ့မိုးထားလို့လား .. ပြော .."

စွဲ က တကယ်ပဲ မယူစေခဲ့တာဖြစ်သည်။ ဒါကို သမယ ကို မီ ပြန်မပြောခဲ့ပေ ..။

"သူ ဘယ်လိုသိနေတာလဲ" လို့တွေးမိပြီး မီ က ငေးနေ၏။ မင်းရဲရဲ့အစ်မက လင်းလက်ကြာ မှန်း သိထားသော သမယ ရဲ့ ဒေါသတွေက



လည်း ဒီနေရာမှာပဲ မှိုင်းတိုက်ခံနေရသလိုရှိလျက် ..၊

"နင် အခု မျက်ရည်တိတ်သွားပြီမို့လား .."

"အင်း .."

"နင့်ကိုမေးနေတာမဟုတ်ဘူး၊ နင့်ရင်ထဲမှာ အခု ဘာတွေဖြစ်နေသလဲဆိုတာ အကြီးကြီးမထည့်ခဲ့တာသိစေချင်လို့၊ ဒီနေ့လို အဖြစ်တွေ ငါမသိခဲ့တာတွေလည်း ရှိခဲ့မှာပဲ .."

"မဖြစ်ခဲ့ဖူးပါဘူး .."

"ရှေ့လျှောက်လည်း အများကြီးထပ်ဖြစ်ဦးမှာ .."

"နောက်ဆို မသေချာဘဲနဲ့ မလုပ်မိအောင် .."

"မှီ .."

စကားမဆုံးခင် မီ့ ပခုံးလေးတစ်ဖက်ကို သူ့ဘက်ကိုယိုင်လာအောင် ဆတ်ခနဲ ဆောင့်ဆွဲလိုက်မိကာ ..၊

"နင် တော်တော်ပြောရခက်ပါလား .. မန္တလေးမှာတုန်းက ဘယ်လိုနေခဲ့သလဲ၊ ရန်ကုန်ကျမှ ထင်ရာစိုင်းချင်နေတာ ဘာအားကိုးနဲ့လဲ .."

"နင့်ကို အားကိုးလို့မဟုတ်ပါဘူး .."

"ဩော် .."

"ဟိုနဲ့ဒီ ကူးသန်းနေကြတဲ့ စပ်ကြားမှာ မေမေတို့ကလည်း ခဏလျှော့ပေးထားတုန်း ငါပျော်လို့ .."

"ကောင်းတယ် ဒီထက်ပျော်ရဖို့အတွက် ဒီထက်လှအောင်ကြိုးစား .."

"ဟာ .. အဲဒါကြီးလာပြန်ပြီ .. နင့်လို အလှအပချည်းပဲ မက်နေကြတာမဟုတ်ပါဘူး သမယ ရယ် .."

"ဘာ ..."

"ဟဲ့ .. ဟဲ့ .. ကားကောင်းကောင်းမောင်းစမ်းပါဟယ်၊ ဒီတစ်ခါ ငါ့လက်ကိုထပ်ဆွဲချင်ရင် ကြိုပြောပါ ငါ နင့်နားတိုးပေးပါ့မယ်၊ အရှုရယ် ရှားလွန်းလို့ .."

မီ က လန့်လန့်ဖျပ်ဖျပ်လေးပြောရင်း တကယ်ပဲ သူ့ဘက်ထပ်တိုး

www.burmeseclassic.com



ကို ဖင်ရှေ့ထိုင်၏။ သူ ဆွဲခေါ်လာတုန်းက မျက်ရည်လေးတဝေဝေနှင့် ပါလာခဲ့သည့် မီ ဆိုတာ ပျောက်ကွယ်သွားပြီဖြစ်သည်။

သူမရဲ့စိတ်ရင်းကိုက သောကဖြစ်ဖွယ်မှန်သမျှကို ဘယ်တော့မှ ကြာကြာ မျိုသိပ်ခံစားခဲ့တာမရှိ ..။

ဒါပေမယ့် ငယ်ငယ်လေးတုန်းက မီ နဲ့ ခုနဲ့တော့ မတူတော့ပေ..။ အရင်က မီ ဆိုတဲ့ ကောင်မလေးဟာ လုံးကျစ်ကျစ်ညိုညိုစိမ့်စိမ့်လေး ဖြစ်ကာ ဗွာလည်းဗွာသည်။ သူများကိုလည်း ဗိုလ်ကျတတ်၏။

ကလေးနှစ်ယောက်ဆိုပြီး မုန့်တစ်ခုကို တစ်ဖဲ့စီကျွေးလို့မရ ..။

ဖဲ့ပြီးသားမုန့်ကို လာပေးရင်လည်း မယူပေ ..။

မုန့်ကို ရှေ့မှာတင်ဖဲ့၍ သူမကို ပိုကြီးတာပေးမှကြိုက်သည်။ သူမ စိတ်ဝင်စားတာမျိုး ဆော့နေကြပြီဆိုရင်လည်း မပြီးမချင်း လူချင်းခွဲလို့ မရပေ ..။

သူမရဲ့ ကစားဖော်ကလည်း သမယ ပဲရှိကာ၊ တစ်ခါတစ်လေ အတူထူကမယ်ဆိုပြီး သမယ ကို မိန်းကလေးလို ဝတ်နိုင်းတာတွေမှာ သူမနိုင်းတာမရမချင်း ဖွဲမလျှော့တတ်တဲ့သူဖြစ်၏။

ထိုအချိန်မှာ 'သမီးရေ ကစားတာတွေတော်တော့' လို့ပြောလည်း မရ၊ စားစရာနဲ့ မျှားခေါ်လည်းမရသည့်အပြင် သူမကစားနေသည့်အချိန်မှာ ကလေးထိန်းတွေက နပ်ညှစ်ပေးရင်တောင် 'နပ်ချေးပြန်တပ်ပေး' လို့ ခြေဆင်းငိုခဲ့တာတွေက ဟိုတုန်းကဆို စိတ်ပျက်ဖွယ်တွေပါ။

ဒီလိုတွေဆိုးခဲ့ပေမယ့် မီ က ငိုကြောမရှည်တတ်ပေ ..။ အငိုတိတ်တာနှင့် ငိုရတဲ့အကြောင်းရင်းကိုပါ မေ့ပစ်နိုင်သူဖြစ်ရကာ ..၊

"ရပြီ ဆင်းတော့ .."

"ဟင် .. ဘာ .."

တိတ်ဆိတ်စွာ ကားမောင်းလာပြီးမှ ရပ်ပစ်လိုက်တော့ မီ ခေါင်းထောင်သွားပြီး ဟိုကြည့်ဒီကြည့် ..။

"ဒီမှာ ဘာလုပ်ဖို့လဲ .."



ဆိုင်းဘုတ်တွေများပြားစွာနှင့် ကွန်ဒိုတိုက်မြင့်ကြီးတို့ အထဲထားနေ မော့ကြည့်၍ ..၊

"ဒီမှာ ငါက .."

"ဟုတ်တယ် .. နင် ဂျင်(မ်)ကစားရမယ်၊ ငါ့မိတ်ဆွေထရိန်နာနဲ့ အပ်ပေးမလို့ .."

"သမယ .."

"ဆင်းဆိုဆင်း .."

မီ မျက်နှာလေး ငယ်နေရှာကာ ..၊

"အန်တီလေးနဲ့ တိုင်ပြောမယ် .."

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"ဟာလို မေမေ .."

"သားရေ .. သားတို့ဘယ်မှာလဲ .."

"မီ ဂျင်ကစားနေတယ် မေမေ .. ကျွန်တော် စောင့်ပေးနေတာ.."

"ဟင် .. ဘယ်လို သား .."

ဒေါ်လေးလေးနွယ် မျက်လုံးပြူးသွားတာမြင်တာနှင့် ဒေါ်ခင်မီကို ထိုင်ရာမှထ ထရပ်လိုက်ပြီးဖြစ်လျက် ..၊

"ဘာဖြစ်လို့လဲဟင် .."

ဦးမိုးဆောင်း နဲ့ ဦးစိုးသူရ တို့ တံခါးဝမှာ စကားရပ်ပြောနေကြရင်း လှည့်ကြည့်ကြ၏။ ဒေါ်လေးလေးနွယ် က နှစ်ဖက်စလုံးကို လှမ်းကြည့်ပြီး ပြုံး၏။ ပြီးတော့ ခေါင်းခါရင်း ဒေါ်ခင်မီကို့ ဆီ လျှောက်သွားကာ ..၊

"မစိုးရိမ်ပါနဲ့ ခင် ရယ် .. သမီးကို နင့်သားက ဂျင်(မ်)ကစားခိုင်းနေတယ်တဲ့ .."

"ဟင် .. တကယ် .."

ဒေါ်ခင်မီကို ဝမ်းသာသွားသည်။ သူမတို့က ကိုယ့်သမီးကို သူ့သမီး၊ သူ့သားကို ကိုယ့်သားလိုမျိုး ပြောတတ်ကြတာမို့ ..၊

"သမီး ဘယ်လိုကျွတ်တမ်းဝင်သွားပါလိမ့် .."

"ကျုပ်သမီးလေးကို ရှင့်သားအနိုင်ကျင့်ခေါ်သွားတာနေမှာပေါ့.."



"ဟုတ်မယ် .. ဟုတ်မယ် .. ဟွန်းဟွန်း .."

ဒေါ်ခင်မီကို သဘောကျစွာ ရယ်နေရင်း အမေနှစ်ယောက်ကိုဝါ တစ်ဆင့် သတင်းပေးလိုက်ကာ ..၊

"အမေနှစ်ယောက် တော်တော်သဘောကျနေကြတယ် ဟုတ်လား"

ဦးမိုးဆောင်း က ခနီးသည်နှားကိုကပ်၍ ..၊

"ဘယ်လိုလဲ အမေကြီး၊ စိုးရ ပြောသလို စိစဉ်လိုက်ကြမလား .."

"ဟင် ..."

ဒေါ်ခင်မီကို့ အကြည့်က ဦးစိုးသူရ ဆီ ရောက်သွား၏။ ဦးစိုးသူရ က ဒေါ်လေးလေးနွယ် ကို မျက်စလှမ်းပစ်ပြီးရယ်နေ၏။ ဒီလင်မယား က သိထားပြီးတဲ့ပုံပါလား ..။

ခင်ပွန်းဖြစ်သူကိုလည်း ပြောလိုက်ပုံရကာ မသိသေးတာက သူမ ပဲ ဖြစ်ရာ ..၊

"ပြောကြပါဦး ဘာတွေကြိတ်စီစဉ်နေကြတာလဲ .."

"ကြိတ်မစီစဉ်ပါဘူး ခင်ရယ် .. ငါတို့လင်မယား မနေ့ကမှ တိုင်ပင်ခဲ့ကြတာပါ .."

"လာပါ .. ညွှန်းမှာ သေချာထိုင်စမ်းပါကွာ .. ဒီလင်မယား က အလုပ်တွေတစ်မျိုးစီရှုပ်နေကြတာ၊ ခုလို မျက်နှာစုံညီတွေ့ရဖို့က နောက်ဆို သိပ်မသေချာဘူး .."

ဦးစိုးသူရ က ဦးဆောင်ပြီး ဆိုဖာမှာသွားထိုင်၏။ အားလုံးမျက်နှာစုံညီထိုင်မိကြတာမှ ..၊

"ဒီလို ခင်ရယ် .. ငါတို့တွေ သူ့သား ကိုယ့်သမီးခွဲခြားနေကြတာမှ မဟုတ်တာ၊ ကလေးချင်းလည်း သံယောဇဉ်ကြီးကြတယ်လေ၊ ကျောင်းပြီးတာနဲ့ ချစ်သူကိုယ်စီတွေဖြစ်ကုန်ကြရင်ခက်မှာ၊ အဲဒါကြောင့် ခုတည်းက စေ့စပ်ပေးထားလိုက်ရင် မကောင်းဘူးလားလို့ .."

"မကောင်းဘူး .."

"ဟင် ...."

ဒေါ်လေးလေးနွယ် အံ့ဩသွား၏။ ဦးမိုးဆောင်း ကိုယ်တိုင် အထင်

www.burmeseclassic.com

www.burmeseclassic.com



မှတ်သည့်အကြည့်နှင့် ဖနီးသည်ကိုကြည့်၍ ...၊

"ဘာဖြစ်လို့လဲ ခင် .. သားကို မင်းပဲ တုန်နေတာနော် .."

"ဟုတ်ပါတယ် .. သားလေးကိုချစ်တယ်၊ ချစ်လို့ပြောနေတာပါ ကိုမိုးရယ် .."

ပြောပြီးမှ ဦးစိုးသူရ တို့ဘက်ကိုလှည့်၍ ...၊

"ကလေးချင်းသံယောဇဉ်ရှိထားကြလို့ လူကြီးတွေသဘောနဲ့ပဲ သူတို့ကိုစေ့စပ်ထားလိုက်ရင် အဆင်ပြေမယ်လို့ နင်ထင်နေသလား လေး"

"ဘာဖြစ်လို့လဲ .. ချစ်ခြင်းမေတ္တာဆိုတာလည်း သူတို့ကြားမှာ ရှိလာဖို့မခဲယဉ်းနိုင်ပါဘူး၊ ငါတို့လည်း ဒီခေတ်ထဲမှာ နေနေတာပါ ခင်ရယ်၊ နင့်လိုပဲ အရင်တွေးမိပါတယ်၊ ဒါပေမယ့် .."

"ဒါပေမယ့် ငါတို့က မိန်းကလေးရှင်လေ လေးရဲ့ .."

"ခင် ရယ် .. ငါတို့ကြားမှာ ဒါတွေပြောဖို့လိုလို့လား .."

"လိုတာပေါ့ဟာ .. ငါတို့ချင်း ဘယ်လောက်ချစ်ခင်ယုံကြည်ကြပါစေ၊ ကလေးချင်းသံယောဇဉ်တွေ ဘယ်လောက်ရှိရှိ ဒါက အိမ်ထောင်ရေးလေ၊ ပြောရမယ်ဆိုရင် စီးပွားရေးအရ ယှဉ်နိုင်ရင်လည်း ငါတို့က သာတယ်၊ ခုလည်း သားကို လုပ်ငန်းထဲမှာ ပါဝင်ဖို့ ကိုမိုး က တွဲခေါ်နေတယ်၊ ဒါတွေအားလုံးက ကလေးတွေစိတ်ထဲမှာ .."

"သားဘက်က အဲ့ဒီလို အတွေးတွေဖြစ်လာဖို့မရှိဘူး ခင် .. ငါ ယုံကြည်တယ် .."

"နင် ယုံကြည်နေတာက နင့်ရင်ထဲက ခင်မင်မှုတွေနဲ့ တိုင်းတာနေတာ၊ မိဘဖြစ်နေတိုင်း သားသမီးရဲ့စိတ်ကို မပိုင်ဘူးလေ၊ နင်တို့က ဘယ်တုန်းတည်းက ဒီစိတ်ကူးရှိခဲ့မှန်း မသိပေမယ့် ငါဒီလို စိတ်ကူးယဉ်ခဲ့တာကြာလှပြီ .."

ဒေါ်ခင်မီကို အလေးအနက်ပြောနေသဖြင့် အားလုံးငြိမ်သက်နားထောင်နေကြသည်။

"ဒါပေမယ့် သမီးလေးက မိန်းမလှလေးတွေထဲမှာ မျက်နှာငယ်ရတဲ့သူ .."



"အို .. မငယ်ရပါဘူး၊ ပိန်ခြောက်ပြားကပ်နေတာတွေပဲ ဒီခေတ်မှာ ဟော့(ထ်)ပေမယ့် သမီးလေးက အလှပျက်လောက်အောင် ဝတာမှ မဟုတ်တာ၊ ခင်ရယ် ဝဝ မဝဝ လှလို့ချစ်တာရှိသလို ချစ်လို့လှတာတွေရော မရှိလို့လား .. သမီးလေးကို သားက ချစ်တယ် .."

"ခင်တွယ်ကြတာပါ .."

"သံယောဇဉ် အရင်းခံနဲ့ ပိုမကောင်းဘူးလား ခင် .."

"ငါတို့ဘက်ကို ငြိုငြင်ဖွယ်ရှိလာမှာတွေ အများကြီးပဲလေ .."

ဦးမိုးဆောင်း ရဲ့ သက်ပြင်းချသံကြီးက ဒေါ်ခင်မီကို ပြောသနေမှု 'မှန်သည်' လို့ ထုတ်ဖော်ပြောပြဖို့ မလိုအောင် အဓိပ္ပာယ်ရှိနေခဲ့။

ဒေါ်လေးလေးနွယ် က ခင်ပွန်းဖြစ်သူကို လှည့်ကြည့်သည်။ ဦးစိုးသူရ မျက်နှာကလည်း တည်ငြိမ်နေကာ မှန်သည်မှားသည်လည်း ဘာမှမပြော..၊

"ဒီကိစ္စမှာတော့ သမီးရှင်ပီသပါရစေ လေးရယ်၊ ငါတို့ဆွေမျိုးမတော်ရလည်း ဒီတိုင်း ဆက်ချစ်သွားလို့ရပါတယ်၊ ကိုယ့်သဘောကျစီစဉ်ပြီးမှ သမီးလေးမျက်နှာငယ်ရမယ့်အဖြစ်မျိုးနဲ့ အိမ်ထောင်ရေးနယ်ထဲမှာ တစ်သက်လုံးနေသွားရမှာ ငါမကြည့်ရက်ဘူး .."

"နင် စိုးရိမ်ကြီးနေတာပါ ခင် ရယ်၊ ငါ သမီးလေးကို အရမ်းချစ်တယ်၊ သားကိုလည်း တခြားမိန်းကလေးနဲ့ဘယ်လိုမှ မဖြစ်စေချင်ဘူး.."

"နင့်သား ရည်းစားတွေထားနေတာ နင်သိရဲ့လား လေး .."

"သိတယ်လေ .. အဲဒါကြောင့် ငါ စိုးရိမ်တာ၊ သားသမီးတွေ တစ်ဖက်စီရောက်သွားကြရင် ငါတို့လည်း တစ်ဖက်မှာ အာရုံတွေရောက်ပြီး ရင်းနှီးသွားနေကြဖို့မလွယ်တော့ဘူး၊ နင်လည်း ဘယ်လိုစာရိတ္တနဲ့ ရောက်လာမှန်းမသိတဲ့ကလေးကို သမက်တော်ရမယ်၊ ငါလည်း ဘယ်လို မိန်းကလေးကို ချွေးမတော်ရမယ်ဆိုတာ မသိဘူး .."

"ဒါကတော့ လေး ရယ် .."

ဦးစိုးသူရ က ဒေါ်လေးလေးနွယ် လက်ကို ဖွဖွဆုပ်ကိုင်ပြီးစကားစလိုက်ရင်း ...၊

"ခင် ပြောတာမှန်ပါတယ်၊ မင်း စိုးရိမ်နေတာလည်း မမှားဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် လက်တွဲဖော်ရှာကြတဲ့လူတိုင်းအကြောင်းသိဓာတ်သိတွေပဲ ရသွားကြတာရှိလို့လား ..."

နေသည်ကို နှစ်သိမ့်ဖို့ကြိုးစားရင်း သက်ပြင်းချ၏။

"အချိန်တွေရှိပါသေးတယ်၊ ငါတို့သဘောနဲ့ မဟုတ်ရင်လည်း သူတို့သဘောကို စောင့်ကြတာပေါ့ ..."

"ခင် ရယ် .. ငါကတော့ ဒီတစ်ခါ ငါမမှားဘူးထင်တာပဲ၊ နင်တို့ရော ငါတို့လင်မယားရော ကိုယ်ထင်ရာကိုယ်လုပ်ခဲ့လို့ ညားခဲ့ကြတာမှ မဟုတ်တာ၊ နင်တို့ကိုလည်း လူကြီးချင်းရင်းနှီးခင်မင်ကြလို့ လက်ထပ်ပေးခဲ့ကြတယ်၊ ငါတို့လည်း မိဘတွေတိုဖွင့်ပြောပြီး သဘောတူလို့ လက်ထပ်ခဲ့ကြတာ .."

"ဟုတ်တယ် .. ငါ့မှာ ရည်းစားတွေမှ ရှိက်သတ်လို့တောင်မကုန်ဘူး .."

"အဲဒါ မသတ်ခဲ့ဘူးလား .."

ဦးမိုးအောင် က ခပ်တည်တည်ကြီးနဲ့ အရွှန်းထဖောက်၏။ ဒေါ်ခင်မီကိုက မျက်စောင်းရွယ်လျက် ချက်ချင်းပြန်မေး၏။ ဖြေသံကလည်း မဆိုင်းမတွ ..။

"ဪ .. သတ်ပစ်လို့တောင်မကုန်ပါဘူးဆိုမှ .. အဲ့ဒီထဲမှာ မင်းပဲ မပါလိုက်သွားတာ .."

"အင်း .. ခုထိ လေလုံးက ထန်းတစ်ဖျားမှာ ချိတ်နေတုန်းပဲ .."

"ပြောပြတာပါ .. လေးက အစဖော်ပေးလို့ သတိရတုန်း .."

သူတို့မျက်နှာတွေပေါ်မှာ အပြုံးအရယ်တွေဖြစ်လာကြစဉ် အိမ်ရှေ့မှာ ကားရပ်လာသဖြင့် လှမ်းကြည့်လိုက်မိကြသည်။

ပထမဆုံး ဆင်းလာသူက မီ ပဲ ဖြစ်ကာ ..၊

"အန်တီလေး .."

"ဟော .. ဟော .."

"အို .. မီးလေး မျက်နှာမှာလည်း ချွေးတွေသံတွေနဲ့ပါလား၊ ဟင်.. ငိုနေတာလား .. သမီး ငိုလာတာလား .."

မီက ဒေါ်ခင်မီကို့ ဆီမသွားဘဲ ဒေါ်လေးလေးနွယ် ဘေးမှာ ဆောင့်ခနဲသွားထိုင်၏။ သမယ က ကားသော့ကိုင်လျက် နောက်ကပါလာကာ



ဦးစိုးသူရ ဘေးမှာထိုင်၍ ..၊

"သူက ဦးအောင်ငိုနေတာ၊ ဒီမှာ သေချင်စော်နံလာတာကို ကျေးဇူးတင်ရမှန်းမသိဘူး .."

"ဒါဆိုလည်း ငိုလေ .. နင် ငိုပြီးမှ ငါ ငိုမယ် .."

"ဘာဖြစ်လို့လဲ .. အန်တီလေးကို ပြောပြပါဦး .."

"သူ မို့ ကို အတင်းကစားခိုင်းတာ မီ အဲဒါတွေမလုပ်နိုင်ပါဘူးဆိုမှ ထရိန်းနေတဲ့ ဆရာတွေက မို့ ကိုပဲ ရယ်ကြတာ၊ အဲ့ဒီမှာ ပိန်ပိန်လှလှလေးတွေအများကြီးပဲ၊ မီက ဝတုတ်တုတ်နဲ့ လှချင်လှချေရဲ့ဆိုပြီး ရယ်ကြတာပေါ့၊ ပြီးတော့ မီ မလုပ်နိုင်တာကို သူပဲ .."

"အောင်မယ်လေး .. တော်ပါပြီ သမီးရယ်၊ ဘယ့်နှယ် သူများကို အပြစ်တင်ဖို့ချည်းပါလား .."

"မေမေက မသိဘဲနဲ့ သူ မို့ ကို အတင်းဆွဲခေါ်သွားတာ .."

"အဲဒါ ဘာဖြစ်လို့လဲ .."

"သူ့ ..."

မီ ပါးစပ်တစ်လုံးကြီးဟလိုက်ပြီးမှ တိခနဲပြန်ရပ်၏။ ဒေါ်ခင်မီကိုက ပြုံးကာ ..၊

"ပြောလေ .. သမီးကို အဲ့ဒီခေါ်သွားတော့ သူက ချွေးကြီးဖြစ်သွားရောလား .."

"မေမေကလည်း မီ တစ်လမ်းလုံး ငြင်းသွားတာကို သူက စွတ်.."

"အဲဒါ သမီးကို လှစေချင်လို့မဟုတ်ဘူးလား .."

"မို့ ထက် သူကပိုလှချင်ရလား .. ကာယကံရှင်က မလိုချင်ပါဘူး ဆို နေလိုက်ပေါ့ .."

သမယ က ကားသော့ကို စားပွဲပေါ်က လှမ်းတင်လိုက်ရင်း မို့ ကို ကြည့်ပြီး မဲ့ကာ ..၊

"မလှချင်တဲ့လူက ကြည့်ပါဦး၊ ချက်နှာမှာ မိတ်ကပ်ရေးရောင်စုံနဲ့ တစ်နေ့တစ်နေ့ အလှပြင်ဖို့အတွက် အိပ်ရာက ဘယ်အချိန်ထရသလဲ .. ဟွန်း .."

www.burmeseclassic.com

www.burmeseclassic.com



သမယ ပြောသမျှ မီ လက်လေး မျက်နှာကိုင်လိုက်၊ အကျီပေါ် ရောက်လိုက်နှင့် မျက်လုံးတွေလည်း တစစပြူးကျယ်လာကာ ..။

"နင်က ငါ အိပ်ရာထတဲ့အချိန် လာချောင်းကြည့်လို့သိတာလား.."

"မီ .."

ဒေါ်ခင်မီကို က သမီးဖြစ်သူကို ဟန့်လိုက်ပြီး ခေါင်းခါပြကာ..။

"ဒါ မိန်းကလေးတစ်ယောက်ကြိုးစားသင့်တဲ့ကိစ္စပဲ၊ သမီး ပုံမှန်သွားရမယ် .."

"ဟင် ..."

"ဟား .. ဟား .. ဟား .."

မီ ဟင်ခနဲဖြစ်သွားသည်နှင့် သမယ တဟားဟားရယ်သည်။ ပြီးတော့ မီ ကို မျက်ခုံးပင့် ပခုံးတွန့်ကြည့်ပြီး ထထွက်သွား၏။

ဒေါ်လေးလေးနွယ် က ကိုယ့်သားလှစ်သွားတာကို မျက်မှောင်ကုတ်ကြည့်နေပြီး ..။

"ဟုတ်သားပဲ .. သား နေ့တိုင်းလိုက်ပို့လိမ့်မယ်၊ သူ့ပဲစောင့်ပေးရမှာ သမီး ဘာမှစရာလိုလို့လဲ .."

ဟင် ...။

သမယ ရဲ့ တက်ကြွတဲ့ခြေလှမ်းတွေ တုံ့ခနဲရပ်သွားလျှင် ..။

"ဟား .. ဟား .. ဟား .."

မီ က ကိုယ်လေးကြွခနဲဖြစ်သွားအောင် အော်ရယ်လေသည်။ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း ..။



အခန်း (၂၀)

"မွေးနေ့က ဘယ်နေ့ဘယ်ရက်လို့ ငါပြောလိုက်မိသလား ထက်.."

"မပြောပါဘူး .. မင်းရဲ့ မွေးနေ့ ဘယ်နေ့ဆိုတာ ငါတို့သိနေတာပဲဟာ .."

"အေးလေ .. မွေးနေ့လက်ဆောင်ဝယ်ကြမယ်ပဲပြောတာပါ၊ နင့်ဟာနင် နားကြားမှားတာပါ မီ ရယ် .."

သုံးယောက်ရဲ့စကားတွေကြောင့် မီ ကိုယ့်ကိုယ်ကိုယ် ဇဝေဇဝါဖြစ်သွားမိသည်။ တွေးကြည့်တော့လည်း ကိုယ်ပဲမှားတာဖြစ်နေခဲ့လျက်..။

"နင် ပြန်စဉ်းစားကြည့်ပါဦး၊ သူ့မွေးနေ့ဆိုရင် ငါတို့တွေ ဆော်ဒါဖြစ်နေကြပြီးဥစ္စာ၊ ကျောင်းမလာဘဲနေစရာလားလို့ .."

"မီ ရယ် .. နင်ကိုက မင်းရဲ့ နဲ့ပတ်သက်ရင် ပျာနေတာ သတိထားမ်းပါဦး၊ မိန်းမဈေးကျလိုက်တာ .."

"မိန်းမဈေးဘယ်လောက်လဲဟင် .."

"မိမြတ် နော် .."

"ဟား .. ဟား .. ဟား .. နင်ပဲပြောတာလေ .."

ခု ထက် မြတ် သုံးယောက် မီ ကို အလယ်မှာထားပြီး ကိုယ်အသာတားအဖွဲ့ကျနေကြ၏။ ပြီးတော့မှ မီ လက်လေးကို ခု က ကိုင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ...၊

"ကဲပါ .. ဘယ်သူမှားတာပဲဖြစ်ဖြစ် နှင် စိတ်ဆင်းရဲလာရတယ်ဆိုတော့ ငါတို့က ပြန်ချော့ရမယ့် ဝတ္တရားရှိသွားပြီ .."

"ဟုတ်တယ် .. ငါတို့ ကန်တင်းသွားကြမယ်၊ ဒီနေ့ စု က ဒကာခံမှာ .."

"ထက် နော် .. ငါက မီ တစ်ယောက်တည်းကိုပြောနေတာ၊ ကျွန်တဲ့လူ ကိုယ်ပါတာကိုယ်စား .."

"ဟယ် .. မိုက်ရိုင်းတယ် ကြည့်စမ်း .."

"ပိုက်ဆံလေ .. ကိုယ့်မှာပါရင် စားလို့ပြောတာ .."

"မဟုတ်ပါဘူး .. စားသောက်တာကို ခါတိုင်းလိုပဲ မီ ရှင်းမှာပါ"

"ဟော .. တွေ့လား .."

စု ထက် မြတ် က သိပြီးသားပါ။

ဒါပေမယ့် ဝမ်းသာအားရကြီးပြောလိုက်ပြီး လက်ခုပ်လေးတောင်တီးပေးလိုက်သေးသည်။ ထို့ပြင် ...၊

"ငါတို့ထဲမှာ မီ က ချမ်းသာဆုံးပဲ .."

"ဟုတ်တယ် .. ကြည့်ပါလား တစ်ကိုယ်လုံး ရွှေတွေကိုအိနေတာပဲ .."

စု က ပြောပြီး မီ့ လက်ကောက်တွေကို ဒသံမြည်အောင်ဆွဲခါလိုက်ရင်း ...၊

"ဒါတင်ပဲ ငါးကျပ်သားလောက်ရှိမလား မသိဘူး .."

"ကမလား၊ မိစု ရယ် .. အင်း .. မြို့သူတွေကတော့ မရှိဘာနဲ့မကြိုက်တာနဲ့ ရောချနေကြရှာတာသိလား၊ မြို့သူ ရွှေမဝတ်ဘူးဆိုပြီးတော့လေ .."

"ဟုတ်ပ .. စိန်ဆိုပြီး ရွှေဖြူတွေနဲ့ ဝတ်တော့ အတုမှန်းမသိအစစ်မှန်းမသိနဲ့လေ .."

"ငါတို့ရဲ့ ခါတော်မီ ကတော့ ကြည့်လိုက်တာနဲ့ တောသူဌေးမှန်းသိသာတာ၊ မြို့မှာလည်း တောကသူဌေးတွေရောက်လာပြီး ရင်းနှီးလုပ်ကိုင်ကြတာနဲ့ မြို့ကသူဌေးတွေ ဘေးရောက်ကုန်ပါပြီဟယ် .."



"မှန်လိုက်တာ မိစု ရယ် .. ဒါနဲ့နေပါဦး မီ တို့က ဘယ်တုန်းကလဲဟင် .. မြို့ကိုအပြီးပြောင်းလာကြတာလား .."

သုံးယောက်ပေါင်းပြီး မြှောက်ထိုးပင့်ကော်တွေပြောလို့အားရမှမသိတာကို ထူးခြွေရရစုံစမ်းကြသည်။ မီ ကလည်း သူတို့လောက်တော့မလည်ပေမယ့် ကိုယ့်အကြောင်း ရင်ဖွင့်ပြောတတ်တဲ့ အကျင့်မရှိခဲ့တာကြောင့် တမင်တကာကြီးမေးနေရှောင်ရှားနေဖို့တောင် မလို ...။

"အဲ့လောက်ကြီးမဟုတ်ပါဘူး၊ မြို့ကိုပြောင်းလာကြတာ ငါ့ကြောင့်ပါ၊ ငါက ရန်ကုန်မှာပဲ ကျောင်းတက်ချင်တာလေ .."

ဟုတ်မှာပေါ့ ရန်ကုန်သားချောချောတွေနဲ့ ကြောင်ချင်တာကိုး...။

သုံးယောက်စလုံး စိတ်ထဲမှာ ပြိုင်တူတွေးပြီး မီ မမြင်လိုက်ခင်နှုတ်ခမ်းတွေ အော်တိုမစ်တစ်ရှို့ထွက်သွားကြ၏။ ပြီးတော့မှ ပြုံးဖြဲဖြဲတွေ ဖြစ်သွားတာချက်ချင်း ...။

"လာပါ .. တော်ကြာ အတန်းချိန်နီးလို့ အေးဆေးမထိုင်ရဘဲနေလိမ့်မယ်၊ အဆင်ပြေရင် မင်းရဲ တို့နဲ့ ဆုံချင်ဆုံမှာ .."

"ငါတော့ လောလောဆယ် မင်းရဲ နဲ့ မဆုံချင်သေးပါဘူးဟာ.."

မီ့ စကားကြောင့် စုပြုံထူးဆန်းသွားကြ၏။

"ဘယ်လိုဖြစ်ရတာလဲ .. ငါတို့က ခုကစပြီး အင်တိုက်အားတိုက်ကူညီတော့မယ်လို့ .."

"နင်တို့ကိုနားလည်ပါတယ်၊ ဒါပေမယ့် ဟိုနေ့က ကိစ္စကြောင့် ငါမျက်နှာပူသလိုကြီးဖြစ်နေတာ မပြေသေးဘူး .."

"အဲ့လောက်တောင် နင်ဖြစ်သွားတာလား၊ အေးနော် .. ငါတို့ကလည်း အမှတ်တမဲ့ပြောပြီး ကိုယ့်စကားပြည့်စုံလား မစုံဘူးလား သတိမထားမိလိုက်ဘူး .."

"မဟုတ်ပါဘူးဟာ .. ငါကိုက နင်တို့ပြောသလိုပါပဲ၊ ပွင့်ပွင့်လင်းလင်းပြောရရင် ငါ့မှာ ယောကျ်ားလေးသူငယ်ချင်းတစ်ခါမှမရှိခဲ့ဖူးဘူး"

ရှိမလား ကိုယ့်ပုံလည်းကိုယ်ပြန်ငုံ့ကြည့်ပါဦး ...

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲကနေ ထင်သလို မဲ့ရွဲ့ပြောလိုက်ပြီးမှ …၊

"သိပါတယ် .. နင် သူတို့ကို ခင်တယ်ဆိုတာ .."

"မင်းရဲ ကို ပိုခင်တာလည်း သိတာပဲ၊ ခင်မင်ရင်းနှီးမှုဆိုတာ ချစ်ခြင်းရဲ့ အစပဲလေ၊ ဒီအချိန်မှာ ခင်မင်မှုခိုင်မြဲဖို့ပဲကြိုးစားချင်နေတာ နင့်အပြစ်မဟုတ်ပါဘူး .."

"အဲဒါကြောင့်လေ .."

မီ က လှမ်းလက်စခြေလှမ်းကို ရပ်ပစ်လိုက်ကာ …၊

"ငါ ဒီတစ်ပတ်တော့ ကဲန်တင်းမလိုက်သေးဘူးဟာ .. နော် .."

ပြောပြီး အိတ်လေးထုတ်ယူကာ အထဲက တစ်သောင်းတန်တစ်ရွက်ကို စု လက်ထဲထည့်၏။

"ငါကျွေးမယ်လို့ပြောပြီးပြီနော် .. အေးဆေးသွားစားကြပါ၊ ငါ အတန်းထဲမဝင်သေးဘဲ စောင့်နေမယ် .."

"ဟာ .. မီ .."

"မီ ကလည်းဟာ .. နင်မလိုက်ရင်တော့ ဒကာခံစရာမလိုပါဘူး၊ ငါတို့ဘာသာပဲ .."

သူတို့စကားမဆုံးသေးခင် မီ က လှည့်ထွက်သွားပြီဖြစ်သည်။ စကားသံတွေ ခဏကြာအောင် တိတ်ကျသွားခဲ့ပြီးမှ …၊

"ဟား .. ဟား .."

"နည်းသေးတယ် .. ဟီးဟီး .."

"ဟုတ်ပ တစ်သောင်းတည်း .."

"ဘာဖြစ်လဲ .. ကဲန်တင်းမှာတော့ အေးဆေးဆွဲလို့ရပါတယ်ဟာ၊ တောသူဌေးတွေ ကုပ်စီးကပ်တယ်ဆိုပေမယ့် ခုကျတော့ တစ်သောင်းတန်တစ်ရွက်ထွက်လာတာ လျှောခနဲပဲနော် .."

"မင်းရဲ .. မင်းရဲ .. ငါတို့အတွက် မျောက်တစ်ကောင်မွေးထားရတာထက်တောင် အဆင်ပြေချောမွေ့နေသေးတယ်နော် .."

"ဘယ်သူလဲ မျောက်က မင်းရဲ လား .. မီ လား .."



"မပြောချင်ပေမယ့် ပြောရဦးမှာပေါ့နော် .. မျောက်ပြဆန်တောင်းတယ်ဆိုတဲ့စကားအရ မျောက်သည် မင်းရဲ ဖြစ်ပါကြောင်းနှင့် ဆောင်းလခါမီကတော့ .."

"သူ့အကြောင်း ငါသိချင်တယ် .."

ဟင်!…၊

ဘယ်သူလဲ …၊

သုံးယောက်စလုံး အသံတွေတိတ်သွားကာ လှည့်ကြည့်လိုက်မိကြသည်။ ဖြတ်သွားဖြတ်လာတွေထဲကနေ သူမတို့ဆီကို မျက်နှာမူပြီး လျှောက်လာသူက လကျ်ာ …၊

စု တို့ သူမကိုသိတော့သိပေမယ့် ဘယ်သူနဲ့ဘယ်လိုဘာညာတွေထိ သေချာမသိခဲ့ပေ …။ မင်းရဲ မှာ အစ်မဝမ်းကွဲရှိတာကိုသိပေမယ့်လည်း လကျ်ာ မှန်း မသိကြတာအမှန် …။

"မင်းရဲ နဲ့ လုပ်စားနေတယ်ဆိုတော့ မင်းရဲ အတွက် အကုန်ကျခံနေတဲ့လူအကြောင်း ငါသိထားသင့်တာပေါ့ .."

"နင်က …"

"လင်းလကျ်ာ .. မင်းရဲ အစ်မ .."

အယ် …၊

နာမည်တွေပြောပြီး ဟားတိုက်ရယ်နေခဲ့မိတာ မှားပြီ …၊

စု နဲ့ ထက် တို့ တစ်ယောက်ကိုတစ်ယောက်အဓိပ္ပာယ်တွေနဲ့ ကြည့်မိရင်း မြတ် ဆီ မျက်လုံးထပ်ရောက်၏။ မြတ် က လကျ်ာ တစ်ကိုယ်လုံးကို ငေးကြည့်နေဆဲ .. သူမရင်ထဲမှာတော့ …၊

'ကျွန်မတို့မှားပါသည်' လို့ အသံတိတ်ဆိုနေမိလျက် …၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"စလိုက်ရအောင် .."

သင်တန်းမှူးက စီနီယာခေါ်လိုက်ပေမယ့် မီ စကားမပြတ်နိုင် ..။

သင်တန်းမှာရှိသည့် ဆရာတွေက သမယ နဲ့ ရင်းနှီးနေကြသဖြင့် သင်တန်းကို ကိုယ့်အိမ်လို လွတ်လပ်စွာနေရတော့ပိုဆိုးသည်။

တစ်ချိန်ပြီးတစ်ချိန် ပြောင်းလဲသွားသည့် ကးစားနည်းတွေမှာ မီ မျက်နှာရှုံ့မဲ့ကာ ညည်းညူနေတာလည်း တစ်ချက်လေးမှ မနား ..။

"ကွင်းတွေဆွဲပြီး ခါးလှည့်ရတာ လက်တွေတအားနာတာပဲ သိလား၊ ပြေးထားရတာလည်း သေအောင်မောတာ .."

"သေမှမသေသေးတာ .."

"ငါ့ကို သူများတွေလို တစ်ဆင့်ပြီးတစ်ဆင့် မလုပ်နိုင်းဘဲနဲ့ အားတဲ့ဘားကိုဝင်ခိုင်းတာ လူကသေတော့မယ် .."

"သူများလိုရော နင်လုပ်နိုင်လို့လား .."

"ငါလုပ် .. အား .."

စကားပြောနေရင်း ဒူးတစ်ဖက်ကွေးထိုင်လုပ်လိုက်လျှင် သေချာပုံမကျသေးဘဲ မီ ဘုန်းခနဲလဲ၏။ သမယ အရင်ဆုံးပြေးထူမိကာ ထရိန်နင်တွေက ရယ်ကြ၏။



မီ့ မျက်နှာ နီရဲနေကာ သူ တစ်ခုခုပြောလိုက်တာနှင့် ပုလဲတွေရွှဲတွေခလာနိုင်သဖြင့် မျက်လုံးချင်းမဆုံအောင် ရှောင်ထားရသည်။ သူမနဲ့ စကားပြောဖြစ်အောင် ဖော်ဝိတ် နဲ့ချည်း စကားများနေရကာ ..၊

"အား .. သမယ .."

ဖြစ်ပြီ ..၊

ခဏလေးအနားရလိုက်တုန်း အော်သံက စီခနဲထွက်လာသည်။ ကြည့်လိုက်တော့ ပက်လက်ကနေလည်မျိုပေါ် ကန့်လန့်ဖြတ်ကျနေသည့် ဘားတန်းကို အသည်းအသန်တွန်းကန်ထားရင်း မီ မျက်လုံးပြူးမျက်ဆံပြူးနှင့် ..။

"သေပြီ လုပ် .. အစ် .. အစ် .."

"ဟား .. ဟား .. ဟား .."

ရယ်ချင်လွန်းသဖြင့် အိမ်ပြန်ကားမောင်းနေတဲ့အထိ သမယ တခွိခွိဖြစ်နေတုန်း ..၊

"အူတက်အောင်ရယ်ချင်လည်း အိမ်ရောက်မှ ရယ်၊ ကားဖြောင့်ဖြောင့်မောင်း .."

"ဟား .. ဟား .. ဟား .."

"တော်တော် သဘောခွေ့နေတယ်ဟုတ်လား .. သူများမလုပ်ချင်တာကို အနိုင်ကျင့်ခိုင်းနေရလို့လေ .."

"နင့်ကို ဘယ်သူမှ ရိုက်မခိုင်းပါဘူး၊ ဘာဖြစ်လို့ ကိုယ်နဲ့မဆိုင်တာတွေ လျှောက်လုပ်နေလဲ၊ ကံကောင်းလို့ ဇလုတ်ပြုတ်ပြီး မသေတာ၊ ဟား .. ဟား .. ဟား .."

"ဩော် .. ဩော် .. သူများသေသားနီးသွားလို့ သဘောတွေကျနေတာ .."

"ဟုတ်တယ် .. နင်ဘာလုပ်တာလဲ ငါကသိနေတာကိုး .."

မီ မျက်နှာလေးမသိမသာ လှဲ့ပစ်မိကာ 'ငါကလည်းငါ' လို့ အသံထိတ်ဝန်ခံမိ၏။ ပင်ပန်းလွန်းလို့ ဂျောခင်းစရာလေးတွေပြီ သက်တောင့်

www.burmeseclassic.com

www.burmeseclassic.com



သက်သာလေးပဲ လုပ်တော့မယ်လို့ တွေးမိသည်။

ဘယ်သူနိုင်းနိုင်း မနိုင်းနိုင်း ဆရာလည်းမခေါ်၊ ဘယ်လိုလုပ်ရလဲ လည်း မမေးဘဲ အနားမှာရှိတဲ့တစ်ယောက်ကို သံလုံးတွေနဲ့ ဘားတန်း တောင်း၍ ...၊

"မို့ လက်ထဲ ထည့်ပေးပါ .."

"နှစ်ကွင်းစီ လျှော့မလား .. များနေလို့ .."

"တစ်ကွင်းစီပဲလျှော့ .. ရတယ် .."

ထိုသူကတော့ ပြုံးသွားသေးသည်။ ပြီးတော့ မို့ လက်ထဲထည့်တင် ပေးပြီးတာနှင့် လှည့်ထွက်သွား၏။ မို့ အဖြစ်က လက်ပြန်တွန်းတင်ရမည့် ဘားတန်းကြီးကို လည်မျိုပေါ် ပြုတ်မကျအောင်တောင် ထိန်းမထားနိုင် ခဲ့ဘဲ ...၊

"အဟွတ် .. အဟွတ် .."

"သတိထားဦး .. အိမ်ရောက်ရင် အရှက်ပြေညာရဦးမှာ၊ လည်ပင်း အစ်ခဲ့တာကြီးကို ဖုံးဖိမရရင် ပြဿနာ .."

ပြောရင်းရယ်ရင်းနှင့် သမယ မျက်နှာကြီးက မုန်းစရာပါ။ ဒါပေ မယ့် သူ့ကိုမုန်းဖို့ထက် လွတ်မြောက်ရေးက အရေးကြီးနေသဖြင့် ...၊

"သမယ .."

"ဘာလဲ .."

"ငါ့ကို အဲ့ဒါမကစားခိုင်းပါနဲ့ ငါ တောင်းပန်ပါတယ် .."

"ဒါကတော့ .."

"အေး .. နင် ငါ့ကို ဒီတိုင်းလုပ်နေရင် ငါ ထွက်ပြေးမှာ .."

"ဘာ ..."

မီ ရန်ကုန်ရောက်မှ သတ္တိတွေကော်တော်ရှိနေသည်။ လူကြီးတွေ အပြောတောင်ခံမှာမဟုတ်တဲ့ကိစ္စကြီးကို ပြောကိုမပြောဘဲ ထင်သလို လုပ်နေသည်။

ကျောင်းစတက်တည်းက သူ့ကားနဲ့ ကျောင်းသွားတာ တစ်ပတ်



တောင် မပြည့်သေး ...။

"ငါ တကယ်လုပ်မှာသိလား၊ ဒီလောက်ပင်ပန်းတာကြီးကို ငါ မလုပ်နိုင်ဘူးလို့ ပြောပေါင်းများပြီ .."

"နေစမ်းပါဦး မိန်းကလေးဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် လှဖို့မကြိုး စားချင်တော့ဘူးလား .."

"လှပြီးသားဥစ္စာ .."

"လာသေးတယ် .."

"ဟုတ်တယ် .. ဝပေမယ့် လှတယ်လို့ပြောနေကြတာပဲ .."

"မဝတော့ ပိုမလှဘူးလား .."

"ဟော့အေး .."

"နင့်လောက်ပျင်းတာ ရှာမတွေ့ဘူး .."

"ခုတွေ့ပြီမှတ်လိုက်တော့ .."

"ဒါဆို ငါကလည်းတစ်ခုပြောမယ်၊ ဒါကြီးကို ဝိတ်ချဖို့မကြိုးစား ချင်ရင် ကျောင်းမှာရှိသမျှ ကင်းတွေနဲ့လည်း ကင်းအောင်နေ .."

"ဘာဆိုင်လို့လဲ .."

"တန်ရာတန်ရာပေါ့ .."

"သမယ ..."

"ဘာလဲ .."

မီ က သူ့ဘက်ကို ဆတ်ခနဲ မြောက်သွားအောင် လှည့်ထိုင်[illegible]ဘဲ တာ ...၊

"ငါ နင့်ကို ငါ့သူငယ်ချင်းအရင်းကြီးမို့လို့ သည်းခံနေတာနော်.."

"ငါကလည်း သူငယ်ချင်းအရင်းကြီးမို့ကို အမုန်းခံပြီး ပြောနေတာ ပဲ၊ ဒီခေတ်မှာ ဝလို့လှလို့ဆိုတာ ဖြေသိမ့်စရာစကားဖြစ်သွားပြီ၊ ဒါ မှတ်ထား .. ဝနေတာ ကျန်းမာရေးအတွက်လည်းမကောင်းဘူး၊ လူငယ် တွေဆိုရင်လည်း လာဘ်ပိတ်တယ်၊ ကိုယ့်ကိုယ်ကိုယ် တခြားသူတွေ မြှောက်ပေးတိုင်း ဟုတ်လှပြီထင်မနေနဲ့ .."

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ .. ငါက ဟုတ်လှပြီထင်နေတာပါ၊ နင်ကရော ငါလှဖို့ကို ငါ့ကိုယ်ငါထက် ဘာကိစ္စပိုပူနေရတာလဲ၊ ငါမလှတာ နင့်ခေါင်းပေါ် ရှက်ထားရလို့လား .."

ရှက်ထားရတာထက်ပိုဆိုးတယ်လို့တောင် ပြောလိုက်ချင်သည်။ ဒါပေမယ့် ဘာကြောင့်လဲလို့မေးလျှင် ဖြေစရာမရှိပေ။ မီ့ ကို တခြားသူ ပွဲအလယ်မှာ မျက်နှာငယ်စွာ မရှိစေချင်တာသူချည်းပဲ အိုဗာခံစားနေ ရတာလား ..။

ဒီလိုတွေးမိတာ မြန်အောင် ပြောသည့်စကားတွေကို အမှတ်ရမိသည်။

"ထားလိုက်ကွာ .. သူ့စိတ်ထင်ရာ သူလိမ့်စမ်းပါစေ .." တဲ့ ..။

မီ့ ကို အမြင်မတော်မှာ လှမ်းမြင်လိုက်တိုင်း သူ စုတ်သပ်တော့ သံတွဲ က စိတ်မရှည်စွာပြော၏။

"မင်းကလည်းကွာ .. သူတို့က မောင်နှမတွေလို နေလာခဲ့ကြတာ၊ မီ နဲ့ သမယ ပတ်သက်နေမှန်းသိကုန်ကြရင် သမယ ပဲ သိက္ခာကျမှာ၊ မီ သွားပတ်သက်တာလည်းကြည့်ဦး မင်းရဲ နဲ့တဲ့ .."

မြန်အောင် ပြောသလို သူ့သိက္ခာအတွက် စိတ်ပူနေမိတာလားလို့ တွေးကြည့်တော့လည်း လက်မခံချင် ..။ ဒီကောင်မလေးကြောင့် ခက်ပါ၏။



## အခန်း (၂၂)

"အခု .. ရှင်မင်း ကို ဘယ်အဆောင်ကြားထဲမှာ ခဏစောင့်နိုင်းထားခဲ့တာလဲ .."

အနားမှာ လူရိပ်ကျလာတော့ ပန်းကလေးကမော့ကြည့်သည်။ သမယ မျက်ဝန်းတွေ စားပွဲစွန်းကအရိပ်ဆီ ဖျတ်ခနဲ ရွေ့သွားပေမယ့် ဒီတိုင်းတည်ငြိမ်နေခဲ့၏။

သူမက သမယ မော့မကြည့်တာကို မဲ့ပြုံးနှင့် စူးစိုက်ကြည့်၍ ..

"ယူနဲ့ တို့ ပြောစရာတွေရှိနေသေးတယ်လို့ မထင်ဘူးလား .."

"ရှိနေရင်လည်း အခု မင်းအလှည့်ကကျော်သွားပြီ .."

လကျ်ာ မျက်နှာမည်းညိုသွားသည်။ ဘေးမှာ သူငယ်ချင်းလည်း ပါနေသဖြင့် ရှက်တာက ပိုဆိုး၏။ ကိုယ်ကစိတ်ဆိုးမပြေဘဲ လာချော့ မော်ရသည့် လူနောက်ကို လိုက်နေရသည်။

သင်းကတော့ အပေါင်းနဲ့တွဲလိုက်၊ အသစ်နဲ့ဖြစ်လိုက် ..။

"လာပါ လကျ်ာ ရယ် .. နင်ဒီလောက် ခံစားနေဖို့မတန်ပါဘူး"

အေမီ က တံတောင်နဲ့တို့ပြီး မခံရပ်နိုင်သလိုပြော၏။ ထိုင်နေသည့် ပန်းကလေးက အားလုံးကိုသိနေသဖြင့် နေရခက်သည့် မျက်နှာလေးနှင့် ငို့နေကာ ..။

www.burmeseclassic.com

www.burmeseclassic.com



"လက်ျာ တို့က သမယ နဲ့ ဟိုလိုဒီလိုမဟုတ်ပါဘူး .."

"မဟုတ်ပေမယ့် နင် ဒီမှာလာထိုင်တာ သုံးရက်ရှိနေပြီထင်တယ်"

"အဲ့ဒါက .."

"ရှိုးရိုးမရိုးရိုး တွဲနေကြရင် အတွဲလို့ သတ်မှတ်ပြမှာပဲ၊ နင့်ကို တားဆီးနေတာမဟုတ်ဘူး၊ ပြောပြတာ .."

လက်ျာ အကြည့်တွေက သမယ ထံ ရောက်သွားခဲ့ပြီး ..၊

"သမယ ..."

သမယ ကိုင်လိုက်သည့် အအေးပုလင်းကို သူမက ထပ်ဆုပ်ကိုင်ထားလိုက်ရင်း ..၊

"ကျွာရှင်းပြတ်စဲတယ်ဆိုတာ ဇနီးမောင်နှံတွေမှာပဲလိုတတ်တာ မဟုတ်ဘူး၊ တို့ရဲ့အဖြေကို လူသိရှင်ကြားလက်ခုပ်ပန်းမောင်းတွေနဲ့ ရအောင်ယူခဲ့တာ ရှင်နှားလည်သေးရင် ပြတ်စဲဖို့အတွက်လည်း လူသိရှင်ကြား လက်ခုပ်ပန်းမောင်းသံတွေလိုတယ် .."

သမယ က ပုလင်းကိုလွှတ်လိုက်ပြီး ထိုင်ခုံကျောမှီမှာ ခပ်တောင့်တောင့်ကပ်လိုက်ကာ ..၊

"မင်းအတွက် လိုအပ်ရင် လုပ်လေ .. အစ်ဆိုခေ .."

ထိုစဉ် စားပွဲပေါ်မှာချထားသည့်ဖုန်းက ဖျတ်ခနဲလင်းလာ၏။

ဝက်ခေါင်းပုံလေးနှင့်အတူ နာမည်ပေါ်လာတာက မီ ..၊

ဖုန်းကို သူတို့အားလုံးကြည့်လိုက်မိကြသည်။ သမယ ကလည်း တမင်ကြည့်ခိုင်းနေသလားထင်ရအောင် အားလုံးမြင်ပြီးမှ ကောက်ကိုင်၏။

"ပြော .."

"... ... ..."

"အဲ့လိုနေရာ ငါ ဘယ်တုန်းက လိုက်ဖူးလို့လဲ .."

"... ... ..."

"ကိုယ့်ဘာသာသွားတာ ကိုယ့်လမ်းကြောင်းနဲ့ ကိုယ်ပြန်ပေါ့ .."

"... ... ..."



"မပါရင် ပါတာချွတ်ပေးခဲ့၊ နင့်ကို ပိုက်ဆံပြေးပေးဖို့အတွက် ငါက ခုချက်ချင်းထပြေးခဲ့ရမှာ .."

"... ... ..."

"ဘာ ..."

"... ... ..."

"မီ မလုပ်နဲ့နော် .."

သူ ပျာပျာသလဲထဖြစ်သွားတာ ဘာကြောင့်မှန်းမသိပေမယ့် သူ ထရပ်လိုက်တာနှင့် ပန်းကလေး လည်း ကြောင်တောင်တောင်လေးလိုက်ထရှာ၏။

သမယ က ဖုန်းကိုဘောင်းဘီအိတ်ထဲပြန်ထည့်လိုက်ပြီး စာအုပ်ကို ကောက်ယူကာ ..၊

"မင်း နေခဲ့ဦးမှာလား .."

လက်ျာ ကို တစ်ချက်မှ လှည့်မကြည့်ဘဲ ပန်းကလေး ကို မေးသည်။ ပန်းကလေး က ခေါင်းခါသည်။

"မနေခဲ့တော့ဘူး .. ဒါပေမယ့် သမယ ပြန်မလိုက်တော့ဘူးမို့လား .. သွားလေ .."

"အိုခေ .."

လက်ျာ ကိုတော့ ခေါင်းတစ်ချက်ငဲ့ပြရုံနှင့် နှုတ်ဆက်သွား၏။ တနုံ့နုံ့ဖြစ်ကျန်ရစ်သည့် ဒေါသတို့ကြောင့် လက်သီးဆုပ်လေးကိုပို၍ စီဆုပ်ထားမိလျက် ..၊

"အဲ့ဒါ သူ့အကျင့်ပဲ .."

ပန်းကလေး မျက်နှာကိုတည့်တည့်ကြည့်ပြောပြီးမှ သမယ ရဲ့ ကျောပြင်ကို ငဲ့စောင်းလိုက်ကြည့်ကာ ..၊

"မိန်းမဆိုရင် ဝက်မတောင် အလွှတ်မပေးတဲ့လူ .."

ခပ်ရိုင်းရိုင်းအပြောကြောင့် ဆားမှာရှိနေသည့် အေမီကိုယ်တိုင် အအံ့တသြပြန်ကြည့်၏။ ပန်းကလေး ကလည်း နားမလည်သည့် မျက်ဝန်း

www.burmeseclassic.com



လေးတွေနဲ့ဖြစ်၏။

လက်ျာ က ဘာမှထပ်ရှင်းမပြတော့ဘဲ တက်တစ်ချက်ခေါက်ပြီး နေရာမှ လှည့်ထွက်လာခဲ့၏။ မသိတဲ့လူဆိုရင်တော့ သူမပြောလိုက်တာကို မိုက်ရိုင်းလှသည်ထင်မှာပါ။

ဒါပေမယ့် ကိုယ်ပြောတာကိုယ်ပဲသိသည်။ မီ ဆိုတဲ့မိန်းကလေး အကြောင်း စု ထက် မြတ် ဆီက သူမ ကြားခဲ့ပြီးပြီဖြစ်သည်။

သမယ နဲ့ ခွေမျိုးတော်တာလည်းမဟုတ်ဘဲ ရုပ်ခွေရုပ်မျိုးအဆင့် လောက်နှင့် လူတွေဟိုလိုဒီလိုထင်အောင် လာတွဲနေကြတာဖြစ်သည်။

'ကြက်တူရွေးကတော်တော် မယ်သော်က ကဲကဲ' လို့ ပြောမည် ဆိုလျှင် ဘယ်သူက ကြက်တူရွေး၊ ဘယ်သူက မယ်သော်ဖြစ်မည်မသိ…။

တစ်ကျောင်းလုံး မျက်စိနောက်စရာဖြစ်နေတာကတော့ ဆောင်း လခါမီ ဆိုသည့် ဝတုတ်မ …။

ကိုယ့်ကိုယ်ကိုယ် ပြန်မကြည့်ဘဲ သမယ တစ်ယောက်နဲ့ရင်းနှီး နေသည့်ဘဝမှာ သူမကိုယ်သူမ လက်ညှိုးညွှန်ရာရေဖြစ်နေသည်လို့ ထင်နေသလား …။

"လုပ်သွားပုံကို ကြည့်ဦး လက်ျာ … နင့်ကို ဟိုတစ်ယောက်လောက် တောင် လူရာမသွင်းဘူးနော် …"

"ဟုတ်တယ် … တမင်လုပ်သွားတာ …"

"တမင်လုပ်တာဖြစ်ဖြစ် … သူ့ရင်ထဲမှာ နင်မရှိတော့တာဖြစ်ဖြစ် ဒီနေရာမှာ နင်ခံလိုက်ရတာတော့ ရေလည်အောက်တယ် …"

အေမီ က တကယ်စိတ်တိုနေတာလား၊ မီးလောင်ရာလေပင့်ချင် တာလားမသိ …။

သူမ စကားတွေကြောင့် လက်ျာ ဒေါသတွေက ဖြေသိမ့်ရာမရသည့် ပြင် အရှက်သည်းခြင်းကပါ ပိုလာခဲ့သည်။

"ပြီးတော့ နင် သူ့ပုံစံကိုကြည့်နော် … ဆောင်းလခါမီ ကို သူတကယ် အရေးပါတာ၊ လူကြီးချင်းသဘောတူ …"



"ဟာ … ဝ့ စရာလား၊ သမယ တို့က အရမ်းချမ်းသာတာ …"

"ရုပ်ခွေရုပ်မျိုးဆိုရင် မီ ဆိုတာကလည်း …"

"ရုပ်ကိုလည်း ကြည့်ပါဦး အေမီ ရယ်၊ ဆံပင်ကို မလှလှအောင် ကောက်၊ အပေါ်စားဆေးတွေဆိုးပြီး ဝတ်စားထွက်လာသမျှ ဘယ်ဘာရန်း ဆိုတာ ပြစရာမရှိဘူး၊ ဒီလိုအဆင့်က သမယ နဲ့ စေ့စပ်မယ့်အဆင့် အတန်းမျိုးဖြစ်ပါ့မလား …"

အေမီ က အတူတူယှဉ်သွားနေရင်း စဉ်းစားနေသည့်မျက်နှာနှင့်…

"တောက တက်လာတယ်ဆိုတည်းက မြို့သူမြို့သားတွေလို မဝတ် တတ် မစားတတ်သေးတာလည်း ဖြစ်နိုင်တာပဲ၊ ဆောင်းလခါမီ က လူစင်မမီလောက်တဲ့ ရုပ်ရည်မျိုးတော့ မဟုတ်ဘူး …"

"နင် သူ့ကိုအထင်ကြီးနေတာလား …"

လက်ျာ လေသံက တင်းနေသဖြင့် အေမီ က ပြန်လှည့်ကြည့်ကာ…

"နင်ကလည်း အလိုမကျတာနဲ့ ရန်လိုတဲ့အသံတန်းထွက်လာတာ ပဲ၊ တစ်ခါတလေ ကာယကံရှင်က သတိမထားမိတဲ့အချက်အလက် အခြေအနေမျိုးကို ဘေးလူမြင်တယ်ဟ … ဆောင်းလခါမီ ဝလို့လှတာ မလှတာ အသာထား၊ ခုလောလောဆယ် သမယ ကို နင် သူ့လောက် မီးမသေဘူး … အဲဒါ လက်ခံလား …"

လက်ျာ မဖြေနိုင်ပေ …။

"လက်ခံချင်လည်း လက်မခံနိုင်တဲ့စိတ်နဲ့ နင်တင်းနေမှာပဲ၊ သမယ နဲ့ ဆောင်းလခါမီ အကြောင်းကို စု ထက် မြတ် တို့ကရော ဘယ်လောက်သိမှာမို့လို့လဲ …"

"သူတို့ချင်း ဒီလောက်လုံးထွေးနေတာပဲ၊ ဒါ အတွင်းရေးလည်း မဟုတ်ပါဘူး အေမီ ရယ်၊ ပြီးတော့ ဝတုတ်မ ကျောင်းတက်စ ညီးက ခုထိ ခြေလျင်လာတာ ငါတို့အမြင်ပဲ …"

"သမယ ကားနဲ့လည်း ပါလာတာပဲလေ …"

"အဲဒါကြောင့်လည်း ဘယ်လိုပတ်သက်နေသလဲဆိုတာ ငါစုံစမ်း

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာပေါ့၊ အဲ့တစ်ယောက် ကားတောင်မမောင်းတတ်ဘူး ..."

အေမီ ဘာမှမပြောတော့ပေ ...။ လက်ျာ က သူမစကားနဲ့ အဆုံးသတ်နိုင်တာမို့ ကျေနပ်သွားပေမယ့် နှုတ်ခမ်းလေးတွေ အကြည်းတန်စူမဲ့သွား၏။

နေ့နေ့ညည နှိပ်စက်လာသည့် ဒီအကြောင်းတွေနဲ့ပတ်သက်ပြီး တရားခံရှာလိုက်တော့ ကိုယ့်ကိုဒုက္ခပေးနေခဲ့တာ ဆောင်းလခါမီ ...။

'ရေသောက်ရင်း လည်နင်တာလောက်ပါ' လို့ သူမ ပြောဖူးခဲ့သည့် ရည်းစားသက်တမ်းကုန်ဆုံးရခြင်းတွေထဲမှာ သယမ နဲ့ကျမှ ရုပ်ပျက်ဆင်းပျက်တွေမြေမဆည်နိုင်အောင် ဖြစ်လာခဲ့ရတာလည်း ဆောင်းလခါမီဆိုသည့် သူမကြောင့်ပဲဖြစ်၏။

ထို့ကြောင့် သည်အကြောင်းတရားများနှင့်ပတ်သက်၍ ...၊

BURMESE CLASSIC



## အခန်း (၂၃)

"မင်း မနေ့က ငါတို့တောင်မသိလိုက်ဘဲ ဘယ်လိုပျောက်သွားတာလဲ ..."

"မီ ဖုန်းဆက်လို့ ..."

"မီ ..."

သံယောင်လိုက်ရွတ်ရင်း သံတွဲ က မြန်အောင် ကို ကြည့်သည်။ မြန်အောင် က အုတ်ပေါင်ပေါ်မှာ ထိုင်လိုက်ရင်းရယ်ကာ ...၊

"ဖုန်းဆက်ခေါ်လိုက်တိုင်း ပေါက်ခနဲ ပြေးသွားတာ သမယ ဆိုတဲ့ကောင် မဟုတ်ဘူးဆိုပြီးတော့ ..."

"လာရီမနေနဲ့ မီ နဲ့ ငါ့အကန့်ထဲမှာ အဲ့ဒါမျိုးတွေမပါဘူး ..."

"မင်းက ရှင်းတယ်ဆိုပေမယ့် မီ အကြောင်း လက်ျာ က စုံစမ်းနေတယ်တဲ့၊ ငါ သတင်းအတိအကျရထားတာ ..."

"ဟုတ်တယ် သမယ .. လက်ျာ က မလွယ်ဘူးနော် ..."

"အဲဒါကိုပဲ မကြိုက်တာ ..."

သမယ မျက်နှာပေါ်က တင်းသည်မတင်းသည်မဟုတ်သော သည်ငြိမ်ခြင်းသည် လက်ျာ အပေါ်မှာ ဘယ်လိုသဘောထားရှိနေသည်ကို ဆော်ပြလျက်ရှိကာ ...၊

"ဘာမှမဟုတ်တာတွေကို လိုက်ပြီးမီးထိုးနေတာ ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းကမှ မချော့ဘဲကွ …"

"မချော့တာက ချော့ချင်စိတ်မဖြစ်လို့ ရိုးရိုးပဲ၊ အခု လုံးဝစိတ်ပျက်သွားတာ …"

"ငါတို့လည်း သူ့ပုံစံကို သိပ်မကြိုက်ဘူး။ ဒါပေမယ့် မင်းနဲ့ မီ ဘာမှ မဟုတ်ဘဲနဲ့ သူ့ကြောင့် နာမည်ကြီးနေပြီနော် … အဲ့ဒါ သတိထားရမှာ …"

"ကြီးပေ့စေ …"

"မင်းတို့ ဘာမှဟုတ်ဟုတ်မဟုတ်ဟုတ် မင်းနဲ့တွဲနေတာကြောင့် မီ ကို သတိထားကုန်ကြတာ …"

"ဘယ်သူတွေ ဘာပြောပြော ဂရုမစိုက်ဘူး …"

"ဟ …"

"ဖွတ်ကို ဂရုမစိုက်နေတာလား …"

သမယ က ပီကေထုတ်ဝါးရင်း ခေါင်းညိတ်၏။ ပြီးတော့ …၊

"ဒီကိစ္စနဲ့ပတ်သက်ပြီး ရည်းစားထားခြင်းကို ခဏတစ်ဖြုတ်စိတ်ကုန်သွားတဲ့အတွက် ကိုယ်ထင်သလိုနေကြေးပဲ …"

"ဒါဖြင့် လက်ျာ ကို လုံးဝမဆက်တော့ဘူးလား …"

"မစဉ်းစားရသေးဘူး …"

"မင်း အဲ့ဒီလိုနေလို့ ဟိုကဖြစ်နေတာ၊ ဆက်ရင်ဆက်၊ မဆက်ရင်လည်း ဖြတ်လိုက်တော့ …"

"မလိုပါဘူး …"

ပြောလိုက်ပြီးမှ လက်ျာ ပြောသွားတာကို သတိရမိသည်။ သူ့ရဲ့ အဖြေကို ရခဲ့တဲ့နေ့က အများသူငါလို ခေါင်းညိတ်ခေါင်းခါခြင်းနဲ့ပြီး သွားတာမဟုတ်ပေ။

'ချစ်တယ်' ဆိုတဲ့အဖြေကို အဓိပ္ပာယ်တစ်မျိုးဖော်ပြီး သူငယ်ချင်းတွေအဆင်ဆင့်နှင့် လျှို့ဝှက်လမ်းကြောင်းတစ်ခုမှာ ထည့်ပေးထားခဲ့သည်။

ဒါကို သူဖော်နိုင်သဖြင့် ချစ်သူဘဝကိုရောက်ခဲ့ကြခြင်းမှာ သူငယ်ချင်းတွေရဲ့လက်ခုပ်သြဘာသံတွေက သူမပြောခဲ့သလို ဆူညံနေခဲ့လေသည်။



ဒါက လူငယ်တွေသဘာဝမှ ဆန်းဆန်းပြားပြားချစ်ခွင့်ကြုံခြင်း မကြုံခြင်းသာ …။

ဒါကြောင့် တရားဝင်ဖြစ်ခဲ့ရခြင်း မဖြစ်ခဲ့ရခြင်းကို သတ်မှတ်လို့ ရသလား …။

ဘယ်လိုပဲ စခဲ့ပါစေ ရည်းစားဖြစ်ခဲ့ခြင်းသာ ဖြစ်လျက် ဘယ်လိုပဲ အဆုံးသတ်ခဲ့ပါစေ ပြတ်စဲကြခြင်းပဲဖြစ်သည်မို့ …။

"သမယ …"

သူတို့သုံးယောက်ရှေ့ကို မီ နဲ့ ကောင်မလေးတစ်ယောက်ရောက်လာခဲ့၏။

စကားပြောနေတုန်းမို့ ပြောလက်စတွေရပ်ကာ သံတွဲ တို့က သူနဲ့ မီတို့ကြည့်နေကြသည်။ မီ ရဲ့ အဝါရောင်တီရှပ်လက်တိုပွပွလေးနဲ့ဖြစ်တာ ဆံပင်တွေက ခါတိုင်းလို ရွှေရောင်မဟုတ်တော့ဘဲ မဟော်ဂနီရောင်ရင့်ရင့်နှင့်ခပ်လက်လက်လေး …။

သမယ မျက်နှာကချက်ချင်း မှုန်ကုတ်သွားကာ …၊

"ပြော … ဘာကိစ္စလဲ …"

"နင် ဒီနေ့ ငါ့ကို တစ်ခုလောက်ကူညီပါဟာ …"

သမယ ကို ပြောပြီး သံတွဲတို့ဘက်ကို လှည့်ကြည့်၍ ရယ်ပြသေးသည်။ ဒီတစ်ခါပဲ သေချာဆုံဖူးပေမယ့် မီ ရယ်ပြပုံက ရင်းနှီးပြီးသား သူငယ်ချင်းဆွေလို လိုက်လံမှုရှိနေသဖြင့် သံတွဲ တို့ကလည်း ရယ်ပြကြ၏။

ထိုအပြုံးအရယ်တွေကို သမယ စိတ်လက်မရှည်စွာစောင့်လိုက်ရကာ နှာခေါင်းက တွန့်ခနဲ ရှုံ့တွဲသွားသည်။

"သမယ …"

"ရှိတယ် … ကြည့်လည်းကြည့်နေတယ် နင့်မျက်နှာ မလှမပကို…"

"အဟွန်း …"

မီ က စိတ်မဆိုးသည့်အပြင် သမယ လက်မောင်းကို လက်သီးဆုပ်လေးနဲ့ လှမ်းထုလိုက်သေးသည်။ ပြီးမှ …၊

www.burmeseclassic.com

www.burmeseclassic.com



"ငါမွေးနေ့ပွဲသွားချင်လို့ အဲ့ဒါ နင် အရင်ပြန်နှင့်ရင် မေမေတို့ ဆူမှာစိုးလို့ပါ .."

"ဘယ်သူ့မွေးနေ့လဲ .."

"ချစ်တိုင်း .."

သမယ အသံတစ်ချက်တိတ်သွားသည်။ သံတွဲတို့ မျက်ခုံးတွေ မသိမသာမြင့်တက်သွား၏။ မို့ နောက်မှာ ရပ်နေသည့် ခေမာ က တစ် ယောက်စီရဲ့မျက်နှာတွေကို မသိမသာအကဲခတ်နေသဖြင့် မြင်နေရ၏။

ထို့ပြင် သမယ ဆိုသည့် ကျောင်းသားကို နာမည်သာကြားဖူးနေ သည်။ ခုမှ သေချာမြင်ဖူးသဖြင့် အံ့သြနေတာလည်း ဖုံးဖိမရပေ ..။ ယိုစဉ် သမယ က သူမကိုကြည့်လိုက်သဖြင့် ကမန်းကတန်းမျက်နှာလွှဲ လိုက်ရ၏။

"ဘယ်သူတွေနဲ့ သွားမှာလဲ .."

"ငါ့သူငယ်ချင်းတွေနဲ့ပေါ့ နင်ကလည်း စစ်လိုက်ဆေးလိုက်တာ.."

"စစ်ဆေးနေတာမဟုတ်ဘူး မေးသင့်လို့မေးနေတာ၊ မွေးနေ့က ဘယ်မှာလဲ ဘယ်အချိန်မို့လို့ ငါ့ကို လာညှိနေတာလဲ .."

"မွေးနေ့က ညနေမှလေ ဒါပေမယ့် နင်နဲ့ငါ ညနေပိုင်း ဂျင်(မ်) ဝင်ကစားနေကျပဲဟာ .."

"မကစားဖြစ်တော့ဘူးဆိုတာလည်း သိနေကြတာပဲ .."

"သမယ ရယ် .. ဘာပဲဖြစ်ဖြစ် နင့်ဆိုရင် မေမေတို့က ယုံပါတယ် တစ်ခုခုကြည့်ပြောပေးပါလား .. ဒါမှမဟုတ်ရင်လည်း နင် မပြန်သေး နဲ့လေ .."

"ဘာ ..."

သမယ ရဲ့ 'ဘာ'သံကြောင့် မီ ပခုံးလေး ကျုံ့သွားသည်။ မိန်းကလေး နှစ်ယောက် ပူးကပ်သွားတာမြင်ကာ သံတွဲ နဲ့ မြန်အောင် သမယ ကို လှည့်ကြည့်ကြ၏။

ဒီကောင်က ဘာမှန်းမသိ ..၊

မို့ အစ်ကိုလိုလို အဖေလိုလို သဘောက်သဟာမ်းနဲ့ ..၊



"မသွားနဲ့တော့ .."

"ဘယ်လို ..."

"မသွားနဲ့လို့ပြောနေတာ .."

"ဘာဖြစ်ရတာလဲ နင့်ကျတော့ ငါ့ကို ဟိုဟာပြန်မပြောပါနဲ့၊ ဒါလေးတော့ မသိပါစေနဲ့နဲ့ .."

"ငါက ယောက်ျားလေး .. ပြီးတော့ .. ဒါ ငါ့မြို့ .."

"မိန်းကလေးဖြစ်တော့ ဘာဖြစ်လဲ .. ငါ့မြို့မဟုတ်တာ ဘာဖြစ်သွား နိုင်လို့လဲ .."

"မို့ .."

"ဘာလဲ .."

"မင်းကလည်း သွားပါစေကွာ .. သူ့ခများအားကိုးတကြီးလာညှိ တာကို .."

မြန်အောင် တို့ ဝင်ပါလာသည်။ သမယ က ပုပ်သိုးသိုးလှည့်ကြည့်၏။

"ဘာလဲ .. မင်းတို့ ဘာမှမသိဘဲနဲ့လို့ ပြောမလို့လား .."

"ပြောလို့ရမလားကွ .. မို့ အိမ်က ဖုန်းဆက်နေတာတွေ ငါတို့လည်း ကြားတာပဲဟာ .."

သံတွဲ တို့ နှစ်ယောက် အတိုင်းအဖောက်ညီနေသဖြင့် သမယ အမှာပြောချိန်မရလိုက် ..။

"ဒါပေမယ့် မင်းကလည်း ဒီလိုကိစ္စမျိုးကိုတော့ သူငယ်ချင်းချင်း ညှိသင့်တာပေါ့၊ မဟုတ်ဘူးလား .."

"ဟုတ်တယ်နော် .. သမယ အရမ်းစိတ်ပုပ်တာပဲသိလား .."

"ဘာ ..."

"ပြည်းပြည်းအော်ပါ ဒီက လိုချင်တာရှိလို့ သည်းခံနေတာ .. ဟွန်း .."

မို့ မျက်နှာလေး ရှုံ့မဲ့ကြိမ်းဝါးနေသဖြင့် သမယ က မဲ့သည်။

"ထဲ .. လွှတ်လိုက်ပါကွာ .. ငါတို့ ကိုကြီးအောင် တို့ 'အလှူဒါယိုမှော်' သွားမယ်လေ၊ အဆိပ်ပြင်းတဲ့ ကျောက်ခက်ငါးမျိုးတွေ အများကြီး

www.burmeseclassic.com

www.burmeseclassic.com



ထပ်ရောက်နေတာကွာ .. လှမှလှပဲ .."

သမယ ဘာမှမပြောတော့သဖြင့် မီ က သူ့ကိုကြည့်ပြီး လက်ညှိုးလက်မလေးဝိုင်း၍ အိုခေလုပ်ပြသည်။ ပြီးတော့ သံတွဲ တို့ဘက်လှည့်၍ လက်မလေးထောင်ပြပြီးရယ်၏။

မျက်နှာချိုလိုက်တာလည်း သူ့အပြင်ပြစရာမရှိ ..။

သမယ ကြည့်မရဖြစ်နေသလောက် သံတွဲ နဲ့ မြန်အောင် တို့ကတော့ သွားကြီးတွေအဖြီးသားနှင့် ကျန်ရစ်ခဲ့လျက် ..၊

"ချစ်တိုင်း ဆိုတဲ့ကောင် အတည်လားမသိဘူး၊ သူများပြောရင် ယုံမှာဟုတ်ပေမယ့် ခုမြင်လိုက်ရတော့ မီ က ချစ်ရာလေးကွ .."

"ဟုတ်တယ် ချစ်မွေး ဘယ်နေရာမှာပါလဲတော့မသိဘူး၊ တော်တော်အေးချမ်းတဲ့မျက်နှာလေး၊ မင်းရော ဘယ်လိုလဲ သမယ .."

မချိုမချဉ် လှည့်ကြည့်သည့်မျက်နှာကို သမယ က မျက်တောင်များတွေစင်းကြည့်ပြီး တစ်ဖက်လှည့်သွား၏။ မြန်အောင် က ပခုံးတွန့်လိုက်ပြီး ထိုင်ရာကနေ ဆင့်ကာ သမယ ရှေ့မှာ တမင်သွားရပ်၍ ..၊

"မင်းကို ဟိုတစ်ခါ ငါတို့ပြောဖူးတာမှတ်မိသေးလား .. လူကြီးတွေ ပေးစားဖို့များ စီစဉ်နေလားဆိုတော့လေ .."

"ဟုတ်တယ် အဲ့ဒီတုန်းက မင်းပြောလိုက်တာ ငါလည်းကြားတယ် .."

သမယ က တစ်ခွန်းမှ ပြန်မဖြေ ..၊ သံတွဲ ကပဲ ပြန်ဆက်၍ ..၊

"ဘာတဲ့ .. ပေးစားရင် ယူလိုက်မှာပေါ့ဆိုတာ .."

"ဟောကောင်တွေ .."

"ဘာလဲ .."

"အလေနတော ပါးစပ်တွေနဲ့ စည်းမရှိကမ်းမရှိပြောမနေကြနဲ့ .."

"တစ်ခါတစ်လေ စည်းကမ်းမဲ့ဖူးအောင်လို့ပါ၊ ဟဲ .. ဟဲ အဲ့ဒီတုန်းက မင်းအတွက် ဒီကိစ္စအပမ်းမကြီးတဲ့အတိုင်းပါလားလို့တောင် ငါတို့က တွေးခဲ့သေးတာ၊ တကယ်တော့ တကယ်အပမ်းမကြီးတဲ့ကိစ္စဆိုတာ.."

"သူတောင်းစား .."



"အ ..."

လက်မောင်းကို လက်သီးဆုပ်နဲ့ ကပ်တွန်းပစ်လိုက်သဖြင့် သံတွဲ ကိုယ်ကြီးထိုင်လျက်ကနေ ကိုးယို့ကားယားကျသွား၏။ သမယ က ကြည်မလင်မျက်နှာကြီးနှင့် နေရာမှ ဦးဆောင်ထွက်သွားကာ ..၊

"ညစ်နေရတဲ့အထဲ .."

"ဘာ .. ဘယ်သူ့ကြောင့်လဲ .."

"ဟုတ်တယ် .. ပြောစမ်းပါဦး၊ လက်ျာ ကြောင့်လား .. ပန်းကလေးလား .. ရှင်မင်း လား .."

"မဟုတ်ပါဘူး .. မှီ ကြောင့်ပါ .."

သူတို့ပဲမေးပြီး သူတို့ဘာသာအဖြေထုတ်နေသည်။ ဒီကောင်တွေ မှီ ကို သေချာခေါ်ပြောဖူးလိုက်တာနှင့် မှီ အကြောင်းကို ပါးစပ်မချဖြစ်နေကြတာ အသည်းယားဖို့ကောင်းနေသည်။

"ဟုတ်တယ်မို့လား သမယ .. လွှတ်လိုက်ရပေမယ့် စိတ်ပူနေတယ် မို့လား .. မမြင်ရတဲ့ သံယောဇဉ်ဆိုတာ .."

"သံတွဲ .."

"ဟင် ..."

"ငါ တစ်ခါမှ မကြားဘူး၊ မတွေးဘူးတာတွေနဲ့ မဦးမချွတ်နိမိတ်တော်မနေနဲ့ .. မီ နဲ့ ငါက လုံးဝ စင်းပါးလ် .."

"ဟဲ .. ဟဲ .."

မျက်နှာချိုသွေးရင်း သူတို့ပဲ သမယ နောက်ကို သေလုမျောပါးလိုက်နေကြရလျက် ..၊

"ငါတို့က စတာပါကွာ .. ဘယ်သူတွေရိုးရိုးမရိုးရိုး မှီ ဘက်ကရိုးတယ်ဆိုတာသိပါတယ် .."

သမယ ခြေလှမ်းတုံ့သွားလျှင် ...

"မင်းလည်း ရိုးတာသိပါတယ်၊ မင်းတို့နှစ်ယောက်ကိုလေ .. အဟဲ"

"မီ က သမယ ကို မျက်လုံးထဲတောင် ရှိပုံမပေါ်တာ သံတွဲ .. မင်း

www.burmeseclassic.com

www.burmeseclassic.com



ခံအုံသြဘူးလား ..."

မြန်အောင် က စနောက်ချင်တာလိုလို တကယ်အံ့သြလိုလို ...။

"အံ့သြတာပေါ့ .. မင်းက ခုမှတွေ့မိတာ၊ ငါတွေ့မိတာ မင်းအရင်က.."

"သူက ချစ်တိုင်း တို့ မင်းရဲ တို့နဲ့တောင် ရင်းနှီးနေတာနော်၊ ဝ,ပေမယ့် တစ်နေရာရာမှာ ချစ်မွေး ပါတယ်ဆိုတာ မဖြစ်နိုင်ဘူးလား .."

"ဖြစ်နိုင်တယ် .. သမယ ကို ခေါ်ပြောဆက်ဆံပုံက ရိုးသားတာလည်း သိသာတာပဲ၊ သူ့ဘေးမှာရှိတဲ့ကောင်က ဘယ်လိုကောင်မှန်းတောင် သိရဲ့လားပဲ .."

"အဲဒါကြောင့် ငါပြောတာ ဘယ်သူရိုးရိုး,မရိုးရိုး မီ က လုံးဝရိုးသားတယ်ဆိုတာ .."

ပြောနေကြတာတော့်ကြားကာ စိတ်တိုနေသည့်ကြားက ပြုံးလိုက်မိသည်။ မီ နဲ့ သူ ဘယ်လောက်ရိုးသားစွာ တွယ်တာခဲ့ကြသလဲဆိုတာ တစ်မအေစီက မွေးလာတာပေမယ့် တစ်အူတုံ့ဆင်းသကဲ့သို့ မိဘတွေက မခွဲခြားဘဲ ချစ်မြတ်နိုးခဲ့ခြင်းက အခြေခံခဲ့တာလားမသိ ...။

"တကယ်ဆို သူကို့မောင်နှမအရင်း ဖြစ်ရမှာ သိလား ခင် .."

"ဟုတ်တယ်လေ .. တစ်ယောက်က ဆောင်းဦးပေါက်မှာမွေးတယ်၊ တစ်ယောက်က ဆောင်းတွင်းခါမှာမွေးတယ်၊ တစ်ယောက်နဲ့တစ်ယောက် တစ်လပဲ ကွာတာနော် .."

ဒီလိုစကားတွေကို သူတို့လူမှန်းသိတတ်စတည်းက နားရည်ဝနေခဲ့တာဖြစ်သည်။ ထို့ကြောင့်လည်း တစ်ယောက်သည် သမယ ဖြစ်ကာ၊ တစ်ယောက်က ဆောင်းလခါမီ ဖြစ်လာခဲ့လေသည်။

နှစ်ယောက်စလုံးက ရာသီကာလ တစ်ခုတည်းမှာမွေးခဲ့တာချင်း တူလျက် ထိုကာလသည် ဆောင်းတွင်းကာလပဲဖြစ်လေရာ ...၊



## အခန်း (၂၄)

မွေးနေ့ပွဲက စည်ကားနေသည်။

ချစ်တိုင်း က အဖြူရောင်အနောက်တိုင်းဝတ်စုံနှင့် သူငယ်ချင်းတွေ နေရာကနေ မိန်းကလေးတွေနားကိုရောက်လာတော့ အားလုံးထဲမှာ အဖြူရောင်နှင့် ထင်းနေသည့် လက်ျာ ဆီ မျက်လုံးရောက်သွားပြီး ...၊

"ကိုယ့်ပွဲကို တက်လာပေးတဲ့အတွက် ကျေးဇူးပဲ .."

"ဟွန်း .. အန်တီက မေမေ့ကို ဖိတ်ရင်းနဲ့ လာခဲ့ဖို့ တရရမှာလို့လေ"

"ဘာကြောင့်ဖြစ်ဖြစ် ကျေးဇူးပါ .."

ပြီးတော့ ယှဉ်လျက်စားပွဲမှာရှိနေသည့် စွဲ နဲ့ မင်းရဲ ဆီ ...၊

ဒီပွဲက လူငယ်တွေချည်း ညပိုင်းမှာသက်သက်ကျင်းပတာဖြစ်သည်။ ဒါပေမယ့် ကိုယ်မဖိတ်ဘဲ မြင်လိုက်ရသည့်လူတွေကိုတော့ ချစ်တိုင်း အံ့သြမိ၏။

ပြီးတော့မှ စဉ်းစားကြည့်တော့ သူ့မှာ အစ်ကိုအစ်မတွေလည်း ရှိနေသဖြင့် သက်ဆိုင်သူ့အချင်းချင်းဖိတ်ထားကြတာမှန်းသိရ၏။

ဒါပေမယ့် ကျောင်းမှာမြင်တွေ့နေကျမျက်နှာတွေပဲမို့ အားလုံးကို ဧည့်ဝတ်ကျေဖို့က သူ့အတွက်မခဲယဉ်းပေ ...။

ထို့ကြောင့် မင်းရဲ တို့ကိုပါ နှုတ်ဆက်ဧည့်ခံပြီး ပျော်မြူးရေးအစီအစဉ်အတွက် စတေ့ချ်ဆီ ပြန်လှည့်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ယူ့ရဲ့ bf တစ်ယောက်ကို မတွေ့သလိုပဲ .."

လက်ျာ စကားကြောင့် ချစ်တိုင်း ခြေလှမ်းတုံ့သွားသည်။ ပြီးတော့ ပြန်လှည့်လာ၍ ..၊

"ဘယ်သူ့ကိုလဲ .."

"ဝဝတုတ်တုတ် ဆံပင်ဖားလျားနဲ့ .."

လက်ျာ ရဲ့ မေးသံကြောင့် မင်းရဲ နဲ့ ဇွဲ တို့ နားစွင့်ပြီးသားဖြစ်သွားကြကာ ဇွဲ က မင်းရဲ မျက်နှာကို တရားခံတစ်ယောက်လိုကြည့်၏။

မင်းရဲ က သတိမထားမိဘဲ ချစ်တိုင်း ရဲ့ စကားသံကိုသာ အာရုံစိုက်နေခဲ့၏။ ညှိခံပွဲမှာ ကျောင်းသားတွေချည်းရှိနေပေမယ့် စားပွဲတစ်ဝိုင်းနဲ့ တစ်ဝိုင်းကလည်း ဝေးကွာနေကြတာမဟုတ်ဘဲ အားလုံးက ကိုယ့်အာရုံနဲ့ကိုယ် ဖြစ်နေကြကာ ..၊

"မင်းပြောလိုက်တာ ဘယ်သူလဲ .. မီ လား .."

"ဟုတ်တယ်လေ ခုတစ်လော ယူနဲ့တွဲနေတာလားလို့ .."

ချစ်တိုင်း က ခေါင်းညိတ်လိုက်ရင်း ရယ်ကာ ..၊

"ဟုတ်တော့ဟုတ်တယ် ဒါပေမယ့် ခုတစ်လောတော့ သူနဲ့မတွေ့ဖြစ်ဘူး .."

"ဒါဆို မဖိတ်မိဘူးလို့ပြောတာလား .."

"အင်း .."

ချစ်တိုင်း ရဲ့ 'အင်း' သံက သံရှည်ကြီးဖြစ်နေကာ ဘောင်းဘီထဲ လက်နှိုက်ရင်း ညှိခံပွဲအဝင်ဝဆီလှမ်းကြည့်ရင်း ..၊

"ဘယ်လိုပြောရမှန်းတောင် မသိဘူး၊ ဖိတ်မလို့ စိတ်ကူးနေရင်းနဲ့ မဖိတ်ဖြစ်ခဲ့တာ ညဘက်လုပ်တဲ့ပွဲဆိုတော့ သူလာနိုင်မှာမဟုတ်ဘူးလေ.."

"လာချင်လာမှာပေါ့ .. သူက .."

လက်ျာ က မောင်ဖြစ်သူဆီ ဖျတ်ခနဲလှမ်းကြည့်၍ ..၊

"မင်းရဲ မွေးနေ့တောင်မှ ရက်တွေမှားပြီး လက်ဆောင်တွေပေးလို့ပေးရယ် .."

ချစ်တိုင်း မျက်မှောင်ကုတ်သွားကာ မင်းရဲ ကို လှည့်ကြည့်၏။



မင်းရဲ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ မီ နဲ့ ပတ်သက်ပြီး စိတ်မကောင်းဖြစ်မိထားသည့်ခံစားချက်က ခုထိ အားနာနေဆဲမို့ လက်ျာ လုပ်ချလိုက်တာကို မျက်နှာမထားတတ်အောင်ဖြစ်သွားမိ၏။

ဘာဖြစ်လို့ မီ ကိုမှ ဒီလိုလုပ်နေကြတာလဲ မီ က ဘာဖြစ်လို့ အားလုံးရဲ့ တဇ္ဇဂတ်ဖြစ်နေရတာလဲ ..။ တကယ်ဆို စု ထက် မြတ် တို့နဲ့လည်း သူနဲ့မရင်းနှီးခဲ့ဘူးပါ။

ရုပ်ဆိုးသုံးယောက် စုမိကြသည်ဆိုပြီး မိုးတိမ် တို့ စနောက်ခဲ့သဖြင့် သူမတို့နဲ့ မသင့်မမြတ် အခြေအနေမျိုးမှာရှိခဲ့ကြတာဖြစ်သည်။

မီ ကို ခေါ်လာပြီး သူငယ်ချင်းတွေလိုလို သူမတို့သုံးယောက်ရောတ်လာခဲ့သည်။ ထိုစဉ်တည်းက မီ ကို ခင်မင်စိတ်နဲ့ ရောနှောခဲ့တာပါ။

စု ထက် မြတ် သုံးယောက်မရိုးသားတာကို သိနေပေမယ့် မီ ကို အသုံးချလာနိုင်တာလည်း သေချာမတွေးဖြစ်ခဲ့ပေ ..။

မွေးနေ့လက်ဆောင်ကိစ္စကတော့ မီ တကယ်မသိရှာဘဲ မှားယွင်းခဲ့တာမှန်းသိလိုက်ရသည့်အတွက် ထိုသုံးယောက်နှင့်ပတ်သက်၍ ပတ်သက်၍ ..၊

"ဘယ်သူနဲ့ ပတ်သက်တာတွေတွေးနေတာလဲ ကိုရဲ .."

ဟင် ..၊

မေးသည့် ဇွဲ ရဲ့ အသံက မကျေလည်မှုများနဲ့ဖြစ်ကာ ..၊

"တွဲနေတဲ့လူက မဖိတ်ဘဲ ကွက်ချန်ထားခဲ့တယ်၊ ခုလည်းပြောသွားတာ သူ့စိတ်ထဲမှာ ဘာမှမရှိတော့ အေးဆေးပဲ .."

ချစ်တိုင်း က ဖျော်ဖြေရေးအစီအစဉ်အလုပ်နေကြသည့်ရှေ့မှာ သူငယ်ချင်းတွေနဲ့ လှုပ်ရှားနေပြီဖြစ်ကာ .. ဇွဲ က ထိုဆီတစ်ချက်ကြည့်ပြီးမှ ..၊

"မီ နဲ့ ပတ်သက်ပြီး ကိုရဲ တစ်ခုခု .."

"ဇွဲ ရယ် .. ကိုယ် စိတ်မကောင်းဖြစ်မိလို့ဆိုတာ ဇွဲ ကို ကိုယ်ပြောပြပြီးပြီကွာ .."

အနီရဲရဲ 'ယူ့ရဲလား' ရုပ်နှင့် မင်းရဲ မျက်နှာက နမ္မန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးထူတဲ့သူမို့လားမသိ တစ်ခုခုအလိုမကျဖြစ်နေပြီဆို မျက်ခုံးတွေကြောင့် မျက်နှာမှာသိသာသည်။

ထို့ပြင် 'ကျွတ်' ခနဲ ရှုံ့မဲ့သွားသဖြင့် ဖွဲ့ မျက်နှာတင်းသွား၏။

"ဖွဲ့ ကို စိတ်ပျက်နေတာလား ကိုရဲ .."

"မဟုတ်ဘူးလေ" .. ဖွဲ့ ကိုယ့်ကို သဝန်တိုနေတဲ့မိန်းကလေးကိုလည်းကြည့်ပါဦး မင်းလို ချစ်သူနဲ့ယှဉ်ပြီး ကိုယ် ဘယ်လိုရင်ခုန်လို့ရမှာလဲ .."

"ဖွဲ့ က သဝန်တိုနေတာမဟုတ်ဘူး၊ အဲဒါမျိုးကြောင့် မျက်နှာပျက်နေတဲ့အထိ ကိုရဲ ခံစားနေတာကို ဒေါသထွက်တာ၊ ဖွဲ့ လို မိန်းမကို ဘေးမှာထားပြီး ဒီလိုကိစ္စလေးအတွက်နဲ့ ကိုရဲ ခံစားနေဖို့မလိုပါဘူး .."

သူတို့အသံတွေ မကျယ်ပေမယ့် တစ်စွန်းတစ်စထွက်လာတတ်သည့် စကားသံတွေနဲ့ မျက်နှာအနေအထားတွေက သိသာနေသဖြင့် လကျာ် တို့ စားပွဲက မိန်းကလေးတွေ မသိမသာ အကဲခတ်လာကြ၏။

ပြီးတော့ ရွှေစင် က လကျာ် ကို လက်တို့၍ ..၊

"လကျာ် .. နင့်မောင်နဲ့ ယောက်မလောင်း အခြေအနေမကောင်းဘူးဟ .."

"စိတ်မဝင်စားဘူး .."

"မဝင်စားလို့မရဘူးနော် .. သူတို့လည်း မီ ကြောင့်ပဲဖြစ်မှာ နင်လည်း .."

"ဖြစ်စရာမလိုဘူး ရွှေစင် .. ငါက ကိုယ့်ကိုထိခိုက်ခံပြီး ရင်ထဲမှာ အုံ့ဖွဲ့ထားမယ့်သူမဟုတ်ဘူး၊ ခံစားလာရပြီဆိုရင် ရှင်းပစ်မှာ .."

"ဘာကိုလဲ .."

"စောင့်ကြည့်လေ .. ငါ့ဒေါသ ဘယ်အမှတ်မှာ ရေဆူမှတ်ထဲဖြစ်မလဲဆိုတာ .."

စားစရာတွေ စားနေရပေမယ့် စားသောက်နေရတယ်လည်း မထင်တော့ပေ ..။ ရေဆူအမှတ် မရောက်သေးဘူးလို့ အစီပွားယ်တွေနဲ့ ဒေါသက ရေကိုမဆူစေပေမယ့် နှလုံးသားရဲ့ အနက်ရှိုင်းဆုံးနေရာမှာ မငြိမ်း



သော မီးပွားတစ်စလို ကပ်တွယ်လောင်မြိုက်နေသည်။

ပူလေ့ချေရဲ့လို့ မအော်မိသော်လည်း ခံရခက်သည့် ဝေဒနာကြောင့် နေ့စဉ်ညတိုင်း စားလို့လည်းမဝင်၊ အိပ်လို့လည်း မပျော် ..။

ဘာကြောင့်လဲလို့မေးလျှင် ဝတ္တုတ်ဖက်တီးမ တစ်ယောက်ကြောင့်..။

"တောက် .."

ဟင် ..၊

ခပ်ကြိတ်ကြိတ်တက်ခေါက်လိုက်ပေမယ့် ရွှေစင် နဲ့ အေမီ တို့ သေချာကြားလိုက်ကာ တအံ့တသြကြည့်ကြ၏။

မပြေမလည်တွေဖြစ်နေကြတာက မင်းရဲ နဲ့ ဖွဲ့ ..၊

တက်ခေါက်လိုက်တာ လကျာ် ..၊

တခြားစားပွဲတွေမှာတော့ ရယ်မောရွှင်ပြနေကြကာ ကမ္ဘာကြီးက ငြိမ်းချမ်းနေလေသည်။

"သူများတွေကိုကြည့်ဦး ဖွဲ့ လို ဘယ်လိုမိန်းမမှ ပူလောင်သောကများ မနေကြဘူး .."

"အဲ့ဒါ ကိုယ်ဘာလုပ်ပေးရမလဲ ဖွဲ့ရယ် .. မီ နဲ့ ပတ်သက်ပြီး ကိုယ်က ယောကျ်ားဖြစ်လျက်နဲ့ မိန်းကလေးတစ်ယောက်အပေါ်မှာ ညာညာတာတာပြောဆိုပေးရမယ့်အစား .."

"ကိုရဲ က ဘာတွေပြောလိုက်လို့လဲ .. ကိုယ့်မွေးနေ့မဟုတ်လို့ မဟုတ်ဘူးပြောတာ ဘာလွန်သွားသလဲ၊ ဖွဲ့ ရောက်လာပြီး ပြောထည့်လိုက်တာကို ကိုရဲ ရင်ခံနေတာ .."

"မဟုတ်ဘူး ဖွဲ့ .."

"ဟုတ်တယ် .. လုံးဝကိုဟုတ်တယ်၊ အဲဒါ ဟုတ်တယ်ဆိုတာကြာလာလေ သေချာလေ .."

မာနကြီးသည့် ဖွဲ့ ရဲ့ မျက်ဝန်းလေးတွေက ရူးရူးရဲရဲဖြစ်နေသည်။ ပြောရမယ်ဆို လင်းလကျာ် ကိုလည်း မကျေနပ်ပေ ..။

တမင်တကာ မောင်ရှေ့မှာမှ မီ အကြောင်းမေးနေသည့် ဖွဲ့ ဆိုတဲ့ မိန်းမကို ဘယ်လိုမိန်းမမျိုးထင်နေလို့လဲ ..။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က စွဲ ကို ဘာလို့ရင်ခံရမှာလဲ .. တကယ်က .."

စု ထက် မြတ် တို့ တမင်စီစဉ်လုပ်ကြဲလိုက်တာလားဆိုတာ သံသယများစွာနှင့် အဖြေမထွက်နိုင်ဖြစ်နေခဲ့တဲ့အကြောင်း သူ့ ရှင်းပြဖို့ ပါးစပ်ဟလိုက်သော်လည်း ...၊

"စွဲ တကယ်တင်းတယ်၊ မိန်းမတွေအတွက်ဆို သနားစတ်သိတတ်လွန်းတဲ့ ယောကျ်ားတွေထဲမှာ ကိုယ့်ချစ်သူက ချန်ပီယံဖြစ်နေတယ် .."

"စွဲ .."

"ဂုဏ်သိက္ခာ အဆင့်အတန်းချင်းတူရင်လည်း မပြောဘူး၊ တောကြိုအုံကြားက ဘယ်လိုပြင်လို့မှလူတောတိုးမှာမဟုတ်တဲ့ အဆင့်လောက်နဲ့ ယောကျ်ားတွေထဲမှာ ဖယားခင်းနေတဲ့ မိန်းမမျိုးနဲ့မှ .."

"စွဲ မင်း အဲ့လောက်တော့ မပြောသင့်ဘူးနော် .."

"ပြောတော့ ..."

စိန်ခေါ်သည့်အကြည့်က မီးဝင်းဝင်းတောက်နေ၏။ ပြောကြရေးဆို ပျာယာခတ်အောင် မိန်းမနောက်ပိုးလုပ်နေတာတွေနဲ့ ပျာယာခတ်အောင် မိန်းမနောက်ပိုးလုပ်နေတာတွေနဲ့ မင်းရဲ ကတော့ ချစ်သူကိုချစ်သည်။ အမြဲတမ်းလည်း သည်းခံနားလည်လာခဲ့တဲ့အတိုင်း ခုပြောခဲ့တဲ့စကားတွေကိုလည်း နားလည်ပေးဖို့ပဲကြိုးစားနေခဲ့၏။

ဒါပေမယ့် သူမရဲ့ စကားလုံးတွေက မွှေမွှေပျောက်ပျောက်ဖြစ်သွားဖို့မလွယ်သော နက်ရှိုင်းစွာစော်ကားခြင်းမည်နေသည့်အတွက် ...၊

"ဟဲ့ .. ဟိုမှာ .. ဟိုမှာ စု ထက် မြတ် သုံးယောက်နဲ့ မီ ပါလား.."

ဘယ်သူပြောလိုက်မှန်းမသိသော်လည်း စွဲ နဲ့ မင်းရဲ မျက်လုံးချင်းဆုံသွားသည်။ ပြီးတော့ လှမ်းကြည့်မိကြ၏။ စု ထက် မြတ် သုံးယောက်စလုံးရဲ့ မျက်လုံးတွေကလည်း ဟိုဒီဝေ့ဝဲနေပြီးမှ လက်ျာ တို့ စွဲ တို့ရှိနေသည့်ဘက်မှာ ကျေနပ်စွာရပ်တန့်သွားသည်။

ဒီမိန်းမတွေ ဘာတွေလဲ ...၊

စွဲ ခေါ်သထက်သွားကာ မင်းရဲ ကို ကြည့်လိုက်တော့ အုံ့ဩသော စိုးရိမ်ကြင်နာသော ...၊



"ရောက်လာကြပြီတွေ့လား .. ဖိတ်မယ့်သူမရှိလည်း လာလို့ရတယ် သူ့အတွက်က .."

"အဲ့ဒါ ဟိုသုံးယောက်နဲ့ဆိုင်မယ်ထင်တယ် .."

"ဆိုင်ဆိုင်မဆိုင်ဆိုင် အိတ်ကပ်ထဲကောက်ထည့်လာတာမဟုတ်ဘူး။ ကိုယ့်ခြေထောက်နဲ့လာမှဖြစ်တာ .."

ဟိုကိုကြည့်၍ နားမလည်နိုင်ဖြစ်နေသော မင်းရဲ မျက်လုံးတွေက စွဲ ဆီ ပြန်ရောက်လာသည်။

ပြီးတော့ မမြင်ဘူးခဲ့သလို ရူးစိုက်နေပြီးမှ ပြန်လွှဲသွားခဲ့၏။

မီ ကတော့ မြို့မှာကျင်းပကြသည့်မွေးနေ့ပါတီဆိုတာကို ပထမဆုံးတက်ဖူးခြင်းမို့ ပျော်နေခဲ့၏။ မန္တလေးဆိုတာလည်း မြို့ကြီးပါပဲ ...။

ဒါပေမယ့် သူမမှာ အပေါင်းအသင်းလည်း နည်းသလို ကိုယ့်သူငယ်ချင်းတွေထဲမှာ ဒီလိုပွဲမျိုးတွေလုပ်တဲ့သူလည်းမရှိခဲ့ပေ ...။ ရန်ကုန်ကိုပြောင်းရွှေ့လာခဲ့ရသဖြင့် ကျေနပ်ပျော်ရွှင်နေရခြင်းတွေက နေ့စဉ်ပြောမကုန်နိုင် ...။

"စု ဟိုရှေ့မှာ လူကြီးတွေအများကြီးပဲ ချစ်တိုင်း ရဲ့ မိဘတွေလား မသိဘူးနော်၊ ငါတို့ကိုကြိုမယ့်သူလည်းမရှိဘူး .."

မီ က လက်ဆောင်ဘူးလေးကိုင်ထားရင်း စု ဘက်ကို ပိုကပ်လိုက်သည်။ ပြီးတော့ လက်ဆောင်ဘူးကို စု လက်ထဲထည့်လိုက်ပြီး ...၊

"ငါပြောထားသလိုပဲနော် စု .. ငါဝယ်လာဖို့အချိန်မရလို့ ပါမလာဘူး .. ဒါ နင်ဝယ်လာတာနော် .."

"အဟွန်း .. ဟွန်း .."

"နော်လို့ .. စု .."

လက်ဆောင်မှားပေးခဲ့မိသဖြင့် လန့်နေပြီဖြစ်သည်။ ထို့ကြောင့် တန်ဖိုးကြီးလက်ဆောင်ကိုဝယ်ခဲ့ပေမယ့် စု တို့ ပေးတဲ့အနေနဲ့ ထည့်ပေးခဲ့တာဖြစ်၏။

စု တို့ကတော့ အကြိုက်တွေ့နေလေသည်။ သို့သော် ...

"မွေးနေ့ကိုရောက်နေပြီဥစ္စာ .. ဒီတစ်ခါ မှားစရာမရှိတော့တာ မီ ရယ်၊ ငါပြောပေးပါ့မယ် .. သူများပစ္စည်းနဲ့တော့ မျက်နှာမလုပ်ချင်

www.burmeseclassic.com



ဝါဘူး .."

စိတ်ထဲကတစ်မျိုးပေမယ့် စေတနာအမှန်တွေလိုလိုပြောပေးလိုက်မိသည်။ မီ က ခေါင်းလေးခါ၍ ...၊

"ဟော့အေး .. ငါက မွေးနေ့ပွဲမလိုက်ဖူးလို့၊ ပြီးတော့ ဒီလိုမျိုးပြဿနာရှိဖူးလို့ ရဲဆေးတင်တဲ့အနေနဲ့ ဝယ်လာတာပါ၊ နောက်နေ့မှပဲ ချစ်တိုင်းကို ငါ သပ်သပ်ဝယ်ပေးပါ့မယ် .."

ဟိုဘက်အစွန်က မြတ် က မီ ကို ငုံ့ကြည့်ကာ ...၊

"ငါတို့က နင့်ကိုမှီပြီးလိုက်ခဲ့တာပါနော် .. နင်က ပိုရင်းနှီးတဲ့သူပါ၊ နင့်ကိုခေါင်းစဉ်ကြီးတပ်ပြီးမှ ငါတို့နာမည်တွေကို မကောင်းတတ်လို့ ရေးပေးတာကို .."

"မဟုတ်တာ .."

မီ က စု တို့ကို ယုံမှားသံသယ အနည်းငယ်မျှမဖြစ်ပေ ...။ သူမတို့က ကိုယ့်ထက်စာလျှင် ကျောင်းမှာနှစ်နှစ်လောက်ပိုကြာနေပြီမို့ အားလုံးကို သိနေပြီးသားဖြစ်သည်။

တရင်းတနှီးမရှိကြရင်တောင် ပြုံးပြခေါ်ပြောဖူးထားကြမည်ဟု တွက်ထားခဲ့၏။

"ဟိုမှာ ချစ်တိုင်း ငါတို့ကိုမြင်သွားပြီ .."

နှစ်ဖက်ခြမ်းစားပွဲတွေကြားက လမ်းကလေးကိုဖြတ်ကျော်လာခဲ့စဉ် ချစ်တိုင်း က လှမ်းမြင်သွား၏။ သူ့လိုပဲ ဘေးကသူငယ်ချင်းတွေကလည်း လှမ်းကြည့်နေကြ၏။

နှစ်ဖက်ခြမ်းစားပွဲတွေကြားက လမ်းကလေးကိုဖြတ်ကျော်လာခဲ့စဉ် ချစ်တိုင်း က လှမ်းမြင်သွား၏။ သူ့လိုပဲ ဘေးကသူငယ်ချင်းတွေကလည်း လှမ်းကြည့်နေကြ၏။

ချက်ချင်း ထွက်လာမကြိုဘဲ ငေးကြောင်ကြည့်နေတာမြင်ပေမယ့် လူတွေအများကြီးအလယ်မှာ မီ က မျက်လွှာချပစ်လိုက်သောကြောင့် သေချာသတိမထားမိ ...။

"မဖိတ်ဘဲလာတဲ့ မျက်နှာမျိုး သေချာမြင်ဖူးအောင်ကြည့်ထားဦး"



ဟင် ...

ဘယ်ကပြောလိုက်တဲ့ အသံလဲ ...၊

"မသိဘူးလား နင်ကလည်း အဲဒါ ခြေထောက်နဲ့လာတာမဟုတ်ဘူး၊ မျက်နှာနဲ့လာတာ .."

"ဟုတ်လား .. မျက်နှာတပြောင်ပြောင်နဲ့လေ .."

"စု .. အဲဒါ ငါတို့ကိုပြောနေတာလားဟင် .."

"ဟုတ်စရာလား .. ငါတို့က ဖိတ်စာရလို့လာတာ .."

"မီ .."

ပြောနေတုန်းမှာ ချစ်တိုင်း နဲ့ သူငယ်ချင်းတွေရောက်လာကြကာ...၊

"ရောက်လာတာအတော်ပဲ မီ .. ဖျော်ဖြေရေးခုမှစမှာ .."

ချစ်တိုင်း က လိုက်လှဲသည့်အပြုံးနှင့် လာကြို၏။ သို့သော် ...၊

"ဟေး .. ခုန တို့မေးတော့ သူ့ကိုမဖိတ်ထားဘူးလို့ ပြောလိုက်တာလားလို့ .."

လက်ျာ လှမ်းမေးတာက တစ်ဝိုင်းကျော်လောက်ကမို့ အနီးအနားက အားလုံးကြားကာ မီ တို့ကို လှည့်ကြည့်ကြ၏။ ချစ်တိုင်း မျက်နှာတစ်ချက်ပျက်သွားသော်လည်း ...၊

"ဘာလို့မဖိတ်ရမှာလဲ .. ကိုယ့်လူတွေမစုံသေးလို့ ပွဲတောင်မစသေးတာ .. မီ ဒီဘက်လာ .."

မီ လက်လေးကို ဖျတ်ခနဲဆုပ်ကိုင်လိုက်ပြီး ဆွဲခေါ်သွားသဖြင့် ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်သလို ခံစားမိ၏။

သူ့ရှေ့မှာ မီ ဒီလိုအဖြစ်ဆိုးခဲ့တုန်းကတော့ ချစ်တိုင်း လို ကာကွယ်ပေးခဲ့မိပေ ...။

"မီ ဒီမှာထိုင်ဦး ကိုယ်စားစရာတွေသွားယူပေးမယ် .."

"မယူပါနဲ့ .. ဟိုမှာ ယူအလုပ်ရှုပ်နေတာမို့လား သွားလုပ်ပါ၊ အတွန်း .. ဘူဖေးပဲဟာ စု တို့ ဘာသာ သွားယူပါ့မယ်၊ မီ က ဒီလိုပွဲမျိုးတွေမတက်ဘူးတော့ သူ့ကိုအတွေ့အကြုံရှိအောင် သေချာလက်ထပ်သင်ပေးရဦးမှာ .."

www.burmeseclassic.com



"ဟုတ်ပါတယ် .. မီ ကို မြတ် တို့ ယူကျွေးမှာပေါ့၊ မွေးနေ့ရှင်က အလုပ်ရှုပ်နေတာကို ဒုက္ခမရှာပါနဲ့ .."

ဒီလောက်ရင်းနှီးခဲ့တာမရှိပါဘဲ သွက်သွက်လက်လက်တွေဝင်ပြောနေကြသဖြင့် ချစ်တိုင်း က အံ့သြသလိုလှည့်ကြည့်သည်။

ဒီပွဲမှာ သူကိုယ်တိုင် ဖိတ်ထားတာ သူ့ရဲ့ယောကျ်ားလေးသူငယ်ချင်းတွေပဲများကာ မိန်းကလေးကနည်းသည်။

ထို့ပြင် သူမတို့ထဲမှာတောင် ကိုယ်မဖိတ်ထားဘဲ ပတ်သက်ရာပတ်သက်ကြောင်းတွေနဲ့ ရောက်လာကြတာတွေရှိသေးသည်။

မိန်းကလေးတွေနဲ့ ရောရီရောရာမနေတတ်သည့်အကျင့်က စု ထက် မြတ် တို့ နှုတ်သွက်သလောက် သူ ဘာမှ ပြန်မပြောဖြစ်ခဲ့ပေ ..။

"ဒါဆို မီ ခဏနေဦးနော် .. ဟိုမှာဖြေဖျော်ရေးအစီအစဉ်အတွက် အဆင်မပြေဖြစ်နေတာလေးတွေရှိသေးလို့ .."

"ရပါတယ် .."

"သွားပါ မွေးနေ့ရှင်ရယ် .. အရမ်းစိတ်ပူတတ်တာပဲ .."

"ပူရတာပေါ့ဟယ် .. မီ က တောသူနုံနုံအအလေးလေ .."

"တို့တွေ သင်ပြပေးထားတာမနုံတော့ပါဘူးဟယ် .. သူ မသိသေးလို့ စိတ်ပူတာပါ .."

ဘာတွေဝင်ပြောကြမှန်းလည်း မသိ ..။

ချစ်တိုင်း ဆက်လက်ပြောဆိုချင်စိတ်မရှိတော့ဘဲ မီ ကို စကားနည်းနည်းပြောပြီးလှည့်ထွက်ခဲ့မိ၏။

"နင်တို့ကလည်း .."

မီ စိတ်ထဲမှာလည်း တစ်မျိုးကြီးခံစားလိုက်ရသည်။ ဒါပေမယ့် ဘာပြောရမှန်းလည်းမသိ ..။

"ဘာလဲ နင်တို့ကလည်းဆိုတာက .."

"အေးလေ .. ငါတို့က အကောင်းလည်းပြောပေးရသေးတယ် .."

"ချစ်တိုင်း က အရေးတယူခေါ်လိုက်တာနဲ့ မာန်တက်နေတာလား .."



"မဟုတ်ပါဘူးဟာ .. ငါဝင်လာခါစက သူများတွေပြောကြတာကြားပြီး ခြေလှမ်းတောင်မှားတယ်၊ မာန်တက်ဖို့နေနေသာသာ ခုမှ အသက်ဝဝရှူနိုင်တာပါ .."

မီ က ပြောနေရင်း စု နဲ့ မြတ် တို့ကြည့်၍ ..၊

"ထက် ဘယ်ရောက်သွားလဲ .."

"မသိဘူးလေ .."

"ထထွက်သွားတာတော့ တွေ့တာပဲ .. သူငယ်ချင်းတစ်ယောက်ယောက် သွားနှုတ်ဆက်တာဖြစ်မှာပေါ့၊ ဟော .. ဟော .. ဟိုမှာ .."

ထက် က လက်ထဲမှာ ရွှေအိုရောင်ပြောင်လက်နေသည့် အိတ်လေးကိုင်လျက် ပြန်ရောက်လာကာ ..၊

"ဒီညကတော့ မီ တို့ရဲ့ ညထင်တယ်နော် .."

"ဟင် .. နင်ဘာပြောတာလဲ .."

"အေးလေ .. ရှင်းရှင်းပြောစမ်းပါ လက်ထဲက ဘာလဲ .."

"ဒါကြောင့်ပြောတာလေ .."

ထက် က အိတ်လေးကို စားပွဲပေါ်တင်လိုက်ပြီး မီ ကို မေးဆတ်ပြတာ ..၊

"ဒီအိတ်ကို ပိုင်ဆိုင်မယ့်သူလေ .."

"ဟင်!...."

မီ က တအံ့တသြနှင့် ..၊

"ဘာရယ် .. မီ အတွက်ဟုတ်လား .. ဘယ်သူပေးလိုက်တာလဲ.."

"မီ ကို သနားညှာတာစိတ်တွေယိုဖိတ်ပြီး တောင်းပန်နှစ်သိမ့်ချင်နေတဲ့သူပေါ့၊ ဘယ်သူလို့ထင်လို့လဲ .."

မီ ကို သုံးယောက်သားကြည့်မိကြ၏။ မီ က ပြန်ကြည့်ပေမယ့် သူမကိုယ်တိုင် မယုံနိုင်ဖြစ်နေသည်မို့ ဘယ်သူဘာညာတွေလည်း မတွေးမိပေ ..။

တခြားစားပွဲဝိုင်းတစ်ခုမှာ မင်းရဲ နဲ့ ဇွဲ တို့ ဘယ်လိုပြဿနာတက်နေကြသလဲဆိုတာလည်း မသိခဲ့ ..။

"ကိုရဲ က ဖက်တီးမကို မက်ဆေ့ချ်ပို့ပြီး တောင်းပန်ထားတယ်

www.burmeseclassic.com



ဟုတ်လား ..."

"ဟင်!..."

ဒီပြဿနာ ဘယ်ကပြန်စလာတာလဲ ...၊

မင်းရဲ စိတ်အညစ်ကြီးညစ်သွားပြန်ကာ ...၊

"အဲ့ဒီကိစ္စမပြီးသေးဘူးလား ချွဲ ရာ .. မွေးနေ့ပွဲလာတာ ရန်ဖြစ်ဖို့လာရသလိုပဲကွာ .. မက်ဆေ့ချ်ပို့ပြီးတောင်းပန်တော့ရော ဘာတွေဖြစ်သွားနိုင်လို့လဲ .. ပြီးတော့ တောင်းပန်တာလည်း မဟုတ်ဘူး နှစ်သိမ့်တဲ့ သဘောနဲ့ .."

"ကိုရဲ က ဘာတွေလွန်လွန်ကျူးကျူးပြောဆိုခဲ့လို့ စာတစ်တန်ပေတစ်တန်နဲ့ တောင်းပန်ရတာလဲ၊ နှစ်သိမ့်ဖို့ရော ဘာလိုသလဲ၊ တောင်းပန်တယ်ဆိုတည်းက ချွဲ ကပဲ ပြောလွှတ်လိုက်တာ ချွဲ ကိုယ်စား ဘာညာတွေပဲဖြစ်မှာပေါ့၊ ချွဲ ကဘာကိစ္စနဲ့ ဒီလိုတောသူအနုပ်စုတ်ဂုတ်စုတ်ကို တောင်းပန်ရမှာလဲ တော်ပြီ ကိုရဲ နဲ့ စကားပြောချင်စိတ်ကိုမရှိတော့ဘူး.."

"ချွဲ .. ဟေ့ .."

သူ စိတ်ပျက်စွာ ခေါင်းခါလိုက်မိသည်။ အတူတူလာကြတာမို့ ချွဲ ကားထဲမှာထိုင်ပြီး စိတ်ကောက်နေပြီမှန်းသိလိုက်၏။

စောစောပိုင်းက စကားနာထိုးနေတာတွေ ပြီးသွားခဲ့ပါပြီ။ ချက်ချင်းကြီး ဒေါသူပုန်ထသွားခဲ့တာ ဘာကြောင့်မှန်းမသိပေ ...။ ထို့ပြင် ...၊

မက်ဆေ့ချ်ပို့ပြီး ချော့မော့နှစ်သိမ့်မိတဲ့ကိစ္စ ဘယ်သူမှလည်း သိခဲ့တာမဟုတ် ...။

မင်းရဲ စဉ်းစားလို့မရဖြစ်နေချိန်တွင် စု ထက် မြတ် သုံးယောက်က လက်ဝါးချင်းရိုက်ပြီး ရယ်လို့မဆုံး ...။

"လိုက်သွားပြီ .. ဟား .. ဟား .. ပွဲကြီးပွဲကောင်းတွေ့ရတော့မယ်"

"တော်လိုက်တဲ့ မိထက် ရယ် .."

"တော်ရမယ်လေ .. အားလုံးကိုကွက်တိလုပ်ထားတာပဲဟာ .. မင်းရဲ့ မက်ဆေ့ချ်ပို့ပြီး ချောထားတဲ့ကိစ္စကို ချွဲ သိအောင် မက်ဆေ့ချ်ပို့ပေးလိုက်တာ ထင်ထားတဲ့အတိုင်း ကွက်တိပဲ .."



စု နဲ့ မြတ် တို့က မင်းရဲ ငေးငိုင်ကျန်ရစ်ခဲ့တာကို မသိမသာ ခိုးကြည့်ကြ၏။ ပြီးတော့ ရယ်ကြပြန်ကာ ...၊

"ချွဲ ဖြစ်သွားတာကြည့်ဦး .. မီးပုံးပျံ မီးရှို့တာကမှ ကြာဦးမယ်"

"ဟုတ်ပဟယ် .. မင်းရဲ တစ်ယောက်တည်းထင်ပြီး ဟိုဖက်တီးမ ထထွက်သွားလိုက်တာ ကော့တော့ကော့တော့နဲ့ သွက်မှသွက် .."

မိ က ညှော်ခံပွဲထဲဝင်လာတည်းက ဘယ်ကိုမှ ရဲရဲမကြည့်ခဲ့သဖြင့် မင်းရဲ တို့ ရှိနေတာကိုတောင် မသိခဲ့ပေ ...။ ဒီလက်ဆောင် မင်းရဲ က ပေးလိုက်ပါသည်ဆိုမှ သူမတို့ပြလိုက်လို့ မြင်သွားတာဖြစ်သည်။

ထိုအချိန်မှာ ထက် စီစဉ်ထားသည့်အတိုင်း မင်းရဲ ဘေးမှာ ချွဲ က မရှိတော့ပေ ...။

တစ်ခါတလေမှာ မကောင်းမှုကျူးလွန်သူတို့အတွက် တစ်စုံတစ်ယောက်က ရွှေလမ်းငွေလမ်းခင်းပေးထားသကဲ့သို့ အံ့သြလောက်အောင် ချောမောဖြောင့်ဖြူးနေတတ်လေသည်။

"ကိုရဲ .."

"ဟင် .. အာ .. မိ .."

သူမ အနားရောက်လာလိမ့်မယ် မထင်သဖြင့် မြင်လိုက်တော့ ကြောင်တောင်တောင်ဖြစ်သွားမိသည်။ ပြီးမှ ...၊

"မိ .. ထိုင်လေ .."

"ကိုရဲ ဒီမှာရှိနေမှန်းမသိဘူး .. စု တို့ ပြမှမြင်တာ .."

"အင်း .. ဟုတ်တယ် .. ရောက်တာကြာပြီ .. ခုပဲ .."

ပြန်တော့မှာကိုပြောဖို့ပြင်ပြီးမှ မပြောဖြစ်တော့ပေ ...။ ချွဲ ထသွားတည်းက သူ ထလိုက်ရမှာပေမယ့် စိတ်ပျက်နေမိတာကြောင့် ဆက်ထိုင်နေမိတာဖြစ်ကာ ...၊

"ဒီလက်ဆောင်အတွက် ကျေးဇူးတင်ပါတယ်လို့ လာပြောတာပါ .."

"ဟင် !..."

"ဟိုလေ .. ကိုရဲ မက်ဆေ့ချ်ပို့လိုက်တည်းက ငို့ စိတ်ထဲမှာ ဘာမှ မထားတဲ့အကြောင်း ပြန်ပို့မလို့ပါ၊ ဒါပေမယ့် မှီ မက်ဆေ့ချ်ကို ကိုရဲ

www.burmeseclassic.com

www.burmeseclassic.com



ဘက်က တစ်ယောက်ယောက်ရေတွေ့သွားမှာစိုးတာနဲ့ မပို့ဖြစ်ခဲ့ဘူး .."

"ရပါတယ် မီ ရဲ့ အဲဒီတုန်းက ကိုယ် တကယ်စိတ်မကောင်းဖြစ်သွားမိလို့ပါ .. မီ့ ကိုလည်း ကျောင်းမှာ ထပ်မတွေ့တာနဲ့ မက်ဆေ့ချ်ပို့လိုက်တာလေ .. ဒါနဲ့ .. ဒါက .."

"ဒီလက်ဆောင်ထပ်ပေးဖို့ မလိုပါဘူး .. ဒါပေမယ့် မီ မြတ်မြတ်နိုးနိုးသိမ်းထားမှာပါ .."

"မီ .. အဲဒါ .."

အထဲမှာ ဘာရှိမှန်းတော့မသိ ..။ ဒါပေမယ့် သူ ပေးတာမဟုတ်သောကြောင့် ပြောပြဖို့ ပြင်လိုက်မိသည်။ ဒါပေမယ့် ဟိုတစ်ခါလို မီ့ကို အရှက်ခွဲသလိုဖြစ်မှာလည်းစိုးကာ ရုတ်တရက် စကားတွေထစ်ငေါ့ကုန်၏။

ပြောမယ့်စကားတွေက 'ဒါပေမယ့်' များစွာနှင့် လဲပြိုရင်း ခဏကြာမှ ...

"မီ့ ကို ကိုယ်တစ်ခုလောက်ပြောလို့ရမလားဟင် .."

"ဟင် .. ပြောလေ ကိုရဲ .. စကားပလ္လင်ခံနေဖို့မလိုပါဘူး၊ သူငယ်ချင်းတွေပဲဟာ .."

"ဒီလိုပါ .."

ပြောခါနီးမှ အားဘီကိုထပ်ပြီး ငေးကြည့်မိပြန်သည်။ ပြီးမှ ..၊

"ဟိုတစ်ခါ ကိုယ့်မွေးနေ့ထင်ပြီး ရောက်လာတဲ့ကိစ္စရယ်၊ အခု ဒီလက်ဆောင်ကိစ္စရယ်က .. မီ့ ကို တစ်ယောက်ယောက်ကများ ရောက်နေတာလားလို့ .."

"ဘယ်လို !..."

"မီ ရိုးသားတာကို ကိုယ်သိပါတယ်၊ ဒါကြောင့် ဟိုတစ်ခါကိစ္စမှာလည်း ကိုယ် စိတ်မကောင်းဖြစ်မိတာ မီ့ အတွက်ပဲ .. အခုတစ်ခါတော့ မီ ကိုယ်တိုင် သတိထားမိမှ ဖြစ်မှာမို့လို့ .."

"နေပါဦး ကိုရဲ ရယ် .. ခဏလေးပါ .."

မီ ရင်တွေခုန်နေပြီဖြစ်သည်။ မင်းရဲ ပြောနေတာကို နားလည်နေ



ပါလျက်နှင့် ရှုပ်ထွေးနေ၏။ ဘာပြောနေလဲဆိုတာသိပေမယ့် မသိလိုက်သလို ရှက်ရွံ့ပူထူနေကာ ..၊

"ဒါ .. ဒါလေ .. ဒီလက်ဆောင်က .."

မီ စကားမဆုံးသေးခင် စွဲ ရဲ့ သူငယ်ချင်းနှစ်ယောက်ရောက်လာကြကာ ..၊

"မင်းရဲ စွဲ နဲ့ လာတာမဟုတ်ဘူးလား .."

"အင်း .. ပါတယ် .. သူက .."

ကားဆီလှည့်ကြည့်မိမလိုဖြစ်သွားပြီးမှ မကြည့်တော့ဘဲ ဆံပင်တစ်ချက်သပ်ကာ ...

"ထိုင်လေ .. စွဲ က ခဏထသွားတာ .."

ဒီမှာလည်း စကားပြောလက်စမို့ မင်းရဲ အကြီးအကျယ်ဒုက္ခရောက်သွား၏။ မိန်းကလေးနှစ်ယောက်ကလည်း ဘာကိုသဘောပေါက်သွားသည်မသိဘဲ သူနဲ့ မီ့ ကို ကြည့်ပြီး ချက်ချင်းနှုတ်ဆက်၍ လှည့်ထွက်သွားကြ၏။

မင်းရဲ မျက်နှာ မအီမလည်ကြီးကျန်ရစ်ခဲ့လျက် မီ ကတော့ ...

"ပြောပါ ကိုရဲ .. ဒီလက်ဆောင်က .. ဒါ .. ဒါ ကိုရဲ ပေးတာမဟုတ်ဘူးပေါ့ .. ဟုတ်လားဟင် .."

"ဆောရီးပါ မီ ရယ် .. အမှန်အတိုင်းပြောရရင် .. မဟုတ်ဘူး .." ဟင် ...၊

မီ့ မျက်နှာလေး နီရဲသွားကာ ခေါင်းခါတော့မလို တစ်ခုခုပြောတော့မည့်နှင့် ကတုန်ကယင်လေးလာခဲ့လျက် ..၊

"ဒီလက်ဆောင်ကို မီ က .."

"ပြောစမ်းပါဦး .. ဘယ်လိုအကြောင်းပြချက်တွေနဲ့လဲလို့ .."

အသံကြားလိုက်သည်နှင့် မီ့ ကိုယ်လေး တုန်ခနဲဖြစ်သွားသည်။ မှန်းအတူ ရောက်လာကြသူတွေက ခုနကပဲ စွဲ ကို လာမေးခဲ့ကြသော မိန်းကလေးနှစ်ယောက် ..။

မီ နေရာမှ ဆတ်ခနဲထရပ်လိုက်လျှင် သူမတို့သုံးယောက်နှင့် မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ချင်းဆိုင်မိသလိုဖြစ်သွားခဲ့လျက် မင်းရဲ က ကမန်းကတန်းထရပ်ကာ ...

"စွဲ .."

"ဝင်မပါပါနဲ့ .. စွဲ သူ့ကိုပဲမေးတာ .."

စားပွဲနားနီးချင်းတွေက သမင်လည်ပြန်အကြည့်တွေကြားထဲမှာ မိ က လက်ကိုင်အိတ်အဖြူကျားလေးကို တင်းကျပ်နေအောင် ဖိဆုပ်ထားလျက် ...၊

"ဒါ .. ဒါက .."

"အကြောင်းရှာလာတာလေ .."

"စွဲ .."

"ဟွန်း ..."

မင်းရဲ ခြေဟန်လက်ဟန်ပြင်လိုက်တိုင်း စွဲ ရဲ့ အကြည့်ကြောင့် တွန့်ဆုတ်သွားခဲ့ရကာ မိန်းကလေးသုံးယောက်၏ ရွံ့ရှာသောအကြည့်တွေက မို့ မျက်နှာလေးပေါ်မှာပဲ ခားမိုးလုံမိုးရွာသကဲ့သို့ ...။

"ပထမတစ်ခါက မွေးနေ့မသိလို့တဲ့ .."

"ဟွန်း .. ဒီတစ်ခါကတော့ မွေးနေ့သိပေမယ့် အကြံပေါ့ဟာ.."

"အေးလေ .. မွေးနေ့ကဖြင့် တစ်ပတ်တောင်လိုသေးတာကို .."

တစ်ယောက်တစ်ခွန်း ဝင်ပြောကြကာ စွဲ က စားပွဲပေါ်မှာရှိနေဆဲ ရွှေရောင်အိတ်လေးကို ဆိုးဆိုးဆတ်ဆတ်ကောက်ယူပြီး ဖွင့်လိုက်၏။ အထဲမှာ နောက်ထပ်အိတ်တစ်ထပ်နှင့် ယောကျ်ားကိုင် ပိုက်ဆံအိတ်ပြားလေးတစ်လုံး ...။

"ဟင် .. အပေါ်စားကြီး .."

"အပြင်အိတ်ခွံတွေကတော့ ဒီလိုပဲ လူရှိန်အောင် ကောက်ကပ်ထည့်လာတာဖြစ်မှာပေါ့ဟာ .."

မိ ဘာမှမသိပေ ...။ ဒီထဲမှာ မင်းရဲ ဘယ်လိုပစ္စည်းထည့်ထားမှန်း ဖွင့်ကြည့်ဖို့လည်း အချိန်မရှိခဲ့သေးပါ။

"ဟိုမှာ မင်းရဲ တစ်ယောက်တည်းတွေ့လား .. နင့်ကို အဲဒါပေးဖို့ အတွက် ဒီပွဲကိုတစ်ယောက်တည်း တမင်လာတာ .. မြန်မြန်သွားပြီး



ကျေးဇူးတင်စကားပြောလိုက်ပါဟယ် .. တော်ကြာ နင်က စိတ်ဆိုးချေပြေ သေးဘူးထင်ပြီး ထပြန်သွားဦးမယ် .. သူ လာစောင့်နေတာကြာပြီတဲ့–"

စု တို့ တစ်ယောက်တစ်မျိုး ဆော်ဩတိုက်တွန်းကြသဖြင့် ဒါလေးကို ကောက်ယူပြီး ထထွက်လာခဲ့မိသည်။

"ဒီမှာ ဆောင်းလခါမိ .."

စွဲ က မို့ရှေ့ကိုရောက်လာကာ လက်ကိုဆွဲယူပြီး ပိုက်ဆံအိတ်ကို ဆောင့်ခနဲထည့်ပေးလိုက်ရင်း ...

"မင်းရဲ မှာ ချစ်သူရှိတယ် .. အဲဒါ ခုမှရှိတာမဟုတ်ဘူး၊ ပြတ်စဲခဲ့တဲ့ ရည်းစားတွေလည်းရှိတာပဲ .. ဒါပေမယ့် ဘယ်ရည်းစားမှ ဝတုတ်တုတ် ပိန်ကပ်ကပ်ပုံဆိုးပန်းဆိုးမပါဘူး .. အိပ်မက်တွေမက်ပြီး လမ်းထလျှောက်နေတာဆိုရင်တော့ .."

"ခဏလေး စွဲ .."

စကားသံနှင့်အတူ မပြေလည်မှုများကြားသို့ ချစ်တိုင်း ပါဝင်လာခဲ့လျက် ...၊

"ခင်ဗျားတို့ ဘာဖြစ်ကြသလဲတော့ မသိဘူး၊ ဒါပေမယ့် မွေးနေ့ပွဲမှာ ဒီလိုပြဿနာတွေ လာရှင်းတာတော့ မကောင်းဘူးထင်တယ်၊ အခု ခင်ဗျားတို့ ပြဿနာကို အားလုံးက အာရုံစိုက်နေကြပြီ .."

"ရှင့်ကိုတော့ အားနာပါတယ် .. ဒါပေမယ့် .."

"အားနာရင် တော်သင့်ပြီဆိုတာ နားလည်ဖို့ကောင်းတယ် .."

"ဆောရီးပါ ချစ်တိုင်း ရာ .. ကိုယ်တို့က .."

"မင်းက လကျ်ာ ရဲ့ မောင် .."

"ဟုတ်ပါတယ် .."

"ဟုတ်ပါတယ် .. သူတို့ပြဿနာကို ကြည့်ကောင်းလို့ တမင်ထိုင်ကြည့်နေတာ .."

လကျ်ာ တို့ ထလာကြတော့ အခြေအနေက ဆိုးရွားဖို့ဘက်ကို ဦးတည်လာခဲ့၏။ မိ ကတုန်ကယင်နောက်ဆုတ်ထွက်ရင်း ခြေနှစ်လှမ်း သုံးလှမ်းလောက်မှာ ချာခနဲ လှည့်ပြေးခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ညှော်ခံပွဲကြီးတစ်ခုလုံးမှာ ရှိသမျှလူတွေ ဟားတိုက်လှောင်ရယ်နေကြ၏။

ပြီးတော့ လူတွေတစ်အုံတစ်မကြီး နောက်ကပြေးလိုက်လာကြတာ ...၊

"မိန်းမနောက်ပိုး .."

"မိန်းမနောက်ပိုး .."

ဟင့်အင်း ...၊

မီ မျက်ရည်စက်တွေ ကျလာခဲ့လျက် ခေါင်းခါပစ်လိုက်မိသည်။ 'အသွားမတော်တစ်လှမ်း' တဲ့ ...။

သူမ အသွားမတော်တဲ့ ခြေလှမ်းတွေ ဘယ်နှစ်လှမ်းတောင်လှမ်းခဲ့မိပြီလဲ ...။



## အခန်း (၂၅)

"တော်တော်ကို လွန်နေပြီ .."

သမယ နာရီငုံ့ကြည့်ပြီး ရေရွတ်သည်။

"သွားတာက မကြာသေးပါဘူးကွာ .. မွေးနေ့သွားတာ ဒီလောက်တော့ကြာမှာပေါ့ .."

သံတွဲ က လှမ်းမျှော်ကြည့်ပြီး ကာကွယ်ပြော၏။ ချစ်တိုင်း တို့ ခြံကြီးရဲ့ တစ်ခြံကျော်က အုတ်တံတိုင်းတစ်ခုရှေ့မှာ ကားထိုးထားပြီး မီ့ ကို စောင့်နေကြတာဖြစ်သည်။

"သွားတုန်းက ဘယ်လိုသွားကြသလဲမသိဘူး၊ စုထက်မြတ် သုံးယောက်က ကားပါသလားပဲ .."

မြန်အောင် က ကားထဲကနေ မေးခွန်းလိုလို ထင်ကြေးသလိုလို လှမ်းပြော၏။ သံတွဲ က ဘောနက်ပေါ် နောက်ပြန်တက်ထိုင်လိုက်ပြီး...၊

"မသိဘူး ငါတော့ .."

သူ ဖသိကြောင်းပြောကာ သမယ ကို လှမ်းကြည့်၏။ သမယ က စီးကရက်တစ်လိပ်ထုတ်လိုက်ပြီး မီးခြစ်စမ်းရင်း ...၊

"သူ့ဟာသူ ဘာနဲ့သွားသွား စိတ်မဝင်စားဘူး .."

"မဝင်စားပေမယ့် .. ငါ့ဝမ်းပူဆာမနေသာလေ၊ မင်းပဲ လာစောင့်

www.burmeseclassic.com

www.burmeseclassic.com



နေရတာ မဟုတ်ဘူးလား ..."

"သံတွဲ .."

"ဘာလဲ .."

"တိတ်တိတ်နေ .."

"မှောင်မှောင်မည်းမည်းထဲမှာ တိတ်တိတ်နေရင် ပျင်းစရာကြီး ကွ .."

တကယ်က မှောင်မည်းနေတာမဟုတ်ပါ။ လမ်းမီးတိုင်အောက်မှာ မနေသောကြောင့် ပြည့်ဝသည့် အလင်းရောင်မရှိခြင်းဖြစ်သည်။

သမယ က ကားကိုနောက်ပြန်မှီရင်း ချစ်တိုင်း တို့ ခြံကိုကြည့်၍ ...

"မီ တော်တော်လွန်နေတာ .."

"မင်းကလည်း .."

"ဟောကောင် .. မင်းကကွယ်ပြောဖို့စဉ်းစားမနေနဲ့၊ အဲ့ကောင်မလေး ငါ့အားကိုးနဲ့ နောက်ထပ်ဘာတွေခြေလှမ်းကျဲလာဦးမလဲ မင်းတို့သိလား.."

ကားထဲက မြန်အောင့် အသံ ထွက်မလာတော့ပေ ...။ သံတွဲ က တော့ စဉ်းစဉ်းစားစားလေသံနှင့် ...၊

"မီ ကို ကြည့်ရတာ မင်းရဲ ကို တော်တော်စိတ်ဝင်စားနေတဲ့ပုံ ပဲ .."

သမယ ဘာမှဝင်မပြောဘဲ နေလိုက်၏။

"ဒါပေမယ့် မင်းရဲ နဲ့ စာရင် ချစ်စိုင်း ကို မျှော်လင့်တာကမှ အဆင်ပြေနိုင်ဖို့ရှိသေးတာနော် .."

"အဲ့ဒီကိုယ်လုံးကြီး ဒီတိုင်းဖြစ်နေသမျှ ဘာမှဖြစ်လာမှာမဟုတ် ဘူး .."

"မင်းကလည်း ပြောလိုက်ရင် ဘူပိတ်ချည်းပဲ .."

ဒီထက်မကတောင် ပြောလိုက်ချင်သေးသည်။ ဂျင်(မ်)ကစားပါ ဆိုလည်း ပင်ပန်းလွန်းလို့ဆိုပြီး ရှောင်ထွက်သည်။ ပြင်တတ်ဆင်တတ်



အောင် အလှအပလေးလိုက်စားပါလားဆိုတော့လည်း ထက်ထက်သန်သန် ဘာကိုမှ မလုပ်ချင် ...။

မိန်းကလေးဖြစ်ပြီး မိတ်ကပ်အကြောင်း ဘာမှသိတာမရှိ ...။ လိုးရှင်း ဘယ်လိုသုံးရမှန်း နားမလည် ...။

"အသားအရေဖြူဝင်းလင်းလက်လာမယ်ဆိုတာ ငါတော့မယုံဝါ ဘူး၊ နဂိုရှိမှ နဂိုင်းထွက်တယ်ဆိုတာ မကြားဖူးဘူးလား၊ ပြီးတော့ ကံ့ကံ၏ အကျိုးကို ယုံရမယ်လေ၊ အလှအပဆိုတာ ကိုယ်ပြုခဲ့တဲ့ ကောင်းမှု ဆိုးမှုကံနဲ့ဆိုင်တယ် .. လုပ်ယူလို့သာရနေရင် စိတ်ထားတတ်မှ မြတ် တယ်ဆိုတဲ့စကား ဘယ်သွားထားမလဲ .." တဲ့ ...။

ကိုယ်ကသိလို့ ပြောပြလိုက်ရင် သူမကပဲ ဆရာမကြီး ...။

"မင်းတို့ကိုလည်း အံ့သြတယ် .."

သံတွဲ က မရဲတရဲစလာ၏။

"တစ်ယောက်နဲ့တစ်ယောက် မကြင်နာတာလည်းမဟုတ်ဘူး၊ တစ်ချက်မှလည်း မတည့်ကြဘူး .."

"ဘာကိုကြင်နာတာလဲ .."

သမယ အသံက ဘုဆတ်ဆတ် ...။

"ကြင်တာနာတာဆိုရင် ခတ်လိုက်ရင်တောင် ကျင်ရမှန်းမသိတဲ့ ကောင် မဟုတ်ဘူး .."

"ဟုတ်လား .. ဒါဆို အိမ်ရောက်မှ မီးပလပ်မထိုးဘဲ မင်း လက်ညှိုး ထည့်ကြည့်ခိုင်းရမယ် .."

သမယ မျက်နှာ ပြုံးစိစိဖြစ်သွားသည်။ မြန်အောင် က တဟားဟား ထရယ်၏။ သံတွဲ က လှဲနေရာက ငုတ်တုတ်ထထိုင်လိုက်ပြီး မျက်စောင်း ကြီးပစ်၍ ...

"ကိုင်ထားတဲ့ စီးကရက်ကို ခုထိ မီးမညှိနိုင်သေးတဲ့ကောင် ခတ် လိုက်တာတောင် မကျင်တတ်ဘူးဆိုတော့လေ .."

"ဘာလဲ .. ညာနေတယ်မှတ်လို့လား .."

www.burmeseclassic.com

www.burmeseclassic.com



သမယ က ရယ်ချင်နေသည့်ရုပ်ကြီးကို တည်တည်ကြည်ကြည် တမင်လုပ်ထားရင်း စီးကရက်ကို နှုတ်ခမ်းမှာတပ်လိုက်၏။

"ခုပဲ ညီတော့မလို့ မှောင်ထဲမှာ တရဲရဲဖြစ်နေမှာမလားလို့ စဉ်းစားနေတာ .."

ပြောရင်း မီးခြစ်ကို ဖျောက်ခနဲခြစ်လိုက်သည်။ သို့သော် .. သူ့မျက်လုံးတွေက လမ်းကလေးဆီရောက်သွားခဲ့လျှင် ...၊

"မီ ..."

ကိုင်ထားသည့် မီးက ဟုတ်ခနဲပြန်ငြိမ်းသွားကာ နှုတ်ခမ်းက စီးကရက်ကိုပြန်ချလိုက်၏။ သံတွဲ တို့လည်း လှမ်းကြည့်လိုက်ကြပြီး တအံ့တသြတွေဖြစ်ကုန်ကြ၏။

ချစ်တိုင်းတို့ ခြံထဲကနေ ပြေးထွက်လာသည့် အရိပ်လေးသည် မီးတိုင်အောက်က ဖြတ်ပြေးလိုက်တော့ မီ ဆိုတာ သေချာသွားခဲ့ပြီး နောက်ထပ် သေချာတာက သူ့မ ငိုနေ၏။

သမယ ခြေလှမ်းတွေ သူ့မဆီ အရင်စလို လှမ်းသွားမိခဲ့လျက် ...

"မီ ...."

"သမယ .."

မီ သည် သူ့ရင်ခွင်ထဲ ပြေးဝင်ဖက်တွယ်လိုက်ကာ ...၊

"ငါ ရှက်လိုက်တာ .."

ပြောပြီး ဟီးခနဲငိုချ၏။

"မီ ဘာဖြစ်လာတာလဲ ပြောစမ်း .."

လက်ထဲမှာ ကိုင်ထားခဲ့သည့် စီးကရက်တွေ မီးခြစ်တွေ ဘယ်ရောက်ကုန်သည်မသိ ...။ မီ လက်မောင်းလေးတွေကိုကိုင်၍ မျက်နှာချင်းဆိုင်ကြည့်ဖို့ ဆွဲခွာပေမယ့် ဘယ်လိုမှ ခွာထုတ်လို့မရ ...၊

မီ က သူ့ခါးကို အသေအကြေဖက်ထားပြီး ငိုမြဲငိုနေကာ ...၊

"ငါ မှားသွားပြန်ပြီဟ .. ငါပဲ .. ငါပဲမှားတာပါ၊ ငါအရမ်းရှက်တာပဲ .."



"ဟုတ်တယ် .. မှားတာ .. ဘာမှားတာလဲပြော .. ဘယ်သူဘာလုပ်လိုက်တာလဲ .."

"မင်းကလည်း စု ထက် မြတ် တို့ပဲဖြစ်မှာပေါ့ .."

သံတွဲနဲ့ မြန်အောင် တို့လည်း အနားရောက်လာကာ စိတ်ရှုပ်သာဖြစ်နေကြသည့် မျက်နှာတွေနှင့် ...၊

"မင်းလည်း သိနေသားနဲ့ အဲဒီ မယ်ကုဝဏ်တွေ အထာမကျတာကို .."

"တွဲနေတည်းက တားရမှာကို ဘာလို့လွှတ်ပေးထားခဲ့လဲ .."

တားတော့ရမှာမို့လို့လား ...၊

"တောက် ..."

ဘယ်လိုဖြစ်ရမှန်းမသိသည့် ဒေါသက တက်ခေါက်ခြင်းဖြင့် အဆုံးသတ်ရကာ ...၊

"ငိုမနေနဲ့တော့ .. ပြန်မယ် .."

မီ့ လက်လေးကိုဆောင့်ဆွဲပြီး ကားတံခါးဖွင့်ပေးတဲ့အထိ အကောင်း...။ ပြီးသွားမှ ...

"ဂျိမ်း ..."

"ဒုန်း .."

တံခါးကိုဆောင့်ပိတ်ပစ်လိုက်ပြီး ခေါင်းမိုးစောင်းကို လက်သီးဆုပ်နဲ့ ထုပစ်၏။ သံတွဲတို့နောက်မှာ ဝင်ထိုင်လိုက်ကြပြီး တစ်ယောက်ကိုတစ်ယောက်ကြည့်၍ ပေကလပ်ပေကလပ် မျက်နှာလေးတွေနှင့် ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

"ဟဲ့ .. ငါတို့ကို ကျောင်းသားတွေကြည့်လှချေလား .."

"မဟုတ်လောက်ပါဘူး .."

ကန်တင်းမှာထိုင်နေတုန်းကလည်း သတိထားမိသည်။ ထထွက်လာတော့လည်း သတိထားမိလောက်အောင်ကြည့်နေကြ၏။ အတန်းထဲဝင်လာသည့်အချိန်မှာတော့ ရှင်းသွားလေသည်။

ခေမာ က မျက်နှာလေးတင်းနေကာ ..။

"နင်တို့ လှုပ်ရှားလုပ်ကိုင်နေပုံတွေ မဟန်ဘူးဆိုတာသိတော့သိပါတယ် .. ဒါပေမယ့် ဒီလောက်ထိတော့ ထင်မထားဘူး .."

"ဘာ .."

"ခေမာ .. နင် ဘာစကားပြောလိုက်တာလဲ .."

အမြဲတမ်း မှီ အတွက်ချည်းပဲ ဟိုလိုဒီလိုဝင်ပြောတတ်သည့် ခေမာ့ကိုတော့ စု တို့က ဂရုမစိုက်ပေ။ သုံးယောက်စလုံး ခေမာ့ ထိုင်နေသည့် အတန်းရှေ့မှာ တန်းစီရပ်လိုက်ပြီး မေးဆတ်မေး၏။

ခေမာ က မျက်မှောင်ကုတ်လေးနှင့် မော့ကြည့်သည်။ ပြီးတော့ သုံးယောက်ကို စုန်ချီဆန်ချီကူးလူးကြည့်ပုံက အထင်မြင်သေးရှုံ့ရှာနေသလိုမျိုး ..။

"သုံးယောက်ပူးပေါင်းစိန်ခေါ်နေတာဆိုတော့ ကြောက်တော့ကြောက်စရာပဲ .. ဒါပေမယ့် ငါကတော့ ကြောက်တာမဟုတ်ဘူး နင်တို့



နဲ့ မပတ်သက်ချင်တာ။ ငါ ဘာလို့ ဒီလိုပြောသလဲသိချင်ရင် အင်တာနက်ဖွင့်လိုက်လေ .."

"ဘာလဲ .."

စု တို့ မျက်နှာပျက်သွားကြသည်။ ဘာမှန်းမသိဘဲ ထိတ်သလိုလန့်သလိုဖြစ်သွားကြ၏။ ထိုစဉ် ...။

"စိတ်ဓာတ်ဆိုးတာ ရုပ်နဲ့ နာမ်နဲ့လိုက်ပြီးဖြစ်လာတာဟ .."

သူတို့ကိုမကြည့်ဘဲ စကားပြောနေသော မိန်းကလေးအုပ်စုထဲမှ အသံထွက်လာခဲ့သည်။

"ဒါပေမယ့်ဟာ .. တချို့ကျတော့ ရုပ်ဆိုးပြီးသဘောဖြူတာတွေ ရှိကြပါတယ် .."

"ကိုယ်ရုပ်ဆိုးလို့ လှတဲ့လူတွေကိုထိုင်ပြီး မနာလိုဖြစ်နေကြတဲ့ ဦးရေနဲ့စာရင် ဘယ်ဦးရေက ရာခိုင်နှုန်းပိုမယ်ထင်လို့လဲ .."

"အစကတော့ ရာခိုင်နှုန်းယှဉ်မကြည့်မိပါဘူး၊ ခုဆိုရင်တော့ မနာလိုမကောင်းကြံတတ်တဲ့ လူဦးရေသုံးလေးယောက်ထပ်ဖြည့်ပြီး တွက်ရင် .."

"ဟဲ့ .. ဒီမှာ .."

စု တို့က ထိုဆီသွားခနဲရောက်သွားကာ လက်တို့စိန်ခေါ်၏။ သို့သော် .. သူမတို့ဘေးကို ယောကျ်ားလေးသုံးလေးယောက်ရောက်လာကြကာ ...

"သတ္တိကောင်းမှန်းသိပါတယ် .. သူများကို စိန်ခေါ်မနေပါနဲ့ .. ဒီမှာ.."

တစ်ယောက်က ဖွင့်ထားပြီးသားဖုန်းကို စု ရဲ့ ရှေ့က စားပွဲခုံမှာ ချပေးလိုက်ကာ ...

"ဟိုလျှောက်မေး ဒီလျှောက်မေးနဲ့ အင်တာနက်ဖွင့်ရင်လည်း အွန်နက်ရှင်မကောင်းတတ်တော့ ကြာနေမှာစိုးလို့ .. အဲ့ဒီမှာကြည့်လိုက်ပြီးရင် .. ဖုန်းပြန်ပေး .."

"ကောင်းထွတ် ရေ .. တော်ကြာ မင့်ဖုန်းပါ ပါဆယ်ထုတ်ပြီး အောင်မလေးတစ်ယောက်ယောက်ဆီ ကလိမ်ကကျစ်တွေလုပ်ကြံပေး

www.burmeseclassic.com



ပို့နေမှ ..”

“ဟုတ်တယ် .. ဒီမှာပဲ ထိုင်စောင့်နေလိုက်တာ စိတ်ချရမယ်နော်..”

ကြည့်စမ်း ..၊

စုတို့ ခေါသထွက်ကာ လက်သီးနှစ်ဖက်ဆုပ်၍ ဖုန်းကိုင့်ကြည့်လိုက် ဝိုင်းရုံနှိပ်ကွပ်နေကြသော ကျောင်းသားတွေကိုကြည့်လိုက် ..၊

“ကြည့်လိုက်စမ်း စု .. မဟုတ်တရုတ် သိက္ခာချလို့ကတော့ ကျောင်းခန်းတစ်ခန်းလုံး ပိတ်ပစ်ပြီး မီးပုံရှို့ပစ်မယ်မှတ် ..”

ထက် က တိုက်တွန်းပြီး အကျယ်ကြီး ကြိမ်းဝါးသည်။ စု ကတော့ ကျောင်းသားတွေပြောစကားအရ မီ့ ကို သူမတို့လုပ်ခဲ့တာနဲ့ တစ်စုခုပတ်သက်နေပြီဆိုတာ တွက်မိနေပြီဖြစ်၏။

ထို့ကြောင့် ဒေါသတွေတရိပ်ရိပ်ပြီုဆင်းကုန်လျက် ဘိတ်လန့်လာခဲ့ရင်း ..၊

ဟင်!...၊

ဖုန်းထဲမှာ ဗီဒီယိုဖိုင်က ဖွင့်ပြီးသား ..။

“ခိ .. ခိ .. ခိ .. ရယ်ရတယ်ဟာ .. ငါဖြင့် မီ ဆိုတဲ့ ဝတုတ်မမျက်ရည်လေးတဝဲဝဲဖြစ်နေတာကိုကြည့်ပြီး မွေးနေ့ပွဲမှာပဲ ဝါးလုံးကွဲရယ်ချလိုက်ချင်တာသိလား ..”

စု ထက် မြတ် သုံးယောက် ကျောင်းဝင်းထဲကိုဝင်လာနေကြရင်း အားပါးတရပြောနေကြတာတွေ စု လက်တွေတုန်လာ၏။ ပိုင်းကြည့်နေကြသည့် ထက် နဲ့ မြတ်တို့ မျက်နှာတွေ အပျက်ကြီးပျက်ကုန်ကြသည်။

ဘေးဆီကိုကြည့်လိုက်တော့ သူ့နေရာနဲ့ သူ ကျိုးတို့ကျဲတဲထိုင်နေကြသည့် ကျောင်းသား၊ ကျောင်းသူတွေက မိုးတိုးမတ်တတ်တွေဖြစ်ကုန်ကာ လူတွေလည်းပိုများလာ၏။

ဗီဒီယိုထဲမှာ သူမတို့ပြောနေသမျှသည် မီ့ကို ဒုက္ခပေးခဲ့သမျှအားလုံးနီးပါးပဲဖြစ်ကာ မွေးနေ့ကိစ္စက အကြီးကျယ်ဆုံး ..။

“ဟား .. ဟား .. ဟား .. ရွှဲ ဆိုတဲ့ မိန်းမ အဲ့ဒီဝတုတ်မကို ပါးအွဲ ရိုက်လိုက်ရမှာ ..”



“ခါတော်မီ ဝတုတ်မက အပြေးမြန်သွားလို့ပါ၊ မဟုတ်ရင် ငါတို့ဆင်ထားတဲ့အကွက်ထက် ဆယ်ဆဆိုးမှာ ..”

မကြားဝံ့မနာသာတွေ ပက်ပက်စက်စက်ပြောကြရင်း ‘ဆယ်ဆ’ ဆိုသည့် စကားကို စု က လက်ဆယ်ချောင်းထောင်ပြီး ကွေးချီဆန့်ချီလုပ်ပြနေတာလူက ခပ်သေးသေးမျက်လုံးပြူးပြူးမို့ သရဲခြောက်ပြနေတဲ့အတိုင်း ..။

ပြီးတော့ လက်ဝါးချင်းရိုက်ပြီး ရယ်သံတွေတသောသောက ကျယ်ကျယ်လောင်လောင် ..။

လာဖွင့်ပေးထားသည့် ဖုန်းစခရင်နက အကြီးကြီးဖြစ်ကာ အသံအုန်တင်ပေးထားသဖြင့် မကြားစေချင်လည်းမရ မမြင်ချင်တာလည်း မဝိတ်နိုင် ..။

“ဘယ်လိုလဲ .. မဟုတ်ကဟုတ်က သိက္ခာချတာဘယ်သူလဲသိပြီလား ..”

“မေးမနေနဲ့ ဆွဲခေါ်လာခဲ့ .. ငါတို့ကို အခန်းတံခါးပိတ်ပြီး မီးပုံရှို့မယ်လို့ကြိမ်းဝါးထားတာ ပါချုပ်နဲ့ တက်တိုင်မယ် ..”

“ဟုတ်တယ် ..”

“ဟုတ်တယ် .. ငါတို့အတန်းထဲမှာ မထားဖို့ တစ်တန်းလုံးဝိုင်းပြောမယ် .. အတန်းနာတယ် ..”

တစ်ယောက်တစ်ခွန်း ပြောကြသံတွေကြားမှာ စု ထက် မြတ်တို့မျက်လုံးတွေပြူး အသက်ရှူတွေပြင်းလာခဲ့လျက် ..၊

“တော်တော့ .. ဟား.. အား ..”

စု က နားနှစ်ဖက်စုံပိတ်ပြီး တအားအော်ပစ်လိုက်၏။ အသံတွေ ထိန်နဲ့တိတ်ကျသွားခဲ့လျှင် ..၊

“ဒါ .. ဘယ်ခွေးသူတောင်းစား သူမိုက်ကျင့်သူခိုးကြံလုပ်တာလဲ၊ သူများပြောတာကို ချောင်းနားထောင်ပြီး ဗီဒီယိုခိုးရိုက်တာ ဘယ်ကောင်မလဲ ..”

မိုက်မိုက်ရိုင်းရိုင်းစိန်ခေါ်နေလျှင် စု ရဲ့ စကားလုံးတွေကြောင့် အားလုံးဒေါသထွက်ကုန်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"တော်တော် ရှိုင်းစိုင်းတယ်ကြည့်စမ်း .."

"ရှိုင်းတော့ ဘာဖြစ်လဲ .. ဒါ ဘယ်သူလုပ်တာလဲမပြောရင် .."

"ငါလုပ်တာ .."

ဩရှရှပြုတ်သားသည့် လေသံကြောင့် စု ထက် မြတ်တို့ ဆတ်ခနဲ လှည့်ကြည့်ကြသည်။

ကျောင်းတံခါးဝမှာ လက်ပိုက်လျက် ခပ်နွဲ့နွဲ့ရပ်နေသူက သမယ ဖြစ်ကာ သူ့ဘေးမှာ သံတွဲ နှင့် ..၊

"နင်တို့က ငါတို့ကို ဗီဒီယိုခိုးရိုက်တယ်ပေါ့ .."

"သိုးရေခြုံတဲ့ဝံပုလွေကို အရေခွံခွာချလိုက်တာလေ .. မိတ်ဆွေယောင်ဆောင်ပြီး နောက်ကျောက ဓားနဲ့ထိုးတဲ့လူလောက်တော့ မဆိုးဘူးမို့လား .."

"လူပါးဝလို့ ခါတော်မီ က နင့်မယားမို့လို့လား .."

"ဟေ့ .. မိုက်ရိုင်းလှချေလား .. အဲ့ဒါ ဘယ်သူလဲ ရှေ့ထွက်ခဲ့စမ်း"

"တီချယ် ဝင်လာပြီ .."

ဆရာမ ဒေါ်ကေသရီ က အပျိုကြီးပီပီ စည်းစံနစ်ကြီးသလောက် မျက်နှာထားကလည်းတင်းသည်။ စု ထက် မြတ်တို့ သုံးယောက် တီတ်ကျသွားကြ၏။

တစ်တန်းလုံးသည် ကိုယ့်နေရာကို ပြန်မထိုင်ကြဘဲ ဆရာမဆီ ဦးတိုက်သွားနေကြလျှင် ..၊

"စု .. ငါတို့ ဘယ်လိုလုပ်မလဲ .."

ထက် နဲ့ မြတ်တို့က လက်တို့၍ ကတုန်ကယင်တွေဖြစ်နေကြ၏။ စု မျက်နှာ နီရဲသေးငယ်နေကာ ..၊

"ငါ မသိတော့ဘူး .."



အခန်း (၂၇)

"ဟော .. လာ .. သားလေး .. လာ .."

"လာဟေ့ .. မင်းတော့ နားပူပြီသာမှတ် .."

"အစ်ကိုကလည်း .."

လူကြီးတွေပုံစံကိုကြည့်ပြီး သမယ က ပြုံးလိုက်ကာ ..၊

"အိမ်မှာလည်း နားပူခဲ့ပြီးပါပြီ .. မီ နဲ့ကျွန်တော် ဘာမှမဖြစ်ပါဘူး၊ အဲ့ဒါ အန်တီခင် စိတ်အေးအောင်လာပြောတာ .."

ပြောပြီး အိမ်ထဲကိုလှမ်းကြည့်သည်။ ပြီးမှ ဒေါ်ခင်မီကို ဘေးမှာဝင်ဆိုင်လိုက်ကာ ..၊

"ကျွန်တော်လည်း သူငယ်ချင်းတွေနဲ့ အလည်လိုက်သွားမလို့ လုံးပမ်းနေတာနဲ့ ဒီကိုမလာဖြစ်တာ၊ လာခေါ်တော့လည်း မီ နေမကောင်းဘူးဆို .."

"ဟုတ်တယ် .. ဖျားတာမဟုတ်ဘဲ နှုတ်ခမ်းလေးတွေ အရောင်ဖျော့ပြီး မျက်နှာကျသွားတာ .."

ဒေါ်ခင်မီကို က စိတ်ပူနေသည့်မျက်နှာနှင့် ဖြစ်လျက် ..၊

"သမီးက စိတ်ဆင်းရဲသွားပြီဆို ဒီလိုပဲဖြစ်တတ်တယ်၊ အဲဒါ သားချည်း သိပါတယ် .. ကျောင်းမှာဘာတွေဖြစ်ခဲ့သလဲ သား သိတာတစ်ခုခုများ ရှိဘူးလားကွယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သိတာကတော့ သူ ဒီလောက်ခံစားလောက်စရာမရှိဘူးထင်တယ် .."

"ဟင် .. ရှိတော့ ရှိတယ်ပေါ့ .."

"သူငယ်ချင်းချင်း စိတ်အခန့်မသင့်တာမျိုးပဲဟာ .."

ဒေါ်ခင်မီကို မျက်နှာ စိုးရိမ်မှုတွေ လွှမ်းခြုံသွား၏။

"သူငယ်ချင်းချင်း စိတ်အခန့်မသင့်တာမျိုးက ဘာကြောင့် အခန့်မသင့်ဖြစ်ကြတာလဲဆိုတာရှိသေးတယ်လေ သားရဲ့ သမီးက ကျောင်းမတက်ချင်တော့ဘူးတောင်ပြောနေတာ .."

ဟင်!...၊

ဒါတော့ နည်းနည်းများသွားပြီထင်သည်။

"ဒီလောက်ဖြစ်ဖို့ မလိုပါဘူး .. ကျွန်တော် မေးကြည့်လိုက်ဦးမယ်"

သမယ အပေါ်ထပ်ကိုတက်လာခဲ့သည်။ ဒေါ်ခင်မီကိုက လှေကားတစ်ဝက်လောက်ထိပါလာကာ ..။

"အန်တီတို့ အလုပ်ကိစ္စတွေပစ်ထားရတာလည်း လေးရက်တောင်ရှိပြီ သားရယ်၊ သူ့ကို တစ်ယောက်တည်းထားခဲ့ရမှာ စိတ်မချလို့လေ၊ ဒီနေ့ ကျောင်းမလိုက်ချင်ဘူးဆိုလည်း လေး က ခေါ်နိုင်းတယ်ဘာညာပြောပြီး သား ညီမကို အိမ်ခေါ်သွားပေးနော် .. အန်တီလေးကို ဖုန်းဆက်ထားလိုက်မယ် .."

ဆောဂါနေ တတွတ်တွတ်ပြော၍ လှေကားထိပ်ရောက်မှ ကျန်ရစ်ခဲ့၏။ အခန်းရှေ့ရောက်တော့ တံခါးခေါက်လိုက်ပြီး ...၊

"မီ .."

"ခေါက် .. ခေါက် .."

တံခါးခေါက်လိုက် ခေါ်လိုက်နှင့် ထူးသံကြားတော့ အိပ်မှုန်စုံမွှားနှင့် ...၊

"မီ .. ဟော့ .."

"ဟင် .. သမယ လား .."

"ဟုတ်တယ် .. အိပ်နေတာ ဘယ်နစ်နာရီရှိပြီလဲ .. မျက်လုံးလေး



ဘာလေး ဖွင့်ကြည့်ဦး .."

"ငါ အိပ်တာ တစ်နာရီလောက်ပဲရှိသေးတယ် ဆက်အိပ်မလို့နင်ပြန်တော့ .."

"ဘာ ..."

"ဒုန်း .."

"ဟား .. ဘာလို့ထုနေတာလဲ .."

"နင်ပြန်နိုင်းတိုင်းပြန်ရမှာလား .. ဖွင့်စမ်းပါ တံခါး .."

"မလာပါနဲ့ဆိုမှ ဒီမှာ ပိုးစိုးပက်စက်အိပ်နေတာ .."

"ထမီ လည်ပင်းတက်ချိတ်နေလို့လား .."

"ဟုတ်တယ် .."

"ခြေထောက်က ပြန်ကောက်စွပ်ပြီး တံခါးလာဖွင့် .."

မီ အသံတိတ်သွားသည်။ ပြီးတော့ တံခါးက ရုပ်ခနဲပွင့်သွားကာ နီရဲမှုန်အစ်နေသည့် မျက်နှာလေးက ဆံပင်ဖို့ယို့ဖားလျား စုတ်ဖွားဖွားကြားမှာ ..၊

"ဝင်လေ .. ဘာလုပ်နေတာလဲ .."

"ငါ့ကို အထဲခေါင့်သွင်းပြီး ဘာလုပ်ဖို့လဲ .."

"တံခါးပြန်ပိတ်မလို့ .."

ပြောပြီး သူ့ကို တွန်းဖယ်ကာ တံခါးပြန်ပိတ်လိုက်၏။ သမယ က လှည့်ကြည့်တော့ လူကိုကွေ့ရှောင်သွားပြီး မွေ့ရာပေါ်မှာ ဘုန်းခနဲ ခံလှဲသည်။

"ဟာ .. တကယ် ကြည့်စမ်း .."

"သမယ .. ငါ တကယ် မအိပ်ရသေးဘူး .."

"ဒီလောက်ထိ ဒုက္ခများနေတာကိုပဲသိချင်တာ၊ ဘာတွေခံစားနေရလို့လဲပြော .."

"သိရဲ့သားနဲ့ လာမေးမနေပါနဲ့၊ ပြောဖို့နေနေသာသာ တွေးလိုင်းငိုချင်နေတာ .."

ငိုချင်နေတာဆိုပြီး စောင်ခေါင်းမြီးခြုံပစ်လိုက်ကာ ဘာသိမ့်သိမ့်

www.burmeseclassic.com

www.burmeseclassic.com



လှုပ်နေအောင်ငို၏။

"ကျွတ် ..."

သမယ ခါးထောက်ကြည့်နေပြီးမှ ဆံပင်တွေဖိသပ်ချရင်း မွေ့ရာစပ်မှာ တင်ပါးလွှဲဝင်ထိုင်လိုက်သည်။

"မီ .."

ခေါင်းကိုဆွဲခွာတော့ မီ က အတင်းဖိကိုင်ထားကာ ..။

"ငိုနေပါတယ်ဆိုမှ .."

ငိုနေရင်းပြောဖို့လည်း အားနေသေးသည်။ သမယ ပြုံးလိုက်ကာ ခေါင်းကို ဆောင့်ဆွဲပစ်လိုက်၏။

"ဟာ .. ဘာလုပ်တာလဲ .."

"ထ .. မေမေက ခေါ်ခိုင်းလို့ .."

"မေမေ သင် လွှတ်လိုက်တာ .."

"အိမ်က မထွက်ခင်တည်းက မေမေမှာလွှတ်လိုက်တာပါ ..ကဲ.. ထပါဆိုမှ .."

မီ က ခေါင်းကိုပြန်လုမဆွဲတော့ဘဲ မျက်နှာတစ်ပြင်လုံးကို ?ုက် ပစ်လိုက်သည်။ ပြီးတော့ မထသေးဘဲ ပက်လက်လေးအတိုင်းငြိမ်နေ၏။

"မီ .. နင် ယောကျ်ားလေးတစ်ယောက်ရှေ့မှာ ဒီလိုကြီးနေရလား.."

"မသိဘူး .. နင် ဘာလို့ဝင်လာလဲ .."

"ဘယ်နေရာကြည့်ကြည့် မိန်းကလေးနဲ့မတူဘူး .."

"သမယ .."

သူ ထရပ်လိုက်တော့ မီ က လက်ကိုဆွဲထားကာ ငုတ်တုတ်လေး ထိုင်လိုက်၏။ ပြီးတော့ ...

"သမယ မေမေတို့ကို ဝိုင်းပြောပေးစမ်းပါ၊ ငါ ကျောင်းဆက် မတက်တော့ဘူး .."

"ဘာအတွက်နဲ့လဲ .."

"ဘာလို့ ဒါပဲမေးနေရတာလဲ၊ နင်တို့ပဲ အင်တာနက်ပေါ်တင်လိုက် သေးတယ်၊ အဲဒီလူတွေကို ငါ ဘယ်မျက်နှာနဲ့ ရင်ဆိုင်ရမှာလဲ .."



"နင်က ဘာရင်မဆိုင်ရဲစရာရှိလို့လဲ .. စုထက်မြတ် တို့ ကျောင်း ထွက်တော့မလိုဖြစ်နေကြတာ သူတို့ရှက်ဖို့လည်း ထားပါဦး .."

"ဟင့်အင်း .. ငါ့ကို မိန်းမနှောက်ပိုးဆိုပြီး အားပါးတရကြီး အတင်း တုပ်နေတာ တစ်ကျောင်းလုံးသိကုန်ပြီ၊ ပြီးတော့ .. ပြီးတော့ ချစ်တိုင်း ရဲ့ မွေးနေ့မှာ စွဲ တို့ ငါ့ကိုအရှက်ခွဲခဲ့တာတွေရောပဲ .. ငါ ရှက်လို့သေ တော့မယ် .."

"ရှက်လို့ အသက်ထွက်သွားတဲ့မသာမရှိသေးဘူး .. ဘာလဲ .. ကိုယ့် ကိုယ်ကိုယ် သတ်သေချင်တာလား .."

"နင်ကလည်းဟာ .."

"နင့်ကို ကျောင်းသွားဖို့ ခုလာခေါ်တာ .. ထ .. အဝတ်စားလဲ .."

အဖြူရောင်လည်ကတ်ဆွယ်တာ လက်ရှည်လေးနှင့် နို့စိမ်းရောင် ဘောင်းဘီရှည်ပွပွလေးဝတ်ထားသည့် မီ က ကိုယ်ပေါ်ကစောင်ကိုခွာ ချလိုက်ရင်း ခေါင်းခါ၍ ...

"ငါ ကျောင်းမတက်တော့ဘူးလို့ ဆုံးဖြတ်ပြီးပြီ .."

"မီ ..."

သူ မွေ့ရာစပ်မှာ ဆောင့်ခနဲပြန်ထိုင်လိုက်မိကာ ..။

"ငါတို့က နင့်ဘက်က စိတ်တိုလို့ အဲဒီသုံးယောက်ကို ပညာပေး လိုက်တာ၊ တစ်ကျောင်း? ?ဖြစ်ကုန်ကြတာတော့ မတတ်နိုင်ဘူးလေ၊ ဒါကြောင့် ? ?လိုဖြစ်တာဆိုရင် ငါ့ကြောင့်ပေါ့ .."

"ဘယ်ကဟုတ်ကမှာလဲ .. ဆောင်းလခါမီ ဆိုတဲ့ ငါ့ကိုက အသုံး ကျခဲ့တာ၊ အဲဒီမွေးနေ့ပွဲကကိစ္စမှာတင် ရှက်တတ်ရင် လဲသေလို့ရနေ ပြီ .."

"အခု လဲမသေသေးဘူးဆိုတော့ .. မရှက်တတ်သေးဘူး .."

"သမယ နော် .. နင် ငါ့ကို .."

"ကဲ .. ထပါဆိုဟာ .."

"မလိုက်ဘူး .. နင်လည်း ငါ့ကို အမြဲတမ်းကဲ့ရဲ့နေတဲ့သူပဲ၊ နောက်ဆို ခွင်တွေ့တာနဲ့ ပြောတော့မှာ၊ ငါ့ကိုမခေါ်ပါနဲ့ .. အဲဒီအတန်း

www.burmeseclassic.com

www.burmeseclassic.com



ထဲကို ခြေချဖို့ ငါ စိတ်ကူးထဲမှာတောင် ..."

စကားအရှိန်နဲ့ပြောနေရင်း ရပ်တန့်သွားကာ မီ က သမယ မျက်နှာကို အထူးတဆန်းမော့ကြည့်၏။ ပြီးတော့ ...

"နင်က နံပါတ်တစ် .. ကင်း .. ဟုတ်လား .."

"ဘယ်လူကြီးက ပေးတဲ့ဘွဲ့လဲ .."

"လုပ်မနေစမ်းပါနဲ့ .. နင် ဘာလို့ ငါ့ကိုမပြောတာလဲ၊ ငါကလည်း လုံးဝကိုသတိမထားမိခဲ့ဘူး၊ အတင်းတုပ်တဲ့ဗီဒီယိုမှာ စုတို့ ပြောနေကြတာကြားမှသိတယ်၊ ငါက ကင်းသုံးကင်းကို ရရာဖမ်းဖို့ အရှက်မရှိ အသေအလဲကြိုးစားနေတာတဲ့ .."

"အဲဒါတွေပဲ ဘာလို့ အထပ်ထပ်တွေးနေတာလဲ၊ နင် အရင်တုန်းက ဒီလိုမဟုတ်ဘူး .."

"အရင်တုန်းကလည်း ဒီလိုလုပ်ဖူးခဲ့တာမှမဟုတ်တာ .."

မီ့ မျက်ဝန်းမှာ ငိုချင်လာသည့်အရိပ်ကြောင့် မျက်ရည်မြူတွေ ရစ်သိုင်းလာခဲ့ပြန်သည်။

"စု တို့ အတင်းတုပ်ကြတာ နာမည်ကျော်သွားပေမယ့် ပြောစရာဖြစ်အောင် အနေအထိုင်မတတ်ခဲ့တာက ငါပါ .."

စွဲ ကို မင်းရဲ ဘေးမှာ မြင်နေရက်နဲ့ ကိုယ့်ကိုလည်း ရန်လိုဒေါသထွက်နေတာခံနေရတာတောင် မင်းရဲ ရဲ့ ရည်းစားမှန်းမသိလောက်အောင် သူမ ကြောင်တောင်ကန်းနေခဲ့၏။

ပြီးတော့ ပါလာသေးတာက လင်းလက်ကျော ဆိုသည့်တစ်ယောက်..။

"သမယ နင် ငါ့ကိုပြောဖူးတယ်နော် .. မင်းရဲ အစ်မက နင့်ရည်းစားဆိုတာ .."

"အဲဒါ .. ဘာဖြစ်လဲ .."

"စွဲ ကို ငါက မင်းရဲ အစ်မလို့ထင်ပြီး သူနဲ့တွေ့တိုင်း သူပြောတာတွေကို .."

"ခုထိ နင့်ပါးစပ်ထဲမှာ တရဲတည်းရဲနေတုန်းပါလား .."

သမယ က နေရာကထရပ်လိုက်ပြီး ဆောင်းဘီအိတ်ထဲ လက်တွေ



ထည့်ထားကာ ..၊

"ကျောင်းမတက်ချင်တော့တာက ရှက်နေတာလား .. အသည်းကွဲနေတာလား .."

"နင်ကလည်း ငါမေးတာကိုတော့မဖြေဘူး .."

"ဘာလို့ဖြေရမှာလဲ .. ငါဖြေချင်မှဖြေမှာပေါ့ .."

"အခုတော့ ဖြေပေးစမ်းပါ .. နင့်ရည်းစားက လင်းလက်ကျောလား.."

"ဟုတ်တယ် .."

ဩော် .. တကယ်ကို သူမ ဘာမှမစုံစမ်းမသိရှိခဲ့တာပါလား ..။ မီ မျက်နှာလေးငေးငိုင်ငြိမ်သက်သွားခဲ့၏။ လင်းလက်ကျော က မင်းရဲ ရဲ့ အစ်မ သမယ ရဲ့ ချစ်သူက လင်းလက်ကျော ..။

သမယ တစ်ယောက်လုံး ဒီရှုပ်ထွေးမှုထဲမှာ ပတ်သက်နေသူအဖြစ် ရှိနေခဲ့တာတောင် သူမ ဘာမှ သတိမထားမိခဲ့ ..။ မင်းရဲ ရည်းစားများသည်။ လက်ရှိရည်းစားရှိနေသလိုလိုလည်း ကြားမိသည်။

ဒါနဲ့တောင် စုတို့က စွဲ နဲ့ မင်းရဲ ကို မောင်နှမအဖြစ်ယုံအောင် ပြောထားခဲ့သည့်စကားတွေထဲမှာ သူမက လိုသလိုဆွဲတွေးပြီး ကျေနပ်နေခဲ့၏။ ပြီးတော့ ခေမာ့ ဆီက သတင်းရထားတာရှိသေးသည်။

လင်းလက်ကျော က ချစ်တိုင်း နဲ့ စေ့စပ်ဖို့ဖြစ်ခဲ့ဖူးသည်။ ချစ်တိုင်း က ငြင်းခဲ့သဖြင့် သူမနဲ့ ချစ်တိုင်း ခင်မင်နေတာကို ရှက်ဒေါသတွေကြီးနေခဲ့သည်တဲ့ ..။

"ငါ့ကို ဂျူလိုင် က ပြောတာ၊ အစတုန်းက လက်ကျော နဲ့ ဂျူလိုင် တို့က သူငယ်ချင်းရင်းတွေလေ၊ သူတို့လမ်းခွဲလိုက်ကြတာ မကြာသေးဘူးဟ .. ချစ်တိုင်း နဲ့ စေ့စပ်ဖို့မဖြစ်မြောက်ခဲ့တဲ့ကိစ္စကို လူတိုင်းမသိပေမယ့် ဂျူလိုင် ကတော့သိတယ်၊ စုထက်မြတ် ကလည်း နင့်ကိုလုပ်ကြံဖို့ မည်းခြေတင်နေတယ်၊ စွဲ ကလည်း မင်းရဲ ကို နင်က ဖွတ်လိုက်နေတယ်ထင်ပြီး ဒေါသထွက်တယ်၊ လက်ကျော ကတော့ ချစ်တိုင်းကြောင့်လေ၊ ဒါကြောင့် နင့်ကို စုပြုံမုန်းနေကြတာ .." တဲ့ ..။

မျက်ရည်စက်တွေ တပေါက်ပေါက်ပြိုဆင်းလာကြသည်။ ဒါကို

www.burmeseclassic.com



သမယ တိတ်ဆိတ်စွာ ကြည့်နေရင်း ရှုံ့မဲ့သွားကာ ...၊

"ဘာဖြစ်ရပြန်တာလဲ .. အဲဒါက လင်းလက်ျာ နဲ့ ဘယ်လိုတွေငြိနေလို့လဲ .."

"ငါ့ကြောင့်ပါ .. အဲ့ဒီလူစုလူဝေးကြီးထဲကို ငါက မတန်မရာ တိုးဝင်သလိုဖြစ်သွားခဲ့တာ၊ နင်ပြောနေတာတွေကိုလည်း နားမထောင်ခဲ့ဘူး၊ ခေမာ ကလည်း စုထက်မြတ် ကို သတိထားဖို့ အမြဲသတိပေးခဲ့တာ ငါ ဂရုမစိုက်ခဲ့ဘူး .."

"မင်းရဲ ကိုပဲ နင် အာရုံစိုက်နေတာကို၊ မင်းရဲ နဲ့ တွန်းပို့ပေးမယ့် လူတွေပဲ နင် နားထောင်ချင်မှာပေါ့ .. အချစ်နဲ့ပတ်သက်လာရင် လူတိုင်း ဒီတိုင်းပါပဲ .."

"မဟုတ်ဘူး .. သမယ .."

မီ က ပြတ်သားသည့်အသံလေးနှင့် တားလိုက်သည်။ သို့သော် ဓလေ့ဓဝါဖြစ်သွားသလို ပြန်တိတ်ကျသွားကာ မျက်ရည်တွေသုတ်၍...

"ငါ .. အဲ့လိုကြီးမဟုတ်ပါဘူး၊ နင် ငါ့ကို နားလည်သားနဲ့ သမယရယ် .. ငါက .. ငါ .."

"ရပြီ တော်တော့ .."

"ပြောမှာပဲ .. ငါ ခံစားနေရတာ မင်းရဲ ကို ကြိုက်နေလို့မဟုတ်ပါဘူး၊ သူနဲ့တွဲနေတဲ့ မိန်းမတစ်ယောက်ဖြစ်ဖို့ကိုပဲ လိုချင်ခဲ့တာ .."

ပြောပြီး သူ့ကို ပြန်မော့ကြည့်၍ ...

"တကယ်ဆို .. ငါ့မှာ နင့်လို သူငယ်ချင်းမျိုးရှိနေတာပဲ .."

"ဒါပေါ့ .. အခု ဆေးစားမှန်သွားပြီဆိုတော့ ကျောင်းတက်ဖို့ အဆင်ပြေပြီလား .."

"မပြေဘူး ..."

"ငါ စိတ်မရှည်တော့ဘူး မီ .. နင့်ကိုယ်နင် ဘယ်နိုင်ငံရောက်နေတယ်မှတ်လို့လဲ ဒီအရွယ်ပဲရှိသေးတယ် ကျောင်းဆက်တက်မယ် မတက်ဘူးဆိုတာ နင် တစ်ယောက်တည်းဆုံးဖြတ်လို့မရဘူး .."

"အဲဒါကြောင့် နင်ပြောပေးလို့ .."



"လုံးဝ ပြောမပေးနိုင်ဘူး၊ ဖြစ်ပြီးတာတွေကိုထားလိုက်၊ ချောတဲ့ကောင်တွေနဲ့တွဲပြီး ဂုဏ်ယူချင်တာတွေလည်း ဖျောက်လိုက်တော့ .."

"ဒါပေမယ့် နင်နဲ့ သူငယ်ချင်းဖြစ်နေတာလည်း ငါ့မှာ အန္တရာယ်ရှိသေးတာပဲ .."

"ဘာ ..."

"လက်ျာ ဆိုတာ ငါ သေချာမသိပေမယ့် နင့်ရည်းစားဖြစ်နေတဲ့အတွက်၊ ပြီးတော့ ချစ်တိုင်း နဲ့ ပတ်သက်ပြီး မကျေနပ်နေတဲ့အရှိန်နဲ့ သူနဲ့ ငါ ပြီးမှာမဟုတ်ဘူး .."

"ငါနဲ့ ပြီးသွားပြီ .."

"ဘယ်လို ..."

"ကဲ .. ပြီးသွားပြီဆိုမှတော့ .."

သမယ က ပြေပြီး လှည့်ထွက်သွားကာ အဝတ်ဗီရိုကိုသွားဖွင့်သည်။

"သမယ ဘာလုပ်နေတာလဲ .."

"ဘာလုပ်လုပ်မရှည်နဲ့ .. နင် မြန်မြန်ထပြီး မျက်နှာသွားပစ်နာရီဝက်ပဲ အချိန်ရတယ် .."

"သမယ ..."

မီ မွေ့ရာပေါ်ကဆင်းလိုက်ပြီး သမယ ဆီးကိုရောက်သွားသည်။ ပြီးတော့ အင်္ကျီချိတ်တွေဆွဲချဖို့ပြင်နေသည့် သမယ လက်ကို လက်မောင်းကနေဆွဲထားလိုက်ကာ ...၊

"ငါ ကျောင်းပြန်တက်မှာပါ .. ဒါပေမယ့် ဒီနေ့တော့မလုပ်ပါနဲ့၊ ငါခေါင်းလည်းမကြည်သေးလို့ပါ .."

"ဘယ်နှစ်ရက်ရှိပြီလဲ ခေါင်းမကြည်တဲ့ကိစ္စက .. မရဘူး .. မျက်နှာဆို မြန်မြန်သွားလုပ် .."

သမယ က အင်္ကျီချိတ်တွေဆွဲဖြုတ်ပြီး ပြန်ချိတ်လိုက် မွေ့ရာပေါ် ဝစ်တင်တာတင်လိုက်နှင့် ထင်သလိုလုပ်နေကာ ...။

"ကဲ .. မပြီးနိုင်ဘူးလား .."

မီ က မျက်နှာကို ရေသုတ်လက်စနှင့် မှန်တင်ခုံရှေ့မှာထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဒီတိုင်း မှန်ကြည့်ရင်း တောင့်မတ်ငြိမ်သက်နေ၏။

"ဘာလုပ်နေတာလဲ အဲဒါ .."

"ငါ ခုမှ စဉ်းစားမိတယ် .."

"အိမ်သာတက်ချင်လာတာလား .. ကျောင်းရောက်မှတက် .."

"မဟုတ်ပါဘူး .."

ဒေါသသံနှင့် အော်ကာ မီ က မှန်ကိုကျောခိုင်းပြီး သူ့ဘက် ဇွေ့ခနဲ လှည့်ထိုင်၏။

"နင် ဘာဖြစ်လို့ ငါ့ကို ဒီလောက်တောင် ကျောင်းပြန်တက်စေချင်နေတာလဲ .."

"သူများများတာက ကိုယ်မှားသလိုဖြစ်မှာစိုးလို့ပေါ့၊ ခုချိန်မှာ အခန်းအောင်းပြီး သေအောင်ရှက်နေရမှာက နင်မဟုတ်ဘူး .."

"ငါကတော့ .. ငါလို့ထင်တာပဲ .."

"ကျွတ် ..."

"နင်ပဲစဉ်းစားကြည့် .. သူများလုပ်ကြံချင်အောင် ငါကပဲ .."

"နင် ဒါတွေပဲ ဆက်ပြောနေရင် ငါတစ်ယောက်တည်းထွက်သွားမှာနော် .. စိတ်ရှည်သည်းခံခြင်းက ဒီမှာတင်ကုန်နေပြီ .."

"ကောင်း ..."

"ကောင်းတာပဲလို့မပြောနဲ့ .. ကျောင်းမှာ ပြဿနာဖြစ်တာတွေ အန်တီခင် တို့ကို ငါပြောပြလိုက်မှာ .."

"ဘာ .. ဘာရယ် .."

"ဒီတိုင်းပြောမယ်လို့တော့မထင်လိုက်နဲ့၊ အကြီးကြီးချဲ့ကားပြောမှာ .. ဟိုကောင့်ကို မရလို့ လူဖြစ်ရှုံးပါပြီဆိုပြီး .."

"တော်ပါတော့ .."

မီ က ပက်ခနဲပြန်အော်သည်။ သမယ က ပြုံးလိုက်ပြီး မှန်တင်ခုံဆောင်းမှာ လက်ပိုက်ရပ်လိုက်၏။ မီ က မျက်စောင်းရွယ်ပေမယ့် ထိုးလည်းမထိုးဘဲ မှန်ကိုပြန်ပြီး မျက်နှာမူသည်။

ပြီးတော့ မျက်နှာကို စိတ်ပျက်စွာကြည့်၍ ...



"ငါ ငိုထားတဲ့မျက်နှာကြီးကိုကြည့်ပါဦး .."

"မကြည့်ချင်ပါဘူး .. ကျက်သရေမှမရှိတာ .."

"နင့်ကိုလည်း မကြည့်ခိုင်းဘူး၊ အပြင်ထွက်လို့မရတာကို ပြောချင်လို့ ဒီလောက်နီရဲဖောင်းပွနေတဲ့မျက်နှာနဲ့ .."

"ဘယ်တုန်းကရော ပိန်ကပ်ချောင်ချိနေတာရှိလို့လဲ .."

ရယ်ချင်ပတ်ကျိရှုပ်ကြီးနဲ့ တည်နေသည့်မျက်နှာကိုမော့ကြည့်ကာ မီ ဝမ်းနည်းသွားမိသည်။ သူမက ထိုမျှလောက်ထိ ရုပ်ဆိုးတဲ့သူလား၊ မင်းရဲ လိုလူကို မမှန်းသင့်တဲ့အထိ သူမ ရုပ်သွင် ဆိုးရွားနေသလား ...။

"မီ ဆိုတဲ့မိန်းမ မတန်မရာတွေလိုက်မှန်းနေတာနော် .. ငါ အသည်းယားလွန်းလို့ ကောင်းကောင်းလက်ဆင်နဲ့ပေးလိုက်တာ .."

"ငါလည်း အဲဒီလိုအရှိုးကြီးခံသွားရအောင် လုပ်ချင်လွန်းလို့ နေ့စဉ်မျှိသိပ်ပေါင်းသင်းနေရတာပါ မီထက် ရယ် .. ကောင်မ ငတ်ကြီးကျဖုံများ ရည်းစားကြီးငုတ်တုတ်မြင်နေတာတောင် အစ်မလို့ထင်ပြီး ကြောင်တောင်နိုက်ဖို့ကြိုးစားသေးတယ် .."

"သမယ နဲ့ရော ဘယ်လိုသွားပတ်သက်လိုက်တာလဲမသိဘူး၊ နောက်ထပ် လက်ဆင်နဲ့ထစ်ခုပေးဖို့ စဉ်းစားရဦးမယ် .."

"ဒီကိစ္စမှာတော့ ဖက်တီးမ ရိုပ်မိသွားလောက်တယ်နော် .."

"ပွမနေနဲ့ ရိပ်မိလည်း မရိပ်မိသလိုနေဦးမှာပဲ .. ဒါမှ သူများဟာကို လုလို့ရမှာကို .."

ပြောလိုက်ကြတာ မီ့ အကြောင်းတွေတစ်လုံးတစ်ဝ ...။

ဒေါ်ထက်မကတာတွေ ဒီ့ထက်ဆိုးတဲ့စကားလုံးကြမ်းကြမ်းတွေ...။

သူမတို့ရဲ့ စကားသံတွေအပြင် ရှေ့ကရော နောက်ကရော သေချာရိုက်ထုထားသဖြင့် ကိုယ့်အကြောင်းပြောနေစဉ်မှာ ကိုယ့်အပေါ်ဘယ်လောက်မုန်းတီးနေသလဲဆိုတာ သူမတို့မျက်နှာအမူအရာတွေ အထင်းသား...။

"ကဲ .. လုပ်လေ .."

"မလုပ်ချင်ဘူးဟာ .. ငါ့ အဲဒါတွေကိုဖျောက်လို့ရသေးဘဲနဲ့ သွားရင် သူများကဲ့ရဲ့စရာတွေထပ်ဖြစ်ဦးမှာပဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ပျောက်လို့မရဘူးဆိုတာက .. မင်းရဲ့ ကို .."

"ဟာ .. မဟုတ်ပါဘူး .."

မီ က မျက်နှာကိုပဲ အထပ်ထပ်ဖိပွတ်နေကာ ...၊

"ငါ ခုနပြောဖို့သတိရတယ်ဆိုတာ ဒီဆံပင်တွေကိုပြောတာ၊ ငါက မျက်နှာပြင်တာမဟုတ်ဘူး .. တစ်နေ့တစ်နေ့ ဒီဆံပင်တွေရှင်းရတာပဲ နာရီဝက်လောက်ကြာတာ၊ အဲဒါကြောင့် .. ခုမဖြစ် .."

"ဖြစ်တယ် ..."

မီ စကားမဆုံးခင် သမယ က ဘီးကိုကောက်ယူလိုက်ကာ ...၊

"မျက်နှာကိုလုပ် .."

"သမယ .. နင် ငါ့ကိုဆို ဘယ်တော့မှ စာနာမပေးဘူးသိလား .."

"ဩော် .. ရည်းစားကိုအပြတ်ခံပြီး ခင်ဗျားအတွက် လိုက်လုပ်ပေးနေရတာ စာနာမှုမပါသေးဘူး .. ဟုတ်လား .."

"ဟင် .. ငါ့ကြောင့်ပြတ်တာလား .."

"မသိဘူး .. အမြဲတမ်းပြဿနာရှာနေတာပဲ .. နောက်ပိုင်းပြဿနာတွေမှာပါချင်လည်းပါမှာပေါ့ .."

"တွေ့ရှောင်ပြောမနေပါနဲ့ .. ငါ့ကြောင့် ဟုတ်လား .. မဟုတ်ဘူးလား ပြော .."

"ဟုတ်ဟုတ် မဟုတ်ဟုတ် .. ရည်းစားကွဲတာနဲ့ ကမ္ဘာပြိုမသွားဘူး .. မေးမနေနဲ့ .."

"အား .. သေပါပြီ .."

"ဆောရီး .."

"သမယ နော် .. နင် ငါ့ကို မကျေနပ်တိုင်းပညာပြနေတာ .."

"ဟုတ်တယ် .. တစ်ပင်မှမကျန်တော့အောင် ဘီးနဲ့ ခုတ်ချမလို့"

ပြောပြီး မှန်တင်ခုံပေါ်က ဟဲရ်ကုတ်ဘူးကို လှမ်းယူလိုက်သည်။ မီ က မှန်ထဲကနေ သမယ လုပ်နေသမျှကို လိုက်ကြည့်၍ ...၊

"သမယ .. နင် အဲဒါတွေလုပ်တတ်နေတယ်နော် .."

"ဟုတ်တယ် .. ရည်းစားတွေကို လုပ်ပေးနေကျ .."



"ဟင် ..."

မီ မျက်ခုံးလေးနှစ်ဖက်မြင့်တက်သွားသည်။ မှန်ထဲကနေကြည့်လိုက်တော့ သမယ က တကယ်ပြောနေသည့်မျက်နှာနှင့် ...၊

"ဒါဆို .. နင်က သူတို့အိပ်ခန်းထဲထိ .."

"ဘယ်နှစ်ကြိမ်မှန်းတောင် မသိတော့ဘူး .."

"အယ် ..."

မီ့ မျက်နှာလေးမှာ ဝမ်းနည်းကြေကွဲခြင်းတွေအစား သမယ ရဲ့ ပြောစကားတွေပေါ်မှာ အံ့သြခြင်းက ခံစားချက်အသစ်ဖြစ်သွားခဲ့၏။

"ရည်းစားတွေကိုဆိုတော့ ဘယ် .. ဘယ်နှစ်ယောက်လောက်တောင်လဲဟင် .."

"တက္ကသိုလ်မတက်ခင်တည်းက ရည်းစားထားလာတာ ဘယ်နှစ်ယောက်မှန်းတောင်မသိတော့ဘူး .."

"မဟုတ်ဘူးလေ .. ယောကျ်ားလေးတွေက ကိုယ်ချစ်တဲ့မိန်းကလေးကိုပဲ အဲ့လိုမျိုးတွေလုပ်ပေးနေကြတာဆို .."

မှန်ထဲကနေ မျက်လုံးလေးဝိုင်းနေအောင် ကြည့်နေသည့် မီ့ မျက်နှာကြောင့် သမယ ရယ်ချင်နေမိ၏။ သို့သော် ...

သူမ စိတ်ပြောင်းသွားပြီမှန်း သိလိုက်သဖြင့် ဒီတိုင်းပဲနေလိုက်ရင်း ...၊

"ဆံပင်တွေကိုဆေးဆိုးတာက ဘယ်သူအကြံပေးတာလဲ .."

"ငါ့စိတ်ကူးနဲ့ငါပါ .."

သူမ ဆံပင်တွေတ နဂိုတည်းက နီသလိုလို ဝါသလိုလိုရှိကာ ပျော့နဲ့သည့် ဆံနွယ်မျိုးမဟုတ်သောကြောင့် အဝါရောင်သန်းပေမယ့်ကြည့်လို့ [illegible] ... ထို့ပြင် ...၊

[illegible]ကောက်ဖြစ်နေသောကြောင့် ဟဲရ်ကုတ်မနိုင်လျှင် ပွယောင်း[illegible]ကြီးဖြစ်နေပြီး ကြည့်ရဆိုးသေးသည်။

[illegible] ဆံပင်ကိုကိုင်ကြည့်ရင်း ပြန်တော့ဖြေပေမယ့် ...

"နင် စကားမလွှဲနဲ့နော် .. ငါတို့ပြောနေတာ အဲဒီအကြောင်းမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘဲနဲ့ ..."

"မသိတော့ဘူး .. ဘာလဲ .."

ဘီးကို မှန်တင်ခုံပေါ်ပစ်ချလိုက်ကာ နာရီကြည့်၍ ---

"ကဲ .. မွေ့ရာပေါ်မှာချပေးထားတာတွေရှိတယ်၊ ကြိုက်တာယူဝတ်ပြီး မြန်မြန်ထွက်လာခဲ့ .."

"နေပါဦး .. ငါ ..."

သူမ စကားမဆုံးခင် သမယ က ဖုန်းလာနေသဖြင့် လက်ကာပြကာ ....

"ဟုတ်တယ် .. ပြောလေ ပန်းကလေး .."

နောက်ထပ် နာမည်သစ်ပါလား ..။

အင်္ကျီဝင်လဲနေရင်း သမယ ဖုန်းပြောနေတာကိုလည်း နားစွင့်ထားမိ၏။ လက်ျာ နဲ့ ဘယ်တုန်းကပြတ်သွားသည်တော့မသိ ..။ နောက်တစ်ယောက်နဲ့ တာထွက်နေပြန်ပြီ ..။

"လာမှာပေါ့ .. သေချာစီစဉ်ထားကြတာကို .."

"..... ..... ....."

"မင်းတို့ခြံထဲကို မလာချင်တာမဟုတ်ဘူး၊ ဟိုမှာက ရေကူးကန်လည်းပိုကြီးတယ်၊ ကိုယ်တို့ ယောက်ျားလေးတွေချည်း ခြောက်ယောက်တောင်ပါမှာလေ၊ မင်းခြံထဲကို လာဖို့မသင့်တော်ဘူးထင်လို့ပါ .."

ဖုန်းပြောသံကြားလိုက်ရတိုင်း သမယ တို့လေသံက အထက်မှာပျံဝဲနေတတ်တာ သတိထားမိတော့ ပြုံးမိသည်။ အနက်နဲ့ အပြာနုအကွက်လေးတွေပါသော ရှပ်အင်္ကျီနှင့် အပြာနုနဲ့ အရင့်ပါသည့် စကတ်ရှည်ကိုဝတ်လိုက်ပြီး ပြန်ထွက်လာခဲ့သည်။

သမယ က ပြောနေတုန်းဖြစ်ကာ မို လွယ်အိတ်ထဲကလည်း ဖုန်းမြည်လာ၏။ သူမ ဖုန်းထုတ်ယူနေတုန်း သမယ သူမနောက်ကိုရောက်လာကာ ...

"အင်း .. ခေါ်လာလို့ရပါတယ် .. လူများတော့ ပိုစည်တာပေါ့-"

ဖုန်းပြောရင်း အနားမှာလာကပ်ရပ်နေသဖြင့် မို မကျေမနပ်နဲ့ရှေ



ကြည့်ကာ ဖုန်းကိုင်ပြီး တစ်ဖက်လှည့်ပစ်လိုက်၏။

သို့သော် ဖုန်းထဲက နာမည်ကိုဖတ်လိုက်မိလျှင် ..၊

"ချစ်တိုင်း ..."

မှန်ထဲမှာ ဖြစ်ပျက်သွားသော ကြည့်နေပီတိတို့နှင့် မို့ မျက်နှာလေးကို သမယ က စူးစိုက်ကြည့်နေ၏။ မို က သူမကိုယ်သူမ မှန်ကို မျက်နှာမူထားမိမှန်းလည်း သတိမထားမိ ..။

သမယ ကြည့်နေတာကိုလည်း သတိမထားမိဘဲ ..၊

"ချစ်တိုင်း ..."

"..... ..... ....."

"ဟင် ..."

"..... ..... ....."

"ချစ်တိုင်း .. အဲ့ .. အဲ့ဒါကလေ .."

"..... ..... ....."

"ဟင့်အင်း .. မဟုတ်ပါဘူး၊ မို နေမကောင်းလို့ပါ .."

သမယ နားထဲကို ပန်းကလေး ပြောနေတာတွေ ဘာမှမဝင်တော့ မို စကားသံတွေပဲ ဝင်နေခဲ့၏။

"ဒီနေ့လာမှာ .. အင်း .. ခု ထွက်လာတော့မလို့ .."

မှန်ထဲမှာ မို မျက်နှာပြုံးနေပုံကို တစ်ခါမှ မမြင်ဖူးခဲ့သလို စူးစိုက်ကြည့်နေရင်း ..၊

"အင်း .. ဒါပဲနော် .. ကိုယ် အလုပ်ရှုပ်နေလို့ .."

သူ ဖုန်းပိတ်လိုက်တာနှင့် မို ပြောလို့ပြီးသွားတာ တစ်ပြိုင်တည်း...

"သမယ .."

မို သူ့ဘက်ကို ချာခနဲလှည့်လိုက်ကာ ရွှေထုပ်ကောက်ရသည့်မျက်နှာနှင့် ..၊

"ချစ်တိုင်း ဆက်တာသိလား .."

"ဘာလဲ .. ဂုဏ်ပြုပွဲလုပ်ပေးရဦးမလား .."

"မဟုတ်ပါဘူး .. သူပြောတာတွေက ထူးဆန်းလို့ပါ၊ ဒါတို့ဖြစ်

www.burmeseclassic.com



နေတာတွေကို သူ ဘာမှမသိဘူးတဲ့၊ ပြီးတော့လေ .. ဟို .. သူက မေးတယ်၊ မင်းရဲ ကို တကယ်စွဲလမ်းနေတာလားတဲ့ .. အခု စကားပြောချင်လို့ သူ ဘယ်ကိုလာရမလဲတဲ့ .. ကျောင်းမတက်တာကြာပြီဆိုလို့ .. သူ စိတ်ပူ .."

"ကဲ .. ပြီးရင်သွားမယ် .."

"အင်းပါ .. အ .. နေပါဦးဆိုမှ .."

မီ လွယ်အိတ်လေးကို ပခုံးမှာတောင်မချိတ်နိုင်သေးဘဲ သမယ ဆွဲခေါ်ထုတ်လာတဲ့အတိုင်းပါလာခဲ့သည်။

"လွှတ်ပါဦး ငါ နင့်ကို တိုင်ပင်ချင်လို့ပါ .."

"ကားပေါ်မှာ ပြောလည်းရတာကို .."

"ငါအခု ပြောပြနေတာ နင်နားထောင်ရင်ရပြီလေ .. ချစ်တိုင်း အမေ့ .."

မီ ခလုတ်တိုက်ခြေလှမ်းမှားရင်း မရမကပြောဖို့ကြိုးစားနေကာ

"သူ့ပုံစံက တစ်မျိုးကြီးပဲ .. ငါ သူနဲ့ ရင်းနှီးပေမယ့် .."

"မီ .."

"ဟင် .."

"ရည်းစားထားချင်နေတာနဲ့ ရည်းစကားစကားပြောမယ့်သူရှိလ တာနဲ့ အတော်ပဲဖြစ်နေတာကို ခုကျမှ 'အ' သွားပြီလား .."

"ဘယ်လို .. နင် ဘာပြောလိုက်တာ .."

"ဘာမှမဟုတ်ဘူး .. ကျောင်းရောက်ရင် ချစ်တိုင်း နဲ့ရော နော ထပ် ဘယ်သူနဲ့ဖြစ်ဖြစ် တွေ့ရမှာ .. အချိန်ကုန်ခံမနေဖို့ပြောချင်တာ

သူတို့နှစ်ယောက် အတူတူဆင်းလာကြလျှင် ဦးမိုးဆောင်း ဒေါ်ခင်မီကို တို့ကလည်း ပေါ်တီကိုအောက်မှာ ညွှန့်သည်တွေနဲ့ စကား ပြောနေရင်း နောက်လှည့်ကြည့်၍ ...

"မင့် သမီးပါလာပြီ .."

"သမီး ..."

ဒေါ်ခင်မီကိုက မို့ ဆီ လျှောက်ဝင်လာပြီး နဖူးလေးကိုစမ်းကာ



"သမီး နေကောင်းရဲ့လား .. အခန်းထဲဝင်သွားပြီးရင် ပြန်ကိုမထွက်တော့ဘူး သမီးရယ် .."

"မီ ဘာမှမဖြစ်ဘူး မေမေ .. ဒီမှာ သမယ ကြောင့် ခလုတ်တိုက်တာ ကံကောင်းလို့ ခြေသည်းတွေမလန်တာ .."

"အန်တီခင့် သမီး စကားများနေတာလေ .. ဒီမှာ ချိန်းထားတာတွေ နောက်ကျနေလို့ .."

"အဲဒါ နင်ပဲ .."

မို့ စကားတွေ ဒီမှာတင်ရပ်သွားခဲ့၏။ မိဘနှစ်ပါးနှင့် စကားပြောနေကြသော ညွှန့်သည်သုံးယောက်ထဲမှာ သူမတို့ကို စူးစူးစိန်းစိန်းစိုက်ကြည့်နေသည့် မျက်ဝန်းတစ်စုံကြောင့် ဘယ်လိုမှ မယုံနိုင်အောင် အံ့ဩခင်တက်မိသွားခဲ့လျက် ..၊

"အစ်ကိုရေ .. ဦးသက်လွင် တို့ကို ခိုင်းမယ့်ကိစ္စတွေ အစ်ကိုပဲ ပြောလိုက်တော့ .."

ဒေါ်ခင်မီကို က ညွှန့်သည်တွေကို လှမ်းရယ်ပြကာ ...

"မကြေးမုံ တို့ အထဲဝင်လိုက်တော့နော် .. အလုပ်ကိစ္စတွေ အစ်ကို ပြောပြလိမ့်မယ် .."

ဒေါ်ခင်မီကို က ညွှန့်သည်နဲ့ မီ တို့ကြားမှာ မို့ လက်လေးကိုလည်း ဆွဲထုတ်နိုင်ဘဲ ...။

"အစ်ကို တိုက်သစ်ကိစ္စမှာ ပိုက်ဆံချပေးတာတွေကို ခုကစပြီး ဦးသက်လွင် တို့ကိုပဲ လွှဲလိုက်တော့၊ လူဟောင်းတွေက ဟောင်းတိုင်း ကောင်းတာမဟုတ်ဘူး၊ အခု မကြေးမုံ လည်း ဝိုင်းကူမယ်ဆိုတော့ ဦးသက်လွင်တို့ လင်မယားကိုခိုင်းမှပဲ အဆင်ပြေမှာ၊ တာဝန်တွေစုပုံပေး နေရတာ အားတော့နာတယ် .."

"ရပါတယ် .. မမခင်ရယ် .. ကိုယ့်သူဌေးက ပေးလာတဲ့တာဝန် ဆို ကျွန်တော်တို့က ကျေပွန်ရမှာပေါ့ .."

"သူများတွေက အေးဆေးပါ ခင်ရယ် .. မင်းပဲ သမီးကတစ်ဖက်၊ အလုပ်ကိစ္စကိုလည်း စိတ်မချနဲ့ အခု ဘာလုပ်မှာလဲ .. မှာရတာအားမရ

www.burmeseclassic.com

www.burmeseclassic.com



နိုင်လည်း ဒီမှာလာထိုင် ..."

"မထိုင်ပါဘူး .. သမီးနဲ့ စကားပြောမယ်လို့ .."

ဒေါ်ခင်မီကို က သမယ နဲ့ မို ကြားမှာနေကာ လက်တစ်ဖက်စီဆွဲ၍ ကားနားထိပါသွားခဲ့၏။ မို ကျောပြင်ကို စူးစိုက်ငေးနေသော မျက်ဝန်းတို့သည် ...၊

"သမီး ..."

"ရှင် .. မာမီ .."

"ဘာတွေငိုင်နေတာလဲ .."

"ငိုင်မှာပေါ့ မကြေးမုံ ရဲ့ ကလေးက လူကြီးတွေစကားပြောတော့ ပျင်းနေမှာပဲ .. မကြေးမုံ တို့ သားအမိလည်း သွားစရာရှိရင်သွားပါ၊ ကျွန်တော်တို့ချင်းပြောလည်း ဖြစ်ပါတယ် .."

ဦးမိုးဆောင်း က နားလည်မှုဖော်ရွေစွာခွင့်ပြုနေပေမယ့် ဦးသက်လွင် တို့ မျက်နှာတွေ မကောင်းနိုင်ကြပေ ...။

ဒေါ်ကြေးမုံ က သမီးလက်ကိုဆွဲထွက်လာခဲ့ရင်း ကားပေါ်ရောက်မှ ...

"ခွဲ ..."

"ရှင် ..."

"ပြောစမ်းပါဦး .. မဖုံးနိုင်မဖိနိုင် ငေးငိုင်နေရလောက်အောင် သမီး ဘာသောကတွေဖြစ်နေတာလဲ .."

"သမီး ငေးငိုင်နေတာ မာမီ မပြောရင် ဘယ်သူ့မှမသိဘူး .."

"ဘာရယ် ..."

ဒေါ်ကြေးမုံ စိတ်ဆိုးဟန်ဆိုးဖြစ်သွားပေမယ့် ကိုယ့်ဒေါသကို ထိန်းချုပ်လိုက်ပြီးမှ ...

"သမီးကို ခြွေရံသင်းပင်းတွေနဲ့ ခုလို ကားတစီစီနဲ့ ခုလို စိတ်ကြိုက် အိတ်နှိုက်သုံးနိုင်တဲ့ဘဝမျိုးနဲ့ သမီးကို ထားနိုင်ဖို့ မာမီတို့ ဘယ်လောက် ကြိုးစားခဲ့ရသလဲသိရဲ့လား .."

မသိခဲ့ဘူး မာမ် .. သမီးတို့ သုံးစွဲရပ်တည်နေခဲ့တာ ဆောင်းလခါး



ရဲ့ မိဘတွေရဲ့အရိပ်ကိုခိုပြီးတော့မှန်း မသိခဲ့ဘူး၊ ဖြစ်လာနိုင်လိမ့်မယ်လို့ လည်း တွေးတောင်မတွေးမိခဲ့ဘူး ...။

ကားမောင်းနေရင်း ခွဲ ရဲ့ စိတ်တွေ လွင့်ချင်ရာလွင့်နေခဲ့၏။

သမယ နဲ့ ဆောင်းလခါမီ ...၊

သူဌေးဦးမိုးဆောင်း ရဲ့ သမီး ...၊

ဒယ်ဒီနဲ့ မာမီကတော့ ဦးမိုးဆောင်း ဒေါ်ခင်မံကို တို့ရဲ့ လက်အောက် ဝန်ထမ်းတွေ .. တဲ့ ...။

ကမ္ဘာကြီးက ချာချာလည်နေတာလား၊ သူမတို့ မိသားစုကပဲ ပတ် ချာရမ်းနေတာလား ...။

မို ကို လှလှပပကြီး စီးမိုးငုံ့ကြည့်ပြီး ပက်ပက်စက်စက် ရင့်ရင့် သီးသီးတွေပြောခဲ့သည်။

ခုကျတော့ မိက ကိုယ့်ကိုငုံ့မိုးကြည့်လာတော့မည် ...။

ပြီးတော့ ကိုရဲ ...၊

"မင်းကို ကိုယ် မိန်းမဆိုးလေးဝဲဆိုပြီး အလိုလိုက်သည်းခံလာခဲ့တာ ခွဲ .. ဒါပေမယ့် ခုတော့သိပြီ၊ မင်းက ချစ်စရာကောင်းတဲ့ မိန်းကလေး မဟုတ်ဘူး ကြောက်စရာကောင်းတာ၊ မိန်းမဆိုးလေးမဟုတ်ဘူး မိန်းမ ကြမ်း .." တဲ့ ...။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၈)

"သဝန်တိုတာ အပြစ်မရှိပါဘူးဟာ .."

"ဟုတ်တော့ ဟုတ်တယ်လေ .. ဒါပေမယ့် စွဲ က တစ်ဖက်သားကိုပြောရမယ်ဆို အရမ်းပက်စက်တာဟ .. မင်းရဲ ကလည်း တော်းမှ မဟုတ်တာ၊ ပြီးတော့ သူ့ကျမှ မင်းရဲ တော်တော်သည်းခံခဲ့တာဆိုပဲ .."

မင်းရဲ နဲ့ စွဲတို့ ပြတ်သွားကြပြီဆိုသည့်သတင်းကြောင့် မီ ရင်မှ သွားသည်။ အစက အပျော်တွေနဲ့ ဘာကိုမဆို အလေးအနက်မရှိခဲ့သူ ဟာ ခုကျမှ ဘာသတင်း ဘာအသံမဆို ကိုယ်နဲ့ချည်းပတ်သက်နေတာကို ကြောက်လာမိသည်။

သူမသည် သမယ ၏ သူငယ်ချင်းရင်းကြီးဖြစ်နေခဲ့သည့် ချစ်တိုင်း ၏ ခင်မင်ရင်းနှီးဆုံးမိန်းကလေးသူငယ်ချင်းဖြစ်လာခဲ့သည့်နောက်မှာ မင်းရဲ ၏ ငဲ့ညှာခြင်းက စွဲ ကို ဖြတ်တောက်ပစ်လိုက်တဲ့အထိ ကိုယ်ကြောင့်ဆိုလျှင် ..၊

"ဟင်း ..."

"သက်ပြင်းတွေချမနေပါနဲ့ မီ ရယ် .."

ခေမာ က မီ့ လက်လေးကိုဆုပ်ကိုင်ထားကာ မျက်နှာကိုငုံ့ကြည့်၏။ မီ့ ဆံပင်တွေကို အသာလေးသိမ်းဖယ်ပေးရင်း ..၊

"နင့် မျက်နှာက တစ်ခုခု စိတ်ဆင်းရဲနေမှန်းအရမ်းသိသာတာပဲ–



"ငါ နေ့တိုင်းငိုနေရတာ .."

"ဟုတ်တယ် .. မျက်လုံးတွေပါအစ်နေတာ၊ နောက်ပြီး အမြဲတမ်းပြုံးနေတတ်တဲ့မျက်နှာက ငိုမဲ့မဲ့ပုံပေါက်နေတာ သိသာတာပေါ့ .."

"ခုထိ အဲ့ဒီပုံဖြစ်နေတာလားဟင် .. ကျောင်းကိုရောက်တော့ ငါစိတ်ပြောင်းသွားပါပြီ .."

"ခု မင်းရဲ တို့အကြောင်းကြားတော့ စိတ်ညစ်သွားတယ်မို့လား.."

"အင်း ..."

"နင် ရောက်ခါစကလည်း ချစ်တိုင်း က ဖုန်းဆက်တယ်လေ.."

"ဟုတ်တယ် ခေမာ ရယ် .. ငါအစက သူငယ်ချင်းတွေအများကြီးနဲ့ နေရတဲ့ဘဝမျိုးကို အရမ်းလိုချင်ခဲ့တာ၊ နင့်ကို ပွင့်ပွင့်လင်းလင်းဝန်ခံရရင် ယောကျ်ားလေးသူငယ်ချင်းတွေရှိလာတာကိုလည်းပျော်တယ်၊ ငါက တစ်ဦးတည်းသောသမီးလေ၊ မွေးချင်းမောင်နှမလည်းမရှိဘူး။ မေမေတို့ ဖေကြီးတို့ကလည်း အရမ်းဂရုစိုက်လွန်းတော့ .."

သူမရဲ့ဘဝမှန်ကို ခေမာ့ကို ပထမဆုံးဖွင့်ပြောပြမိသည်။ ခေမာ က အံ့ဩဟန်ဖြစ်သွားပေမယ့် ခဏလေးပဲဖြစ်ကာ ...

"နင်သုံးစွဲထဲ့ပုံ နင်ကိုင်တဲ့အသုံးအဆောင်ပစ္စည်းတွေကြည့်တည်းက မဆင်းရဲဘူးဆိုတာ သိသာပါတယ်၊ ပြီးတော့ နင့်ရဲ့ ဖြေဖဝါး လက်ဖဝါးလေးက နုရဲပြီး အရမ်းလှတာပဲ၊ အသားညိုတယ်သာပြောတယ် ဝင်းထိန်နေတော့ ဘယ်လိုပြောရမလဲ ရုပ်ရည်သန့်တာမျိုးပေါ့နော် .."

"ဟွန်း .. ဟွန်း .. ခုချိန်လေးမှာ စိတ်ချမ်းသာအောင်ပြောပေးတဲ့ အတွက် ကျေးဇူးပဲဟာ .."

"စိတ်ချမ်းသာစေချင်ပေမယ့် တမင်မြှောက်ပြောတာမဟုတ်ပါဘူး နင် ချစ်ဖို့ကောင်းတာက သိပ်မပြင်ဘဲ အသားလေးအတိုင်းပဲလှနေလို့ လေ၊ ကွင်းဆိုတဲ့ မိန်းကလေးတွေတောင် လှဖို့ပဖို့ အသေအလဲပြင်ဆင်ကြိုးစားကြရတာ ပြေးကြည့်ဖို့တောင်မလိုဘူး၊ နေပူမခံရ မိုးစိုမခံရဲ့နဲ့ နင်က အဲဒီလိုမှမဟုတ်တာ .."

www.burmeseclassic.com



"ဟုတ်လား .. ငါ့ကိုလှတယ်ပြောတာ နင်တစ်ယောက်ပဲရှိသေးတယ် .."

"မင်းရဲ တို့နဲ့ ခင်တုန်းကလည်း နင့်ကိုချစ်ဖို့ကောင်းတယ်လို့ ပြောတယ်မို့လား .."

"ဟင်!..."

ခေမာ သိနေသဖြင့် မီ အံ့သြသွားမိသည်။ ခေမာ က ပြုံးလိုက်ပြီး ...၊

"ငါတို့ တရင်းတနှီးမတွဲဖြစ်ခဲ့ပေမယ့် ရ တို့ အုပ်စုအကြောင်းသိလို့ နင်တို့သတင်းတော့ ငါ အမြဲတမ်းနားစွင့်နေပါတယ် .."

မီ စိတ်မကောင်းဖြစ်သွားမိသည်။ ကိုယ့်အကြိုက်လိုက်ပြောပြီး အဆင်းမှာ ဘီးတပ်ပေးတတ်သူတွေရဲ့စကားက သူမကို နားဝင်ချိုနေစေကာ ခေမာ့ ကိုတော့ အတန်းထဲရောက်မှသာ ခေါ်ပြောရင်းနှီးခဲ့တဲ့အဆင့် ...။

ထိုစဉ် .. ဖုန်းဝင်လာတော့ နှစ်ယောက်စလုံးကြည့်ဖြစ်လိုက်ကြ၏။

"ချစ်တိုင်း ထပ်ခေါ်ပြန်ပြီ .."

ခေမာ က တအံ့တသြမျက်နှာလေးနှင့် ပြောကာ ...

"သူ နင်တို့ကိစ္စကို သိပြီးပြီလား .."

"အိမ်မှာတုန်းက ဖုန်းဆက်တော့ အဲ့ဒီကမှသိတာတဲ့၊ ငါလည်း ဒီနေ့မှ ကျောင်းပြန်တက်မှာလို့ ပြောလိုက်တာ .."

ကျောင်းမှာ စကားပြောရအောင်လို့ပြောခဲ့တာကိုတော့ ထိန်ချန်ထားမိသည်။ မီ သိပ်နေမကောင်းလို့ အပြင်လည်းသိပ်မထွက်ချင်ဘူးပြောပြီး မတွေ့ဖို့ငြင်းလည်းပါကာ ...

ပထမတစ်ကောလ်ကျသွားပြီး ထပ်ခေါ်မှ ...

"ဟလို ..."

"မီ အတန်းထဲမှာလည်းမရှိပါလား .. ကျောင်းမှာပဲမို့လား ဘယ်မှာလဲ .."



"ဟို ..,မီ က .."

"ဘာလဲ .. ကိုယ့်ကိုမတွေ့ချင်လို့ ပတ်ပြေးနေတာလား .."

"ဟင့်အင်း .. မဟုတ်ပါဘူး .."

မီ ကိုယ်လေးတောင် ကြွသွားမိ၏။ ပြီးတော့ ခေါင်းခါငြင်းလိုက်ရင်း ...၊

"အဲ့လိုမဟုတ်ပါဘူး .."

"မဟုတ်ဘူးဆိုရင် နောက်လှည့်ကြည့်လိုက် .. ကိုယ် ရောက်နေပြီ .."

ဟင်!...

ဖုန်းလေးနားမှာ ကပ်ထားရင်း နောက်ကိုဖျတ်ခနဲလှည့်ကြည့်လိုက်လျှင် ချစ်တိုင်း က ဖုန်းထောင်ပြပြီးရယ်နေကာ မီ နဲ့ ဆို ဝါးနှစ်ပြန်အကွာလောက်မှာဖြစ်၏။

ခေမာ ကတော့ ချစ်တိုင်း ကို မြင်လိုက်မှ အံ့သြသွားကာ ...၊

"မီ .. ချစ်တိုင်း ပုံစံဟာ တစ်မျိုးပဲနော် .. နင် မထိုးတဲ့ထီက ထပေါက်နေပြီလားမသိဘူး .."

မီ့ မျက်နှာလေး ပြုံးမလို မဲ့မလိုဖြစ်သွားခဲ့၏။

"လက်စ ကတော့ ချစ်တိုင်း ကြောင့် နင့်ကိုမကျေနပ်တာ၊ သူ့လိမ်နးမကိုကျော်ပြီး နင့်ကိုမှ အရေးပေးရင်းနှီးနေလို့ .." တဲ့ ...။

မီ က ကိုယ့်အတွေးနဲ့ကိုယ် ...။ ခေမာ့ ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်ပြီး ...၊

"ခေမာ ..."

"ဘာလဲ .. ငါ အကဲခတ်တာမဖြစ်နိုင်ဘူးထင်လို့လား .."

"မဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းပေးပါ၊ ကျောင်းသူချင်း သဝန်တိုမနာလိုပြီး ပုတ်ခတ်ကြတာတွေကို ငါ ကြောက်တယ် .."

"ဘာဆိုင်လို့လဲဟ ..."

"မသိဘူး .. ဒီကျောင်းကလူတွေအကုန်လုံး ငါနဲ့ဘယ်သူမှမရင်း

www.burmeseclassic.com



နီးခဲ့လို့မသိဘူး .. ခင်စရာကောင်းတယ်လို့ထင်ပြီး အားလုံးကို ရင်းနှီးဖို့ ကြိုးစားခဲ့တုန်းက ငါ့ကိုယ်ငါ မေ့သွားပေါ့က ပျားရည်ကို လျှာနဲ့ လျက်ဖို့ကြိုးစားနေမိမှန်းမသိခဲ့ဘူး .."

မီ တကယ် ထိတ်ထိတ်ပျာပျာလေးဖြစ်နေသဖြင့် ခေမာ ဘာဆက်ပြောပြီး ဖြေသိမ့်ရမှန်းမသိဖြစ်သွားသည်။

"ငါ့ကိုယ်ငါ ဝ,ပေမယ့် တခြားမိန်းကလေးတွေလိုပဲ ငါလှတယ်လို့ ယုံကြည်မှုရှိချင်ခဲ့တာ၊ ဒါပေမယ့် ခုတော့ မိန်းမနောက်ပိုးမတန်မရာမှန်းတဲ့ ဖက်တီးမဆိုပြီး နာမည်ကျော်ခဲ့ရတာပဲ အဖက်တင်တယ်.."

"မီ ရယ် .. မတန်မရာမှန်းတယ်ဆိုတာ မိန်းကလေးချင်းမစာမနာ အတင်းတုပ်တဲ့လူတွေပြောတာပါ၊ အခု ချစ်တိုင်း နှင့်ရှေ့ရောက်လာတာ က .."

"ဘာပြဿနာတွေရှိလို့လဲ .."

ချစ်တိုင်း အနားရောက်လာသဖြင့် ခေမာ စကားမဆုံးလိုက်ပေ..။ မီ က အဝါရောင်တီရှပ်လက်တိုနှင့် ချစ်တိုင်း ကို မမြင်ဖူးသလိုကြည့်နေလျက် ..။

"ဟို ..."

"အင်း .. အတန်းထဲမဝင်ဘဲ ဒီနားရောက်နေတဲ့အကြောင်းကို အဆင်ပြေအောင်ပြောဖို့လား .."

"ဟို့ ..."

"ရပါပြီ .. မပြောပါနဲ့ .."

"မဟုတ်ပါဘူး .. ချစ်တိုင်း ရဲ့ .."

"ဟုတ်တာက ဘာလဲ .."

"မဟုတ်ဘူးဆိုတာက .. ဟုတ် .."

"ဟွန်း ..."

ချစ်တိုင်း က မီ မျက်နှာအစ်အစ်လေးကိုကြည့်၍ ရယ်နေကာ..

"ကိုယ် နားလည်ပါတယ် .. မင်းကို ဒီလိုကြည်ကြည်လင်လင်လေး



မြင်လိုက်ရတာပဲ ဝမ်းသာနေတာ .."

"ချစ်တိုင်း က တစ်ယောက်တည်းလားဟင် .."

"ဟုတ်တယ် .. အစက သုံးယောက်လာတာ၊ မင်းတို့အတန်းရှေ့ကို နှစ်ကြိမ်မြောက်ပတ်ပြီးတော့ သံတွဲ နဲ့ မြန်အောင် ကိုယ့်ကို အရှုံးပေးသွားတယ် .."

"ဘယ်လို ..."

"မင်းကိုမတွေ့ဘဲ မပြန်ဘူးဆိုတာကို လက်မြှောက်သွားကြတာ.."

မီ မျက်နှာလေးက ရှက်ရွံ့ကြည်နူးသွားရမယ့်အစား စိုးရိမ်ထိတ်လန့်သွားသလို ကြောင်ငေးငေးလေးဖြစ်နေ၏။ ချစ်တိုင်း က ခေမာ့ ကို လှည့်ကြည့်ကာ ...

"အဲ့ .. မီ ကို ခဏစကားပြောချင်လို့ .."

"ရှင် ..."

"ဒီလိုပါ .. သူ့ကိုခေါ်သွားရမလား .. မင်း .."

"ချစ်တိုင်း .. မီ ဘယ်မှမလိုက်ချင်ဘူး .."

မီ က ပျာပျာသလဲပြောကာ ...

"တကယ်ဆို ကျောင်းပြန်တက်ချင်စိတ်တောင်မရှိတော့တာ ချစ်တိုင်းရဲ့၊ သမယ အတင်းခေါ်ထုတ်လာလို့ .."

ချစ်တိုင်း မျက်မှောင်ကုတ်သွားသည်။

"ခုချိန်မှာ တစ်ယောက်ယောက်ကကြည့်ရင် တစ်ခုခုပဲထင်နေပြီး အရမ်းမျက်နှာပူတယ်၊ ဒါကြောင့် ဒီနေရာမှာ တမင်လာထိုင်နေတာ .."

"ရပါတယ် .. ဒီနေရာက အေးလည်းအေးချမ်းပါတယ်၊ ငါတို့ အဆောင်နဲ့လည်း သိပ်မှမဝေးတာ၊ ငါ ပြန်နှင့်လိုက်မယ်လေ နင်တို့ စကားပြောကြပေါ့ .."

ခေမာ က ပြောပြီးတာနှင့် အဖြေမစောင့်ဘဲ တစ်ခါတည်းလှည့်ထွက်သွားသည်။ သို့သော် ..၊

www.burmeseclassic.com

www.burmeseclassic.com



"အယ် .. မို .."

စိုးရိမ်သံနှင့် ခေါ်လိုက်မိကာ မို ဘက် ပြန်လှည့်၍ ...

"မင်းရဲ တို့ လာနေတယ် .."

ဘုရား ...၊

ချစ်တိုင်း နဲ့ မိ ပြိုင်တူလှမ်းကြည့်လိုက်မိကြသည်။

• "ဒုက္ခပါပဲ .."

မိ နှုတ်ခမ်းလှုပ်ရုံလေး ညည်းမိကာ အောင်ဘီကို လိုက်ကြည့်မိ၏။

ရွဲ တို့ လက်ျာ တို့များ ပါလာကြသေးလား ...၊

"မင်း သူနဲ့တွေ့ဖို့ ချိန်းထားတာလား .."

"ဟင့်အင်း မချိန်းပါဘူး .."

မိ ကတုန်ကယင်လေး ဖြစ်နေတာကို ချစ်တိုင်း က ကြည့်ကာ ဝင့်သက်ရှိုက်မိရင်း ...၊

"မေတ္တာ မေတ္တာဆိုတာ တောင်းယူလို့မရဘူး မိ ရဲ့၊ အတင်းလုယူလို့လည်းမရဘူး၊ သူ့အလိုအလျောက် တစိမ့်စိမ့်နဲ့ ရေပေါက်ဖြစ်လာတဲ့ ကျောက်စက်ရေနဲ့တူတယ်၊ ဒါမှမဟုတ် မခြိမ်းဘဲရွာတဲ့မိုးနဲ့ တင်စား ပြောရမလားပဲ .. ကိုယ်တတော့ မင်းကို တန်ဖိုးထားထိုက်တဲ့ သူငယ်ချင်း ကောင်းလို့သတ်မှတ်လိုက်တဲ့အတွက် မင်းအတွက် အရာရာအဆင်သင့် ရှိနေပေးဖို့ လာပြောတာပါ .."

မိ နဲ့ ချစ်တိုင်း မျက်လုံးချင်းဆုံသွား၏။ သဘာဝ၏ စွမ်းအင်သတ္တိ များအရ ချစ်တိုင်း ရဲ့ မျက်ဝန်းထဲမှာ လျှို့ဝှက်သိပ်သည်းခြင်းမြောက်မြား စွာနဲ့ ရှိဝေနေတာကို တွေ့မြင်ခံစားမိလိုက်သော်လည်း ...၊

"ကိုယ်က ရိုးရိုးသားသားပါ .."

"အင်း ..."

မိ ဘာဖြစ်လို့ ကမန်းကတန်းခေါင်းညိတ်ပြီး အတည်ပြုပေးလိုက် မိမှန်းမသိ ...။ ချစ်တိုင်း က စိုက်ကြည့်ပြီးရယ်သည်။ ထိုအကြည့်တွေကို စူးစိုက်အကဲခတ်ရင်း မင်းရဲ နဲ့ မိုးတိမ် တို့ ရောက်လာကြကာ ...၊



"လာမိလက်စနဲ့ မို့လို့ ရောက်အောင်လာလိုက်တာပါ၊ ကိုယ်တို့ ဆက်နေလို့ဖြစ်ရဲ့လား .."

ချစ်တိုင်း ကိုပဲ တည့်တည့်ကြည့်မေး၏။ ချစ်တိုင်း က စာအုပ်နဲ့ လက်ဖါးကိုရိုက်ပစ်လိုက်ပြီး ရယ်ကာ ...

"ဘာလို့မဖြစ်ရမှာလဲ .. မင်း ဒီကိုလာတာ ငါ့ဆီကိုမှမဟုတ်တာ၊ ငါ့ခွင့်ပြုချက်လိုလို့လား .."

"ခဏနေပါဦး .."

မို အသံလေးတွေတုန်နေပြီဖြစ်ကာ ခမော့ လက်ကိုမိမိရရဆုပ်ဆွဲ ထားသည့် သူမ လက်ဖဝါးလေးတွေမှာ အေးစက်စေးထန်းနေ၏။

"ခဏလေးပါနော် .. ကိုရဲ၊ အဲ့ .. ကိုမင်းရဲ က မို ဆီကို လာတာ ဆိုရင်တော့ .. ခုချိန်မှာ မိ ဘာမှပြောဖို့ .."

"ကိုယ်က တောင်းပန်ချင်တာပါ .."

"ဟွန့် ..."

ချစ်တိုင်း ရဲ့ မပွင့်တပွင့် ဟွန့်သံကြောင့် မင်းရဲ က လှည့်ကြည့် သည်။ ပြီးမှ ဆက်၍ ...

"မင်း ကိုယ့်ကြောင့် ခဏခဏပုတ်ခတ်စော်ကားခံခဲ့ရတာတွေကို"

"ကိုမင်းရဲ ကြောင့် မဟုတ်ပါဘူး .. မို .."

မို ကြောင့်ပါပဲလို့ ပြောမလို့ပေမယ့် ငိုချင်လာသဖြင့် မျက်ရည်တွေ သာ ဝေတက်လာသည်။ သူမရဲ့ လွတ်လပ်ပျော်ရွှင်လိုမှုတွေက ဒီလိုရှုပ်ထွေး စို့တွေမဟုတ်ပါ။

အမှတ်တမဲ့ ချည်ခင်တစ်စတွေ့ပြီး ဆွဲလိုက်မိတာက ကြိုးတန်း တစ်ခုလို ရှင်းလင်းစွာ အဆုံးထိပေါ်မလာဘဲ ရှုပ်ထွေးသော အုံဖွဲ့မှုကြီး ခြင်း အစွန်းတစ်စပျောက်ဆုံးနေခဲ့၏။

"ကိုယ် အနူးအညွတ်တောင်းပန်ပါတယ်၊ ပြောချင်တာကတော့ .. ကိုယ်တို့ ဘယ်သူမှန်မှန် ဘယ်သူမှားမှား ကိုယ့်လူက မင်းကို ရိုက်မိုက် ရိုင်းစိုင်းပြောခဲ့တာပါ၊ အဲဒီအချိန်မှာလည်း ကိုယ်က မတားဆီးခဲ့နိုင်ဘူး

www.burmeseclassic.com

www.burmeseclassic.com



လေ … ခုလည်း ကိုယ်နဲ့ သူ …"

"မင်း ရည်းစားပျက်သွားတာကို လာသတင်းပေးတာလား …"

ချစ်တိုင်းက ချက်ချင်းဝင်မေးလိုက်သဖြင့် မင်းရဲ က လှည့်ကြည့်ပြီး ခေါင်းညိတ်သည်။

"ပြဿနာရဲ့ အကျိုးအကြောင်းတွေကို ပြောပြရင်းနဲ့ပေါ့ …"

"ငါသာ မီ ဆိုရင် မကျေနပ်ဘူး …"

"ငါက မီ့ ကို ကျေနပ်စေချင်တာဆိုတော့ မင်းက မီ မဟုတ်တဲ့အတွက် တိတ်တိတ်နေပေးပါလား …"

"မိတ်ဆွေသူငယ်ချင်းကောင်းဖြစ်နေတဲ့အတွက် ဆိုးတိုင်ပင် ကောင်းတိုင်ပင်လေ … ဟုတ်တယ်နော် … မီ …"

ချစ်တိုင်း က မေးဆတ်မေးနေပေမယ့် မီ မျက်လုံးအကြောင်သားလေးနှင့် ရှိနေ၏။

"ချစ်တိုင်း … ငါ မီ နဲ့ ခဏပဲပြောချင်တာ၊ အဆင်ပြေဖို့လာတဲ့ ခြေလှမ်းက မစင်ပုံနင်းမိပြီး ခြေတစ်ပေါင်ကျိုးမပြန်ချင်ဘူး …"

"ဟား …ဟား … ဟား …"

ချစ်တိုင်း နဲ့ မင်းရဲ ရဲ့ စကားစစ်ထိုးပွဲဖြစ်သွားတော့ မီ ဟိုဘက်ကြည့် ဒီဘက်ကြည့်နှင့် ဘယ်သူ့ကိုဘယ်လို ဝင်ပြောရမယ်မှန်းလည်း မသိ …။

ခေမာ လက်ကိုဖိဆုပ်ထားရင်း နောက်ကိုခြေတစ်လှမ်းဆုတ်လိုက်တော့ ခေမာ က သူမကိုယ်နဲ့ ပိတ်ကာထားသလိုလူချင်းကပ်၍ …

"နင် သွားလို့မရဘူးလေ …"

"ငါ …"

မီ တစ်ခုခုပြောဖို့ပြင်လိုက်ပေမယ့် ခေမာ ပြောတာလည်းမှန်တာပဲမို့ စိတ်ကိုတင်းလိုက်ရင်း …။

"မီ ဒီနေ့ အဲဒါတွေကို မေ့ပစ်နိုင်ပြီဆိုပြီး ကျောင်းပြန်တက်တာပါ၊ ကိုမင်းရဲ လည်း ထပ်မပြောပါနဲ့တော့ …"



"ဟုတ်တယ် … ဒါတွေ မင်းလာပြောမယ့်အစား စွဲ ကို ခေါ်ပြီး တောင်းပန်ခိုင်းရမှာ …"

ချစ်တိုင်း က မီ့ အတွက် ခံပြင်းနေသည့်အကြည့်တွေနှင့် မင်းရဲကို မျက်နှာချင်းဆိုင်ရပ်လိုက်ပြီးမှ …။

"စော်ကားခဲ့တာ မင်းမှမဟုတ်ဘဲ … စော်ကားတဲ့သူကပဲ တောင်းပန်ရမှာ … အဲ့ဒီတစ်ယောက်ကို ရည်းစားအဖြစ်က ရပ်စဲမယ့်အစား သူ့မင်းကို တောင်းပန်လာတဲ့အချိန်မှာ ဒီနေရာကိုလက်ဆွဲခေါ်လာခဲ့ရင်ပြီးပြီ …"

မင်းရဲ အကြည့်တွေက ချစ်တိုင်း မျက်ဝန်းထဲက ဆိုလိုရင်းကို အသည်းအသန်ရှာဖွေနေခဲ့၏။ တက္ကသိုလ်နယ်မြေက မိန်းမလှလေးတွေရဲ့ ဂရုစိုက်ခံရဆုံး ကင်းဆိုသည့် ယောကျာ်းနှစ်ယောက် ဒီနေရာမှာ ဘယ်သူ့အတွက် ရင်ဆိုင်မိခဲ့တာလဲ …။

သူ့ဘက်ကတော့ ရှင်းပါသည်။ စွဲ ကို စိတ်ပျက်ခဲ့ရခြင်းတွေဟာ မီ့ ကို သနားမိခဲ့သည့် ကရုဏာစိတ်တွေကြောင့်သာဖြစ်သည်မို့ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် ရိုးသားစွာ တောင်းပန်နေတာဖြစ်သည်။

ချစ်တိုင်း ကတော့ မီ့ ဘက်က ရပ်တည်ပေးနေတာ ဘယ်လိုပုံစံနဲ့လဲ …။

"ငါ့ရင်ထဲကို စိတ်ဝင်စားနေတဲ့ပုံပဲ …"

ချစ်တိုင်း ကလည်း မင်းရဲ ရဲ့ မျက်လုံးတွေကို နားလည်နေကာ ဒေါက်ခနဲပြောချလိုက်သည်။ ပြီးတော့ သူများမခံချင်ဖွယ်မဲ့ပြုံးနှင့် …။

"ငါကတော့ အခု မီ နဲ့ ပတ်သက်လာလို့သာ မဟုတ်ရင် ဒီလိုပြဿနာတွေကို စိတ်ကိုမဝင်စားဘူး၊ အထူးသဖြင့် မင်းတို့မောင်နှမတွေနဲ့ ပတ်သက်လို့ပေါ့ …"

"ချစ်တိုင်း … အခု ငါ မင်းနဲ့ပြောဖို့လာတာမဟုတ်ဘူးကွာ … နဲ့မင်း …"

"အဲဒါတွေကို ငါလည်း မကြားချင်ဘူးဆိုရင်ရော …"

www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းရဲ တို့ စကားပြောလို့ဖြစ်ရင် မီ သွားတော့မယ်နော် ..."

"မင်းရှိလို့ဖြစ်နေတာ မီ .. ကိုယ်လာတာ မင်းနဲ့စကားပြောဖို့၊ ဒါပေမယ့် စိတ်ပျက်စရာ ပြဿနာတွေအကြောင်းမဟုတ်ဘူး .."

ချစ်တိုင်း က ပေါ်တင်ဖွင့်ပြောပြီး မီ့ ဘက် လှည့်လိုက်သည်။ ဒီ ယောက်ျားနှစ်ယောက်နှင့် သူမ ဤကဲ့သို့ သုံးပွင့်ဆိုင်ပြဿနာရှင်းရကိန်း ကြုံဖို့ရှိတာ ကြိုသိခဲ့ရင် သူမ ဒီနေ့ ဒီနေရာကို လာမိမှာမဟုတ် ..။

ထို့ပြင် နောက်ထပ် မြောက်မြားစွာသော ပြဿနာရပ်တို့လည်း ကြုံရလိမ့်ဦးမည်ဆိုတာ မသိခဲ့ခြင်းကြောင့် ချစ်တိုင်း ရဲ့ စကားမှာ သူမ ပြန်ရပ်နေခဲ့မိလျှင် ..၊

"ကိုယ်နဲ့ ခဏလိုက်ခဲ့ .."

"မီ အချိန်မရတော့ဘူး .. အတန်းတက်ရတော့မှာ .."

"ကိုယ်တို့အားလုံး ကျောင်းသားတွေပါကွာ .."

"ချစ်တိုင်း မင်းနဲ့ ငါ ရန်သူမဟုတ်ပါဘူး၊ အခု မင်းရယ် ငါရယ် မီ ရယ် .. သုံးယောက်စလုံးကလည်း ဖြူစင်ရိုးသားကြတဲ့သူငယ်ချင်းတွေပဲ .."

"အရာရာကို ပါးစပ်က ပြောမထွက်တာတွေရှိတယ် .."

ဟင်!...၊

မီ မျက်လုံးလေး ဝိုင်းသွားသည်။ ချစ်တိုင်း က အထက်စီးဆန်သည့် အကြည့်နှင့် မင်းရဲ ကို ကြည့်၍ ..၊

"မင်းလည်း ပြောမထွက်တာတွေရှိခဲ့လို့ အခု မီ့ ကို လာတောင်းပန်နေရပြီမို့လား .."

"မင်း ဘာပြောချင်တာလဲ .."

"ခုနဲ့ တော်ကြာ မတွေ့နိုင်ဘူးဆိုတာကိုလေ .."

"ဒို့ထက်ရှင်းအောင်ပြော .."

"ပြောမလို့ပဲ .. ဒါပေမယ့် မင်းနဲ့မဟုတ်ဘူး .."

"ချစ်တိုင်း .."





ချစ်တိုင်း က မီ့ လွယ်အိတ်ကြိုးလေးကို ဆုပ်ကိုင်လိုက်ပြီး သွားဖို့ ဖြင်လျှင် မီ က လွယ်အိတ်လေးကို ပြန်ဆွဲထားကာ ...

"မီ ရှင်တို့နဲ့ ဘာပြဿနာမှ .."

"ကိုယ်နဲ့ရှိခဲ့ဖူးလို့လား .."

ချစ်တိုင်း မျက်နှာကိုကြည့်၍ မီ ခေါင်းလေးခါပြသည်။ သို့သော်...

"ရှင်လည်း ကင်းပဲ .. မီ ရှင်တို့နဲ့ .."

"ဟုတ်တယ် .. နင်နဲ့ ဘယ်ကင်းနဲ့မှ မတန်ဘူး .. ခုမှသိတာ အနားစရာပဲ .."

"စွဲ ..."

အားလုံး တိတ်ကျသွားသည့်ထဲမှာ ခေမာ့ အသံ တိုးတိုးလေးက အကျယ်ကြီးလိုဖြစ်သွားသည်။ မီ့ တစ်ကိုယ်လုံး အသံက်ရှုရုပ်သွားသည့် နည် .. သူမရှေ့ကိုရောက်လာသည့် စွဲ ကို မြင်လိုက်ရတာ ဘီလူးသရဲကဲ့ သို့ ..၊

"ငါ ကိုရဲ ကို တောင်းပန်ခဲ့တာ နင့်ကိုပြောဆိုလိုက်မိလို့မဟုတ် ဘူး နင့်မိဘတွေက ငါ့မိဘရဲ့ အလုပ်ရှင်သူဌေးဖြစ်နေတာကိုလည်း ငါ ရှုမစိုက်ဘူး၊ နင့်အိမ်က ထွက်လာပြီး ဒီကိုတန်းလိုက်လာတာ သဘော ပေါက်ဘူးလား .. ကိုရဲ ဒီကိုလာမယ်ဆိုတာသိလို့ .."

"မီ က တမင်လာစောင့်နေတာမဟုတ်ပါဘူး .."

"နင်က အိမ်ဦးကို ချေးတက်ပန်းတဲ့အရှုးပဲ .. ပုံဆိုးပန်းဆိုးဝတုတ်မ ကြီး ငါတို့က လျှော့တွက်ခဲ့တာ .. ဟွန်း .."

စွဲ က ချစ်တိုင်း ကို မသိမသာဝေ့ကြည့်ကာ ...

"ဒီလူတွေ ဒီအချိန်ဒီနားရောက်လာအောင် ဘယ်လောက်ထိများ.."

"စွဲ —"

မင်းရဲ အသံက ဒေါသကြောင့် မာထန်နေ၏။ ချစ်တိုင်း ၏ မင်း ..လားဆိုသည့် ခနိုးခနဲ့အကြည့်ကြောင့် ပိုဆိုးသည်။

"မင်းကို ငါပြောခဲ့ပြီးပြီ .. ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ရော ကိုယ်

www.burmeseclassic.com



တို့ဖြတ်သန်းခဲ့တဲ့ ရည်းစားသက်တမ်း တစ်လျှောက်လုံးမှာရော ကိုယ့်ဘက်က သည်းခံနိုင်တဲ့အတိုင်းအတာကုန်ပြီဆိုတာ .."

"ရှင်က ပြတ်နိုင်သလို စွဲ ကလည်း ဂရုမစိုက်ဘူး ကိုရဲ၊ ဒါပေမယ့် စွဲ လက်ထဲက ဆွဲထုတ်သွားတဲ့လက်က အနုလက်ဖြစ်နေရင်တော့ အဲ့ဒါမျိုးမှာ စွဲ က အရှုံးနဲ့မကျန်ခဲ့နိုင်ဘူး .."

"မင်း လျှောက်ပြောမနေနဲ့ .."

"ရှင်ပဲ လျှောက်လုပ်နေတာ .. ဒီကိုယ်ခန္ဓာ ဒီပုံစံကို ရှင် ရူးလို့မက်နေတာ .."

"တောက် ..."

"သူက သက်ဆိုင်ကြောင်းပြောနေရင် မင်းလည်း သူ့လက်ကို ဆွဲထုတ်သွားဖို့အခွင့်အရေးရှိရမှာပေါ့ကွ .. လုပ်ပြစမ်းပါ မျက်စိနောက်လို့ .."

ချစ်တိုင်း က လက်ပိုက်ပြီး ခပ်မိန့်မိန့်ပြောသည်။ မိုးတိမ် တို့ ပါးစပ်တပြင်ပြင် လက်တပြင်ပြင်နှင့် ဖြစ်လာကြ၏။ မင်းရဲ နဲ့ ချစ်တိုင်း က ဘာကိုရင်ဆိုင်ယှဉ်ပြိုင်နေသည်မသိ ..။

မိ က အလယ်မှာပိတ်မိနေပြီး မျက်ရည်လေးတွေတွေနှင့် လဲပြိုမတတ် ဖြစ်နေရှာ၏။ စွဲ ကလည်း အချိန်မရွေး မို့ ကို ပြေးရိုက်ဖို့ရှိနေရာ သူ့ ဘယ်သူ့ဘက်ကို ဝင်ပြော၍ ဘယ်ဘက်ကို တားဆီးရမှန်းမသိတော့ပေ

အရေးကြီးဆုံးသည် မို့ ကို ဒီနားက အချိန်မီဆွဲထုတ်သွားနိုင် ဆိုတာ သိနေပေမယ့် ဒါက သူတို့လုပ်ရမယ့်ကိစ္စလည်းမဟုတ် ..။

"နင် ဘာလာလုပ်နေတာလဲ မင်းရဲ .."

ဟာ!...။

လက်ျာ ကို မြင်လိုက်ရသဖြင့် သွားပြီဆိုသည့်အသိကြောင့် မင်း မျက်နှာ ညိုမှောင်သွားခဲ့၏။ ဒီနေ့ ဘယ်လိုနေ့မျိုးလဲ ..။

ဘာတွေ ဆက်ဖြစ်ဖို့ရှိနေသေးလဲ ..။

လက်ျာ က မင်းရဲ ကို ပြောလိုက်ပေမယ့် မျက်လုံးတွေက ချစ်တိုင်း ဆီမှာဖြစ်ကာ ပြီးမှ မို့ ထံ ပြောင်းလဲရောက်ရှိသွားခဲ့လျက် ..။



"စွဲ ကို ခေါ်ပြီး နင် ဒီက သွားလိုက်တော့ .."

မင်းရဲ ကို မကြည့်ဘဲ အမိန့်ပေးသည်။

စွဲ နဲ့ သူမ သိကျွမ်းရင်းနှီးခဲ့ခြင်းမရှိသော်လည်း ခုချိန်မှာ မို့ ကို ခေါ်လာခြင်းကသာ မင်းမှုနေရာ ..။

"မင်းရဲ ငါပြောနေတာ ကြားလား .."

"ဘာကိစ္စနဲ့ လာအမိန့်ပေးနေတာလဲ လက်ျာ .. ငါတို့ပြောစရာ အကြောင်းရှိလို့ ပြောနေကြတာ .. ပြန်သွားရမှာက နင် .."

"ဘာပြောတယ် .."

"စွဲ နဲ့ ငါ .."

"ငါ အဲ့ဒါတွေမသိဘူး .. ဒါ နင်လာရမယ့်နေရာမဟုတ်ဘူး၊ ခု ချက်ချင်းပြန် .."

"လက်ျာ .."

"ဟွန်း ..."

မောင်နှမနှစ်ယောက်အခြေအနေက တင်းမာစပြုလာလျှင် ချစ်တိုင်း ခပ်မဲ့မဲ့ရယ်ကာ ..။

"မင်း လိုက်သွားပါလား မင်းရဲ .. ငါက အကောင်းနဲ့အကြံပေး ပါ၊ တော်ကြာ မို့ ကို မင်း နောက်ထပ်တောင်းပန်စရာတစ်ခု တိုး နိုင်တယ် .."

မင်းရဲ မျက်နှာ ရဲခနဲဖြစ်သွားသည်။ ထို့ပြင် လက်ျာ ရဲ့ ဒေါသက ဆတိုးသွား၏။

အကြောင်းရင်းက ချစ်တိုင်း ၏ လက်က မို့ လက်လေးတစ်ဖက် ပိုင်နိုင်စွာ ဆုပ်ကိုင်လိုက်ပြီး ..။

"သူတို့ရှင်းစရာတွေရှိနေတယ်ဆိုတော့ ကိုယ်က ရှင်းစရာမရှိ သွားရအောင် .."

"ဒ ..."

မင်းရဲ က အလျင်စလိုခေါ်လိုက်ပြီး ဆွဲထားတော့မတတ် များများ

www.burmeseclassic.com

www.burmeseclassic.com



သွားသည့်မျက်နှာနှင့် ...။

"ကိုယ်မင်းကို တောင်းပန်ပါတယ် ... ခု ထပ်ပြီး တောင်းပန်တာက ဒီလိုဖြစ်လာမယ်လို့ ..."

"တော်တော့ ..."

လက်ျာ အသံလေး စူးခနဲကျယ်လောင်သွားသည်။ ချစ်တိုင်း ဆွဲကိုင်ထားသည့် မှီ လက်လေးတစ်ဖက်ကို ဆတ်ခနဲဆောင့်ဆွဲယူလိုက်ကာ ...။

"ရှပ်ဆိုးပန်းဆိုးနဲ့ ပဋ္ဌပါဝိမ ... ကဲဟာ ..."

"လက်ျာ ... ဟိတ် ..."

တစ်နေရာမှ တားဆီးသံတစ်ချက်ဟိန်းထွက်လာသည်။ အားနှင့်လွှဲမြှောက်ထားသည့်လက်က လေထဲမှာ တုံ့ဆိုင်းသွား၏။ သို့သော် အသံရှင်ကိုသိလိုက်သည့်အချိန်မှာ လက်ျာ ရဲ့ သဝန်တိုဒေါသက ပို၍ အရှိန်မြင့်သွားခဲ့ပြီး ...။

"မလုပ်နဲ့ဆို ... မင့် ..."

"ဖက် ..."

"အား ..."

သမယ ၏ ပုတ်ထုတ်လိုက်သည့်အားကြောင့် လက်ျာ ကိုယ်လေး လဲကျမတတ်ယိမ်းယိုင်သွား၏။ သူမ နောက်မှာ အေမီ သာ ရှိမနေရင် လျှင် ပက်ပက်စက်စက်လဲသွားမှာဖြစ်သည်။

သို့သော် သူမ ဘယ်လိုပုံစံထိနိုက်မိသွားသည်ကို သမယ က စိတ်မဝင်စားဘဲ အချိန်မီပြေးလာလိုက်ရသဖြင့် မောဟိုက်မြန်ဆန်နေသော ရင်ခုန်သံတွေကြောင့် စိတ်တွေတိုနေကာ ...။

"လူတစ်ယောက်လုံးကို မင်းတို့ ဘာမှတ်နေသလဲ ..."

ဘယ်သူ့ကို ရည်ရွယ်ရာရောက်သွားသွား အားလုံးကိုကြည့်၍ စိတ်ရှိလက်ရှိ အော်ပစ်မိကာ ...။

"ကျွဲသတ် ... နွားသတ်ရင်တောင် သူ့နေရာနဲ့သူရှိတယ်၊ မိန်းကလေး



ချင်း စာနာရမှန်းလည်းမသိဘူး၊ ကျောင်းဝင်းထဲမှာ ကျောင်းသားချင်း စကားပြောတာ လက်ပါသေးတယ် ..."

"ပါတော့ ဘာဖြစ်သလဲ ... အဲ့ဒီလိုလုပ်ဖို့ ဒီကိုတမင်လာတာ ..."

လက်ျာ က မျက်ရည်တွေပါလည်နေလျက် သမယ နဲ့ သံတွဲတို့ကိုပါ စူးစူးရဲရဲကြည့်ကာ ...

"ဒီမှာ သမယ ... နင်နဲ့ ငါ မပြတ်သေးဘူး ..."

"အခု ကြေညာမယ် ... ဒီနေ့ကစပြီး ငါ့လက်ကိုငါတောင် လက်ဝဲ လက်ျာ မခေါ်ဘူး ... အိုခေ ..."

"ငါက ဒီနေရာမှာ လက်မခံသေးဘူး ... ငါ လက်မခံသရွေ့ နင်က ငါ့ရည်းစားပဲ ..."

လက်ျာ က ကိုယ်နှစ်သက်သည့် ကစားစရာကို မစွန့်ရက်နိုင်လို့ မဟုတ်ဘဲ သူများလက်ထဲကို အကောင်းတိုင်းထည့်မပေးလိုက်နိုင်သည့် သဝန်တိုမစွေ့ရစိတ်ကြောင့် ကျားနာမလေးလိုဖြစ်နေကာ ...။

"အဲ့ဒီရုပ်လေးလေ ... မလိမ်ပိုးမလိမ္မာကြောင်သေလိုဟန်ဆောင်ပြီး ယောက်ျားတွေကို သိမ်းသွင်းနေတာ ..."

မှီ မျက်ဝန်းမှာ မျက်ရည်တွေပြည့်နေလျက် လက်ျာ အကြည့်တွေကြောင့် တဖြည်းဖြည်း နောက်ဆုတ်နေမိ၏။ သူမ ဒီလောက်ထိ သတ္တိမရှိပေ ...။

လူထုထုမှာ ဒီလို ထိုးနှက်စကားတွေကို တုံ့ပြန်ရန်ဖြစ်ဖို့လည်း ချွန်အားမရှိ ...။ ရှက်ရွံ့တုန်လှုပ်ခြင်းနှင့်အတူ ယောက်ျားတွေကိုရော ကိုယ့်အဖြစ်ကိုပါ မမြင်ချင်မသိချင်အောင်ဖြစ်လာခဲ့ရင်း ...။

"ဒီမှာ နင်တို့လာပြီး စုဝေးနေလောက်အောင် ဒီမိန်းမက ..."

"မင်းလည်း တော်တော်သဘောထားသေးသိမ်တဲ့ မိန်းမပဲ၊ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုမိန်းမမျိုးလဲဆိုတာ ပြန်ကြည့်ဦး လက်ျာ၊ မင်းနောက်ထပ် မှီ ကို စော်ကားဖို့မကြိုးစားနဲ့ ..."

"သြော် ... သြော် ... ကြိုးစားမိရင် ဘာဖြစ်သွားနိုင်သလဲ ပြောပါဦး"

www.burmeseclassic.com

www.burmeseclassic.com



သမယ နဲ့ လက်ျာ ရင်ဆိုင်ဖို့ဖြစ်လာသည်နှင့် မီ ဖျတ်ခနဲလှည့်ပြေးသည်။ သို့သော် ချစ်တိုင်း က သူမရှေ့ကပိတ်ကာထားကာ ...၊

"မင်း ထွက်သွားရမှာမဟုတ်ဘူး .."

"ဟင့်အင်း .."

မီ အတင်းရှောင်ထွက်ဖို့ကြိုးစားနေသည်။ သမယ က ချစ်တိုင်းနားကနေ သူမလက်လေးကို ဆောင့်ဆွဲခေါ်လိုက်ပြီး ...

"သိချင်ရင်ပြောမယ် .. မီ့ ကို နောက်ထပ် ပါးစပ်နဲ့ဖြစ်ဖြစ် လက်နဲ့ဖြစ်ဖြစ် စော်ကားလာရင် အဲဒီလူ ဘယ်လိုပုဂ္ဂိုလ်ဖြစ်ဖြစ် ငါ လုံးဝခွင့်လွှတ်မှာမဟုတ်ဘူး၊ မီ က ငါ လက်ထပ်မယ့် မိန်းကလေး၊ ငါနဲ့ သက်ဆိုင်ခဲ့တာလောက်နဲ့ ငါ့ဇနီးဖြစ်မယ့် မိန်းမကို ထင်သလိုပြောဆိုစော်ကားလို့မရဘူး .."

"ဘာပြောလိုက်တယ် ကို .. ကို ဘာပြောလိုက်တာလဲ .."

လက်ျာ ရှုံးရှုံးရှားရှားထဖြစ်လေသည်။ မင်းရဲ နဲ့ ချစ်တိုင်း တို့ မယုံနိုင်သည့်မျက်လုံးတွေနှင့် ကြောင်တောင်တောင်ကြည့်နေကြ၏။ စွဲ က တိတ်ဆိတ်နေရာကနေ ပခုံးတွေလှုပ်အောင် ထရယ်လိုက်ရင်း...၊

"ရုပ်ရှင်ဆန်နေပြီ သမယ ရယ် .. ဟွန်း .. ဟွန်း .. ဒီလိုစကားမျိုးက ရင်ဘတ်နဲ့ပြောမှ နားဝင်ပီယံရှိတာမျိုးပါ၊ ကြည့်ရတာ မီ့ ရဲ့ မိဘတွေက တစ်သက်လုံး ရှောင်းမထွက်မယ့် ကုန်ပုပ်ကို ယူ့လက်ထဲထိုးထည့်နိုင်ဖို့ အလဲအလှယ်တွေနဲ့ အပိုင်ချုပ်ထားတဲ့ပုံပဲ .."

မီ့ တစ်ကိုယ်လုံး အပူငွေ့တွေ ရှိန်းရှိန်းထလာသလိုပင် ...။

သူမက ယောကျ်ားလေးတွေ ကရုဏာသက်ဖွယ်ဖြစ်နေတဲ့ ချိုကျိုးနားရွက်ပဲ့ အနာအဆာများစွာနဲ့ သတ္တဝါတစ်ကောင်လား .. ဒါမှမဟုတ် သူများခြေနင်းဖတ်ထဲမှာ မောက်ချိုလှန်ချီ ဝိန်လိန်ပြားချပ်နေပြီဖြစ်တဲ့ ဖားတစ်ကောင်နဲ့ တူနေသည်လား ...၊

သမယ ဆုပ်ကိုင်ထားသည့်လက်ကို အတင်းဆောင့်ခါချပစ်လိုက်မိကာ ...၊



"ဘယ်သူက နင့်ကို လက်ထပ်မှာမို့လို့လဲ .."

တုန်လှိုက်သည့်အသံလေးနှင့် မျက်ရည်ကြောင်းလေးတစ်ဖက်တသူမ၏ မိန်းမသားမာနနှင့် လူးလဲရောထွေးနေခဲ့လျက် ...၊

"နင့်ကို သူငယ်ချင်းထက်ပိုပြီး ဘယ်တုန်းကမှ စိတ်မကူးခဲ့ဖူးဘူး၊ ဘယ်တော့မှလည်း လက်မထပ်ဘူး၊ ငါ စိတ်ကူးလာခဲ့ရင်လည်း အဲဒီယောကျ်ားက နင်မဟုတ်ဘူး၊ နင်ကလွဲပြီး ငါ့ကို လက်ထပ်မယ့်သူမရှိတော့ဘူးဆိုရင်တောင် နင့်ကိုတော့ ငါ လက်မထပ်ဘူး .."

ပြောချင်ရာပြောပစ်လိုက်ပြီး ကမူးရှူးထိုး လှည့်ထွက်လိုက်လျှင် ချစ်တိုင်း ရင်ခွင်ထဲ အင့်ခနဲရောက်သွား၏။

သူမ ကိုယ့်ကိုယ့်ကို ပြန်ထိန်းလိုက်ပေမယ့် ချစ်တိုင်း က သူမရဲ့ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်ကာ မျက်နှာလေးကို စူးစိုက်ကြည့်၍ ...

"ကိုယ့်ကိုတော့ အဲဒီစာရင်းထဲ မထည့်လိုက်ပါနဲ့၊ သူငယ်ချင်းဆိုလည်း သူငယ်ချင်း၊ မင်း လိုအပ်တယ်ဆိုရင် .."

"သူ လိုအပ်အပ် မလိုအပ်အပ် အဲ့ဒါ ဘယ်သူနဲ့မှမဆိုင်ဘူး .."

ချစ်တိုင်း လက်ထဲက မီ့ ကို သမယ အကြမ်းပတမ်းဆောင့်ဆွဲခေါ်လိုက်၏။ ထိုအချိန်လေးအတွင်းမှာ တစ်ဆုံးထိဆောင့်တက်သွားသော ရုက်ဒေါသတို့သည် မီ့ စကားတွေအတွက် အယူခံဝင်ခွင့်မရှိတော့သော စီရင်ချက်တစ်ရပ်ဖြစ်စေခဲ့ပြီး ...၊

သူ မီ့ လက်ကိုဆွဲ၍ နေရာမှခွာသည်။ အားလုံး အံ့အားသင့်တာ တိတ်ကျကျန်ရစ်၏။

အရာရာသည် ပြောင်းလဲခြင်းတို့ဖြင့် အသစ်အသစ်တို့ကို ဖန်ဆင်းခဲ့လေရာ ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

ကျွန်တော်ကြမ်းရင် လူကြမ်းလို့ပဲခေါ်လိုက်ပါ ...၊

ကိုယ်က ကူညီဖို့ကြိုးစားခဲ့ပေမယ့် သူမ ပုတ်ချငြင်းဆန်လိုက်တဲ့ အခါ အရှုံးနဲ့ကျန်ခဲ့ဖို့က ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး၊ လက်ထပ်မှာ ဆိုတဲ့စကားက လက်မထပ်ဖြစ်ခဲ့ရင် ဆောင်းလခါမီ က လက်မခံလို့ဆို တဲ့ သတင်းကြီးမားကျယ်ပြန့်သွားတော့မှာမို့ ...။

"သမယ .. မင်း တော်တော်ဟုတ်တဲ့ကောင်နော် .."

"အေးလေ .. ငါတို့ကို နည်းနည်းလေးတောင် ကြိုမပြောဘူး .."

ခြိမ့်ခြိမ့်သဲ ကျင်းပဖြစ်ခဲ့သည့် မင်္ဂလာပွဲမှာ ကိုယ့်သူငယ်ချင်းတွေ က ဤသို့ဆိုကြကာ ...

"ကြိုပြောစရာမှမရှိတာ ဘယ်ပြောမလဲ .. ဒါ မိဘတွေစီစဉ်ထား တဲ့ကိစ္စ .."

"ငါပြောသားပဲ .. သူတို့တွဲနေကြတာ လူကြီးချင်းရင်းနှီးခဲ့တာ၊ တစ်နေ့နေ့ ပေးစားကြမှာပဲလို့ .."

"ဇာတ်လမ်းဟောင်းကြီးပါဟာ .. လူကြီးတွေအစွမ်းနဲ့ သမယ ကို သူ ရသွားတာပါ .."

မိန်းကလေးတွေရဲ့ တီးတိုးစကားသံတွေကတော့ အခြေအနေဆိုး တစ်ခုဆီ ဦးတည်နေခဲ့၏။ မီ ငိုချင်နေခဲ့သည်။ ဖမေက 'တဟင်းဟင်းနဲ့



အနားကပ်သတိပေးနေသဖြင့် မျက်ရောင်လက်နေသည့် မျက်ဝန်းလေး တွေနဲ့ပဲ ပြုံးမဲ့မဲ့လေး ညည်းခံနေရှာ၏။

"သမယ ..."

မင်းရဲ ကို မြင်လိုက်တော့ စိတ်က ထောင်းခနဲတိုသွားသည်။ ဒီမင်္ဂလာ ပွဲကို သူလည်းပျော်ရွှင်စွာ ဆင်နွှဲနေခဲ့တာမဟုတ်ပေ။ ဒီလိုတွေဖြစ်လာ တာ သင်းနဲ့သာ တိုက်ရိုက်သက်ဆိုင်သည်မို့ ...။

"မင်းကို ငါ မဖိတ်ခဲ့ပါဘူး .. ဘာကိစ္စနဲ့ ဒီထိ .."

"မီ့ ကို သနားပါတယ်ကွာ .. တကယ်ဆို မင်း ဒီလိုမလုပ်သင့်ပါဘူး .."

"ဘာ ..."

သူ့ဒေါသက မင်္ဂလာပွဲကိုလည်း ရှောင်နေမှာမဟုတ်ပေ ...။ ဒါကို နားလည်နေကြသည့် သူငယ်ချင်းတွေက အချိန်မီတားဆီးခဲ့ကြ၏။ ဒါတောင် မင်းရဲ က ဂျစ်တိဂျစ်ကန်အကြည့်နှင့် ...၊

"ဒီကောင်ကလည်း ဘာလဲ .. သူတောက်လျှောက် ဂျပန်မှုလီမ ကို သည်းခံမွေးမြူလာခဲ့ပြီးတော့ .."

"ဟုတ်တယ် .. စွဲ နဲ့ လက်ချာ ကြောင့်ပဲဟာ .."

အားလုံးသိနေကြသည့် မင်္ဂလာပွဲဟာ ကဲ့ရယ်ဝေဖန်ခြင်းတွေက လည်း မယုတ်မလျော့အရင်အတိုင်းပဲရှိနေသည့်ပြင် ...၊

"မီ ..."

ချစ်ကိုင်း က အဖြူရောင်အနောက်တိုင်းဝတ်စုံပေါ်မှာ ရင်ဘတ်မှာ နှင်းဆီနီတစ်ပွင့်ထိုးလျက် ရောက်လာသည်။ မသိရင် ဒီပွဲက သတို့သား အတိုင်း ...၊

"ဖြစ်သွားတဲ့အခြေအနေတွေကို ကိုယ် နားလည်တယ်၊ မီ အားမငယ် နဲ့နော် .."

အပြုံးချော် ကိုယ်ကပ်ဂါဝန်ရှည်လေးနှင့် မီ့ ရဲ့ဘေးမှာ သူ့ဝင်ရပ် လိုက်တော့ သတို့သမီးနဲ့ သတို့သားလိုလို ...။

"သား .. အဲ့ဒီကောင်လေးက ဘယ်သူလဲ .."

www.burmeseclassic.com

www.burmeseclassic.com



မေမေနဲ့ အန်တီခင် သူ့ဆီရောက်လာပြီး မေးခွန်းတွေထုတ်လာခဲ့သည်။ ထိုပြင် ညှိခံပွဲမှာရှိနေသမျှ လူတော်တော်များများ ဒါကိုသတိပြုမိကုန်ကာ ...။

"လူတွေဘာလို့လိုကြည့်ကုန်ပြီကွ သမယ ... ဒီကောင်လုပ်ပုံ လွန်လာပြီ ..."

"ကြည့်ရတာ မို့ ကို တကယ်ကြွေနေတာ ..."

မီးရောင်စုံတို့နှင့် ညာ၏အလှမှာ အဖြူရောင်ဝတ်စုံနှင့် လူနှစ်ယောက်က ထင်းနေသည်။

"ဟဲ့ ... သတို့သားက မီးခိုးရောင်နဲ့ဖြစ်ပြီး ချစ်တိုင်း က အဖြူနဲ့ ဘယ်လိုဖြစ်ကုန်တာလဲ ..."

မေးခွန်းတွေ တိုးသဲ့သဲ့ထွက်လာတော့ နှစ်ဖက်လူကြီးတွေ မျက်စိမျက်နှာပျက်လာကြသည်။

"သား ..."

"ကျွန်တော် မသိဘူး မေမေ ... သူများအဝတ်အစားကို ဘာအရောင်ဝတ်ပါလို့ အမိန့်ပေးလို့မှမရတာ အဖြူရောင်ဝတ်ထားတာ သတို့သားလို့ သတ်မှတ်ထားတာလည်းမရှိပါဘူး ..."

"ရှိတော့မရှိဘူးပေါ့ကွ ..."

ဖေဖေ့ မျက်နှာကလည်း ချစ်တိုင်း ကို လှမ်းကြည့်ပြီး မှုန်ကုတ်ကုတ်ဖြစ်နေကာ ...။

"မင်းက အဖြူမဝတ်တော့ ပိုခက်တာပေါ့၊ သတ်မှတ်ချက်ရှိတာမရှိတာ ကပ်သပ်ပြောနေမယ့်အစား ဘယ်သူတွေဘယ်လိုပြောနေကြသလဲ မင်း နားစွင့်ကြည့်လိုက် ..."

မသိလို့မှ မဟုတ်ဘဲ ...၊

နေရာတကာပြောနိုင်လွန်းတဲ့ အဲ့ဒီပါးစပ်တွေကြောင့် ဒီမင်္ဂလာပွဲဖြစ်လာတာလို့ ပြောလိုက်ပြန်ရင်လည်း မကောင်း ...။ ချစ်တိုင်း က သူငယ်ချင်းတစ်အုပ်နှင့် ရောက်လာတာဖြစ်ကာ မို့ ဆီးမှာ သူရှိနေပြီး



သူငယ်ချင်းတွေ ဝိုင်းရံစုပြည်နေကြတော့ မသိတဲ့လူဆို သူနဲ့ မီ ကပဲ သတို့သားနဲ့ သတို့သမီး ...။

"ကလေးတွေတောင် ဒီအရွယ်အချိန်အခါတွေရောက်ကုန်ပြီနော် မလေးနွယ် ... တစ်ခါမှ သေချာမမြင်ဘူးသေးဘူး၊ သားလေးက လူချောလေးပဲ ..."

ဒေါ်လေးနွယ် ရှင်းပြဖို့ ပါးစပ်ပြင်ရင်း ဒီတိုင်းကျန်ရစ်၏။ ကြည့်လိုက်တော့ ကိုယ့်ရဲ့သား သတို့သားလေးက ထိပ်ဆုံးထောင့်က စားပွဲမှာ သူငယ်ချင်းတွေနဲ့ ငုပ်လျှိုးစွာရှိနေခဲ့လျက် ချစ်တိုင်း ဆိုသည့် ကောင်လေးကတော့ မီ နဲ့ အတူ ညှိခံပွဲရဲ့အလယ်မှာ သူငယ်ချင်းတွေနဲ့ ဓာတ်ပုံတွေရိုက် ... ရယ်မောလို့ ...။

"မီ ..."

အားလုံးဖြစ်ပျက်ရှုနေကြပြီမှန်း သိလိုက်သည်နှင့် ခေမာ က မီ့ကို သတိပေးသည်။

"ချစ်တိုင်း က နည်းနည်းအိုဗာဖြစ်နေမဘူးလား မီ ... သူများလုပ်ကြံတာတွေခံခဲ့ရတာလည်းများပြီနော် ... တစ်ကြိမ်မကဆိုရင် လိမ်တဲ့သူရဲ့ အပြစ်မဟုတ်တော့ဘူး ..."

"ငါလည်း မတတ်နိုင်ဘူး ခေမာ ရယ် ... ချစ်တိုင်း က အစတည်းက သူပဲ ငါ့ကို နွေးထွေးခဲ့တာ၊ ခုလည်း အားပေးစကားပြောတာပဲ ..."

"ဟုတ်ရင်ဟုတ်မှာပေါ့ ... ဒါပေမယ့် နင်တို့အခြေအနေကိုသိနေတာကိုက ငါတော့ သိပ်မရိုးဘူးထင်တယ် ..."

မီ ထိတ်လန့်သွားမိသည်။ ဒါပေမယ့် သူမ လူကဲခတ်ပညာ မကျွမ်းကျင်ပေ ...။ စတွေ့ဖူးတည်းက ချစ်တိုင်း က လိုက်လျောတတ်တဲ့ ယောကျ်ားတွေထဲမှာ ထူးခြားတဲ့ပုံစံမျိုးနဲ့ဖြစ်သည်။

သူမကို သနားသဖြင့် ဆက်ဆံဖော်ရွေခဲ့သည့် မင်းရဲ့ပို အကြည့်မျိုးနဲ့မဟုတ်ဘဲ ရင်းနှီးဖော်ရွေသော သူငယ်ချင်းရင်းတဲ့သို့ အရေးတယူ နေရာပေးခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



*ဒီည စိတ်ညစ်ပင်ပန်းနေတုန်းမှာ ချစ်တိုင်း ရဲ့ အပြုံးနဲ့ ဖြူစင်ကြည်လင်နေသည့် ချုဝတ်စုံကို မြင်လိုက်ရသည့်အတွက် သူမ ဝမ်းသာ ပျော်ရွှင်ခဲ့ရတာလည်း အမှန် ...။*

"မီ .. နင့်ကို သမယ တို့ ကြည့်နေကြတယ် .."

"ကြည့်ကြည့်ပေါ့ .."

"နင့်အမေ ဒီဘက်ကိုလာနေတယ်ဟ .. အခြေအနေသိပ်မကောင်းဘူး .."

ဒါကျတော့ 'လာလာပေါ့' လို့ မပြောရဲတော့ဘဲ ထိတ်ထိတ်ပျာပျာ ဖြစ်သွားခဲ့သည်။

"ချစ်တိုင်း ခဏလေးနော် .."

"အိုခေ .. အိုခေ .."

ချစ်တိုင်း က ရယ်မောမပျက် ခေါင်းညိတ်ရင်း မီ ထားပေးခဲ့တဲ့ စားပွဲမှာပဲ ဝင်ထိုင်နေရစ်၏။

"သမီး ဘယ်လိုလုပ်နေတာလဲ .."

"မီ ဘာလုပ်လို့လဲ မေမေ .."

"အဲ့ဒီကောင်လေးက ဘာလဲ .."

"မီ့ သူငယ်ချင်းပါ .."

"သားနဲ့တော့ မသိကြဘူးလား .."

လူတွေသတိထားမိနေကြသည်မို့ သားအမိနှစ်ယောက် ဒီပြဿနာ ရှင်းနေသည်မထင်ရအောင် လူသူကင်းရှင်းတဲ့နေရာထိ အဝေးကြီးထွက်လာခဲ့ရသည်။

"ပြောလေ .. သားနဲ့ မသိဘူးလားလို့ .."

"မီ ဘယ်လိုလုပ်သိမှာလဲ မေမေရယ်၊ သူတို့က တစ်ကျောင်းတည်း ဟိုအစတည်းက တွေ့မြင်ရင်းနှီးနေကြတာ၊ မရင်းနှီးပေမယ့် သိရင်လည်း သိနေကြမှာပေါ့ .."

"ဒါဖြင့် သမီးက နှစ်ဝက်ကျိုးမှရောက်လာပြီး ဗိုရင်းနှီးနေတာပေါ့ .."



"အဲ့ဒါ .."

"သမီးတို့ လုပ်နေတာ လူအမြင်မတော်ဘူးဖြစ်လာပြီ၊ သားနဲ့ ရင်းနှီးနှီးမနှီးနှီး သားရှိရာခေါ်သွားလိုက်ပါလား .. သားနဲ့ သမီး အတူတူရှိနေကြရင် ဘာဖြစ်ဖြစ် တင့်တယ်တာပေါ့ .."

"မီ က ဒီတိုင်းပဲနေတာပါ၊ သမယ က သူ့ဟာသူ ခွဲထွက်နေတာ ဥစ္စာ .."

ဒါလည်း ဟုတ်တော့ ဟုတ်သား ...။

မီ က ဒါလုပ်ဆိုလုပ်သည်။ ဒါလေးဝတ်စမ်းပါဆို ဝတ်တာပဲဖြစ်၏။ သမယ ကတော့ အဖြူရောင်ကြီးမကြိုက်ပါဘူးဆိုပြီး ဝတ်စုံကို မီးခိုးရောင်ပဲရွေးသည်။

တကယ်ဆို မီ့ ကို စိတ်မချလို့ပါဆိုပြီး ချက်ချင်းလက်ထပ်ဖို့ ပူဆာခဲ့တာသူပဲဖြစ်သည်။ 'စေ့စပ်ထားလိုက်ရင်ရော' လို့ ဒေါ်ခင်မီကို ပြောခဲ့သေးသည်။

သမယ ရော လေးတို့ကအစ လက်ထပ်လိုက်တာ ကောင်းသည်လို့ ဆုံးဖြတ်ကြပြီး အမြန်ဆုံး စီစဉ်ခဲ့ကြသည်။ သို့သော် သမယ တတက်ကြွနေပြီး သမီးနဲ့ တိုင်တိုင်ပင်ပင်ဘာမှမရှိသလို သမီးကလည်း ချက်နှာမကောင်း ...။

ထို့ကြောင့် ဖအေကတော့ သက်ပြင်းချနေရှာ၏။

"ကလေးတွေ တစ်ခုခုဖြစ်ကြတယ်ထင်တယ်" လို့ ပြောခဲ့တုန်းက ဒါကိုသေချာမေးမြန်းခဲ့ဖို့သင့်၏။

ညှေ့ခံပွဲကြီးကို ပြန်ကြည့်ပြီး ဒေါ်ခင်မီကို ရင်လေးသလိုကြီးဖြစ်သွားသည်။ မီ ကတော့ မေးတာထက်ပိုပြီး ဘာမှရှင်းမပြတတ်သောကြောင့် မျက်နှာလေး မသာမယာနှင့် ဒီတိုင်း ...။

"သမီး ..."

"ရှင် .."

"သမီးနဲ့ သမယ တို့ ဘာဖြစ်ထားကြသလဲ .."

www.burmeseclassic.com



အချိန်လွန်မှ မေးဖြစ်ခဲ့သော်လည်း ..။

"မေမေ့ကို မီ ပြောသားပဲ .. သူ့ကို မီ က စေတနာနဲ့ ပြောတာကို သူ အထင်လွဲပြီး .."

"တော်တော့ သမီး .. ဒီလောက်နဲ့တော့ ဒီလိုတွေလုပ်ပြီးရှဲ့မှာ မဟုတ်ဘူး .."

'မယုံရင်ပုံပြင်မှတ်ပါတော့' လို့ပဲ ပြောရမှာဖြစ်သည်။ မီ ဒီ့ထက် ပိုပြီး ဘာမှမကျူးလွန်ခဲ့ပါဘဲ ဘာကြောင့် အတင်းလက်ထပ်ဖို့ကြိုးစား သလဲဆိုတာက ..။

"မီ ကိုယ်တို့ ပြန်တော့မယ် .."

ချစ်တိုင်း တို့ နှုတ်ဆက်ကြတော့ မီ ကျောမလုံတော့ပေ ..။ မေမေ တို့ရဲ့ မျက်လုံးတွေကို တည့်တည့်မဆုံမိအောင်ရှာဖွေကြည့်မိရင်း မျက်ဝန်း လေးတွေ မငြိမ်မသက်နှင့် ..။

"ကျေးဇူးတင်ပါတယ် .. ဟို .. မီ ညှိခံတာလိုအပ်တာရှိရင် ခွင့်လွှတ်နော် .."

"ဘာမှမလိုအပ်ဘူး .. မင်း လိုအပ်မှာကိုပဲ ကိုယ်စိုးရိမ်တာ .."

ချစ်တိုင်း က နူးညံ့ကြင်နာတတ်သောအကြည့်အပြုံးတို့နှင့် မီ့ လက်ကိုကိုင်၍ အနည်းငယ်ပင့်ယူကာ မီ ကိုင်ထားသည့် လက်ကိုင်ပန်း တွေကို ငုံ့နမ်းပစ်လိုက်သည်။

ဘုရား .. ဘုရား ..။

မီ ထိတ်လန့်သွားသည်။ ခေါင်းထဲမှာ လျှပ်စီးလက်သွားသလို အလင်းရောင်တွေ ပြိုးပြိုးပြက်ပြက်ဖြစ်သွားခဲ့ပြီး ဟာခနဲ လက်ခုပ်တီးသံ တွေလား .. ရယ်သံတွေလားမသိ ..။

"ကိုယ်တို့ ဘာမှမပြောင်းလဲဘူးနော် .. အရင်အတိုင်းပဲ .."

နှုတ်ဆက်စကားက အကျယ်ကြီး ..။

ထိုအချိန်မှာ ပျံ့လွင့်လာသည့် သီချင်းသံသည် ..။

"× ×*မင်္ဂလာခန်းမကြီးထဲ .. ဒီမင်္ဂလာခန်းမကြီးထဲ ..*



× × *တို့နှစ်ဦး လက်ကိုတွဲ .. နိုင်မြဲသောအချစ်ကို သစ္စာဆိုမယ်..*

× × *အဖြူရောင် သတို့သမီးလေး .. တကယ်ပါ နင်လှနေလို့..*

× × *မိုးထက်နတ်သက်ကြွေသူ .. ရင်ခုန်သံ ဘယ်လိုထိန်းရမှာလဲ..*

× × *အဖြူရောင်နှင်းဆီပန်း .. ခင်းထားတဲ့ ကတ္တီပါလမ်း ..*

*.. ငါ့သားက မိန်းမပျိုလေးလျှောက်တဲ့ခြေလှမ်း ကုဋေတစ်သန်း..*"

မီ သူ ကိုင်ထားတဲ့လက်ကို ပြန်ရုန်းလိုက်သည်။ ပြီးတော့ သူနဲ့ ထိကပ်ရပ်နေမိသည့် ကိုယ်ကို ခြေလှမ်းဆုတ်၍ ပြန်ခွာမိသည်။

သို့သော် မီ့ နောက်မှာ သူငယ်ချင်းတွေ ဝိုင်းအုံကပ်နေကြသဖြင့် ချစ်တိုင်း ရှေ့ကိုပဲ ပြန်ရောက်ကာ ..။

"ချစ်တိုင်း မင်းပဲ သတို့သားလုပ်လိုက်တော့ .."

"လုပ်လိုက်တော့ ယောကောင် .. မင်းနဲ့ပဲ ပြီးနေပြီ .."

ဒီစကားသံတွေက အကျယ်ကြီးမဟုတ်ပါ။ ဒါပေမယ့် မီ့ နားစည် တွေ ကွဲထွက်သွားမလားထင်ရလောက်အောင် ထုနှင့် ထည်နှင့် ရိုက်ခတ် သေသည်။

"ချစ်တိုင်း ကိုယ့်ပစ္စည်းမဟုတ်ဘူး .. မျက်လုံးကြီးပြန်ရုတ်သိမ်း.."

စကားသံတွေက ဆိုးရွားစွာ နှိပ်စက်နေသည့်ပြင် သီချင်းသံသည်..။

"*အဖြူရောင်သတို့သမီးလေး × × တကယ်ပါ နင်လှနေလို့ ...*

*... မိုးထက် နတ်သက်ကြွေသူ .. ရင်ခုန်သံဘယ်လိုထိန်းရမှာလဲ..*"

သီချင်းသံတွေရယ် စနောက်သံတွေရယ် ရယ်မောသံတွေကြားထဲ ဖားသွားထက်ပြင်းသော မေမေတို့ရဲ့ မျက်လုံးတွေကြောင့် မီ သည် ခေါ်လာပွဲပြီးတဲ့အထိ တုန်လှုပ်ချောက်ချားမှုများနှင့် ..။

www.burmeseclassic.com



# အခန်း (၂၀)

"သား ပြန်မလာသေးဘူးလား သမီး .."

"ဟင့်အင်း မေမေ .."

ခေါင်မိကို မျက်နှာတင်းတင်းနှင့် ဘယ်နှစ်ခေါက်မြောက်မှန်းမသိ လှည့်ထွက်သွားပြန်၏။ မီ နာရီကြည့်လိုက်တော့ ညဆယ်နာရီခွဲ..။

ဒါ သိပ်တော့ ညဥ့်မနက်သေးပါဘူးလို့ ကိုယ့်ဘာသာ တီးတိုးဆိုရင်း ခေါင်းတော့ကုတ်မိ၏။ သူမအတွက်ကတော့ ညရှစ်နာရီခွဲဆိုတာ အိပ်ချိန်ပဲဖြစ်သည်။

ခေမာ့ ဆီက ဖုန်းလာတော့ ဖုန်းကိုကိုင်၍ ဝရန်တာဘက်ထွက်ခဲ့မိကာ ..၊

"ပြောလေ .. ခေမာ .."

"နင်တို့ ဘယ်လိုလဲ.."

"သမယ ခုထိ ပြန်မလာသေးဘူး .."

"အရက်တွေဘာတွေများသောက်နေသလား .."

"မသိဘူးလေ .. အဲ့ဒါမျိုးက ယောကျ်ားလေးတွေ ဘချ်လာနိုက် လုပ်ကြတာမို့လား .. တချို့ကျတော့ အသည်းကွဲတဲ့မင်္ဂလာပွဲမို့လို့ ချစ်သူနဲ့ ကွဲရလို့လေ .."

"မီ ရယ် .. သမယ လည်း ရည်းစားတွေရှိဟာပဲလေ၊ နင်တို့တ



ကြတာမဟုတ်ဘဲနဲ့ လက်ထပ်ခဲ့တာ .."

"အင်း ..."

"လူပျိုသိုးပြီး ဝမ်းသာအားရကျွင်းပတာမဟုတ်ရင်တောင် စိတ်ညစ်သောက်တာလည်း ဖြစ်နိုင်တာပဲ၊ ပြီးတော့ နင်နဲ့ ချစ်တိုင်း တစ်ပွဲ အတူတူရှိနေတာကို သူ လှမ်းကြည့်နေတာ .."

"မဆိုင်ပါဘူး ခေမာရယ် .. ဒါကြောင့်ဆိုရင် ငါ့ကိုသဝန်တိုသလို နေမှာပေါ့၊ သူ အရက်သောက်မှာမဟုတ်ပါဘူး .. အန်တီလေးက ည်း အစောကြီးတည်းက ကြိမ်းထားတာ .. ငါထင်တာတော့ .."

ဟင် ..၊

ဖုန်းပြောရင်း ခြံထဲကို မောင်းဝင်လာသည့် ကားတန်းကြီးကြောင့် ကိုယ်လေးတောင့်မတ်သွားသည်။

"ခေမာ သူ ပြန်လာပြီ .. နောက်မှနော် .."

ဖုန်းကိုင်လျက်နှင့် အောက်ထပ်ကိုပြေးဆင်းလာခဲ့၏။ သူမ တံခါးနား တ်တော့ ယောကျ်ားလေးအုပ်စုကြီးရဲ့လက်ထဲမှာ သမယ က ခေါင်း နေလျက် ..၊

"သူ ဘယ်လိုဖြစ်လာတာလဲဟင် .."

"ငါတို့လည်း တားတာပဲ .. အားလုံးနည်းနည်းစီမော့ကြတာ သူ့ကို တားမရဆွဲမရ .."

ဘယ်သူဝင်ရှင်းပြမှန်းလည်း မသိပါ။

သမယ ကို တွဲ၍ မီ အထဲဝင်လာတော့ လှုကိုပခုံးကနေဖက်မိထား ချက်ကြောစင်းစင်းနှင့် ငုံကြည့်ကာ ..၊

"ဆောင်းလခါမီ .."

"ဟုတ်တယ် .. တိုးတိုးပြော .. မေမေတို့လည်း အိပ်သေးတာ တ်ဘူး .."

"သိတယ် .. တိုးတိုးပြောလို့ရအောင် တမင်သောက်လာတာ၊ အင့်.. .. အသောက်များပြီး .. အင့် .. လျှာတွေတောင် တိုကုန်ပြီလား

www.burmeseclassic.com

www.burmeseclassic.com



မသိဘူး .. ပြောလို့မကောင်းတော့ဘူး .."

"သမယ အတင်းမှီမထားနဲ့လေ .. အား .. ငါ နာနေပြီ .."

"နင့်ကိုယ်လုံးကြီးနဲ့ ဒါလေးတောင် မခံနိုင်ဘူးလား .."

"မခံ .. အား ..."

ပခုံးကိုအတင်းဆွဲညှစ်လိုက်သဖြင့် မီ မျက်နှာလေးရှုံ့မဲ့သွားသည်။ ပြီးတော့ အခန်းထဲလည်းရောက်နေပြီမို့ သူ့ကိုယ်ကြီးကို မွေ့ရာပေါ် တွန်းချပစ်လိုက်၏။ သို့သော် ...

"သမယ ... အား .. ဖယ်ဦး .."

"နင်က ဖယ်ရမှာ .. ငါ့ကို တအားဖိထားတာ နည်းတဲ့ကိုယ်လုံးကြီးမဟုတ်ဘူး .."

လူကိုအတင်းအကျပ်ဖက်ထားပြီး သူ့ကိုဖိထားသည်ပြောနေသေးသည်။ နံစော်နေသည့် အရက်နံ့နှင့် မင်္ဂလာဦးညဆိုတာကို သတိရလာတော့ မီ အတင်းပြန်ရုန်းပစ်မိကာ ...၊

"နင့်ကို မေမေလေးနဲ့ တိုင်မယ် .. ဒီလောက်တောင် အသောအမြောသောက်လာရသလား .."

"ဟမ် .. ဘာ .. မေမေလေး ဟုတ်လား .. အန်တီလေးလုပ်စမ်းပါ အင့် .."

မီ က ရုန်းထလိုက် သမယ က ပြန်ဆွဲထားလိုက်နှင့် မွေ့ရာပေါ်မှ ဆင်းမရနိုင်ဘဲရှိကာ ...၊

"ငါကတော့ မေမေခေါ်လို့ ခေါ်မှာမဟုတ်ဘူးနော် .. အင့် .. မေမေ မရှိနဲ့ .. မလိုချင်သေးဘဲနဲ့ ယူလိုက်ရတာ ဒီကောင် မိန်းမရသွားပြီတဲ့ အင့် .. ပြောကြတာကြားရတော့ .. အင့် .. သွားပြီ .. သွားပြီ မေမေ့ မေမေ့သားလေး လူပျိုမဟုတ်တော့ဘူး .."

"သမယ ..."

မီ သူ့ပါးစပ်ကို ခေါင်းအုံးနဲ့ ဖိကပ်ပိတ်ထားမိလျှင် ...

"ဟင် .. ဘာ .. ဘာလုပ်တာလဲ .. ငါ့ကို ခေါင်းအုံးနဲ့ ...



...တယ် .."

"မဟုတ်ပါဘူး .. နင် အကျယ်ကြီးအော်နေလို့ .."

"ဟုတ်တယ် .. ငါ့ကို နင် တကယ်လုပ်ကြံတာ .. ဘာလဲ .. ချစ်တိုင်းနဲ့ လိုက်ချင်လို့လား .."

"သမယ .. နင်နော် .."

သမယ က ခေါင်းအုံးကို လွှင့်ပစ်လိုက်ပြီး တဟားဟားရယ်၏။ ပြီးတော့ 'အော့' သံကြီးနှင့် အရက်သမားပီသစွာ ...။

"ဘာရမလဲ .. လာခဲ့ .."

"ဟာ .. ဘာလုပ်တာလဲ .. သမယ .. နင်နော် .."

မင်္ဂလာဦးညဆိုတာလည်း ဘာမှန်းမသိလိုက်ဘဲ ...၊

"ကျွန်တော် ထင်ပါသည်၊ သူမနဲ့ ကျွန်တော် မကြာမကြာ ဒီတိုင်းဖြစ်နေမှာပဲဆိုတာ ...၊

ဒါပေမယ့် မကြာခင်မှာပဲ ပျော်ရွှင်မှုတွေလည်းရှိလာနိုင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူမကို ကျွန်တော် ဘယ်တော့မှ အပြစ်မြင်ရက်မှာမဟုတ်လို့ပါ ...။

အမြဲတမ်း အလျှော့ပေးအလိုလိုက်ခဲ့ရတဲ့ သူငယ်ချင်းလေး ...၊ ကျွန်တော့်ရဲ့ ခင်ဖိုင့်ဖိုင့်အရုပ်လေး .. သူမ ...။"

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

"မြန်အောင် .. သမယ ရော .. သမယ မလာသေးဘူးလား ..

"ဟေ့အေး .. ဘာဖြစ်လို့လဲ .."

သံတွဲ က ခုံဆွဲ၍ဝင်ထိုင်လိုက်ပြီးမှ ဟိုကြည့်ဒီကြည့်နှင့် ..၊

"မင်း အထဲဝင်ခဲ့သေးလား .."

"မဝင်ပါဘူး .. ငါတို့ ဒီမှာထိုင်ပြီး စားသောက်ပြီးမှ ဝင်နေကျကို ..

"အဲဒါမဖတ်နဲ့ .. ငါပြောမယ့်သတင်းက အဲ့ဒီထဲမှာ မပါသေးဘူး ..

မြန်အောင် ဖတ်နေသည့် ဂျာနယ်ကို သူ့ဘာသာဆွဲယူဖယ်လိုက် ပြီး စားပွဲပေါ်မှာချထားလိုက်ကာ ..၊

"ဒီနေ့ သမယ လာမှာသေချာလား .."

"သံတွဲ မင်း ဘာဖြစ်နေတာလဲ .. မသိရင် သမယ လာမယ့်လ မှာ ဖုံးခွဲဖို့အစီအစဉ်ရှိနေတဲ့သတင်း ရလာတဲ့အတိုင်းပဲ .."

"ဟုတ်တယ် ... အဲဒါက ဖုံးထက်ဆိုးရင်ဆိုးမှာ .."

သံတွဲ မျက်နှာမှာ ရေးကြီးသုတ်ပျာဖြစ်နေတာတောင် သိသာ သည်။ သူ့ကြောင့် မြန်အောင် ပါ ဟိုကြည့်ဒီကြည့်ဖြစ်သွားခဲ့လျက် ..

"ဟော .. ဟော .. ဟိုမှာလာပြီ သမယ .."

သံတို့သားက ကျောင်းတစ်ရက်ပဲ နားသည်။ ရောက်လာပေ



လည်း ကြည်ကြည်လင်လင်ပဲ ဖြစ်လျက် ဘောင်းဘီရှည်အဖြူရောင် အင်္ကျီအဖြူနှင့် သမယ ဆိုသည့် ရောင်ဝါအတိုင်း လင်းမြလင်းလျက်..။

"ဘာတွေဖြစ်နေကြတာလဲ ပြူးတူးပြဲတဲ .."

"မင်း ဘာမှမသိဘူးဟ .."

"လာပြန်ပြီ .."

မြန်အောင် က စိတ်မရှည်သံနှင့်ဆိုကာ ..၊

"ပြောမှာပြောတာမဟုတ်ဘူး .. ဘာလဲ .. ဒါလေးလိုနေသေးလား.."

လက်မစိုက်ပြီး ပါးစပ်မှာ့ပြတော့ သံတွဲက ထိုလက်ကို ရိုက်ချပစ် လိုက်ကာ ..၊

"ငါ့ကို ကစော်သမားမှတ်နေလား .."

သူတို့တွေ ကျောင်းလာတိုင်းထိုင်နေကျဆိုင်မှာပဲ စုမိကြသည်။ စားသောက်ပြီး အေးဆေးမှ အတန်းတက်ကြတာဖြစ်၏။ သမယ ထ သူထိုင်နေကျခုံမှာပဲ ထိုင်ချလိုက်ကာ ...

"ကော်ပြန့်စိမ်းနဲ့ ကော်ဖီ .."

စားစရာမှာတဲ့အထိ သံတွဲ က ပါးစပ်ပြင်နေဆဲ ..။

ထိုစဉ် ...

"ဟုတ်လို့လား .. ချစ်တိုင်း ကဖြင့် ရည်းစားတောင်ရှိတယ်မကြား ဘဲနဲ့ .."

"ဟုတ်ပါတယ်ဆိုမှ ဖေ့စ်ဘွတ်(ခ်)မှာ သေချာတင်ထားတာ သူတို့ နှစ်ယောက်ဘယ်တုန်းက ချစ်သွားကြတာလဲတဲ့ .."

ဘေးစားပွဲမှာဝင်ထိုင်လိုက်ကြသည့် မိန်းကလေးတွေအသံက ပတ်ဝန်းကျင်မှာ လူတွေရှိနေသေးတာတောင် သတိမရကြဘဲ သူတို့ ချည်းရှိနေသလို ကျယ်ကျယ်လောင်လောင် ...။

ချစ်တိုင်း ဆိုသည့်အသံကြားလိုက်သဖြင့် သမယ မျက်နှာတစ်ချက် ဖြစ်သွားသည်။ သံတွဲ နဲ့ မြန်အောင် တို့ ထိုစားပွဲကိုလှမ်းကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အသေအလဲအာရုံစိုက်၏။

လက်ကခေတ်ဘူးကို လှမ်းဆွဲနေတာတောင် မျက်လုံးက တခြားမှာ မို့ လက်ကတခြား ခေတ်ဘူးက တခြား ..။

"ချစ်တိုင်း က လင်းလက်ျာ ကို တောင် ဂရုမစိုက်ခဲ့ဘဲနဲ့ .."

"အမလေးဟယ် .. သေချာကြည့်ရင် ဆောင်းလခါမီ ဆိုတာလေး က လင်းလက်ျာ ထက်တောင် လှနေသေးတယ်၊ ဝတယ်ဆိုတာက ပတုတ် ပတက်လေးပါ .."

"ဒါကတော့ မင်္ဂလာဆောင်တာကို အသေအလဲခြယ်ထားတာနေ မှာပေါ့ နင်ကလည်း .."

"သူက မင်္ဂလာဆောင်လို့ အသေအလဲခြယ်တာလေ၊ လင်းလက်ျာ က နေ့စဉ်အသေအလဲခြယ်နေတာမဟုတ်ဘူးလား .. ကျောင်းလာလည်း မိတ်ကပ်နှုတ်ခမ်းနီနဲ့ ပွဲလမ်းသဘင်ဆိုလည်းဒီရုပ်ပဲ၊ သူ မင်္ဂလာဆောင် ရင်ရော ဘယ်လောက်များထူးခြားလှပလာမှာမို့လို့လဲ .."

"ဟဲ့ .. လိုက်ရဲ့လား .. ငါလည်းကြည့်ချင်တာ ငါ့ဖုန်းက သိပ် မကောင်းလို့ ချစ်တိုင်း က ဆောင်းလခါမီ ကို ဖက်ထားတာလား ဘယ်လို ပုံတွေလဲ .. အရမ်းပျော်နေကြတာလား .."

"အမလေး .. သူတို့အုပ်စုတွေချည်းပဲ ဝိုင်းအုံသောင်းကျန်းနေတာ လေ .. ချစ်တိုင်း ပါးစပ်ကြီးများ ဖြဲနေလိုက်တာ ရှိသမျှသွားတွေ ... မကဘူး .. ဟိုးလည်ချောင်းထဲထိတောင် မြင်ရလောက်တယ် .."

"ဒါဆို မင်္ဂလာဆောင်ပြီးသွားပြီဆိုတာ တကယ်ပေါ့ .."

"တကယ်ပါဆို အဲ့ဒီမှာတင် သုံးကင်းလုံးဆုံတယ်တဲ့ အရမ်းစည် တာပဲတဲ့သိလား၊ မိဘတွေက ဘယ်လောက်တောင်ချမ်းသာသလဲမသိဘူး၊ ချက်ချင်းကြီး ထစီစဉ်တာတောင် မင်္ဂလာပွဲက တခမ်းတနားပဲတဲ့ .."

"အောက် ..."

"အား .. ဟိတ်ကောင် .."



"ဆောရီး .. ဆောရီး .."

ရေနွေးငုံ့နေသည့်လက်က လျှံကျကုန်မှန်းသိကာမှ ချက်ချင်းကြီး လွှဲလိုက်သဖြင့် မြန်အောင် လက်နဲ့တိုက်မိသွားသည်။ တစ်ရှူးဘောက် လည်း ပြုတ်ကျသွားကာ မြန်အောင် ပေါင်ကိုပွတ်၍ ရှုံ့မဲ့နေကာ ...

"ချွေးသံတွဲ .. ဝံစား .."

"ဪ .. ဆောရီးပါဆိုမှ .."

သံတွဲ နဲ့ မြန်အောင် စီခနဲထဖြစ်ပြီးမှ ကြိတ်လိမ်းကြိတ်အော်လုပ် နေကြပေမယ့် ကျောင်းသူတွေက လှည့်ကြည့်လာကြသဖြင့် ..၊

"အဲ့ .. ဟိုမှာ ကင်း .."

"သမယ မို့လား .."

"ဟုတ်တယ် .. နင်တို့ကလည်း နေ့ပြောနောက်ကြည့်တဲ့ .."

"သူက ကျောခိုင်းထားတော့ သတိမထားလိုက်မိဘူး၊ ဆောင်းလခါမီ က သူနဲ့ ငယ်သူငယ်ချင်းမို့လား .. ဟဲ့ .. ငါတို့ပြောတာ မကောင်းတာရောင်း တွေ မပါပါဘူးနော် .."

"မိန်းမ .. ခုမှ .."

"တိုးတိုး .. တိုးတိုး .."

မိန်းကလေးတွေ အသံတိတ်လုနီးပါးတိုးကျသွားပေမယ့် ထိုစကားသံ တွေက သမယ နားထဲမှာ ပဲ့တင်သံတွေအတိုင်းကျန်ရစ်ခဲ့၏။ ရောက် လာကာစတ ပေါ့ပါးသွက်လက်လာခဲ့သည့် ပုံစံတွေအလျှင်းပျောက် ကွယ်သွားခဲ့လျှက် ..၊

"ငါ .. ငါ ကြားလာခဲ့တာ အဲဒီအကြောင်းတွေပဲ .."

သမယ ငိုတ်ဆိတ်ငေးငိုင်သွားတာကို စိတ်မကောင်းဖြစ်သွားခဲ့ လျက် သံတွဲ က မပွင့်တပွင့်ဆက်ပြောသည်။ မြန်အောင် ဆတ်ခနဲဖြစ် သွားကာ တအံ့တသြကြည့်လာပြီး ..၊

"မင်းကြီးတော်မို့လို့ ခုမှ ပြောရသလားကွ .."

www.burmeseclassic.com

www.burmeseclassic.com



"ငါပြောမလို့ပဲ .. ဒါပေမယ့် မင်းကလည်း အေးဆေးထိုင်နေတယ်၊ သမယ ရောက်လာတော့လည်း ဘာမှဖြစ်တဲ့ပုံမရှိဘူးဆိုတော့ ငါကြားလာခဲ့တာ ဟုတ်ချင်မှဟုတ်မှာဆိုပြီး .."

"တော်တော့ .. မင်း .."

"မင်း ဘာသိခဲ့တာလဲ .."

သမယ က သံတွဲကိုအစက ပြန်မေးသည်။ သံတွဲ ခေါင်းတစ်ချက်တုတ်ပြီး မျက်နှာခပ်ငုံ့ငုံ့နှင့် ..၊

"ချစ်တိုင်း နဲ့ မီ နဲ့ လက်ထပ်ပြီးသွားပြီဆိုတဲ့သတင်း ဖေ့ဘွတ်(ခ်)မှာ ပြန့်နေတာကြားခဲ့တာ၊ ငါ့ဟာငါ ဖွင့်ကြည့်တော့လည်း ရှာမတွေ့တာနဲ့ အဲဒါဟုတ်သလား မဟုတ်လောက်ဘူးလား ဇဝေဇဝါဖြစ်သွားပြန်ရော .. ပြီးတော့ စုံတွဲတစ်တွဲပြောသွားတာလည်း ကြားခဲ့တယ် .."

"ကဲ .. မြန်မြန် ဆက်ပြောစမ်းပါကွာ .. ဟုတ်ဟုတ် မဟုတ်ဟုတ် သိလာရင်ပြောရမှာပေါ့ကွ .."

မြန်အောင် က စိတ်မရှည်သံနှင့် ခပ်ကြိတ်ကြိတ်အော်၏။ သမယ ကတော့ တွေးရင်း စိတ်ရှုပ်နေသည့်မျက်နှာနှင့်ရှိကာ စုကုတ်ထားသည့် မျက်ခုံးတန်းတို့က ထိဆက်မတတ် ..။

"သူတို့လည်း လက်ထပ်ရအောင်တဲ့ .. ချစ်တိုင်း တောင် ကျောင်းမပြီးသေးဘဲ လက်ထပ်သွားတာတဲ့၊ ပြီးတော့ သူတို့ရဲ့ မင်္ဂလာစုံတွဲပုံနဲ့ ကွန်ဂရက်ကျူလေးရှင်းလုပ်ထားကြတာတွေ အများကြီးပဲတဲ့ .."

"တောက် ..."

မြန်အောင် က ဒေါ်တွေကန်နေကာ ..၊

"အဲဒါ တမင်လုပ်ကြတာ .."

"ဟုတ်တယ် .."

သမယ က ခေါင်းညိတ်လိုက်ပြီး မိန်းကလေးတွေစားပွဲကို ပခုံးမှာ မေးဖျားချိတ်တဲ့အထိ နောက်ပြန်လှည့်ကြည့်၏။ သူမတို့ကလည်း ကွက်



ကြည့်ကွက်ကြည့်ဖြစ်နေကြတာမို့ သမယ နဲ့ မျက်လုံးချင်းဆုံသွားတော့ ဇတ်လေးတွေပုဝင်သွားကြ၏။

သူ ဒီဘက်ပြန်လှည့်လိုက်ကာ ..၊

"တမင်တကာ ဖြန့်ပစ်တဲ့ သတင်းပဲ .."

"ဟုတ်တယ် သမယ .. ချစ်တိုင်း နဲ့ နီးစပ်တဲ့လူတွေချည်းပဲပြောနေကြတာ .. တောက် .."

"အေးကွ .. မင်္ဂလာပွဲတုန်းက မင်းဘာတွေတွေးပြီး ကြည့်ရှုအားခတ်နေမှန်းမသိခဲ့ဘူး၊ ဒီကောင်လုပ်ပုံမရိုးသားဘူးလို့ပြောတာတောင် ငါ စိတ်တိုသွားသေးတယ်၊ ကိုယ်လက်ထပ်တဲ့ပွဲကို သူ့ပွဲလိုကြီး မီ နဲ့ လာတွဲနေတာက မရိုးသားတာအသိသာကြီးပဲလေ၊ ဒါပေမယ့် ဒီလောက်ထိ ကြံစည်ထားမယ်မထင်ခဲ့တာ .."

"ကဲ .. စကားတွေပြောပြီး အချိန်ကုန်ခံမနေနဲ့ .. ဒါ သေချာသိဖို့လိုတယ် .."

မြန်အောင် က ဖုန်းဖွင့်ပြီး သည်းကြီးမည်းကြီးရှာတော့သည်။ သမယ ဖုန်းကို သံတွဲက ယူဖွင့်၏။ သုံးယောက်ရှိနေပြီး တိတ်ဆိတ်ခြင်းက အကျည်းတန်စွာကြီးစိုးနေကာ စားသောက်ဖွယ်တွေလာချသွားတာကိုလည်း စားဖို့သတိမရနိုင် ..။

"တွေ့ပြီ .."

"ဟာ .. ဟုတ်တယ် ကြည့်စမ်း .."

တွေ့ကြတော့လည်း ဖုန်းနှစ်လုံးစလုံးမှာဖြစ်ကာ သံတွဲ က သမယ ကို မြင်အောင်ပြ၏။ မီ့ လက်ကိုကိုင်၍ ပန်းကိုင့်နမ်းနေသည့်ပုံကို အလှဆုံးရိုက်ထားကာ အကြီးအသေးအမျိုးမျိုးနှင့် ပုံတွေအများကြီးပဲ ဖြစ်သည်။

'သူတို့ ဘယ်လိုချစ်သွားကြတာလဲ ..'

'အချစ်သည် အချိန်အခါနေရာမရွေးမှာ ဖြစ်ပေါ်တတ်၏'

www.burmeseclassic.com

www.burmeseclassic.com



'ဝတာပိန်တာ အချစ်ကိုမပြောင်းလဲနိုင်ပါ'

စသဖြင့်သော comment တွေက ပိုဆိုးနေသည်။ တင်လိုက်တဲ့သူကိုက 'ချစ်တဲ့သူတွေ စွန့်စားကြပြီ' လို့ တင်ထားတာမို့ ..၊

"မင်းကြီးဆိုတဲ့အကောင့်(တ်)ပိုင်ရှင်က ဘယ်ကောင်လဲမသိဘူး"

"တစ်တိုင်းပြည်လုံး ပြန့်နေကာမှ အကောင့်ပိုင်ရှင်ကို လည်ပင်းသွားညှစ်တော့ ဘာထူးမှာလဲ .."

"ဟာ .. သမယ .. မင်း ဒီတိုင်းငြိမ်နေမလို့လား .."

"မနေပါဘူး .."

ပြောပြီးတာနှင့် နေရာမှထရပ်လျှင် သူတို့လည်း ကမန်းကတန်းထရပ်လိုက်ကြကာ မြန်အောင် က ဝိတ်တာခေါ်ပြီး ပိုက်ဆံရှင်းလိုက်၏။

ပြီးတော့ နောက်ဆုံးကနေ ပြေးလိုက်သွား၏။ သူတို့ထွက်သွားပြီး သိပ်မကြာခင် မီ နဲ့ မိန်းကလေးနှစ်ယောက် ကဲန်တင်းဘက်ကို လျှောက်လာကြ၏။

ဒါက ဘယ်လိုအလွဲလည်းတော့ မသိ ..။



## အခန်း (၃၂)

"အချစ်နဲ့ဝတ်သက်ပြီး အာဒံ နဲ့ ဧဝ ဘယ်လိုစတင်ခဲ့သလဲမသိဘူး၊ ငါ့အချစ်ကတော့ အစလည်းမရှိဘူး၊ အဆုံးလည်းမရှိဘူး .."

"ဟား .. လန်းတယ်ကွာ .."

"ကဗျာမဆန်ပေမယ့် ရေရေလည် ဟတ်(ထ်)ထိတဲ့ တော်လ်ကီနော် .. ဟား .. ဟား .. ဟား .."

ချစ်တိုင်း က ခေါင်းညိတ်ပြီးကိုင်ထားသည့်စာအုပ်ကို ထောင်လိုက်လျှင် ပြောသည့်သူက စာအုပ်ချင်းရိုက်၏။ ပြီးတော့ တဟားဟားရယ်လို့မဆုံး ..။

"ဒါပေါ့ကွ .. မေတ္တာစစ်မှန်တော့ ပန်းဝင်ကြိုးကို ဖြတ်နိုင်တာချစ်တိုင်း ပဲလေ .."

"အချစ်ဆိုတာ ဘာတဲ့ .."

"ငါကတော့ ရယူလိုခြင်းလို့ထင်တာပဲ .."

"ငါထင်တာတော့ အချစ်ဆိုတာပူလောင်ပါတယ်၊ ပေးဆပ်ခြင်းတွေပဲမြင်နေရတာ .."

"ဟုတ်တယ် .. ဥပမာ .."

ပြောသည့်သူ စကားသံရပ်သွားသည်။ ချစ်တိုင်း ကသူ့မျက်နှာရှေ့

www.burmeseclassic.com

www.burmeseclassic.com



မှာ လက်သီးဆုပ်ကြီးနဲ့ ထိကပ်ထားလျက် ...၊

"ငါ့နှာမည်မပါစေနဲ့ .."

"အေးပါ .. လက်သီးကြီး နောက်ဆုတ်စမ်းပါ .."

ချစ်တိုင်း က လက်သီးကို ဖြည်းဖြည်းဖြန်ရုတ်လိုက်ရင်း ...၊

"အချစ်ဆိုတာ ကြည်ဖြူလိုက်လျောခြင်း .."

လို့ပြောပြီးရယ်သည်။ တစ်ယောက်က သူ့မျက်နှာကိုသေချာငုံ့ကြည့်၍ ...

"ငိုနေတာလား .. ရယ်တာလား .."

"သူတောင်းစား မျက်ခွက်စုတ်တော့မယ်နော် .."

"ငါကတော့ ကိုယ့်သူငယ်ချင်း နာကျင်မှာကိုမလိုလားဘူး၊ တားသင့်တာ တားရမှာပဲ .."

"ဒီမှာ .."

ချစ်တိုင်း က ထိုတစ်ယောက်ပခုံးကိုတို့ပြီး သူ့မျက်နှာကို လက်ညှိုးညွှန်ထား၍ ...

"ချစ်တိုင်း ဆိုတဲ့ငါက .. မြောက်ပေးတိုင်း ကွေးအောင်ကမယ့် ကောင်မဟုတ်ဘူး သေချာကြည့်၊ အချစ်ဆိုတာ ချစ်နိုင်းတိုင်းချစ်လို့မရသလို တားဆီးလို့လည်းမရဘူး၊ ငါ မှန်တယ်ထင်လို့လုပ်နေတာ သိကြားမင်း ဆင်းတားရင်တောင် နောက်မဆုတ်ဘူးမှတ် .."

"သိကြားမင်းကလည်း မလာပါဘူး .. ကိုယ့်ပြဿနာကိုယ်ရှင်းကြဆိုလို့ ငါကိုယ်တိုင်လာခဲ့တာ .."

ဟင်!...၊

သမယ ...၊

ချစ်တိုင်း မှ လွဲလျှင် ထိုင်နေသည့် ကျောင်းသားတွေ လှုပ်လှုပ်ရှားရှားဖြစ်ကုန်ကြ၏။ တက္ကသိုလ်မှာ သတ်မှတ်သည့် ကင်းသုံးကင်းက တစ်ယောက်တစ်မျိုး ချောကြပေမယ့် စီနီယာအလိုက်ဖြစ်သွားခဲ့သည့် အတိုင်း ...၊



သမယ ရဲ့ အရပ်အမောင်း၊ စမတ်ကျတာကအစ ချစ်တိုင်း နဲ့ မတူပေ ...။ သူများကို မော့မကြည့်တတ်သည့်အကျင့်ကြောင့် ချစ်တိုင်း ထရပ်လိုက်သည့်တိုင် သမယ ကိုတော့ မျက်လွှာပင့်ကြည့်ရတာပဲဖြစ်ကာ ...၊

"ဘာကိစ္စလဲ .."

"မင်းလုပ်ထားတာ ခင်းသိမှာပေါ့ .."

"ဟုတ်တယ် .. ဘယ်သူဖြစ်ဖြစ် ကိုယ်လုပ်ထားတာကိုယ်သိသင့်တယ် .."

ပြောပြီး ချစ်တိုင်း က သမယ ကို မဲ့ပြုံးနှင့် စိုက်ကြည့်၏။ ပြီးမှ...

"စိတ်ရှိရင် ဒီမှာထိုင်ပြောလို့ရပါတယ် .. ဘယ်လိုလဲ .."

ချစ်တိုင်း ရဲ့ အဆောင်ရှေ့ခုတ်ခုံမှာ ထိုင်စရာလည်းမရှိ၊ ရပ်နေစရာလည်းအဆင်မပြေ ...။

ဒါပေမယ့် ချစ်တိုင်း ပြောလိုက်တာနှင့် ခုတ်ခုံပေါ်မှာ ထိုင်နေကြသည့် သူငယ်ချင်းအပေါင်းအသင်းတွေက ထိုင်စရာဖယ်ပေးကြ၏။ မှာမှာသလဲ လိုက်လုပ်ပေးရှေ့စွာနဲ့တော့ မဟုတ်ပေ ...။

သူငယ်ချင်းတွေ တစ်ပြုံးတစ်မနဲ့နေတာ ဝါသနာကြီးပုံရသည့် ချစ်တိုင်း မှာ အားလုံးကလည်း သူ့ကိုထိလျှင် မချိအောင်နာကြမည့် အရိပ်တွေထင်နေကြ၏။

သို့သော် ဘယ်လိုမျက်နှာထားတွေနဲ့ဖြစ်ဖြစ် သမယ က ဂရုမစိုက်ပေ ...။ သူလာတာလည်း တစ်ယောက်တည်းဖြစ်ကာ နေရာတွေဖယ်ပေးပေမယ့် အကြည့်တစ်ချက်ပဲရောက်ကာ ...၊

"ငါက မင်းနဲ့ ထွေရာလေးပါးပြောဖို့လာတာမဟုတ်ဘူး .. သူများ အကောင်းကြောင်း ကိုယ်ကောင်းကြောင်းပဲ .."

"သိတယ် .."

"ဒါပေမယ့် မကောင်းလို့ မကောင်းဘူးပြောတာပေါ့ .. အတင်း အချင်းမဟုတ်ဘူး .."

www.burmeseclassic.com



ချစ်တိုင်း က ရှေ့နည်းနည်းထပ်တိုးပြီး မျက်လုံးချင်းဆုံကြည့်ကာ...

"သူများမကောင်းဖို့ ကိုယ်ကောင်းဖို့တွေလုပ်တတ်တဲ့လူတွေ အကြောင်းပေါ့၊ ငါကတော့ ကိုယ်ကောင်းဖို့အတွက် သူများဒုက္ခရောက်အောင် အသုံးမချတတ်ဘူး .."

သမယ က နှုတ်ခမ်းစပ်လွန့်လွန့်နှင့် မပီပြင်သောအပြုံးကိုဆောင်ကာ ...

"မင်း သူများတွေအကြောင်း အချိန်ကုန်ခံပြီး လေ့လာထားတာပဲ၊ ချီးကျူးထိုက်ပါတယ် .. ငါဆို ဒါမျိုးအလုပ်တွေ ဝါသနာမပါဘူး.."

ချစ်တိုင်း မျက်နှာတည်သွားသည်။ သမယ က ဘောင်းဘီထဲ လက်နှိုက်ထားလျက် မျက်နှာကိုစိုက်ကြည့်ကာ ...၊

"သူများအကြောင်းထက် သူများအိမ်ထောင်ရေးကိုစိတ်ဝင်စားတာ မကောင်းဘူး၊ စိတ်ဝင်စားရုံမဟုတ်ဘဲ ဝင်စွက်ဖက်တာ ပိုအဆင်ဆိုးတယ်၊ ကာမေသုမိစ္ဆာစာရာကံကို ကျူးလွန်တာမျိုးဆိုရင်တော့ .."

"ဟိတ်ကောင် ..."

ချစ်တိုင်း လက်က သမယ ရဲ့ ပခုံးတစ်ဖက်ကို ခပ်ဆတ်ဆတ်တွန်းပစ်လိုက်လျှင် ဘေးက သူငယ်ချင်းတွေ လှုပ်လှုပ်ရှားရှားထဖြစ်ကုန်ကာ ...၊

"ချစ်တိုင်း လက်မပါနဲ့ကွ .. မော်ကွန်းထိန်းဆီရောက်ကုန်လိမ့်မယ် .."

သူတို့နှစ်ယောက်ဘေးမှာ အားလုံးဝိုင်းပတ်ရပ်လိုက်လျှင် သမယ က မလိုက်ရဘူးဆို၍ နေခဲ့ကြရသည့် သံတွဲ တို့ကလည်း မလှမ်းမကမ်းမှာရှိနေကြသောကြောင့် ...၊

"ဟိုမှာ ဟိုကောင်တွေ သမယ ကို ဝိုင်းထားကြပြီ .."

"ဘာလဲကွ .. ဒီကောင်တွေ ကျိုးကန်းတွေလား .."

သံတွဲ နဲ့ မြန်အောင် လွယ်အိတ်တွေ စလွယ်သိုင်းချိတ်ပစ်လိုက်ပြီး အပြေးအလွှားဝင်လာကြ၏။ ဒါပေမယ့် အခြေအနေက သူတို့ထင်



သလိုမဟုတ်သေးသဖြင့် သမယ ဘေးတစ်ဖက်စီမှာ မသိမသာနေရာယူလိုက်ကြ၏။

ကြည့်လိုက်တော့ သမယ မျက်နှာတင်းနေပေမယ့် ချစ်တိုင်း ကသာ ပေါက်ကွဲလုလု ...။

"ငါ မင်းပြောတဲ့ကောင်မျိုးမဟုတ်ဘူး .."

သမယ ပခုံးတစ်ဖက်ပေါ်လက်တင်၍ သေရိုင် ခင်ကြောင်းမင်ကြောင်းနှင့် တစ်စုံတစ်ရာသော အကြောင်းအရာအတွက် အားပေးနှစ်သိမ့်နေသလိုလို ...။

"မင်းသာ ကိုယ့်ရဲ့ မာန်မာနကိုအလံထူပြီး အားနည်းတဲ့မိန်းကလေးတစ်ယောက်ကို တစ်ကိုယ်ကောင်းဆန်ဆန် လက်ထပ်ပစ်လိုက်တာ.."

သမယ က ပခုံးပေါ်က သူ့လက်ကိုဖယ်ထုတ်ပစ်လိုက်ပြီး ...၊

"ငါမကောင်းရင် ငါ့တရားနဲ့ငါ မင်းနဲ့ ဘာဆိုင်လို့လဲ .."

"မင့်တရား မင်းကိုစီရင်တဲ့အထိ စောင့်ကြည့်မနေချင်လို့ ငါကိုယ်တိုင် စီရင်လိုက်တာလေ .."

"ဒါဆို မင်း ဝန်ခံပြီပေါ့ .."

"ဘာလဲ ..."

"အင်တာနက်ကနေ ဖြန့်တဲ့ကိစ္စ .."

"ဖြန့်တာမဟုတ်ပါဘူး .. ပြန့်သွားတာ .."

ဝန်ခံနေပြီးမှ ရှောင်ထွက်သွားသည်။ သမယ အံကြိတ်လိုက်သဖြင့် မေးရိုးနှစ်ဖက်မှာ လှုပ်ခတ်သွား၏။

"ပြန့်တာဖြစ်ဖြစ် ဖြန့်တာဖြစ်ဖြစ် မဟုတ်ဘူးဆိုတာ မင်းပြန်ဖြေရှင်းရမယ် .."

"ဟား .. ဟား .. ဟား .. လာသေးတယ်ကွာ .."

"မင်းရဲ့ လုပ်ရပ်ရှေးချိုးဖောက်မှုကြောင့် မီ က ဘာဖြစ်သွားလဲသိလား"

"ဂုဏ်ရှိသွားတာပေါ့ကွ .. လက်ထပ်ပွဲမှာ သတို့သားက သတို့သမီးဘေးမှာမရှိဘူး၊ ကျွန်တော်မချစ်ဘဲနဲ့ ယူတာပါဆိုတဲ့ပြဿနာကို အထင်း

www.burmeseclassic.com



သား ဖော်ကျူးပြီး မင်းထင်သလိုနေနေတာက ဘယ်သူတွေဘယ်လို စော်ကားစော်ကား မျက်လုံးအကြောင်သားနဲ့ ကျန်နေခဲ့တဲ့ မီ့ အတွက် အရမ်းနစ်နာတယ် ..."

ချစ်တိုင်း အသံက လေးနက်သိပ်သည်းနေသည်။ တော်တော်လည်း ဒေါသထွက်နေပုံရှိကာ ခါးနစ်ဖက်ထောက်၍ ရှေ့ကိုထပ်တိုးရင်း ...၊

"မီ့ က အရမ်းဖြူစင်တဲ့ မိန်းကလေးပါ၊ ငါတို့အားလုံးရဲ့ရှေ့မှာ သူ ပြောလိုက်တဲ့စကား ဘယ်အဓိပ္ပာယ်ပဲသက်ရောက်သွားပေစေ မင်းဘာသာ ပြန်ပေးဖို့မလိုပါဘူး၊ ဒါကိုမင်းက သိက္ခာကျတယ် အရှက်ရတယ်ထင် ပြီး မီ့ ကို ချက်ချင်းကောက်ယူပစ်လိုက်တယ် ..."

"အဲ့ဒီတော့ ဘာဖြစ်သွားနိုင်သလဲ ..."

"မီ့ ဒုက္ခရောက်တာပေါ့ကွ .. မင်းလိုကောင်က ပြဿနာမရှိနိုင် ပေမယ့် မင်းနဲ့ ပတ်သက်ပြီး မီ့ မှာ ရန်သူတွေဝိုင်းနေတာ .."

"မင်းနဲ့ရော မပတ်သက်ခဲ့ဘူးလား .. သေချာစဉ်းစားဦး၊ မီ့ ကို ဒုက္ခပေးချင်နေတာ ငါ့ကြောင့်ပဲလား .."

တကယ်တမ်း မီ့ ကို ပါးရိုက်နားရိုက်လုပ်ဖို့ကြိုးစားတဲ့ လက်ျာ က သူနဲ့ပတ်သက်ပြီး မကျေနပ်တာက ပိုနေသည်ဆိုတာ တော်တော်များ များသိနေကြ၏။

ချစ်တိုင်း မျက်နှာပျက်သွားသည်။ သမယ က ခဲ့ပြုံးနှင့်ကြည့်၏။

"ငါ ဘာကြောင့် လက်ထပ်လက်ထပ် ငါက မီ့ ယောကျ်ား၊ မီ့ က ငါ့မိန်းမဖြစ်သွားတဲ့အဖြစ်ကို လက်ခံလိုက်တာပဲ၊ အဲ့ဒီအတွက် သူ့မှာ အန္တရာယ်တွေ ဝိုင်းနေလည်း ငါ့အပိုင်း ငါနဲ့ပဲဆိုင်တယ် .."

သမယ က တစ်ခွန်းချင်းပြောနေခဲ့လျက် ...၊

"ကောက်ရတဲ့သူက နမျောနေရလားလို့ပြောရအောင် ငါလည်း ကျမပျောက်သေးပါဘူး .."

"မင်း ..."

"မင်းလုပ်လိုက်တာ အရမ်းကိုဘောင်ကျော်သွားပြီ ချစ်တိုင်း၊ မင်း



ကိုယ်မင်း ကယ်တင်တယ်ထင်ပေမယ့် မင်း ကမ်းပေးနေတဲ့ ဝါးလုံး ကြောင့် ရေနစ်နေတဲ့သူကို ဝါးကူထိုးသလိုဖြစ်နေတာ သိရဲ့လား .."

"ဒါက ငါ စေတနာမှန်ဖို့ပဲလိုတာပါ .."

"ကိုယ့်ကိုယ်ကိုယ် ကြာကူလီအဖြစ်ခံပြီးတော့လား .."

"ဟွန်း ..."

ချစ်တိုင်း က ဂရုမစိုက်သည့်အပြုံးနှင့် ပခုံးတွန့်ကာ ...၊

"စာချုပ်လိုက်တာကြောင့် မင်းတို့လင်မယားတော်သွားကြတယ် ဆိုရင်လည်း ကာမေသုမိစ္ဆာစာရက်ကိုတော့ ကျူးလွန်ရာမမြောက်ပါ ဘူး .. ဟုတ်တယ်မို့လား .. ဒါက မင်းရဲ့ ကစားပွဲတစ်ခုပဲ .."

"ဒီကောင်တော့ကွာ .. တောက် .."

"ဟိတ် .. မင်းတို့ ဝင်ပါစရာမလိုဘူးနော် .."

သံတွဲ တက်ခေါက်ပြီး ရှေ့တိုးဝင်လိုက်တာနှင့် ချစ်တိုင်း သူငယ်ချင်းတွေ ကလည်း လှုပ်လှုပ်ရွရွထဖြစ်ကုန်ပြီး ကာတာဆီးတာတွေနဲ့ ရှုပ်သွားသည်။

ထိုအခါကျမှ သံတွဲ တို့ သူ့နောက်ရောက်နေကြတာ သမယ သိသွားခဲ့၏။ ထိုပြင် ပတ်ဝန်းကျင်မှာ တခြားကျောင်းသားတွေပါ ထူထပ် စွာ ဝိုင်းရံနေကြတာကို သတိထားမိလိုက်ပြီး ...၊

"မင်းနဲ့ ငါ ပြီးမှာမဟုတ်သေးဘူးထင်တယ် .."

"ဟွန်း ..."

ချစ်တိုင်း က ဟွန်းခနဲမဲ့သည်။ သမယ က သူ့ဘေးကို ပခုံးချင်း ထပ်ကွယ်၍ နားနားကပ်ကာ ...၊

"မင်းရဲ့ ဂုဏ်သိက္ခာ၊ မိဘအသိုင်းအဝိုင်းဂုဏ်သိက္ခာတွေကို မငဲ့ ဘူးဆိုရင် ဒီတိုင်းထားလေ .. ငါကတော့ မီ့ အတွက် လုပ်သင့်တာကို လုပ်ရမှာပဲ .."

သူပြောပြီး လှည့်ထွက်လိုက်၏။ ချစ်တိုင်း က သူ့လက်တံတောင်ဆစ် နားကို ဖတ်ခနဲဆုပ်ကိုင်ထားလိုက်ပြီး ...၊

"ငါကလည်း မီ့ အတွက် ဒီတိုင်းရှေ့ဆက်မှာ .."

www.burmeseclassic.com

www.burmeseclassic.com



သမယ ဆတ်ခနဲလှည့်ကြည့်တော့ စူးရဲသည့် မျက်လုံးတွေ ဆုံဆည်းသွားကြသည်။ သမယ အံကြိတ်ထားကာ ချစ်တိုင်း က မဲ့ပြုံးနှင့်ရယ်၏။

ပြီးတော့မှ နှစ်ယောက်တည်းကြားရုံ နှုတ်ခမ်းလှုပ်ရုံလေသံနှင့်…၊

"ချစ်တတ်တဲ့လူတိုင်း ရူးကြတာပဲ မင်း သိပါတယ် … ငါက မချစ်ဖူးခဲ့တဲ့ကောင် …"

သမယ ချစ်တိုင်း လက်ကို ပုတ်ချပစ်ခဲ့သည်။ ဝိုင်းဝန်းကြည့်ရှုနေကြသည့် ကျောင်းသားတွေရှေ့ကနေ ကျောခိုင်းထွက်လာခဲ့ရကာမှ ရှက်တတ်ခြင်းကိုသတိရသည်။

လှမ်းနေရသည့် ခြေလှမ်းတိုင်းက ခြေထောက်နဲ့မြေကြီး ထိသည် မထင် …။

မချစ်ဖူးသေးသူ ရင်ထဲမှာ အချစ်က ဘယ်လိုနေသလဲ၊ ချစ်ဖူးတဲ့သူတွေက ဘယ်လိုချစ်ကြသလဲ …၊

ချစ်တိုင်း ရဲ့ စကားတွေကိုကြားမှ သတိရလိုက်မိသောအချစ်ဆိုသည့်အရာသည် …၊



အခန်း (၃၃)

"ဒုက္ခပါပဲ …"

ဗီဒီယိုကိုဖွင့်ကြည့်တော့လည်း သူငယ်ချင်းတွေ ဝိုင်းဝန်းနောက်နေကြတာမှာ သမယ နာမည်လုံးဝမပါ။ မာတ်ပုံတွေလည်း ဒီတိုင်း …၊

"အခု ကျောင်းထဲမှာ ချစ်တိုင်း နဲ့ လက်ထပ်လိုက်တယ်ပဲ နာမည်ကြီးနေတာ မီ … အဲ့ဒီပြဿနာနဲ့ နင်တော့သွားပြန်ပြီ …"

မီ ဖုန်းကိုင်ရင်း ဘာပြောရမှန်းမသိအောင် ဖြစ်နေတော့သည်။

"ငါ ထင်တယ် … ဒီဗီဒီယိုကို ချစ်တိုင်း မဟုတ်ရင် သူ့ထဲကတစ်ယောက်ယောက်တင်တာ …"

"အသိသာကြီးပဲ ခေမာ ရယ် … မသိတဲ့လူတွေက အလုပ်ရှုပ်ခံပြီး လျှောက်လုပ်စရာလား …"

"အဲဒါ ငါဘာလုပ်ရမလဲ ဂျူလိုင် ရယ် … အကြံပေးပါဦး၊ မေမေတို့ သိရင်တော့ အကြီးအကျယ်စိတ်ဆိုးတော့မှာပဲ … အစတည်းက …"

"ပြောလေ … ဘာဖြစ်လို့လဲ …"

ဂျူလိုင် က လက်ျာ နဲ့ မတွဲသည့်နောက်မှာ ခေမာ နဲ့ ရင်းနှီးခဲ့ရာကနေ မီ နဲ့ပါ ခင်ခင်မင်မင်ဖြစ်လာခဲ့၏။ အစက မကြာခဏဆုံဖြစ်နေခဲ့လျက် ခုတော့ အတန်းဖော်ချင်းကဲ့သို့ အတူသွားအတူစားဖြစ်ခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုပြင် သူမက မို စိတ်ရင်းကိုလည်း နားလည်နေသဖြင့် ...၊

"သမယ နဲ့ နင် အထာမကျစွာလက်ထပ်ကြတာကို လူကြီးတွေ သိနေတာလား .."

မပြောနိုင်အောင်ဖြစ်နေသည့် မို စကားကို သူမက ဆက်ပေးလိုက်မှ ...

"ဟုတ်တယ် .. အစကတော့ လူကြီးချင်းသဘောတူထားပြီးသားလည်းဖြစ်၊ ငါတို့ချင်းလည်း သူငယ်ချင်းဆိုတော့လေ၊ နောက်ပြီး ငါတို့ ခဏခဏစကားနိုင်လုတာ .. ရန်ဖြစ်တာလည်း အဆန်းမဟုတ်တော့ ချက်ချင်းကြီး မင်္ဂလာထဆောင်တာကို သဘောတောင်ကျနေသေးတာ.."

"ငါထင်တယ် .. မင်္ဂလာပွဲကျမှ ရိပ်မိကုန်တာ .."

ခေမာ က ဝင်ထောက်ပေး၏။

"ဟုတ်တယ် .. အဲဒါလည်း ချစ်တိုင်း တို့ ရောက်လာပြီး အရမ်းစနောက်လို့ ပိုသိသာသွားတာထင်တယ်၊ သမယ နဲ့ ငါနဲ့လည်း မခေါ်ဘူးဆိုတာ သူက တခြား ငါကတခြားလေ .."

"မို ရယ် .. သမယ က လူလည်ကျတာကို ကိုယ်မှသဘောမတူဘဲနဲ့ ဘာလို့ လက်ခံလိုက်ရတာလဲ၊ ပြီးတော့ စိန်ခေါ်ပြီး လက်မောင်းလုံးပြိုင်တာမျိုးလည်းမဟုတ်ဘူး၊ အိမ်ထောင်ရေးကြီးတစ်ခုလုံးကို .."

"ငါလည်း အဲ့ဒါပြောနေတာပဲ .. တခြားနေရာမှာသည်းခံတာ သူငယ်ချင်းချင်း သာတယ် နာတယ်မမှတ်ဘူးပဲထားပါ၊ လက်ထပ်ဖို့ဆိုတာကြီးက .."

"နင်တို့ပြောတာဟုတ်ပါတယ် .. ဒါပေမယ့် သူ့ကို မေမေတို့က သိပ်ချစ်ခဲ့၊ ပြီးတော့ အန်တီလေး တို့ကလည်း ငါ့ကို သမီးရင်းလိုပဲ.."

"ဒါကတော့ ..."

"ငယ်ငယ်တုန်းကဆို မေမေနဲ့ အန်တီလေး တို့က ကလေးချင်း



လဲမွေးထားခဲ့တာတဲ့ .."

"ဘာ!..."

"ဘယ်လို!..."

ဂျူလိုင် နဲ့ ခေမာ အံ့သြကုန်ကြသည်။

"ကလေးချင်း လဲထိန်းကြတာလား .."

"အဲ့ဒါထက်ပိုတယ် .. ငါတို့က အိမ်ချင်းလဲပြီး ကြီးပြင်းခဲ့ကြတာမျိုး .."

"ဖြစ်ရလေ .."

"ဒါဖြင့် ဘာလို့ အန်တီလေးလို့ခေါ်လဲ .. မေမေလေး ဘာညာခေါ်ပါလား .."

"ဒါကတော့ မိန်းမသားချင်းမဟုတ်ဘူးလေ၊ ခင်ပွန်းသည်တွေက ရှိနေသေးတော့ မသင့်တော်တာတွေဖြစ်လာမှာစိုးလို့ပေါ့ .."

မို က ဟိုတုန်းကရင်းနှီးခဲ့တာတွေကို ပြောပြကာ ...၊

"သမယ က လက်ထပ်ချင်ပါပြီပြောလိုက်တည်းက ငါလည်း ငြင်းတာပဲ၊ ဒါပေမယ့် ဖေကြီးကိုယ်တိုင်က ချက်ချင်းစီစဉ်ဖို့ တန်းလုပ်တာ .."

"ဘာဖြစ်လို့လဲ ..."

"အစတည်းက ဒီလိုဖြစ်စေချင်နေတာတဲ့၊ ပြီးတော့ ဖေကြီးတို့က ခဏခဏ ခရီးထွက်နေရတာလေ၊ လုပ်ငန်းတိုးချဲ့နေတဲ့ကိစ္စတွေရော .. ငါ့ကိုရော စိတ်ချချင်လို့တဲ့ .."

အစတုန်းကတော့ ဖေကြီးနဲ့ မေမေ သမယ နဲ့ သဘောတူကြောင်း မပြောခဲ့ဘူးတာ တကယ်ပါ။ ဖေကြီး လုပ်ငန်းတွေအကြောင်း ခေါ်ပြသင်ပေးနေတာတောင် တခြားလူပုတ်ခတ်ပြောဆိုလာမှာစိုးလို့ သမယ ချစ်တဲ့ မိန်းကလေးနဲ့ လက်ထပ်တဲ့အခါ လက်ဖွဲ့ပေးလိုက်မှာဖြစ်ကြောင်း ထည့်ပြောခဲ့သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မီ က ဒါတွေထိရှင်းပြကာ ...၊

"ရှင်းရှင်းပြောရရင်ဟာ .. ငါက သမယ လို မလှဘူးလေ၊ လူကြီးတွေ သဘောနဲ့ စီစဉ်ပြီး လူငယ်ချင်းမကြင်နာကြမှာကို စိုးရိမ်တာ၊ မေမေ ကတော့ ငါ မျက်နှာငယ်မှာကို ထည့်တွေးပေးတာပေါ့နော် .. အဲဒါတွေ က ခုလို သမယ ကိုယ်တိုင်က ငါ့ကို စိတ်မချလို့ပါဆိုပြီး .."

"နင်တို့ စွဲ တို့နဲ့ဖြစ်တဲ့ ပြဿနာကိုရော လူကြီးတွေသိသွားသေး လား .."

"သိဖို့တောင်မလိုပါဘူး .. သူ့စကားနဲ့ သူ့မျက်နှာကိုမြင်လိုက်တာ မေမေတို့က ငါ့အတွက် တကယ်စိတ်ပူပြီး ခုလိုစီစဉ်ဖြစ်သွားတာ .."

"ကြည့်ရတာ နင် သဘောကောင်းတာ ရာဇဝင်နဲ့ထင်တယ် .."

"ဟင် .. ဘယ်လို ..."

ဂျူလိုင် က အားနာသလိုရယ်ဟဟနှင့်ကြည့်၍ ....

"နင်တို့ဖြစ်သွားတဲ့ ပြဿနာအရ တွေးကြည့်တာပါ၊ နင်က တစ်ဖက် လူကို သံသယမထားတတ်ဘူးလေ၊ ရင်ထဲမှာရှိတာကိုရှိတဲ့အတိုင်း ထုတ်ပြောတတ်တယ်၊ ဒါပေမယ့် ရိုးသားတာကို အခွင့်အရေးယူတဲ့ လူတွေနဲ့တွေ့တော့ ခံရတာပေါ့၊ နင့်ကို အားလုံးဝိုင်းစော်ကားသွားတာ အဲဒါတွေကြောင့် .."

"သမယ ကလည်း ငါ့ကို ကာကွယ်ခဲ့တာပါ၊ ဒါပေမယ့် ငါကလည်း သူ့အတွက်ပြောခဲ့တာ ဂျူလိုင်၊ သူ ဖြန်းဒိုင်းဆို ဒီလိုကြီးပြောလိုက်တော့ ဘေးမှာ သူ့ကိုချစ်နေတဲ့ မိန်းကလေးက .."

"ဒါကျတော့ နင်တွေးချိန်ရလိုက်သလားဟယ် .. သူ ဆွဲခေါ်သွား တဲ့အတိုင်း အသာလေးလိုက်သွားလိုက်ရင် ဒီလိုတွေဖြစ်လာမှာမဟုတ် ဘူး .."

"အဲ့ဒါလည်း နင် မထင်နဲ့ ခေမာ .. ပြောလိုက်ပြီဆိုရင် ဒါ ကြေညာ လိုက်တာပဲ .."



ဂျူလိုင် က ပြောနေရင်း တစ်ခုခုကို တွေးမိသွားသလိုရှိကာ —

"သမယ လည်း ဒီလောက်တော့ ပါးစပ်မပေါ့ပါဘူး၊ စိတ်လိုက် မာန်ပါ ပြောလိုက်တယ်ဆိုပေမယ့် ဒါက ပြင်လို့ဖျက်လို့လွယ်တဲ့ကိစ္စ မဟုတ်ဘူးဆိုတာ သူ သိမှာပဲ .."

"အဲ့ဒီတော့ နင်က ဘာပြောချင်လို့လဲ .."

ခေမာ က သိတော့သိလာပြီပေမယ့် မေးခွန်းထပ်ထုတ်၏။ မီ ကလည်း နားထောင်နေလျှင် ဂျူလိုင် က နှာခေါင်းလေးတစ်ချက်ပွတ်လိုက်ပြီး...၊

"မီ့ အပေါ်ထားတဲ့ သူ့စေတနာကလည်း မသေးဘူး .."

"ဟုတ်လို့လား ငါတော့ .."

"ဖြစ်နိုင်တယ်ဟ .. သူ မီ့ ကို လက်ခံနိုင်လို့သာ .."

"ဟား .. ဟား .. ဟား .."

ရယ်သံသည် ဘယ်ကထွက်ပေါ်လာမှန်းမသိ ...။ သို့သော် သူမတို့ လှည့်မကြည့်ရသေးခင် ဘေးကိုရောက်လာကြသည့်အရိပ်တွေက ...၊

"လန့်သွားသလား .. ဟွန်း .. ဟွန်း .. ရယ်ချင်လွန်းလို့ အသံမပေး နိုင်တော့ဘဲ ရယ်ချလိုက်တာပါ .."

လက်ျာ နဲ့ စွဲ ...။

ပြီးတော့ အေမီ နဲ့ ရွှေစင် ...။

ဘယ်လိုတွေပူးပေါင်းသင့်မြတ်နေကြသည် မသိပေမယ့် မီ ကို နှစ်ယောက်စလုံး မလိုလားအမုန်းပွားနေကြတုန်းပဲဆိုတာကတော့ သေချာ လေသည်။

လက်ျာ က မီ ရှေ့မှာ သေချာနေရာယူပြီးထိုင်လည်းမထိုင် ...၊ စွဲ ကတော့ စရောက်လာတည်းက ရယ်မောပုံမရှိသော မျက်နှာသည် လက်ျာ ရဲ့ ဘေးကနေ လူသတ်ချင်နေတဲ့အတိုင်း အေးစက်ခက်ထန်လျက် ...။

"အဲ့ဒီလိုပြောပေးနေကြတော့လည်း ကမ္ဘာကြီးငြိမ်းချမ်းတာပေါ့ လက်ျာ ရယ် .."

www.burmeseclassic.com

www.burmeseclassic.com



အရှုံး စိတ်ချမ်းသာအောင်ပြောပေးနေကြသည်လို့ အဓိပ္ပာယ်ရောက်မှန်း သိလိုက်သဖြင့် ဂျူလိုင် က လက်ျာ ကိုကြည့်၍ ...

"နင် ဒီထိ ရောက်အောင်လာတာကတော့ ကမ္ဘာကြီးပူနွေးလာတဲ့အကြောင်းပဲ လက်ျာ .. ဆိုးရွားတဲ့ဖြစ်ရပ်တစ်ခုက တစ်ခန်းရပ်သွားပြီဆိုရင် ဒီတိုင်းဆိုးရွားစွာ ပြန်ဆက်တာမရှိပါဘူး၊ မုန်တိုင်း မလာခင် ငြိမ်သက်နေတတ်သလို မုန်တိုင်းစဲရင်လည်း လေပြည်လေညှင်းလာရတာပဲ .. နင့်ကျမှ .."

"မုန်တိုင်းစဲဖို့ မစဲဖို့ကိုလည်း ဘယ်သူထိန်းချုပ်နိုင်လို့လဲ .. ငတုံးတွေနားမှာပဲ ဆရာကြီးလုပ်နေစမ်းပါ၊ ငါ့ကို လာမလုပ်နဲ့ .. ဒီမှာ မီ .."

ဂျူလိုင့် ကို ပြောပြီး မီ ဘက် ဆတ်ခနဲလှည့်ကာ ...

"သာယာနာပျော့ဖွယ်လေးတွေ ဘေးမှာလာပြောပေးနေတိုင်း ဝုဏ်ယူမနေနဲ့၊ နင့်လို ပုံပျက်နေတဲ့ရုပ်မျိုးနဲ့ မိန်းမကများ ငြင်းတယ်ဆိုပြီး သမယ က ရှက်ရမ်းရမ်းသွားတာ၊ မင်္ဂလာဆောင်ဖြစ်သွားတာက မိဘတွေမျက်နှာကြောင့်၊ ဒါပေမယ့် ဒီ လက်ထပ်ပွဲအတွက်နဲ့ သမယ အိမ်ထောင်သည်ဖြစ်သွားပြီလို့ စတက်(ပ်)ကျသွားမယ်မထင်နဲ့ .."

ပြောနေရင်း လက်သီးလေးနှစ်ဖက်ဆုပ်၍ မချင့်မရဲရှေ့ကို ပိုင့်လိုက်ကာ ...၊

"ဒီအဖြစ်တွေကို ငါတို့က နားလည်ပြီးသား၊ နင်ပဲ ရှေ့လျှောက် ဘယ်လို ဒူးနဲ့မျက်ရည်သုတ်မလဲဆိုတာ ကြည့်နေလိုက် .."

"ဟွန့် ..."

ဇွဲ ကလည်း မဲ့လိုက်ပြီး ခပ်မိန့်မိန့်လက်ပိုက်၍ ...

"တို့တွေကတော့ သမယ ကိုပဲ သနားတယ်၊ သူ့ပျော်ရွှင်ရေးအတွက် တတ်နိုင်သလောက် ဝိုင်းကူပေးဦးမှာ၊ သူ ဘာတွေပြောခဲ့ပြောခဲ့ အဆင်မပြေတာ ဘာတွေဖြစ်ခဲ့ပါစေ သူ့ဘဝ နစ်မွန်းသွားတဲ့အတွက် .."

"တော်တော့ .."



မီ့ နှုတ်ခမ်းလေးတွေ ဆတ်ဆတ်တုန်ကာ နေရာမှ ဝုန်းခနဲထရပ်လိုက်သည်။ ထိုအခါ ...

"ဒုန်း .. ဖျော ..."

ရှေ့မှာရှိနေသည့် အအေးဖန်ခွက်သည် မီ့ ဗိုက်နဲ့ စားပွဲစွန်းပွတ်တိုက်သွားမှုကြောင့် ဖရိုဖရဲလဲပြိုမှောက်ကျကုန်၏။ အနီးပတ်ဝန်းကျင်စားပွဲမှ လူအားလုံးအလန့်တကြား လှည့်ကြည့်ကြကာ မီ နဲ့ လက်ျာ အဖြစ်ကို သတိထားမိကုန်လေသည်။

"ဟား .. ဟား .. ဟား .."

"ခိ .. ခိ .. ခိ .."

တိတ်ဆိတ်စွာကြည့်နေခဲ့ကြသည့် အေမီ နဲ့ ရွှေစင် တို့က ပခုံးတွေလှုပ်အောင် ဟားတိုက်ရယ်ကြလျက် ...၊

"ခိ .. ခိ .. စိတ်နောက်ဗိုက်ပါဖြစ်သွားတာနော် .."

"စိတ်နောက်ကိုယ်ပါ လုပ်ပါဟယ် .."

"မဟုတ်ဘူး .. တစ်ကိုယ်လုံးမှာ ဗိုက်ပဲမြင်ရတာ .."

"ဟား .. ဟား .. ဟား .."

"နင်တို့ တော်တော်ကိုလွန်နေပြီ လက်ျာ .."

ဂျူလိုင် လည်း နေရာမှထရပ်ကာ သူတို့လိုပဲ အော်ကျယ်ဟစ်ကျယ်လုပ်ပစ်လိုက်သည်။ လက်ျာ ကလည်း သူငယ်ချင်းဖြစ်ခဲ့ဖူးပေမယ့် ဒီကိစ္စမျိုးထိတော့ မလုပ်သင့်တာကို ပြောမှဖြစ်မည်မို့ ...၊

"မိန်းကလေးတွေဖြစ်ပြီး သူများအိမ်ထောင်ရေးကိုဝင်စွက်ဖက်နေတာ မရှက်ကြဘူးလား .. သူများ လင်ယောက်ျားကို သနားမယ့် ညာတာမယ့်အကြောင်းတွေ အရှက်မရှိပြောရဲနေတာ မိန်းကလေးဆိုတာ ထို ကိုယ့်ကိုယ်ကိုယ် မေ့နေကြတာလား .."

ဂျူလိုင် နဲ့အတူ ခေမာ ကလည်း ဝိုင်းပြောနေသည်၊ မီ ကတော့ ရှာတ်ထပ် ထိုနေရာကနေ ပြေးထွက်ခဲ့ရပြန်ပြီဖြစ်၏။ အားလုံး၏ မြင်ကွင်း

www.burmeseclassic.com



ကနေ ကွယ်ရပ်တစ်ခုကိုရောက်တာနှင့် ငုတ်တုတ်လေးထိုင်ချလိုက်ကာ လက်နှစ်ဖက်ပေါ် မျက်နှာမှောက်ချ၍ အားပါးတရငိုချလိုက်မိသည်။

"တို့တွေကတော့ သမယ ကိုပဲ သနားတယ် .."

"သူ့ဘဝ နစ်မွန်းသွားတဲ့အတွက် သူ့ပျော်ရွှင်ရေးကို ဝိုင်းကူပေးဦးမှာ .."

"ဂုဏ်ယူမနေနဲ့ နင့်လို ပုံပျက်နေတဲ့ရုပ်မျိုးနဲ့မိန်းမက ငြင်းတယ်ဆိုပြီး ရှက်ရမ်းရမ်းတာ .."

"မင်္ဂလာဆောင်ဖြစ်သွားတာက မိဘတွေမျက်နှာကြောင့် .."

ဖွဲ့ နဲ့ လက်ျာ ရဲ့ စကားတွေကို ကြားယောင်နေခဲ့သည်။ ပြီးတော့ သမယ ရဲ့ ဒေါသသံတွေ ...၊

"ဟိုကောင် နှစ်ကောင်ကိုတော့ ဘယ်သူတွေဘာပြောနေနေ အသေရရ အရှင်ရရ .. ငါက ဘာဖြစ်နေလို့လဲ .."

"နင့်ကိုရော ဘယ်သူက လိုချင်လွန်းလို့လဲ ဆောင်းလခါမိ .."

"ဘာမှလာမပြောနဲ့ .. လက်ထပ်ရတော့ ဘာဖြစ်လဲ .. လက်ထပ်ဖို့က လိုရင်းပဲ .."

"ငိုမနေနဲ့ .. ငါငိုဖို့လည်းထားဦး .." တဲ့ ...။

လူကြီးတွေ လက်ထပ်ပေးဖို့ စီစဉ်နေကြပြီဆိုတည်းက ထွေငေါ့ရန်လုပ်နေခဲ့သည်။ ဒါကြောင့် စိတ်လိုက်မာန်ပါပြောခဲ့ပါသည်လို့ဝန်ခံပြီး ငြင်းလိုက်ပါဆိုတာလည်း မငြင်း၊ ဘာမှလည်း မရှင်းဘဲ ...။

"နင့်ကို လက်ထပ်လိုက်ရတာ ငါ့မှာလည်း နှစ်နာတာပဲ .." တဲ့...။

"ဘာလဲ .. ငါ မူးလာတာ ဘချိုလာနိုက်လုပ်လာတယ်ထင်လို့လား၊ ဟွန်း .. စိတ်ကူးတွေယဉ်မနေစမ်းပါနဲ့ ငါ့ရဲ့ လူပျိုနောက်ဆုံးညဆိုတာ ငါပဲ သတ်မှတ်မှာ .. နင်နဲ့ နောက်ဆုံးစရာလား .. ဟား .. ဟား .. ဟား .. အဲဒါးကြီးပဲ .."

လို့ အားမနာတမ်းပြောခဲ့တာတွေ ...၊



ဒါပေမယ့် ဒီနေ့ လက်ျာ တို့ ပြောတဲ့စကားတွေကြောင့်သာမဟုတ်ခဲ့လျှင် သမယ ဘာတွေပြောခဲ့ပြောခဲ့ သူမ ရင်ထဲမှာ အုံ့ဖွဲ့နာကျင်တဲ့အထိ ခံစားနေရမှာမဟုတ်ပေ .. ခုတော့ ...၊

"ဒါက ဘာလုပ်နေတာလဲ .."

ဟင် ...၊

သူမ စိတ်တွေ ပစ္စုပ္ပန်ကို ဖျတ်ခနဲသတိရသွားသည်။

ငုတ်တုတ်ထိုင်ငိုနေခဲ့သည့် သူမရှေ့မှာ အညိုရောင် ဘောင်းဘီရှည်နှင့် ရပ်လာသည့် ခြေထောက်အစုံက သမယ ပဲ ဖြစ်လျက် ...၊

"နင် ဒီကိုပြောင်းလာတည်းက နင့်ကို ငါချည်းပဲ ဖက်ဖက်မောအောင် ရှာနေရတာပါလား .."

သမယ ကို မော့မကြည့်မိခင် မီ မျက်နှာကို လက်မောင်းတစ်ဖက်နဲ့ ဖိပွတ်ပစ်လိုက်၏။ ပြီးမှ မျက်နှာလွှဲပြီးသား ထရပ်လိုက်ကာ ...

"ဘာမှမလုပ်ဘူး .. သူတို့လိုက်မလာသေးလို့ စောင့်နေတာ .."

"မင်းရဲ နဲ့ ချစ်တိုင်း လား .."

မီ ကိုယ်လေး တောင့်မတ်သွားသည်။ မျက်လုံးချင်းဆုံသွားတော့ သူမရဲ့ မျက်ရည်စတွေကိုကြည့်ပြီး သမယ က မဲ့၍ ...

"ဒါက ဘာမဖြစ်ရလို့ ငိုတဲ့မျက်ရည်လဲ .. အခု ဘာထပ်လုပ်မှာလဲ .."

"နင်နော် ..."

"အဲ့ဒါကိုပဲ သိချင်နေတာ၊ လာ ပြန်မယ် .. ကားပေါ်ရောက်မှ ဆက်ပြော .."

"သမယ .. နင် .."

သမယ က မီ လက်လေးကိုဆွဲထွက်ခဲ့သည်။ မီ ရုန်းသော်ရုန်းပေမယ့် သူ ခေါ်တဲ့အတိုင်း ပါသွားခဲ့၏။

"သမယ နင် ငါ့ကို အရုပ်တစ်ရုပ်မှတ်နေလား .."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. အသံမပါတဲ့ အရုပ်လေးဆိုပြီး လူတိုင်းကရုဏာတွေ သက်နေကြလို့ .."

ကားနားရောက်မှ လက်ကိုလွှတ်ပြီး ပြန်လှည့်ကြည့်ကာ ..။

"လူတကာနဲ့ဆို နင့်အသံကလည်း ပျောက်နေတာပဲလေ၊ ငါ့ကို ပြောဖို့ပဲ ထွက်တာ .."

"ဟုတ်ပါတယ် .. ငါ့ကိုတစ်ခုခု ဖိနှိပ်ပြောဆိုလာရင် ငါ ဘာမှ မရှင်းတတ်ဘူး .. ဟုတ်တယ် .. နင်နဲ့ကျမှ ငြင်းခုံနေရတာ သူငယ်ချင်းမို့လို့ .."

"သူငယ်ချင်းဟုတ်လား .. အဲ့ဒါဆိုလည်း ခုကစပြီး အသံတိတ်နေလိုက်တော့ ငါ နင့်သူငယ်ချင်းမဟုတ်တော့ဘူး .."

"သူငယ်ချင်းလိုပဲ သဘောထားစမ်းပါ၊ အားလုံး စိတ်ချမ်းသာသွားတာပေါ့ .. ပြန်မယ် .."

မီ က ကိုယ့်ဘာသာ တံခါးဖွင့်ပြီး ဝင်ထိုင်လိုက်လျှင် သမယ က မဝင်ဘဲ မီ့ တံခါးကို လက်နဲ့ဖမ်းကိုင်ထားပြီး ခပ်ငုံ့ငုံ့ရပ်ရင်း ..။

"အဲဒီမျက်ရည်တွေရဲ့ လေညာအရပ်ကိုပြောစမ်းပါ၊ ပျံ့နှံ့နေတဲ့ သတင်းတွေအရ ငါကြီးက ပူးတွဲချန်ပီယံပါနေသေးလို့လား .."

"ဟင် ..."

သမယ ကလည်း ဒါတွေသိလာခဲ့ပြီလား .. မီ ဘာမှမမေးလိုက်ရမီ သံတွဲ တို့ ခပ်သုတ်သုတ်ရောက်လာကြကာ ..။

"ဟိုင်ရှာနေပြန်ပြီ ဒီကောင် .. ပြန်ကြမှာဆိုလည်း ပြန်လေကွာ.."

"ဟုတ်တယ် သမယ .. မင်းတို့ကို တစ်ကျောင်းလုံး သတိထားမိကုန်ပြီကွ.. နောက်ထပ်ပုံဇာတ် ထပ်တက်လာဦးမယ်၊ ဒါမျိုးဆို သူ့ထက် ငါ ဦးအောင်ဖင်ချင်လို့ ကိုယ့်အိမ်ကို မီးနဲ့တောင် ရှို့ကြတာနော် .."

"ဟွန်း ..."

သမယ မျက်နှာက ခပ်ချဉ်ချဉ်မဲ့ပြုံးနှင့် ..။



"အဲ့ဒီတော့ ဘယ်လိုလဲ မီ .. ဒီလောက် ယော့(ထ်)နေတာကို ငါ့သတင်း ငါကိုယ်တိုင် မတင်သင့်ဘူးလား .. နင် ငိုနေရတဲ့အကြောင်း သိရရင်ပြီးပြီ .."

"သမယ ကွာ .."

သံတွဲ တို့ သမယ ကားပေါ်ရောက်သွားအောင် အတင်းဆွဲခေါ် တွန်းတင်လိုက်ကြပြီး တံခါးသေချာပိတ်ပေးပြီးမှ ..။

"ရန်လည်းဖြစ်ကြ .. ကားလည်း သတိထားမောင်းဦး .."

သတိပေးပြီးမှ တံခါးပိတ်ပေးလိုက်သည်။ သမယ ရဲ့ မကျေနပ်ချက်တွေက ကားကို ဒုန်းခနဲဆောင့်ထွက်ပစ်လိုက်တာတောင် မပြီးနိုင်..။

"ဪ .. နင်ပဲ ငိုခွင့်ရှိတာ .."

ခပ်ကြိတ်ကြိတ်လှည့်ပြောပြီးမဲ့သည်။

တကယ်ပါ .. အဲ့ဒီမိန်းကလေးတစ်ယောက်ကြောင့် တစ်ကျောင်းလုံး အုတ်ကြွတ်ဆူပွက်သွားမည်လို့ နည်းနည်းလေးတောင် တွေးမကြည့်ခဲ့ဘူးပဲ ..။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၄)

"သေချာပါတယ် .. အဲ့ဒါ ဆောင်းလခါမီ ဆိုတဲ့ မိန်းကလေးပါ.."

သမီးက ...

ဒေါ်ခင်မီကို ကြားရသည့်အကြောင်းအရာတွေကြောင့် မျက်စိမျက်နှာ ပျက်လျက် နေရာမှ ထရပ်လိုက်မိသည်။ ထိုစဉ် ဒေါ်လေးလေးနွယ် ခပ်သုတ်သုတ်ဝင်လာပြီး ဒေါ်ခင်မီကို လက်ကို ဆုပ်ကိုင်လိုက်ကာ ...

"ဘာတွေဖြစ်နေကြတာလဲ ခင် .."

"လေး ..."

"နင် ဖုန်းဆက်လို့ ပြေးလာတာ ဘာတွေဖြစ်ကြတာလဲ .. ပြောပါဦး .."

ဧည့်ခန်းမှာ ဧနီးမောင်နှံဖြစ်ပုံရသည့် လူကြီးနှစ်ယောက်နှင့် အမျိုးသမီးတစ်ယောက် မိန်းကလေးတစ်ယောက်တို့က မျက်နှာတွေမှာ အပြုံးအရယ်မဲ့ရှိနေကြ၏။ ပျာနေတာက ဒေါ်ခင်မီကို ပဲ ဖြစ်ကာ ..၊

"ဘာတွေဖြစ်ကုန်မှန်း ငါလည်းမသိတော့ဘူး .. သူတို့က .."

"ကျွန်မတို့က .. တစ်ဖက်က သားရှင်မိဘပါ .."

ဘုရား!...၊

ဒေါ်လေးလေးနွယ် မျက်လုံးပြူးသွားသည်။



ပြောပုံက သားရှင် သမီးရှင် အချေအတင်တွေပြောနေကြတဲ့ပုံ ပါလား ..။

ဘာတွေဖြစ်ကုန်ပြီလဲဆိုသည့် အကြည့် ဒေါ်ခင်မီကို့ဆီ ရောက်သွားလျှင် ဒေါ်ခင်မီကိုက သူ့မ လက်ထဲကို ဖွင့်ထားသည့်ဖုန်း ထည့်ပေးလိုက်၏။

"ဆောင်းလခါမီ ဆိုတဲ့ မိန်းကလေးက ယောကျ်ားလေးနှစ်ယောက်နဲ့ တစ်ပြိုင်တည်း လက်ထပ်လိုက်တယ်ဆိုတဲ့သတင်းကြောင့် ကျွန်မတို့ လာခဲ့တာပဲ .. ဒီက .."

"ကျွန်မက ခင်တို့နဲ့ ခမည်းခမက် မှီ ယောက္ခမ ဒေါ်လေးလေးနွယ် ပါ၊ ကျွန်မသား သမယ နဲ့ မီ နဲ့ လက်ထပ်တာ တစ်တိုင်းပြည်လုံးသိပါတယ်ရှင် .. တခြားတစ်ယောက် ဘယ်ကပါလာရတာလဲ .."

"တခြားတစ်ယောက်မဟုတ်ပါဘူး .. အဲ့ဒီကလေးက ကျွန်မတို့ သား ချစ်တိုင်း ပါ .."

ဒေါ်ခင်မီကိုတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိပြန်၏။ ရောက်လာသူတွေကလည်း ဒေါသတွေနဲ့ပဲဖြစ်ကာ ..၊

"မင်္ဂလာပွဲဆိုတာမှာ သတို့သားက ကျွန်မသားဖြစ်နေတယ်၊ သတို့သမီးကလည်း ကျွန်မသားနဲ့ပဲရှိနေတယ် ..ပရိသတ်ကလည်း .."

"ခဏနေပါဦးရှင် .. ဒေါ် ..."

"ကျွန်မက ဒေါ်မာလာဝင်း ပါ .."

"ဟုတ်ကဲ့ .. ဒေါ်မာလာဝင်းတို့ ပြောနေတာတွေဟုတ်ပါတယ်၊ ကလေးတွေ သူတို့ရဲ့ ခင်မင်ရာခင်မင်ကြောင်းတွေနဲ့ စုဖွဲ့ ရယ်မောနေကြတာပါ၊ အင်တာနက်ပေါ်ပါသွားတာတွေကလည်း .."

"ကျွန်မတို့ ဒါတွေကိုပဲ ထပ်ခါထပ်ခါပြောမနေချင်တော့ပါဘူး၊ ဒီကိစ္စကြီး ဘယ်လိုကြောင့်ပဲဖြစ်သွားသွား မိန်းကလေးရဲ့ နေထိုင်ထိန်းသိမ်းမှုက ရှေ့ဆက်စကားပြောသွားမှာပဲ .."

"ဟုတ်တယ်မျာ .. ကျွန်တော်တို့က ခင်ဗျားတို့လောက်တော့

www.burmeseclassic.com



မချမ်းသာဘူးထင်တယ် .., ဒါပေမယ့် ဂုဏ်သိက္ခာကို အသက်ထက် တန်ဖိုးထားတဲ့လူတွေပါ .."

"ကျွန်မတို့လည်း ဒီလိုပဲပေါ့ရှင် .."

ရှက်ရွံ့ချောက်ချားနေခြင်းက ဂုဏ်သိက္ခာကိုထိပါးဖို့ မြင်လာတော့ ဒေါ်ခင်မီကို ခေါင်းထောင်လာသည်။

"ဒီက .. ဦး ..."

"ကျုပ်က .. ဦးတိုင်းကျော် ပါ .."

"ဦးတိုင်းကျော်တို့ ဇနီးမောင်နှံ ဒီထိရောက်အောင်လာကြပြီး ဘာပြောချင်တာလဲဆိုတာ သိပါရစေ၊ အင်တာနက်ပေါ်မှာ ပြန့်နှံ့နေတဲ့ အတင်းအဖျင်းတချို့ကြောင့်တော့ ဘယ်သူ့ဂုဏ်သိက္ခာမှ ထိခိုက်ဖို့မရှိဘူးထင်တယ် .."

"ဟုတ်တယ် .. ကုန်လွန်သွားတဲ့ နာရီစက္ကန့်တွေနဲ့အတူ အတင်းအဖျင်းစကားတွေလည်း ပြီးပျောက်သွားတယ်ဆိုရင် ဒေါ်ခင်မီကို ပြောသလိုဖြစ်နိုင်ပါတယ် .. အခု ကလေးချင်း နီးစပ်နေကြတဲ့ပုံက ဒါတွေက အတင်းအဖျင်းသက်သက်မဟုတ်ဘူးဆိုတာ သရုပ်ဖော်ပြနေသလိုဖြစ်နေတယ် .."

"ဘယ်လို ..."

"ဒီလိုပါ .."

ဒေါ်မာလာဝင်း မျက်နှာက မသိမသာတင်းနေကာ ..၊

"မင်္ဂလာဧည့်ခံပွဲမှာလည်း ဒီလိုတွေလွဲနေတယ်၊ ကျောင်းမှာလည်း တလွဲလုပ်နေတယ်၊ လက်ထပ်ပြီးတဲ့နှစ်ယောက်က သူစိမ်းတွေလိုနေပြီး ဆောင်းလခါမီ က ချစ်တိုင်း နဲ့ ချည်းပဲ တစ်ချိန်လုံး .."

"ခဏ .. ခဏ နေပါဦး .."

ဒေါ်ခင်မီကို မျက်နှာတစ်ပြင်လုံး နီရဲနေကာ ဆက်လက်နားထောင်နိုင်စွမ်းလည်းမရှိတော့ပေ ..။ ဒေါ်လေးလေးနွယ် က ဖုန်းထဲက ဓာတ်ပုံ ပေး သရုပ်ဖော်ထားတာတွေကို သေချာကြည့်ပြီးဖြစ်ကာ ..၊



"သူတို့အားလုံး သူငယ်ချင်းတွေပါ .. သားနဲ့ လက်ထပ်ကြတာလည်း သူတို့ချစ်ကြိုက်နေကြလို့မဟုတ်ပါဘူး .."

"ဘာကြောင့်လက်ထပ်ပေးလိုက်ရတယ်ဆိုတာတော့ ဒေါ်လေးလေးနွယ်တို့ပဲ သိမှာပါ၊ ဆောင်းလခါမီ ဆိုတာ ဝတုတ်တုတ်ကောင်မလေးဆိုတာထက် ကျွန်မတို့လည်း ဘာမှပိုမသိခဲ့ဘူး၊ ဒါပေမယ့် တစ်ယောက်ကို လက်ထပ်ပြီးမှ တစ်ယောက်နဲ့ ဘာလိုလိုမပြတ်မသားလုပ်နေတာတွေက .."

"စကားကို နည်းနည်းထိန်းထိန်းသိမ်းသိမ်းပြောပါ ဒေါ်မာလာဝင်း"

ကိုယ့်သမီးက လော်မာနေလို့ ကျောင်းမပြီးဘဲ လက်ထပ်ပေးလိုက်ရသလိုလိုပြောခဲ့သဖြင့် ဒေါ်ခင်မီကို မာန်မာနတွေက အားမနာတတ်အောင်ဖြစ်လာခဲ့၏။

"ကလေးတွေ အခြေအနေမှန်ကို ကျွန်မတို့ ဘာမှသေချာမသိကြဘဲနဲ့ .."

"သေချာမသိတာတွေကြောင့် အခု ဆောင်းလခါမီ က ဘယ်သူနဲ့ လက်ထပ်တာလဲလို့မေးကုန်ကြပြီလေ၊ ကျွန်မတို့သားက ခုချိန်ထိ ချစ်သူတောင် မထားခဲ့သေးဘူး .."

"ဒေါ်မာလာဝင်း .."

ဒေါ်လေးလေးနွယ် ကလည်း ဆုပ်ကိုင်ထားသည့်ဖုန်းကို စားပွဲပေါ် ညင်သာစွာချလိုက်ပြီး ..၊

"ရှင်က သားရှင်ပါ .. ဒါပေမယ့် အမျိုးသမီးတစ်ယောက်ဆိုတာ မမေ့ပါနဲ့ .."

"မိန်းမဖြစ်နေတိုင်းတော့ မိန်းကလေးတိုင်းကို စာနာမပေးနိုင်ဘူး ဒေါ်လေးလေးနွယ်၊ ရှင်ပြောသလို စာနာထောက်ထားမှုတွေချည်းရှိနေကြရင် ယောက္ခမသိဒိုရိတွေ သက်သေပြချက်အမျိုးမျိုးနဲ့ ထွက်လာပါ့လား .."

ဒေါ်မာလာဝင်း ကလည်း နည်းနည်းလေးမှ အလျှော့ပေးနိုင်သည့်

www.burmeseclassic.com

www.burmeseclassic.com



မာနများနှင့်ဖြစ်ကာ ...၊

"ကိုယ်က ချေးမဖြစ်နေရင် ယောက္ခမကိုမော့ကြည့်ရမယ်၊ ယောက္ခမဖြစ်လာတော့ ချွေးမကို ပြန်ငုံ့ကြည့်ရတယ်၊ ရှင် တွေးကြည့်စမ်းပါ .. မော့ကြည့်ရတာနဲ့ ငုံ့ကြည့်တဲ့အမြင် အတူတူပဲလား .."

ဒေါ်လေးလေးနွယ် ရုတ်တရက် ဆွံ့အသွားခဲ့၏။ ဒေါ်မာလာဝင်းက ဒေါ်ခင်မီကို ဘက်လှည့်၍ ...

"လူငယ်တွေဘယ်လိုရင်းနှီးပတ်သက်ခဲ့ကြသလဲဆိုတာ ကျွန်မတို့ မသိကြဘူး၊ အဲဒါအမှန်ပဲ .. ဒါပေမယ့် နောက်ထပ် မတော်တရော် ပတ်သက်မှုတွေ ထပ်မဖြစ်အောင်တော့ တားလို့ရတယ်လေ၊ အမိက ကတော့ မိန်းကလေးလည်းဖြစ် .. အိမ်ထောင့်ရှင်တစ်ယောက်လည်း ဖြစ်တဲ့ ဆောင်းလခါမီ က ဆင်ခြင်မှဖြစ်မယ် .."

"ကျောင်းတက်နေကြတဲ့ ကလေးချင်း အစကလည်း ခေါ်ပြောရင်းနှီး နေကြတယ်ဆိုရင် .."

"ဒါကတော့ ဘယ်လိုနည်းသုံးရမယ်ဆိုတာ ဒေါ်ခင်မီကို တို့က ရှာဖွေဆုံးဖြတ်ရမှာပါ၊ အခု ကျွန်မလာခဲ့ရတဲ့အထိ ဘာပြောချင်တာလဲ ဆိုတဲ့ မေးခွန်းကို ဖြေပြီးပြီထင်တယ် .."

ယောကျ်ားလေးရှင်အဖြစ်နဲ့ မောက်မာနေတဲ့ မျက်နှာမျိုးလား ...၊ ပြောရေးရှိက ပြောရဲသည်ဆိုတဲ့ သတ္တိတွေလားမသိ .. ဒေါ်ခင်မာလာဝင်းက ဒေါ်ခင်မီကို နဲ့ ဒေါ်လေးလေးနွယ် တို့ မချိတရိမျက်နှာတွေနှင့် ပြောဖို့ခွန်အားမဲ့နေတာကို စူးစူးရဲရဲကြည့်၏။ ပြီးမှ တစ်ခွန်းချင်းဆက်၍ ...

"ဆောင်းလခါမီ အနေအထိုင်မတတ်ဘူးဆိုတာ ကျွန်မက မစာမနာ ပြောနေတာမဟုတ်ဘူး၊ သူက ချစ်တိုင်း နဲ့တင်မဟုတ်ဘူး၊ နောက်ကျောင်းသားတစ်ယောက်နဲ့လည်း .."

"ကျွန်မသမီး ဘာဖြစ်နေနေ သူ့သတင်းကို စုဆောင်းပြီးပြောဖြ နေဖို့မလိုဘူး ဒေါ်မာလာဝင်း .. ရှင့်သားနဲ့ ကျွန်မသမီး လုံးဝမပတ်သတ်



စေရဘူးဆိုရင် ဖြစ်တယ်မို့လား .."

"ကျွန်မကလည်း အဲ့ဒီ ကတိကိုလိုချင်လို့ လိုက်လာခဲ့တာမို့လို့ ပြောခွင့်ပြုပါ .."

တစ်ချိန်လုံး နှုတ်ဆိတ်ကြည့်နေခဲ့သည့် အမျိုးသမီးက ဝင်ပြောလာသဖြင့် ဒေါ်ခင်မီကို နဲ့ မျက်လုံးချင်းဆုံသွားသည်။

"ကျွန်မက ဒေါ်ပုလဲသွယ် .. မင်းရဲ ရဲ့ အဒေါ်ရင်းပါပဲ .."

နောက်ထပ် နာမည်တစ်ခုကို ထပ်ကြားလိုက်ရသဖြင့် ဒေါ်ခင်မီကို မှုတ်စိတ်ကြောင့် တစ်ကိုယ်လုံးတုန်ယင်လာခဲ့သည်။ သမီးတစ်ယောက်ကို အလိုလိုက်မွေးမြူထားခဲ့တာ တစ်နေ့မှာ ဒီလိုအဖြစ်ဆိုးမျိုးနဲ့ အရှက်ကွဲ ပြန်ပြန်းကွဲရဖို့လား ...။

"ခုန မမာလာ ပြောသွားတဲ့နောက်ကျောင်းသားတစ်ယောက်ဆိုတာ ကျွန်မတူ မင်းရဲ ပဲ .. ကျွန်မတို့ သူ့ကိုစေ့စပ်ထားတဲ့ မိန်းကလေး ရှိတယ်၊ သူတို့ချင်းလည်း ချစ်နေကြတာပဲ၊ ဒါပေမယ့် ဆောင်းလခါမီ က ဟိုလိုလိုဒီလိုလိုဝင်ရှုပ်လို့ အခု သူတို့ချင်း ပြတ်တောက်ကုန်ကြပြီ.."

"ရှင်တို့ ပါးစပ်ထဲတွေ့ကရာတွေ လျှောက်ပြောနေတာဆိုရင် ဒါ သရေဖျက်မှုနော် .. ကျွန်မ .. ကျွန်မ လုံးဝခွင့်လွှတ်မှာမဟုတ်ဘူး .."

"တွေ့ကရာပြောနေတာမဟုတ်ဘူး အန်တီ .. မင်းရဲ က ကျွန်မ အောင်ပါ၊ ကျွန်မတို့ အတန်းမတူပေမယ့် အတူတူသွားအတူလာနေခဲ့ ကြတာ၊ နေ့စဉ်မြင်နေကြားနေရတာ ကျွန်မတို့အသိဆုံး .. မီ က မင်းရဲ ဆီမှာပြီး ဝတ်သက်ဖို့ကြိုးစားတယ်၊ အကြောင်းရှာပြီး လက်ဆောင်တွေ ပေးလိုက် .. ကျေးဇူးတင်တာတွေလာလုပ်လိုက် .."

"ဟော့ .. တော်တော့ .."

"သူ့ကြောင့် ယောကျ်ားလေးတွေ ဒုက္ခရောက်နေကြတာတော့ ပြောရမှာပဲ .. ကျွန်မ ကိုယ်တိုင်လည်း ရည်းစားနဲ့ ပြတ်ခဲ့ရတာ သူ့ ကြောင့် .."

ဘုရား .. ဘုရား ...၊

www.burmeseclassic.com

www.burmeseclassic.com



"သူ့ရုပ်ရည် သူ့ပုံပန်းနဲ့ ဘယ်သူကမှ ပြန်မကြိုက်တာတောင်မှ.."

"ဒုန်း ..."

"ခင် .. ခင် ရေ .."

ဒေါ်ခင်မီကို ယိုင်ခနဲလဲကျသွားလျှင် ပြောနေကြသည့်အသံတွေ တိတ်ကျသွား၏။

ဒေါ်ခင်မီကို ကတော့ ဝိုင်းဝန်းပြောဆိုသံတွေကြားထဲမှာ အံခဲရပ်တည်နေဆဲဖြစ်ကာ အားလုံးကို လက်ညှိုးငေါက်ငေါက်ထိုး၍ အတိုက်အခံတွေလည်း ပြိုင်ဆိုင်ပြောနေခဲ့၏။

ထို့ပြင် မီ နဲ့ အတူ ယောကျ်ားလေးနှစ်ယောက်တွဲဝင်လာကြတာ သူမရှေ့တင် ကွက်ကွက်ကွင်းကွင်းမို့ ...၊

"မိုက်လုံးကြီးတဲ့မိန်း .. အရှက်မရှိတဲ့မိန်းမ .. ညည်း .. ညည်းကို ငါ သတ်ပစ်မယ် .."

ကိုယ်ခန္ဓာသည် သတိလစ်မေ့မျောသွားခဲ့သည့်တိုင် စိတ်အစဉ်က ပူပြင်းလောင်မြိုက်နေခဲ့လျက် ...၊



အခန်း (၃၅)

"ဟလို .."

"သမယ လား .. ကျွန်မက ခေမာ ပါ .."

"ဟုတ်ပါတယ် .. ဘာကိစ္စလဲမသိဘူး .."

"မီ ပြန်တော့မလို့တဲ့ .."

"ဘယ်လို!...."

သူ ဖုန်းပြောနေတော့ သံတွဲ တို့က အတူတူသွားနေကြရင်း လှည့်ကြည့်နားစွင့်နေကြ၏။

"သူ ကျောင်းတက်ဖို့လာတာမဟုတ်ဘူး နှုတ်ဆက်တာတဲ့ .."

"ဘာတွေလျှောက်လုပ်နေတာလဲ .. သူက .."

"ကျွန်မတို့လည်း မသိဘူးလေ .. သူ အရမ်းလည်းငိုထားတယ်ထင်တယ် .. ခုလည်း ငိုနေတုန်းပဲ .. အိပ်ရေးတွေပျက်ပြီး နေမကောင်းဖြစ်ချင်နေတဲ့ပုံပဲ .."

"သူ့ဟာသူ တစ်ယောက်တည်းဖြစ်နေတော့ သူ့ကို ဘယ်သူက ဘာလုပ် .."

"မနေ့က ကျွန်မတို့ ကဲန်တင်းမှာထိုင်နေတုန်း လက်ျာ တို့ရောက်လာပြီး .."

"ဘာ!..."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. မီ ကို လကျာ် နဲ့ စွဲ တို့ ပြောဆိုသွားကြတာ ရစရာ မရှိဘူး .."

"ဟား ..."

သွားပြီကွာ ..။

စိတ်ပျက်လက်ပျက်ရေရွတ်ရင်း သမယ မျက်နှာ ရှုံ့မဲ့သွားသည်။

"ဘာဖြစ်တာလဲ .. မီ ဘာဖြစ်လို့လဲ .."

သံတွဲ တို့ မေးနေတာလည်း မဖြေနိုင် ..။

"မီ့ ခမျာ ဆက်တိုက်ကြီး ခံစားနေရတာတွေ ရှင်ပဲစဉ်းစားကြည့်လေ၊ ခု သူ နှုတ်ဆက်တယ်ဆိုတာ ကျောင်းမတက်တော့ဘူးလို့ပြောနေတာ၊ ပြီးတော့ ဒီတစ်ခါ လုံးဝပြန်မတက်ဖြစ်အောင်ကြိုးစားမယ်တဲ့.."

"ကျွတ် ..."

ဖုန်းပြောနေရင်း သူ့ခြေလှမ်းတွေ ကျဲလာသည်။ ပြီးတော့ ပိုမြန်လာ၏။

ထို့နောက် ပြေးလွှားခြင်းသို့ ရောက်ကာ ..။

"သမယ ဘာလဲကွ .."

"ငါတို့ကိုလည်း ပြောဦး .."

"လကျာ် တို့ကွာ .. တောက် .."

"မွေပြန်ပြီလား .. အဲဒါတွေက .."

"ဘာဖြစ်လို့ ဒီလောက်တောင် မငြိမ်းနိုင်ဖြစ်နေရတာလဲ၊ ငါ တ--ယ် တွင်းတယ် .."

"ဟုတ်လား .. သူတို့လုပ်ပြန်ပြီလား .."

"ဒါဆိုရင်တော့ တကယ်များသွားပြီ .."

ပြေးရင်းလွှားရင်း ပြောနေမိကြကာ မီတို့ အဆောင်ကိုရောက်တော့ ခမော့ ကို အရင်တွေ့ပြီး မေးမြန်းရမယ်ထင်ပေမယ့် မီ တစ်ယောက်တည်း အုတ်ခုံအစွန်းလေးမှာ ငုတ်တုတ်လေးထိုင်လျက် ..။

"ဟား ..."

လှမ်းမြင်လိုက်သည်နှင့် ဟားခနဲဖြစ်ကာ ပြေးနေသည့် ခြေလှမ်း



တွေ ရပ်သွားသည်။ သုံးယောက်စလုံးကိုယ်ရှိန်သတ်ပြီးမှ မီ့ ဆီ ရောက်သွားကြ၏။

"မီ ..."

မီ က လှည့်ကြည့်သည်။ စိမ်းပြာရောင်အနက်ကွက် တီရှပ်ပွပွလေးနှင့် နက်ပြာရောင်ထမီလေးဝတ်ထားကာ မျက်နှာပေါ်မှာ သနပ်ခါးမိတ်ကပ် ဘာတစ်မှုန်မှ တင်မနေဘဲ ပြောင်သလင်းခါနေ၏။

သို့သော် ပါးဖောင်းဖောင်းလေးတွေနှင့် ဝိုင်းမလိုသွယ်မလို မျက်နှာလေးမှာ အဖုအပိန့်အမည်းစက် ဘာမှရှိမနေသဖြင့် ညိုဝင်းမှုန်ညက်နေ၏။

နှာတံချွန်ချွန် မျက်တောင်ကော့ကော့လေးတွေက မျက်ရည်ကြောင့် ပိုထင်းနေကာ ကလေးငယ်လေးတွေရဲ့ မျက်နှာလိုမျိုး အပြစ်အနာကင်း၍ ချစ်စဖွယ်ဖြစ်လျက် ..။

"ဘာလာလုပ်တာလဲ .."

"ဘာလို့ အတန်းထဲ မဝင်တာလဲ .."

"နောက်တစ်ချိန်ကျမှ ဝင်မှာ .."

မီ က အငြိုးတကြီးခက်ထန်စွာ မတုံ့ပြန်နိုင်တတ်သည့် မိန်းကလေးဖြစ်သည်။ ရန်ဖြစ်ကြပြီဆိုလည်း မနိုင်လျှင် လက်ပါလာတတ်ပေမယ့် သူများနာသွားပြီမှန်းသိလျှင် ချက်ချင်းပြုံးတွေးပြီတဲလေးဖြစ်သွားတတ်သည်။

ပြီးလျှင် တောင်းပန်မည်။ ရယ်စရာတွေပြောပြီး ချော့မည်။ သူမရဲ့ စိတ်ရင်းလေးက ဤကဲ့သို့ ..။

"မီ့ .."

သမယ က မီ့ ဘေးမှာဝင်ထိုင်လိုက်၏။ အပြင်မှာသွားလာနေကြသည့် ကျောင်းသားတချို့က သတိထားကြည့်လာကြလျှင် မီ က နေရာမှ ထရပ်ဖို့ပြင်သည်။

သမယ က လက်ကိုဖိဆွဲထားလိုက်ကာ ..။

"ဘာဖြစ်နေတာလဲ .."

"မဖြစ်ပါဘူး .."

မီ က ပြန်ရန်းသည်။ သမယ က အတင်းဖိဆုပ်ထားရင်း စိုက်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ကာ ..။

"ထ မသွားနဲ့ .."

ပြောပြီးမှ လက်ကိုလွှတ်၏။ သံတွဲ နဲ့ မြန်အောင် တို့က ခပ်လှမ်းလှမ်းက သစ်ဝင်ရိပ်မှာသွားထိုင်နေကြ၏။ မီ က ပတ်ဝန်းကျင်ကိုဝေ့ကြည့်ပြီး ခေါင်းလေးငုံ့ကာ ..။

"ငါ တစ်ယောက်တည်းနေချင်လို့ .."

"တစ်ယောက်တည်းမနေချင်လို့ မဟုတ်တာတွေ လျှောက်လုပ်နေတာမို့လား .."

မီ က ဖျတ်ခနဲမော့ကြည့်သည်။ ထိုအခါကျမှ သူမ ငိုချင်လို့ ငုံ့ပစ်လိုက်တာမှန်းသိရ၏။

သူမ မျက်ဝန်းမှာ မျက်ရည်တွေပြည့်သိပ်လျက် ..။

"သမယ နင့် ငါ့ကို ကောင်းရောင်းကောင်းဝယ်တွေလာပြောမနေပါနဲ့၊ ငါ နင်နဲ့ မတည့်ချင်ဘူး၊ နင်နဲ့ နီးနီးနားနားလည်းမနေချင်တော့ဘူး .. ငါ ဒေါသဖြစ်လို့ ပြောချင်ရာပြောမိရင် နင် တို့ပြန်ပြောလာမယ့်စကားတွေကိုလည်း မကြားပါရစေနဲ့ .. သွားပါ .."

"ဪ .. နင် ပြောချင်တိုင်းပြောနေရရင်တော့ ကောင်းတယ်ပေါ့ .."

"ငါပြောတာကို ငါသိတယ် .."

"ကိုယ်ပြောတာကိုမသိအောင် ငါက ရူးနေလို့လား .."

"ဒါဆို နင့်စိတ်ထဲရှိတဲ့အတိုင်းပြောခဲ့ပြီးပြီပဲ .. ဟန်ဆောင်မနေစမ်းပါနဲ့ .."

"ဘာ ..."

သူမ နေရာမှထရပ်လိုက်သည်။ သမယ ကလည်း ပြိုင်တူထရပ်လိုက်သည်။ ထိုအခါ မီ့ ပေါင်ပေါ်မှာတင်ထားခဲ့သည့်ဖုန်းက နှစ်ယောက်ရှေ့ကို ဒေါက်ခနဲပြုတ်ကျသွား၏။

မီ က ငုံ့ကောက်သလို သမယ ကလည်း ကောက်ဖို့ငုံ့လိုက်သဖြင့် အရင်ကောက်မိပြီး ပြန်ထလိုက်သည့် မီ့ ခေါင်းနဲ့ သမယ မေးဖျားမိတ်ဆက်သွားသည်။



"အာ ..."

"အ ..."

မီ ခေါင်းလေးပွတ်ရင်း သူ့ကိုမော့ကြည့်ကာ ..။

"သမယ .."

ခေါင်းနဲ့မေးဖျား နာတာချင်းမတူဘူးဆိုတာ သိလိုက်သဖြင့် မေးဖျားမှာ ကပ်ထားသည့် သမယ လက်ကိုဆွဲဖယ်လိုက်ကာ ..။

"တော်တော် နာသွားလားဟင် .."

သမယ က ခေါင်းခါပြီး သူမ ကိုင်ထားသည့်လက်ကို ဖယ်ချလိုက်သဖြင့် ..။

"ငါ့ဟာငါ ကောက်နေကာမှ ဘာလို့ လိုက်ကောက်လဲ .."

"မနေနိုင်လွန်းလို့လေ .. ကောက်ပေးချင်လွန်းလို့ ခင်ဗျားကို .."

"နင်ကလည်း ငါမသိလို့ ခေါင်းထောင်လိုက်တာ တမင်လုပ်တာမှမဟုတ်ဘဲ .."

ပြဿနာသည် ခေါင်းတိုက်မိခြင်းကြောင့် ဟိုလိုဒီလိုဖြစ်သွားခဲ့သော်လည်း ..။

"သိတယ် .. နင် ငါ့ကို ဘယ်တော့မှ ကျေနပ်မှာမဟုတ်ဘူးဆိုတာ .."

မီ မျက်နှာလေး ရဲသွားကာ ဖုန်းကို လွယ်အိတ်ထဲထိုးထည့်၏။

"ဘာပြောလိုက်တယ် .."

သမယ က မီ့ လွယ်အိတ်ကြိုးကို ဆုပ်ကိုင်လှုပ်ကာ ..။

"ပြန်ပြောစမ်းပါ .. တစ်ယောက်တည်းဘာတွေဖြစ်နေတာလဲ၊ ထင်ရာတွေတွေးပြီး သူများလက်တို့တိုင်း မျက်ရည်ကျနေရလား .."

"ဖယ်စမ်းပါ .."

"ဖယ်တော့ ဒါက ဘယ်ကိုလဲ .."

"ငါ့ဟာငါ နေပါရစေ .."

"မီ့ .. နင် .."

သမယ စိတ်တိုလာကာ ဘေးဆီကိုတစ်ချက်ဝေ့ကြည့်မိရင်း ..။

"မီ့ ဒီမှာ နင် ငါ့ကိုကြည့်စမ်း .."

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နိုင်းပေမယ့် ကြည့်ကြည့် မကြည့်ကြည့် သူပဲဆက်၍ …၊

"ငါ စိတ်လိုက်မာန်ပါ လုပ်ခဲ့လိုက်တာ မှန်တယ်၊ ဒါပေမယ့် အရင်းအမြစ်က အဲဒါ နင့်ကြောင့်ပဲ .. ငါ နင့်အတွက် ကာကွယ်ပေးချင်ခဲ့တာ နင် ငါ့ကို .."

"ဟုတ်တယ် .. ငါပြောလိုက်မိတယ် .. သူငယ်ချင်းမို့ သူငယ်ချင်းလို့ပဲ ခင်တယ်ပြောတာ မှားသွားလား၊ သူငယ်ချင်းကို လက်မထပ်ပါဘူးပြောတာရော ဘာမှားသွားလို့လဲ .."

"ငါကရော လက်ထပ်ချင်လွန်းလို့လား .. ကျွတ် .."

ဒီစကားတွေပဲ အစ်ကြောင်းထပ်နေပါပြီ …၊

ကိုယ့်နဖူးကိုယ်ရိုက်မိရင်း ကျွတ်ခနဲဖြစ်၏။ သူ ပြန်ကြည့်လိုက်တော့ မီ က မျက်ရည်ပြည့်နေသော မျက်ဝန်းတို့နှင့် သူ့ကိုမော့ကြည့်နေလျက် …၊

"သူများလက်တို့တိုင်း ငိုတာဆိုရင်လည်း လက်တို့တဲ့လူတွေက ငါ့ကို သနားလို့ တို့ကြတာပဲဖြစ်မယ် သမယ .. ငါက နင့်လို ကင်းနဲ့ မထိုက်တဲ့ မိန်းမ .. နင်က ဖေးမပြောပေးတာကိုတောင် ခါထုတ်ပစ်တဲ့ စေတနာနဲ့ မတန်တဲ့ မိန်းမပဲ .."

"ဘာတွေလဲ .. တောက် .."

"ငါ့လိုရုပ်ဆိုးတဲ့ မိန်းမက ခါထုတ်တော့ နင် ရှက်မှာပေါ့၊ နင်ပြောခဲ့တာမလွန်ပါဘူး .. ဒါပေမယ့် လက်ထပ်ယူတဲ့အထိ နင် လုပ်လိုက်တာ ငါ့ဘဝကို ဘယ်တော့မှ မိုးမလင်းတော့အောင် သေမိန့်ချလိုက်တာပဲ.."

"နင် အဲဒါ တော်တော်များသွားပြီ မီ .. ငါ့မှာ ရည်ရွယ်ချက်မရှိခဲ့ဘူး၊ အဲဒီနေရာမှာ ဒေါသထွက်ပြီး တစ်ထိုင်တည်းပြောချလိုက်တာမှန်တယ်၊ လက်ထပ်ပြီးတဲ့အထိ ငါ့ရင်ထဲမှာ ငြိုးတေးနေတာမရှိဘူး .."

"ဒါဆို နင် ငါ့ကို ချစ်လို့ယူခဲ့တာလား .."

မေးခွန်းကြောင့် သမယ အသံတစ်ချက်တိတ်သွား၏။ မီ က နောက်ထပ် မေးဖျားလေးပင့်၍ မေးဆတ်ကာ …၊

"ဖြေလေ .. မဖြေနိုင်တော့ဘူးမို့လား .. ငါကလည်း နင့်အဖြေကို



ကြားချင်လွန်းလို့ မေးနေတာမဟုတ်ပါဘူး၊ ငိုနေမိတာလည်း နင့်ကို လက်ထပ်လိုက်ရလို့မဟုတ်ဘူး၊ ငါ နင့်ကို ချစ်ချစ်မချစ်ချစ် နင် ဘာဖြစ်လို့ လက်ထပ်ချင်တာဖြစ်ပေ့စေ .. လူကြီးတွေစကားကို မပယ်ရှားခဲ့ဘူး၊ နင့်ကိုလည်း မမုန်းခဲ့ဘူး .. ဒါပေမယ့် .."

ရှက်လို့ထိန်းနေပေမယ့် မျက်ရည်စတွေက သစ္စာမဲ့၏။ ထို့ကြောင့် လူတွေဖြတ်လျှောက်သွားသည့်အရပ်မျက်နှာတို့ကို လွှဲရှောင်နေရရင်းမှ မျက်နှာလေး ချာလပတ်ရမ်းနေ၏။

"နင့်ကြောင့် အကြိမ်ကြိမ်အခါခါ အရှက်ကွဲနေရတာတွေကို ကြောက်တယ်၊ ငါ နင်နဲ့အတူ တွဲလိုက်မိတဲ့နောက်ပိုင်းမှာ လကျာ ရဲ့ အမုန်းတွေက အက်ဆစ်တွေလိုပဲ .."

"သူဟာသူဘာဖြစ်ဖြစ် ငါနဲ့ ဘာမှမဆိုင်တော့ဘူးလို့ပြောနေတာ နင် ဘာလို့မယုံတာလဲ .."

"ဆိုင်ဆိုင်မဆိုင်ဆိုင် နင်တို့ ပြန်တွဲနေကြရင်လည်း ငါ ကြည်ဖြူတယ်၊ ငါ့ကို ဒုက္ခမပေးဖို့ပဲ ငါလိုချင်တာ .."

"ပြဿနာပဲကွာ …"

နှုတ်မှဖွင့်ဟညည်းမိရင်း သမယ ဆံပင်တွေဖွမိပြန်သည်။ နံ့သာရောင်အဖြူရိပ်တို့နှင့် ရှပ်လက်တိုသည် ဆောင်းဘီအညိုနဲ့မို့ ဖြူဝင်းချောမွေ့သော သမယ ရဲ့ ပုံရိပ်ကထင်းနေ၏။ သို့သော် …၊

သေသပ်ကျနစွာ ပုံဖော်ပြီး ထားခဲ့သည့် ဆံပင်တွေကတော့ ပွသွားလိုက် ပိသွားလိုက် အမျိုးမျိုးဖြစ်လျက်ပုံပေါ်နေကာ …၊

"အခု အတန်းမတက်ဘဲ ငုတ်တုတ်ထိုင်ငိုနေလောက်အောင် ခံစားနေရတာ လကျာ ကြောင့်လား .. သွားမယ် .. လာ …"

"ဘာလုပ်တာလဲ .."

"ခုပဲ သွားရှင်းမယ် .."

"ဟင့်အင်း .. လွှတ် .."

"မှ် .."

"လွှတ်လို့ပြောနေတယ်နော် .. နင် ငါ့ကိုမထိနဲ့ .."

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ မထင်မှတ်လောက်အောင် မာထန်ကျယ်လောင်သော အော်ငေါက်သံကြောင့် သမယ လက်က အလိုလိုပြေကျသွား၏။

မီ က သူကိုင်ခဲ့သည့် လက်ကောက်ဝတ်လေးကို နာကျင်သွားလို့ ဖိဆုပ်သလိုလို မတူမတန်ခါချပစ်နေသလိုလိုနှင့် ...၊

"တော်ပြီ .. ဒီလောက်နဲ့ပဲ ကျေနပ်သင့်နေပြီ သမယ .. ငါ့ကို ထပ်မနှောင့်ယှက်ပါနဲ့ .."

"ဘာတွေပြောနေတာလဲ .. ငါ့ကို ဟုတ်လား .. ငါက နှောင့်ယှက်နေတာလား .. နင်နဲ့ ငါမှ နားလည်မှုမရှိကြရင် ဘယ်သူရှိနိုင်ဦးမှာလဲ မီ .. ဘာတွေကြောင်နေတာလဲ .."

"ဟုတ်တယ် ငါကြောင်နေပြီ .. နင့်ကို နောက်ထပ်အရှက်ခွဲမိဖို့လည်း ရှိသေးတယ်၊ ဒါပေမယ့် နင် ထပ်ပြီးပေါက်ကွဲရင် ငါ့မှာဘာမှ ပေးစရာမရှိတော့ဘူး .."

"တောက် .. ကွာ ..."

သမယ ဒေါသတွေထွက်ကာ ဘာမှမရှိသည့် မြေပြင်ကိုပဲ ခြေဦးထိပ်နဲ့ ရှပ်ကန်ပစ်လိုက်ပြီး ...၊

"ထားလိုက်တော့ .. ဟိုနေ့က ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ အဲဒါတွေက ပြီးသွားပြီ .. အခု နင်နဲ့ငါက လင်မယားး .."

"ဘာမှမဆိုင်ဘူးလို့ပဲ ခံစားရတယ်ဆိုရင်ရော .."

"ရတယ် .. နောက်မှ ငါတို့ချင်း ရန်ဆက်ဖြစ်မယ်၊ ဖြစ်လာသလို ဆုံးဖြတ်မယ်၊ အခု သူများတွေ ပယောဂနဲ့ ဘာမှဖြစ်ဖို့မလိုဘူး .."

"နင်ကတော့ မလိုဘူးလေ .. နင် ငါ့နားရောက်လာတိုင်း ငါဲ ဘောလုံးတစ်လုံးလို လိမ့်ကန်ခံနေရတာ၊ ယောကျာ်းလေးတွေနဲ့ ငါက ပတ်သက်ခွင့်မရှိတဲ့မိန်းမ .. နင်နဲ့လည်း မပတ်သတ်ချင်ဘူး .. နင် ငါ့နားကို ဘယ်တော့မှ မလာနဲ့ .."

"မီ ..."

သူမကို အောက်ကမြင့်သံနှင့် 'မီ' လို့ အမြဲတမ်းခေါ်တတ်တာ သမယ ပဲ ဖြစ်လေသည်။ ဒါကို ပြောသေးသည်။



"သူများထက်ထူးအောင် ထွင်တာမဟုတ်ဘူး .. စိတ်ရှည်သည်း မခံနိုင်စရာတွေနဲ့ အမြဲမြင်နေရလို့" တဲ့ ...။

ဒီတစ်ခါ သမယ မီ့ ရှေ့ကို လွှားခနဲရောက်လာပြီး ဝင့်သက်ထစ် လုံးကြီး ရှိုက်၏။ ပြီးမှ ...၊

"ငါ့ကို မကျေနပ်ဖြစ်ရတဲ့အကြောင်းက ဒီလောက်တောင်ကြီးမား ခဲ့တယ် ဟုတ်လား၊ ချစ်တိုင်း ကတော့ နင့်ကို ကောင်းကျိုးတွေပေးနေ လို့လား .."

"အဲဒါ ဘာလို့ထည့်ပြောတာလဲ .."

"မင်္ဂလာပွဲမှာ နင်နဲ့ သူတို့အဖွဲ့ အနေအထိုင်မတတ်လို့ ငါ အဲ့ဒီ ပြဿနာ ခုထိရှင်းနေရတာလေ၊ နင်နဲ့ငါ အတူတူမှားခဲ့ကြတာပဲ မီ .. ဘာပြဿနာတွေရှိရှိ ငါ နင့်ကို အပြစ်မတင်ဘူး၊ နင်လည်း အဲ့လိုနေ သင့်တယ် .. ချစ်တိုင်း က နင့်ကို မေတ္တာပေးနေတယ်ထင်ပြီး သူ့ကိုတော့ ကောင်းကွက်ချန်ထားတာလား .."

"မထင်ပါဘူး .. ဒါပေမယ့် နင့်ကြောင့် ငါ့မှာ အန္တရာယ်တွေ များသွားပြီဆိုတာ သူသိတယ် .."

"ငါ့ကြောင့် .."

"ဟုတ်တယ် .."

"နင် ပတ်သက်ချင်ခဲ့တဲ့ သတ္တဝါတွေနဲ့တော့ မဆိုင်ဘူးလား .."

"ငါ့ကို ကိုယ်ထိလက်ရောက်ဒုက္ခပေးခဲ့တာ၊ ပြီးတော့ ခုထိ ဒုက္ခပေး နေခဲ့တာ လက်ျာ ပဲ .. လက်ျာ ကပဲ နင့်အတွက်နဲ့ ငါ့ကို .."

"တော်စမ်းပါ .."

"ဒုန်း .."

အုတ်ခုံအစွန်းက ပန်းအိုးကြီးကို ဒေါသနှင့် လွှဲကန်ပစ်လိုက်လျှင် ဇတ်ဝန်းကျင်က ဝိုင်းကြည့်ကုန်ကြကာ ...၊

"သမယ .."

"ဟောကောင် .. မင်း ရန်ဖြစ်ဖို့လာတာလားကွ .. ထကာယ်ဝဲ .."

မလှမ်းမကမ်းမှာရှိနေကြသည့် သံတွဲ တို့ ခြေလှမ်းသွားရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



ကြပြီး သတိပေးသည်။ မီ ကတော့ ရုက်တာပဲသိနေခဲ့လျက် သမယ ဒေါသထွက်နေတာကြည့်ရင်း နောက်ထပ်ဆုတ်သည်။

ပြီးတော့ မျက်ရည်တွေသုတ်ပစ်ကာ ...၊

"နင် ငါ့နောက်မလိုက်နဲ့ .."

"လုံးဝစိတ်မကူးဘူး .. ကြိုက်တဲ့ကောင်ဆီကြွ .." *

ဒေါသကြောင့် အသံက တိုးတိုးသက်သာမဟုတ်ပေ ..။ မီ့ တစ်ကိုယ်လုံး ရှက်စိတ်ကြောင့် ဖျင်းခနဲပူလောင်သွား၏။

"မီ က နေဦးလေ .. နင်တို့ အဲ့လိုစိတ်လိုက်မာန်ပါမလုပ်ကြပါနဲ့.."

"သွားမှာပေ့ .. ချော့မော့ကြူပြနေမှ လူကောင်းထင်တာ၊ တောက်.. ဟုတ်တယ် .. စေတနာနဲ့ မတန်တဲ့အပိုင်းက ခုမှစတာ .. ကြိုက်သလိုလုပ် .. ငါက .."

"သမယ .. မင်းကွာ .."

"အေးလေ .. ကျောင်းမှာလာပြီး လင်မယားရန်ဖြစ်တာကျနေတာပဲ .. မီ့ ကို သနားပါတယ်ကွာ .. သူ့ခမျာ ဟိုကပြောလိုက် ဒီကပြောလိုက် .."

"သနားဖို့တော်တော်ကောင်းနေသလား အဲ့ဒီပုံကိုကြည့်လေ .. အားလုံးဖြစ်ခဲ့တာ ငါ့ကြောင့်တဲ့ .. သူငိုနေရတာ ငါ့ကြောင့်တဲ့၊ သူနဲ့ ဝေးဝေးနေပါတဲ့ .. တောက် .."

"ဝေးဝေးနေပါဆိုနေလိုက်ပေါ့ .. မင်းက မနေနိုင်လို့ ဒီလောက်ဒေါကန်နေတာလား .."

"သံတွဲ .."

"မေးကြည့်တာလေ .. ဒီလောက်ပေါက်ကွဲဖို့လိုလို့လား .."

"လိုမလိုသိချင်ရင် သူပြောတာတွေ မင်းခံကြည့်ပါလား .."

"ငါက သမယ မှ မဟုတ်ဘဲကွ .."

မီ ထွက်သွားပြီးမှ ဒေါသက ပိုပိုတိုးလာသည်။ ပတ်ဝန်းကျင်ကိုလည်း ဂရုမစိုက်ချင်သလို လှည့်ကြည့်လာသမျှမျက်နှာတွေကို လက်သီးနဲ့ ပြေးထိုးပစ်ချင်၏။



ထိုစဉ် ဖုန်းဝင်လာသဖြင့် ထုတ်ကြည့်ပြီး နားထောင်လိုက်သည်။

"သမယ .. လက်ျာ နဲ့ သူ့အဒေါ်တို့ မီ့ အိမ်ကို သွားကြတယ်တဲ့.."

"ဘာ!..."

"မီ အဲ့ဒီမှာရှိနေလား .. ဘာတွေဖြစ်ကုန်ပြီလဲမသိဘူး မဆီမဆိုင်တွေကြားနေရတာ ငါတို့အံ့ဩ .."

"ဟာကွာ .. တောက် .."

"ခွမ်း ..."

"ဟာ .. သမယ .."

ဒေါသထွက်ကာ ဖုန်းကို အုတ်ခုံနဲ့ပေါက်ခွဲပစ်လိုက်၏။ သံတွဲနဲ့ မြန်အောင် တို့ တစ်ခါမှမမြင်ဘူးခဲ့သည့် သမယ ရဲ့ ဒေါသတွေကြောင့် ဝင်မဆွဲရဲတော့အောင်ဖြစ်သွားကြ၏။

"သမယ ဘယ်သူလဲကွ .. ခု ဘာလုပ်မလို့လဲ .."

ခြေလှမ်းကျဲများနှင့် လှည့်ထွက်သွားတော့လည်း ပြေးလိုက်ကြရသာ ..၊

"လက်ျာ ဆက်တာလား .."

"ခေမာ ..."

"ဘာတဲ့လဲ .."

"မမေးနဲ့ .. ငါ လူသတ်ချင်စိတ်ပေါက်နေတာ .."

ကြောက်မက်ဖွယ်ပါလား ..၊

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၆)

"သမယ .. မင်းကို ခေမာ ဖုန်းခေါ်ထားတာတွေ ဘာလို့မကိုင်တာလဲ .."

"သူပြောမှာတွေ မကြားချင်လို့ .."

သမယ က နောက်ဖုန်းတစ်လုံးနဲ့ ဂိမ်းဆော့နေရင်း မကြည့်ဘဲ ဖြေသည်။ မနက်က မီ နဲ့ ရန်ဖြစ်ပြီး လက်ျာ ကို ပတ်ရှာခဲ့သည်။ လက်ျာ ကိုလည်း မတွေ့ ..၊ စွဲ ကိုလည်း မတွေ့ ..။

ထို့ပြင် ချစ်တိုင်း လည်း ပျောက်ချက်သားကောင်းနေသည်။ သူ့အမှတ်တမဲ့နေလိုက်မိတိုင်း မှီ ကို သွားပတ်သက်ကြသည်။ မီ ကိုယ်တိုင် ပတ်သက်ဖို့ကြိုးစားခဲ့သည်။

သူ သိရတဲ့အချိန်တွေမှာ မီ နဲ့ သူတို့တွေပြဿနာအစတွေနဲ့ ဖြစ်နေကြတာ တချိန်းချိန်း ..။

ခုတော့ မီ က စပြီး အားလုံးပျောက်နေကြပြန်၏။ ဘယ်လိုစလိုက်ကြပြီး ဘာနဲ့ ဆုံးလိုက်ကြသည်ဆိုတာ မသိရ ..။

ဒီနေ့ မေးမှဖြစ်မည်။ ရှင်းမှဖြစ်မည်လို့ မောင်းတင်ခဲ့ပေမယ့် အရာမထင်ခဲ့ခြင်းနှင့် ပတ်သက်၍ ..၊

"မင်း .. ခေါ်သထွက်တိုင်း ဒီသစ်ပင်အောက်မှာ လာခွေပြီး မစားမသောက်ဘဲနေနေတာ မှီ အကြောင်းမကြားချင်လို့လား .."



သံတွဲ က ထူးခွဖို့ကြိုးစားသည်။ နေလည်းမြင့်လာပြီ ..၊

နေပူရှောင်ရင်း သစ်ရိပ်နောက်လိုက်နေရတာလည်း ပင်ခြေမှာ စက်ဝိုင်းတစ်ခုဆွဲလို့ရပါနေပြီ ..။

"အချစ်ကပဲ ပူလောင်တာမဟုတ်ဘူး သမယ .. သံယောဇဉ်ဆိုတာလည်း မီးပွားတစ်စပဲ .. မှီ ကို မင်း .."

"ဆက်မပြောနဲ့တော့ .."

"မင်း စဉ်းစားဖို့ပြောနေတာ .."

"မလိုဘူး .."

"လိုနေလို့ပဲ မင်းအခု အတန်းလည်းမတက်နိုင်၊ စားချင်သောက်ချင်စိတ်လည်းမဖြစ်နဲ့ .."

သမယ က ဘာမှပြန်မပြော ..၊

ပြောစရာလည်းမရှိပေ ..၊ သူ့ခေါ်သကို ဘယ်လိုမှ ထိန်းမရလိုက်တာ ရှုတ်တရက်လွှတ်သွားတာမျိုးမှ မဟုတ်ဘဲ တွေးမိတိုင်း တနုံ့နုံ့စိတ်တိုနေတာ ခုထိမပြေနိုင် ..။

"နင့်ကြောင့် ငါ့မှာ အန္တရာယ်ရှိနေတယ်ဆိုတာ သူသိတယ်" တဲ့ ..။

"တောက် ..."

ဖျောင်းဖျနားချနေတုန်း တက်ခေါက်လိုက်သဖြင့် သံတွဲတို့ မျက်နှာ ဆွေ ပင့်သွားကြသည်။ ပြီးမှ တစ်ယောက်နဲ့တစ်ယောက် မျက်စပစ်၍ သဘောသနား တိုးကပ်သွားကာ ..၊

"ဂိမ်းကြောင့်တော့ နောက်ဖုန်းတစ်လုံးကို ပေါက်မခွဲဘူးမို့လား.."

"ငါ တင်းနေတာ .."

"သိတယ်လေ .. ဒါပေမယ့် ငါတို့ ဘာမှမစားရသေးဘူး .."

"သွားစားပါလား .."

"သွားမစားချင်လို့ပေါ့ကွ .. ပြောစမ်းပါ၊ မင်း ဘယ်သူ့ကို ဒီလောက် ဒေါင် ဒေါကန်နေတာလဲ .."

"မီ နဲ့ ဖြစ်ပြီးတည်းက ပြန်မကျတဲ့ဒေါသအရှိန်လေ .. မှီ ကိုပဲ ထားပေါ့ .."

www.burmeseclassic.com

www.burmeseclassic.com



မြန်အောင် က အကဲခတ်သလိုကြည့်ပြီးပြောလိုက်တာနှင့် သမယ က ဖုန်းကိုဘေးမှာချထားလိုက်ကာ ...။

"ဟုတ်တယ် ... အဲ့ဒီကောင်မလေးကို ကိုင်ပေါက်ပစ်လိုက်ရမှာ... မလုပ်လိုက်ရလို့ ..."

"ဖြစ်ရလေ ..."

"ငါတို့မြင်တာတော့ မီ က မျက်ရည်လည်ရွဲနဲ့ ထွက်သွားတာပါ"

"အေးပေါ့ ... အဲ့ဒီလို မျက်ရည်ကျလို့ရနေတော့ ကျလို့မရတဲ့ကောင် က လွန်တယ်လေ ..."

"မင်းကို ဘာတွေပြောသွားလို့လဲ ... ငါတို့ကလည်း ဘက်လိုက်တာမဟုတ်ပါဘူးကွာ ... ဒါပေမယ့် မီ က သနားစရာလေးပါ၊ သူ့ခမျာ တစ်မြို့တစ်ရွာရောက်လာတာနဲ့ သူငယ်ချင်းတွေအများကြီးရပြီဆိုပြီး ပျော်နေရှာတာ ... တကယ်တမ်းကျတော့ သူ့အပေါ် ဘယ်သူမှ စိတ်မမှန်ကြဘူး ..."

"အဲဒါကို သူသိတယ် ... ဒါပေမယ့် သိထားတဲ့ထဲမှာ ချစ်တိုင်း မပါဘူး ..."

"ဟင် ..."

"ချစ်တိုင်း က သူ့အတွက် စိတ်ပူပေးတယ်၊ ငါကတော့ သူ့ကို ဒုက္ခရောက်စေတဲ့ကောင်တဲ့ ..."

"အဲ့လိုပြောသွားတာလား ..."

"ခက်ပြီ ..."

သူတို့နည်းနည်းတော့ ရှင်းရခက်သွားကြ၏။ သမယ က ခပ်မှုံမှုံ မျက်နှာနှင့် နေရာရွှေ့ထိုင်လိုက်ကာ ...။

"ဒီကောင်လျှောက်ဖွလို့ 'ယောက်ျားနှစ်ယောက်နဲ့ မင်္ဂလာဆောင်' လိုက်တဲ့ အဖြစ်မျိုး ရောက်နေတာကောင် ငါ့ကြောင့် အန္တရာယ်ကြီးနေတယ်၊ ဟိုကောင်က စိတ်ပူနေပါတယ်တဲ့ ... တောက် ..."

ဒေါသဖြစ်ဖွယ်တွေပဲ တွေးရင်းပြောရင်းနှင့် သမယ မျက်နှာထ အနီရောင်သန်းလာပြန်သည်။



"မင်းကလည်းကွာ ... မီ ကိုက အတိုက်အခံစိတ်နည်းတာပါ၊ ပြီးတော့ ဖြူနေတဲ့ပေါ်မှာ အရောင်ဆိုးရတာလွယ်တယ်ကွ ...၊ မင်းက လက်ထပ်ပြီးတဲ့အထိ ဂရုမစိုက်ဘူး၊ ရွံတာချိတ်တာမပျက်ဘူး၊ ချစ်တိုင်းကတော့ ပျော့ပျော့ပျောင်းပျောင်းနဲ့ အသာလေးဝင်ကျုံးသွားတာလေ..."

သံတွဲ က အေးဆေးရှင်းပြ၏။

"ပြီးတော့ မင်းပဲတွေးကြည့်ဦး၊ သူ့ဘေးမှာရှိတဲ့ မိန်းကလေးသူငယ်ချင်းတွေကစပြီး မကောင်းကြံနေတာတောင် သူ ဘာမှပြန်မပြောတတ်ဘူး၊ အမြဲတမ်း လိုတာရပြီး ဦးစားပေးခံလာရတဲ့လူတွေက ဒီတိုင်းပဲကွ ... ကြောက်အောင်ခြောက်လိုက်ရင် ကြောက်သွားတတ်တယ်၊ အဲ့ဒီအချိန်မှာ သူတို့ဆီရောက်လာတဲ့ လက်တစ်စုံဟာ ..."

"တော်ပါတော့ ..."

သမယ လုံးဝနားမထောင်ဘဲ နေရာမှထရပ်လိုက်သည်။ ပြီးတော့ ဖုန်းကို ဘောင်းဘီအိတ်ထဲထည့်၍ ...။

"ထားလိုက်တော့ ငါနဲ့ လက်ထပ်တာမဟုတ်ဘူးလို့ သူများတွေ ထင်တာ သူ ကျေနပ်နေရင် ပြီးတာပဲ ... ဒီကောင်နဲ့ ထပ်တွဲလို့ကတော့ သူနဲ့ငါ ပြီးပြီ ..."

"ဟာ ... သမယ အဲ့လိုမဟုတ်ဘူးလေ၊ မင်းတို့လက်ထပ်ခဲ့တာ တစ်ပတ်တောင်မရှိသေးဘဲနဲ့ ..."

"ဟုတ်တယ်လေကွာ ... ဒီအချိန်မှာ ဖြေရှင်းဖို့တွေ ရင်ဆိုင်ဖို့တွေ ဆိုတာရှိနေဦးမှာပဲ၊ ချစ်တိုင်း ကိုယ်တိုင်က မီ နောက်လိုက်နေတာ ဆိုရင် ..."

"လိုက်နေတာကို ကြိုက်တဲ့လူက ကြိုက်နေရင်ရော ..."

"မင်းကလည်းကွာ ..."

သူတို့ မိုးတိုးမတ်တတ်ငြင်းခုံနေတုန်း ဂျူလိုင် နဲ့ ခေမာ တို့ရောက်လာကြတာ မျက်နှာတွေလည်း ပျက်နေကြလျက် ...။

"မီ နဲ့ သမယ ဘာဖြစ်သွားတာလဲဟင် ..."

"သိတဲ့အတိုင်းပဲဗျာ ..."

www.burmeseclassic.com

www.burmeseclassic.com



သံတွဲ တို့လည်း စိတ်ညစ်နေကြပါပြီ။ သူတို့အုပ်စုနဲ့ ဂျူလိုင် တို့က သိပ်မရင်းနှီးကြသဖြင့် နေရာတကာ ပြောပြလို့လည်းမကောင်း သူမတို့ကတော့ သမယ မျက်နှာကိုပဲကြည့်ကာ ...၊

"မနက်တုန်းက ..."

"မနက်က မင်းတို့ ဖုန်းဆက်လို့ ငါ လိုက်ရှာတယ်၊ သူ ဘာမှမဖြစ်ဘူး အေးဆေးပဲ ..."

"ဟင်!..."

သမယ ရွံ့နေတာလား .. သူမတို့ နားကြားမှားသလား ...၊

ဂျူလိုင် တို့ အံ့ဩသည့်မျက်နှာတွေဖြစ်သွားကြကာ ...၊

"အေးဆေးပဲတော့ မဟုတ်လောက်ပါဘူး၊ မီ အရမ်းငိုနေတာပါ၊ ခုလည်း သူ ဒုက္ခရောက်ပြန်ပြီ၊ လက်ျာ တို့ သူ့အိမ်ကိုရောက်သွားတယ် ဆိုတာသိပြီး မပြန်ရဲတော့ဘူးတဲ့ ..."

သမယ မျက်နှာလှည့်လာသည်။

"အဲဒါကို ဘယ်သူသွားပြောလိုက်တာလဲ ..."

မေးပုံက သူမတို့ကို တရားခံကြည့်သလိုမို့ ...၊

"ကျွန်မတို့က ပြောစရာလား .. သူ ဒီလောက်ခံစားနေရတာကို၊ ပြီးတော့ မနက်တည်းက ပြန်မဆုံကြတော့တာ အခု သူ ထွက်သွားခါနီးမှ ..."

"သူက ဘယ်နှစ်ခါတောင်ထွက်သွားနေတာလဲ .. မိန်းကလေးဖြစ်ပြီးတော့ ဟိုဟာလုပ်မယ် ဒီဟာလုပ်မယ်တကြိမ်းကြိမ်းနဲ့ ..."

"ကြိမ်းနေတာမဟုတ်ဘူး သမယ .. လက်ျာ တို့ ပြောဆိုသွားတာနဲ့ က သူ ငိုတာ ချော့လို့ကိုမရဘူး ...၊ ဒါပေမယ့် အဲ့ဒီတုန်းက သူ စိတ်ထဲ ဖြစ်လာတာကိုပြောနေတာမျိုးပဲ .. ဒါကြောင့် ရှင့်ကို ဖုန်းဆက်လိုက်တာပေါ့ .. ကျွန်မတို့က ရှင်တို့နှစ်ယောက်တွေ့ရင် အဆင်ပြေသွားကြမယ်ထင်နေတာ ..."

ဒီစကားအရောက်မှာ သံတွဲ က နှာခေါင်းရှုံ့ပွပွနှင့်ဝင်၍ ...

"ပြေပါလိမ့်မယ်အားကြီး .. အနားမှာ တုတ် ဓားတွေသာရှိနေရင် မတွေးရဲဘူး ..."



"ဟင် .. ဟုတ်လား .."

သူမတို့ မျက်နှာတွေမှာ သမယ ကို ပြုံးပြင်ဟန်တွေဖြစ်သွားကြ၏။ သို့သော် သူမတို့သိချင်နေတာက ဒီအခြေအနေကိုမဟုတ်သေး။

"မီ ကို ဖုန်းဆက်လို့ လုံးဝမရတော့လို့ လက်ျာ တို့ သူတို့အိမ်ကို ရောက်သွားတဲ့ကိစ္စ သမယ သူ့ကိုပြောလိုက်သေးလားဟင် .."

"မပြောပါဘူး .. မင်းတို့ ဖုန်းဆက်တော့ သူ ထွက်သွားပြီ .."

"ဒါ .. ဒါဆို မီ ဘာဖြစ်သွားတာလဲ .."

"ဒီမှာထပ်ပြီး ရန်ဖြစ်တယ်ဆိုတော့ ပိုစိတ်ဆင်းရဲသွားမှာပေါ့၊ အိမ်တန်းပြန်သွားလားမှမသိတာ .."

ခေမာ က ပြောနေတုန်း ဂျူလိုင် က ထင်ကြေးပေး၏။ ထိုအချိန်မှာ သမယ က အိမ်ကို ဖုန်းခေါ်နေရင်း ဘေးထွက်သွားကာ ...၊

"မေမေ .. မီ ပြန်ရောက်လာတာတွေ့လား .."

"သား .."

မေမေ့အသံက ပျာယာခတ်နေခဲ့လျက် လက်ျာ တို့ လာသွားသည့်အကြောင်း လျှာခလုတ်တိုက်မတတ်ပြောသွား၏။

"အဲ့ဒါပဲ သား .. မင်းကို ဖုန်းခေါ်နေကြတာ ဘာတွေလုပ်နေလို့ သဲ ဖုန်းတစ်လုံးက ဆက်သွယ်လို့မရပါဘူးပဲပြောနေတယ်၊ တစ်လုံးကျတော့ မအားလိုက် မကိုင်လိုက်နဲ့ .."

"ကျွတ် .. မီ ကတော့ကွာ .."

"သားတို့ပြဿနာမသေးဘူးနော် .. ခင် က မူးနေလို့ ခုထိမထနိုင်ဘူး၊ ကိုမိုး က မီ ကို ရှာဖို့ထွက်သွားတယ် .."

"ကျွန်တော် ပြန်ခဲ့မယ် မေမေ .."

"နေဦးလေ .. မီ က ကျောင်းမှာ .."

"မရှိဘူး .."

"ဘုရား .. ဘုရား ကိုမိုး ကလည်း ဒေါသတွေထွက်သွားတာ .."

"မေမေ .. ဒါပဲနော် .."

"သား .. သားရေ နေဦး .. ဖုန်းကိုင်ထားနော် .. မေမေလည်း ထွက် .."

www.burmeseclassic.com

www.burmeseclassic.com



စကားက ဒီမှာတင်ရှေ့မဆက်ဘဲ ပြတ်တောက်သွားသဖြင့် ဒီဘက်က ဖုန်းချရတော့မလို ဆက်ကိုင်ထားရမလို ခဏကြာသွားကာ ပြီးမှ…၊

"သားရေ .. ပြဿနာတော့တက်ပြီထင်တယ်၊ ကိုမိုး ပြန်ရောက်လာပြီ .. မင်း ပြန်လာခဲ့ .. ဖုန်းကိုင်ဖို့လည်း မမေ့နဲ့ .."

ဒီတစ်ခါ မေမေက အရင်ချသွား၏။ သံတွဲ တို့ သူ့နားရောက်လာကြကာ ..၊

"သမယ .. ငါတို့လိုက်ခဲ့ရမလား .."

"နေပေ့စေ .."

"အေး .. မီ ကျောင်းမှာရှိနေရင် ဖုန်းဆက်လိုက်မယ်ကွာ .. ကျောင်းမှာရှာဖို့ ငါတို့တာဝန်ထား .."

သံတွဲတို့နဲ့ ခေမာတို့ တာဝန်တွေခွဲဝေလျက် ကျန်ရစ်ခဲ့ကြ၏။

သမယ ကားမောင်းနေရင်း ဘေးမှာချထားသည့် ဖုန်းကိုပဲ အာရုံရောက်နေမိသည်။ မနက်တည်းက မီ ကျောင်းမတက်ချင်ဘူးဆိုတာကို သူပဲ မရမက ခေါ်ထုတ်လာခဲ့သည်။

"နင်က ငါ့အပြစ်လို့ လက်ညှိုးထိုးလို့ ကောင်းအောင်လား .."

"မဟုတ်ဘူး သမယ .. ငါ ခေါင်းတွေအုံခဲ့နေတာ ထောင်ကို မထောင်ချင်လို့ .."

"ငိုနေလေ ခဲလာလေဖြစ်မှာပဲ .. ထဆိုထ .."

"မသွားတော့ဘူးဆိုပြီး ငါပစ်စလက်ခတ်နေနေတာ ဆံပင်တွေလည်း .."

"ဒီဆံပင်တွေနဲ့ချည်း ကိုင်ပေါက်မနေနဲ့ .. ငါ ဖြီးပေးမယ် .."

သူက ဦးဆောင်ပြီးအပြင်ထွက်တော့မည်ဆို ဒီဆံပင်တွေကို ဟဲ့ရ်ကုတ်လိမ်းဖို့ကအစ ခေါင်းဖြီးတဲ့အထိ သူပဲ လုပ်ပေးရသည်။

ဆံပင်က ကောက်သည့်အပြင် ရှည်လည်းရှည်သေးသည်။ ပြီးတော့ ဟဲ့ရ်ကုတ်သိပ်မသုံးသဖြင့် အမြဲတမ်းခြောက်နေတတ်၏။

ဆံပင်ကို ဂရုမစိုက်တတ်ခြင်းများစွာ၏ အကျိုးဆက်က သွားခါနီးပြီဆို ဒီဆံပင်တွေကြောင့် ပြန်ထိုင်နေလိုက်ရတာတွေ ခဏခဏ ..၊



ထို့ကြောင့် သူငယ်ချင်းယောက်ျားလေးတစ်ယောက်က ဆံပင်ရှင်းပေးနေသည့်အဖြစ်ကို မီ တမင်တကာ သာယာနေတာမဟုတ်မှန်း သူ သိနေသည်။

မသွားလာချင်တဲ့နေရာဆို ဆံပင်တွေအကြောင်းပြသည်။ သူကလည်း ကိုယ်တိုင်ရှင်းပေးပြီး ရအောင်ခေါ်ထုတ်တတ်၏။ ငယ်စဉ်တည်းက မီ နဲ့ သူ့ရဲ့အကျင့်တွေက သုံးနှစ်နီးပါးလောက်ခွဲခဲ့ကြပေမယ့် ဘာမှ မပြောင်းမလဲရှိနေခဲ့၏။

ထို့ပြင် သမယ ဆိုတဲ့ ကောင်လေး တက္ကသိုလ်မှာ ကင်းပဲဖြစ်ဖြစ် စကြဝဠာမင်းဖြစ်နေနေ မီ့ မျက်လုံးထဲမှာ စတိတ်ကျောင်းတုန်းက သမယ နဲ့ ဘာမှမခြားနားခဲ့ ..။

ဒါကိုအစက မတွေးမိခဲ့သော်လည်း လက်ထပ်တဲ့နေ့ကတော့တွေးမိလာခဲ့သည်။ ဒီလောက်ထိလုပ်ဖို့မရည်ရွယ်ဘဲ သူ ဘာဖြစ်လို့ ချက်ချင်းဆုံးဖြတ်ခဲ့တာလဲ ..၊

သူငယ်ချင်းကနေ ဇနီးမောင်နှံအဖြစ် ချက်ချင်းပြောင်းလဲပြီး ဘယ်လိုမျက်နှာချင်းဆိုင်ကြမလဲ ..၊ ဒီမေးခွန်းတွေဝင်လာခဲ့သည်။

ကိုယ်ကအကြီးကြီးတွေးမိခဲ့ပေမယ့် မီ ကို ကြည့်တော့ သူမဘက်က ဘာမှထူးခြားပြောင်းလဲတာမရှိ ..။

"နင် ဘာထဖြစ်ဘာလဲ .." လို့ မေးခဲ့သည်။

"ငါတို့ ဒီလိုပဲ စကားနိုင်လုကြတာ၊ စကားပြောရင်း ရန်ဖြစ်ကြတာ ဘာဆန်းလို့လဲ .." တဲ့ ..။

ဒီတစ်ခါ ဖြစ်ခဲ့ကြတာ ခါတိုင်းနဲ့တူလို့လား ..၊

မင်္ဂလာကိစ္စအတွက် သူ့မှာသာ ရေးကြီးခွင်ကျယ်တွေ တွေးတောနေခဲ့ပေမယ့် သူမက ဒီအတိုင်း ..။

"နင် ရွှတ်တရွတ်တွေလျှောက်လုပ်တာ ခုတော့ လူကြီးတွေက ဘာတယ်ထလုပ်ကုန်ကြပြီ .. သေချင်တယ် .."

ဆိုပြီး ပါးစပ်ထဲမှာ မရမ်းပေါင်းကိုဝါးလျက် ..၊

ရှုံ့မဲ့ညည်းနေတာလား၊ မရမ်းပေါင်းကြောင့် ရှုံ့မဲ့နေတာလား

www.burmeseclassic.com



ဘာလဲ ဆိုတာမသိ ...။

သူမမှာ နာကြည်းသည့်ဒေါသဆိုတာမတွေ့၊ သူငယ်ချင်းကနေ လင်မယားဘယ်လိုတော်ကြမလဲဆိုတာမျိုးတွေးမိပုံလည်း မပေါ် ...။

လက်ထပ်ကြသည့်အချိန်မှာ သူ့မှာသာ ဝိုင်းဝန်းပြစ်တင်တာတွေ စနောက်ခြင်းတွေခံနေရသည်။ ဘာမှလည်း အမိပ္ပာယ်မရှိဘဲ စိတ်ညစ်သည်လည်းမဟုတ်၊ ပျော်သည်လည်းမဟုတ် ...။

ဒါပေမယ့် ဒီလိုနဲ့ပဲ ခရီးဆက်နေရရင်လည်း အချိန်တန်ရင်ဖြစ်သင့်တဲ့အတိုင်း ဖြစ်သွားလိမ့်မည်လို့ သူ ထင်ခဲ့၏။ မထင်မှတ်သည့် ပြဿနာအကြောင်းတရားတွေ ဒီနေ့ ဆီးကြိုနေလိမ့်မည်ဆိုတာ မသိခဲ့ခြင်းနှင့် ဝတ်သက်၍ ...၊

"ဟာ ..."

ဖုန်းလာကာမှ မီးပွိုင့်လွတ်သဖြင့် ဖုန်းကိုကောက်ယူလိုက်စဉ် အကွေ့ကြောမှ အရှိန်နဲ့တက်လာသည့် ကားတစ်စီးကြောင့် ကမန်းကတန်း ဘရိတ်အုပ်လိုက်ရကာ ဖုန်းလည်း လွတ်ကျသွားသည်။

"ဟလို ... မေမေ ..."

ကားကို သေချာပြန်မောင်းနိုင်မှ ကိုင်လိုက်တော့ မေမေခေါ်တာ နှစ်ကြိမ်မြောက်ဖြစ်သွား၏။

"သားရယ် ... မေမေ သေချာမှာထားတာတောင် ဘာဖြစ်လို့ ဖုန်းမကိုင်ရတာလဲ ..."

ဒီမှာ ကားအက်ဆီးဒန့်ဖြစ်တော့မလို့ တည်းတည်းလေးပဲဆိုတာ ပြောလိုက်လျှင် မေမေ စိတ်ပူသွားမှာဖြစ်သည်။ ထို့ကြောင့် ...၊

"ကျွန်တော် ကားနည်းနည်းကျပ်နေလို့ မေမေ ..."

"ဟင် ... ဟုတ်လား ... ဆောရီးသားရယ် ... သတိထားမောင်းနော် သား ... မေမေ ခုပြောလို့ရရဲ့လားဟင် ..."

"ရပြီမေမေ ... အန်ကယ်လ်မိုး ဘာဖြစ်လို့လဲ ..."

"သား အန်ကယ်လ်မိုး အကြီးအကျယ်စိတ်ဆိုးလာတာ အိမ်ထဲမှာ ဝါကင်ထိုးတာ ပန်းခြံအုတ်ခောင်လေးတောင် ပွဲထွက်သွားတယ် သားရဲ့..."



"ဘာဖြစ်လို့လဲ ... မီ နဲ့ ..."

"မီ လေ ... မီ က ဟိုကောင်လေးနဲ့ ပါသွားတယ်တဲ့ ... ဝါရမီ မီးပွိုင့် ..."

"ဟင် ..."

ခေါင်းထဲမှာ ဒိုင်းခနဲပစ်ဆောင့်သွားသလိုပင် ...၊

သတိတစ်ချက်လွတ်သွားပေမယ့် ဘရိတ်ကိုဖိနင်းခပ်လိုက်မိတာ တော်သေးသည်။

"သား ..."

"ဟုတ် ..."

"အေး ... အဲဒီလိုတွေ့လာခဲ့ပြီး ကိုမိုး တော့ အကြီးအကျယ်ပေါက်ကွဲနေတာပဲ၊ ခင် လည်း နေမကောင်းဘဲနဲ့ ဒရိုဝ်ဘာခေါ်ပြီး ထွက်လိုက်သွားတယ်၊ မေမေ ဘာမှမကူညီနိုင်ဘူး သားရယ် ... ညနေ သားအဖေကလည်း လေဆိပ်ဆင်းရမှာလေ ..."

"မီ တို့ ဘယ်သွားတယ်ဆိုတာ အန်တီခင် က သိလို့လား ..."

"ခင် လည်း မသိဘူး၊ ကိုမိုး ကိုယ်တိုင် ဘယ်ပါသွားလဲဆိုတာ သိခဲ့တာမဟုတ်ဘူး၊ ဒါပေမယ့် ခင့်ကို စိတ်မချတော့ ကိုမိုးလည်း ပြန်ထွက်သွားတယ်၊ သားကို မေမေပြောချင်တာက သားတို့သူငယ်ချင်း ဘယ်သွားမယ် ဘယ်လာမယ်မှန်းတော့ ခန့်မှန်းလို့ရမယ်ထင်လား ... အဲဒါကြောင့် ..."

"ကျွန်တော် လိုက်ရှာမပေးနိုင်ဘူး မေမေ ..."

"ဘာ ... ဘာပြောလိုက်တာလဲ သား ..."

"သူနဲ့ ကျွန်တော် မနက်ကပဲ အဲဒီကိစ္စနဲ့ စကားများခဲ့ကြတာ..."

"ဟင် ..."

"သူလည်း ကလေးမှမဟုတ်တာ၊ ကိုယ်ကြိုက်တာ ရွေးချယ်ခွင့်ရှိတယ် ..."

"ရွေးချယ်ခွင့်မရှိဘူး သား ... အစကရှိပေမယ့် ခုမရှိတော့ဘူး၊ မီ က သား လက်ထပ်ထားတဲ့မိန်းကလေး၊ လက်ထပ်ဖြစ်ကြတာကလည်း သားဘက်က ဆန္ဒနဲ့ပဲဆိုတာ ..."

www.burmeseclassic.com

www.burmeseclassic.com



"မေမေ .."

"ဘယ်လိုဘာအကြောင်းဆိုတာတွေ မေမေ မသိချင်ဘူး၊ ခုပြောချင်တာ သားမှာ တာဝန်ရှိတယ်၊ ခုချိန်မှာမို့လို့ ပိုပြီးရှိတာ၊ မလိုသူတွေ မဟုတ်တရုတ်ပြောကြတာတွေကြောင့် မေမေတို့ကပါ ယုန်ထင်ကြောင်ထင်ဖြစ်နေတာမျိုး အထင်လွဲမခံနိုင်ဘူး .."

မေမေ့အသံတွေမှာ ဒေါသတွေရင့်တက်လာနေတာ သူသိသည်။ ဒါပေမယ့် လူတိုင်းမှာ လျှို့ဝှက်သောခံစားချက်တွေ ကိုယ်စီရှိကြတာတော့ မေမေ မေ့နေသည်ထင်၏။

မီ့ ကို ဒီတစ်ခါလောက် သူ ဘယ်တုန်းကမှ စိတ်မဆိုးခဲ့ဘူးပေ။ ဒုက္ခရောက်နေပြီဆိုတာ ကြားလိုက်လျှင် စိုးရိမ်စိတ်က ရှေ့ကရောက်သွားတတ်ပေမယ့် ဒီတစ်ခါတော့ သူ့မအတွက် စိုးရိမ်စိတ်ဖြစ်သွားမိတာ ခဏလေး ..။

'ချစ်တိုင်း နဲ့ ပါသွားသည်' ဆိုတာ ကြားလိုက်ရသည့်နောက်မှာ ဒေါသလား၊ ရှက်တာလား 'ခံရခက်သည့်ဝေဒနာတစ်ရပ်နှင့် အရာရာ ပျောက်ဆုံးသွားခဲ့သည်။

သူမစိတ်ထဲမှာ ကိုယ်မရှိခဲ့ ..၊

သူမနဲ့ ကိုယ်က ဘာမှမသက်ဆိုင် ..၊

ဒါတွေက သူမကိုယ်တိုင် ပိုင်းဖြတ်သတ်မှတ်သွားသည့်အတိုင်း..။

"သား .. အခု ဘယ်သွားနေတာလဲ မေမေပြောတာကြားလား.."

"ကြားတယ် မေမေ .. အိမ်ပြန်လာနေပြီ .."

"ဘာ ..."

နှုတ်ခမ်းတွေကို ဖိစေ့ထားကာ ကားကို အိမ်အပြန်လမ်းသို့ ဆွဲကွေ့ပစ်လိုက်ပြီး ..၊

"သူတို့နောက်ကို ကျွန်တော် မလိုက်ချင်ဘူး .."



အခန်း (၃၇)

"မီတို့ အိမ်က အဲဒီဘက်မဟုတ်ဘူးလေ .."

"မင်း အိမ်ကိုသွားနေတာမှမဟုတ်တာ .."

"ဟင်!... ဘာ ..."

မီ မျက်လုံးအဝိုင်းသားလေးနဲ့ လှည့်ကြည့်သည်။ သူမကို မှန်ထဲက မျက်ခနဲကြည့်ပြီး ချစ်တိုင်း က ရယ်သည်။

"ချစ်တိုင်း .. ချစ်တိုင်း ကို မီ့ အိမ်လိုက်ခဲ့ဖို့ ခေါ်လာတာလေ .."

"ကိုယ်က လိုက်ခဲ့မယ်လို့မပြောရသေးဘူးထင်တယ် .."

ဟင်!...၊

မျက်တောင်တစ်ချက်မှမခတ်ဘဲ အငေးသားလေးဖြစ်သွားတော့လည်း မှန်ထဲကနေ ထပ်ကြည့်မိပြန်၏။ ညိုလဲ့သောမျက်ဝန်းလေးတွေက မျက်တောင်ကော့လေးတွေကြောင့် ပိုချစ်ဖို့ကောင်းသည်။

သူမ မျက်လုံးအဝိုင်းသားလေးနဲ့ ငေးကြည့်နေပြီဆို အပြစ်ကင်းသည့် ကလေးတစ်ယောက်ရဲ့မျက်နှာလေးကိုကြည့်ပြီး မဆူရက် မအော်ရက်ဖြစ်သွားရတာမျိုး ...၊

ဆောင်းလခါမီ ဆိုသည့် ခင်ဖိုင့်ဖိုင့်အရုပ်လေးက အဲဒီလောက်ထိ အပြစ်ရောင်ရင့်လေသည်။

www.burmeseclassic.com



"ဒါဆို ချစ်တိုင်း အခု ဘယ်ကိုမောင်းနေတာလဲ .."

"ကိုယ်တို့ဆောက်လက်စ အိမ်ရာထဲကိုပါ မေမေ ခိုင်းထားတာ ရှိလို့ .."

တကယ်တော့ မေမေ မခိုင်းခဲ့ပါ။ သူ ထွက်လာတာလည်း အိမ်ရာကိုသွားဖို့မဟုတ်ပေ ..။ ဒါပေမယ့် သူမကိုတော့ နှစ်ယောက်တည်း ပြောပြချင်တာတွေရှိသည်။ ပြောပြဖို့လည်း စိတ်ကူးမရှိတော့ပေမယ့် ဒီနေ့ သူမရောက်လာခဲ့တဲ့ ရည်ရွယ်ချက်ကြောင့် ပြောဖို့ဆုံးဖြတ်မိခဲ့၏။

"မီ ဒီမှာပဲ ဆင်းတော့မယ် ချစ်တိုင်း ကားရပ်လိုက်ပါ .."

"သိပ်မဝေးတော့ပါဘူး နောက်ထပ် ငါးမိနစ်လောက်ပဲ .."

"ဟင့်အင်း .. ချစ်တိုင်း ကို မီ က အကူအညီတောင်းခဲ့တာ၊ ချစ်တိုင်း ခေါ်တဲ့နောက်ကို လိုက်ခဲ့တာမဟုတ်ဘူး .."

"ကိုယ်ကလည်း မင်းကို ကူညီချင်တဲ့သူပါ၊ ဒါပေမယ့် မင်းရဲ့ သတို့သားက သမယ ပါပဲဆိုတာကို အတည်ပြုသက်မှတ်ပေးဖို့အတွက် ကိုယ်က စည်းတစ်ဖက်ကို ထွက်ရပ်ပြရမှာ မင်း စဉ်းစားကြည့် .."

"မဟုတ်ဘူးလေ .."

"ဘာလို့မဟုတ်ရမှာလဲ .."

"ဟုတ်ပါတယ် .."

"ဟွန်း ..."

"မဟုတ်ဘူး ချစ်တိုင်း .. ဟိုလေ .. ဟုတ်ပါတယ်ဆိုတာက ချစ်.. ချစ်တိုင်း တမင်တကာလိုက်ရှင်းပြပေးရမှာဟုတ်ပါတယ်၊ ဒါပေမယ့် တကယ်လည်း ဘာမှမှမဟုတ်တာ .."

ကားမောင်းရင်း ချစ်တိုင်း က လှည့်ကြည့်လိုက် ပြုံးလိုက် မဲ့လိုက်နှင့် သွားတွေပေါ်အောင် ရယ်တာလည်းရှိကာ ..၊

"ယောကျ်ားလေးချင်း ပြဿနာကို မင်းက ဘယ်လိုထင်နေလို့လဲ မီ .. အထူးသဖြင့် ယောကျ်ားမာနပေါ့ .."

"မီ မသိဘူးလေ .. ဒါပေမယ့် အင်တာနက်ကပုံတွေ ဗီဒီယိုတွေ



ပျံ့နှံ့နေတဲ့အတွက် .."

"အဲဒါ ကိုယ်လုပ်တာလို့ မင်း ထင်လို့လား .."

"မီ က ဘာလို့ထင်ရမှာလဲ .. ချစ်တိုင်း ကို ယုံကြည်လို့လည်း မီ အကူအညီလာတောင်းတာပေါ့၊ အဲ့ဒါကို တရားခံရှာနေဖို့ထက် အဖြစ်မှန်ကို ရှင်းလိုက်ရင် မီ နဲ့ လူကြီးမိဘတွေ ဂုဏ်သိက္ခာကို အဖက်ဆယ်လို့ရတယ်လေ .."

"အဲ့ဒီအတွက် တာဝန်ရှိတာက ကိုယ်ဖြစ်နေတာလား .."

ဟင် ...၊

မီ အဲ့ဒီလောက် စကားမတတ်ပေ ..။ ချစ်တိုင်း ရဲ့ မေးခွန်းကိုလည်း ဘယ်လိုဖြေရမှန်းမသိ ...။

ထိုစဉ် ကားက ဆောက်လက်စအိမ်ရာဝင်းတစ်ခုထဲသို့ ချိုးတွေ့ ဝင်ရောက်လာခဲ့၏။

"ဒါက ကိုယ်တို့ရှယ်ယာဝင်အဖြစ် ပထမဆုံးစလုပ်တဲ့ အိမ်ရာ စီမံကိန်းလေ .."

မီ စိတ်တခြားလူတခြားဖြစ်နေပေမယ့် 'TW အိမ်ရာဆောက်လုပ်ရေး' ဆိုသည့် ဆိုင်းဘုတ်ကြီးကိုတော့ ဖတ်လိုက်မိ၏။

"ကိုယ်တို့မိသားစုတွေက ဆွေစဉ်မျိုးဆက်ကိုက ပညာရေးလမ်းကြောင်းနဲ့ ရပ်တည်လာကြတဲ့လူတွေလေ၊ ဒါပေမယ့် ပညာဂုဏ်က သပ်သပ် စည်းစိမ်ဥစ္စာကြွယ်ဝဖို့အတွက်က စီးပွားရှာနိုင်မှဆိုတာ လက်ခံလာတော့ စီးပွားရေးဘက်လှည့်ကြည့်မယ်ပေါ့ .."

ပြောပြီး ရယ်လိုက်သေးသည်။ ကားက ဝင်းထဲမှာ ဆက်လက်မောင်းသွားဖြစ်ကာ ..၊

"ဒါပေမယ့် 'ငါ မင်းသားဖြစ်မှ သီချင်းဆန်းပေါ'ဆိုတာလိုပဲ အိမ်ရာ ဆောက်လုပ်ငန်းတွေ လုံးဝမဟန်တဲ့အချိန်ဖြစ်သွားတာနဲ့ တည့်တည့်ပြီ မပြီး— ဟွန်း .."

"ချစ်တိုင်း .. ချစ်တိုင်း အဲ့ဒါတွေဘာလို့ပြောပြနေတာလဲဟင်၊

www.burmeseclassic.com



မီ တောင်းပန်ပါတယ် ရှင်တို့အကြောင်းတွေကို စိတ်မဝင်စားလို့မဟုတ်ပေမယ့် ..."

"ရောက်တုန်းမို့လို့ပြောပြတာလေ ..."

"မီ က သိချင်လို့အလည်အပတ်လိုက်လာတာမှ မဟုတ်တာ ..."

"ကိုယ်ကလည်း ကြွားချင်လို့ခေါ်လာတာမဟုတ်ပါဘူး၊ ကိုယ်တို့မိသားစုရဲ့ စီးပွားရေးက ဒါပဲဆိုတာ မင်းကိုကျမှပြောပြဖြစ်တာ ..."

"မီ့ ကို ..."

"ကိုယ်လည်း မင်းလောက်မဟုတ်ပေမယ့် မင်းလိုပဲ စိတ်ညစ်နေတဲ့လူပါ၊ မရည်ရွယ်တာတွေဖြစ်လာတယ်၊ ဆုံးဖြတ်ချက်မရှိတဲ့ ထင်ရာတွေလုပ်မိတယ်၊ ဒါပေမယ့် ဒီ ရှုပ်ထွေးမှုတွေကိုပဲ ကိုယ်ကကြိုက်တာ..."

"ဘယ်လို ..."

"ချဖြစ်နေတာတွေ ရပ်တန့်သည်ဖြစ်စေ မရပ်တန့်ဘူးဖြစ်စေ ကိုယ်နောင်တရမှာမဟုတ်ဘူး ..."

"ချစ်တိုင်း ပြောတာက ..."

"မင်းကို ကူညီချင်တယ်၊ ဒါပေမယ့် သမယ အတွက် လုပ်မပေးနိုင်ဘူး ..."

"ချစ်တိုင်း ရယ် .. ရှင်တို့နှစ်ယောက် မာနတွေပြိုင်နေတဲ့ကြားမှာ မီ့ ပြဿနာက ကြမ်းတုံးဖြစ်သွားတာလားဟင် ..."

ထိုစဉ် အိမ်ရာရုံးခန်းတိုက်လုံးလေးရဲ့ရှေ့မှာ ကားက သိမ့်ခနဲထိုးရပ်သွားကာ ...၊

"အောက်မှာ အေးအေးဆင်းပြီး စကားပြောရအောင် ..."

"မဆင်းချင်ဘူး .. မီ မေးတာကိုဖြေစမ်းပါ၊ မီ ရောက်လာတာ ချစ်တိုင်း နဲ့ သမယ အတွက် နယ်ရုပ်တစ်ရုပ်တိုးလာတာလား ..."

"ဟွန်း ..."

ချစ်တိုင်း က မီ့ မျက်နှာလေးကို စေ့စေ့ကြည့်ပြီး မဲ့သည်။ ပြီးတော့...

"လာပါ .. အောက်ဆင်းပြီးမှပြောတာပေါ့၊ ကားက မှန်နက်တွေ



နဲ့ ရယ် .. မင်းနဲ့ကိုယ် ဒီထဲမှာ ကြာကြာရှိနေတာက ပိုအဆင်ဆိုးလိမ့်မယ် ..."

ပြောပြီး သူပဲအရင်ဆင်းလိုက်သည်။ မီ က ခေါင်းခါနေဆဲဖြစ်တာ ...၊

"မီ မဆင်းပါရစေနဲ့နော် .. နောက်ထပ်တစ်ခါ ချစ်တိုင်း နဲ့ အထင်လွဲစရာတွေထပ်ဖြစ်သွားရင် မီ အိမ်ပြန်ရဲတော့မှာမဟုတ်ဘူး ..."

"ခုလည်း မင်း ကိုယ်နဲ့ ဒီထိပါလာနေပြီပဲ .. မင်း ထိုင်နေတာ ကိုယ့်ကား၊ ရောက်နေတာ ကိုယ့်ခြံဝင်းထဲမှာ ..."

"မီ လိုက်လာဖို့ရည်ရွယ်ခဲ့တာမဟုတ်ပါဘူး၊ ချစ်တိုင်း က မတူညီနိုင်ဘူးဆိုတာ ကြိုသိခဲ့ရင် ကားပေါ်လည်း တက်မိခဲ့မှာမဟုတ်ဘူး ..."

မီ က လွယ်အိတ်လေးပိုက်၍ ဖြုတ်ခနဲဆင်းသည်။ ပြီးတော့ အိတ်ကို ပခုံးမှာလွယ်လိုက်ပြီး ...၊

"မီ .. ဒီကနေ ကားတားစီးသွားတော့မယ် ..."

ငိုချင်နေပြီမို့ ချစ်တိုင်း ရှေ့ကနေ အမြန်သွားဖို့အရေးကြီးနေခဲ့၏။ သို့သော် ...၊

"မင်း ဘယ်လိုလုပ်တာလဲ မီ ..."

"အို .. မကိုင်ပါနဲ့ ..."

ချစ်တိုင်း က လက်ကိုလှမ်းဆွဲလိုက်လျှင် မီ က အလန့်တကြား ချွန်ပြီး နောက်ဆုတ်လိုက်၏။ ချစ်တိုင်း မျက်နှာတင်းသွားသော်လည်း ဖြင့်သက်ရှိက်လိုက်ရင်း ...၊

"မင်း လုပ်နေတာ ကိုယ်က လူယုတ်မာဖြစ်နေပြီနော် .. မင်းကို ခေါ်လာတာ မင်းရဲ့ သမယ နဲ့ ကိုယ့်အကြောင်းပြောပြရုံပဲ၊ မရိုးသားတာ ဘာမှမပါဘူး ..."

မီ မျက်နှာလေးငယ်သွားကာ ချက်ချင်းရှေ့ပြန်တိုး၏။

"မီ အဲ့လိုမဟုတ်ပါဘူး၊ ချစ်တိုင်း ကို မယုံတာလည်းမဟုတ်ပါဘူး .. အဲဒါ တကယ်ပါ၊ ခုချိန်မှာ အားလုံး ယုန်ထင်ကြောင်ထင်ဖြစ်

www.burmeseclassic.com



နေကြတော့ အဲ့ဒါကိုကြောက်ပြီး ..”

“ထားလိုက်ပါ .. အခု မင်း ခြေလှမ်းကိုပြန်ရုတ်ပြီး ကိုယ့်ပြောတာ ခဏပဲ နားထောင်ပြီးရင် မင်းကို ပြန်ပို့ပေးမယ် ..”

“အိမ်ကိုလားဟင် .. ဒါဆို မီ ပြောခဲ့တဲ့ ..”

“ကိုယ်ပြောပြီးပြီလေ .. မင်းကို ကူညီချင်တယ်၊ သမယ အတွက် လုပ်မပေးနိုင်ဘူးလို့ ..”

“ချစ်တိုင်း ရယ် .. ခုလည်း မီ့ အတွက် ..”

“မင်းရဲ့ သမယ ကိုယ့်ဆီလာကြိမ်းသွားတာ မင်းသိလား၊ ကိုယ် ဘာမှအလေးအနက်ကြံစည်ခဲ့တာမဟုတ်ပေမယ့် သူပြောတာတွေကြောင့် ကိုယ် ဒီတိုင်းရှေ့ဆက်ဖို့ ဆုံးဖြတ်ခဲ့တာ ..”

“ဟင် .. ဒီတိုင်းဟုတ်လား .. ဘယ်လိုဒီတိုင်းလဲဟင် ..”

“ဘယ်သူတွေ ဘယ်လိုထင်ထင် .. နောက်ထပ် ဘယ်သူတွေက ဘာကိုပဲအတည်ပြုပြု ကိုယ့်ဘက်က လုပ်လို့ရသမျှအကုန်လုပ်မယ် ..”

“ဟင် ...”

မီ့ နှုတ်ခမ်းလေးတွေ ပွင့်ဟသွားသည်။ ထိတ်လန့်အံ့သြခြင်းသည် ဒီနေရာမှာပဲ ကျောက်ရုပ်လေးဖြစ်သွားသည့်နှယ် ...။

“မင်္ဂလာပွဲမှာ သမယ က ပျောက်နေတော့ ကိုယ်နဲ့ ကိုယ့်အဖွဲ့တွေရယ် မင်းရယ် အဲ့ဒီပွဲက ဘုယ်သူ့ပွဲဖြစ်ဖို့ ပိုနီးစပ်သလဲ ..”

မီ ဒီတိုင်းငေးနေဆဲ ...။

“ရုံးမှာ လက်မှတ်ထိုးထားတဲ့ စာချုပ်နှစ်စောင်ကလွဲရင် ကိုယ် အားလုံးလုပ်ယူလို့ရတယ်၊ ဥပမာ ဖိတ်စာတွေကအစပေါ့၊ ဝလုံးကို ဝတ်ဆံ ခတ်မလား .. လုံးကြီးတင်မလား ကြိုက်တာလုပ်လို့ရတယ် လွယ်လွယ် လေးပဲ ..”

မီ့ နှုတ်ခမ်းလေးတွေ လှုပ်ခတ်တုန်ယင်လာ၏။ မျက်ဝန်းမှာ မျက်ရည် တို့ဖြင့် လက်တောက်လာကြကာ ...၊

“သိပြီ ... မီ နားလည်ပါပြီ ..”



“နေဦး မီ ..”

“ဟင့်အင်း .. ဖယ်ပါ ..”

မီ ဖျတ်ခနဲလှည့်ပြေးလျှင် ချစ်တိုင်း က သူမရှေ့က ပိတ်ကာထား လိုက်ကာ ...၊

“ဒါပေမယ့် မင်း ပြောသလို သမယ နဲ့ ကိုယ် ရန်ငြိုးတွေနဲ့ ပြိုင်ဆိုင် နေကြတာမဟုတ်ဘူး၊ ရန်ငြိုးရှိခဲ့ဖို့ မပြောနဲ့ မျက်နှာချင်းဆိုင်စကားပြော ဖူးတောင်မရှိခဲ့ဘူး ..”

မီ က ငေးကြည့်နေ၏။

“အဲဒါတွေအားလုံးက မင်းနဲ့ ပတ်သက်မှဖြစ်တာ ..”

ဒီစကားကို မီ့ မျက်နှာလေးကိုစိုက်ကြည့်ပြီး လေးနက်စွာပြောမိ သည်။ ရွှေအိုရောင်လှိုင်းတွန့်လေးတွေနှင့် ဆံပင်ရှည်တွေဖြန့်ချထားသော ရှုးပြည့်သည့်မျက်နှာလေးက သူ့ သဘောကျခဲ့သည့်အတိုင်း ဘယ်လို မာယာကောက်ကြောင်းတို့မှ မထင် ...။

ချစ်တိုင်း က လက်ပိုက်ထားလိုက်ပြီးပြုံးကာ ...၊

“မင်းနဲ့ ပတ်သက်ခဲ့ပြီးမှ ကိုယ် သူ့ကို ပြိုင်ဆိုင်ချင်စိတ်တွေဖြစ်လာ ခဲ့တာ၊ ပြီးတော့ သူကိုယ်တိုင် ကိုယ့်ဆီလာပြီး ကြာကူလီလို့စွပ်စွဲသွား တာ မင်း သိလား ..”

ဟင်!...၊

မီ မျက်နှာပူသွားသည်။ ပြီးတော့ သမယ နဲ့ စကားပြောခဲ့တုန်းက မျက်နှာကိုမြင်ယောင်လာ၏။ ချစ်တိုင်း နဲ့ သမယ ဘယ်အချိန်ကတွေ့ လိုက်ကြတာလဲ ...။

ကိုယ်နဲ့ မတွေ့ခင်ကဆိုလျှင် တွေ့ကြတုန်းက ချစ်တိုင်း နဲ့ တွေ့ခဲ့ သည်။ ဘာတွေဖြစ်ခဲ့သည်ဆိုတာ ဘာလို့မပြောပြခဲ့တာလဲ သမယ သာ ဒါတိုပြောပြထားခဲ့လျှင် သူမ ချစ်တိုင်း ဆီကို ဒီလိုအကူအညီမျိုးတောင်း ဖို့အတွက် ထွက်သွားခဲ့မိမှာမဟုတ်ပေ ...။

သူမ မျက်ဝန်းလေးတွေ စိတ်လှုပ်ရှားသလိုဖြစ်နေတာကို ချစ်တိုင်း

www.burmeseclassic.com



က ကြည့်ကာ ...။

"ကိုယ်နဲ့တွေ့ခဲ့တာတောင် မင်းကို မပြောရသေးဘူးထင်တယ်..."

မီ ခေါင်းခါလိုက်တော့ သူက ခေါင်းညိတ်၍ ...။

"ခု သိသွားပြီဆိုတော့ ကိုယ့်ဆီလာခဲ့မိတာ မှားပြီလို့တွေးနေတာလား ..."

"ဟုတ်တယ် .. ဒါပေမယ့် မီ က ချစ်တိုင်း ကို ယုံကြည်မပျက်ပါဘူး၊ သမယ က ဒီလိုစွပ်စွဲသွားတယ်ဆိုတော့ ရှင် စိတ်ဆိုးနေမှာပဲလေ၊ မီ ကို မကူညီနိုင်ဘူးဆိုတာကို နားလည်သွားတာပါ .. မီ ပြန်တော့မယ်"

"ခဏ .."

မီ က ရှောင်ထွက်သည်။ သူက ခြေလှမ်းရှေ့ပြီး ပိတ်လိုက်၏။ ရင်ဘတ်နှစ်ခု ထိမိမလိုဖြစ်သွားသဖြင့် မီ နောက်ပြန်ဆုတ်လိုက်လျှင် ခဲလုံးနင်းမိပြီး ယိမ်းယိုင်သွားလေသည်။

"မီ .."

ချစ်တိုင်း က ပြန်ဆွဲထားပြီး ထိန်းပေးလိုက်စဉ် မီ ကလည်းလန့်ပြီး ပြန်ကိုင်ထားမိရာ ...။

"ကြည့်စမ်း .. အောင်မယ်လေးဟယ် .. ဒါ အိမ်ထောင်ရှိမိန်းမတဲ့ .."

စကားသံက ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

မီ အလန့်တကြားလှည့်ကြည့်လိုက်လျှင် ...။

အသက်ငါးဆယ်ဝန်းကျင် ယောကျ်ားကြီးတစ်ယောက်နှင့် အမျိုးသမီးကြီးတစ်ယောက်သည် ...။

"မေမေ .."

"ဟုတ်တယ် .. ငါ မင်းရဲ့ အမေပဲ ချစ်တိုင်း၊ လွှတ်လိုက်စမ်း .. အဲဒီလက်ကို ခု .."

"သား .. မင်းက မိဘမျက်နှာကို အိုးမည်းသုတ်လိုက်တာလားဟင် .."



"မေမေ .. ကျွန်တော်တို့က .."

"ချစ်တိုင်း ကိုပဲ ဖိဆူမနေပါနဲ့ မမာလာရယ် .. ယောကျ်ားလေးဆိုတာ ဆူးနဲ့တူတယ်လေ၊ ဆူးက ဘယ်သူ့ကိုမှ လိုက်မငြိဘူး၊ ဆူးစူးခံရတာ ဆူးကိုသွားနင်းလို့၊ ဆူးနဲ့ငြိမိတာလည်း ဆူးခြုံကိုမှဝင်တိုးလို့ပါ၊ ဒီနေရာမှာ ဘယ်သူက စည်းသည်လဲ သေချာကြည့်ပြီးမှ ဆူပါ .."

ဒေါ်မာလာဝင်း ရဲ့ အကြည့်တွေက မီ ထံ စူးစူးရဲရဲကျရောက်သွားသည်။ မီ ကတော့ လက်ျာ ရဲ့ အဒေါ်ကိုလည်းမသိ ...။ ဒေါ်မာလာဝင်းနဲ့ ဦးတိုင်းကျော် ကိုလည်း ချစ်တိုင်း မိဘတွေမှန်း မေမေ ဖေဖေ ခေါ်သံကြားမှ သိရတာဖြစ်ကာ ...။

"မီ့ ကို အထင်မလွဲပါနဲ့ အန်တီရယ် .. မီ နဲ့ ချစ်တိုင်း က သူငယ်ချင်းပါ .."

"ဘာသူငယ်ချင်းလဲ .. သူငယ်ချင်းဆိုရင် ကျောင်းကနေ အိမ်ရာထဲထိ နှစ်ယောက်တည်းလာပြီး ဘာကိစ္စနဲ့လဲ .."

"အန်တီ .."

မီ ရှက်လွန်းလို့ တစ်ကိုယ်လုံးတုန်ယင်လာကာ တောင်းပန်စကားပြောဖို့ ဖျစ်ညှစ်ပြောဖို့ကြိုးစားပေမယ့် အချမ်းတတ်နေသူကဲ့သို့ စကားသံတွေက မပီပြင် ...။

"မီ .. မီ က ချစ်တိုင်း ကို .."

"မပြောနဲ့ မပြောနဲ့ ညည်းက အိမ်ထောင်ရှိတဲ့မိန်းမ .. ညည်းကိုယ်တိုင် မစောင့်စည်းရဲပေမယ့် ငါ့သားက လူပျို၊ ဒီသတင်းတွေကြောင့် သိက္ခာကျမခံနိုင်ဘူး .."

"သတင်းဆိုရင်တောင် အတင်းအဖျင်းတွေပါဆိုပြီး ရှင်းလို့ရသေးတယ်၊ ခုကြည့်စမ်း .. ချစ်တိုင်း .."

ဦးတိုင်းကျော် အသံကြီး အကြိတ်သံနှင့် အေးစက်စက်ထန်နေကာ...။

"မင်း ဒီလောက်တောင် .."

ချစ်တိုင်း ရဲ့ အင်္ကျီရင်ဘတ်စကို ဒေါ်သတကြီး ဆောင့်ဆွဲလိုက်

www.burmeseclassic.com

www.burmeseclassic.com



လျှင် …၊

“ကိုကျော် …”

ဒေါ်မာလာဝင်း က သားကိုထိမှာကိုတော့ မခံနိုင်ဘဲ အတင်းဝင်ဆွဲ တားဆီးကာ …၊

“မလုပ်ရဘူး … ဒါ သားမှာပဲအပြစ်ရှိတာမဟုတ်ဘူး …”

ပြောပြီးတာနှင့် မီ့ ကို ဒေါသတကြီးလှည့်ကြည့်သည်။ မျက်လုံးတို့သည် မီးဝင်းဝင်းတောက်လျက် အသက်ရှူပြင်းနေသော ရင်အစုံက လှိုင်းထသလိုရှိနေခဲ့ပြီး…၊

“တော်တော် အတင့်ရဲတဲ့ မိန်းကလေး …”

“မဟုတ်ပါဘူး … မီ့ အဲလိုမှမဟုတ်ပါဘူး …”

မီ နောက်ဆုတ်နေရင်း တစ်စုံတစ်ရာနဲ့ ကျောပြင်ထိမိလိုက်သဖြင့် လှည့်ကြည့်မိ၏။

သူမကို နောက်ကနေ ကာဆီးထားသော အမျိုးသမီးကြီးမျက်နှာက အထင်မြင်သေးနိမ့်ချသည့် မျက်ဝန်းတို့နှင့် …၊

“မင်းကြောင့် ယောကျ်ားလေးပျိုလေးကသိက္ခာကျနေပြီ၊ ဒီတိုင်း ထွက်သွားလို့တော့ ရမယ်မထင်နဲ့ …”

“အန်တီစိုး ဘာပြောလိုက်တာလဲ …”

“ဟိတ်ကောင် မင်း ပါးစပ်ပိတ်စမ်း …”

“မေမေတို့ကို ကျွန်တော် …”

“ကဲကွာ …”

လက်သီးချက်၏အရှိန်က ချစ်တိုင်း မျက်နှာကို ပက်ခနဲလန်သွားစေကာ နှာခေါင်းထဲက သွေးတွေစီးကျလာခဲ့၏။

“ချစ်တိုင်း …”

မီ မျက်ရည်တွေဖြိုက်ခနဲ ပြိုဆင်းလာ၏။ အိမ်ရာဝင်းအသင်း တချို့သောက်လက်စတိုက်ခန်းတွေထဲက ထွက်ကြည့်နေကြသည့် အငယ် သမားတွေလည်း တဖြည်းဖြည်းစုဝေးများပြားလာ၏။



သူ ဒီနေရာမှာပဲ လဲကျသေဆုံးခွင့်ရမည်ဆိုလျှင် ခုချိန်မှာ သူမလောက် ပျော်မည့်သူရှိပါ့မလား …၊

လက်သည် ဖုန်းဆီ ရောက်သွားခဲ့လျက် …၊

ဖုန်းကိုင်ပါ သမယ …

ငါ တောင်းပန်ပါတယ် … ဖုန်းကိုင်ပါ …၊

မျက်ရည်စက်တို့သာ စကားသံများဆိုလျှင် ဒီပတ်ဝန်းကျင်မှာ သမယ ကို သူမ ခေါ်နေသံတွေ ဆူညံနေနိုင်၏။

“သမယ .”

တစ်ဖက်က သမယ ရဲ့ ‘ဟလို’ သံကိုကြားလိုက်ရသည်နှင့် မီ ထခုန်ရင်း ခေါ်လိုက်သည့်အသံမျိုး ပွင့်အံထွက်သွားခဲ့သည်။ သို့သော် …

“ဟလို …”

“…. …. ….”

“ဟလို …”

သူမ စကားသံတွေထစ်မံပျောက်ဆုံးနေခဲ့လျက် သမယ ၏ တက်ခေါက်သံထွက်လာမှ …၊

“မချလိုက်ပါနဲ့ သမယ … သမယ ရယ် … ငါ …”

ရှိုက်သံများနှင့် သူမ စကားသံတို့ လုံးထွေးနေကာ …၊

“ငါ … ငါ့ကိုလာခေါ်ပါနော် … ငါလေ ‘TW’ အိမ်ရာ …”

“ခွပ် …”

ဒေါ်စိုးမြတ် က ဖုန်းကိုလုယူလိုက်၏။ သို့သော် မီ က ကတုန်ကယင်ဖိဆုပ်ထားသဖြင့် ဖုန်းက ဘယ်သူ့လက်ထဲမှပါမသွားဘဲ ပြုတ်ကျသွားခဲ့သည်။

“မင်း ဘယ်သူ့ကိုမှ အကြောင်းကြားပြီး စစ်ကူခေါ်ဖို့မကြိုးစားနဲ့ ဒီထိတောင် လိုက်လာရဲသေးတာ လုပ်ရဲရင် ခံရဲမှပေါ့ …”

“အန်တီစိုး …”

ချစ်တိုင်း ကလည်း ဒဏ်ရာဒဏ်ချက်နဲ့ဖြစ်နေသေမယ့် ဒေါသကြောင့်

www.burmeseclassic.com

www.burmeseclassic.com



မာထန်နေကာ ...။

"ကျွန်တော်ပြောနေတယ် ... ဒီကိစ္စ အန်တီ ပါဖို့မလိုဘူး ..."

"ချစ်တိုင်း ... မင်းကွာ ..."

ဦးတိုင်းကျော် က စနီးသည်တားဆီးနေသည့်ကြားကနေ လက်တပြင်ပြင် ...။

"ဖေဖေ ကြိုက်သလောက်ထိုး ... မဆိုင်တဲ့သူတစ်ယောက်မှ ဝင်မပါနဲ့ ..."

"မဆိုင်ဘူးဟုတ်လား သား ... အန်တီက လက်ျာ ရဲ့ အဒေါ်တစ်ယောက်အနေနဲ့မဟုတ်ပါဘူး၊ ကိုယ့်မိသားစု ကိုယ့်တူလေးလိုသဘောထားပြီး ..."

"မလိုပါဘူး ... 'ဤကဲ့သို့' တွေ ကျွန်တော် အထင်မကြီးဘူး ..."

ဒေါ်စိုးမြတ် ရဲ့ မျက်နှာ ညိုမှောင်သွားသည်။ တူမဖြစ်သူအတွက် မကျေနပ်ချက်ရှိခဲ့တာလည်း အမှန်ပဲမို့ ရုတ်တရက် စကားမဆိုနိုင်ဖြစ်သွားခဲ့သည်။

ချစ်တိုင်း က ကြောက်ရွံ့တုန်ယင်နေသည့် မီ ကို လှမ်းကြည့်ကာ ...။

"မီ ... ပြန်တော့ ..."

"အို ပြန်လို့မရဘူး ..."

ဒေါ်မာလာဝင်း အမိန့်ဆန်ဆန်တားဆီးလိုက်သည်။ ဒေါ်စိုးမြတ် ရဲ့ စကားလမ်းကြောင်းမှုတွေကြောင့် ကိုယ့်သားအတွက် ဘာလုပ်ထားသင့်သည်ကို သိနေပြီမို့ ...။

"မီဘာအိမ်ထိ ဒေါ်တို့က သွားတိုင်ခဲ့တယ်၊ ဒါနဲ့တောင် ဒီထိရောက်နေသေးတာ ... ဘယ်လိုမှ ဒီတိုင်းကြည့်နေလို့မဖြစ်ဘူး၊ ဒီမှာ ဆောင်းလခါမီ မင်း ငါတို့နဲ့ အေးဆေးလိုက်ခဲ့မလား ... သူခိုးဖမ်းသလို ဆွဲချုပ်ခေါ်သွားရမလား ..."

"ဟင် ..."



မီ နောက်ကိုဆုတ်လိုက်ကာ ...။

"မီ ... မီ မလိုက်ဘူး ..."

နောက်ထပ်ခြေလှမ်းဆုတ်လိုက်တော့ ဒေါ်စိုးမြတ် က သူမရင်ဘတ်နဲ့ ခံထားလိုက်သည်။ ပြီးတော့ ရှေ့ကိုပြန်တွန်းပေးလိုက်ကာ ...။

"သူ ဒီတိုင်းလိုက်မှာမဟုတ်ဘူး ... မမာလာ ..."

"ဘာလို့လိုက်ရမှာလဲ မေမေ ... မီ နဲ့ ကျွန်တော် ဘာမှမဟုတ်ဘူး ဘာအတွက်လုပ်နေကြတာလဲ ..."

"မင်း တိတ်စမ်း ..."

"ဟား ... ကျွတ် ..."

"မင်း လာခဲ့ ..."

"ဖေဖေ ..."

"တိတ်လို့ပြောနေတယ် ... မင်းကို ..."

ချစ်တိုင်း ကို ဦးတိုင်းကျော် အတင်းဆွဲချုပ်ခေါ်သွားခဲ့၏။ သို့သော် ကားထဲဝင်ခိုင်းဖို့ကျတော့ မအောင်မြင် ...။

"မလုပ်ပါနဲ့ ဖေဖေ ... မီ က အပြစ်မဲ့တဲ့ မိန်းကလေးပါ၊ အဲ့ဒါတွေ ကျွန်တော်တို့လုပ်ကြတာ၊ မီ က လုပ်ကြံခံရတဲ့သူပါ ..."

"ဘယ်သူလုပ်ခဲ့လုပ်ခဲ့ ... မင်းရော ... သူတို့ရော အားလုံးမှာ အပြစ်ရှိတယ်၊ ဒါကို အားလုံးဝန်ခံရမယ် ... ဝင်စမ်း ကားထဲကို ..."

"မဟုတ်ဘူး ... အဲဒါ ဖေဖေတို့ ..."

"ဟိတ်ကောင် ..."

"ခွပ် ..."

နောက်ထပ် လက်သီးချက်နှင့် ချစ်တိုင်း ကားပေါ်ပက်လက်လန်ကျသွားသည်။ သားအဖပြဿနာတက်ပြန်ပြီကို လှမ်းမြင်လိုက်သော် အလျင်စလို လှမ်းဆွဲထားလိုလည်း မရသည့်အကွာအဝေးမို့ ဒေါ်မာလာဝင်း ရဲ့ ဒေါသက မီ ထံမှာစုပုံကာ ...။

"ညည်း ... တော်တော်သိက္ခာမဲ့တဲ့ မိန်းကလေး ငါ့သားအတွက်

www.burmeseclassic.com

www.burmeseclassic.com



ညည်းပြန်လုပ်ပေးရမယ်၊ 'ကျွန်မက သမယ နဲ့ လက်ထပ်ပြီးပါပြီ၊ ဒါပေမယ့် ချစ်တိုင်း ကို ပတ်သက်ဖို့ကြိုးစားမိပါတယ်၊ အခုမှားမှန်းသိပါပြီ၊ နောက်ထပ် ချစ်တိုင်း ကို မနှောင့်ယှက်တော့ပါဘူးလို့ ကတိပေးပါတယ်၊ ချစ်တိုင်း ကလည်း ခွင့်လွှတ်စေချင်ပါတယ်' အဲဒါတွေ ညည်းပြောရမယ် ..."

ဒေါ်မာလာဝင်း က မီ ကို နုတ်တိုက်ချပေးတော့မလို စိတ်လိုက်မာန်ပါနှင့် တလစပ်ပြောသွား၏။ ပြီးမှ ...

"နောက်ထပ် ပြောရမှာတွေလည်းရှိသေးတယ်၊ ညည်းတို့ ရှုပ်ထွေးထားတဲ့အတိုင်းပဲ တစ်နိုင်ငံလုံးသိအောင် ညည်းကိုယ်တိုင် ပြန်ဖြေရှင်းရမယ်၊ နောက်ထပ် မနှောင့်ယှက်တော့ပါဘူးဆိုတာ စာချုပ်မှာလည်း လက်မှတ်ထိုးရမယ် ..."

"ဟင့်အင်း .. အဲ့ .. အဲ့ဒါတွေ မီ မလုပ်နိုင်ဘူး .."

"ဘာပြောတယ် .."

မီ ခေါင်းတွင်တွင်ခါ၍ မျက်ရည်စက်တို့ကိုလည်း မတားဆီးနိုင်...။

သူမ ပတ်ဝန်းကျင်တစ်ခုလုံးကိုကြည့်နေရင်း လူတွေလို့မမြင်တော့ဘဲ လက်တံရှည်ကြီးတွေ တရမ်းရမ်းနှင့် သူမကို ကုတ်ဖွဲ့ရိုက်ချဖို့ အလုအယက်ကြိုးစားနေကြသည့် သရဲတစ္ဆေတွေလိုလို ...။

"မီ ဘာမှမလုပ်ဘူး .. မီ အဲ့လိုမိန်းကလေးမျိုးမဟုတ်ဘူး .."

"မဟုတ်ဘူးဆိုပြီး နင် ဒီထိရောက်အောင်လိုက်ပြီး ကပ်တွယ်နေတာက ဘာလဲ .. ယောကျ်ားရှိရက်နဲ့ ဟိုလည်းမပြတ် ဒီလည်းအမိဖမ်းချင် .."

ဒေါ်စိုးမြတ် က ကြမ်းတမ်းစွာဝင်ပြော၍ မီ ပြေးပေါက်မရှိအောင် မှီ ခြေလှမ်းအတိုင်း တစ်ချက်မှအလွတ်မပေး ...။ ထို့ပြင် ...၊

"ချစ်တိုင်း က နင့်လို ဆင်ခန္ဓာကိုယ်မျိုးကိုမပြောနဲ့ ချောမော့လှမော့ဆိုတဲ့ မိန်းကလေးတွေကိုတောင် ဂရုစိုက်ခဲ့တာမဟုတ်ဘူး၊ သူ ဘယ်လောက်တောင် ဖြားယောင်းထားသလဲမသိဘူး မမာလာ .. ဒီထိတောင်



လိုက်လာနိုင်တာ .."

"ဟုတ်တယ် .. ငါ့သားငါ့ကို ဒီလိုမျိုးတစ်ခါမှ ပြန်ခံမပြောခဲ့ဖူးဘူး၊ မိန်းကလေးတွေကိုက ငါတယ် ..မပြောလိုက်ချင်ဘူး .."

ဒေါ်မာလာဝင်း က ပြောချင်တိုင်းမပြောမိဖို့ ထိန်းချုပ်နေပေမယ့် ပတ်ဝန်းကျင်ပါးစပ်တွေက ပိတ်မနေကြ ...၊

"ဟုတ်ပ .. ရုပ်လေးက ရိုးပုံရိုးပန်းနဲ့ ရှုံ့စရာ .."

"ယောကျ်ားရှိတယ်တဲ့ ကြည့်ဦး .."

"မစားလောက်လို့ သူ့ဌေးသားကိုကြံတာနေမှာပေါ့၊ သူဌေးသားက ငယ်ငယ်ချောချောလေးလေ .."

"အပိုင်ကြံတာတယ် .. ကုသိုလ်လည်းရ ဝမ်းလည်းဝ .."

"အဲ့ဒီလိုဟာတွေရှိလို့ မိန်းကလေးတွေ သိမ်းကျုံးအပြောခံရတာ၊ ဒီနေရာမှတင် ပါးတွေနားတွေလိမ့်ရိုက်ပစ်ရမှာ .."

ပတ်ဝန်းကျင်စကားသံတွေကြောင့် ဒေါ်မာလာဝင်း အသံတိတ်ပေးလိုက်သည်။ ထို့ကြောင့် ပြောနေသမျှကို မီ ဒီတိုင်းကြားနေရကာ—

"ကြားတယ်မို့လား .. ဟွန်း .. စိုးရေ ဖုန်းဖွင့်လိုက်တော့ ဒီနေရာမှာပဲ သူ့ကိုဖြေရှင်းခိုင်းရမယ် .."

ဒေါ်မာလာဝင်း က ပါလာသည့် ဒရိုင်ဘာကိုမျက်ရိပ်ပြလိုက်၏။ ဒရိုင်ဘာက မှီ ဘေးကို ရောက်သွားပြီး ဆွဲထားရမလို ဒီတိုင်းရပ်နေပေးရမှာလိုလိုနှင့် ဘာလုပ်ရမှန်းမသိ ...။

မီ လွယ်အိတ်လေးပိုက်ထားကာ တစ်ဖက်က ဒေါ်စိုးမြတ် နှင့် တစ်ဖက်မှာ ဒရိုင်ဘာက ထိကပ်မတတ်ပိတ်ရပ်နေ၏။

"မီ တောင်းပန်ပါတယ် .. ရှိခိုးပြီးတောင်းပန်ပါ့မယ် .. မီ အဲ့လို မိန်းကလေးမဟုတ်ဘူး၊ မိကောင်းဖခင်သားသမီးပါ .."

လက်အုပ်ချီတောင်းပန်ရင်း နောက်ထပ်ဆုတ်၏။ ဒရိုင်ဘာက သူမနောက်ကို ဖျတ်ခနဲဝင်ရပ်နေလိုက်ကာ ဒေါ်စိုးမြတ် က စီဒီယိုဖွင့်ထားသည့်ဖုန်းနှင့် ...၊

www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါပြောခဲ့အတိုင်းပြောပေး .. မဟုတ်ရင် ငါ့သား လူပျိုကို သရေဖျက်မှုနဲ့ တရားစွဲမယ်၊ မင်းယောက်ျားရော .. မင်းရဲ့မိဘတွေရော.."

"ဟင့်အင်း .. မလုပ်ပါနဲ့ .."

"စိုး .. ရပ်ကော့(ဒ်)ယူတော့ .."

ထိုအချိန်လေးအတွင်းမှာ ကားနှစ်စီး၏နောက်မှာ ပရာဒိုတစ်စီး ထိုးရပ်လာတာကို ရုတ်တရက်သတိမထားမိခဲ့ကြ ..။

"အဲဒါ ဘာလုပ်နေကြတာလဲ .."

မို ဘေးမှာ ဝိုင်းခဲနေကြသည့် လူတွေ ရှဲခနဲဖြစ်သွားသည်။ ထိုအသံကြောင့် မို တစ်ကိုယ်လုံး မြောက်ကြွတက်သွားမတတ် ဝမ်းသာသွားကာ ..၊

"သမယ ..."

မို အတင်းကျုံးခေါ်လိုက်ရင်း သမယ ဆီ ပြေးသွားမိ၏။ သို့သော် ဒရိုင်ဘာက မို ရှေ့က ပိတ်ကာတားလိုက်ပြီး ..၊

"မပြေးနဲ့ .."

ထိုအဖြစ်ကြောင့် သမယ မျက်လုံးထဲမှာ မီးပွင့်သွားသည်။

"ဖယ်စမ်း .."

"ခွပ် ..."

ဒရိုင်ဘာလူရွယ်၏ ပခုံးကို နောက်ကနေဆွဲလှည့်ပစ်လိုက်ကာ မျက်နှာကို အရှိန်ပြင်းသည့် လက်သီးချက်နှင့် ..၊

"အား ..."

ဒရိုင်ဘာမျက်နှာရော လူပါ ယိုင်ထွက်သွား၏။

"ဟော့ .. မင်း သတ္တိကောင်းလှချေလား .."

"သတ္တိကောင်းနေကြတာ ခင်ဗျားတို့ .. ဒါဘာလုပ်တာလဲ .."

"အ ..."

သမယ ဒေါ်စိုးမြတ် ရှေ့ကိုရောက်သွားကာ ကိုင်ထားသည့် ဖုန်းကို တစ်ချက်ပဲကြည့်ပြီး ရိုက်ထုတ်ပစ်လိုက်၏။ ဖုန်းလွတ်သွားသည့်အပြင်



ဒေါ်စိုးမြတ် လက်တစ်ခုလုံး ထုံကျင်သွား၏။

"ဟော့ .. မင်းက .."

"ကျုပ်က မို ယောက်ျား သမယ ဆိုတာပဲ .."

တလွှားလွှားရောက်လာသည့် ဦးတိုင်းကျော် ကို လှည့်ရင်ဆိုင်ကာ ကိုယ့်ကိုယ်ကိုယ်မိတ်ဆက်၍ ..၊

"ဘယ်မှာလဲ .. ချစ်တိုင်း ဆိုတဲ့သတ္တဝါ .. မို ကို ဒီထိလိမ်ညာပြီး ခေါ်လာတဲ့ကောင် .."

"မင်း ..."

"ဟိတ်ကောင် ..."

"ကျုပ်မိန်းမနဲ့ ကျုပ် စိတ်အခန့်မသင့်ဖြစ်နေတာကို အခွင့်ကောင်းယူပြီး သူ့ကိုယ်သူ သတို့သားဖြစ်အောင်လုပ်သွားတာ၊ အင်တာနက်ပေါ်တင်ပြီး ဖွပစ်တာ .. အဲဒါတွေအားလုံး မို နဲ့ မဆိုင်ဘူး၊ ချစ်တိုင်း ဆိုတဲ့ သတ္တဝါလုပ်သွားတာ၊ မယုံဘူးဆိုရင် ခုခေါ်မေးလိုက် .. ဟိတ်ကောင်-မင်း ယောက်ျားဆိုရင် လာခနဲခဲ .."

ကားနှစ်စီးထဲမှာ ချစ်တိုင်း ဘယ်မှာရှိနေမှန်းမသိ ..။

သမယ က မို လက်ကိုဆွဲပြီး ကားတွေဆီကြည့်၍ စိန်ခေါ်ထုတ်၏။ ပြီးတော့ ကားတွေဆီသွားဖို့ပြင်လျှင် ..၊

"မင်း ရပ်နေလိုက်စမ်း .. ဟော့ကောင် .."

ဦးတိုင်းကျော် အသက်အရွယ်နဲ့မလိုက်အောင် အူယားဖားယား ပြေးလိုက်ပြီး ကာတားသည်။ ဒေါ်မာလာဝင်းပါ ပါလာကာ ...၊

"သိက္ခာမရှိတဲ့လုပ်ရပ်တွေ ငါ့သား ဘယ်တော့မှမလုပ်ဘူး၊ ဒါတွေကို ဖြေရှင်းနိုင်းဖို့လည်းမလိုဘူး .."

"ဟုတ်လား .. သူ မလုပ်တတ်ဘူးဆိုရင် လုပ်တတ်အောင် ဘယ် လူကြီးတွေက သင်ပေးလိုက်တာလဲမသိဘူး၊ မို ကို အိမ်ပေါ်ခေါ်တက်ပြီး စောမနာပြောဆိုသွားကြတာလဲ လူကြီးတွေပဲ .. လူငယ်တွေကို စာနာစိတ်မရှိတတ်အောင်သင်ပေးနေကြပုံပဲ .."

www.burmeseclassic.com

www.burmeseclassic.com



"သမယ .. မင်းစကားကို ဆင်ခြင်ပြောစမ်း .."

ဒေါ်မာလာဝင်း စိတ်လိုက်မာန်ပါပြောရင်း ရှေ့တိုးလာလျှင် ..၊

"တီ ..."

ဟွန်းသံရှည်ကြီးဆွဲ၍ အရှိန်မသတ်ဘဲ ဝင်လာသည့် ကားတစ်စီးကြောင့် အားလုံး၏အသံတွေ လှုပ်ရှားမှုတွေရပ်တန့်ကုန်ကာ ထိုကားဆီ ရောက်သွားကြ၏။

သမယ ကတော့ ကားကိုမြင်လိုက်တည်းက သိသည်။ အန်ကယ်လ် ဦးမိုးဆောင်း တို့ကား ..၊

အခြေအနေတွေက ရှင်းရှင်းလေးနဲ့ ရှုပ်ထွေးနေခဲ့၏။ ထိုအချိန်မှာ ချစ်တိုင်း ဘယ်ပျောက်နေသည်ကို ဘယ်သူမှမတွေးမိ ..။

ဒီနေရာမှာမရှိတော့သည့်လူအဖြစ် အမှတ်တမဲ့ဖြစ်သွားကြပေမယ့် ကားတစ်စီးထဲမှာ ချစ်တိုင်း ရှိနေခဲ့လျက် သူ့မျက်ဝန်းတွေက မို့ ထံမှာ စူးနစ်နေခဲ့ပြီး ..၊

'မင်းအတွက်ပါ မီ .. မင်း ငါ့ကို ခွင့်လွှတ်ပါ ..'



## အခန်း (၃၈)

"ဘယ်ကို ဖုန်းဆက်မလို့လဲ .. သား"

"မို့ ကို .."

"မို့ နေမကောင်းဘူးလေ .."

"ကျွန်တော်သိပါတယ် .. မနေ့က ချစ်တိုင်း တို့အိမ်က ဖုန်းဆက်တယ်ဆိုလို့ .."

ဒေါ်လေးလေးနွယ်က သမယ နားကိုလျှောက်လာပြီး လက်ထဲက ဖုန်းကို ဆွဲယူလိုက်သည်။ ပြီးမှ ..

"မင်းပြောခဲ့တဲ့ မို့ကို ကားတင်တဲ့အမှုတွေ၊ သွားပုပ်လေလွင့် စွပ်စွဲပြောဆိုမှုတွေ၊ အင်တာနက်မှာ ချစ်တိုင်း ဖြန့်ထားတဲ့ သတင်းကိစ္စတွေ ကအစ အားလုံးကို သူတို့မဖြေရှင်းပါရစေနဲ့တဲ့၊ အကျယ်ချဲ့လိုက်ရင် မယားခိုးမှုတောင်ဖြစ်သွားနိုင်တာမို့လို့ သားရဲ့စွဲဆိုမှုတွေ ပြန်ရုပ်သိမ်းပေးဖို့တောင်းပန်တာ .."

"အဲဒါ ကျွန်တော့်ကိုတော့ မတောင်းပန်ဘဲနဲ့ .."

သမယ မျက်နှာ ဒေါသက အကင်းမသေ။

မို့ကို ဖုန်းဆက်တယ်ဆိုတာ ချစ်တိုင်း ကဆက်တာလား၊ သူ့ဆီက လူတွေလား သိချင်ခဲ့သည့်စိတ်က မို့ကို ဝိုင်းဝန်းလက်ညှိုးထိုးကြသည့် မြင်ကွင်းကို ပြန်သတိရသွားမိသည့်အဖြစ်ကြောင့် မျက်နှာကဝါ တင်း

www.burmeseclassic.com



သွားခဲ့လျက် ..

"တော်တော်ပြောင်တဲ့မျက်နှာတွေ ...၊ ပြောလို့ရတော့ ဖိနှိပ်ပြောကြတယ်၊ မရမှန်းသိတော့ တောင်းပန်ရဲလိုက်တာ ချက်ချင်း .."

"မီ က အရမ်းနူးညံ့တာကိုး၊ ပြီးတော့ သမီးရှင်ဆိုတာ ဂုဏ်သိက္ခာကိုပဲ ရှေ့တန်းတင်ဆုံးဖြတ်ကြတာ၊ ဒါကိုသိလို့ မီ တို့ကိုပဲ ဖုန်းဆက်တာလေ .."

"ကျွန်တော်သွားမယ်၊ မီ နဲ့ တိုင်ပင်စရာရှိတယ် .."

"မသွားနဲ့ သား .."

ဒေါ်လေးလေးနွယ်က သမယ လက်ကို ဆွဲထားရင်း မျက်နှာကို မော့ကြည့်၍ ...

"ကိုမိုးတို့ စင်ကာပူကို သွားကြတော့မှာ .."

"ဘယ်လို ...."

သမယ မျက်နှာကြီး ပျက်ကျသွားကာ ..

"အန်ကယ်မိုးတို့သွားကြမှာက မီ နဲ့ဘယ်လို ..."

"မီ့ကိုပါ ခေါ်သွားမှာလေ .. မိသားစုလိုက်သွားကြမှာ၊ အားလုံးစီစဉ်ပြီးပြီ၊ ရန်ကုန်မှာ လုပ်ငန်းတိုးချဲ့ဖို့ရှိနေတဲ့ ပရောဂျက်အတွက်က သားကိုပဲ အပြီးလွှဲပေးခဲ့မှာတဲ့ .."

"ဘာကိုအပြီးလဲ၊ သူတို့က အပြီးပြောင်းသွားကြမှာလား .."

"ဟုတ်တယ်၊ ဘယ်တော့မှ ပြန်လာဖြစ်မလဲဆိုတာ မသေချာဘူး၊ အဲဒါကလည်း ..."

"မဟုတ်တာ မေမေ ...၊ ဒါ ဟိုပြဿနာကြောင့်လား၊ မလိုတဲ့သူကတမင်လုပ်ကြံတာကို သူများဝမ်းသာအောင် ဂရုစိုက်စရာမလိုပါဘူး"

"ပြောတော့လွယ်တယ် သား၊ ဖြစ်သွားခဲ့တဲ့ကိစ္စမှာ မီ ဘယ်လောက်ထိခံစားခဲ့ရသလဲ၊ မိဘတွေကို ဘယ်လောက်ထိခိုက်စေသလဲ၊ လူငယ်ချင်း အမှတ်တမဲ့ငြိမိတဲ့ အတိုက်အခံပြဿနာလေးက မိသားစုတစ်စုကို ဘဝပျက်သွားစေတယ်ဆိုတာ .."

"အဲဒါကို သူတို့သိတော့ လက်ခုပ်တီးရယ်မှာပေါ့၊ ဂုဏ်သိက္ခာ



ဆိုတာ ဘာနဲ့သတ်မှတ်ထိန်းချုပ်ထားတာလဲ၊ လုပ်ရပ်တစ်ခု၊ အဖြစ်အပျက်တစ်ရပ်မှာ မှားယွင်းသွားတာနဲ့ အဲဒါက ရေစုန်မျောသလို မျောပါသွားတယ်ဆိုရင် လေ့လျော့ရှက်တိုက်ပြီးတော့ပါ ပို့ပေးလိုက်ဦးမယ်"

"သား .. အဲလိုဖွတ်မပြောနဲ့လေ .."

"ဖွတ်ပြောနေတာမဟုတ်ဘူး မေမေ၊ ဒီပြဿနာက ကိုယ်မှားတာလည်းမဟုတ်ဘူး၊ ဆဲနေတဲ့လူနဲ့ အဆဲခံရတဲ့လူ ဘယ်သူက သိက္ခာမဲ့တာလဲ၊ လူတွေပါးစပ်က အလိုမကျတိုင်း ကဲ့ရဲ့တာတွေကို ဂရုစိုက်နေစရာမလိုပါဘူး၊ မြှောက်ထိုးပင့်ကော်တွေ၊ အထက်ဖားအောက်ဖိပြောကြရင်လည်း သူတို့ပဲ .."

ချက်ချင်း ဒေါသတွေဖြစ်သွားသည့် သမယ ကို ဒေါ်လေးလေးနွယ် အံ့ဩသလို ကြည့်လိုက်မိ၏။

"နေရာတကာ ဂုဏ်သိက္ခာကြောင့် လုံခြုံနေတာမှမဟုတ်ဘဲ ...၊ လူကောင်းတွေထက် လူမိုက်တွေက တစ်လှမ်းသာတယ်ဆိုရင် အဲဒါတွေကြောင့်ဖြစ်လာတာ .."

"မင်းဘာဖြစ်လို့ စိတ်တိုနေတာလဲ သား၊ ချစ်တိုင်းတို့ကြောင့်လား၊ မီ တို့ ပြောင်းမှာကြောင့်လား .."

"ဒါကြောင့် ဒါလုပ်ဖို့ဖြစ်လာတာပဲမို့လား၊ ကိုယ်က ထွက်ပြေးသလိုဖြစ်သွားတာ အဓိပ္ပာယ်မရှိဘူး .."

"ဘယ်ကိုလဲ သား .."

ပြောရင်း ခြေလှမ်းပြင်လိုက်သဖြင့် ဒေါ်လေးလေးနွယ် က လက်ကိုချုပ်ထားလိုက်ကာ ..

"မီ လည်းသိပ်နေမကောင်းဘူးလေ၊ ခင်တို့လည်း စိတ်ညစ်နေကြတယ် .."

"ကျွန်တော် မိတ်ဆွေတစ်ယောက်အနေနဲ့ သတင်းသွားမေးမှာမဟုတ်တာ .."

ဒေါ်လေးလေးနွယ် မျက်နှာမှာ အေးစက်စက်အပြုံးတစ်ချက် ဖြစ်သွားခဲ့ပြီး ..



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး ..၊ သားက ဘယ်လိုပုံစံနဲ့ သွားမှာလဲလို့ .."

ထိုအပြုံးနဲ့မေးခွန်းကြောင့် သမယ ရုတ်တရက် နားမလည်ဖြစ်သွား၏။

"မေမေက သူတို့စိတ်အနှောင့်အယှက်ဖြစ်သွားမှာစိုးလို့ပါ၊ ညီအစ်မလိုဖြစ်နေတဲ့ မေမေတောင်မှ ကိုယ့်ဘက်က ဝတ္တရားမကျေခဲ့တဲ့အတွက် မီ့ ကို နှစ်သိမ့်မပေးရဲခဲ့ဘူး၊ မသွားကြပါနဲ့လို့လည်း မတားရဲဘူး .."

စကားကို ခံစားချက်တို့နှင့် နင့်သီးစွာဆိုရင်း ..

"သူတို့လည်း သားနဲ့ ဘယ်လိုတော်စပ်နေသလဲဆိုတာကို မေ့နေကြလို့ဖြစ်လိမ့်မယ်"

သမယ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"ကျွန်တော်တို့က သူငယ်ချင်းဘဝကနေ လက်ထပ်ခဲ့ကြတာ မေမေ၊ ပြီးတော့ ခုမှ လက်ထပ်ပြီးခါစ .."

"အဲဒီတော့ သားက ဘာပြောချင်တာလဲ .."

"မီ နဲ့ ကျွန်တော် အိမ်ထောင်သည်လို အထာမကျသေးတာကို မေမေတို့ နားလည်သင့်ပါတယ် .."

"မေမေကတော့ နားမလည်တာအမှန်ပဲ .."

ဒေါ်လေးလေးနွယ် က စိတ်ထဲရှိတဲ့အတိုင်း ပြောချလိုက်ပါသည်။

"ခင်တို့နားမလည်ကြဘူးဆိုတာ သဘာဝကျပါတယ်၊ သားတို့ လက်ထပ်ဖို့စပြောတုန်းက မေမေတို့အားလုံး ဝမ်းသာနေကြတာ၊ သားရဲ့တောင်းဆိုမှုတွေမှာ ရည်ရွယ်ချက်တွေပါနေမယ်လို့မှမထင်တာ .."

"မဟုတ်သေးဘူး မေမေ၊ ရည်ရွယ်ချက်တွေဆိုတာ လုံးဝမှားတယ်၊ စိတ်လိုက်မာန်ပါ ဆုံးဖြတ်လိုက်မိတာပါ .."

ခုတလော မီ နဲ့ သူ ဘာတွေပြောခဲ့မိပြီး ဘာကြောင့်ဖြစ်သွားရသည်ဆိုတာ မေမေ့ကို သေချာပြောပြမိလျက် ..

"ဘာပဲဖြစ်ဖြစ် ကျွန်တော်လက်ထပ်လိုက်ရင် မိန်းမရသွားပြီဆိုတဲ့ အဖြစ်ကို လက်ခံရတော့မှာ မသိလို့မှမဟုတ်တာ ..၊ ဆုံးဖြတ်ချက်ကို လွယ်ခဲ့ပေမယ့် ကျွန်တော်လက်ခံနိုင်လို့ ဆုံးဖြတ်ခဲ့တာ .."



"လက်ထပ်ကြပြီးမှ တစ်ယောက်တစ်နေရာမှာ ခွဲအိပ်ကြတာကရော .."

"ချက်ချင်းကြီးပြောင်းလဲဖို့ မလွယ်လို့ပါ၊ ကျွန်တော်က လက်ထပ်ကြိုးစားခဲ့တဲ့အဖြစ်အတွက်လည်း မီ့ကို တောင်းပန်ဖို့ .."

"လက်ထပ်မိတာ မှားပါပြီဆိုပြီး တောင်းပန်မယ်ပေါ့ .."

"မေမေ .."

"မင်းလုပ်ရမှာက တောင်းပန်ဖို့မဟုတ်ဘူး သား၊ မီ့အတွက်ခင်ခွန်းကောင်းဖြစ်ဖို့၊ မီ့ကို ကာကွယ်လမ်းပြဖို့ ..၊ ဒါပေမယ့် ခင်တို့ရဲ့ သဘောထားကြီးမှု၊ နားလည်တတ်မှုတွေကို မင်းအခွင့်အရေးယူလွန်းသယ် .."

"မေမေကိုယ်တိုင် အဲဒီလိုထင်နေတာလား .."

"မြင်နေကြတာပဲ သားရယ်၊ မေမေ့ကို မေးမနေပါနဲ့၊ ဒီပြဿနာ ကြီးကျယ်သွားခဲ့တာ သားတို့ လင်မယားလုပ်တမ်းကစားနေတဲ့ အတွက် ဝင်နှောက်သွားတာပဲ၊ ဒါကြောင့်လည်း ခင်တို့ မင်းကို နားလည်ကြတာ .."

"ကျွန်တော့်ကိုပဲလား မေမေ၊ မီ နဲ့တော့ နည်းနည်းမှ မသက်ဆိုင်ဘူးလား .."

"မသက်ဆိုင်ဘူး .."

ဒေါ်လေးလေးနွယ်က ချက်ချင်းအဖြေပေးသည်။ ပြီးတော့ ဆိုဖာ ထိုင်ရာက်သွားကာ ..

"ဟိုကိုသွားဖို့မစဉ်းစားသေးဘဲ မေမေနဲ့သား အရင်ပြောကြတာပေါ့ .."

ဟုပြောသွားသဖြင့် သမယ ကျွတ်ခနဲဖြစ်ကာ မျက်လုံးတွေ မှိတ်ထားလိုက်မိသည်။ ခဏကြာမှ ပင့်သက်ရှိုက်လိုက်မိရင်း မေမေ့ရှေ့မှာ ထိုင်လိုက်ကာ ..

"ပြီးခဲ့တာတွေ ပြန်မပြောတော့ဘဲ အခု လုပ်သင့်တာတွေသိုပဲ ပြောရအောင်လား မေမေ .."

"ရတာယ်၊ ဒါပေမယ့် မေမေ့ကိုပဲ ပြောလို့ရမယ်၊ ခင်တို့ကတော့

www.burmeseclassic.com



စိတ်ဝင်စားတော့မှာမဟုတ်ဘူး ..”

“မေမေနဲ့ ကျွန်တော်ချည်းပဲ ပြောကြရုံနဲ့လည်း ပြီးတာမှမဟုတ်တာ ..”

သမယ စိတ်မကြည်နေတာ ဖုံးဖိမရဖြစ်လာခဲ့၏။

“ကျွန်တော်တို့အိမ်ထောင်ရေးမှာ အတိတ်က ပစ္စုပ္ပန်ထဲကနေ မထွက်သေးပါဘူး၊ နောက်ထပ်အဝေးကြီး ဆက်လျှောက်ရဦးမယ့် အနာဂတ်အတွက် ဒီအတိတ်သေးသေးလေးထဲက အမှားတစ်ချက်ကို ယိုးမယ်ဖွဲ့တာမကောင်းပါဘူး ..”

“ခင်တို့က ရှေ့ရှည်မကြည့်လို့ မှားတယ်လို့ သားက ပြောတာလား”

“မဟုတ်ဘူး၊ မှားတတ်တာကို နားလည်စေချင်တာ ..”

“သားတို့လက်ထပ်တဲ့ညကတည်းက မှားခဲ့တာလေ၊ အဲဒါကို မေမေတို့ကလည်း သိတယ်၊ နောက်ထပ် ဆက်တိုက်မှားနေတာကို လည်း မသိသလိုနေခဲ့သေးတယ် ..”

နှစ်ဖက်မိဘက လက်ဖွဲ့ဖို့ ဘယ်လိုတိုက်တာခြံမြေမျိုး လိုချင်သလဲ ဆိုတော့ မလိုချင်ပါဘူး ငြင်းခဲ့ကြသည်။ အကြောင်းပြချက်က ဘယ် မိဘအိမ်မှာပဲဖြစ်ဖြစ် နေလို့ရတာပဲ တဲ့။

ဒီသား ဒီသမီးပဲရှိတာမို့ ခွဲမထွက်ပါဘူးဆိုတော့ မိဘတွေမှာ ဝမ်း သာလိုက်ကြတာ ..။ တကယ်တမ်းကျတော့ သူတို့နှစ်ယောက်က တစ် ယောက်ကိုတစ်ယောက် လင်ရယ်၊ မယားရယ်လို့ သတ်မှတ်ခဲ့ကြတာ မဟုတ်ဘဲ လက်ထပ်တမ်းကစားခဲ့တာဖြစ်သည်။

ဒါက ပြောင်းလဲဖို့မလွယ်ဘူးဆိုရင်တောင် အိမ်ထောင်ပြုပြီးကြပြီ ဆိုတာကိုတော့ သတိရသင့်သည်မဟုတ်ဘူးလား ..။ ဒါပေမယ့် ကိုယ့် သားကလည်း ဂရုမစိုက်၊ မီ ကလည်း မသိလိုက်ဘာသာ ..။

‘သမီးက ဒီမှာလာအိပ်ပါလား’ ဆိုတော့ ခေါင်းခါသည်။ ‘သားက သမီးကိုသွားခေါ်လေ’ လို့ တိုက်တွန်းတော့ ‘သူ့ဟာသူ လွတ်လပ်သလို နေပါစေ၊ ရှက်နေမှာပေါ့’ တဲ့။ မိဘတွေဖြစ်ပြီး အခြေအနေမဟန်တာ ကိုလည်း ရိပ်မိခဲ့ပါလျက်နှင့် သားသမီးတွေ အပျော်ဆွဲနှင့် လှည့်ပတ် ရှောင်ထွက်နေကြတာကို မသိသလို နေပေးခဲ့ရသည်။



ဒီနေ့ ဒီလိုပြဿနာတွေမဖြစ်ခဲ့ရင်တော့ ဒီအတိုင်း ရှေ့ဆက်သွား လို့ ရနိုင်ပေမယ့် ..

“မင်း စဉ်းစားကြည့်စမ်း သား ..”

ဒေါ်လေးလေးနွယ် ကိုယ့်စိတ်ကူးထဲမှာ ပိုသေချာအောင် ဆုံးဖြတ် ပြီးမှ ပြန်စ၍ ...

“ချစ်တိုင်း အစဖော်လိုက်တဲ့ပြဿနာကြောင့် သားက အရွဲ့တိုက် လက်ထပ်တဲ့အဖြစ်ကြီး ပေါ်သွားခဲ့တယ်၊ နောက်ဆုံး ပြဿနာတက်ကြ တဲ့နေ့အထိ သားနဲ့သမီး ရန်ဖြစ်နေကြတုန်းပဲ ..”

“အဒါ ကျွန်တော် သူ့ကို အဆင်ပြေအောင်ကြိုးစားဖို့ ရည်ရွယ် ချက်နဲ့ မေမေ၊ ဒါပေမယ့် မီ ..”

သူမ ဘာတွေပြောခဲ့သလဲဆိုတာ မိန်းကလေးတစ်ယောက်လို တစ်လုံးမကျန် ပြန်တိုင်ပြောတတ်ရင်လည်း အကောင်းသား ..။

“သူငယ်ချင်းကို လက်မထပ်ချင်ဘူးပြောတာ ဘာဖြစ်သွားနိုင် သေးလဲ ..”

“နင် ငါ့နားမလာနဲ့ ..”

“မနှောင့်ယှက်ပါနဲ့၊ သွားစမ်းပါ ..”

“နင့်ကြောင့် ငါ့မှာ အန္တရာယ်တွေ ဝိုင်းနေပြီမှန်း သူသိတယ်” ဆိုတာတွေ ..။

“တောက် ..”

စိတ်ထဲမှာ ထောင်းခနဲ ပြန်ဖြစ်ကာ တက်ခေါက်မိတော့မလိုဖြစ် သွား၏။ ချစ်တိုင်း နဲ့နှိုင်းယှဉ်ပြီး ကိုယ်က လူကြမ်းဖြစ်ခဲ့ရတာ ခံရခက် လှသည်။

ခေါင်းထဲမှာ ယှဉ်ပြိုင်စရာလူအဖြစ် ဘယ်တုန်းကမှ မထည့်ခဲ့ဖူး သော သူ။ ကိုယ်နဲ့အတူ စည်းတစ်ဖက်ခြားမှာရှိနေပြီး ကိုယ့်ထက်ပိုပြီး တခြားဘယ်သူ့ဘက်မှ ရပ်တည်မှာမဟုတ်ဟု ယုံကြည်ထားခဲ့တဲ့မိန်း ကလေး ..။

သူ့ရင်ထဲမှာ နာကျင်ခံစားခဲ့ရတာတွေကျတော့ ပြဋ္ဌာန်းခွင့်မရှိ

www.burmeseclassic.com

www.burmeseclassic.com



ပါလား ..။

"ဆက်ပြောလေ သား၊ မင်းကအဆင်ပြေအောင် ကြိုးစားခဲ့တယ်၊ မီ က လက်မခံဘူး၊ ဒီလိုမျိုးလား .."

"ကျွန်တော်အဲလိုပြောရင် မဖြစ်နိုင်ဘူးလို့ပြောဖို့ မေမေ့မှာ ကန့်ကွက်မဲ့ အဆင်သင့်ရှိနေတယ်မို့လား၊ ထားလိုက်ပါတော့ .."

သူ မေမေချထားတဲ့ဖုန်းကို ပြန်ကောက်ယူပြီး ထွက်လာခဲ့သည်။

"သား .."

"စိတ်ချပါ၊ မှီ ဆီသွားမှာမဟုတ်ဘူး .."

မျှော်လင့်ချက်တို့ ခေါင်းငိုက်စိုက်နှင့် ကျိုးပျက်ကျန်ရစ်၏။ မီတို့ပြောင်းကြတော့မယ်ဆိုတာတောင် သားဘက်က လှုပ်ရှားမှုက ဒီလောက်ပဲလား..။

ထာဝရဝေးကွာကြတော့မယ် ဆိုတဲ့အချိန်မှာတော့ ရှိခဲ့တဲ့သံယောဇဉ်တွေ၊ တွယ်တာမှုတွေ အုံကြွပွင့်အံလာမလားလို့ ထင်ခဲ့မိသည်။

'မသွားနဲ့တော့ ..' လို့တားနေတာ 'သွားမယ် မေမေ' လို့များပြောလာမလားလို့ပါ။

"မီ က ကျွန်တော့်မိန်းမ၊ ကျွန်တော်ခွင့်မပြုနိုင်ဘူး"

"မှီ ကို အဲဒီလိုခေါ်သွားလို့တော့ ဘယ်ရမလဲ .."

စသဖြင့် သားဘက်က ပွင့်အံတားဆီးလာနိုင်သည်လို့ မျှော်လင့်ခဲ့မိတာ မှားယွင်းခဲ့ပါပြီ။ ဒေါ်လေးလေးနွယ် မျက်ရည်တွေ ဝေ့လာခဲ့သည်။

ကားသော့ဖြုတ်ယူပြီး ပြန်ထွက်လာသည့် သားရဲ့ခြေသံကို ကြားနေရင်း ကိုယ့်ဆီရောက်လာမယ့် နာရီစက္ကန့်သံတွေလိုလို မနက်ဖြန်တွေကို ခါးသီးမိ၏။

ထိုစဉ် ချောက်ခနဲ မီးဖွင့်လိုက်သံနှင့်အတူ မှောင်စပြုလာသည့် အိမ်ထဲမှညနေခင်းက လင်းထိန်သွားကာ ..

"ကျွန်တော် မြန်အောင် တို့ဆီ ခဏသွားမလို့ မေမေ၊ နောက်ကျမယ်ဆို ဖုန်းဆက်လိုက်မယ်"

သမယ မေမေ့ဆီက စကားသံကို ခဏတော့စောင့်လိုက်သည်။



ဘာမှပြောမှာမဟုတ်တာကို သိလိုက်မှ အိမ်ရှေ့ထွက်လာခဲ့လျှင် တယ်လီဖုန်းမြည်သံကြောင့် မရည်ရွယ်ပါဘဲ ခြေလှမ်းက တုံ့ခနဲ ဖြစ်သွားသည်။

"ဟာလို ..."

"... ... ..."

"ဟင် .. သမီးလေး၊ ဟုတ်ပါတယ် သမီးရယ် .. မေမေလေးပါ"

ဟိုတုန်းကတည်းက မေမေလေးခေါ်လိုက်၊ အန်တီလေးခေါ်လိုက်နဲ့ပါ။ တစ်မြို့စီဝေးသွားကာမှ အန်တီခင် ဖြစ်သွားခဲ့တာတော့ ဘာကြောင့်မှန်းမသိ။

ခုတော့ ကိုယ်က ယောက္ခမလည်းဟုတ်၊ မိဘလည်း ဟုတ်နေပြီမို့ ...

"သမီး နေကောင်းလား၊ ပြောလေ သမီး .."

ဒေါ်လေးလေးနွယ် ဝမ်းသာအားရ ပြောနေမိတုန်း သမယ အနားရောက်လာပြီး ဖုန်းကို အသာလေးလက်ပြောင်းယူသွား၏။

"မေလေး .. မှီ ကို စိတ်မဆိုးဘူးမို့လားဟင်၊ မီ စက်ဘူမှာပဲ နေတော့မယ်လို့ ဆုံးဖြတ် .."

"စိတ်မဆိုးဘူး၊ ကြိုက်တဲ့အရပ်မျက်နှာ သွားနေလို့ရတယ် .."

"သမယ .."

"ဟုတ်တယ်၊ သမယ ဆိုတဲ့ကောင် .."

"သားရယ် .."

ဒေါ်လေးလေးနွယ် ထိတ်ထိတ်ပျာပျာ ဖြစ်သွားကာ သမယ လက်ထဲကဖုန်းကို ပြန်လုဖို့ပြင်၏။ သမယ မအေ့လက်ကို ဖယ်ချပစ်ကာ အားနိုင်းလိုက်ပြီး ...

"ပြောစမ်းပါ၊ ငါဖုန်းဆက်တော့ ဘာဖြစ်လို့မကိုင်တာလဲ၊ ငါလာတာကို ထွက်မတွေ့တာကရော .. ဘာကြောင့်လဲ .."

"... ... ..."

"နင့်ကို စင်ကာပူမသွားပါနဲ့လို့ ငါက တားမှာစိုးလို့လား .."

"... ... ..."

www.burmeseclassic.com

www.burmeseclassic.com



"ဒါမှမဟုတ် ငါသိသွားရင် ပျက်ပြယ်သွားနိုင်တဲ့ အစီအစဉ်တစ်ခုခုရှိနေလို့လား .."

"... ... ..."

နားစွင့်ကြည့်လိုက်တိုင်း မှီ အသံတိတ်နေသည်။ သူ့ဒေါသတွေကို မီးမြင့်စေလျက် မရည်ရွယ်ခဲ့သော မေးခွန်းပေါင်းများစွာက ကိုယ့်ကိုယ်ကိုယ် သတိမထားလိုက်မိဘဲ ဆက်တိုက်ပြောလိုက်မိရင်း ..

"ဘာလဲ .. ငါ့ကို စကားမပြောချင်တော့အောင် ဖြစ်နေတာလား"

"... ... ..."

"အိုခေ ..."

သမယ ကျိခနဲ အံကြိတ်သည်။

"နင်ပျော်ရင် ပြီးတာပဲ .."

ဂွပ်ခနဲ ချပစ်ခဲ့ပြီး ကားထဲဝင်ကာ ဆောင့်ထိုင်ချပစ်မိတဲ့အထိ စိတ်နဲ့လူက မကပ်။

"တောက် ..."

တံခါးပိတ်သံအောက်မှာ တက်ခေါက်သံက တစ်ထပ်တည်းကျလျက် ..။

ဒေါသတွေ ပေါကွယ်ဝနေတာကျတော့ promotion မလိုပါလား။

❖



## အခန်း (၃၉)

"ကောင်းပြီလေ သမယ .."

"ဘာလဲ .. ဘီယာသောက်ရုံနဲ့ မူးစရာလား .."

"ဘီယာလည်း အရက်ပဲကွ၊ သောက်ဖူးတာလည်း မဟုတ်ဘဲနဲ့"

သံတွဲ တို့က အဆောင်မှာလည်းနေသည်။ သံတွဲ ရဲ့ ဆွေမျိုးအိမ်မှာလည်း လွတ်လွတ်လပ်လပ် နေလို့ရ၏။ ဒါပေမယ့် ဒီတစ်ခါတော့ ဆိုင်ထိုင်ခဲ့ကြတာဖြစ်လျက် ...

"ကဲ .. ကြက်သားခါးပတ်ပဲစားကွာ၊ အဲဒါတော်တော့ .."

"ဒီကောင်တော့ တကယ်ပါပဲ၊ ပြောရင်မကြိုက်ဘူး .."

မြန်အောင် က ဘီယာပုလင်းကို ဘေးရွှေ့ထားလိုက်ရင်း ခေါင်းကုတ်သည်။၏။ သမယ က မျက်ထောင်ဖျားတို့ စိုက်ကျနေသည့်မျက်ဝန်းတို့နှင့် ရီဝေဝေကြည့်ကာ ..

"ဘာလဲ .. ဘာပြောချင်သေးလို့လဲ၊ ငါ့ကို အသည်းကွဲနေတယ် ထင်နေလား .."

"မထင်ပါဘူး၊ မင်းကြောင့်ပဲ သူများအသည်းကွဲရတာ .. ဒါပေမယ့် .."

"ဆက်ပြောလိုက် မြန်အောင်၊ မင်းမပြောရင် ငါပြောမှာ .."

ထိုစဉ် မိုးခြိမ်းသံတစ်ချက် ကြားလိုက်ရပြီး ...

www.burmeseclassic.com



"ဘယ်သူပြောပြော မပြောပြော မိုးကတော့ ပြောနေပြီ၊ မင်းပြန်ဖို့ သင့်နေထင်တယ် သမယ .."

"မပြန်ချင်ဘူး .."

Cafe 47 ၏အပေါ်ထပ် အစွန်စားပွဲမှာ သမယ ရဲ့ ပခုံးစွန်းတစ်ဖက်က နံရံမှာကပ်မှီနေပြီဖြစ်သည်။

"အေးဆေးနေချင်လို့ တမင် အိမ်နဲ့အဝေးကြီးမှာ လာသောက်တာ .."

"မင်းကွာ .. အန်ကယ်မရှိတုန်း ထင်သလိုနေတယ်ဆိုပြီး အန်တီ့ ဒေါသ နှစ်ဆတက်ဖြစ်မှာနော်၊ ငါတကယ်ရင်လေးတယ် .."

"ပြီးတော့ မီ တို့အိမ်နဲ့က အဆင်ပြေတာမဟုတ်ဘူး .."

သံတွဲ က ဝင်ပြောပြီး သမယ ကိုကြည့်ကာ ...

"မီ က မင်းထင်သလို ချစ်တိုင်း ကို စိတ်ဝင်စားနေတာမဟုတ်ဘူးကွာ .."

"မထင်ပါဘူး ...၊ ဘယ်သူက ထင်နေလို့လဲ .."

"မင်းပဲ ညနေကမှ ဖုန်းပြောခဲ့တယ်ဆို .."

"ဟုတ်တယ်လေ ...၊ ငါ့ကို မပြောချင်မဆိုချင်ဖြစ်နေတာတွေ၊ ဒေါသဖြစ်လို့ပြောခဲ့တာ၊ ချစ်တိုင်း အကြောင်းပြောမိလို့လား .."

"သမယ .."

"ဘာလဲ .."

"မင်းရဲ့ ထေ့သ် ငေါ့သံတွေအရ .. မီ့ ကို ဒီဇာကောင်နဲ့ .."

"လုံးဝမထင်ဘူး .."

သမယ က မှီနေသည့်ကိုယ်ကို မတ်မတ်ပြင်လိုက်ပြီး ..

"သူ့စိတ်ကို ငါဘာလို့မသိရမှာလဲ၊ ဟွန်း ... သူ့မှာ စွဲလမ်းစိတ်ဆိုတာမရှိဘူး၊ သူဖြစ်ချင်သမျှ၊ လိုချင်သမျှတွေ အများကြီးရှိနေရင်တောင် အဲဒီအများကြီးက ချစ်ခင်စွဲလမ်းတာနဲ့ ဘာမှမဆိုင်ဘူးဆိုတာ ငါသိတယ် .."

မျက်နှာ ဗီလာင်တွေနဲ့ပါလား ...။



မီးရောင်အောက်မှာ သမယ မျက်နှာပေါ်က နာကျင်မှုတွေကို အတိအကျကြီးမြင်လိုက်ရတော့ သူတို့အံ့သြသွားကြ၏။

"မင်းရဲ့ ကိုရော၊ ချစ်တိုင်း ကိုရော .. သူ့စိတ်ထဲမှာ စွဲလမ်းတပ်မက်မှု ဘာမှရှိတာမဟုတ်ဘူး .."

"ဒါဆို မင်းကိုလား .."

"ဒုန်း ... ..."

ကိုင်လိုက်သည့် ဘီယာဖန်ခွက်ကို ဒုန်းခနဲ ပြန်ဆောင့်ချလိုက်ကာ —

"ပိုဆိုး .. ..."

"ဘာရယ် .."

"ငါ သူ့ကိုလက်ထပ်ခဲ့တာ သူဘာဖြစ်သွားတာမြင်လဲ .."

"ဘာမှမမြင်ဘူးလေ၊ အဆင်ပြေနေကြတာပဲ .."

"ပြေတာကိုး ...၊ လက်ထပ်ခြင်းဆိုတာကို သူမှစိတ်မဝင်စားတာ၊ သူနဲ့ငါ လက်ထပ်ပြီးတာ မပြီးတာနဲ့ သူငယ်ချင်းအဖြစ်ကနေ ပြောင်းလဲတာ မပြောင်းလဲတာ သူ့အတွက် ဘာမှမထူးခြားဘူး"

"ဒါကတော့ .. မင်းကမှ ဟိုဥစ္စာ .."

သံတွဲ က ပြောလက်စကို ရပ်ပစ်ပြီး နားကုတ်ပါးကုတ်ဖြစ်သွား၏။ သမယ ရဲ့မေးစင်းသောမျက်ဝန်းတွေက သူ့မျက်နှာပေါ် ရောက်လာကာ ..

"ဘာပြောတာလဲ .."

"မဟုတ်ဘူးလေ .."

"ဘာလဲ .."

"ဟုတ်တယ်လေ၊ ဟိုဥစ္စာဆိုတာ မင်းတို့က သူငယ်ချင်းထက် မပိုကြတော့ .. အဲဒါက .."

"ရှင်းရှင်းပြောလိုက်စမ်းပါဗျာ .."

မြန်အောင် က စိတ်မရှည်သံနှင့် ..

"မင်းက သူငယ်ချင်းလိုနေမှတော့ ဟိုကလည်း မင်းကို သူငယ်ချင်းထက်ပိုမလားကွ၊ ဘာလဲ .. မင်းက ပိုချင်နေတာလား .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ..."

"အဟွန်း .. မေးကြည့်တာပါ၊ မင်းဖြစ်နေတဲ့ ဒါသတွေကို အဖြေရှာမရတော့ .."

"ဘယ်သူက အဖြေရှာပေးပါ ပြောနေလို့လဲ၊ ငါပြောချင်တာ မင်းတို့ သူ့အကြောင်း ထပ်မပြောဖို့ပဲ .."

ဟင် .. ဘာမှလည်းမဆိုင်ဘဲနဲ့ ..။

သံတွဲ တို့ မျက်လုံးချင်းဆုံကြပြန်သည်။ သမယ မျက်နှာက ဘီယာရှိန်ကြောင့်လား၊ သူတို့မသိနိုင်တဲ့ တစ်စုံတစ်ရာကြောင့်လား ..။

နီသထက် နီလာသလိုလို ..၊ တင်းသထက် တင်းလာသလိုလို ..။

"ငါလက်ထပ်ယူခဲ့တာ၊ ငါက ဂရုမစိုက်တာတွေပဲ အားလုံးပြောနေကြတယ်၊ အဲဒီကောင်မလေး ငါ့ကို စစ်အေးတိုက်နေတာ ဘယ်သူမှ မသိဘူး .."

"စစ်အေးတိုက်တယ်ဆိုတာ ဘာလဲ .."

"အခု တိုက်နေတာလေ၊ ချစ်တိုင်း ဆိုတဲ့ကောင် ဘာလုပ်ထားတာ သူ သိတယ်၊ အဲဒီကောင်နဲ့ပဲတွဲတယ် .."

"သူက ပြဿနာရှင်းနိုင်းချင်လို့လို့ ပြောနေတာပဲ .."

"ပြဿနာတမင်ရှာတဲ့ကောင်က သူ့ကို လိုက်ရှင်းပေးမယ်ပေါ့၊ ကျွတ် .. ပြောလိုက်ရင်မကောင်းဘူး .."

"ဒါပေမယ့် မင်းပြောခဲ့တာပဲမို့လား .."

"သူကလည်း တုံ့ပြန်တာပဲလေ .."

တော်ပါပြီ၊ ပြီးပြီ ဆိုပြီး အကြီးအကျယ် ကြိမ်းဝါးနေခဲ့သည်။ ကားကိုလည်း ကိုယ့်ရဲ့အိမ်ပြန်လမ်းကို ဦးတည်ခဲ့၏။ ဒါပေမယ့် 'သမယ' ဆိုတဲ့ခေါ်သံကို ကြားလိုက်တာနဲ့ သူ့စိတ်တွေ အဲဒီအသံအောက်မှာ အရည်ပျော်ခဲ့သည်။

လူတွေကြားထဲက ဆွဲခေါ်ထုတ်လာခဲ့ရတာ ဒီက ဒေါသမထွက်ရတော့ဘူးတဲ့လား။ ကရုဏာဒေါသ ဆိုတာကိုရော .. သင်းနားလည်မပေးနိုင်ဘူးလား။



သူ ပြောသမျှ မျက်ရည်တွင်တွင်ကျပြီး ခေါင်းငုံ့ခံသည်။ "နင် တော့နှစ်တွဲ့အထိ ပြောပါ၊ ငါမကောင်းပါဘူး" လို့တောင် ဝန်ခံနေခဲ့သေးသည်။

ဒါပေမယ့် ကားပေါ်က ဆင်းခါနီးကျမှ ...

"နင် နောက်ထပ် ငါ့အတွက်နဲ့ စိတ်မညစ်စေရပါဘူး၊ ဒါနောက်ဆုံး ဖြစ်ရပါစေမယ်" တဲ့။

ပြောတဲ့အတိုင်း နောက်နေ့ကစပြီး ဖုန်းလည်းမကိုင်၊ အတွေ့လည်းမခံတော့ပေ။

"အဲလိုလုပ်သွားတာ မင်းတို့တွေးကြည့်၊ ငါကလည်း ဂရုစိုက်ပါဘူး .."

ဖြစ်ရဦးမယ် ..။

ဂရုမစိုက်ပါဘူးလို့ မခံချင်လုံးတွေနဲ့ ဟစ်ကြွေးနေသည့်မျက်နှာကြီးကြောင့် သံတွဲ နဲ့ မြန်အောင် တို့ မျက်ခုံးတွေ မသိမသာ ပင့်သွားကြသည်။

ထိုစဉ် မိုးတွေ ဝုန်းဒိုင်းကြဲရွာချလာသဖြင့် သူတို့အသံတွေ ခဏတိတ်သွားကြ၏။ ပြီးမှ ...

"ဒါပေမယ့် စကားပူသွားတော့မယ့်ကိစ္စထိ ငါမသိရတာ ..၊ ဘယ်လိုရင်ဘတ်နဲ့ သည်းခံမလဲ .."

"အေးလေ .. အပြီးပြောင်းတော့မယ်ဆိုတာတော့ လွန်တယ် .."

"လွန်လွန် မလွန်လွန် မကျေနပ်ရင် သွားရှင်းပေါ့ကွ၊ သူက ကိုယ့်မိန်းမပဲ၊ အဲဒါကို မင်းက ဂရုမစိုက်သလိုလုပ်ပြနေလည်း ဟိုက ဘာမှ ဖြစ်မှာမဟုတ်ဘူး .."

"ငါလည်း ဘာမှမဖြစ်ဘူး .."

"ဟုတ်လား .. ပုလင်းထောင်နေတာ ဘယ်သတ္တဝါလည်း မသိဘူးနော် .."

"ဟာကောင် .. ငါ့ဘာသာ ထောင်ချင်လို့ထောင်တာ .."

"ထောင်ချင်ရတဲ့အကြောင်းကိုပဲလေ ..၊ ထောင်စရာတဲ့ပုလင်းဘာရေပုလင်းမှမဟုတ်တာ .."

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ငါ့အကြောင်းနဲ့ငါပဲ .."

"သမယ .."

"အဲဒီကောင်မလေးကို ငါချည်းပဲ အမြဲတမ်းအလျှော့ပေးခဲ့ရတာ"

သူတို့မေးစရာမလိုတော့ဘဲ သမယ ရဲ့နှုတ်မှ နာကျင်သံတွေ ပွင့်အံ ထွက်လာခဲ့၏။ ပြီးတော့ မစို့မပို့မြင်နေရသည့် ညအမှောင်ထုနှင့် မိုးစက်များဆီ နားစွင့်ငေးရင်း ...

"ငိုတတ်တဲ့ကလေး မုန့်စားရတာယ်တဲ့၊ ဖြစ်ပြီဆို သူပဲလုပ် .. သူပဲ့ .."

"မင်းကပါ လိုက်ငိုချင်လို့လား၊ ယောကျ်ားပဲ၊ သူက အဲဒီလိုလုပ်တယ်ထင်ရင် ကိုယ်ကလည်း ကိုယ်ထင်တာ မေးခွင့်ရှိတာပဲ၊ အခု မင်းတို့ မပွင့်လင်းကြလို့ အပျက်အပျက်နဲ့ နာခေါင်းသွေးထွက်ကြတာ .."

"ဟုတ်တယ်၊ မီ က မင်းကို ဒီလောက်ခင်တွယ်နေတာ၊ သူ မင်းကို ချစ် ..."

"ငါ့ကို သူ့စိတ်ကူးထဲတောင် ထည့်ကြည့်ဖူးလား၊ မေးကြည့်ချင်တာ .."

ပြောပြီး ခပ်မဲ့မဲ့ရယ်၏။ ပြီးတော့ ဘီယာခွက်ကိုကိုင်ရင်း ပြန်ချပြီး ဟိုတွန်း ဒီရွှေ့ လုပ်နေလိုက်နှင့် ...

"ဘာဖြစ်ဖြစ် သူထင်တဲ့အတိုင်းပဲတွေးတယ်၊ သူဖြစ်ချင်တာတစ်ခုပဲသိတယ် .."

ရည်းစားရရှိရေး ဆိုတဲ့အစီအစဉ်ကို လုပ်ကိုလုပ်မှာ၊ ဖြစ်ကိုဖြစ်မှာလို့ တွက်ခဲ့သည်။ ယောကျ်ားလေးသူငယ်ချင်းဆိုပေမယ့် သူ့ကိုပဲ အိတ်သွန်ဖာမှောက် ဖွင့်ပြောသည်။

သူမရဲ့ဘေးမှာရှိနေတဲ့ သမယ ဆိုတဲ့ကောင်က သူမျှားတွေအမြင်မှာ ဘယ်လိုလူဖြစ်နေပါစေ၊ သူမ ဆက်ဆံပုံက သူမရဲ့ မိန်းကလေး သူငယ်ချင်းတစ်ယောက်လိုမျိုး ..။ ဟိုတုန်းက ဒါတွေ သူ့စိတ်ထဲမှာလည်း ဘာမှမရှိခဲ့ပေ။

လူကြီးတွေကလည်း သူတို့နှစ်ယောက် ရင်းနှီးချစ်ခင်ကြတာကို ပိုရင်းနှီးလေ၊ ပိုကောင်းလေ လို့ မြင်ကြတာမို့ ဘယ်လိုပုံစံဖြစ်နေနေ



သူ့စိတ်ထဲမှာ ဘာမှမရှိခဲ့ကြ။

ဒါတွေပြောပြရင်း သမယ က လေးလံနေသည့်မျက်လုံးတွေကို မှိတ်ထားရင်း မျက်နှာကို လက်ဖဝါးနဲ့လည်း ဖိပွတ်ပစ်၏။ ပြီးတော့ ..

"သူ ဘယ်သူ့ကိုချစ်နေနေ၊ မပေါင်းရရင်တော့ သေရပါတော့မယ်ဆိုတာမျိုးဖြစ်လာရင် စာနာပေးလို့ရတယ် .."

"အေးလေ .. ဒါတော့ဟုတ်တယ် .."

"သူထင်ရာလုပ်ပြီး တခြားသူရဲ့ခံစားချက်ကိုလည်း သူထင်သလိုပဲ တွေးတာ တကယ်ခံရခက်တယ် .."

"ဒါဆို ငါတို့ကိုပဲပြောစမ်းပါ၊ မင်းက မို ကို မရိုးမသားဖြစ်နေပြီလား .."

"ငါကဖြစ်နေတာလို့ မင်းကရော ဘာလို့ထင်နေတာလဲ .."

သံလွင် က ခေါင်းကုတ်တော့မလိုလို ဆံပင်ဆီ လက်ကရောက်သွားပြီးမှ ပြန်ချ၍ ..

"မင်းပဲလေ ..၊ မင်း ခုပြောနေတာတွေက မီ က မင်းအပေါ် စိတ်မဝင်စားတာနဲ့ပတ်သက်ပြီး .."

"အဲဒီက စလွဲပြီ .."

"ဒါတော့မလွဲဘူး .. လုပ်လိုက် .."

မြန်အောင် က အနိုင်အမာ ဝင်ပြောကာ ...

"မီ သူများတကာကို ချစ်တာမုန်းတာ မင်းနဲ့ဘာဆိုင်လို့လဲ၊ သူများအကြောင်းပြောနေပေမယ့် ဗီလင်ကတော့ မင်းရင်ဘတ်ထဲက လာတာပဲ .."

"ပြောလိုက်စမ်းပါ၊ အဟွန်း .. ဒီလောက်အရှုံးရင့်နေပြီးတော့ .. ခုထိ 'ဟင့်အင်း' ငြင်းနေတုန်း .."

"ငါပြောတာက ..."

"မီ က မင်းကို ဂရုမစိုက်တဲ့အတွက် မကျေနပ်နေတာ .."

"ဒါနဲ့ပဲ ဓရိုးမသားဖြစ်စရာလား၊ ငါနဲ့ သူက သူငယ်ချင်းမဟုတ်တော့ဘူး၊ သူ ဒို့ထက်တော့ ..."

www.burmeseclassic.com



"ဘာဖြစ်လဲ .. ပြောကြည့်ပါဦး .."

သမယ ခပ်အမ်းအမ်းဖြစ်သွား၏။ ပြီးမှ ..

"သူဂရုမစိုက်ပုံက ငါ့သိက္ခာထိနိုက်တယ်ကွ .."

"မင်းတို့ကိစ္စကို ဘယ်သူတွေက သိနေလို့လဲ၊ မီ ခရီးထွက်မှာ သူ့မိသားစုသုံးယောက် ကြိတ်စီစဉ်တာ ဒီနေ့မှ အန်တီကသိတယ်၊ မင်းက ခုနကမှသိတယ်၊ ကဲ .. မင်းသိက္ခာကို ဘယ်သူကချမှာမို့လို့လဲ"

"တော်တော့ .. ကိုယ်လိုချင်တာရောက်အောင် အတင်းဆွဲမပြောနဲ့ .."

"လာသေးတယ် .."

လာသေးတယ် ဆိုကာမှ ဖုန်းတစ်လုံးက ထမြည်လာ၏။ ဖုန်းသုံးလုံးစလုံး စားပွဲပေါ်မှာရှိပေမယ့် သမယ ဖုန်းက မြည်လာတာဖြစ်ကာ သုံးယောက်စလုံး လှမ်းကြည့်မိပြီးသားဖြစ်သွားသည်။

"ရှင်မင်း .."

သံတွဲ က အသံထွက်ပြောလိုက်ရင်း သမယ ကိုကြည့်၏။ သမယ က ဖုန်းကို မေးဆတ်ပြကာ ..

"ပြောလိုက် .. ငါအရက်သောက်နေလို့ မပြောနိုင်တော့ဘူးလို့"

"ဟောကောင် .."

"ခေါင်းစိုက်နေပြီ၊ စကားတောင် မပီတော့ဘူးလို့ .."

"ခါးမှာ ပုဆိုးတောင်မရှိတော့ဘူးလို့ပါ ထည့်ပြောလိုက် .."

မြန်အောင် က စပ်ဖြဲဖြဲဝင်ပြောလိုက်ပြီး ဖုန်းကို တွန်းပေးလိုက်၏။ သံတွဲ က ကိုင်လိုက်ကာ ...

"ဟလို ..."

"... ... ..."

"ဟုတ်ပါတယ်၊ သူ မပြောအားလို့ .."

"... ... ..."

"အဲဒါလည်း ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့လင်မယားအဆင်မပြေဖြစ်နေတော့ ညစ်နေတာလေ .."



"... ... ..."

"ဟင် .. ဘာ .. ဘယ်သူ ..."

သံတွဲ က ဖုန်းကိုင်ရင်း ပြူးတူးပြဲတဲဖြစ်သွားပြီး သမယ ကိုလှမ်းကြည့်၏။ သမယ က မကြည့်ပေမယ့် မြန်အောင် က လက်ကုတ်ခေါ်ပြီး ဘယ်သူလဲ လို့မေးဆတ်၏။

"လက်ျာ ..."

"... ... ..."

"အင်း .. အဲဒါ ,..."

သံတွဲ ဘာပြောရမှန်းမသိ ဖြစ်နေတုန်း သမယ က ဖုန်းကိုဆွဲယူလိုက်ပြီး ပါဝါပိတ်ပစ်လိုက်သည်။

"အေးဟ .. လက်ျာ ဒီလောက်ဖြစ်နေတာ .. ကြည့်စမ်း၊ မထင်ရဘူး .."

ဖုန်းကိုင်ထားသည့်လက်က ဖုန်းမရှိတော့ဘဲ အဲဒီအတိုင်း ပုံမပျက်ကျန်ခဲ့ပြီး သံတွဲ ရှုံ့ရှုံ့မဲ့မဲ့ရယ်၏။

"နေပါဦး ...၊ ခေါ်လိုက်တာက ရှင်မင်း မဟုတ်ဘူးလား၊ မင်း စပြောလိုက်ကတည်းက .."

"လက်ျာပဲတဲ့၊ ငါ့မှ သူ့အသံကိုမသိတာ ...၊ သူ့ဖုန်းဆို မကိုင်မှာနီးလို့ ရှင်မင်းနဲ့ ဘယ်လိုသွားပေါင်းလိုက်လဲမသိဘူး .."

"သူက ဘာတဲ့လဲ .."

"သမယ နဲ့ပြော .."

"ဟောကောင်တွေ .. တော်တော့၊ ငါမကြားချင်တာတွေထဲမှာ အဲဒီအရှုလည်းပါတယ် .."

ပြောပြီး နာရီကိုကြည့်သည်။ အရိပ်ကွယ်နေသဖြင့် မီးရောင်ဆီ ရွှေ့ကြည့်လျှက် ..

"ဒိုင်ခွက်က ဒီလောက်လင်းနေတာတောင် မီးရောင်ဟောင်နေတယ်ဆိုတော့ မင်း အနီးမှုန်ဖြစ်နေပြီ .."

"ဟုတ်တယ် ...၊ ဒါကြောင့် မီးကို သူ မမြင်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သမယ မျက်လုံး သူ့ဆီရောက်လာတော့ မြန်အောင် က ရယ်ကာ..

"ကိုယ်နဲ့ နီးနီးလေးရှိနေတဲ့ .."

"ပေါ့ .."

နောက်ထပ်ဖုန်းတစ်လုံးက မြည်လာကာ ..

"ဘယ်သူလဲဟ .."

မြည်လာတာက မြန်အောင့်ဖုန်းဖြစ်ကာ သံတွဲ က စပ်စပ်စုစု ကောက်ကိုင်၍ ...

"လကျ်ာ ..."

သမယ မျက်နှာတင်းသွားသည်။ သံတွဲ က အော်လိုက်ပြီးမှ ပါးစပ်ပိတ်ပစ်လိုက်ပြီး ..

"ဘာ .. ဘာပြောလိုက်ရမလဲ .."

"ဘာမှပြောဖို့မလိုဘူး .."

သမယ က ပြောရင်း ဖုန်းကိုဆွဲယူလိုက်ကာ ...

"ပြော .."

"သမယ .."

"ဟုတ်တယ် ...၊ မပြောခင် တစ်ခုတော့ မင်းသိဖို့လိုတယ်၊ ငါက ဆောင်းလခါမီ မဟုတ်ဘူး .."

"သမယ က သူနဲ့ပတ်သက်ပြီး လကျ်ာ ကို တင်းနေတာလား"

"ပတ်သက်တာမဟုတ်ဘူး၊ မင်း စိမ်ပြေနပြေဒုက္ခပေးနေဟာ ငါ့ မိန်းမ .."

"ဒီကလည်း ရှင့်ရည်းစားပါပဲ၊ ဒီမှာ သမယ .. ရှင်ထားခဲ့တဲ့ မိန်းမ ဘယ်လိုမိန်းမမျိုးလဲဆိုတာ ရှင်မသိခဲ့ဘူးထင်လို့ ရှင်ယူထားတဲ့ မိန်းမအပင်ကို အားလုံးသိသွားအောင် ဆွဲထုတ်ပြလိုက်တာ၊ အခု ဖုန်း တွေ မရမကလိုက်ဆက်နေတယ်ဆိုပြီး ရှင်ထင်ရာတွေးနေတာမို့လား"

သူမ က ပြောလိုက်၊ မဲ့လိုက်နှင့် ကိုယ်ပြောသည့်စကားအပေါ် အတော်ကြီး ကျေနပ်အားရဖြစ်နေပုံမျိုးရှိကာ ...

"ဟွန်း .. လကျ်ာ ဆိုတဲ့မိန်းမ မြေပြောင်ပြောင်မှာ ခြေခေါက်ထဲ



ကျတာပဲ၊ ဒါပေမယ့် ဖြောင့်တန်းစွာ ဆက်သွားလို့ မြွေပွေးတစ်ကောင် ရဲ့အမြီးကို တက်နင်းမိတော့မယ်ဆိုရင် မနင်းမိခင် ချော်လဲသွားတာက သည်း ကံကောင်းတာပေါ့ .."

"ဟုတ်ပြီ ...၊ ခု မင်း ကံကောင်းခြင်းတွေရနေပြီဆိုတော့ နောက် ထပ် မရမက ဖုန်းလိုက်ဆက်ဖို့ မလိုတော့ဘူးပေါ့၊ ကျေးဇူးတင်တယ်၊ ဘွန်ဂရက်တျူလေးရှင်း .."

ဒါသတွေ ရင်နဲ့မဆံ့ဖြစ်နေပေမယ့် မိန်းကလေးတစ်ယောက်ကို နစ်နာကြေကွဲသွားစေမယ့် စကားတွေလည်း မပြောချင်တော့ပေ။

ထို့ကြောင့် ပြောပြီးတာနှင့် ဖုန်းကို ဒီတိုင်းချထားလိုက်၏။ ကြည့် လိုက်တော့ လကျ်ာ တော်တော်နဲ့ မချသေးပေ။

"မင်းကို နှိပ်ကွပ်သွားတာမို့လား၊ ဘာလို့ ဘာမှပြန်မပြောလိုက် တာလဲ .."

ဖုန်းမချသေးမှန်းသိနေသဖြင့် သံတွဲ က ကျယ်ကျယ်လောင် လောင် ထပြောလိုက်သည်။

"အေးလေ .. သူ့ကို ညာတာထောက်ထား လိုက်လျောတယ်ထင် ပြီး နောက်ထပ် မတော်တရော်တွေ ကြံစည်ဖို့ ကြိုးစားနေဦးမယ် .."

"တချို့မိန်းကလေးတွေ အဲဒီလို ပျို့တာ အိုတာ ဘာမှထည့်မတွေး ဘဲ မိုက်မဲတာ .. တကယ်လက်လန်တယ် .."

မြန်အောင် နဲ့ သံတွဲ တို့ တစ်လှည့်စီပြောနေကြကာမှ ဖုန်းကျ သွား၏။ သို့သော် အပြင်မှာ မိုးကတော့ အားကောင်းစွာ ရွာသွန်းနေ လေသည်။

"ဖုန်းသုံးလုံးရှိတာကို နှစ်လုံးတော့ ခေါ်ပြီးပြီ၊ အခု ငါတို့ပြော လိုက်တာကို ကြားသွားပြီဆိုတော့ နောက်ထပ်ရန်တွေ့စရာရှိသေးရင် —"

မြန်အောင် က သံတွဲ ကိုကြည့်လိုက်ပြီး ဟီးခနဲ ရယ်ကာ ..

"မဟုတ်ပါဘူး ...၊ ဒီတစ်ခါ မင်းအလှည့်များလားလို့ .."

"မင်းဖုန်းကို ပါဝါမပိတ်ဘဲထားရင်တော့ မင်းကိုပဲ ..."

"ဟား ဟား ဟား .. ဟား ဟား .."

www.burmeseclassic.com

www.burmeseclassic.com



"ခစ် .. ခစ် .. ခစ် .. ဟေး .. ဟေး .."

"အယ် .. .."

သံတွဲ ရဲ့ဖုန်းက ကလေးရယ်သံလေး အလိုက်သည်းလိုက် ထွက်ပေါ်လာသဖြင့် သူ့စကားမှန်သွားသည်မို့ မြန်အောင် တအံ့တသြကြီး ဖြစ်သွား၏။ ပြီးမှ ..

"ပညာရှိတို့တွေးကြည့်ရင် ပြေးကြည့်တာထက်မှန်၏ တဲ့၊ ဟား ဟား ဟား ..."

သံတွဲ က ဖုန်းကို ယူကိုင်လိုက်ကာ ..

"လက်ျာ မဟုတ်ဘူး၊ သမယ .. မင်းအိမ်က .."

"ဟမ် .."

မြန်အောင် ရယ်နေတဲ့ပါးစပ်ကြီး တစ်ဝက်နဲ့တစ်သွားသည်။ သမယ ကိုယ်ကိုမတ်မတ်ပြင်၍ လည်ချောင်းရှင်းလိုက်ပြီးမှ ..

"ဟလို .. မေမေ .."

"သား .. မင်းကို မီ တို့အိမ်က ဖုန်းဆက်သေးလား .."

"မဆက်ဘူး .."

မေမေ့အသံ ခဏတိတ်သွားကာ ..

"မဆက်ဘူးလား .." လို့ ကိုယ့်ဘာသာ ပြောသလို ရေရွတ်၏။ ပြီးမှ ..

"မီ နဲ့တော့ ပြောဖြစ်ဦးမယ်လို့ မေမေထင်တာ .."

"မေမေ့ရှေ့တင် ပြောခဲ့တာပဲ မေမေ၊ သူ ကျွန်တော့်ကို ဘာမှ ပြန်မပြောတာ၊ သွားမယ်ဆို သွားကြပါစေ .."

"မေမေလည်း ဒီအတိုင်းသဘောထားနိုင်ဖို့ ကြိုးစားပါတယ်၊ ဒါပေမယ့် သားရယ် .. သူတို့အမြင်နဲ့ဆိုရင် မေမေတို့က စင်ပေါ်ကလူ –"

"ကျွန်တော်တို့အမြင်နဲ့ ကြည့်ဖို့လည်းသင့်တာပေါ့ မေမေ။ ဒီလောက်ထိ ခင်မင်ရင်းနှီးလာကြတဲ့ မိသားစုတွေ ...၊ ကျွန်တော်သာ မဟုတ်ရင်တောင် မေမေ့ကို ဒီလိုဆက်ဆံဖို့ မလိုဘူးမို့လား .."

"သားက ဘယ်မှာလဲ၊ စကားပြောတာ ဘယ်လိုကြီးလဲ သား



ခင်း .. မင်း အရက်ဆိုင်များ ရောက်နေတာလား .."

အာတွေ လျှာတွေ ပြောမကောင်း ဆိုမကောင်းဖြစ်နေတာကိုသိသည်။ ဒါပေမယ့် ပြောချင်တဲ့စကားကျတော့ လေးလို့လေးမှန်းလည်း သိတော့ဘဲ စိတ်လွတ်ကိုယ်လွတ်ပြောနေခဲ့မိ၏။

မိဘကတော့ မျက်နှာကိုမမြင်ရဘဲနဲ့တောင် ကိုယ့်သားသမီးအကြောင်း လေသံမကောင်းတာနဲ့ ဒက်ခနဲ သိနေပါလား ...။

"သား .."

"မဟုတ်ပါဘူး .. ကျွန်တော် .."

"အေးပါ .. မေမေ့ကိုလိမ်နေရင်လည်း မေမေ့ရှေ့မရောက်ခင် သိမ်ပေါ့ .."

"မေမေ .. ကျွန်တော်လည်း ..."

သူ ဖုန်းတစ်ဖက်၊ နဖူးတစ်ဖက်ကပွတ်နေရင်း လိမ်တယ် ဆိုတဲ့ စကားကြီးကြောင့် နေမမိထိုင်မသာဖြစ်သွားရလျက် ...

"မီ တို့တစ်အိမ်လုံး ကျွန်တော်တို့ကို လူရာမသွင်းသလိုလုပ်သွားတာ ကျွန်တော်လည်း ခံစားရတာပဲ .."

"အဲဒါကြောင့် အခု အရက်ဆိုင်မှာလား .."

"မဟုတ်ပါဘူး ...၊ စားသောက်ဆိုင်ပါ .."

"တော်ပြီ သား၊ မေမေ သိပြီ၊ အခု ပြန်လာခဲ့တော့ .."

"ဟုတ်ကဲ့ပါ၊ ဒါပေမယ့် စောပါသေးတယ် မေမေ၊ ကျွန်တော် စိတ်ညစ်နေလို့ ဒီညတော့ .."

"သားညစ်တာထက် မပိုရင်တောင် မေမေလည်း အတူတူပဲလေ၊ မီ့ကို မေမေက သမီးလေးလို ချစ်ခဲ့ရတာ၊ ညက ဖုန်းဆက်တော့ ခင်အပြောတယ်၊ သားနဲ့သမီးအိမ်ထောင်ရေးကို သူတို့ဘက်က ဘာမှ ပြောင်းလဲပါဘူးတဲ့၊ ဒါပေမယ့် ကာယကံရှင်တွေကမှ စိတ်ချမ်းသာရ ချိတော့ပါဘူးဆိုတော့ .."

"ကာယကံရှင်တွေဆိုတာ ကျွန်တော်ပါ ပါနေတာလား .."

"အဓိကပေါ့ သားရယ်၊ သားတို့က အိုးရှဲ့ စလောင်းရှဲ့ လုပ်နေကြ

www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ ခုနပြောခဲ့သလိုပေါ့၊ ရှုကြတာချင်းတူရင်တောင် ခုချိန်မှာ သားက ပြန်ရွဲ့တာ အရမ်းအဆင်ဆိုးတယ်၊ မီ လည်းရှက်နေမှာပဲ .."

"မေမေ .. ကျွန်တော် သူ့ကိုစိတ်ပူလို့ လူတွေကြားထဲကနေ ဆွဲထုတ်ပြီးခေါ်လာခဲ့တာ .."

"ဒါက သူငယ်ချင်းဆိုရင်လည်း သား ကူညီမှာပဲလေ ..၊ အခု သူငယ်ချင်းထက်မပိုနိုင်ဘူးဆိုတာ သားက ပြခဲ့ပြီးပြီ"

"ကျွန်တော် စကားပြောဖို့ သွားခဲ့တာပဲ .."

"သားကိုယ်သား တာဝန်ဝတ္တရားတစ်ခု ပြီးမြောက်အောင်လုပ်ခဲ့တာလို့ရော မထင်ဘူးလား .."

သမယ အသံမထွက်တော့ပေ။

"ငါ့ဘက်က လက်ကုန်ပဲလို့လည်း သားပြောခဲ့တယ်ထင်တယ်"

မေမေ့ကိုမြင်ရတာမဟုတ်ဘဲ မျက်နှာပူသလိုကြီး ခံစားလိုက်မိ၏။ ဒါတွေထိ မေမေ ဘာလို့သိနေတာလဲဟု တွေးလိုက်မိသော်လည်း ..

"အဲဒါတွေတွေးပြီး စိတ်ဆင်းရဲခံမနေပါနဲ့တော့ မေမေ၊ သူတို့လည်း မေမေ့လောက်မတွေးပါဘူး .."

"သားက တကယ်ပြီးလိုက်နိုင်တာလား .."

"သူတို့လည်း အဲဒီလိုဖြစ်ဖို့ ခြေလှမ်းစလိုက်တာပဲ၊ တကယ်တော့ အန်တီခင်တို့ အကွက်ရွှေ့နေတာ .."

"မဟုတ်ဘူး သား၊ ခင်က အဲဒါကိုရှင်းပြတယ်၊ စက်ဘူကို ပြောင်းပါရစေဆိုတာ မီ က တောင်းဆိုခဲ့တာ .."

နောက်ထပ်ရင်ထဲမှာ ထိချက်ပြင်းသွားသည်။ နဖူးကနေ ဆံပင်တွေထဲကို လက်ချောင်းတွေ ထည့်ဖွနေမိရင်း ...

"သူ အဲဒီလောက်ဖြစ်သွားတာ ကျွန်တော်နဲ့မဆိုင်ဘူး မေမေ မေမေ စိတ်မကောင်းဖြစ်မနေနဲ့ .."

"အင်းလေ .. ဘယ်သူ့ကြောင့်သွားတာဖြစ်ဖြစ်၊ မီ့ ဆန္ဒနဲ့ပြောင်းဖို့ဖြစ်လာတယ်ဆိုတာကိုတော့ မေမေ လက်ခံတယ် .."

မေမေလက်ခံဖို့ပဲလိုတာလို့ စိတ်ထဲကပြောရင်း ဖန်ခွက်ထဲ



ရေခဲတုံးလေးတွေ ညှပ်နဲ့ဆွဲယူထည့်နေမိသည်။

"အခု မီ က ညကိုးနာရီကားနဲ့ မန္တလေးကိုလိုက်ဖို့ ထွက်သွားပြီ"

သူ သေချာညှပ်ကိုင်ထားသည့် ရေခဲတုံးက ညှပ်ထဲကနေ ဒေါက်ခနဲ လွတ်ထွက်သွား၏။

"ခင်တို့က အလုပ်ကိစ္စတွေမပြတ်တော့ သွားမယ့်ရက်ကို နောက်ထပ်ဆုတ်လိုက်ရတယ်လေ၊ မီ က ဒီမှာမနေချင်လို့ မန္တလေးကပဲ သွားစောင့်မယ်ဆိုပြီး .."

"တောက် .."

မေမေပြောနေတာကို သတိမထားမိတော့ဘဲ တက်ခေါက်လိုက်မိသည်။ ပြီးတော့ ဖုန်းကိုင်ထားသည့်လက်ကို စားပွဲပေါ်တင်လိုက်ရင်း ခေါင်းငိုက်စိုက်ကျ၏။

ပြီးမှ မေမေပြောနေတာကို သတိရလာကာ နားမှာ ပြန်ကပ်လိုက်သည်။

"ဟလို .."

"သမယ .. ဖုန်းက ကျသွားပြီမို့လား .."

သံတွဲ က သတိပေးမှ ပြန်ကြည့်မိတော့ ဖုန်းကျသွားပြီဖြစ်သည်။

"ဘာတွေဖြစ်လို့လဲ .."

"အဲ့ကောင်မလေးပဲ .."

"သိတယ်လေ၊ မီ ဘာဖြစ်လို့လဲ .."

"တောက် .."

တက်တခေါက်ခေါက်နှင့် စော်ကားခံရသည့်ရင်ဘတ်ထဲမှာ ဘာလုပ်လို့မှလည်း မပြေနိုင်။

"ဒီလောက်ထိကွာ .."

"ဘာဖြစ်လို့လဲ၊ မင်းကို ကွာရှင်းခွင့်တောင်းနေလို့လား .."

"အဲဒီလို တစ်ခုခုဖြစ်ချင်တာကို ပြောပြဖော်ရရင်တောင် ကျေးတင်ကြောင်းပြောပြီး လက်ဆွဲနှုတ်ဆက်မိဦးမှာ .."

ချက်ချင်းပဲ ပြောင်းကြတော့မည်။ ပြီးတော့ မပြောင်းဖြစ်ဘူးဖြစ်ပြီ၏။ ခုကျတော့ မီ က ထွက်သွားပြီတဲ့။ သူတို့ဘာသွားလုပ်နေနေ

www.burmeseclassic.com

www.burmeseclassic.com



ဒီက ဘာမှသိခွင့်မရှိခဲ့။ ခင်ခင်မင်မင်ရှိနေခဲ့တုန်းကတောင် ဒီ့ထက်ပိုပြီး အခွင့်အရေးရနေသေးသည်။

ကိုယ်က သူတို့ရဲ့ မိသားစုဝင်တစ်ယောက်ဖြစ်ခဲ့ကာမှ ...။

"မင်းကိုယ်မင်း ပြန်မေးဖို့လိုပြီ .. သမယ .."

ပြောပြလိုက်တော့ သံတွဲ တို့ဆီက အကြံပေးချက်ထွက်လာသည်။ ပြီးတော့ ..

"မင်းခေါ်သထွက်နေတာ ကိုယ့်ကို ဂရုမစိုက်သလိုလုပ်နေတာ ကိုလား၊ မီ့ကို ဆုံးရှုံးရမှာကြောက်နေတာလား .."

သမယ ပက်ခနဲ ပြန်မပြောနိုင်တော့ပေ။

အံကြိတ်ထားရင်း မျက်နှာတစ်ပြင်လုံးက ရဲရဲတွတ်တွတ် ဖြစ်လာ၏။ ဘာမှမပြောသလို ဘယ်သူ့ကိုမှလည်းမကြည့်ဘဲ မျက်နှာလွှဲထားလျက် တိတ်ဆိတ်နေခဲ့သည်။

"မင်းတွေဝေမနေနဲ့တော့၊ ကိုးနာရီကားနဲ့ဆိုရင် အခုမထိုးသေးဘူး၊ လိုက်သွားရင် မီနိုင်သေးတယ် .."

သံတွဲ စကားကြောင့် သမယ မျက်နှာပြန်လှည့်လာပြီး နာရီငုံ့ကြည့်သည်။

ပြီးတော့ .. ဘာမှမပြောဘဲ ချက်ချင်းထရပ်ကာ ...

"ငါလိုက်သွားမယ် .."

"အေး .. လိုက်ခေါ်ကွာ .. ကောင်းတယ် .."

"မိုးတွေသည်းနေတယ် သမယ၊ သတိထားမောင်း .."



အခန်း (၄၀)

Boss Express ကားကြီးကို လှမ်းမြင်လိုက်ရသဖြင့် ဒီကားမှာတော့ ရှိနေပါစေလို့ ဆုတောင်းလိုက်မိသည်။ ညကိုးနာရီထွက်မည့် မန္တလေး ကားတွေကို လိုက်မော့ကြည့်ရင်း အချိန်တော်တော်ကုန်သွားခဲ့သည်။

မေမေ့ကိုလှမ်းမေးတော့လည်း ဘယ်ကားနဲ့ဆိုတာ မသိဘူးဝဲ အဖြေရသည်မို့ မိုးရေထဲမှာ ကားလျှောက်မောင်းနေသလိုဖြစ်နေခဲ့သည်။

နာရီကြည့်လိုက်တော့ ကိုးနာရီထိုးဖို့ ခုနစ်မိနစ်။ သံတွဲ တို့က လိုက်ခဲ့ရမလားမေးတာ ခေါ်ခဲ့ရရင်ကောင်းဦးမည်။ လူခွဲရှာလိုက်လျှင် မြန်နိုင်၏။

ထိုစဉ် ထီးတွေ ရှုပ်ယှက်ခတ်နေသည့်ကြားထဲကနေ မီ တို့ဒရိုင်ဘာ ဦးသိန်းကို ဖျတ်ခနဲ လှမ်းမြင်လိုက်သည်။ သို့သော် Boss ကားကြီးရဲ့ ဘေးကြားထဲကို ပြန်ဝင်သွားတာလား၊ ဘယ်ရောက်သွားပြီလဲ ...။

ဦးသိန်း ပြန်ပျောက်သွားသဖြင့် ကားကို ရပ်ပစ်လိုက်မိသည်။

"တီ .. တီ ..."

နောက်က ကားဟွန်းသံတွေထွက်လာပေမယ့် မတတ်နိုင်။ အဝေးပြေးကားတွေ ထွက်သည့်အချိန်မို့ ပတ်ဝန်းကျင်က လူတွေ၊ ကားတွေ ကျပ်သပ်ညပ်နေ၏။ ကားရပ်ဖို့နေရာလည်း ရှာမနေနိုင်။

သူ မိုးရေထဲဆင်းပြေးခဲ့ရင်း ဦးသိန်း ကိုလိုက်ရှာမိသည်။ မိုးစက်တွေက ဒလဟောသွန်ချနေသလို ကိုယ်မှာချက်ချင်းစိုရွှဲသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုကိုယ်အစိုခံတာတောင် ထီးတွေကွယ်နေသည့် လူတွေရဲ့ မျက်နှာကို အလွယ်တကူမမြင်ရဖြစ်နေစဉ် ..

"အာ .. .."

နောက်က တိုးတိုက်လိုက်သဖြင့် သူ့ကိုယ်ကြီး ဘေးတိုက်ယိုင်သွား၏။ ပြန်ကြည့်လိုက်တော့ ဂျာကင်အနီရဲလေးနှင့် မီ က လက်လေးပိုက်ထားလျက် ဦးသိန်းက ဟန်းဘက်(ခ်)အိတ်ကို လွယ်ထားသည်။

ပြီးတော့ မီ့ ကို ထီးဆောင်းပေးထား၏။ သမယ မီ့ လက်ကောက်ဝတ်လေးကို ပိုင်နိုင်စွာ ဖမ်းဆွဲထားလိုက်ကာ ..

"မီ .. .."

"ဟင် .."

မီ ဖျတ်ခနဲ လှည့်ကြည့်သည်။ ပြီးတော့ မယုံနိုင်သည့်မျက်ဝန်းလေးတွေနှင့် ငေးနေရင်း ..

"သမယ .."

"ဟိုက ညီမ .. ဒီကားနဲ့လိုက်မယ့်ခရီးသည်လား .."

ကားပေါ်တက်ကြသည့်ခရီးသည်တွေက ကုန်နေပြီမို့ ယာဉ်မောင်းဝတ်စုံနှင့် လူငယ်တစ်ယောက်က လှမ်းအော်မေးသည်။ မီ က သူဆွဲထားသည့်လက်ကို ပြန်ရုန်းကာ ..

"ကားထွက်တော့မယ် .."

"ထွက်ပေ့စေ .."

လို့ပြောပြီး ထိုလူငယ်ဆီလှမ်းကြည့်၍ ..

"မလိုက်တော့ဘူး .."

"သမယ .."

မီ့ လက်လေးကို အတင်းအကျပ်ဖိဆုပ်ထားရင်း ကားဆီပြန်လာခဲ့သည်။ ကားထဲရောက်သည့်အချိန်မှာ မီ တစ်ကိုယ်လုံး မိုးရေတွေ စိုရွဲနေပြီဖြစ်ကာ ..

"ရော့ .. ဂျာကင်ချွတ်လိုက်၊ ရေတွေသုတ် .."

မီ ကို ဒက်ရှ်ဘုတ်ထဲက မျက်နှာသုတ်ပဝါလေး ယူပေးပြီးမှ သူ



နေရာဘက်ကူးသွားပြီး ဝင်ထိုင်သည်။

"ငါ့ဆံပင်တွေသုတ်လိုက်ရင် စိုရွှဲသွားမှာပေါ့၊ ခြောက်မှာလည်း မဟုတ်ဘူး၊ နင်ပဲ သုတ်လိုက်တော့ .."

"ငါက အရေးမကြီးဘူး .."

ကားရဲ့ဘေးမှာ တက္ကစီဒရိုင်ဘာတွေ၊ လူတွေဝိုင်းခဲနေလျက် သူ့ကားကြောင့် ဒုက္ခရောက်နေကြတာမို့ စကားမပြောအားသေးဘဲ ကားကို အရင်မောင်းထွက်လိုက်ရသည်။

"လွှတ်ပါပြီ .. ကားခဏရပ်လိုက်ဦး .. ရော့ .."

"ဘယ်လိုဖြစ်နေတာလဲ .. ငါက ယောကျ်ားလေး၊ ဟတ်ချိုး .."

ပြောရင်း နှာချေလိုက်ကာ သူ့ဟာသူ မရယ်မလဲနှင့် ..

"ဘာမှမဖြစ်ဘူး၊ ကိုယ့်ခေါင်းကို အရင်သုတ် .."

မီ ကလည်း ခေါင်းမာသည်။ တဘက်ကို ဒီတိုင်းကိုင်ထားလျက်နှင့် သူ့ကိုကြည့်ကာ အပေါ်ဂျာကင်ကိုပဲချွတ်ပစ်၍ ..

"အန်တီလေး ခေါ်ခိုင်းလိုက်တာလား၊ ငါက သူစိတ်မကောင်းဖြစ်မှာစိုးလို့ မန္တလေးဆင်းမယ့်ကိစ္စ မပြောခဲ့တာပါ .."

သမယ မျက်နှာကို မှောင်ရိပ်ထဲမှာမမြင်ရပေမယ့် အကဲခတ်ကြည့်လိုက်မိသည်။ မီးရောင်တချို့ ဖြတ်ပေးသွားမှ ရှေ့ကိုပဲ ကြည့်မောင်းနေသည့် မျက်နှာတည်တည်ကို ဖျတ်ခနဲ ..။

"သမယ .."

"... ... ..."

"နင် ငါ့ကို စိတ်ဆိုးနေတာလား .."

"... ... ..."

"စိတ်ဆိုးနေတာတွေ ပြောချင်လွန်းလို့ ငါ့ကို ရန်ဖြစ်ဖို့ လိုက်ခေါ်တာလား .."

"ကျွီ .. .. .."

"အမေ့ .."

ကားက လမ်းမကြီးမှာပဲ ထိုးရပ်သွားကာ အထဲမီးကို ဖွင့်ပစ်လိုက်

www.burmeseclassic.com



၏။ ပြီးတော့ သူမဘက်ကို ပခုံးတစ်ဖက်လှည့်စောင်း၍ ...

"စိတ်ဆိုးတာနဲ့ စိတ်နာတာကို နင် နားလည်လား .."

မေးပုံကိုက တစ်ခါမှမကြားခဲ့ဖူးသည့် လေသံမျိုးနှင့် ...

"နာကျင်တာနဲ့ နာကြည်းတာကိုရော .. ခွဲခြားကြည့်ဖူးလား .."

မီ က မဖြေ။

"နင် ဘာမှမသိခဲ့ပါဘူး၊ နင်သိတာ စိတ်ဆိုးတယ်၊ ဒေါသထွက်နေတယ်၊ ဒါပဲ ..၊ အေး .. သူများတွေ စိတ်ဆိုးနေတာသိရင် ဘာကြောင့်ဆိုးနေတယ်ဆိုတာလည်း သိဖို့ကြိုးစား၊ စိတ်နာသွားပြီဆိုရင်လည်း စိတ်နာရလောက်အောင် ငါ ဘာလုပ်ခဲ့မိသလဲဆိုတာ ပြန်တွေးတတ်ရမယ်"

"နင် ဘာဖြစ်လို့ ဒါတွေပြောနေတာလဲ သမယ၊ အခု ငါ့ကို သူများတွေက စိတ်ဆိုးနေကြတာလား၊ နင်ကလား .."

"တောက် .."

မေးပုံက ပခုံးနှစ်ဖက်ကိုင်ပြီး နှစ်ဖက်စလုံးလည်ထွက်သွားအောင် ကိုင်ပေါက်ပစ်လိုက်ဖို့ပဲကောင်းတော့သည်။

ကြေးဥစိမ်းရောင်လေးနှင့် ရေစိုဆံပင်တွေ မသေမသပ်ကပ်တွယ်နေသော မျက်နှာလေးသည် ရေစိုနေသည့် မျက်တောင်ကော့ကော့လေးတွေ ဖြန့်ကပ်လျက် မသိတတ်ဆိုးရွားသော မေးခွန်းတွေနှင့် ငေးနေသည်။

ထိုစဉ် မိုးက ပို၍အားကောင်းဖွာ သည်းမည်းချလာသဖြင့် ရေပြန်လှည့်လိုက်လျှင် ...

"သမယ .. မမောင်းနဲ့ဦး .."

မီ က သမယ ပခုံးကို ကိုင်ထားသည့်မျက်နှာသုတ်ပဝါနှင့် လှမ်းရိုက်လိုက်ကာ ..

"နင်ဒီတိုင်းပြန်မောင်းလို့မရဘူး၊ ငါ့ကို ခေါ်သွားပြီး ဘာလုပ်စေချင်တာလဲ၊ ငါ့ကို ဒုက္ခမပေးပါနဲ့၊ လူတိုင်းမှာ ဒေါသဖြစ်ခွင့်တယ်၊ တုံ့ပြန်နိုင်တယ်၊ ငါ့မှာ ဘာမှမရှိပါဘူး၊ ငါတတ်နိုင်တာ အားလုံးနဲ့ ဆေးအောင်ထွက်သွားဖို့ပဲ၊ ကားရပ်ပေးပါ၊ ငါပြောတာကို နားထောင်ပါဦး .."

"မီ ..."



သူ တအားအော်ပစ်လိုက်ရင်း ကားကို လမ်းဘေးချရပ်လိုက်သည်။ မျိုသိပ်ထားရသည့်ဒေါသတွေက မိုးသံလေသံထက် ပို၍ပြင်းရှနေခဲ့လျှက် -

"လူတိုင်းမှာ ဒေါသဖြစ်ခွင့်ရှိတယ်ဆိုတာ ဘာလဲ၊ တုံ့ပြန်နိုင်တာ ဘယ်သူလဲ၊ ရှုံးပါပြီဆိုပြီး အသံတိတ်ထွက်သွားတာက အရှုံးပေးသွားတာ .. ဟုတ်လား .. နင် အားလုံးကို စော်ကားသွားတာလေ၊ နင့်ကိုချစ်နေတဲ့လူတွေအားလုံးကို ဒီလုပ်ရပ်နဲ့ စော်ကားခဲ့တာ .."

"အဲဒီလိုဖြစ်သွားရင်လည်း ငါဘာလုပ်လုပ် အဲဒီလိုတွေဖြစ်နေလို့ပဲ သမယ၊ ငါ အစကတည်းက မှားခဲ့တာ၊ နင်တားနေပေမယ့် ငါ့ဇွတ်တိုးခဲ့တယ်၊ ဒါပေမယ့် မှားတဲ့လုပ်ရပ်က မမှန်တဲ့လမ်းကြောင်းပေါ် ထပ်ရောက်သွားခဲ့တဲ့အတွက် အားလုံးကို ခါးစည်းခံခဲ့ရတာလည်း ငါပဲ .."

"ဘာ .. အဲဒါ ဘာပြောလိုက်တာလဲ .."

"နင်နဲ့ ချစ်တိုင်း .. ဘယ်သူကမှ အလျှော့မပေးချင်တဲ့ မာနတွေနဲ့လေ၊ နင်တို့ချင်း ပြိုင်ကြဆိုင်ကြဖြစ်လာတဲ့ကြားမှာ ငါက ..."

ခုကျတော့ ဒီမျက်နှာလေးက ခပ်ဖွာဖွာမိန်းကလေးတစ်ယောက်လို မျက်ဝန်းလေးတွေ ရူးတောက်နေကာ မျက်ခုံးလေးတွေ စုကျုံ့သွားလိုက်၊ ပင့်တက်သွားလိုက် ..။

"ငါ့စိတ်ထဲမှာရှိတဲ့အတိုင်း ငါပြောမိတာလည်း ဒဏ်ခတ်ခံရတယ်"

"ဒဏ်ခတ်တယ်ထင်ရင် အဲဒီကတည်းက လက်မထပ်နိုင်ပါဘူးလို့ ငြင်းလိုက်ပါလား၊ အများကြီးပြောဖို့မလိုဘူး၊ 'ဟင့်အင်း' တစ်ခွန်းပဲ.."

"ဟုတ်တယ်၊ မငြင်းခဲ့မိတာလည်း ငါ့အပြစ်ပဲ .."

"ခုမှသိတာလား၊ နင့်စိတ်ထဲမှာ လိုချင်တာလည်းမရှိဘူး၊ မလိုချင်တာလည်းမဖြစ်ဘူး၊ ငါ့ကိုလည်း လက်ခံတယ်၊ ဟိုကောင်နဲ့ကျတော့လည်း ... ကျွတ် .."

မျက်နှာ ဆတ်ခနဲ လှည့်သွားပြီး စုတ်သပ်ပုံက လူကို ရှုံ့သွားတာမျိုး ..။

မီ ရင်ထဲမှာ နင့်သွားသည်။ ပြီးတော့ ရှက်သည့်စိတ်နှင့် လက်သီးလေးနှစ်ဖက် ဆုပ်ကျစ်ထားမိကာ ...

www.burmeseclassic.com

www.burmeseclassic.com



"နင်ပြောတာ အကုန်မှန်တယ်၊ ချစ်တိုင်း ကို နင်စိန်ခေါ်ခဲ့တာလည်း ငါမသိ၊ ချစ်တိုင်း က ဘယ်တော့မှ အလျှော့ပေးမှာမဟုတ်မှန်းလည်း မသိခဲ့ဘဲ အိမ်ရာဝင်းထဲထိတောင် လိုက်သွားခဲ့သေးတယ်၊ သူများတွေပိုင်းပြောချင်အောင် ငါပဲ အနေအထိုင်မတတ်တာ၊ ငါက အဲဒီလို မိန်းမပဲ .."

"မိ .. .."

"ဟင့်အင်း .. လွှတ် .."

တံခါးလှည့်ဖွင့်လိုက်သဖြင့် သမယ အမိအရလှမ်းဆွဲလိုက်ပေမယ့် မမိ ..။

"မိ .. ဘာလုပ်တာလဲ၊ တောက် .."

မိ က မိုးရေထဲကို ဆင်းထွက်လိုက်ပြီး နောက်ကို တစ်ချက်လှမ်းကြည့်၏။ မိုးစက်တွေကြောင့် ဆံပင်တွေကိုလည်း သပ်လို့မနိုင်။ မျက်နှာကိုလည်း ပွတ်သပ်ချနေရလျက် ...

"ဂျိမ်း .. .."

တံခါးပိတ်သံကြောင့် သမယ ထွက်လိုက်လာပြီမှန်း သိလိုက်သည်။ ထို့ကြောင့် အဝေးပြေးကွင်းဘက်ကို နောက်ကြောင်းပြန်ပြေးခဲ့၏။

ကားကြီးကွင်းထဲရောက်လျှင် ချက်ချင်းထွက်မည့်ကားနဲ့ ဘယ်ရောက်ရောက် လိုက်သွားမည်။ ခုံနေရာမရလည်း ဘယ်လိုပဲထိုင်ရပါစေ၊ ဒီနေရာကနေ ထွက်သွားခွင့်ရဖို့က လိုရင်း ..။

ပြေးထွက်ခဲ့ရင်း တစ်ခါတည်း ဆုံးဖြတ်မိ၏။ သို့သော် ..

"မိ .. .."

သမယ သူမနောက်ကိုရောက်လာကာ လက်မောင်းတစ်ဖက်ကို ဆွဲလှည့်ပစ်လိုက်သဖြင့် နှစ်ယောက်စလုံး ယိမ်းယိုင်လုံးထွေးသွား၏။

"ဖယ် .. လွှတ် .. နင် ငါ့ကို ဒီတိုင်းပြန်ပို့ဖို့ မကြိုးစားနဲ့၊ မလိုက်ဘူး .."

"မိ .. ဘယ်လိုဖြစ်နေတာလဲ၊ အေးအေးပြောစမ်း .."

"ဟင့်အင်း .. ငါ့ကိုလွှတ် .."

မိုးရေထဲမှာ သမယ အတင်းပြန်ဆွဲခေါ်နေရကာ ပါတော့ပါလာပေမယ့် မိ က ငိုလည်းငိုလျက် ရုန်းကန်ထုနက်နေရင်း ..



"နင် ငါ့ကို မကျေနပ်ချက်တွေနဲ့ လိုက်ခေါ်တာ .. ငါ ရည်းစားထားချင်ခဲ့တာတွေ အစကနေ ပြန်တိုင်ပြောမလို့၊ တောက်လျှောက် ငါ ထင်ရာလုပ်ခဲ့တာတွေ မေမေ့ကိုပြန်တိုင်ပြီး နင့်မှာ အပြစ်မရှိကြောင်း သက်သေပြချင်လို့ .."

"ထင်ရာတွေ လျှောက်ပြောမနေနဲ့၊ ကားထဲဝင် .."

"ဟင့်အင်း .."

တံခါးဖွင့်မလို့လုပ်ကာမှ မိ က တံခါးကို ကိုယ်နဲ့နောက်ပြန်ဖိတပ်ထားလိုက်ပြီး အတင်းရုန်းနေ၏။ ချမ်းလည်းချမ်းနေသည်။ ဒေါသဖြစ်နေတာကို ထိန်းချုပ်နေရတာလည်း ပြောဆိုမရလေ ပိုဆိုးလေ ..

သမယ မိ့မျက်နှာလေးကို ဖျတ်ခနဲ ဆွဲယူလိုက်ကာ ..

"ဂျိမ်း .."

လျှပ်ရောင် ဝင်းခနဲ လက်သွား၏။ မိ့ တစ်ကိုယ်လုံးကို ကျင်စက်နှင့် တို့လိုက်ရသည့်နှယ်။

လျှပ်တပြက်အမှောင်ထုကြီး ပြန်ဖြစ်သွားလျက် မိုးခြိမ်းသံကြောင့် သမယ ကို ပြန်ဖက်ထားလိုက်မိလျက် ..။

မိုးစက်များနှင့် ရောထွေးနေသော်လည်း အနမ်းတွေက နွေးနေသည်။ သမယ ကိုယ့်ကိုယ်ကိုယ် ဘာလုပ်လိုက်မိမှန်း မသိသလို ဘာကြောင့် ဖြစ်သွားမှန်းလည်းမသိ။

ဒါပေမယ့် မိ့ကို နမ်းလိုက်သည့်အချိန်မှာ မိုးစက်တွေကိုရော၊ ဓတ်ဝန်းကျင်ကိုပါ မေ့လျော့သွားခဲ့၏။

ရင်ခုန်သံတို့နှင့်အတူ အချစ်သည် လျှပ်စီးကြောင်းကဲ့သို့ လျှပ်တပြက်စီးဝင်ဖြန့်ကျက်ခဲ့လျက် မိ့ကိုယ်လေးကို ဘယ်လောက်တောင် ဖွဲ့ပိုက်ထားခဲ့မိမှန်းလည်းမသိ။

နောက်ထပ်မသိတာက ...

ချမ်းလို့လား .. ၊ ချစ်လို့လား ..။

www.burmeseclassic.com



## အခန်း (၄၁)

"ကဲ .. ဖျားကြတာချင်းအတူတူ မီ က သိပ်မဖြစ်လိုက်ဘဲနဲ့ သမယ က ဘာဖြစ်လို့ မပျောက်နိုင်ရတာလဲ .."

"မသိပါဘူးကွယ် .. မေးသာကြည့်ပါတော့ .."

ဒေါ်ခင်မီကို မျက်နှာက ပြုံးကြည်နေကာ ဒေါ်လေးလေးနွယ်က လည်း သမယ နဖူးကဆံပင်တွေကို ချစ်စနိုးအကြည့်တို့နှင့် သပ်တင် ပေးနေရင်း ..

"ကိုယ်ပူတော့ ပြန်မတက်တော့ပါဘူး၊ အဟွန်း .. မေမေသိတယ်၊ ဒီကောင်လေး ပြုစုခံချင်နေတာ .."

"မဟုတ်ပါဘူး မေမေရာ၊ မေမေတို့ ကျွန်တော့်ကြောင့် ပင်ပန်း နေတာ ကျွန်တော် ငရဲတောင်ကြီးသေးတယ် .."

ဒေါ်လေးလေးနွယ် က ထရပ်လိုက်ရင်း သံတွဲ တို့ဘက်ကို လှည့် ကြည့်ပြီး ရယ်ကာ ...

"တွေ့လား .. အန်တီပြောတာကို သူ သဘောပေါက်သေးဘူး"

"ဟုတ်တယ် လေး ရေ ..၊ လာ ..လာ .. သားသဘောပေါက် အောင် သူ့သူငယ်ချင်းတွေ ရှင်းပြလိမ့်မယ် .."

အမေနှစ်ယောက် လက်ချင်းချိတ်၍ ထွက်သွားကြ၏။

"ခုမှပဲ စိတ်ချမ်းသာတော့တယ် ခင်ရယ်၊ ပြဿနာတွေ အကြီး ကြီး ထဖြစ်ကုန်တော့ သားအဖေပြန်လာရင် ဘယ်လိုပြန်ပြောရမလဲ



ဆိုပြီး ငုတ်တုတ်ထိုင်ရင်း မျက်ရည်တောင်ကျမိတယ် .. တကယ်ပါပဲ .."

"ဟုတ်တယ် .. ခင်ဆိုရင် ခဏခဏအငိုရတာ .."

လူကြီးတွေပြောသွားတာကို ကြားလိုက်ရသဖြင့် သံတွဲ နှင့် မြန်အောင်တို့ စိတ်မကောင်းဖြစ်သွားကြသည်။

"ကြားလား သမယ .."

"ကြားတယ် .."

သမယ အသံက မာဆတ်ဆတ်ပြန်ဖြေရင်း ခါးထိခွဲခြုံထားသည့် စောင်ကို ခွာချပစ်လိုက်သည်။ ဖက်လုံးနှင့်ခေါင်းအုံးတွေ စုထပ်ပုံလိုက် ပြီး ခပ်လျှော့လျှော့ မှီထိုင်၏။

"မီဘမျက်ရည်တစ်စက် .. သားသမီးဆင်းရဲ တစ်သက် တဲ့၊ အဲဒါ ကြောင့် ငါ ငရဲကြီးမခံနိုင်လို့ ဟိုဝရမ်းပြေးကို အမိအရ ပြန်ဖမ်းလာခဲ့ တာ .."

"သြော် .. အင်း .. ငရဲကြီးမှာစိုးလို့ .."

"ဟုတ်တယ် .."

"ခုဆို ပြောတုန်းနော် .."

"ပြောနေတဲ့ရုပ်ကြီးကို ကြည့်ပါဦးကွာ၊ သံပုရာသီးတစ်ဖက် တစ်ခြမ်း သွားကြားညှပ်ထားပြီး ဘာမှမဖြစ်သလို နေပြတဲ့ရုပ်ကြီးပါ"

မြန်အောင့်စကားကြောင့် သမယ လှစ်ခနဲ ပြုံး၏။ သံတွဲ က လူရော ခံရော သမယ နှင့်နီးအောင် ရွှေ့ထိုင်လိုက်ရင်း ..

"ဘယ်လိုလဲ .. မင်းတို့လင်မယား ကြင်ကြင်နာနာ ပေါင်းတော့ မှာလား .."

"အဲဒါ မင်းအပူပါလား .."

"ပူရတာပေါ့ကွ၊ အိမ်ရှေ့ပူ အိမ့်နောက်မချမ်းသာ .."

"မချမ်းသာရင် နောက်ဖေးတံခါးဖွင့်ထွက်သွားလိုက် .."

"သံတွဲပြောတာဟုတ်တယ် သမယ၊ မင်းတို့လင်မယား တကယ်ပဲ အင်မယားနဲ့မတူသရွေ့တော့ ရှေ့ဆက်ပြီး အမှောင့်ပယောဂတွေ ဝင် နေဦးမှာပဲ .."



www.burmeseclassic.com

www.burmeseclassic.com



မြန်အောင် ကလည်း အတည်အတံ့ဝင်ပြော၏။

"မင်းရဲ နဲ့ပတ်သက်နေတဲ့စွဲ၊ .. မင်းနဲ့ပတ်သက်ခဲ့တဲ့ .."

"တော်စမ်းပါ .. အဲဒါတွေ .."

"ပြီးတော့ .. ချစ်တိုင်း က ရည်းစားမရှိပေမယ့် သူကိုယ်တိုင်က .."

"ဒီမှာ .. ပါးစပ်နဲ့ ဒါကြီးနဲ့ တွေ့တော့မယ် .."

ချစ်တိုင်း နာမည်ကြားလိုက်တာနှင့် သမယ မျက်နှာ တင်းပြီးသား ဖြစ်သွားခဲ့လျက် ..

"ပြန်ကြတော့ .. မီ နဲ့ ငါ ရှင်းစရာရှိသေးတယ် .."

စူပုပ်ပုပ်မျက်နှာကြီးနှင့် ဖုန်းခေါ်နေကာ ..

"ကျွတ် ..."

"ဘာလဲ .. ခေါ်လို့မရဘူးလား .."

"မကိုင်တာ .."

စိတ်မကြည်တာကနေ စိတ်တိုခြင်းသို့ရောက်ကာ နောက်ထပ် ခေါ်လိုက်၏။ မီ နဲ့ သူ့ကို ပြေလည်စေချင်ကြတာမို့ သူ့မယ မျက်နှာ တင်းနေသဖြင့် သံတွဲ တို့လည်း စိုးရိမ်နေကြ၏။

"ဟား .. .."

"အိပ်နေလားမှ မသိတာကွာ .."

"အေးလေ .. မင်းလိုပဲ သူလည်း လူမမာဥစ္စာ .."

"မရဘူး ..၊ ဒီတစ်ခါမကိုင်ရင် ငါလိုက်သွားမှာ .."

သံတွဲ က ဒါနဲ့များဆိုသည့်မျက်နှာနှင့် မဲ့လိုက်ရင်း ..

"အစကတည်းက ဖုန်းကိုင်မနေဘဲ လိုက်သွားလိုက်ပါလား .."

"အန်တီတို့ကလည်း စောင့်ခြုံတောင်မခွာနဲ့ဦးလို့ပြောတာ .. မင်း ကလည်း ..၊ ငါတို့မလာခင်လေးကမှ အဖျားကျသွားတာ .."

"ဒါကလည်း ရောဂါနဲ့ဆေး မတွေ့သေးလို့ပါ၊ မင်းမသိပေမယ့် ငါသိတယ် .. ဒီကောင် .."

ပြောလက်စက သမယ မျက်လုံးကြီး သူ့ဆီရောက်လာသဖြင့် တိုးလို့တစ်လစ်ဖြစ်လျက် ..



"အဟွန်း .. အဖျားပြန်တက်မှာမဟုတ်တော့ဘူးလို့ .. အဲဒါ .. အဲဒါ .."

ထိုအချိန်မှာ သမယ က နောက်ထပ်တစ်ခါ ဖုန်းခေါ်နေရင်း မီ့ အသံကို ကြားလိုက်ရသဖြင့် ..

"မီ .."

"အင်း .. ဘာလို့ တအားခေါ်နေတာလဲ .."

"ကိုင်မှမကိုင်တာ၊ မကိုင်မချင်းခေါ်နေမှာပေါ့၊ ဒီမှာ .. နင့် .."

သူ ဆက်ပြောမည်ဖြစ်တုန်း ဖုန်းထဲကအသံတိတ်သွားသဖြင့် ပြန် ကြည့်လိုက်မိ၏။

"ဟလို .. ဟ ..."

တကယ်ဖုန်းချပစ်လိုက်တော့ ဒေါကန်သွားမိသည်။ ဖုန်းကို ဘေး မှာချပစ်လိုက်ကာ ခုတင်ပေါ်ကဆင်းဖို့ ခြေနှစ်ချောင်းချလိုက်စဉ် ..

"သမီးရယ် .. တစ်နေ့လည်လေး ဖျားလိုက်တာ .. မျက်နှာလေး ချောင်သွားလိုက်တာ .."

"ဟော .."

မီ ရောက်လာပြီမှန်းသိကာ သံတွဲ ဆတ်ခနဲဖြစ်သွား၏။ မြန်အောင် က ကမန်းကတန်းပြေးလာကာ ကြမ်းပေါ်ချထားပြီးဖြစ်သည့် သမယ ခြေထောက်နှစ်ချောင်းကို ခုတင်ပေါ် ပြန်ဆွဲတင်လိုက်၏။

ပြီးတော့ ရင်ဘတ်ကနေဖိ၍ ပြန်လှဲခိုင်းလိုက်ရင်း စောင်ကို ခါးထိ ဆွဲခြုံပေးလိုက်အပြီး ..

"သားလည်း အပူတွေပြန်တက်နေတာ၊ ခုမှပဲ စိတ်ချရတာ .."

မီ နဲ့ ဒေါ်လေးလေးနွယ်တို့ အခန်းထဲဝင်လာကြ၏။ မီ က အဝါ နုရောင်ဘောင်းဘီရှည်၊ အကျီလက်ရှည်ပွပွလေးနှင့် ဆံပင်တွေကို ဒီ အတိုင်းဖြန့်ချထား၏။

သူ့မ မျက်နှာလေးက ဘာမှလိမ်းမထားလေ၊ နှုတ်ခမ်းနီမှန်း သိသာလေရှိကာ ..။ ထို့ကြောင့်လည်း ..ရုပ်လေးနှင့် ..နေသလိုလို၊ ကလေးငယ်တစ်ယောက်ရဲ့ နှုတ်ခမ်းပုံမျိုးလိုလို ..။

www.burmeseclassic.com



ခန္ဓာကိုယ်ဖိုင့်ဖိုင့်လေးနဲ့ သူမက ဘယ်အချိန်ကြည့်ကြည့် ချစ်စရာလေး ..။

မီ့ မျက်နှာကို တစ်ချက်မှမလွှဲဘဲ လှမ်းကြည့်နေသည့် သမယကို သံတွဲ တို့ကမြင်ပြီး တစ်ယောက်နဲ့တစ်ယောက် မျက်စပစ်ကြ၏။ ပြီးတော့ .. ပြုံးစိစိတွေ ဖြစ်သွားကြရင်း နေရာမှ ထရပ်လိုက်ကာ ..

"အင်း .. ငါတို့လည်း ပြန်သင့်ပြီပေါ့လေ .."

"ဟုတ်တယ် .. အနှင်မခံရခင် ပြန်မှ .."

"အို .. မနှင်ပါဘူးကွယ်၊ မင်းတို့ရှိတော့ သားလည်း စိတ်ပြေလက်ပျောက် စကားပြောလို့ရတာပေါ့၊ နေပါ ..၊ အန်တီက စားသောက်စရာတွေတောင် ပြင်ဆင်နိုင်းထားတာ .."

"ဟုတ်လား .. ဟဲ ဟဲ .. အားနာစရာကြီး .. အန်တီကလည်း .."

မြန်အောင် က စပ်ဖြဲဖြဲနှင့် ..

"ဒါပေမယ့် အပြင်မှာပဲ ဗီဒီယိုလေးဘာလေး ထွက်ကြည့်တော့မယ် .."

"ဟုတ်ဘယ် အန်တီ၊ ကျွန်တော်တို့ မပြန်သေးပါဘူး .."

ပြောပြီး မီ့ ကိုလှမ်းကြည့်ကာ ..

"နင်တို့ကို ရန်ဖြစ်ဖို့ လွှတ်ပေးတာမဟုတ်ဘူးနော် .."

"ဟုတ်တယ် .. ဒီကောင်က ပြောလို့ရတာမဟုတ်ဘူး .."

"အံမာ .. ငါကပဲ ပြောလို့မရတဲ့ကောင်လား .."

ဒေါ်လေးလေးနွယ်ကတော့ ရယ်နေပေမယ့် မီ က သမယ ကို ကြည့်၍ ..

"သိသားပဲ ..၊ ရန်ဖြစ်ချင်လို့စောင့်နေတာ .."

"ဘာပြောတယ် .."

"ကဲ .. ကဲ .. တော်ပါပြီ .."

ဒေါ်လေးလေးနွယ်က မီ့ လက်လေးကိုဆွဲ၍ သမယ ရဲ့မွေ့ရာဘေးထိခေါ်လာတာ ..

"ရန်နဲ့ခင်းတဲ့ သူငယ်ချင်းကမှ ပိုချစ်တ၊ သမီးရဲ့၊ ချစ်နေကြရင်



တောင် နောင်မမုန်းရအောင် 'ချစ်တုန်း မုန်းစကားပြော' ရတယ်တဲ့၊ သမီးတို့က ရန်တကျက်ကျက်ဖြစ်နေကြတော့ နောက်ထပ် မုန်းလောက်အောင် ဖြစ်ဖို့မရှိတော့ဘူး"

သမယ မျက်လုံးတွေမှာ ရယ်မြူးရိပ်တို့ ယှက်သန်းလာကာ ခုထိမှုန်ကုပ်ကုပ်လေးရှိနေသေးသည့် မီ့ကို မော့ကြည့်ကာ ..

"လာနေရင်လည်း လာပြီလို့ ပြောပါလား .."

"မပြောဘဲလာတော့ ဘာဖြစ်သွားနိုင်လို့လဲ .."

"ရန်ဖြစ်ရတော့မလို့တွေ ဖြစ်လာတာပေါ့ .."

သမယ က ထွက်သွားကြသည့် သံတွဲ တို့ကို တစ်ချက်လှမ်းကြည့်ပြီးမှ ..

"ထိုင်လေ .. ဘာလုပ်နေတာလဲ .."

မီ က ဆံပင်လေးတစ်ဖက် နားနောက်ထိုးသိပ်ထည့်လိုက်ရင်း ခေါင်းခါ၍ ..

"နင့်အတွက် အန်တီ စွပ်ပြုတ်လုပ်နေတယ်၊ ငါသွားယူလိုက်ဦးမယ် .."

မီ တစ်ဖက်လှည့်လိုက်လျှင် သမယ က လက်ဖဝါးလေးကို ထပ်ဆုပ်ဆွဲထားလိုက်ကာ ..

"ယူမလာနဲ့ .. ထိုင် .."

ထိုင် ဆိုပြီး လက်ကိုဖိဆွဲလိုက်သဖြင့် မွေ့ရာအစပ်လေးမှာ မီ ထိုင်လျက်လေးဖြစ်သွားသည်။ သမယ က ဖင်ရွှေ့ထိုင်လိုက်ပြီး မီ နဲ့ မျက်နှာချင်းဆိုင်နီး ကပ်သွားမှ ..

"မီ .."

မျက်လုံးချင်းဆုံအောင် လိုက်ငုံ့ကြည့်ကာ ..

"နင်ကျောင်းမတက်နဲ့တော့လေ .."

"ဘာ .."

"ငါအတည်ပြောနေတာ၊ သံတွဲ တို့ဆီက သတင်းကြားတယ်၊ ငါတို့ ကျောင်းပြန်တက်ရင် ပြဿနာတစ်ခုမဟုတ်တစ်ခု ထပ်ရှိလာဦးမှာပဲ .."

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် ငါ မန္တလေးပြန်ဖို့ ဆုံးဖြတ်တာပေါ့၊ ဟိုမှာပဲ .."

"ဟိုပြောင်းဒီရွှေ့နဲ့ လွယ်တယ်များမှတ်နေလား .."

"မလွယ်ကာနဲ့ပဲ ငါက ဘွဲ့မယူရတော့ဘူးလား၊ အဓိပ္ပာယ်မရှိတာ .."

သူကိုင်ထားသည့်လက်ကို မီ က ခါချသည်။ သူ က ဖွတ်ဖိကိုင်ထားရင်း ..

"မဟုတ်ဘူးလေ၊ စာလေးစာယူပြောင်းလိုက်ရင် ရတာပဲ၊ ဘယ်လိုပဲပြောင်းပြောင်း တစ်နှစ်တော့ အောက်သွားမှာပဲဟာ .."

"ဟောအေး .. ငါ ရန်ကုန်မှာ မနေချင်တော့ဘူး၊ ဒေးလည်းမတက်ဘူး၊ အဒေါ်သင်နဲ့လည်း မနေဘူး၊ နေကိုမနေချင်တာ .."

"ဒါဖြင့် .."

"နေကောင်းရင် မန္တလေးပြန်မှာ .."

"ငါကရော .."

မီ နဲ့ သမယ မျက်လုံးချင်းဆုံသွားသည်။ မီ့မျက်ခုံးတန်းလေးတွေ တွန့်ကွေးသွားပုံက သူပြောတာကို နားမလည်သလိုလို ..။

"ပြောစမ်းပါ၊ ငါက နင်ဘာလုပ်လုပ် ဘာမှပြောခွင့် တားခွင့်မရှိတဲ့သတ္တဝါလား .."

"ပြဿနာဖြစ်လာရင် နင်ရော ငါရော စိတ်ညစ်နေတာပဲမဟုတ်ဘူးလား၊ ငါပြောတာ နင်ရော ငါရော အဆင်ပြေဖို့လေ .."

"အဲလိုထွက်သွားလိုက်ရင် နင်အဆင်ပြေမယ်ပေါ့ .."

"ဒီအဖြစ်တွေကို အလွယ်တကူတော့ ဘယ်မေ့လို့ရမလဲ၊ ချက်ချင်းကြီးအဆင်မပြေပေမယ့် .."

"မီ .."

သမယ မီ့လက်ဖမောင်းနှစ်ဖက်ကို ဆုပ်ကိုင်ပြီး အံကြိတ်ခေါ်သည်။

"နင် အလွယ်တကူမမေ့လို့မရမယ့်အဖြစ်တွေထဲမှာ ငါပါရဲ့လား ပြန်စဉ်းစားပါဦး .."

"သမယ .."

"ပြော .. ငါပြောတာ ဘာနားမလည်စရာပါနေသလဲ၊ နင်နဲ့ငါ



လက်ထပ်ထားတာ တိုင်းသိပြည်သိလေ .."

"ဒါပေမယ့် ချစ်တိုင်း နဲ့ သတင်းကြီးသွားခဲ့တာကို ငါရှက်တယ်၊ ငါ့ရဲ့လက်ထပ်ပွဲကို သတိလည်း မရချင်ဘူး၊ ရင်လည်းမဆိုင်ချင်ဘူး၊ နင်လည်း စိတ်လိုက်မာန်ပါ ဆုံးဖြတ်ခဲ့တာပဲ၊ ခု လက်ထပ်ထားပေမယ့် နောက်ကြာလာရင် ငါတို့ချင်း နားလည်မှုနဲ့ .."

"ဘာလုပ်မလဲ .."

မီ က နားမလည်သလိုပြန်ကြည့်ကာ ..

"နင် ငါ့ကို အမြဲပြောချင်ဆိုချင်နေတဲ့ ဒေါသတွေကို ငါနားထောင်နိုင်တော့ဘူး သမယ .."

"ပြော .. ပြော .."

"နင် ငါ့အပေါ်ကောင်းခဲ့တယ်၊ ခုလည်း ငါ့အတွက် စိတ်ပူနေတုန်းပဲ .."

"သိသေးတာပဲ .."

"ဒါပေမယ့် ငါ့အပေါ်မှာ အမြဲတမ်း ဒေါသတွေထွက်နေတာ နားမလည်နိုင်ဘူး .."

ပြောရင်း သူမ က ငိုဖို့တာစူနေလေသည်။ မျက်ခမ်းစပ်စပ်လေး တွေ၊ နှာသီးဖျား၊ နှုတ်ခမ်းဖျားလေးတွေ ရဲတက်လာလျက် ...

"နင်ကမှ ဒေါသတွေထွက်နေရင် ငါ့မှာ အားကိုးစရာမရှိတော့ဘူး .."

သေစမ်း ...။

မီ တကယ်ကို ခံစားနေခဲ့တာပါလား ..။

စိတ်တွေလည်း ညစ်ရပါ၏။ သူ ဘယ်လိုပြောရမလဲ။

တိုယ်တိုင်တောင် ကိုယ့်ကိုကိုယ် ဘာတွေဖြစ်နေမှန်း မသိခဲ့တာ။

"အခု အဲဒါတွေပြောပြချင်လို့ လာခဲ့တာ၊ နင်နဲ့ငါ နားလည်မှုရှိရင်း မေမေတို့လည်း စိတ်မညစ်ရအောင် .."

"ငါနားလည်မပေးနိုင်ဘူး .."

သမယ မျက်ဝန်းတို့က စူးရဲနေခဲ့လျက် ..။

"လက်ထပ်တုန်းက စိတ်လိုက်မာန်ပါဖြစ်ခဲ့ပေမယ့် လက်ထပ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



တဲ့အတွက် ငါတစ်ခါမှ နှောင်တမရခဲ့ဖူးဘူး၊ တာဝန်ကြီးတစ်ခုလို လည်း မတွေးမိခဲ့ဘူး ..”

“ဟုတ်မှာပေါ့၊ လက်ထပ်ပြီးကတည်းက ပြဿနာတွေ ရှင်းနေတာကိုး၊ လက်ထပ်တာ ဘာလဲဆိုတာ ငါတို့စဉ်းစားချိန်မှ မရခဲ့တာ..”

“အခု စဉ်းစားပြီဆိုရင် ဘာတွေအဖြေထွက်နိုင်မလဲ ..”

“ဟင် ..”

“လက်ထပ်တာ ဘာလဲ ဆိုတာလေ ..”

မီ က ကြောင်တောင်တောင်လေး ပြန်ကြည့်နေ၏။ သမယ က မျက်နှာလွှဲလိုက်ရင်း မဲ့လိုက်ကာ ..

“ငါ့မှာ ရည်းစားတွေရှိခဲ့တယ်၊ ဒါနဲ့တောင် နင်နဲ့ပတ်သက်ပြီး အနှောင့်အယှက်ဖြစ်တယ်လို့ တစ်ခါမှ မခံစားခဲ့ရဖူးဘူး၊ နင်က ငါ့ကြောင့် အနှောင့်အယှက်ဖြစ်နေတာလား ..”

မီ ရုတ်တရက် ဘာဖြေရမှန်းမသိ ဖြစ်သွား၏။ လက်ထပ်ခဲ့ခြင်းကြောင့် သူမ သိက္ခာကျ၊ အရှက်ရခဲ့ရတာတွေက အမှန်ဖြစ်ပဲဖြစ်သည်။ ဒါက လက်ထပ်ပွဲနဲ့ပဲဆိုင်တာလား၊ သမယ ကြောင့်လားဆိုတာ ..။

“မီ .. နင်က ငါနဲ့ကွာရှင်းဖို့ စဉ်းစားနေတာလား ..”

မီ ကမပြော ..။

ဒါပေမယ့် ဟုတ်တယ် ဆိုသည့်အဖြေကို ဆိတ်ဆိတ်ကြည့်နေသည့်မျက်ဝန်းလေးတွေက ပြောနေကြ၏။

“ငါ့ကို နင့်ရဲ့ယောကျ်ားအဖြစ် ဘယ်လိုမှ မသတ်မှတ်နိုင်ဘူးပေါ့”

မီ့နှုတ်ခမ်းလေးတွေ ပွင့်ဟသွားသည်။ တစ်ခုခုပြောတော့မည် ထင်ပြီး စိုက်ကြည့်နေခဲ့ပေမယ့် ဘာမှမပြောဘဲ ဖိပိတ်ပစ်လိုက်၏။

“ဖြေစမ်းပါ ..၊ ဒီမေးခွန်းကို ခုမေးဖို့လိုနေပြီ၊ နင်လည်း မဖြေဘဲ ထွက်သွားဖို့ မစဉ်းစားနဲ့ ..”

“နင်ကရော ..”

သမယ တစ်ချက်အမ်းသွားကာ မျက်နှာလွှဲလိုက်မိ၏။ သို့သော် ချက်ချင်းပြန်လှည့်ကြည့်ကာ ..



“ငါအရင်မေးထားတာပဲ ဖြေပါ ..”

“ငါဖြေလိုက်ရင် .. နင် ..”

“ငါစိတ်ဆိုးမယ့်အဖြေလား ..”

“နင့်စိတ်ထဲမှာရှိနေသလို ငါလည်းဖြေချင်တာပါ၊ အဲဒါကြောင့် ငါဖြေလိုက်လို့ နင်စိတ်တိုင်းမကျရင် ..”

“လုပ်ပါ ..၊ ခု ဒီအခန်းထဲမှာ ငါတို့ရန်မဖြစ်စေရဘူး၊ ကတိပေးတယ် ..”

မီ က လက်ဖဝါးချင်း ပွတ်ဆုပ်နေရင်း မျက်လွှာချသွားကာ ..

“ငါ နင့်ကို သူငယ်ချင်းလိုပဲ ..”

“မရဘူး ..”

သမယ ထောင်းခနဲ စိတ်တိုသွားကာ ကိုယ့်ကိုကိုယ် နားမလည်နိုင်ဘူးထင်ခဲ့သည့်စိတ်က သည်းမခံနိုင်စွာဖြင့် ..

“မီ ..”

“သမယ .. အား . လွှတ်ဦး .. နာတယ် ..”

သူ မီ့လက်ကောက်ဝတ်လေးတစ်ဖက်ကို စိတ်လိုက်မာန်ပါ ဆွဲကိုင်လိုက်ပြီးမှ အနည်းငယ်ပြန်လျော့၍ ...

“ငါ နင့်ကိုကွာမပေးဘူးဆိုတာ ခုတစ်ခါတည်းဖြေလိုက်လို့ရတယ်၊ အဲဒီတော့ ဘာဆက်လုပ်မလဲ ..”

“အဲဒါ နင့်ကိုမေးရမှာ ..၊ နင် ဘယ်သူနဲ့ပြိုင်ဆိုင် အနိုင်လုဖို့ ရှိနေလို့လဲ၊ ငါ့ကို ဘယ်အချိန်ထိ ..”

“မီ ...”

“ငါ့ကိုမကိုင်နဲ့ .. လွှတ် ..”

မီ က မျက်ရည်တွေ ဝဲလာခဲ့လျက် ..

“ငါအရမ်းရှက်တယ်၊ နင့်ကိုလည်း ကိုယ့်သူငယ်ချင်းလိုပဲ မြင်ခဲ့တာ၊ မင်းရဲ ကိုလည်း ငါ လူကြည့်ခံချင်တဲ့စိတ်နဲ့ပဲ၊ တခြားဘာမှ တစ်ခက်လို့မဟုတ်ဘူး၊ ချစ်တိုင်း က ငါ့ကို ဟိုးအစကတည်းက သူငယ်ချင်းလို့ ဂရုစိုက်နွေးထွေးပေးခဲ့လို့၊ ဒါပေမယ့် အဲဒီယောကျ်ားလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



အားလုံးက တက္ကသိုလ်က ကင်းတွေဖြစ်နေတယ် ..."

နှစ်ယောက်ရန်ဖြစ်ဖို့ရှိလာပြီဆို ဒီအကြောင်းတွေ မပါမပြီးဖြစ်နေရခြင်းက စိတ်ပျက်ဖွယ်ပင်။ ဒါပေမယ့် ဒါကြောင့်ပဲ လက်ထပ်ဖြစ်ခဲ့ကြတာက အမှတ်တရမို့ ...။

"ငါ့နားမှာရှိနေတဲ့ သမယ ဆိုတဲ့နှင့်ကို နံပါတ်စာစ်ကင်းမှန်း မသိခဲ့တာ ငါ့အတွက် အဆိုးရွားဆုံးပဲ ..."

"အဲဒါတွေ ပြန်မပြောနဲ့တော့ မီ၊ အခု ငါတို့ လက်ထပ်ပြီးပြီ၊ လက်ထပ်ခဲ့ကြတာ လူကြီးတွေကိုယ်တိုင် တခမ်းတနား စီစဉ်ပေးခဲ့တာ ..."

"လူကြီးတွေကိုယ်တိုင်ပေမယ့် ပေါင်းရမှာက ငါတို့လေ ..."

"အဲဒါတော့ ဘာဖြစ်လဲ ..."

"ငါနဲ့ နင်က မတန်ပါဘူး၊ အဲဒီခံစားချက်တွေကိုလည်း မခံစားနိုင်တော့ဘူး၊ သူများထပ်စော်ကားမှာလည်း ..."

"နောက်ထပ် ဘာမှမဖြစ်စေရဘူးဆိုရင် ကျေနပ်မလား ..."

"သမယ .. ငါပြောနေတာ နင့်အတွက် ..."

"ငါ့အတွက်မလိုဘူး၊ နင့်ကိုလက်ခံနိုင်တယ်လို့ ပြောနေတာက ငါ...၊ နင်ထပ်ပြီး ထွက်ပြေးဖို့မကြိုးစားရင် ပြီးပြီ ..."

မီ က သူ့မျက်နှာကို အကြာကြီးငေးကြည့်နေ၏။ ပြီးမှ ...

"နင် ငါ့ကိုသနားနေတာလား သမယ ..."

"အင်း .. သနားစရာသတ္တဝါလေးကိုး ..."

"ငါ အတည်မေးနေတာ ..."

"သနားတာမဟုတ်ဘူး၊ ငါ့မိန်းမအဖြစ်က နုတ်ထွက်ခွင့်မပြုနိုင်တာ ..."

ပြောပြီး မီ့မျက်နှာလေးရှေ့မှာ သူ့မျက်နှာ ထပ်ကပ်လိုက်ရင်း ...

"မီ .. ငါ နင့်ကိုနမ်းခဲ့တုန်းက နင်ဘာမှမဖြစ်ဘူးလား ..."

ငေးကြည့်နေသည့်မျက်နှာလေး ဖျန်းခနဲ ရဲတက်သွားသည်။ ပြီးတော့ ချက်ချင်းငုံ့ချပစ်ကာ ...

"ဘာတွေ မေးနေတာလဲ ..."



သူမ မျက်နှာလေးကိုကြည့်ကာ သမယ ပျော်သွားသည်။ ပျော်သွားမိသည့် ကိုယ့်ကိုယ်ကိုယ်လည်း နားလည်သွားခဲ့၏။ သူ မှီ မျက်နှာထို အုပ်ကွယ်နေသည့် ဆံပင်တွေကို အသာလေးသိမ်းတင်လိုက်ပြီး မျက်နှာ လေးကိုငုံ့ကြည့်၍ ...

"အခု ရင်တွေခုန်နေပြီမို့လား ..."

"လျှောက်ပြောမနေနဲ့ ..."

သူ ဘယ်ကိုကိုင်ကိုင် မီ က ပုတ်ခတ်ဖယ်ချပစ်ရင်း မျက်နှာလည်း မော့မလာတော့ပေ။ သမယ က ရှေ့ထပ်တိုးပြီး သူမရဲ့ပခုံးတစ်ဖက်ပေါ် လက်တင်၍ နဖူးချင်းထိကပ်လိုက်ကာ ...

"သိလား .. အဲဒီရင်ခုန်သံတွေက ဖြစ်လာပြီးရင်ပြန်ပျောက်မသွားဘူး..."

"မဟုတ်ပါဘူး၊ ငါကြောက်လာရင်လည်း ရင်တွေခုန်လာတာပဲ"

"မတူဘူး၊ မတူမှန်းသိအောင် မျက်လုံးခဏမှိတ်ပြီး ခံစားကြည့်လိုက်ပါလား ..."

"ဟင့်အင်း ..."

မီ ခြေဖျားလက်ဖျားလေးတွေပါ အေးလာသလိုခံစားရကာ သူ့ရှေ့ကနေ ထပြေးဖို့ ကြိုးစားတော့သည်။ သမယ က ပခုံးပေါ်တင်ထားသည့်လက်နဲ့ မီ့လည်ကုပ်လေးကို မျက်နှာရှောင်သွားလို့မရအောင် ဆွဲတပ်ထားလိုက်ပြီး ..

"ညာဖို့မကြိုးစားနဲ့တော့၊ သူငယ်ချင်းအဖြစ်က ကျန်ခဲ့ပြီ ..."

"နင် ... နင်ကရော ..."

"အဟွန်း ..."

သူ ရယ်လိုက်မိသည်။ ဒီလောက် တကောက်ကောက်လိုက်ဖမ်းနေရတာ ဘာကြောင့် မသိဘူးလား ...။

"နင့်ကို ဆုံးရှုံးမခံနိုင်လို့ ကွာရှင်းမပေးနိုင်ပါဘူးဆိုတာ ဘယ်သူလဲ ..."

မီ သူ့ကို မယုံနိုင်စွာ ကြည့်မိလေသည်။ နမ်းခဲ့ကြတုန်းက ရှက်

www.burmeseclassic.com

www.burmeseclassic.com



လွန်းလို့ လဲကျသေသွားမလားထင်ရပေမယ့် အဲဒီတုန်းက ရင်ခုန်သံတွေ သတိမထားမိခဲ့ပါ။

ဒါပေမယ့် ဒီအဖြစ်ကို ခု စပြောလိုက်တာနှင့် ရင်ခုန်သံတွေ ချက်ချင်းအကြမ်းပတမ်းသေဖြစ်လာတာ သူပြောသလို မပျောက်ပျက်တော့တာမျိုးလား ..။

"ရင် .. ရင်ခုန်တာကို အချစ်လို့ခေါ်သလားဟင် .."

"ပြောကြတာပဲ .."

"နင်ရော .."

သူမ ထပ်မေးပြန်ပါပြီ။

"နင် ရည်းစားတွေထားခဲ့တုန်းကအတိုင်း .. ခု .."

"ဘယ်တူမလဲ .."

"ဟင် .."

မီ မျက်နှာလေး ပျက်ရာ၏။

"ရည်းစားရှိတာနဲ့ အချစ်ရှိတာ မတူဘူးထင်တာပဲ .."

ဒါ ဘာပြောတာလဲ ..။ မီ နားမလည်ပါ။

"ငါကိုယ်တိုင်လည်း သိပ်တော့မသိဘူး၊ ဒါပေမယ့် ငါရည်းစားထားတာ တွဲတာ ဘယ်တုန်းကမှ ပြဿနာမရှိခဲ့ဘူး၊ သူတို့ကြောင့် တစ်ခုခု စိတ်ရှုပ်လာရင်လည်း ဆက်ပြီးသည်းမခံချင်ဘူး၊ ဖုန်းသံကြားရင်တောင် တက်ခေါက်မိတာမျိုး .."

ပြောပြီး ဆံပင်တွေကို သိမ်းယူလိုက်သည်။ ပြီးတော့ နဖူးချင်းထိလိုက်ပြီး ..

"နင့်အတွက် ငါဘယ်တော့မှ စိတ်ပျက်တာမရှိခဲ့ဘူး .."

"တက်တွေခေါက်၊ လူကို အော်ငေါက်ပြီးတော့များ .."

"အဲဒီဒေါသတွေအကြောင်း နင်မှနားမလည်ဘဲ .."

"ဘာဖြစ်တဲ့ဒေါသတွေလဲ .."

"စိတ်ပျက်ခြင်းမပါတဲ့ အမြဲတမ်းဖြစ်နေမယ့် ဒေါသတွေ .."

"အမြဲတမ်းဖြစ်နေမယ် .. ဟုတ်လား .."



မီ ဖျတ်ခနဲ မျက်နှာမော့လာသဖြင့် သူ မိုဝခုံးလေးကို ဆွဲထုတ်ထားလိုက်ကာ ..

"ဟာ .. မလုပ်နဲ့၊ ဟင့်အင်း .."

မီ ရှက်ရှက်နဲ့ အတင်းရုန်းပြီး ထွက်ပြေးဖို့ကြိုးစားသော်လည်း ..

"ဘာဖြစ်လို့ငိုတာလဲ .."

"ငါရှက်တယ် .."

အတင်းနမ်းနေသည့် သူ့ကို ပြန်ဖက်ထားပေမယ့် မီ က ရှိုက်သံလေးတွေထွက်လာအောင် ငို၏။ ငိုနေရင်း စကားပြောတတ်ပေမယ့် ချစ်စရာကောင်းအောင် သူမပဲတတ်နိုင်လေသည်။

"နင့်ကိုယ်နင်မသိလို့ မီ ..၊ နင်အရမ်းချစ်ဖို့ကောင်းတယ် သိလား၊ ငါ့ကိုယ်ငါလည်း မသိခဲ့ဘူး၊ ဒါပေမယ့် နင့်ကို သူများနောက်ပါတော့မလားဆိုတာသိလိုက်တာနဲ့ မရတော့ဘူး"

"မဟုတ်ဘဲနဲ့ .."

"မယုံဘူးလား .."

"နင်နော် .."

မီ သူ့မျက်နှာကို တွန်းပစ်လိုက်ပြီး ရင်ခွင်ထဲမှာ မျက်နှာကပ်ထား၏။

"ဟာ .. ဖွတ်လိုမ့်နေတာပဲကွာ၊ မျက်ရည်သုတ်တာလား၊ ရင်ဘတ်ကို ခိုးနမ်းနေတာလား .."

"မနမ်းပါဘူး .."

"ပြောမလို့ပါ ..၊ နမ်းချင်ရင် ညကျမှနမ်းလို့ .."

"ဘာ .."

"ဒီည ခွဲမအိပ်တော့ဘူး .."

"ဘာ .."

"တစ်ဘာတည်း ဘာနေတာပဲကွာ၊ ဘာတွေအံ့ဩစရာဖြစ်နေလို့လဲ"

"ဘာလို့အိပ်ရမှာလဲ၊ မအိပ်ပါဘူး .."

သူ့ရင်ဘတ်ကို ဖျတ်ခနဲ တွန်းပစ်လိုက်ကာ မီ ထရပ်လိုက်သည်။

www.burmeseclassic.com



သမယ က ချက်ချင်းပြန်ဆွဲမွေ့လိုက်သဖြင့် တွန်းတိုးဆွဲလွဲတာတွေ ဝရုန်းသုန်းကားဖြစ်သွားခဲ့လျက် ..

"ဂျွတ် .. .."

"ဝုန်း .."

"အား .."

ခုတင်သည် တစ်ဖက်စောင်းကျိုးကျသွားကာ မီ ကလည်း ပါသွားခဲ့ပြီး သမယ က သူ့မပေါ်ကနေ ထပ်လျက်သားနှင့် ..။

"သားရေ .."

"ဟော့ .. သမယ ဘာတွေဖြစ် .."

"ကြည့်စမ်း .."

ပြေးဝင်လာကြသူတွေ အခန်းဝမှာပဲ တန်းစီလျက် ရပ်တန့်သွားကြသည်။ ခေါင်းကိုလည်းဆောင့်မိကာ အောက်ကနေ ပိညပ်နေသဖြင့် မီ ဘာကိုမှသတိမရ။

"ဖယ်ပေးလေ .."

"ဖယ်နေပြီ .. လာ .. ထ.."

သူတို့ တစ်ယောက်ကိုတစ်ယောက် တွဲကူနေကြစဉ်မှာ သံတွဲတို့မျက်နှာတွေ ရယ်ချင်ပက်ကျိဖြစ်နေကြလျက် ဒေါ်လေးလေးနွယ်နှင့် ဒေါ်ခင်မီကိုတို့ ရယ်ရတော့မလိုလို၊ ပြန်ထွက်ပြေးရတော့မလိုလို ..။

"သားရယ် .."

"ဩော် .. လာပါ ခင်ရယ်၊ ပြောမနေနဲ့ .."

လူကြီးတွေက ဥပေက္ခာထားဖို့ ကြိုးစားသော်လည်း ..

"သွားပါ .. ဒီမှာနာသွားပြီ .."

မီ က သမယ တွဲထူလို့ ထရပ်လိုက်ပြီးမှ လက်ကို ဖယ်ချပစ်ပြီး ရှုံ့မဲ့နေ၏။

"ငါ တမင်လုပ်တာမှမဟုတ်တာ .. နင်ထမပြေးရင် ဘာမှမဖြစ်ဘူး .." ဟုဒွေါ ..။

ဒေါ်လေးလေးနွယ်တို့ အခန်းတံခါးဝမှာပဲ မျက်လုံးတွေ ပြူးကျ



ကြလျက် ခြေလှမ်းတွေ တုံ့ဆိုင်းသွားကြသည်။

"မင်းတို့ကလည်း .. ၊ သမယ ရာ .."

"ဟီး ဟီး .. အစောကြီးရှိသေးတာကို .."

"ဟော့ကောင် .."

သမယ မျက်နှာကြီးနီရဲနေလျက် ..

"အား .. နင်လုပ်တာ .. အဲဒါ .. သေပါပြီ .."

"မီ ဘာတွေလျှောက်ပြောနေတာလဲ .."

"ကျွတ် .. ကျွတ် .. နှုတ်ခမ်းပေါက်သွားပြီလား မသိဘူး၊ အောက်ကလူကို နည်းနည်းမှမညှာဘူး .."

"မီ .."

"နင်ကတော့ အပေါ်စီးကဖြစ်နေတာကိုး၊ ငါ့ကိုမအော်နဲ့ .."

"ကျွတ် .."

"ဟား ဟား ဟား .. ဟား ..."

ရယ်ကြ .. ချွေးသူတောင်းစားတွေ ..။

ဖြေရှင်းဖို့ မစဉ်းစားတော့ဘဲ သံတွဲ တို့ကို အတင်းတွန်းထိုး ထုတ်ပစ်လိုက်ရသည်။ ပြီးတော့ တံခါးပိတ်ထားလိုက်ပြီး ဒီဘက်လှည့်လျှင် –

"သမယ .."

မီ က ခုကျမှ သူ့မ ထင်သလိုပြောဆိုညည်းတွားနေတာတွေကို မတော်တရော်မှန်းတွေ တွေးမိသွားပုံပေါ်ကာ ..

"ငါက ..."

"ဟုတ်တယ် ...၊ ဘာတွေထင်သွားကြမလဲ တွေးကြည့် .."

"ခုတင်ကျိုးကျလို့ ထိခိုက်မိတာပဲ .."

"ဟွန်း .."

"အဲဒီလို အကျအနကောက်လို့မရပါဘူး၊ ငါသွားရှင်းမယ် –"

"ဝိုင်းစကြမှာပဲ၊ မသွားနဲ့တော့ .."

"သွားမှာပဲ၊ ဒီလိုကြီးတော့ အထင်မခံနိုင်ပါဘူး .."

မီ က တံခါးဖွင့်ဖို့ ဖွတ်တိုးသွားလျှင် နောက်ကနေ သိမ်းဖက်

www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်ကာ ..

"ငါတို့က လင်မယားပဲဟာ၊ ဘယ်လိုထိုင်ထင် ဘာဖြစ်လဲ .."

မှီဆံပင်တွေထဲ မျက်နှာအပ်၍ တိုးတိုက်နမ်းရှိုက်မိလျှင် မီ ပခုံးလေး စုကျုံ့နေလျက် ..။

"အဲလိုမလုပ်ပါနဲ့ .. လွှတ်ပါ .."

"နှုတ်ခမ်းပေါက်သွားတယ်ဆို .. ဘယ်မှာလဲ .. ကြည့်ရအောင် .."

"ဟင့်အင်း .."

"မရဘူး ..၊ ကြည့်ရမှဖြစ်မယ် .."

"သမယ နော် .. နင် ..."

အနမ်းတို့နှင့် ရင်ခုန်သံတွေ တစ်ထပ်တည်းကျနေခြင်းနှင့်ပတ်သက်၍ ...

ခုကစပြီး ချစ်တော့မည် ..။

**ပရိသတ်အတွက်**

**ထာဝရ**

BURMESE CLASSIC

www.burmeseclassic.com